www.burmeseclassic.com



# ခင်နှင်းယု

# မယ့်သည်းအိမ်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၆၂၀၇၀၇
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၈၄၄၀၇၀၇
မျက်နှာဖုံးပန်းချီ - ကျော်သောင်း
ထုတ်ဝေသည့်လ - ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ၊
တတိယအကြိမ်
အုပ်ရေ - ၁၀၀၀
ထုတ်ဝေသူ
ဦးသန်းမြင့် (၀၁၀၄၀)၊လင်းလင်းစာပေ
အမှတ်၄/၂၉၊ မြဝတီမင်းကြီးလမ်း
၁၀-မိုင်ကုန်း၊အင်းစိန်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးဇော်မင်း (wizard)
အမှတ်(၁၉၇)၊ ၃၃-လမ်း၊ (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း၊(၀၂၄၃၁)နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊၁၁ လမ်း၊ရန်ကုန်မြို့။

စာအုပ်ချုပ် - ပပစိုး
တန်ဖိုး (၁၆၀၀)

# မယ့်သည်းအိမ်

## ခင်နှင်းယု

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မာတိကာ


- အမှာစာ

၁။ ဝတ်ဆံပုလဲ မြပေါက်ကြသို့ ရခဲထူဆန်း ဆောင်းတွင်းပန်း ၁
၂။ အစဉ်ပျံ့မွှေးနေသော မွှေး ၉
၃။ စိမ်းသင့်မှစိမ်း သို့မဟုတ် မေတ္တာမဟာဝန် ၂၉
၄။ စိတ်ကူးထဲမှ ဖန်ဆင်းလိုက်သော ချစ်လှချည်ရဲ့ ၄၃
၅။ ပန်းများကို ပွင့်စေသူ ၅၃
၆။ ပိုးခန်းဆီးနောက်မှ ငရဲခန်း ၆၉
၇။ ပန်းပန်လျက်ပါ ၈၁
၈။ သခွတ်ပန်း ၉၅
၉။ မိုးကျော်သူ ၁၀၆
၁၀။ ခေတ်၏သားကောင် မလေးမေ သို့မဟုတ် သမြေ ၁၂၅
၁၁။ လမင်းကြီး သာစမ်းပါ ၁၃၅
၁၂။ ပုံပြောကောင်းသော မိန်းကလေး ၁၅၃
၁၃။ မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ် ၁၆၅
၁၄။ မိန်းမသားများ အားထားရာ ရေချိုတွင်း ၁၇၇
၁၅။ ဘုရင်ခံ မလိုချင်ပေါင် ၁၉၁
၁၆။ ကျွန်းကေရီ ၁၉၅
၁၇။ တစ်အုပ်မှမရောင်းရသော ကျွန်မ၏ တင်အောင်ထွန်း ၂၁၅
၁၈။ မြကြာဖြူ ၂၂၇
၁၉။ နဂါးငွေ့တန်း လွမ်းမောဖွယ်ရာ ၂၂၉


www.burmeseclassic.com

www.burmeseclassic.com

## ဝတ်ဆံပုလဲ မြပေါက်ကြသို့ ရခဲထူးဆန်း ဆောင်းတွင်းပန်း

'ငါးမည်မျိုးတွင်
အရိုးသန္တာ၊ နှစ်စုံမြသား
နီလာချုပ်ရံ
ဝတ်ဆံပုလဲ၊ မြပေါက်ကြသို့
ရခဲထူးဆန်း၊ 'ဆောင်းတွင်းပန်း'ကို
ကြင်နှင်းဖမ္ဗူ
ကျိုက်ဆုကြည်ညွှတ်၊ ပုညထွတ်ဝယ်
စိတ်ပြတ်သဒ္ဓါ၊ မိတေးယာဇ်
ကျွတ်ခါအတူ၊ တင်ဆက်လှူသည်
အိမ်သူရှင်သာ မမယ်သောင်။ ။

ထိုကဗျာကို ရှင်အုန်းညို ရေးခဲ့သည်။ အထက်တန်းကဗျာကောက်နုတ်ချက်တွင် ထိုကဗျာကို 'ဆောင်းတွင်းပန်း' ဟူ အမည်တပ်ခဲ့ပါသည်။ အထက်တန်းကဗျာ ကောက်နုတ်ချက်ကို ကျွန်မတို့ ၉ တန်းမှာ သင်ခဲ့ရသည်။ ထိုစဉ်ကတည်းက ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်တေဇောသာရတို့၏ ကဗျာများမှာ ကျွန်မနှလုံးသားတွင် စွဲနှင့်ခဲ့ပါသည်။ ကျွန်မ စာရေးဆရာ ဖြစ်လာတော့ သူတို့ကဗျာများ

www.burmeseclassic.com

www.burmeseclassic.com



နာမည်များကို ယူ၍ ကျွန်မဝတ္ထုများကို အမည်တပ်ခဲ့ပါသည်။ ဥပမာ- 'ရှင်သာရခိုင် တန်ဆောင်လော'၊ 'ဆောင်းတွင်းပန်း' စသည်တို့ ဖြစ်သည်။

ကျွန်မသည် ဝတ္ထုတိုများနှင့် စာပေလောကသို့ ဝင်ရောက်လာခဲ့၍ ဝတ္ထုလတ်ဟု ခေါ်ကြသည့် မဂ္ဂဇင်းဝတ္ထုရှည်များနှင့် ကျော်ကြားလာခဲ့သည် ဆိုလျှင် မမှားပါ။ ဝတ္ထုရှည် (သို့မဟုတ်) လုံးချင်းဝတ္ထုရှည်ဖြစ်၍ ကျွန်မ ပထမဆုံးရေးသော ဝတ္ထုရှည်လည်းဖြစ်သည်။

## နှောင်းပန်းကျန်အဖြစ်

ထိုဝတ္ထုကို ခေတ်ညွန့်စာပေတိုက်မှ စတုတ္ထအကြိမ် ပြန်လည် ရိုက်နှိပ်ခဲ့စဉ်က ကျွန်မ၏အမှာစာကို ပြန်လည် ဖော်ပြလိုပါသည်။

ယခုလို ဆောင်ရာသီ ရောက်ပြီဆိုလျှင် ဆောင်းတွင်းပန်းတို့သည် ပွင့်ကြပေတော့မည်။ ကျွန်မ၏ဝတ္ထု 'ဆောင်းတွင်းပန်း' သည်ဆောင်း ရာသီတွင်ပွင့်သော ရာသီလိုက်ပန်းကို မှီ၍ ရေးသောဝတ္ထု မဟုတ်ပေ။

ရှင်အုန်းညို၏ ဆောင်းတွင်းပန်းမှ ကျွန်မ၏ အသည်းနှလုံးသို့ ကူးစက်ပြန့်ပွားလာသော အမည်ပင်တည်း။

ကြာပန်းသည် မိုးရာသီပန်း ဖြစ်သော်လည်း (မိုးကုန်ခါနီး သီတင်း ကျွတ်လ၏ ရာသီပန်း ဖြစ်သည်။) ဆောင်းတွင်းအခါတွင်မှ နှောင်းပန်းကျန် အဖြစ် ပွင့်လေသည်ကို စာဆို ရှင်အုန်းညိုသည် မြင်ခဲ့၍ သူ့ကဗျာတွင် 'ရခဲထူးဆန်း ဆောင်းတွင်းပန်းကို' ဟူ၍ ဖွဲ့နွဲ့ခဲ့လေသည်။

ထိုဝတ္ထုသည် ၁၉၅၃ ခု၊ ဒီဇင်ဘာလတွင် ဥဩစာပေမှ ဦးစိန်လှိုင် (မြို့သီလာ-ဗိုလ်အေးမောင်မှ ဆက်သွယ်ပေးခဲ့ပါသည်။ ထုတ်ဝေခဲ့သော ကျွန်မ၏ ပထမဆုံး လုံးချင်းဝတ္ထုရှည်ပင်တည်း။ ယခု စတုတ္ထနှိပ်ခြင်းသည် ၁၉၆၅၊ ဇန်နဝါရီလ ဖြစ်ခြင်းကြောင့် ထိုသက်တမ်းသည် အမှတ်မထင် တစ်ဆယ့်နှစ်နှစ် တင်းတင်းပြည့်ခဲ့လေပြီ။

ထိုဝတ္ထုကို ရေးစဉ်က ထုတ်ဝေသူ၏ စေတနာ အပြည့် မပါခဲ့သော် ကျွန်မသည် လုံးချင်းဝတ္ထုကို လက်လှမ်းရဲမည် မဟုတ်ပေ။

ထိုစဉ်က ဦးစိန်လှိုင်သည် ရေးရန် အားလည်း ပေး၏။ စွန့်လည်း စွန့်၏။ အဘယ်ကြောင့် စွန့်သည် ဆိုရသနည်းဆိုသော် ထိုခေတ်သည် လုံးချင်းခေတ် မဟုတ်ရုံမက ကျွန်မကဲ့သို့ လုံးချင်းတွင် လုံးဝ အကျ



မရှိသေးသူအား ထုတ်ဝေသူတို့ စင်တင်မပေးရဲသောခေတ် ဖြစ်သော ကြောင့်တည်း။

ကြောက်လန့်ခြင်း၊ စိတ်မပါခြင်းတို့ကြောင့် ကျွန်မဝတ္ထုတွင် ဇာတ်ကောင်တို့ကိုလည်း ကျွန်မ ကျွမ်းကျင်စွာ နေရာမချနိုင်၊ ဇာတ်လမ်း ကိုလည်း ကျွန်မ ကောင်းမွန်စွာ မထိန်းသိမ်းနိုင်၊ စကားလုံးများသည်လည်း သိပ်သည်းခြင်းမရှိ ဟူ၍ ကျွန်မ ထင်ပေသည်။

သို့သော် 'ဆောင်းတွင်းပန်း' သည် ဤကဲ့သို့ ကျွန်မအမြင်တွင် မသပ်ရပ်၊ ဖရိုဖရဲဟု ထင်ရင်းမှ ယခု စတုတ္ထအကြိမ်မြောက် ထုတ်ဝေရခြင်း ဖြစ်၍ စာဖတ်ပရိသတ်ကို ကျေးဇူးတင်ရပေမည်။

## စတုတ္ထအကြိမ်မြောက် နှင်းရည်ကို သောက်ခြင်း

'ဆောင်းတွင်းပန်း' ဝတ္ထုထဲမှ ဇာတ်ကောင်တို့နှင့်အတူ အင်းဝ မြို့တော်ဟောင်း၏ ပတ်ဝန်းကျင်မှ ကြည့်မြင်တိုင်ရွာ၊ ဥယျာဉ်ရွာတို့ဆီမှ တောင်သူလယ်သမားတို့သည်လည်း ရာသီဥတု ဖောက်ပြန်ခြင်း၊ ရေ ကြီးခြင်း၊ ခေါင်းဆောင်သူတို့၏ စိတ်ဝမ်းကွဲခြင်း၊ ရွာသားတို့ စည်းလုံး ညီညွတ်စိတ် မရှိခြင်း စသော ဒုက္ခသုက္ခများ ကြားတွင် အလူးအလိမ့် ခံကြရင်းနှင့်ပင် ခေတ်အဆက်ဆက် ဖြတ်ကျော်လာခဲ့ကြပြီးပါပြီ။ ကျွန်မ ဝတ္ထုထဲတွင် သူတို့ ဖြတ်ကျော်လာခဲ့သလို အပြင်တွင်လည်း သူတို့သည် (လယ်သမား၊ ယာသမား) ခေတ်အမျိုးမျိုးကို ဖြတ်ကျော်လာခဲ့ရသည်။

ယခုလို နှင်းဖြိုင်ဖြိုင်ကျသော ဆောင်းတွင်းအခါဝယ် ကျွန်မ၏ 'ဆောင်းတွင်းပန်း' ဝတ္ထုသည် စတုတ္ထအကြိမ်မြောက် နှင်းရည်ကို သောက် ရန် ခေါင်းထောင်၍ မော့လာသောအချိန်တွင် အင်းဝနယ်မြေတစ်ဝိုက်ရှိ လယ်ခင်းယာခင်းများထဲက တောင်သူလယ်သမားတို့သည်လည်း ဆောင်း တွင်းပန်းတို့နှင့်အတူ နှင်းမှုန်များအောက်တွင် 'ချမ်းမြေ့ရွှင်လန်းနိုင်ကြပါ စေသတည်း' ဟူ၍ အမှာစာ ရေးခဲ့ပါသည်။

ထိုအမှာစာတွင် ကျွန်မ 'ဆောင်းတွင်းပန်း' ဝတ္ထုကို ဘာကြောင့် ရေးသည်ကို တစ်စွန်းတစ်စ ဖော်ပြခဲ့ပြီးပါပြီ။

www.burmeseclassic.com

မြရောင်ရွှန်းအိသော မြစ်ငယ်ရေ

အမှန်တော့ 'ဆောင်းတွင်းပန်း' ဝတ္ထု၊ ကျွန်မနှလုံးသားတွင် သန္ဓေတည်စက ကျွန်မ လက်ထပ်ပြီးချိန် ဖြစ်ပါသည်။ ကျွန်မ၏ချစ်သူသည် ထိုစဉ်က တပ်မတော်မှ ဒုဗိုလ်အဆင့်သာ ရှိပါသေးသည်။ သို့သော် စစ်ကိုင်း ခရိုင် စစ်ဝန်ထမ်း တပ်ရင်းမှူးအဖြစ် တာဝန်ပေး ခန့်အပ်လိုက်ပါသည်။

လက်ထပ်ပြီးစ ကျွန်မ မလိုက်နိုင်သော်လည်း တစ်နှစ်အကြာ ဆောင်းဦးပေါက်တွင် သူ့ထံသို့ ကျွန်မ သွားရောက် လည်ပတ်ခဲ့ပါသည်။ ထိုစဉ်က တိုင်းပြည်အခြေအနေကလည်း မငြိမ်သက်သေးပါ။ သောင်းကျန်း သူတို့၏ အရှိန်ကောင်းချိန် ဖြစ်ပါသည်။

တစ်နေ့တွင် သူ့သူငယ်ချင်း ဆရာကိုမောင်စိန်၏ လက်ထပ်ပွဲကို ကျွန်မ လိုက်ခဲ့ပါဟု သူက ဆိုပါသည်။ ထိုဆရာမှာ သူ တံတားဦးတွင် ကိုယ်လက် ကြံ့ခိုင်ရေးဆရာလုပ်စဉ်က သူငယ်ချင်း ဖြစ်ခဲ့သည်ဟု ဆိုပါသည်။ ကျွန်မသည် သူနှင့်အတူ လက်ထပ်ပွဲသို့ လိုက်ခဲ့ပါသည်။ သူ့ဂျစ်ကားနှင့် ကျွန်မတို့ သွားခဲ့ကြပါသည်။

ဂျစ်ကားသည် စစ်ကိုင်းတံတားကြီးကို ဖြတ်ကျော်၍ မန္တလေးဘက်သို့ ဦးတည်မောင်းခဲ့ပါသည်။ သို့သော် တံတားကြီးအလွန် သပြေတန်းခံတပ် ကျော်ကျော်တွင် ညာဘက်ယာခင်းများဆီသို့ ချိုးချလိုက်ပါသည်။ လှည်းလမ်း လည်း မဟုတ်။ မော်တော်ကားလမ်းလည်း မဟုတ်ပါ။ တကယ့် လယ်ကွင်း ပြင်ကြီးပင် ဖြစ်ပါသည်။ လမ်းက ဆိုးလိုက်သည့်ဖြစ်ခြင်း၊ နောက်ဆုံးမှ ကြည့်မြင် တိုင်ရွာကို ရောက်ပါသည်။ ကြည့်မြင်တိုင်ရွာသည် မြစ်ငယ်မြစ်ကမ်းပါးတွင် ရှိသည်။ ခပ်လှမ်းလှမ်းမှာတော့ ဥယျာဉ်ရွာ ရှိသည်။ ဥယျာဉ်ရွာနှင့် ကြည့်မြင် တိုင်ရွာမှာ ရေနည်းပါးသော ချောင်းရိုးလေးနှင့် ယာခင်းနှစ်ကွက်လောက်သာ ခြားသည်။ မင်္ဂလာဆောင်ညစာခံပွဲသို့ ကျွန်မတို့ တက်ရောက်ပြီး ကျွန်မ တစ်ယောက်တည်း မြစ်ကမ်းပါးမှာ အပန်းဖြေနေပါသည်။ သူကတော့ သူ့ သူငယ်ချင်းနှင့် မင်္ဂလာဆောင်အိမ်တွင် စကားပြောနေပါသည်။ ကျွန်မ ထိုင်နေသော မြစ်ကမ်းပါးသည် သရက်ပင်များနှင့် အုပ်ဆိုင်းနေပါသည်။ မြစ်ငယ်ရေသည် မြရောင်ရွှန်းအိနေသည်။ ဥယျာဉ်ရွာနှင့် ကြည့်မြင်တိုင်ရွာ သည် ယာသမားများနှင့် ရက်ကန်းအလုပ်ဖြင့် အသက်မွေးသူတို့ များသည်။ ထိုင်ခံဘာရဲ့ မြစ်ငယ်ရေ လျှံ၍ ယာသမားတွေ ဒုက္ခရောက်ကြသည်ဟု ဆိုသည်။



ရခဲလှစွာသော ငြိမ်းချမ်းရေးပန်း

'မမရာ၊ ဗိုလ်မှူးကလဲ ဘယ်ချိန်ထိ နေမယ် မသိဘူး၊ ဒီနေရာက စိတ်မချရဘူး ခင်ဗျ'

ကားမောင်းသူ ရဲဘော်လေးက ကျွန်မကို ပြောသည်။ ကျွန်မကတော့ ပတ်ဝန်းကျင်အခြေအနေကို နားမလည်၊ မသိ။ သရက်ပင်ခြေမှာတော့ မြစ်ရေ လျှင်၏ တီးတိုးညည်းတွားသံကိုသာ နားထောင်နေမိသည်။

အပြန်လမ်းတွင် ရွာပြင်ရှိ ကုလားပဲခင်း၊ နှမ်းခင်းများကို ဂရုတစိုက် ကြည့်ရင်း ကျွန်မ ပြန်လာခဲ့ပါသည်။ ထိုစဉ်က ကျွန်မတို့ မြန်မာပြည်ကြီးမှာ သောင်းကျန်းသူတို့ဒဏ်ကြောင့် ယာသမား၊ လယ်သမားများ စိတ်အေးလက် အေး မစိုက်ပျိုးနိုင်ကြ။ အစိုးရ၏ လယ်ယာသမားများကို ပေးအပ်သော အမတော်ကြေး အစရှိသည့် အကူအညီတို့မှာလည်း မသမာသူတို့ကြောင့် လယ်သမားတို့လက်သို့ မရောက်။ ပေးကားပေး၏ မရ ဟူသောဘဝဖြစ်သည်။

ဝတ္ထုထဲတွင် ဥယျာဉ်ရွာသူကြီးမှာ ကိုဘစံဖြစ်၍ ကြည့်မြင်တိုင်ရွာ ခေါင်းဆောင်မှာ ကိုလူရှမ်းဖြစ်သည်။ ခေါင်းဆောင်နှစ်ဦး ညီညွတ်ကြစဉ်က ရွာနှစ်ရွာမှာ စည်းလုံးညီညွတ်စွာဖြင့် သဘာဝဘေးဒဏ်များကို တိုက်ခိုက် တွန်းလှန်နိုင်ခဲ့ကြသည်။ နောက်တော့ မန္တလေး၊ အမရပူရတို့မှ လယ်ရှင် မြေရှင်တို့နှင့် စပါးပွဲစားများက လယ်သမားတို့ သမဝါယမစနစ်နှင့် စပါးများ ရောင်းချသည်ကို မကြိုက်၊ သူတို့ ကြိုးကိုင်သလို ယာသမားများက မလိုက်နာ ၍ ခေါင်းဆောင် ကိုဘစံကို သူကြီးအဖြစ်မှ ပြုတ်အောင်လုပ်ကြသည်။ မြေရှင် ကုန်သည်တို့၏ ခြေထိုးမှုကြောင့် ကိုလူရှမ်းနှင့် ကိုဘစံ သွေးကွဲကြရသည်။ လယ်သမား၊ ယာသမားတွေမှာလည်း အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်လောက်အောင် ဖြစ်လာသည်။ ရွာမှာလည်း အရင်းရှင် မြေရှင် ဘက်တော်သားများ၏ လူများက လယ်ယာထွက်ကုန်ပစ္စည်းများကို လက်ဝါးကြီး အုပ်လိုသည်။ လယ်သမားတို့၏ သမဝါယမစနစ်နှင့် စပေါင်း ရောင်းချမှုကို ပျက်စီးအောင် လုပ်ကြသည်။ တစ်ချို့ကလည်း မင်းလောင်း [illegible] ဘိုးတော်ဘုရားခေတ်ကို တောင့်တနေကြသည်။ တစ်ချို့ကလည်း [illegible] ညာဂိုဏ်း အစရှိသည်၏ လိမ်ညာမှုအောက်တွင် မှိုင်းမိနေကြသည်။ [illegible] ကျန်းမာရေးကအစ ခေတ်မီတိုးတက်သော နည်းနာများကို [illegible] သဘာဝ မကျသောနည်းများဖြင့် ကပ်ရောဂါများကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

ထိုရွာနှစ်ရွာ၏ ပဋိပက္ခတွင် ကိုဘစံကို ပြုတ်အောင်လုပ်သူတို့ ပယောဂကြောင့် ကိုဘစံချစ်သူ မသီတာ လူးလိမ့်မျောပါရင်း အသက်ဆုံးရှုံးသွားခဲ့သည်။ မသီတာ၏ပြာများကို ရေကန်တွင် ကြဲချကြသည်။ ထိုရေကန်အလယ်မှာ ပြာများ စုရုံး၍ ကြာပန်းအဖြစ် ပွင့်၍လာသည်ဟု ကျွန်မ ရေးခဲ့ပါသည်။ ကြာပန်းသည် ရခဲလှစွာသော ငြိမ်းချမ်းရေးပန်း ဖြစ်သည်။ ထိုကြာပန်းလေး ပွင့်ချိန်မှစ၍ ရွာနှစ်ရွာ၏ ပဋိပက္ခများ ငြိမ်းချမ်းပြေလည်သွားကြသည်။

## ကြာပန်း၏ မွှေးပျံ့သောရနံ့

ကျွန်မအဖို့ လယ်ကွင်းပြင်များကို အတွေ့အကြုံ ရှိသော်လည်း ယာခင်း နှင့်တော့ အလှမ်းဝေးပါသည်။ ထိုစဉ်က ယာခင်းများအနီး ဖြတ်ကျော်သွားစဉ် တစ်ခဏသာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ အပင်တို့ကို မြင်ဖူးပါသည်။ တကယ် သူတို့ကို ဘယ်လိုထွန်ယက်၍ ဘယ်အချိန် စိုက်ပျိုးသည်၊ ဘယ်အချိန် ရိတ်သိမ်းသည်၊ နှမ်းပွင့်များ၏ သဏ္ဌာန်၊ ကုလားပဲပွင့်များပုံစံကို ကျွန်မ မသိပါ။ ထိုအချက်အလက်များကို သေချာအောင် စာပေဗိမာန်မှ ထုတ်ဝေသော စိုက်ပျိုးရေးစာအုပ်များကို ဖတ်ရှုလေ့လာရပါသည်။

နှမ်းခင်းများတွင် မဲရိုးချောင်ရောဂါဖြစ်ခြင်း၊ 'ပွင့်စိမ်းကပ်'ဖြစ်၍ အပွင့်ကောင်းကောင်း နှမ်းမပွင့်ဘဲ နှမ်းထွက်နည်းခြင်း၊ ကုလားပဲပင်များတွင် မှိုရောဂါ ကျရောက်ခြင်း၊ ဝါများကို နှင်းထိတုန်း ပျော့နေချိန်တွင် ခူးဆွတ်၍ ဝါအကောင်းနှင့် ကြွယ်လူး ခွဲရခြင်းသည်များကို ကျွန်မ ကိုယ်တွေ့ သိရှိခြင်း မဟုတ်ပါ။ စာပေဗိမာန်မှ စာအုပ်ကိုဖတ်၍ ဝတ္ထုထဲတွင် သင့်သလို ထည့်သွင်းဖော်ပြခြင်း ဖြစ်ပါသည်။

အမှန်တော့ မသီတာနှင့် ကိုဘစံတို့နှစ်ယောက်အပေါ် ဝတ္ထုကို တည်ဆောက်ခဲ့ပါသော်လည်း ကြည့်မြင်တိုင်နှင့် ဉယျာဉ်ရွာနှစ်ရွာကို နောက်ခံပြုခဲ့ပါသည်။ အချိန်ကာလမှ ထိုစဉ်က မြန်မာပြည်ကြီး အခြေအနေကို ကျွန်မ ဝတ္ထုထဲတွင် ပုံတူ ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံရေး နောက်ခံပြုသော ဝတ္ထုတစ်ပုဒ်ဟု ဆိုကောင်းဆိုနိုင်ပါသည်။

ကျွန်မဝတ္ထုထဲတွင် ဇာတ်ကောင်တွေရော၊ ရွာသူရွာသားတွေပါ



ပါလောင်လှပါသည်။ ရွာ၏ခေါင်းဆောင်များ ညီညွတ်စဉ်ကတော့ သူတို့ရွာလေးသည် အေးမြချမ်းငြိမ်း၍ ဘာပြဿနာဖြစ်ဖြစ် စုပေါင်းဖြေရှင်းကြသည်။ နောက်ပိုင်းတွင် ကိုလူရှမ်း၏ အကြမ်းဖက်ဝါဒကြောင့် ရွာသားချင်း ပဋိပက္ခဖြစ်ရာမှ ကိုဘစံကို သတ်ဖို့ ကြိုးစားသည်။ မသီတာသည် ချစ်သူအသက်ကို ကယ်နိုင်ရန် သတင်းပို့ဖို့ အသွားတွင် ကိုလူရှမ်း၏အသတ်ကို ခံလိုက်ရသည်။ ဘဝတစ်ဘဝလုံး မအေးချမ်းနိုင်သော မသီတာ၏ ပြာများကို ရေလှိုင်းတွင် ကျွန်မက မြှုပ်နှံလိုက်ပါသည်။

ကျွန်မ၏ မျက်လုံးထဲတွင်တော့ မြသားရောင် ရေလှိုင်း၏ အေးချမ်းခြင်း၊ ကြာပန်း၏ မွှေးပျံ့သောရနံ့တို့ ထုံမွှမ်းသောအချိန်အခါကို မျှော်လင့်ခြင်းတစ်ခုနှင့် ဆောင်းတွင်းပန်းကို ခြယ်မှုန်းခဲ့ပါသည်။

## လျှော့လိုက် လျှော့လိုက် မသီတာ

မသီတာနှင့် မစပယ်တို့ ညီအစ်မ မွေးဖွားလာသော ဉယျာဉ်ရွာရှိ အိမ်ကြီးနှင့် ဝတ္ထုကို စခဲ့ပါသည်။ ကျွန်မ၏ မသီတာသည် ကြီးမားသော မိသားစုတွင် မွေးဖွားလာခဲ့ပါသော်လည်း အလုပ်မလုပ်သော အိမ်သားများသာ များ၍ သူတို့ညီအစ်မနှစ်ယောက်တည်း လယ်ယာများကို ကြီးကြပ် အုပ်ချုပ်ရသည့်အဖြစ်ကို ရောက်ရသည်။ မသီတာသည် အလုပ်လုပ်သော မိန်းကလေးဖြစ်သည့်အလျောက် စိတ်ဓာတ်က ပြင်းထန်လွန်း၍ ဝတ္ထုအစတွင် 'လျှော့လိုက် လျှော့လိုက် မသီတာ'ဟု ဘွားအေကြီးက မသီတာကို ခဏခဏ သတိပေးသံနှင့် ကျွန်မ ဝတ္ထုကို ဖွင့်ခဲ့ပါသည်။

ယခုတော့လည်း ကျွန်မသည် တစ်ခုခုလုပ်လျှင် စိတ်ဓာတ်ပြင်းထန်စွာ လုပ်တတ်သည်။ မရမနေ၊ မနေနိုင်၊ မထိုင်နိုင် လုပ်တတ်သည့်အတိုင်း သူငယ်ချင်းများက ကျွန်မကို 'လျှော့လိုက် လျှော့လိုက် မသီတာ' ဟု ပြောကြပါသည်။ ထိုအခါမှ ကျွန်မလည်း ဆင်ခြင်မိလာပါသည်။ ကျွန်မဝတ္ထုက ကျွန်မကို ပြန်၍ ဆုံးမခြင်းပင်။

ကျွန်မ၏ဝတ္ထုရှည်များကို လေ့လာသူတစ်ဦးဖြစ်သော မတင်[illegible] အာဘော်ကမူ–

'လူတို့၏သဘာဝကို တူအောင် တူ၍ ဖော်ပြနိုင်သော [illegible] ကြောင့် သူ၏ဇာတ်ဆောင်များကို သက်ရှိ လူတစ်ယောက်သဖွယ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြခဲ့ဖြစ်သည်။ ခင်နှင်းယု၏ စာဖတ်ပရိသတ်တိုင်းက–

'လျှော့လိုက် လျှော့လိုက် မသီတာ'

ဟူသော စကားကို မှတ်မိကြစမြဲဖြစ်သည်။ စိတ်ဓာတ် အလွန်ခြွင်းထန်၍ မဖြစ်နိုင်တော့သည့်အခါတိုင်း တစ်ဦးနှင့်တစ်ဦး ယင်းစကားဖြင့် ဖျောင်းဖျကြမြဲဖြစ်သည်။ ယင်းစကားလုံးလေးနှင့်အတူ ဇာတ်ဆောင် မသီတာကို သတိရစမြဲဖြစ်သည်။ မသီတာ၏ သွက်လက်ချက်ချာမှု၊ အစိုးရိမ်ကြီးမှု၊ ခွင့်လွှတ်သည်းခံမှု၊ တာဝန်ယူ စွမ်းဆောင်နိုင်မှု ဟူသော စွမ်းရည်ကို လေးစားရသည်။ မသီတာနှင့်အတူ တစ်ရွာလုံး ကောင်းစားရေးအတွက် နှလုံးသားကို စတေးလိုက်သော ကိုဘစံကဲ့သို့ ရွာခေါင်းဆောင်တစ်ဦး၏ လုပ်ရပ်ကို မှတ်မိကြဦးမည် ဖြစ်သည်'

ဟု မတင်ထွန်းမေက မှတ်ချက်ချသည်။

## ငွေနှင်းလွှာ ဆောင်းနတ်မယ်

ဘယ်သို့ပင်ဆိုစေ ကျွန်မ၏ 'လျှော့လိုက် လျှော့လိုက် မသီတာ' သည် လူထုလက်သို့ ရောက်ပေပြီ။ ဇာတ်အိမ်ဖွဲ့ပုံ သဘာဝယုတ္တိ ကျ၊ မကျ၊ ဇာတ်ဆောင်များကို နိုင်၊ မနိုင်ကမူ ဝေဖန်ရေးသမားတို့၏ မှတ်ကျောက်နှင့် တင်ကြည့်မှ သိနိုင်ပေတော့မည်။

ဝတ္ထုနိဂုံးတွင်မူ –

'ခုတော့ မသီတာ၏ ပြာလေးများသည် ကြာပန်းအသွင် ညဥ့်၏ လရောင်ဖြင့် ငြိမ်းချမ်းစွာ ပွင့်၍လာခဲ့သည်။ ကြာပွင့်ကား အပေါ်စား မဟုတ်။ ဆောင်းနှောင်းတွင်မှ ရှားရှားပါးပါး ပွင့်လာသော 'ဆောင်းတွင်းပန်း' သာတည်း။

သို့သော် ချမ်းမြေ့ခြင်း၊ အေးမြကြည်လင်ခြင်း တည်းဟူသော သွင်ပြင်ကို ဆောင်သည့် ဤကြာပန်း၏သဘောကို နားမလည်သူအဖို့ 'ဆောင်းတွင်းပန်း' ကား တန်ဖိုးမရှိချေတကား ဟု ရေးခဲ့ပါသည်။

ရှေ့လဆိုလျှင် ဆောင်းနတ်မယ်သည် ငွေနှင်းလွှာကို ခြုံ၍ လူ့လောကသို့ အလည်အပတ် ရောက်လာပေတော့မည်။ နတ်မိမယ်၏ လက်မှ ငွေနှင်တံကို ဝှေ့ယမ်းလိုက်တိုင်း အိပ်ပျော်နေသော ဆောင်းတွင်းပန်းတို့ နိုးထလာကြပါစေသတည်း။

(လုံမလေးမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၆)

♛ ♛ ♛

## အစဉ်ပျံ့မွှေးနေသော မွှေး

'ယခုလို အချိန်သို့ ရောက်ပြီဆိုလျှင် အတွတ်နှင့်မွှေးတို့ အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များ ထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်'

ဤစကားလုံးများနှင့် 'မွှေး'ဝတ္ထုကို ကျွန်မ ဖွင့်ခဲ့ပါသည်။ မွှေးဝတ္ထုကို ကျွန်မ နှလုံးသားတွင် သန္ဓေတည်ခဲ့သည်မှာ အိန္ဒိယတွင် ကျွန်မ ဆေးကုသခံခဲ့စဉ်က ဖြစ်ပါသည်။

### သူ့စကားကို နားထောင်ကာ

ကျွန်မတို့မှာ တီဘီရောဂါ မျိုးမရှိသော်လည်း ကျွန်မ၏မေမေမှာ တီဘီရောဂါနှင့် ကွယ်လွန်ခဲ့ပါသည်။ ဒုတိယအစ်မဖြစ်သူမှာ ရောဂါ ကူးစက်ကာ အသက်ဆုံးရှုံးရပြန်သည်။ မမဆုံးပြီး ကျွန်မတို့ တစ်အိမ်လုံး ဆေးစစ်ကြပါသည်။ ကျွန်မ၏ ညာဘက်ခြမ်းအဆုတ်တွင် အစက်တစ်စက် တွေ့ရပါသည်။ ထို့ကြောင့် ကျွန်မသည် ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ပါသည်။ မမဆုံးချိန်မှာ ကျွန်မ ဆေးရုံတက်သည်အထိ ကျွန်မခင်ပွန်း ဗိုလ်ကြီး ဘကျော်သောင်းမှာ ရန်ကုန်တွင် မရှိပါ။ ကလောတွင် စစ်ဦးစီးတက္ကသိုလ်သင်တန်းသို့ တက်ရောက်နေပါသည်။ သူ ပြန်လာမှပင် ကျွန်မ ဆေးရုံတက်နေကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ သူလာရောက်တွေ့ဆုံရင်း 'မျိုးရိုး မရှိဘူး ဆိုပေမယ့် အခု မေမေရော၊ မမရော ဆုံးပြီ။ အချို့ရဲ့အဆုတ်မှာလည်း အခု ကူးစက်လာပြီ ဆိုတော့ ကိုကြီး စိုးရိမ်တယ်၊ မြန်မာပြည်မှာ ကုလို့ရတယ် ဆိုပေမယ့် အိန္ဒိယကို သွားစေချင်တယ်၊ မဒရပ်က တီဘီဆေးရုံမှာ သွားကုပါ။ အချို့တို့မိသားစုမှာ တီဘီ အမြစ်ပြတ်သွားစေချင်တယ်'

သူ့ဆုံးဖြတ်ချက်အရ ကျွန်မသည် အိန္ဒိယသို့ ၁၉၅၈ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ထွက်ခွါလာခဲ့ရပါသည်။ အစ်ကိုကြီးမှာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ကတည်းက မုတ်ကျွန်းသို့ တာဝန်နှင့် ထွက်ခွါသွားခဲ့ပါသည်။ ကျွန်မတို့နှစ်ယောက် ခရီးမထွက်ခင် မတွေ့ဆုံခဲ့ကြပါ။ အမှန်တော့ ကျွန်မ၏ အဆုတ်မှာ ရန်ကုန်ဆေးရုံကြီးတွင် အနားယူ ကုသခံခဲ့သဖြင့် အနာကျက်၍ပင် နေပါပြီ။ သို့သော် သူ စိုးရိမ်ပူပန်သည့်အတိုင်း ကျွန်မတို့မိသားစုတွင် တီဘီ ဆက်လက် အမြစ်တွယ်မှာစိုး၍ ကျွန်မ သူ့စကား နားထောင်ကာ အိန္ဒိယသို့ သွားခဲ့ပါသည်။

## အားငယ်လိုက်သည့်ဖြစ်ခြင်း

အိန္ဒိယသို့ သခင်သိန်းဖေတို့ ဖနီးမောင်နှံ ဆရာ ဦးစိုးတင်တို့နှင့်အတူ ကျွန်မ လိုက်ပါသွားခဲ့ပါသည်။ သူတို့သည် ကျွန်မကို မဒနာပလီအထိ လိုက်ပို့ကြပါသည်။ အမှန်တော့ တီဘီကုသော အာရောဂျဆေးရုံမှာ မဒရပ်နယ်၊ မဒနာပလီရွာလေးတွင် တည်ထောင်ထားခြင်း ဖြစ်ပါသည်။ ဆေးရုံရောက်တော့ သူတို့မှာ ညမအိပ်နိုင်၊ ကိုချင်ကို ခရီးဆက်ထွက်ရမည်ဖြစ်သည်။

သွားခါနီး သူတို့ကို ကျွန်မ ကန်တော့သောအခါ သူတို့လည်း ငိုကြသည်။ ကျွန်မကတော့ မျက်ရည်လည်ရွဲနှင့်။

ရန်ကုန်မှ ထွက်သည့်နေ့ကလည်း ချစ်သူနှင့် မတွေ့ခဲ့ရပါ။ တပ်မတော်သား ဇနီးပေပဲ။ ဒီလိုပဲပေါ့ဟု ကိုယ့်စိတ်ကိုယ် တင်းကာ ထွက်ခွါခဲ့ပါသည်။ အိန္ဒိယရောက်တော့လည်း တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။ ဆေးရုံကလည်း ကျွန်မ ထင်သလို ရန်ကုန်ဆေးရုံကြီးလို အခန်းနှင့် လူနာများကို ထားသည် မဟုတ်။ တစ်ယောက်တစ်အိမ်၊ တစ်အိမ်နှင့်တစ်အိမ်ကလည်း ပေ ၁၀၀ လောက် ဝေးသည်။ သူတို့ပြန်သွားကတည်းက ကျွန်မ အားငယ်လိုက်သည့်ဖြစ်ခြင်း၊ ငို၍ပဲ မဆုံးပါ။ ဆေးရုံသို့ ရောက်နှင့်နေသော မြန်မာလူနာများက



ကျွန်မ ရောက်သည့်သတင်းကို ကြားကတည်းက လာရောက်အားပေးကြပြုစုစောင့် ရှောက်ကြပါသည်။

ကျွန်မ ဘယ်လို ကုသခံခဲ့ရသည်ကို မွှေးဝတ္ထုတွင် ဖော်ပြပြီးဖြစ်၍ ကျွန်မ၏ စာဖတ်ပရိသတ်က သိရှိပြီး ဖြစ်ပါသည်။ ကျွန်မသည် ရောက်ကတည်းကပင် ဆေးစစ်ခံနေစဉ်အတွင်း အနားယူရမည်ဆို၍ Yellow bed အိပ်ရာပေါ်တွင် လှဲနေရပါသည်။ မထိုင်ရပါ။ လူနာ၏ နေ့စဉ်မှတ်တမ်းတွင် အဝါရောင် ပြသထားလျှင် ထိုလူနာမှာ မထရပါ၊ အိပ်ရာပေါ်တွင် လှဲနေရပါသည်။ ကျွန်မကို ဆေးစစ်ပြီး ဘာမှမတွေ့၊ အနာကလည်း ကျက်သွားပြီ ဆိုပါသည်။ သို့သော် ပိုမိုသေချာအောင် တံတွေးကို Culture လုပ်ပြီး ပိုးမွေးထားပါသည်။ တနင်္ဂနွေ ၆ ပတ် ကြာမည် ဖြစ်သည်။ အဖျားလည်း မရှိ၊ သွေးနှင့်ရိုးရိုးတံတွေးများတွင်လည်း ပိုးမတွေ့၊ ဆေးစစ်ပြီးချိန်တွင် အဝါမှ အပြာနုရောင် ပြောင်းလဲပေးပါသည်။ ကုလားထိုင်နှင့် ထိုင်ခွင့်ပေးပါသည်။ လမ်းလျှောက်ခွင့်တော့ မရသေးပါ။ ကျွန်မအရပ် ၅ ပေ၊ ၂ လက်မနှင့်ဆိုလျှင် အလေးချိန်မှာ ပေါင် ၉၀ မပြည့်။ လျော့နည်းနေ၍ ကောင်းကောင်းစား၊ ကောင်းကောင်းနားရပါသည်။

## မွှေးပျံ့သော တမာပွင့်ရနံ့

ထိုင်ခွင့်ရတော့မှ ကျွန်မသည် အိမ်ရှေ့တွင် ညနေတိုင်း ထိုင်၍ ပတ်ဝန်းကျင်ကို ကြည့်ခွင့် လေ့လာခွင့် ရပါသည်။ ကျွန်မ ထိုင်သောနေရာမှာ တမာပင်အောက်ဖြစ် တမာပွင့်ကြွေတို့မှာ ဖွေးဖွေးလှုပ်၍ နေကြသည်။ တမာပွင့်ရနံ့မှာလေထဲတွင် မွှေးပျံ့နေပါသည်။ အဝေးမှ သစ်ရွက်စိမ်းများနှင့် ဥယျာဉ်အုပ်အုပ်ကိုလည်း မျှော်ကြည့်ရ၏။ လမ်းလျှောက်ထွက်ခွင့်ရသူ လူနာများကိုလည်း ငေးကြည့်မိ၏။ အိမ်နီးချင်း လူနာအိမ်များကိုလည်း မျှော်ကြည့်ရင်း စိတ်ဖြေရသည်။

ခပ်လှမ်းလှမ်းတွင် အိန္ဒိယတိုင်းရင်းသူ လူနာတစ်ယောက်ကို တွေ့ရသည်။ သူ့ကို သူ့ဖခင်ကြီးကိုယ်တိုင် စောင့်ရှောက်ပေးသည်။ တစ်ညနေသော ဆေးရုံက စာရေးလေးက စာတစ်စောင်ကို လူနာ၏ဖခင်လက်သို့ ထည့်သည်ကို တွေ့ရ၏။ ထိုစာကို လူနာအား ဖတ်ပြသည်။ လူနာက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

www.burmeseclassic.com



စာဖတ်ပြီးချိန် လူနာ၏ အမူအရာမှာ ရွှင်လန်းနေပုံရ၏။ ထိုစာရေးလေး လမ်းမဘက် ထွက်လာမှ ကျွန်မက လှမ်းခေါ်လိုက်၏။ သူ ယူလာသော စာထဲမှာ ဘာတွေ ပါလာသည်ကို ကျွန်မ မေးကြည့်မိ၏။ စပ်စုလို၍ မဟုတ်ပါ။ အမှန်တော့ သူတို့၏ ဝမ်းမြောက်သတင်းကို ကျွန်မ ကြားချင်၍ ဖြစ်ပါသည်။ တစ်ယောက်တည်း နေခဲ့ရသောအခါ ကျွန်မနှင့် ဘဝတူ လူနာများအပေါ် ကျွန်မ စိတ်ဝင်စား၍ ဖြစ်ပါသည်။

**ဘုရား တခဲ့မိသောနေ့**

'ဒီလူနာမှာ ကလေးသုံးယောက် ရှိတယ်၊ ဒီကလေးတွေကို သူ့ယောကျ်ားက ပြုစုနေရတယ်၊ စီးပွားရေးကတစ်ဘက်ဆိုတော့ လူနာကို လာမပြုစုနိုင်ဘူးလေ။ ဒါကြောင့် အဖေကြီးက သူကိုယ်တိုင် သမီးကို လိုက်လာပြီး ပြုစုတာ။ တစ်ဦးတည်းသောသမီးလေ၊ အဲဒါ သူ့ယောကျ်ားက ရွှေ့လကုန်ရင် ကလေးတွေကို ဆေးရုံခေါ်လာပြီး ပြမယ်တဲ့'

ကျွန်မရင်ထဲမှာလည်း ဝမ်းသာသွားသည်။ သူတို့ မိသားစု ပြန်လည်ဆုံတွေ့ကြတော့မည်။ တီဘီသွေးစုတ်ဘီလူး၏ အရိပ်အောက်တွင် ဖရိုဖရဲ ဖြစ်နေသော မိသားစုဒုက္ခကို ကိုယ်တိုင်ခံစားဖူး၍ ဘယ်အခါမဆို ကိုယ်ချင်းစာမိပါသည်။

သို့သော် စာရေးလေးက ဒီတွင် မရပ်။

အဲဒီလူနာမိန်းမက သူ့ယောကျ်ားဆီ စာရေးလိုက်တယ်လေ။ သူ ဒီဆေးရုံရောက်တာ သုံးနှစ်ရှိပြီ။ သူ့ရောဂါကလည်း ကုမရတော့ဘူးဆိုတာ သူ သိတယ်၊ ကုရတဲ့အချိန်ကလည်း သိပ်ကြာမှာမို့ သူ့ယောကျ်ား နောက်မိန်းမ ယူတော့လို့ စာရေးလိုက်တယ်။ ဒါကြောင့် သူ့ယောကျ်ားက ရွှေ့အပတ်ဆို မိန်းမ ယူတော့မယ့်အကြောင်း စာရေးလိုက်လို့ အဖေကြီးက ဖတ်ပြနေတာ'

ဘုရား.....ဘုရား.....ကျွန်မသည် စာရေးလေး ထွက်သွားသည်အထိ စကားမပြောနိုင်။ လူနာမိန်းမကိုလည်း ချီးကျူးမိ၏။ လင်သားအပေါ် စိတ်လျှော့ ခွင့်လွှတ်နိုင်၍ပဲလား၊ သားသမီးတို့ကို တွေ့ရတော့မည် ဖြစ်၍လားတော့ မသိ၊ ရွှင်လန်းတက်ကြွနေပါသည်။

ထိုညကတည်းက စိတ်ထဲမှာ အိမ်ကို အထူးသတိရသည်။ အထူးသဖြင့် ကျွန်မတို့အိမ်ထောင်ရေး ဖြစ်၏။ တကယ်တော့ ကျွန်မသည် သမီး



ကောင်း တစ်ယောက် ဖြစ်ခဲ့ပါသော်လည်း ဇနီးကောင်းတစ်ယောက် မဖြစ်ခဲ့ပါ။

**ရေးလက်စ စာမူ**

လက်ထပ်ပြီးစကတည်းက အမေ ငဲ့ရ၊ အစ်မ ငဲ့ရ၊ အဖေ ငဲ့ရနှင့် သူ့နောက်သို့ မလိုက်ပါနိုင်ခဲ့။ တစ်ခါတရံသာ သွားရောက် လည်ပတ်နိုင်ခဲ့သည်။ ယခုလည်း ကျွန်မ၏ရောဂါကြောင့် သူနှင့် ခွဲခွာလာရပြန်သည်။ သူသာ သဘောထား မကြီးခဲ့ပါလျှင် သို့မဟုတ် သစ္စာ မရှိခဲ့ပါလျှင် နောက်မိန်းမယူလျှင်ကော ကျွန်မ ဘာများ တတ်နိုင်ပါမည်နည်း။ အိန္ဒိယတိုင်းသူ လူနာလို လင်သားအပေါ် ခွင့်လွှတ်နိုင်ပါမည်လား။ ထိုအတွေးကို မူတည်၍ 'မွှေး' ဝတ္ထုသည် ကျွန်မ နှလုံးသားတွင် သန္ဓေတည်ခဲ့သည်ဟု ဆိုလိုပါသည်။ တစ်ခုကလည်း အာရောဂျံတွင် မြန်မာလူနာများ စုဝေးစကားပြောရင်း အာရောဂျံတွင် လာရောက်ကုသရသော ဒုက္ခကြောင့် သူတို့ ကုထုံးအတိုင်း ကုနိုင်လျှင် မြန်မာပြည်မှာရော သီးသန့် တီဘီဆေးရုံတစ်ခု ဆောက်လုပ်ရန် မဖြစ်နိုင်ဘူးလားဟု အကြံဖြစ်ကြသည်။ ကျွန်မ ရင်ထဲမှာလည်း ထိုစိတ်ကူး ပေါ်ခဲ့ပါသည်။

အိန္ဒိယမှ ပြန်ရောက်ရောက်ချင်း ကျွန်မ သူ့နောက်သို့ လိုက်ပါသွားခဲ့ပါသည်။ သူသည် ကလောမှာ ဦးစီးတက္ကသိုလ် တက်ရမည်ဖြစ်၍ အနားလည်း ယူရင်း ဖြစ်ပါသည်။ ယခင်က စစ်ဦးစီးတက္ကသိုလ်ဝင်သင်တန်း နှစ်လတက်ပြီး ယခု စစ်ဦးစီးတက္ကသိုလ် ကိုးလသင်တန်းကို တက်ရမည်ဖြစ်သည်။ ဒီတုန်းကလည်း 'မွှေး'ကို မရေးဖြစ်ပါ။ ၁၉၅၉ ခုနှစ်လောက်မှ ရေးဖြစ်ပါသည်။ ရေးတော့လည်း ကျွန်မက ရေးရင်းရေးရင်း စာမျက်နှာ ၂၀ လောက်အရတွင် ရပ်ထားပါသည်။ ကျွန်မ၏ ရေးလက်စစာမူကို သူ တွေ့သွားပြီး ဖတ်ပါသည်။

**ခင်ခင်လေးနှင့် မမလေး**

'အချို ဒီဝတ္ထုကို ဘာလို့ ဆက်မရေးတာလဲ'

သူက မေးပါသည်။

'တီဘီအကြောင်းကို အခြေခံထားပြီး ရေးတာပဲ။ နိုင်ငံခြားကို ဆေး သွားကုရတာ ဒုက္ခရောက်လို့ သီးသန့် တီဘီဆေးရုံတစ်ခု မြန်မာပြည်မှာ ဆောက်စေချင်တယ်။ တီဘီကို စိတ်နာလို့ တီဘီရောဂါ တိုက်ဖျက်ရေး ရည်ရွယ်ချက်နဲ့ ရေးမလို့ပဲ။ ဒါပေမယ့် တချို့အကြောင်းက အချို့ ကိုယ်ရေးကိုယ်တာ

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတော့ ပရိသတ်က လက်ခံပါ့မလားလို့'

ကျွန်မက သံသယနှင့် ဖြေလိုက်၏။

'ဟာ.....အချိုကလဲ စာဖတ်ပရိသတ်အနေနဲ့ ကိုကြီးက ဖတ်ကြည့်ပြီးပြီ၊ စိတ်ဝင်စားစရာကောင်းတယ်၊ ဆက်ရေး'

သူ့ တိုက်တွန်းချက်ဖြင့် ကျွန်မ 'မွှေး'ဝတ္ထုကို ရေးဖြစ်ပါသည်။ ကျွန်မသည် ဝတ္ထုကို ရှည်ရှည် မရေးတတ်။ မဂ္ဂဇင်းဝတ္ထုရှည်များကို လှျောက်လွှာစာရွက်နှင့် အလွန်ဆုံး စာမျက်နှာ ၉၀ လောက်ရေးလျှင် ဝတ္ထုက ပြီးသွားပါသည်။ ဝတ္ထုရှည်ကြီးများကို အထူကြီး ရေးနိုင်သော ဒဂုံခင်ခင်လေးနှင့် ဂျာနယ်ကျော်မမလေးတို့ကို ကျွန်မ အစဉ်ပဲ ချီးကျူးမိပါသည်။

'မွှေး'ကိုတော့ မြဝတီမဂ္ဂဇင်းတွင် အခန်းဆက် ဝတ္ထုရှည်အဖြစ် သုံးလ ဆက်၍ ရေးခဲ့ပါသည်။ မဂ္ဂဇင်းတွင် 'မွှေး' ဝတ္ထုရေးပြီးသောအခါ စာဖတ်ပရိသတ်ထံမှ လုံးချင်း ထုတ်ရန် တိုက်တွန်းစာများ လာပါသည်။ ထိုစဉ်က မြဝတီမဂ္ဂဇင်းတွင် တက္ကသိုလ်ဘုန်းနိုင်၊ ကိုကိုမောင်တို့၏ အခန်းဆက် ဝတ္ထုရှည်များကို လုံးချင်းအဖြစ် မြဝတီမဂ္ဂဇင်းက ထုတ်ဝေပေးခဲ့ပါသည်။

ရှုမဝဦးကျော်ကလည်း 'မွှေး'ကို လုံးချင်းထုတ်ရန် ကမ်းလှမ်းခဲ့ပါသည်။ သို့သော် ကျွန်မက မြဝတီမဂ္ဂဇင်းကို ဦးစားပေးရမည်ဖြစ်၍ ထုတ်ဝေမည်လားဟု မြဝတီမဂ္ဂဇင်းကို မေးသောအခါ သူတို့က မထုတ်ပါ ဟု ဖြေပါသည်။

## အတိုင်ပင်ခံ ရှုမဝဦးကျော်

ဒါကြောင့် ဦးကျော်နှင့် လုံးချင်းကို ထုတ်ဝေခဲ့ပါသည်။ ထုတ်ထုတ်ချင်း ကုန်သွား၍ ဒုတိယအကြိမ် ဦးကျော်က ဆက်လက်ထုတ်ဝေပါသည်။ ဒုတိယ အကြိမ်မှာ ဦးကျော်က ကျွန်မကို ရာခိုင်နှုန်းနှင့် ပေးရုံသာ မဟုတ်။ ငွေရင်း ထည့်ဝင်စေပါသည်။ ငွေရင်းပေါ်မှ အမြတ်ကိုလည်း ကျွန်မကို ပေးခဲ့သောကြောင့် ကျွန်မ ငွေ ပိုမိုရရှိပါသည်။ နောက်ထပ်လည်း အခြား စာအုပ်တိုက်တို့တွင် ၉ ကြိမ် ပြန်လည် ရိုက်နှိပ်ရပါသောကြောင့် 'မွှေး' ဝတ္ထုမှာ ကျွန်မအတွက် စာအုပ်အဖြစ်နှင့် ငွေအများဆုံးရသောဝတ္ထု ဟု ဆိုရပါမည်။

စာဖတ်ပရိသတ်အနေနှင့် 'မွှေး' ဝတ္ထုမှာ ကျွန်မ၏ Masterpiece ဟု ဆိုကြပါသည်။

ဝတ္ထုထွက်ပြီးတော့ ပြည်တော်အေးရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်ရန်



သာ၍ ဝယ်ပါသည်။ ကျွန်မမှာတော့ အတိုင်ပင်ခံ ဦးကျော်သာစဲယောက်ပဲ ရှိပါသည်။ ဦးကျော်ကို တိုင်ပင်ကြည့်တော့–

'ဒါလောက် ဇာတ်အိမ်ကြီးတဲ့ဝတ္ထုကို ရိုက်ရဲတဲ့သတ္တိ ရှိတာ ဒေါ်အေးအေးညွန့်ကို ချီးကျူးစရာပဲ၊ မစု ရောင်းလိုက်ပါ' ဆိုသောကြောင့် ကျွန်မ ရောင်းလိုက်ပါသည်။ သို့သော် ဝတ္ထုမှာ နာမည်အကြီးဆုံး ဖြစ်သော်လည်း မမညွန့်က ကျွန်မကို ငွေ ၄၀၀၀ ကျပ်သာ ပေးပါသည်။ အိန္ဒိယသို့ ရောက်အောင် သွားရောက်ရိုက်ရ၍ ငွေကုန်များသောကြောင့်ဟု ဆိုပါသည်။ တခြားဝတ္ထုများ ရောင်းလျှင် ကျွန်မ ၅၀၀၀ ကျပ် ရပါသည်။

## ဆရာသန်းဆွေ၏ မှတ်ချက်

တယ်လီပင်ဖြစ်ဖြစ် 'မွှေး' ရုံတင်သောအခါ ရုံလေးရုံ ပထမပတ် အပြည့်ဖြစ်၍ ကျွန်မ ဝမ်းသာသွားပါသည်။ Pre Booking မှာ နှစ်သောင်းကျော် ရပါသည်။ မထမဆုံး ရုံတင်သောနေ့က ကျွန်မထံ သူငယ်ချင်းတွေ တယ်လီဖုန်းဆက်ပါသည်။

'မိစု၊ စပါးစေ့လေးတွေ အိပ်ပျော်ရာက နိုးတာ ရုပ်ရှင်ထဲ မပါဘူး'

ဟု ဆိုပါသည်။ ပြီးတော့ 'မွှေး'က ရှည်လွန်း၍ နောက်ဆုံးပွဲမှာ ညဉ့်နှစ်ချက်တီးမှ အိမ်ပြန်ကြရသည်ဟု ဆိုပါသည်။ ထိုအကြောင်းကို ဦးချစ်ခင်အား ပြောပြတော့ နောက်နေ့တွင် ဖြတ်သင့်သည်များကို ဖြတ်တောက်ပစ်ရပါသည်။

'ကျွန်တော် မဖြတ်ချင်ဘူး။ အသေးစိတ်တွေ ကျွန်တော်ရိုက်ထားသမျှကို မစုကို ပြချင်တယ်'

ဟု ဦးချစ်ခင်က ပြောသောကြောင့် ကျွန်မတို့ သားအမိ သားအဖတွေ မြို့မ ရုပ်ရှင်ရိုက်သောခြံမှာ သွားကြည့်ပါသည်။ တကယ်ပင် ညဉ့်နှစ်ချက်တီးမှ ပြီး၍ သမီး မိ အိပ်ပျော်နေသည်ကို ပွေ့ချီ၍ ပြန်လာကြရသည်။ ထိုအထဲမှာတော့ အတွတ် အင်္ဂလန်သို့ မထွက်ခင် ဝါးခယ်မကို တစ်ခေါက် ပြန်လာသည့် အခန်းများကိုပါ အသေးစိတ် ရိုက်ထား၍ လွမ်းမောဖွယ်ကောင်းပါသည်။ ပထမနေ့ ညမ္ဘာတရုံမှာပြသော မွှေးကို ကျွန်မ၏ကျေးဇူးရှင် ဆရာကြီးသန်းဆွေကို ဖိတ်ခေါ်၍ ပြပါသည်။ သူက–

'ကျော်ဆွေ အကောင်းဆုံး သရုပ်ဆောင် သွားတာပဲဗျာ' ဟု မှတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချပါသည်။ အမှန်တော့ ထွန်းဝေက ကိုကိုနိုင်အဖြစ်၊ မြင့်မြင့်ခင်က မွေးအဖြစ် သရုပ်ဆောင်ခဲ့ပါသည်။ သူတို့နှစ်ဦးလုံးလည်း ကိုယ့်အခန်းကိုယ် ပိုင်နိုင်ကြပါသည်။

**ပန်းကြွေသောလမ်း**

ကျွန်မအတွက်ကတော့ ထုံးစံအတိုင်း ဇာတ်သိမ်းတွင် ပေါင်းရေးမပေါင်းရေးပင်ဖြစ်၏။ ဝတ္ထုထဲက ဇာတ်သိမ်းမှာ မွေးသည် ကိုကိုနိုင်ကိုလည်း ပြန်မပေါင်း၊ အတွတ်ကိုလည်း မယူဘဲ အဆုတ်နာဆေးရုံ 'တည်ထောင်ဖို့ လုပ်ငန်းများတွင် ဖောက်ချလုပ်ရန် မိတ္ထီလာသို့ အတွတ်နှင့်အတူ ထွက်ခွါသွားခြင်းဖြင့် အဆုံးသတ်လိုက်ပါသည်။

ရုပ်ရှင်မှာတော့ မွေးက ကိုကိုနိုင်ကို ပြန်လည်လက်ခံလိုက်၍ အတွတ်နောက်ဆုတ်သွားရခြင်းနှင့် ဇာတ်သိမ်းလိုက်ပါသည်။

'ကျောချင်းကပ်၍ တစ်ရွေ့ရွေ့ခွါ၊ တစ်ကမ္ဘာစီ ဝေးပြီ မွေးရယ်' ဆိုသောသီချင်းနှင့်အတူ အတွတ်တစ်ယောက် ထင်းရှူးပင်များ ကြားတွင် တရွေ့ရွေ့လျှောက်သွားရင်း ဇာတ်သိမ်းလိုက်ပုံမှာ မချိစရာ ကောင်းပါသည်။ လေညှင်းများ တိုက်ခတ်၍ ပန်းပွင့်ဖတ်တွေ ကြွေသောလမ်း၊ ရွက်ကြွေများ လွှာကျလာသောလမ်းတွင် အတွတ် လျှောက်သွားပုံရော၊ မျက်နှာထားရော ဆွေးမြည့်ကြေကွဲဖွယ် ကောင်းပါသည်။

'ပန်းကြွေသောလမ်း ဖြတ်သန်းလျှောက်သောအခါ၊ ကိုယ့် ရင်ထဲ ဘယ့်နှယ်ရှိမယ် မွေးရယ်၊ အသည်းလေလွင့်ခြင်း၊ ကြွေလွင့် ခြင်းတွေရယ် မွေးကို ချစ်မိသော အဖြေရလာဒ်တွေပါကွယ်'

ဟူသော ဇာတ်သိမ်းသီချင်းနှင့် အတွတ် (ကျော်ဆွေ)၏ အမူအရာမှာ နောက်ခံရှုမျှော်ခင်းနှင့် လိုက်ဖက်လှပါသည်။

သို့သော် ကျွန်မအတွေးမှာ ကြည့်ရင်းကြည့်ရင်းနှင့် 'မွေး' ဝတ္ထု မဟုတ်တော့ဘဲ 'အတွတ်' ဝတ္ထု ဖြစ်သလို ခံစားရပါသည်။ ကျွန်မလိုပဲ အများစု မိန်းကလေးတွေ ခံစားရမှာမို့ တူပါသည်။ 'မွေး' ရုပ်ရှင် ကြည့်ပြီးတော့ ဇာတ်လိုက် မင်းသားကျော်ဆွေအိမ်သို့ 'အတွတ်ရေ.....အတွတ်ရေ' နှင့် ခဏခဏ ဖုန်းဆက်ကြသည်ဟု ဆိုပါသည်။



**၆**

**အတွတ်ကို ပြန်ပြီး လက်ထပ်ပါ**

ဝတ္ထုထဲကအတိုင်းဆိုလျှင် မွေးသည် ဇာတ်လိုက်ဖြစ်သည့်အတိုင်း အဆုံးသတ်မှာ မွေးက အားလုံးကို စွန့်လွှတ်၍ သူ့ဘဝကို တီဘီတိုက်ဖျက်ရေးတွင် မြှုပ်နှံသွားရန် ထွက်ခွါသွားပုံကို ပြရင်းနှင့် အဆုံးသတ်ရပါမည်။ ပရိသတ်ကြိုက်မည်၊ မကြိုက်မည်တော့ မသိပါ။ အကယ်၍များ ယခုအချိန် ထပ်၍ မွေးကို ရုပ်ရှင်ရိုက်ရဲသော ကုမ္ပဏီတစ်ခု ပေါ်လာလျှင် အခြေအနေတစ်ရပ်ရပ်က ပေးလာလျှင် မူရင်းဝတ္ထုအတိုင်း ဇာတ်သိမ်းကို ရိုက်ကြည့်လျှင် ဘယ်လိုနေမလဲဟု ကျွန်မ တွေးမိပါသည်။

အတွတ်မှာ စာဖတ်ပရိသတ်နှင့် ရုပ်ရှင်ကြည့် ပရိသတ်ကို မည်မျှ လွှမ်းမိုးနေပါသနည်း ဆိုပါလျှင် ကျွန်မ၏ခင်ပွန်းသည် ကွယ်လွန်ပြီးသောအခါ ကျွန်မ မဟာစည်ရိပ်သာတွင် တရား ပြန်ဝင်ပါသည်။ တစ်နေ့ တရားပွဲအပြီး ဖြူဖြူချောချော အရပ်မြင့်မြင့် ယောဂီဝတ်နှင့် အမျိုးသမီးကြီးတစ်ယောက် ကျွန်မကို လာနှုတ်ဆက်ပါသည်။ ကျွန်မက ယခင်က မတွေ့ဖူး၍ အံ့အားသင့်နေပါသည်။

'မစုကို အန်တီ အကြံတစ်ခု ပေးပါရစေ၊ ဖြစ်ပြီးခဲ့တာတွေကတော့ ပြီးပါပြီ၊ ခုချိန်ခါမှာ မစုအတွက် အတွတ်ကိုပြန်ပြီး လက်ထပ်ပါလို့ အန်တီ တောင်းပန်ချင်တယ်'

သူသည် ဒါပဲပြော၍ ထွက်ခွါသွားပါသည်။ ကျွန်မမှာ အံ့အားသင့်လျက် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ကြောင်၍ ကျန်ရစ်ပါသည်။ နေရာကနိုးသာလို နေရာ၊ ယောဂီဝတ်နှင့် တရားထိုင်နေဆဲမှာမှ အတွတ်ကို ပြန်လည် လက်ထပ်ပါရန် အကြံပေးသွားသော အမျိုးသမီးကြီးကို ငေးကြည့်နေမိပါသည်။ နောက်မှ အတွတ်သည် သူ့စိတ်ကို မည်မျှ လွှမ်းမိုးနေပါသလဲ၊ အတွတ်ကို သူ သနားလွန်း၍ ကျွန်မအား အတွတ်ကို ပြန်လည် လက်ထပ်ပါရန် သူ အကြံပေးသွားသည်ဟု ကျွန်မ နားလည်လိုက်ပါသည်။

ဝတ္ထုထုတ်ပြီးတော့ရော၊ ရုပ်ရှင်ပြပြီးတော့ရော ဝေဖန်ရေးစာများ ရောက်လာပါသည်။ တချို့ကလည်း သတင်းစာထဲမှာ ဝေဖန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝနှင့် ရေခဲတောင်

တက္ကသိုလ်က ဆရာတစ်ယောက်က–

'ဒေါ်ခင်နှင်းယု မွှေးဝတ္ထုထဲမှာ မွှေးကို ပေးထားတဲ့ ဒုက္ခတွေဟာ များလွန်းဘူးလား'

ဟု လူချင်းတွေ့ မေးပါသည်။

'အပြင်က မွှေးကို တွေ့ဖူးပါသလား။ အပြင်ကမွှေးက ဝတ္ထုထဲက မွှေးထက် ဒုက္ခ ပိုများပါတယ်' ဟု ကျွန်မ ဖြေလိုက်သောအခါ သူ အံ့အားသင့်သွားပါသည်။

အမှန်တော့ ဝတ္ထုထဲတွင် ဖော်ပြသောအကြောင်းမျှလောက်ပဲ စာဖတ်ပရိသတ် သိရှိရပါသည်။ တစ်ချို့လူတို့၏ တကယ့်ဒုက္ခမှာ ဝတ္ထု သို့မဟုတ် ပါးစပ်နှင့်ပင် ဖော်ပြ၍ မရလောက်အောင် ကြီးမားကြသောအဖြစ်များ ရှိပါသည်။ တစ်ခါတရံ ကိုယ် ဖော်ထုတ်ပြောပြလိုက်၍ တခြားလူ သိက္ခာကျမည်စိုး၍ ဖော်ထုတ် မရေးနိုင်၊ မပြောနိုင်သည့်အကြောင်းများ လူ့လောကတွင် များစွာ ရှိနေကြသည်။ ထို့ကြောင့် ကျွန်မ 'သပြေ' ဝတ္ထုတွင် ဘဝကို ရေခဲတောင်နှင့် နှိုင်း၍ ပြခဲ့ပါသည်။ ရေခဲတောင်သည် ရေပြင်ပေါ် မြင်သာသည့်နေရာ၌ တစ်လက်မလောက် ပေါ်နေလျှင် ရေအောက်တွင် သုံးလက်မလောက် နစ်မြုပ်၍ နေတတ်ပါသည်။ ဥပမာသာ ရေးပါသည်။ အတိုင်းအတာ၊ အချိုးအစား သီးသန့် ရှိပါမည်။ ဘဝ၏ဒုက္ခများစွာလည်း ရေခဲတောင်လို ပါပင်တည်း။

တချို့ ဝေဖန်သူတို့က အတွတ်၏စရိုက်မှာ တကယ့်လူ့ဘဝတွင် မရှိနိုင် သောစရိုက် ဟူ၍ ဆိုပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒါရိုက်တာ ဦးချစ်ခင်အား ကျွန်မ ပြောပြပါသည်။

'မစုကလဲ မစုက မိန်းကလေး။ ယောက်ျားတွေအကြောင်း သိသလောက် ရေးပြတာ၊ ကျွန်တော်တို့က ယောက်ျား။ ယောက်ျားချင်းအကြောင်း ကောင်းကောင်း သိတာပေါ့။ ကိုယ့်ရင်ထဲကအချစ်ကို မဖွင့်ပြရလို့ မဖွင့်သင့်လို့ အခွင့်မသာလို့ ရင်ထဲမှာ မြှိုသိပ်ပြီး သေသွားသည်အထိ နေသွားတဲ့ယောက်ျားတွေတောင် ရှိပါတယ်၊ အတွတ်လို စရိုက်မျိုး အပြင်မှာ အများကြီးပါ'

ဦးချစ်ခင်ကတော့ ထောက်ခံပါသည်။ ကျွန်မကလည်း တဲ့တိုးကြီးတော့ သက်သေ မထူရပါ။ အတွတ်ကိုပင် ပထမဆုံး တွေ့ခဲ့ပါသော်လည်း ချစ်ခွင့် မသာ၍ အချစ်ကို မရသူ၊ အကြောင်းကြောင်းတို့ကြောင့် ကိုယ်ကျိုးကို



ငဲ့ပြီး ချစ်သူ ကောင်းစားရေးကြောင့် လက်လွှတ်ခဲ့ပါသော 'အတွတ်' ကို တကယ်တွေ့၍ ဇာတ်ဆောင်တစ်ဦးအဖြစ် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

## ကုသိုလ်ကြမ္မာ မပီပါခဲ့

ဒီနေရာမှာလည်း အတွတ်က ပထမဆုံး တွေ့ခဲ့ပါသော်လည်း သူသည် အကျည်းတန်သော မိန်းကလေးတစ်ယောက်၊ ခေါင်းမာသော ရန်ဖြစ်ဘက် ငယ်သူငယ်ချင်း မိန်းကလေးတစ်ယောက်အနေနှင့်သာ မွှေးကို သူချစ်ခဲ့၊ တွေ့ဆုံခဲ့သည့် အတွတ်အဖြစ်က ပုဂံမင်း မင်းယဉ်နရသိင်္ခ ဆန်သည် ဟု ဆိုရမည်။ ဝေဠုဝတီကို လာရောက် ဆက်သစဉ်က ခြေသလုံးကြီး၊ နဘက်ကျယ်၊ ထိန်နန်းနှင့် မတန်ဟု ငြင်းဝယ်ခဲ့သည်။ ညီတော် နရပတိစည်သူကို ပေးခဲ့သည်။ ညီတော် အိမ်ရှေ့မင်းလက်ထဲရောက်မှ မယ်တော်က ဝေဠုဝတီကို နားရွက်သေးအောင်၊ ခြေသလုံး သေးအောင် ပြုပြင်လိုက်သည်။ ထိုအခါမှ ဝေဠုဝတီအလှကို တွေ့ရသော နရသိင်္ခမင်းမှာ တိမ်းညွတ်သောစိတ် ပေါ်လာရသည်။

အတွတ်ကလည်း ငယ်စဉ်က ရင်းနှီးခဲ့ပေမယ့် သူငယ်ချင်းအချစ်ထက် မွှေးအပေါ် မပိုခဲ့။ မွှေးအလှကို လျစ်လျူရှုခဲ့သည်။ အရွယ်ရောက်ချိန်မှာ ရောက်ဒီက မွှေးကို တွေ့သွားတော့မှ သူ၏အချစ်လည်း နိုးကြားလာလေသည်။ ဒီတော့မှ မွှေးမှာ သူ့ညီမတွေလောက် မချောသော်လည်း အလှထက် ချစ်စရာ စိတ်ဓာတ်များ အများကြီးရှိသည်ကို သိရှိလာသောအချိန်မှာ နောက်ကျ၍ သွားခဲ့ပါပြီ။ အတွတ်အဖြစ်ကို ရင်တေဇောသာရ ကဗျာတစ်ပုဒ်နှင့် ကျွန်မ သက်သေလိုက်ခဲ့ပါသည်။

ခုလည်း မဆင်
ထုံးနောက် ရှင်နှင့်
မြင်လျှင် ဝင်ကို
ကြီးမါ လိုလည်း
ကုသိုလ်ကြမ္မာ မပီပါခဲ့

ထိုကဗျာကို မွှေးက ရွတ်ဆိုပြခဲ့ပါသည်။ အမှန်တော့လည်း ဝတ္ထုထဲတွင်မက လူ့ဘဝမှာလည်း ကုသိုလ်ကြမ္မာ တူသော ဖူးစာက မပါလျှင် ဘယ်လိုပဲချစ်ချစ် မပေါင်းကြရပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို အထောက်အထား တောင့်တင်းအောင် ဖရက်ဒီက မွေးကို စာစ၍ ပေးချိန်မှာလည်း မွေး၏ပြန်စာတွင်–

'မွေးဟာ ဘိကျွန်ိမ လုပ်မယ့် မိန်းမတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မွေးရဲ့ချစ်သူနဲ့ မွေးနဲ့ လက်ထပ်သူဟာ တစ်ယောက်တည်းပဲ ဖြစ်စေချင်တယ်'

ဟု ရေးသားခဲ့ပါသည်။ အမှန်တော့ ထိုဆုကို လူတိုင်း တောင်းဆိုချင်ကြပါသော်လည်း လောကီသားတွေမှာ ဆုတောင်းတိုင်းပြည့်သူ နည်းပါးလှပါသည်။

## ချုပ်ညရီတွင် ဖြုတ်ချည်းမြင်သည်

သတင်းစာဆရာတစ်ယောက်ကတော့–

'အတွတ်ဟာ အလိုက်ကန်းဆိုး မသိတတ်တာ လွန်လွန်းတယ်၊ လင်မယား အဆင်မပြေဖြစ်ချိန်မှာ 'ပုံပမာ' ဇာတ်ပြားကို သွားဖွင့်တယ်၊ ပြီးတော့ ကိုကိုနိုင် အိမ်ပေါ်က မဆင်းခင် မွေးကို လက်ထပ်ခွင့်တောင်းတယ်'

ဟု ဝေဖန်ခဲ့ပါသည်။ သူ ဝေဖန်သည်မှာ မှန်သည်။

သို့သော် ကျွန်မသည် အတွတ် ဆိုသော သူငယ်လေးအား ဖန်ဆင်းကတည်းကိုက အချိန်ကို မတွက်ဆတတ်သူ၊ ရောရာမှာ နောက်ကျတတ်သူ၊ နှုတ်ဆိတ်သူတစ်ယောက်အဖြစ် ဖန်တီးလို၍ အတွတ်ငယ်ငယ်က စရိုက်နှင့် မျိုးထားခဲ့ပါသည်။ လက်မြန်ခြေမြန် ဖရက်ဒီလို လူက သကြန်မှာ မွေးကို ရေလောင်းနေချိန် အတွတ်က ပိတောက်ပင်ပေါ် ငုတ်တုတ်။ ဖရက်ဒီက ပိတောက်ပန်းတွေ မွေးကို ပေးနေချိန်မှာ သူက သစ်ပင်ပေါ်က ဆင်းဖို့ပင် အချိန်မရ။

ဖရက်ဒီက မိုးနှောင်းတစ်ညနေခင်းတွင် မွေးအလှကို မြင်၍ ဖော်ထုတ်ပြောတော့မှ သူ့ရင်ထဲ လှုပ်ရှားလာကာ မွေးအိမ်ဘက်ကို ကူးသွားမိသည်။ ညဉ့်မီးတိုင်အောက်တွင် မွေးကို မြင်တော့သည်။

'မချောစရာ၊ ချောစရာလျှင်
ကေသာဆံလွှ၊ ထုံးနှောက်စနှင့်
ချုပ်ညရီတွင်၊ ဖြုတ်ခြည်းမြင်သည်
ရှင်သာရနိုင် တန်ဆောင်လော'

ဟူသော ကဗျာကိုသာ ရွတ်ပြခဲ့သည်။ သူ့အချစ်ကို ဖွင့်ရန် နှုတ်လေးခဲ့သည်။



## အချိန်ကို မတွက်တတ်သူ

မိခင်ဖြစ်သူက လူကြီးချင်း သဘောတူ၍ ဒေါ်တင်တင်ကြီးသမီးထဲမှ တစ်ယောက်နှင့် အတွတ်ကို လက်ဆက်ဖို့ ပြောတော့လည်း မွေးက ဖရက်ဒီကို ချစ်နေပြီ။ မွေးအချစ်ကို မွေး မချစ်ဘဲနှင့်လည်း သူ မယူချင်။ ဒီတုန်းကလည်း တစ်ကြိမ် နောက်ကျခဲ့ရသည်။

ဖရက်ဒီနှင့် မွေး ကွဲသွားပြီဆိုတော့ သူ မွေးကို ရအောင် ယူမည်။ သူ့အချစ်ကို ဖွင့်ဟတော့မည်ဆိုကာမှ ကိုကိုနိုင်က မွေးကို ယူရန် မွေးမိခင် ဒေါ်တင်တင်ကြီးကို ချဉ်းကပ်ပြီး ဖြစ်သည်။ ဒေါ်ထင်တင်နှင့် မွေးတို့ညီအစ်မ တစ်စုက သူ့အပေါ် သားရင်း မောင်ရင်း တစ်ယောက်လို ချစ်သောအချစ်ကို သူ လေးစားသည်ကလည်း ပါသည်။ ဝတ္ထုစပျိုးကတည်းက အတွတ်စရိုက်ကို အလိုက်မသိတတ်သူ၊ လက်နှေးသူ၊ အချိန်ကို မတွက်ဆတတ်သူအဖြစ် ကျွန်မ ပို့ပေးထားပါသည်။ နောက်ဆုံး ကိုကိုနိုင် အိမ်ပေါ်က မဆင်းခင် အတွတ်၏ တောင်းဆိုချက်ကို မွေး ငြင်းပယ်သောအခါ–

'မြန်သင့်သည့်အချိန်တွေတုန်းက အမြဲနှောင့်နှေးခဲ့၍ နှေးကွေးရမည့် အချိန်ကျမှ အလွှာတကြီး လုပ်မိသည်တကား။ အချိန်ကို မတွက်တတ်သော သူ့အဖြစ်ကို ဒေါသ ဖြစ်လာသည်။'

ဟု အတွတ်အကြောင်းကို ကျွန်မ ဒီလို ဖော်ထုတ်ခဲ့ပါသည်။ မှန်၏။ အတွတ်စရိုက်ကို ဦးဩဘာသ၏ ဇနက္ကမင်းဇာတ်တော်မှ စကားလုံးသဘောကို ယူသည်ဆိုလျှင် မမှားပါ။ သိဝလိဒေဝီအချစ်ကို ရယူရန် စစ်သူကြီး၊ ဘဏ္ဍာစိုးတို့က ကြိုးပမ်းချိန်တွင် ရှုံးနိမ့်ပုံကို ဦးဩဘာသက အောက်ပါအတိုင်း စကားဖွဲ့ခဲ့ပါသည်။

'ထီးတော်မိုးကား ထီးတော်ကိုသာ မိုးကိုင်နိုင်၏၊ သမီးတော်၏ အချစ်ကို စိုးပိုင်ခြင်းငှာ မတတ်နိုင်ပါ'

ဟု ဆိုခဲ့ပါသည်။

ထီးတော်မိုးစရိုက်နှင့် အတွတ်စရိုက်ကတော့ မတူပါ။ ဒါပေမယ့် အတွတ်သည် အချစ်ကို စွန့်လွှတ်ရခြင်း၌မူ 'ဆရာဝန်တစ်ယောက်အနေနှင့် လူနာ၏အသက်ကို ရယူဖို့ စွမ်းနိုင်ပါသော်လည်း မွေး၏အချစ်ကို ရယူဖို့ရာ မစွမ်းနိုင်၊ ခြေလှမ်း နှေးခဲ့ရပါသည်'

www.burmeseclassic.com

www.burmeseclassic.com



## ခင်နှင်းယု၏ ဒေသစွဲ

'ပုံပမာ' သီချင်း ဖွင့်သည်ဆိုတော့ အတွတ် အလိုက်မသိတတ်ပုံလည်း ဖော်ချင်သည်။ ထိုသီချင်းစာသားလိုပင် ကိုကိုနိုင်နှင့်မွေးသည် ကိုနွယ်ရီမောင်နှံလို အချစ်ကြီး ချစ်ပါလျက်နှင့် ကုသိုလ်ကံကြမ္မာ ဖန်လာတော့ ကွဲကွာသွားရသည်။ ဒါကို ပေါ်စေချင်၍ ဖြစ်ပါသည်။ ပုံပမာသီချင်းကို သေသေချာချာ နားထောင်ကြည့်ပါ။ ကျွန်မ ခံစားသလို ခံစားရလိမ့်မည် ထင်ပါသည်။ မွေးကို စွန့်လွှတ်ရမည့်ဆဲဆဲ ကိုကိုနိုင်၏အလွမ်းကို ပေါ်စေချင်၍ ဖြစ်ပါသည်။

ဦးကျော် ပြောပြသည်ကမူ–

'ကျွန်တော် မွေးကို သဘောကျတာကတော့ အကျည်းတန်တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ယောကျ်ားသုံးယောက်အချစ်ကို ရခဲ့တာကိုပဲ သဘောကျတယ်'

ဟု ဆိုသည်။ ကျွန်မ ဆိုလိုသော ရုပ်အလှထက် စိတ်အလှကို ဦးကျော် သဘောကျပုံ ရပါသည်။

တချို့ကတော့လည်း ခင်နှင်းယု ဒေသစွဲ ကြီးလွန်းသည်ဟု ဆိုသည်။ မှန်ပါ၏။ ကျွန်မ၏ မွေးဇာတိ ဝါးခယ်မမြို့ကို ကျွန်မ ချစ်ပါသည်။ ယခုမှ အခြေအနေ ပြောင်းသွားလျှင်တော့ မသိပါ။ ပျိုးပင်စိမ်းစိမ်း လယ်ကွင်းများနှင့် မြစ်ရေယာဉ် ဝိုင်းနေသော ကျွန်မဇာတိမြို့လေး၏အလှကို ကျွန်မ မမေ့။ ယနေ့တိုင် သတိရနေပါသေးသည်။ ကျွန်မအစ်ကိုတစ်ယောက်၏အိမ်မှာ ဝါးခယ်မ တစ်ဘက်ကမ်း ရွာသစ်ရွာနှင့် သော်ကရွာ ကြားတွင် ရှိသည်။ ကျွန်မ ငယ်ငယ်က ထိုအိမ်လေးနောက်ဘက်ဆောင်မှ သော်ကရွာဘက်ကို ကြည့်လျှင် သော်ကရွာ နောက်မှာ စိမ်းမြသောစပါးကွင်းတို့အလယ်တွင် ရွှေရောင်ဝင်းဝင်းနှင့် သော်က ဘုရားကြီးကို ဖူးတွေ့ရသည်။

နေလုံးနီနီကြီး စပါးပင်တွေထဲ နစ်မြုပ်ချိန်ကို ငေးကြည့်ရင်း နွားကျောင်းသူ မဂျိုင်းထဲက မဂျိုင်းလို လက်ခုပ်လက်ဝါးတီး၍ ရယ်ချင်ပါသည်။ လသာသောညများတွင် ကျွန်မတို့ သူငယ်ချင်းတွေနှင့် ကျောင်းပိတ်ရက် လမ်းမပေါ် ထုတ်စီးတိုးခဲ့သည်ကို မမေ့ပါ။

## စာရေးသူ၏ စေတနာ

မွေးဝတ္ထုတွင် မွေးတို့ ငယ်ငယ်ဘဝကို–



'တေးဆိုကြ၊ ပျော်ကြတာတွေ ငယ်ငယ်က သဘာဝအခြေ'

ဆိုသော ကိုလှမြင့်၏ တေးနှင့် သရုပ်ဖော်ခဲ့ပါသည်။ ကျွန်မ နေခဲ့၊ ထိုင်ခဲ့၊ ချမ်းမြေ့ကြည်နူးခဲ့ရပါသော ဝါးခယ်မ၏အလှက ကျွန်မရင်ထဲတွင် စိမ့်ဝင်၍ မွေးဝတ္ထုထဲမှာ ပြန်လည်ရှင်သန်လာခဲ့ပါသည်။ မိမိ၏ မွေးရပ်မြေမှာ မိမိ၏ မိဘပါပဲ။ မွေးရပ်မြေကို မချစ်တတ်သူသည် ကိုယ့်တိုင်းပြည်ကိုလည်း ချစ်မည်မထင်။ မွေးရပ်မြေကျေးဇူးကို မသိသူသည် မိဘကျေးဇူး၊ ကိုယ့်တိုင်းပြည်ကျေးဇူးကို သိမည် မထင်ပေ။

ကျွန်မ မွေးရပ်မြေကို ကျွန်မ ချစ်သလို ကျွန်မတို့ ပြည်သူတွေလည်း ကျွန်မတို့ အမိမြန်မာပြည်၏အလှကို ကြည့်တတ်၊ မြင်တတ်၊ ချစ်တတ်စေလိုသော စေတနာနှင့် ရေးခြင်းဖြစ်ပါသည်။

သာမန်ကြည့်လျှင် မွေးသည် အိမ်ထောင်ရေး အချစ်ဇာတ်လမ်းတစ်ခုဟု ဆိုနိုင်ပါသော်လည်း ကျွန်မသည် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်ကို အခြေခံခဲ့ပါသည်။ မွေး၏ ချစ်ဦးသူ ဖရက်ဒီအသိုင်းအဝန်းနှင့် မွေးတို့ အသိုက်အဝန်း ကွာဟချက်ကို ကျွန် ဖော်ပြရာ၌ အခြေခံစရိုက် မတူပုံကို ခြယ်မှုန်းခဲ့ပါသည်။ ဒေါ်တင်တင်ကြီး ဦးစီးသော မွေးတို့မိသားစုက တိုင်းချစ်ပြည်ချစ်စိတ်ရှိကြသည်။ နယ်ချဲ့တော်လှန်ရေးများတွင် ပါဝင်လှုပ်ရှားခဲ့ကြသည်။ မွေး၏ မိခင်ဒေါ်တင်တင်ကြီးသည် အမြင်ကျယ်၍ မျိုးချစ်စိတ် ထက်သန်သော မိခင်ကြီး အဖြစ် ကျွန်မ သရုပ်ဖော်ခဲ့သည်။

## ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်

ဖရက်ဒီ၏ဖခင် ဦးဘလှတို့ အသိုက်အဝန်းမှာ ကိုယ့်ခွေးကိုယ်မြှောက် ပတ်ဝန်းကျင်မှလွဲ၍ အမြင်ကို မျှော်မကြည့်၊ နယ်ကျဉ်းသည်။ မြေရှင်ယာရှင်များ ပီပီ ငွေရှင်ကြေးရှင်စိတ်ကြောင့် လူထုနှင့် ကင်းကွာကြသည်။

အခြေခံချင်း မတူသော မိသားစုနှစ်ခုမှ ပေါက်ဖွားလာသော မွေးနှင့် ဖရက်ဒီတို့အချစ်ကို မိခင်ကြီး ဒေါ်တင်တင်ကြီးက မခိုင်မြဲနိုင်ဟု [illegible] နိမိတ်ဖတ်သည်။

သမီး၊ နှစ်နဲ့သုံး ပေါင်းရင် ငါးလို့ လုံးခန့် [illegible] ကနဲ့ ခ ပေါင်းရင် က အပေါင်း ခ ပဲဖြစ်မယ်။ အလယ်ကွာ [illegible] ကြီး ခြားနေမှာပဲ။ အခြေခံချင်း မတူတဲ့ သမီးတို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်သားတည်း ပူးပေါင်းမသွားနိုင်ဘူး'

သမီးဖြစ်သူ မွှေး ဖရက်ဒီကို ချစ်သွားပြီကို သိသည်နှင့် တစ်ပြိုင်နက် မိခင်ကြီးက ယူကျုံးမရ သတိမေး ဆုံးမခဲ့သည်။

ကိုကိုနိုင်က တိုင်းချစ်ပြည်ချစ်စိတ်နှင့် တပ်မတော်သားတစ်ယောက် ဖြစ်သည်။ တိုင်းပြည်မှာ အရေးအခင်း ကြုံတော့ ကျောင်းသင်ခန်းစာကို စွန့်လွှတ်၍ တိုင်းပြည်အတွက် တိုက်ပွဲဝင်ခဲ့သည်။ ဒီလိုလူကို သားမက်အဖြစ် ဒေါ်တင်တင်ကြီး ရွေးချယ်ခဲ့သည်။

ဒေါ်တင်တင်ကြီး မူဝါဒက—

'လူသားသည် မိမိ လူ့ဘောင်အတွက် ကောင်းကျိုး၊ ကောင်းစားရေးကို စွမ်းဆောင်နိုင်ရမည်။ လူ့ဘောင်တစ်ခုလုံးအတွက် မစွမ်းလျှင် ကိုယ့်တိုင်းပြည်အတွက် စွမ်းဆောင်နိုင်ရမည်။ ကိုယ့်တိုင်းပြည်အတွက် မစွမ်းဆောင်နိုင်လျှင် အနည်းဆုံး ကိုယ့်ပတ်ဝန်းကျင် ကောင်းစားရေးကို စွမ်းဆောင်နိုင်ရမည်'

ဟု ဆိုသည်။

'လူဟာ ကိုယ်ကျိုးစွန့်လွှတ်တဲ့စိတ်နဲ့ အများအတွက် အနစ်နာခံနိုင်တဲ့ စိတ် မရှိရင် တစ်ခြားသတ္တဝါတွေနဲ့ ဘာထူးခြားတော့မလဲ အတွတ်ရယ်'

ဟု ဒေါ်တင်တင်ကြီးက အတွတ်ကို ပြောခဲ့သည်။

ဒေါ်တင်တင်ကြီး နိမိတ်ဖတ်သည့်အတိုင်း ဖရက်ဒီက တက္ကသိုလ်ရောက်တော့ သူတို့အသိုက်အဝန်းက အေမီနှင့် ယူလိုက်ကြသည်။

## ကိုကိုနိုင်၏ ခံစားချက်

ကိုကိုနိုင်သည် ချစ်ဦးသူ ဖရက်ဒီ ရှိပြီးသား မွှေးကို သဘောထားကြီးကြီးနှင့် ခွင့်လွှတ်၍ လက်ထပ်ခဲ့သည်။ မြတ်နိုးစွာ ပေါင်းခဲ့သည်။ ကြီးမားလှသော မွှေးတို့မိသားစုတာဝန်ကို ခွဲဝေယူခဲ့သည်။ အမှန်တော့ ကိုကိုနိုင်သည် တာဝန်ကျေသော လင်သားတစ်ယောက် ဖြစ်ခဲ့သည်။ မွှေးအနေနှင့်သာ မွှေးဒုက္ခက ကြီးမားလွန်းသည်ဟု ဆိုရပါမည်။

ကြီးမားသောမေတ္တာ ထားခဲ့ရပါသော ဇနီးသည် မွှေးနှင့် မွှေး၏ မိသားစုအသိုက်အဝန်းကြားတွင် ကိုကိုနိုင် ခံစားရပုံကို ကျွန်မ စာတစ်ပိုဒ်နှင့် ဖော်ပြခဲ့သည်။ ကိုကိုနိုင်သည် ထိုစာကို ရေးပြီးမှ မွှေး စိတ်ထိခိုက်မှာ စိုး၍



မထည့်။ ဘောင်းဘီအိတ်ထဲသို့ ထည့်ထားရင်းမှ မွှေးက ထိုစာကို သွား၍ ဖတ်မိခြင်း ဖြစ်ပါသည်။

ထိုစာကို ဖတ်ကြည့်လျှင် ကိုကိုနိုင့်စိတ်ဓာတ်ကို အထင်အရှား သိနိုင်ပါသည်။ စာမှာ အဆုံးမသတ်ပါ။ တစ်ပိုင်းလက်စနှင့် ရပ်ထားပါသည်။

## ချစ်ဇနီးကြီး မွှေး

အတူနေခဲ့ကြရတဲ့ တန်ဖိုးကို ခွဲခွာနေကြရမှပဲ ထင်ရှားသိရတော့တာပဲ။ မွှေး ပြန်သွားတဲ့နေ့က အိမ်ကြီးဟာ သဲကန္တာရလိုပဲ ခြောက်သွေ့နေတော့တယ်။

အဲဒီနေ့မှာ သီချင်းဆိုနေကျ ငှက်ကလေးတွေတောင် အိပ်ပျော်နေကြလား အောက်မေ့ရတယ်။ အထူးပဲ တိတ်ဆိတ်ငြိမ်သက်ပြီး ဘာသံမှ မကြားရဘူး။

ကိုကိုနိုင်ရဲ့ အားလပ်ချိန်တွေကို ဘယ်လိုသုံးရမယ်ဆိုတာ ကိုကိုနိုင် မတွေးတတ်တော့ဘူး။ Mess မှာလည်း မပျော်ဘူး။ ခက်တာက အရက်ခွက် မကိုင်လိုတော့တဲ့အဖြစ် ရောက်နေတော့ ပိုဆိုးနေတယ်။ စာဖတ်မယ်လို့ စာအုပ်ကိုင်လိုက်တိုင်းလည်း အနားမှာ အမြဲထိုင်ပြီး စာဖတ်ဖော် စာဖတ်ဖက် ဖြစ်တဲ့ မွှေးကို ကိုကိုနိုင် သတိရစရာ ဖြစ်လာပြန်ရော။

တောကို ထွက်လာရတဲ့ ရက်တွေ ကျပြန်တော့လည်း တောတန်းရဲ့ သာယာပုံ၊ ပန်းတွေရဲ့လှပပုံကို မြင်ရရင် သဘာဝကို မြတ်နိုးတတ်တဲ့ ငါ့ချစ်သူဟာ ဒီလို အလှအပလေးတွေကို မြင်ရင် ချစ်တတ်ရှာပေတယ်၊ ပျော်ရှာမှာပဲလို့ တွေးရတာကို အမောပဲ။

'ဟာ' တာက ရင်ထဲမှာ အားလုံး ဟာနေတယ် မွှေး။ ကိုကိုနိုင့်ရင်ထဲမှာ ဟာချင်တာ ဟာရပါစေတော့၊ မွှေးဟာ စိတ်ချမ်းမြေ့သာယာစွာနဲ့ နေရတယ် ဆိုရင် ကိုကိုနိုင် ဖြေသာပါတယ်။

ဟိုရက် ရန်ကုန်ကို ပြန်လာတုန်းက မွှေးနေရတာကို မြင်ရတော့ ကိုကိုနိုင့် ရင်ထဲမှာ နာနေတော့တယ်။ အမှန်တော့ မွှေးကို ကိုကိုနိုင့်အနိုင်ယူပြီး နားနေစေချင်တယ်။ မွှေးဟာ ကိုကိုနိုင့် ရင်ခွင်ထဲမှာတောင် စိတ်နှင့် ကိုယ်ငြိမ်းချမ်းမှု မအိပ်နိုင်တဲ့ အဖြစ်ပါကလားလို့ တွေးမိတိုင်း မွှေးအတွက် သိပ်မောမိတယ်။ မွှေးနဲ့ကိုကိုနိုင့် လက်ထပ်ကြတာဟာ တစ်ခြားအိမ်ထောင်ရေးတွေနဲ့ မတူခဲ့ဘူး။ ပိုက်ဆံနဲ့ ဝေးဝယ်ပြီး ဂုဏ်ချင်း ဖလှယ်ခဲ့ကြတာလည်း မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



မွေးကို မြတ်နိုးတဲ့စိတ်နဲ့သာ လက်ထပ်ခဲ့တာပဲ။ ကိုကိုနိုင်ဟာ အကြိုက်ဆုံး မိန်းမကို ရခဲ့တာ အမှန်ပဲ။ ကိုကိုနိုင် သဘောအကျဆုံးမိန်းမရဲ့ပုံစံဟာ မွေးပါပဲ။

ဒါပေမယ့် လက်ထပ်ပြီးချိန်ကြီးဟာ အမြဲပဲ ခြောက်သွေ့နေရတာကို တွေးမိတိုင်း ကိုကိုနိုင်တို့နှစ်ယောက်ဟာ ဘာကြောင့်များ ဒါလောက် ကြာရှည်အောင် ခွဲခွါနေကြရသလဲလို့ တွေးမိပြန်ရော။

ကိုကိုနိုင် မွေးနဲ့ အကြာကြီး ခွဲမနေချင်ဘူး။ ခုလဲ ၆ လကြာမှ တစ်ခါ တွေ့ပြီး မတွေ့ရတာ နှစ်ချီပြီး ကြာခဲ့ပြီ။ ဘာလို့ ခဏခဏ ပြန်မလာလဲ ဆိုရင် တီဘီရောဂါသည်ကြီးနားမှာ မောကြီးပန်းကြီး အလုပ်လုပ်နေရတဲ့ မွေးကို မမြင်ရက်လို့ပဲ။ အေးလေ.....မွေးတစ်ယောက်တည်း လင့်အပေါ်ရော၊ မိသားစု အပေါ်မှာရော ထောင့်စေ့ဖို့ဆိုတာကလည်း ဘယ်ဖြစ်နိုင်မလဲ။ ကိုကိုနိုင်လေ.....

ဤစာကိုကြည့်လျှင် ကိုကိုနိုင့်ဒုက္ခကလည်း မသက်သာသည်ကို တွေ့နိုင် ပါသည်။ ကိုကိုနိုင်တစ်ယောက် နောက်မိန်းမ ယူကို ယူသင့်သည့်အဖြစ် ရောက်အောင် ဤစာနှင့် ပို့ခဲ့ပါသည်။

## လူထဲက လူသားများ

မွေး အာရောဂျကာ အပြန် ရန်ကုန်ရောက်တော့ ကိုကိုနိုင့် မိန်းမ ကလေး မွေးနေသည်ကို တွေ့ရသည်။ မွေးသည် နောက်မိန်းမ ယူသည်ကို ခွင့်လွှတ်နိုင်သည်။ နောက်မိန်းမက ယောကျ်ားလေး မွေးသည်ဟု ဆိုသည်နှင့် တစ်ပြိုင်နက် သားဟူသော အတွေးကြောင့် ကိုကိုနိုင် မျက်နှာဝင်းလက်သွားပုံ၊ ကိုကိုနိုင်၏ သားလိုချင်သောဆန္ဒကို ကိုကိုနိုင့်မျက်လုံးတွင် မြင်ရသော မွေးက သား မွေးမပေးနိုင်သော သူ့အဖြစ်ကြောင့် စိတ်ဓာတ်ကျသွားခြင်းဖြစ်သည်။

အမှန်တော့ ကျွန်မ၏ ဇာတ်ဆောင်ဖြစ်သော မွေး၊ ကိုကိုနိုင်၊ အတွတ်၊ ဖရက်ဒီတို့သည် လူသားများ ဖြစ်ကြပါသည်။

မွေးသည် မိသားစုတာဝန်ကို ထမ်းဆောင်ရင်း ကိုယ့်ကိုယ်အတွက် ကိုလည်း ဖွံ့နှင့် ကြိုးစားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သဘော ထားကြီးသော၊ ကိုယ်ရေး စွန့်လွှတ်၍ အနစ်နာခံသည့် ပြီးတော့ သမီးကောင်း တစ်ယောက်ဖြစ်ဖို့ အများဆုံး ကြိုးစားပါသော်လည်း ချစ်ဦးသူနှင့်တွေ့တော့ မိခင်စကားကို နားမထောင်သော မှဲ့တစ်ပေါက် စွန်းခဲ့ပါသည်။

ကိုကိုနိုင်သည်လည်း အရာရာ ခွင့်လွှတ်နိုင်စွမ်းသော၊ တာဝန် ယူရဲ



သော၊ စိတ်ထားမြင့်မြတ်သော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပေမယ့် ဇနီးသည်နှင့် ဝေးကွာနေချိန်မှာ အတွေ့ မရှောင်နိုင်ဘဲ အငိုက်မိကာ နောက်မိန်းမ ယူမိသွားသည်။

အတွတ်ကတော့ နှုတ်နည်း၍ အရာရာ နောက်ကျတတ်သော၊ အချိန်ကို မတွက်ဆတတ်သော သူငယ် ဖြစ်သည့်မှလွဲ၍ မွေးအပေါ် စေတနာစစ်နှင့် ချစ်သူတစ်ယောက်ဖြစ်၏။

ဖရက်ဒီကတော့ ရေလိုပါပင်တည်း။ ထည့်ရာခွက် ပုံသဏ္ဌာန်ကို လိုက်၍ ဆိုးသောအရောင်သို့ ပြောင်းလဲလွယ်သောလူတစ်ယောက်။

## အစဉ်ပျံ့မွှေးနေသော မွေး

အမှန်တော့ သူတို့အားလုံး ခြောက်ပြစ်ကင်း သဲလဲစင်များ မဟုတ်ကြပါ။ ကျွန်မဇာတ်ဆောင်များမှာ အပြစ်အနာအဆာများနှင့် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူသားများ ဖြစ်သောကြောင့်တည်း။

ဖရက်ဒီမှအပ ကိုကိုနိုင်၊ အတွတ်၊ မွေးတို့သည် ပေးဆပ်လာသော ဘဝ၏ဒုက္ခများကို လူးလိမ့်ခံစားကြရင်း သူတို့ဘဝ ပတ်ဝန်းကျင်အတွက် အတတ်နိုင်ဆုံး ကောင်းအောင် ကြိုးစားသွားကြသည်။ အကောင်းဆုံးရလဒ်ကိုတော့ မရ။ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရသည်ကတော့ အနတ္တ၏သဘောပေပဲ။

မည်သို့ပင်ဆိုစေ တဖတ်ပရိသတ်နှလုံးသားတွင် အစဉ် ပျံ့မွှေးနေစေသော 'မွေး' ဟူသည့် အမည်ကို ပေးခဲ့ပါသော ဖရက်ဒီအား ကျေးဇူးတင်ရှိပါ၏။

(လုံမလေးမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၈၇)

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းသင့်မှ စိမ်း သို့မဟုတ် မေတ္တာမဟာဝုန်

ဆင်တော်ရန် ကေသာ ဖြီးရင်လ
လင်မျှော်ပြန်ပြီတော့လို့
အများပြည်ရွာက
ညည်းကြပါလိမ့်
အထီးကိုပင် ၈ ရှော့သလား
သမီး ကိုယ်ညီမကဲ့သို့
အများက မစာနာသတော်
ကြားရ စကားလာ။

ထိုတေးအိုလေးမှာ ကျွန်မဖေါ်မေမေ ဆိုပြသော သီချင်းတစ်ပုဒ် ဖြစ်ပါသည်။ ထိုတေးကို 'စိမ်းသင့်မှစိမ်း' ဝတ္ထု ရေးသောအခါ ဒုတိယပိုင်းတွင် ထည့်သွင်း သုံးစွဲခဲ့ပါသည်။

၁၉၅၂ ခုနှစ်လောက်တုန်းက ရှမ်းပြည်နယ်မြောက်ပိုင်းကို ကျွန်မ [illegible] ခရီးထွက်ခဲ့ပါသည်။ ကားနှင့် လားရှိုးမှ ထွက်ကာ နမ္မတူဘော်တွင်း [illegible] ခရီးဆန့်ရာတွင် မိုင်းငေါ်ကို ဖြတ်ကျော်ခဲ့ရပါသည်။ မိုင်းငေါ်အနီး [illegible] ချောင်းတစ်ခု ရှိ၍ ထိုချောင်းကို ဖောင်နှင့် ဖြတ်ကူးရသည်။ [illegible] များနှင့် ဖြတ်ကျော်နေချိန်တွင် ချောင်းကမ်းပါးနှင့် ခပ်[illegible] တစ်ခုအတွင်း ကျွန်မ ခေတ္တ နားနေပါသည်။ ထိုတဲထဲ[illegible] တရိုင်[illegible]

www.burmeseclassic.com

နှင့် ကျွန်မ စကားလက်ဆုံ ကျနေပါသည်။

သူ့ခင်ပွန်းမှာ ထိုဖောင်ကို တစ်ဖက်ကမ်းရောက်အောင် ပို့ရာတွင် ဦးဆောင်ရသူ ဖြစ်ပါသည်။ ကျွန်မတို့ဆီမှာတော့ ကူးတို့သူကြီး ခေါ်ပါသည်။ ရှမ်းပြည်နယ်မှာတော့ ဘယ်လိုခေါ်သည် မသိပါ။ သူသည် နွမ်းပါး၍ သူ့တဲမှာ အိုဟောင်းလှသည်။ သူ့ချစ်ဇနီးသည် ကျွန်မကို မြေခရားထဲမှ ရေနွေးကြမ်းနှင့် ဧည့်ခံပါသည်။ ပန်းကန်ကတော့ စဉ့်ဝါရောင် မြေခွက်ပဲ ဖြစ်သည်။ နောက်ကျောတွင် နို့စို့ကလေးတစ်ယောက် လွယ်ထား၍ အကြီးနှစ်ယောက်က သူ့ဘေးမှာ ထိုင်နေသည်။ အကြီးမှာ ငါးနှစ်သားလောက်ရှိ၍ အငယ်က သုံးနှစ်သားလောက် ရှိပြီး သူတို့အမေကို မှန့်ပူဆာနေသည်။

'အစ်မ၊ သူတို့ကို ကျွန်မ မုန့် ပေးလိုက်ဦးမယ်'

သူသည် ပေါ့ပါးစွာ ထ၍ ကြပ်ခိုးစင်ပေါ်ရှိ မြေအိုးထဲမှ ဖက်ရွက်နှင့် ထုပ်ထားသောမုန့်သုံးထုပ် ယူချလာသည်။ နှစ်ထုပ်ကို ကလေးများအား ပေး၍ ကျန်တစ်ထုပ်ကို ဖြည်ကာ ကျွန်မကို ချကျွေးသည်။ ဖက်ရွက်ထဲမှာတော့ ပဲကတ္တီပါလို ပဲမည်းမည်းများ ပေါင်းထားသည်ကို တွေ့ရပါသည်။

'စားပါ အစ်မရယ်၊ ရေနွေးကြမ်းလဲ သောက်ပါ။ ဒီမှာတော့ ကလေးအတွက်မုန့်ဟာ ဒါပဲ ရှိတယ်။ တစ်ခါတစ်ခါ အာလူး ပြုတ်ပေးတယ်။ ကောက်ညှင်းပေါင်းလည်း ကျွေးပါတယ်။ တဲနောက်မှာ သူ့အဖေက အာလူးခင်းနဲ့ ပဲခင်း စိုက်ထားတယ်၊ ကလေးတွေ သွားရည်စာနဲ့ ကျွန်မတို့ စားဖို့ လုံလောက်ပါတယ်'

သူ့ဘဝကို အကျဉ်းချုံး တင်ပြပါသည်။ ထိုစဉ်က ထိုနေရာမှာ ခေါင်လှသည်။ ကျွန်မကတော့ တစ်တဲနှင့်တစ်တဲ အလှမ်းအတော်ဝေး၍ တဲငယ်များကြားတွင် ယာခင်းလေးများ ခြားနေသော ရွာဟုပင် မခေါ်သာသည့် သည် ပတ်ဝန်းကျင်ကို စိတ်ဝင်စားနေမိ၏။

'သူတို့အဖေ အားတဲ့အချိန် အခင်းကို စိုက်ထားတယ်၊ ကျွန်မက နောက်ပိုင်း ကြည့်ရတာပေါ့။ လိုချင်တာရှိမှ တစ်ခါတလေ မိုင်းငေါ့ဈေး သွားဝယ်ရတယ်'

ပါးစုံဖောင်းဖောင်းနှင့် စားနေသော ကလေးများမှာ မပိန်မဝ အတော်လောက်ပင်။ ကျန်းမာရေးကတော့ ပြည့်စုံပုံရသည်။ သူတို့သည် လတ်ဆတ်သော လေနှင့် လတ်ဆတ်သော သစ်သီးဝလံကို စားနေရ၍ ကျန်းမာကြသည်



ထင်ပါသည်။ အဝတ်အစားကတော့ နွမ်းပါးလှ၏။ အမျိုးသမီးမှာ ရှမ်းပြည်ဇာတိ ဖြစ်ဟန်မတူ။ စကားသံ မဝဲပါ။ သူ့အမျိုးသားမှာတော့ ရှမ်းအမျိုးသား ဖြစ်ပါသည်။ ချစ်၍ခေါ်ရာ လိုက်တော်မူခဲ့ပုံ ရပါသည်။

ကျွန်မက ပဲပြုတ်ကို စား၍ ရေနွေးကြမ်းသောက်ကာ ကျေးဖူးတင်ကြောင်း ပြောပြရာမှ–

'သူတို့ကို ကျောင်းဘယ်မှာ ထားသလဲ'

ဟု မေးမိသည် မိန်းမငယ်သည် 'ကျောင်း' ဆိုသောစကားကို ထည့်သွင်း စဉ်းစားပုံ မရ။ သူကိုယ်တိုင်လည်း စာသင်ဖူးမည် မထင်ပါ။

ကျွန်မတို့ အလှည့်ရောက်၍ ချောင်းကို ကူးရန် ထလိုက်သောအခါ မိန်းမငယ်သည် ချောင်းကမ်းပါးအထိ ကျွန်မကို လိုက်ပို့နှုတ်ဆက်ပါသည်။ သူ့ခင်ပွန်းသည်မှာ ကျွန်မတို့ကို တစ်ဘက်ကမ်းအရောက် ပို့ပါသည်။ ကျေးဇူးတင်ကြောင်း ပြောပြနှုတ်ဆက်၍ ကျွန်မ ခရီးဆက်ထွက်ခဲ့ပါသည်။ ရှမ်းပြည်နယ် တောင်စောင်းနှင့် တောင်ကြား မြေပြင်များရှိ ယာခင်းများ၊ တဲငယ်များမှာ ကျွန်မအတွေးကို နှိုးဆွလျက်ရှိသည်။ ဤယာခင်းများရှိ ကလေးများ ပညာသင်ကြားရေးကိုလည်း ကျွန်မ အစီအစဉ် လုပ်ကြည့်မိသည်။ သူတို့ယာခင်းများကို ခေတ်မီတိုးတက် စိုက်ပျိုးရေးထိ ဦးဆောင်နိုင်သော ရှမ်းလူငယ်များ ဖြစ်လာအောင် ကလေးများကို ကျွန်မ ပညာ သင်ကြားချင်သည်။ အိပ်မက်များထဲမှာတော့ မြစ်၊ ချောင်းနှင့် ဝေးကွာသော သီးနှံယာခင်းများကို ရေသွင်း စိုက်ရန် ရေစုပ်စက်မောင်းနှင်သံသည် တညံ့ညံ့ ဖြစ်၍နေပါသည်။ ကျွန်မ နှလုံးသားတွင် ဆောင်းနှင်းဖြူ ခြုံစောင်အောက်မှာ အိပ်ပျော်နေသော ယာခင်းများသည် လဲလျောင်းလျက် ရှိနေပါသည်။

၁၉၅၄ ခုနှစ်ရောက်တော့ 'စိမ်းသင့်မှစိမ်း' ကို ရှုမဝတွင် ကျွန်မ မွေးထုတ်ဖြစ်သည်။ စိတ်ထဲမှာ ဖြစ်ချင်သည်များကို ဝတ္ထုထဲတွင် ဖန်ဆင်းလိုက်သည်ဆိုပါတော့။ 'စိမ်း' ဆိုသော ရန်ကုန်မြို့ပေါ်မှ နယ်ပိုင်ကတော်တစ်ယောက်ကို ကျွန်မသည် မိုင်းငေါ်ရွာအနီး ချောက်ကမ်းပါး ယာခင်းဆီသို့ ခေါ်သွားခဲ့ပါသည်။

စိမ်း ယာခင်းထဲသို့ ရောက်သွားပုံမှာ ဝတ္ထုဆန်ပါသည်။ လက်ထပ်ပြီး ခြောက်လအကြာ ခင်ပွန်းသည်နှင့်အတူ ရှမ်းပြည်မြောက်ပိုင်းသို့ ခရီးထွက်ရင်း မိုင်းငေါ်အနီးမှာ မားပြတိုက်ခံရသည်။ ကားအရှိန်မသတ်မီ စိမ်းသည် ကား

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဖွင့်၍ လိုမ့်အချ ကားပေါ်မှ ချောက်ထဲသို့ ကျကျန်ရစ်သည်။ ခင်ပွန်းသည်နှင့် ကားကို ဓားပြများက ခေါ်ယူသွားကြသည်။ သတိမေ့နေသော စိမ်းကို ရှမ်းအဘိုးကြီးတစ်ယောက်က ချောက်ကမ်းပါး ချုံပေါ်မှ ကယ်တင်ခဲ့ရာ ကိုဝဏ္ဏတို့ ယာခင်းကို ရောက်လာခဲ့ရသည်။

ကိုဝဏ္ဏ၏အမေ၊ ညီမလေး၊ မခမ်းလုံ၊ ညီငယ်တိုးကြီးနှင့် အတူးတို့က မမျှော်လင့်ဘဲ ရောက်လာသော စိမ်းကို ချစ်ခင်လိုက်လှဲစွာ ကြိုဆိုလက်ခံကြသည်။ ကိုဝဏ္ဏကလည်း အထူးဂရုစိုက် စောင့်ရှောက်သည်။ ရောက်စက ကားပေါ်မှ ကျသောဒဏ်၊ အဖျားဒဏ်ကြောင့် အိပ်ရာမှ မထနိုင်သော စိမ်းမှာ နွေးထွေးသော ကိုဝဏ္ဏမိသားစုမေတ္တာဖြင့် ကျန်းမာလာသည်။

စိမ်းက နေကောင်းလာချိန်တွင် သူ့အဖြစ်ကို ပြောပြ၍ သူ ရန်ကုန်ပြန်ရန် စီစဉ်နေသည်။ ကိုဝဏ္ဏက မိုင်းငေါ်၊ ကျောက်မဲတို့သို့ သွားရောက်တိုင်း စိမ်း၏ ယောကျ်ားသတင်းကို အမြဲ စုံစမ်းပေးသည်။ တစ်နေ့ ကျောက်မဲသို့ ကိုဝဏ္ဏ သွားရာမှ သတင်းစာတစ်စောင် ယူလာခဲ့သည်။ သတင်းစာထဲတွင် စိမ်းယောကျ်ား ကိုဝင်းဖေ ဓားပြလက်ချက်ဖြင့် သေဆုံးသွားကြောင်း၊ ပုံပျက်နေသောအလောင်းနှင့်ပစ္စည်းများ၊ ကိုဝင်းဖေ လက်ဆွဲအိတ် ဓာတ်ပုံပါသော သတင်းဖြစ်သည်။ ကိုဝင်းဖေမိဘများက စိမ်းနှင့် ကိုဝင်းဖေ လက်ထပ်သည်ကို သဘောမတူသောကြောင့် အဆက်ဖြတ်ထားသည်။ စိမ်းမှာ မိဘ မရှိ။ ရင်းနှီးသော ဆွေမျိုးလည်း မရှိပါ။

အထီးကျန်ဘဝနှင့် ရန်ကုန်မှာ တစ်ယောက်တည်း နေရမည့်အတူတူ ယာတောတွင် ဆက်လက်နေပါရန် အမေက တောင်းပန်သည်။ စိမ်းက သူ့ဘဝအတွက် ဘာမှ ပြင်ဆင်မှု မရှိသေးဘဲ ရန်ကုန်ပြန်ရန် မဖြစ်နိုင်သေး၍ အမေတို့ယာတောတွင် ဆက်လက်နေရန် သဘောတူလိုက်သည်။ ကလေးများကလည်း စိမ်းကို ချစ်ခင်ကြသည်။ ကိုဝဏ္ဏကလည်း အလွန်ဝမ်းသာသည်။

စိမ်းသည် အိမ်ထောင်မှုကို ကျွမ်းကျင်သူပီပီ အမေ့အတွက် အကူအညီ ရသည်။ စိမ်းရောက်လာမှ အမေတို့၏ မြေစိုက်တဲမှာ သန့်ရှင်းသပ်ရပ်လာသည်။ တိုးကြီး၏ဝက်ခြံမှာလည်း ကောင်ရေ ပွားလာ၍ နွားခြံကလည်း နို့ ပိုထွက်လာသည်။ မခမ်းလုံ၏ ကြက်ခြံကလည်း ကြက်ဥများ ပိုထွက်လာသည်။ ကြက်ခြံရှင်းသည့်ကအစ နွားခြံကိစ္စများပါ စိမ်းက မခမ်းလုံနှင့် တိုးကြီးကို ကူညီဝင်ရောက်ဆောင်ရွက်ပေးသည်။



စိုးခဲ့သောယာခင်းများအတွက် ရေစုပ်စက်ဝယ်ရန် ကိုဝဏ္ဏက စုဆောင်းသည်။ သို့သော် စိမ်းအတွက် ရာသီဥတုဒဏ် ခံနိုင်ရန် တဲငယ်ကို ဖျက်၍ ကျောက်တုံးအိမ်လေး ဆောက်လိုက်သည်။ နောက်မှ တဖြည်းဖြည်း ရေစုပ်စက်ဝယ်ရန် စီစဉ်ထားသည်။

စိမ်းက ဖျက်လိုက်သောတဲမှ ဝါး၊ သစ်များနှင့် တဲငယ်တစ်လုံးကို အိမ်အနီးမှ သပ်သပ်ရပ်ရပ် ဆောက်လိုက်ပြီး စာသင်ကျောင်းအဖြစ် ဖန်တီးအသုံးပြုလိုက်သည်။ အိမ်နီးချင်း ဦးခွန်နော်င် အကူအညီဖြင့် ယာခင်းတစ်ဝိုက်တွင်နေသော ကလေးငယ်များကို စုဆောင်းကာ စိမ်းက မခမ်းလုံ၊ တိုးကြီး၊ အတူး တို့နှင့်အတူ အားလပ်ချိန်တွင် စာသင်ပေးသည်။ တိုးကြီး နွားနို့ပို့အသွားတွင် မိုင်းငေါ်မှ သတင်းစာကို ယူလာကာ ညဘက်တွင် သတင်းစာဖတ်တတ်အောင် သင်ပေးသည်။

သူတို့အပျော်ဆုံးမှာ ဆောင်းရာသီ ညဘက် ရေချိုးချိန်တွင် ရေနွေးနှင့်ချိုးရသည်ကို ပျော်ကြသည်။ ယခင်က အမေ့မှာ တစ်ယောက်တည်း၊ လူကလည်း အိုမင်းလာ၍ အလုပ်များများ မလုပ်နိုင်။ စိမ်း ရောက်လာမှ တိုးကြီးစုဆောင်းလာသောထင်းများနှင့် သူတို့တစ်အိမ်သားလုံးအတွက် စိမ်းက ရေနွေးကျိုပေးသည်။

ကိုဝဏ္ဏအဖို့ နေ့လယ် ယာခင်းကအပြန် ခေတ္တနားချိန်တွင် စိမ်း၏လက်ရာ တို့ဟူးသုပ်၊ နို့နှင့် ကြက်ဥ ညရော ဖုတ်ထားသောမုန့်တင်များ စားရသည်။ စိမ်း၏အပြုအစုကို ကိုဝဏ္ဏက သာယာလာသည်။ ညဦးတွင် အိမ်ထဲ၌ မီးဖို၍ မီးလှုံရင်း သူတို့ စာဖတ်ကာ စကားပြောကြသည်။ တစ်ညမှာ စိမ်းက တိုးကြီး ယူလာသော သတင်းစာတွင် တိတိရိရိ ပြတ်နေသော ကြော်ငြာစာကွက်လပ်ကို ကိုဝဏ္ဏအား ပြသည်။ ကိုဝဏ္ဏက သူ ဘာမှမသိဟု ပြောသည်။

ကိုဝဏ္ဏသည် ငယ်စဉ်က တောင်ကြီးတွင် နေ၍ စာသင်ခဲ့ပြီး အရွယ်ရောက်တော့ မြေပြန့်သို့ ဆင်းကာ မြန်မာမျိုးချစ်လူငယ်များနှင့် ပူးပေါင်း၍ နယ်ချဲ့တော်လှန်ရေး၌ ပါဝင်ဆောင်ရွက်သည်။ လွတ်လပ်ရေးရပြီး ဖခင်ကြီး ဆုံးသွားသောအခါ အမေတို့ မိသားစုကို အမေချစ်သော ယာခင်းသို့ပြန်လည် ခေါ်ကာ စိုက်ပျိုးမွေးမြူရေးလုပ်၍ မိသားစုကို လုပ်ကျွေးသည်။

တစ်နေ့ ကိုဝဏ္ဏအိပ်ရာထ နောက်ကျ၍ ယာခင်းသို့ အသွား

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသည်။ စိမ်းက–

'ကိုဝဏ္ဏ ညက ဘာဖြစ်လို့လဲ၊ ဒီမနက် အိပ်ရာထနောက်ကျတယ်'

ကိုဝဏ္ဏသည် ညက သူ၏အတွေးကို ဖွင့်၍ ပြောပြသည်။

'ကျွန်တော် အိပ်လို့မရဘူး၊ တစ်ညလုံး စိမ်းကို တွေးနေမိတယ် ခင်ဗျားများ တစ်နေ့ ဒီယာခင်းက ထွက်သွားမလားလို့၊ ပြီးတော့ ယာတော အကြောင်းလဲ တွေးမိတယ်၊ ကျွန်တော်က နယ်ရှင်တွေကို အားမကိုးချင်ဘူး ကိုယ့်ယာခင်းကို တိုးတက်အောင် ကိုယ့်ဟာကိုယ် လုပ်ချင်တယ်၊ မြေရိုင်းတွေ ထွင်ပြီး တောင်ကုန်းဘက်မှာ ရေစုပ်စက်နဲ့ ယာခင်းတွေ တိုးချဲ့စိုက်ချင်တယ် ကျွန်တော် အားကျိုးမာန်တက် လုပ်နိုင်အောင် စိမ်း ကျွန်တော့အနားမှာ အမြဲ ရှိနေစေချင်ပါတယ်၊ ကျွန်တော်ဟာ စိမ်းနဲ့ အတူနေရတော့ အလုပ် ပိုလုပ်လာတယ်၊ ကျွန်တော့်မှာ တိုင်ပင်ဖော် တိုင်ပင်ဖက်လဲ ရတယ်၊ ပြီးတော့ ဟိုနေ့ကလို ဆိုပါတော့၊ နေ့လယ်ပြန်လာချိန် တို့ဟူးသုတ် လုပ်ထားတာတွေ ညဦးမှာ ယာခင်းက ပြန်ရောက်ချိန် ရေနွေးနဲ့ ရေချိုးရတာတွေ အားလုံး စိမ်း ပြုစုတာတွေဟာ အသေးအဖွဲ့ပေမယ့် အပြုစုခံရသူ ကျွန်တော့မှာတော့ တအားတက်တာပဲ၊ ရှင်းရှင်းပြောရရင် ကျွန်တော် စိမ်းကို မခွဲနိုင်ဘူး၊ စိမ်းနဲ့ လက်တွဲပြီး ဒီယာခင်းမှာ အခြေချချင်တယ်၊ ကျွန်တော့ သားစဉ်မြေးဆက် တွေကို ဒီယာမြေသစ်မှာ အတွေးသစ်၊ အမြင်သစ်တွေနဲ့ တိုးတက်တဲ့ စိုက်ခင်း တွေ အလယ်မှာ တွေ့ချင်တယ်၊ ဒါပေမယ့် စိမ်းဘဝကို ဒီယာတောမှာ နှစ်ပစ်လိုက်ပါလို့လဲ ကျွန်တော် မပြောရက်ဘူး၊ စိမ်းကိုလဲ မခွဲနိုင်ဘူး၊ မခွဲချင်လို့ တစ်ညလုံး စိတ်ဒုက္ခရောက်ပြီး အိပ်မရတာ၊ ကျွန်တော် သွားမယ်'

ကိုဝဏ္ဏက ဒါပဲပြောကာ ယာတောသို့ ထွက်သွားသည်။

စိမ်းကလည်း ကိုဝဏ္ဏ၏ ယဉ်ကျေးစွာ ပြောသွားသော လူပျိုစကား ကြောင့် တုန်လှုပ်သွားမိသည်။ တကယ်တော့လည်း လွတ်လပ်သူနှစ်ဦး ယခုလို ကြာရှည် ရင်းနှီးစွာ နေလာတော့လည်း ကိုဝဏ္ဏလို လူငယ်တစ်ယောက်အဖို့ သူ၏ ပြုစုစောင့်ရှောက်မှုများမှာ စိတ်လှုပ်ရှားစရာပေပဲ။ သူ့အနေနှင့်က သူ ခိုလှုံနေရသော ကျေးဇူးရှင်အဖြစ် အမေတို့မိသားစုကို မိသားစုစိတ်ဓာတ်နှင့် ပြုစုနေခြင်းဖြစ်သည်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရန်ကုန်သို့သွား၍ သူ့ချစ်ခင် ကိုဝင်းဖေအကြောင်း စုံစမ်းဖို့ သူ အမြဲ ကြံစည်နေသည်။ ယခုလို ကိုဝဏ္ဏက ဖွင့်ပြောကာမှ ကိုဝင်းဖေကို အထူး သတိရဖို့ ဖြစ်လာသည်။ စိတ်ထဲမှာ



...သင်ဖြစ်သူကို အောက်မေ့တမ်းတစိတ်ဖြင့် စိတ်မကောင်းဖြစ်လာ၍ စိတ် ...တည်ငြိမ်အောင် ကိုဝဏ္ဏအခန်းထဲ ဝင်ကာ စာအုပ်များ နေသားတကျ ...ရှင်းလင်းပေးသည်။ ကျောက်တုံးအိမ် ဆောက်ပြီးကတည်းက ဖရိုဖရဲ ဖြစ်နေ သော စာအုပ်၊ စာရွက်၊ စာတမ်းများကို ရှင်းလင်းပေးသည်။–

ကိုဝဏ္ဏအတွက် မကောင်းသော ကံကြမ္မာက ဝင်လာခဲ့သည်။ ...စာအုပ်ပုံတစ်ခုထဲမှ သတင်းစာဖြတ်ပိုင်းများ ထွက်ကျလာသည်။ ကြော်ငြာ ...ဖြတ်ပိုင်းများ ဖြစ်သည်၊ ကိုဝင်းဖေက သူ အသက်ရှင်လျက် ရှိသေး၍ စိမ်းလည်း အသက်ရှင်လျက်ရှိပါက ရန်ကုန်သို့ အမြန်ပြန်လာရန် ကြော်ငြာသော ...ဖြတ်ပိုင်းဖြစ်သည်။ စိမ်းသည် သတင်းစာဖြတ်ပိုင်းကို ဖတ်ပြီးပြီးချင်း ကိုဝဏ္ဏကို ...အထင်လွဲခဲ့သည်။ ကိုဝဏ္ဏကို တစ်ညတုန်းက သတင်းစာဖတ်ရင်း တိတိရိရိ ...ဖြတ်ထားသော ကွက်လပ်ကို မြင်ရစဉ် စိမ်းက မေးခဲ့သည်။ ကိုဝဏ္ဏက မသိဟု ...ဖြေခဲ့သည်။ ကိုဝဏ္ဏကိုခွဲ၍ စိမ်း ရန်ကုန်ကို ပြန်မှာစိုးသောကြောင့် ကိုဝဏ္ဏက ...ကိုဝင်းဖေ၏ ကြော်ငြာများကို ဖြတ်တောက် သိမ်းဆည်းထားသည်ဟု သူ ...နုပ်ပြွဲက ကိုဝဏ္ဏ အကူအညီကိုပင် မယူဘဲ ရန်ကုန်သို့ ထွက်လာခဲ့သည်။

ယာခင်းရှိ အမေတို့ မိသားစုမှာ ကြေကွဲ၍ ကျန်ရစ်ကြသည်။ တစ်ည ...တွင် ကိုဝဏ္ဏက အိပ်မပျော် ဖြစ်နေစဉ် ကလေးများ အိမ်အလယ် မီးဖိုတွင် ...စကားပြောနေသံကြား၍ အခန်းဝမှ သွားရောက် နားထောင်သည်။ ထူးဆန်း ...သောအဖြစ်ကို ကြားရ၍ သူ အံ့သြသွားသည်။ ကလေးတွေက သူ့ကို မမြင်။

'အစ်မသာ အစောကြီး ဒီလိုပြန်မယ်မှန်း သိရင် ငါ သတင်းစာအပိုင်း ...တွေကို ဖြတ်မထားဘူး'

ဟု တိုးကြီးက ခမ်းလုံးနှင့် သူ့ညီကို ပြောပြနေသည်။ သူ သိမ်းထား ...ခြင်းမှ အိမ်ဖျက်ဆောက်ရာတွင် အပြောင်းအလဲနှင့် ပျောက်သွားကြောင်း ...ပြောပြသည်။ မခမ်းလုံးက သတင်းစာကြော်ငြာများကို တွေ့တွေ့ချင်း ဆုတ်ပစ် ...ရင် ကောင်းမည်ဟု ကလေးတွေး တွေးကာ ပြောလိုက်သည်။

'ဖြတ်သိမ်းထားတာတောင် လွန်လှပြီ၊ အစ်ကိုသာ သိရင် သတ်မှာ ...စိတ်ထဲမှာတော့ အစ်မကို မပြန်စေချင်လို့ပါ'

အမှန်တော့ ကလေးများအားလုံး စိမ်းကို ယာခင်းမှာပဲ နေစေချင် ...သည်။ ကိုဝဏ္ဏက ကလေးများ ရှိရာလာကာ ကြော်ငြာစာ... ဘယ်သူ ...ဖြတ်သလဲ မေးသည်။ မခမ်းလုံးက တိုးကြီး သတင်းစာ ယူ... ...

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး ဖတ်ရကြောင်း၊ သူ့ကို တိုင်ပင်သောအခါ စိမ်း ရန်ကုန်ကို မပြန် ချင်၍ ထိုကြော်ငြာကို ဖြတ်ဖို့ အကြံပေးမိကြောင်း၊ ဖြတ်သူမှာ တိုးကြီးဖြစ် ဖြတ်ပိုင်းများကို သိမ်းထားရာမှ ပျောက်သွားကြောင်း ဖွင့်ဟဝန်ခံကြသည် နောက်ကို ဒီလို မလုပ်ရန် ကလေးများကို ဆုံးမသည်ကလွဲ၍ ကိုဝဏ္ဏ ဘာ မတတ်နိုင်တော့ပါ။ စိမ်းကို ရှင်းလင်းပြောပြဖို့ အချိန်မရတော့။

ရန်ကုန်ရောက် စိမ်းဘဝက မတည်ငြိမ်။ သူငယ်ချင်း ဒေစီအိမ်တွ ခေတ္တနားရင်း ကိုဝင်းဖေသတင်း စုံစမ်းသည်။ ဒေစီက ကိုဝင်းဖေမှာ ဓားပြမျ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဒဏ်ရာနှင့် လွတ်မြောက်သွားကြောင်း၊ ကိုဝင်း တပည့်မှာ ဓားပြများလက်ချက်နှင့် သေသွားကြောင်း၊ ရုပ်ပျက်ဆင်းပျ အလောင်းကို အချိန်လွန်မှ သိကြရ၍ အလောင်းဘေးတွင် ရသော လက်ကိုင် အိတ်အတွင်းမှ ဓာတ်ပုံကြောင့် ကိုဝင်းဖေ သေပြီဟု ယူဆကြ မိဘများက နာရေးကြော်ငြာကို ကြော်ငြာကြောင်း။ ကိုဝင်းဖေက အလွန်ခေါ် သော ရှမ်းကျေးရွာတစ်ရွာမှာ ရှမ်းအဘိုးကြီးတစ်ယောက်၏ ဆေးကုသမှု ခြောက်လလောက် ခံယူနေရသောကြောင့် အဆက်အသွယ်ပြတ်ကာ သတင် စာ မရောက်သော ကျေးရွာကလေးတွင် သူ့သတင်းကိုရော၊ နာရေးကြော်ငြ ကိုရော မဖတ်မိဘဲ ကျန်းမာလာမှ ရန်ကုန်ကို ပြန်ရောက်လာကြော ရန်ကုန်အရောက်တွင် စိမ်း အသက်ရှင်နေဆဲ ထင်၍ သတင်းစာထဲတွ ကိုဝင်းဖေက ကြော်ငြာသော်လည်း စိမ်းက မရောက်လာ။ နောက်ဆုံးတွ မိဘများအစီအစဉ်အရ ခင်ခင်သန်း ဆိုသူနှင့် လက်ထပ်ကာ နယ်သို့ ပြောင်း သွားကြောင်း ပြောပြသည်။

စိမ်းသည် ကိုဝင်းဖေကို ရှာဖွေလိုသော်လည်း ခင်ခင်သန်းနှ လက်ထပ်ပြီးဖြစ်၍ အဆင်ပြေနေသော ကိုဝင်းဖေအိမ်ထောင်ရေးကို အနှော အယှက် မပေးချင်။ ဒေစီ့အိမ်မှာ ဆက်လက် နေထိုင်လိုသော်လည်း ဒေ ခင်ပွန်းမှာ အရက်အိုးဖြစ်၍ သူလို ငယ်ရွယ်သူတစ်ယောက်အနေနှင့် အတူနေ မသင့်လျော်။ တစ်နေ့ အလုပ်ရှာရန်အတွက်မှာ သူ့မိဘများရှိစဉ်က သူ့ ထိန်းခဲ့သော ဒေါ်ရွှေသွယ်နှင့် သွားတွေ့သည်။ စိမ်းကို အကျိုးအကြော မေး၍ စိမ်းက သူ့ဘဝကို ပြောပြသည်။

ဒေါ်ရွှေသွယ်က စိမ်း၏အမျိုး မုဆိုးမ မင်းကတော်ကြီး ဒေါ်မြနုအိမ် သူ နေထိုင်ကြောင်း၊ မိန်းကလေးတစ်ယောက်အဖို့ ယခုလို ကစဉ့်ကလျ



နေသည်ထက် အမျိုးဖြစ်သူ မင်းကတော်ကြီးထံမှာ ခိုလှုံနေသင့်ကြောင်း၊ ထိုအိမ်မှ အလုပ်ကို ရှာဖွေဖို့ အကြံဉာဏ်ပေးသည်။ စိမ်းသည် သူလို မိဘမဲ့ အခြေအနေမဲ့သူကို ဂရုစိုက်မည် မထင်၍ စိမ်းက မသွားလို၊ သို့သော် ဒေါ်ရွှေသွယ် တိုက်တွန်းချက်ကြောင့် စိမ်းက ဒေါ်မြနုထံ သွားရန် သဘောတူ လိုက်သည်။ ဒေါ်မြနုမှာ ချမ်းသာသော မင်းကတော်ကြီးဖြစ်၍ ကြင်နာ သနားတတ်သူ ဖြစ်သော်လည်း တစ်ဦးတည်းသောသမီး လဲ့လဲ့ကြောင့် စိမ်းက နေရသည်ကို မပျော်။

လဲ့လဲ့မှာ ခေတ်ဆန်သူဖြစ်၍ သူ၏ယောကျ်ားလေးသူငယ်ချင်းများကို အိမ်တွင် ဖိတ်ခေါ်ကာ ဧည့်ခံလေ့ရှိသည်။ ညစာစားပွဲများတွင် စိမ်းက ကူညီကျွေးမွေးရင်းမှ လဲ့လဲ့၏ ရည်မှန်းထားသူ ကိုမောင်မောင်တင်က စိမ်းအား အရေးပေးသည်ကို လဲ့လဲ့က မကျေနပ်။ စိမ်း၏ ပင်ကိုအလှကြောင့် လဲ့လဲ့၏ ရည်မှန်းသူ ကိုမောင်မောင်တင်၏မိတ်ဆွေ ကိုဘကောင်းမှာ စိမ်းကို သဘောကျ သည်။ ကိုဘကောင်းသည် ပညာဝန်တစ်ယောက်ဖြစ်၍ မုဆိုးဖိုဖြစ်ကာ အင်းစိန် မှာ အိမ်တစ်လုံးရှိသည်။ စိမ်းကို ဆရာမအလုပ် ရှာပေးသည်။ သူက ရန်ကုန် တွင် နေသူဖြစ်၍ စိမ်းကို သူ၏ အင်းစိန်အိမ်မှာ နေခွင့်ပေးသည်။

လဲ့လဲ့က စိမ်း သူတို့အိမ်မှာ နေသည်ကို မကြိုက်၍ ဒေါ်မြနုကို ပြောပြသည်။ သမီးဆန္ဒကို မလွန်ဆန်နိုင်သော ဒေါ်မြနုက စိမ်းကို အိမ်မှ ထွက်သွားခွင့် ပြုလိုက်သည်။ စိမ်းနှင့် ဒေါ်ရွှေသွယ်မှာ ကိုဘကောင်းအိမ်မှာ နေထိုင်ရင်း စိမ်းက ကျောင်းတက်ရသည်။ ကိုဘကောင်းက ခဏခဏ အလည် လာသည်။ တစ်နေ့မှာ စနေနေ့ နေ့လယ်စာ စိမ်းတို့အိမ်တွင် စားလိုကြောင်း ပြောသည်။ စိမ်းကိုယ်တိုင် သူ့ကို လာကြိုဖို့နှင့် လိုအပ်သည်များ ဝယ်ရန် ကားပါ အင်းစိန်အိမ်တွင် ထားခဲ့သည်။ စိမ်းသည် အလုပ်ရှင်၊ ကျေးဇူးရှင် အနေနှင့် ကျွေးမွေးရန် တာဝန်ရှိသည်။ ဒေါ်ရွှေသွယ်နှင့် ထမင်းသုတ်များ ပြင်ဆင်ပြီး ကိုဘကောင်း၏ ကားဒရိုင်ဘာနှင့်အတူ ရန်ကုန်ထဲရှိ ကိုဘကောင်း ကို သွားကြိုသည်။ ရုံးခန်းအဝတွင် အထဲမှ ကိုမောင်မောင်တင်နှင့် ကိုဘကော တို့ စကားပြောသံကြား၍ အထဲ မဝင်သေးဘဲ အပြင်မှာ ရပ်၍ နားထောင်နေ သည်။

'ခင်ဗျား ရုံးဆင်းရင် ဘယ်သွားမလဲ'

ကိုမောင်မောင်တင်က မေး၏။

www.burmeseclassic.com



'စိမ်း လာခေါ်လိမ့်မယ်'

'တယ်ဟုတ်ပါလားဗျို့၊ ကျွန်တော်တော့ အပွဲပွဲ နွှဲခဲ့သမျှ ဒီပွဲမှာ မိနေပြီ၊ လဲ့ကို ကျွန်တော် လက်ထပ်ရတော့မယ်'

'ကိုယ့်လူ ရှော်တာကို၊ လှည့်ထွက်လို့ မရဘူးလား'

'မရဘူး၊ မရဘူး၊ အဘွားကြီးက အထက်လူကြီးတွေနဲ့ကို ကိုင်ထားတာ၊ ယူရတော့မယ်၊ ခင်ဗျားကော စိမ်းနဲ့ ဘယ်တော့ လက်ထပ်မလဲ'

'ကိုယ့်လူ၊ ရယ်စရာတွေ သိပ်မပြောနဲ့၊ ကျွန်တော် သူ့ကို အိမ်ပေးထားတယ်၊ အလုပ် ရှာပေးထားတယ်၊ ဒါနဲ့ ကျွန်တော်က လက်ထပ်ရဦးမှာလား၊ ကျွန်တော့ရာထူး၊ ကျွန်တော့အခြေအနေနဲ့ အပျိုတွေ ငွေထုပ်အပြည့်နဲ့ လိုက်နေကြတာ။ ဒါတွေကြားထဲက သူလို တစ်ခုလပ်၊ အိမ်ခြေရာခြေမရှိတဲ့မိန်းမကို ယူရမယ်တဲ့လား၊ အိမ်နဲ့အလုပ် ရတဲ့အတွက် ကျွန်တော် စိတ်ပျော်အောင် သူက တစ်ခုခု ပြန်ပေးရမယ်လေ၊ ဟား.....ဟား.....'

ကိုဘကောင်းရယ်သံမှာ စိမ်းကို ရင်ပွင့်မတတ် ခံစားရသည်။ ရုံးပေါ်မှ ချက်ချင်း ပြန်ဆင်းကာ ဒရိုင်ဘာကို သူ့ဆရာ မရှိကြောင်း၊ အင်းစိန်ပြန်မည်ဟု ပြောကာ မောင်းခိုင်းလိုက်သည်။ အိမ်ရောက်တော့မှ ကားကို ကိုဘကောင်းဆီ ပြန်လွှတ်လိုက်သည်။ ဒရိုင်ဘာမှာ ဘာမျှမသိဘဲ ပြန်ထွက်သွားသည်။

စိမ်းသည် အိမ်ထဲသို့ ပြေးဝင်ကာ ထမင်းသုတ်အတွက် ပြင်ဆင်ထားသော ဆီချက်၊ ပုစွန်ခြောက်မှုန့်ကအစ လွှင့်ပစ်သည်။ ဒေါ်ရွှေသွယ်မှာ ဘာမှနားမလည်။ ပစ္စည်းများ အမြန်သိမ်းဆည်း၍ ဘူတာရုံကို ထွက်လာသည်။ မီးရထားပေါ်ရောက်မှ ဒေါ်ရွှေသွယ်ကို စိမ်းက အကျိုးအကြောင်း ပြောပြသည်။

ဒေစီ့အိမ်ရောက်တော့ ဒေစီက စာနှစ်စောင် လှမ်းပေးသည်။ ကိုဝင်းဖေ ရှမ်းပြည်ဘက် ခရီးထွက်ရာတွင် ယခင်က စိမ်းနှင့်အတူ ဓားပြတိုက်ခံရသောနေရာမှာ ခေတ္တနား၍ ရေဝင်သောက်ရင်း ကိုဝဏ္ဏတို့အိမ်ရောက်သွားကြောင်း၊ တစ်ခါက သူ့ဇနီးသည်နှင့် ခရီးထွက်စဉ် ဤနေရာအရောက် ဓားပြတိုက်ခံရကြောင်း၊ သူ့ဇနီးသည်၏သတင်းကို မကြားရကြောင်း ကိုဝင်းဖေက ပြောပြသည်။ ဒီတော့မှ ကိုဝင်းဖေမှာ စိမ်းယောကျ်ားမှန်း သိကြသည်။ ကိုဝဏ္ဏ၏အမေက စိမ်းအကြောင်းကို ပြောပြလိုက်သည်။ ကိုဝဏ္ဏက သတင်းစာဖြတ်ပိုင်းအကြောင်းပါ ရှင်းလင်းရေးထားသော စာတစ်စောင်၊ မခမ်းလုံတို့မောင်နှမက စာတစ်စောင်နှင့် ချယ်ရီပန်းခြောက်များ



အိတ်နှင့်ထည့်၍ ကိုဝင်းဖေကို ပေးလိုက်သည်။

စိမ်းသည် လင်သည်ထံမှ ပေးရစ်ခဲ့သောစာများဖြစ်၍ မျှော်လင့်ကြီးစွာ ဖောက်ဖတ်လိုက်သည်။ စာများမှာ သူ့ခင်ပွန်းသည် ကိုဝင်းဖေထံမှ မဟုတ်။ ကိုဝဏ္ဏနှင့် မခမ်းလုံတို့ မောင်နှမတစ်စုထံမှဖြစ်သည်။ ကိုဝင်းဖေနှင့် ပြန်လည်ဆုံတွေ့ပြီး ယာခင်းကို တစ်ခေါက် ပြန်လာရန် ဖိတ်ခေါ်စာများ ဖြစ်သည်။

'သန်ဘက်ခါကျရင် ဒေစီနဲ့အတူ ကိုဝင်းဖေက မင်းကို လိုက်ရှာမလို့'

ဒေစီ့ထံမှ ထိုစကားကို ကြားရသော်လည်း သူ့ရင်ထဲမှာ သူ့အတွက် စာလေးတစ်စောင်ပင် သူ့ချစ်လင်က မထားခဲ့သည်ကို သူ ဝမ်းနည်းမိသည်။ သူ့ကို ကိုဝင်းဖေ စိတ်မဝင်စားကြောင်း ထင်ရှားနေသည်။

နောက်ဆုံး သူ အမျိုးမျိုး စဉ်းစားသည်။ အခြေကျနေပြီဖြစ်သော ကိုဝင်းဖေတို့ အိမ်ထောင်ရေးကိုလည်း အနှောင့်အယှက် မပေးချင်။ အခြေအနေမရှိ၊ ဝယ်ရှယ်ချောမောသော သူ့လို တစ်ခုလပ်တစ်ယောက်အနေနှင့် ရန်ကုန်တွင် အန္တရာယ် များလှသည်။ ကိုဘကောင်းတို့ ကိုမောင်မောင်တင်တို့လို အသိုက်အဝန်းကိုလည်း ရွံရှာမိသည်။ ကိုဝဏ္ဏအပေါ် မဆင်မခြင် အထင်လွဲခဲ့သည်ကို နောင်တရမိသည်။

နောက်ဆုံး အမေတို့ယာတောကို ပြန်ရန် ဆုံးဖြတ်လိုက်သည်။

'စိမ်းသင့်မှ စိမ်း' ဇာတ်လမ်းမှာ ဒါပဲ ဖြစ်သည်။ ကျွန်မ၏ ဇာတ်ဆောင် စိမ်းသည် ရှမ်းပြည်နယ်မှအပြန် အိမ်တစ်ဆောင်၊ အိပ်ရာတစ်ခု၊ ထမင်းအိုးလေး တစ်လုံးအတွက် ရိုးသားစွာ အခြေချလိုပါသော်လည်း ရှမ်းရိုးမကို ဖြတ်ကျော်လာကတည်းက ရန်ကုန်မြေ တည်းဟူသော အပြောကျယ်သည့် မြစ်ရေပြင်တွင် ရေသာ များခဲ့၍ ဖြူဖွေးသန့်စင်သော မေတ္တာတရားနှင့်တူသည့် ငါးကို မတွေ့ခဲ့ပါ။

ဆောင်းပါးအစက ကဗျာလေးမှာလည်း တစ်ခုလပ်၊ မုဆိုးမများ ဖြစ်လာလျှင် လူအထင်အမြင် အသေးခံရပုံ၊ သပ်ရပ်အဆင်ပြေအောင် ဆင်ယင်ထုံးဖွဲ့ နေထိုင်သည်ကိုပင် လင်လိုချင်သည် ဟူ၍ အများက အထင်သေးပုံကို ဖွဲ့နွဲ့ထားသည့် ကဗျာလေးဖြစ်ပါသည်။

စိမ်းက ကိုဘကောင်းနှင့် တွေ့ချိန်တွင် ကိုဘကောင်း၏ အပြုအမူ အယောက်အပုံ အကူအညီတို့ကို တိမ်းညွှတ်လုနီးနီး ဖြစ်လာသည်။ သူသည် ချိုင်လို မတည်ငြိမ်သော သူ့ဘဝကို မြေပြင်လို တည်ငြိမ်စေချင်လာသည်။

www.burmeseclassic.com



သူက အိမ်တစ်ဆောင်၊ အိပ်ရာတစ်ခု၊ ထမင်းအိုးလေးတစ်လုံးမှာ မိန်းမတစ်ယောက်၏ဘဝအတွက် လိုအပ်သောပစ္စည်းများဟု သူက ထင်သည်။ ဒေါ်ရွှေသွယ်က 'အချစ်'ပါမှ ပြည့်စုံသည်ဟု ဆိုသည်။ မှန်၏။ နောက်ဆုံး ကိုဘကောင်း၏ စိတ်ထားကို သိရတော့မှ 'မေတ္တာ'သည် ဘဝတစ်ခုအတွက် မည်မျှ အဖိုးတန်သည်ကို သူ သတိရပြီး မေတ္တာလွှမ်းခြုံရာ အမေတို့ ရှမ်းကုန်းပြင်မြင့်ကို သူ ပြန်ဖို့ ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

ကျွန်မ၏ဝတ္ထုထဲတွင် ရှမ်းပြည်နယ် ယာတောကို ဖော်ပြရာ၌ မေတ္တာရနံ့ သင်းပျံ့နေ၍ ရန်ကုန်မှာ နေရသော စိမ်းအခြေအနေကို ဖော်ပြရာတွင် မြို့ပြစော် နံ၍ နေပါသည်။

ဝေဖန်ရေးဆရာတစ်ချို့က ခင်နှင်းယုသည် ဝတ္ထုများကို ရုပ်ရှင်ရိုက်လို၍ ရုပ်ရှင်ဇာတ်လမ်းဆန်ဆန် ရေးသည်ဟု ဆိုသည်။ အမှန်တော့ ၁၉၅၄ ခုနှစ် 'စိမ်းသင့်မှစိမ်း' ဝတ္ထုရေးချိန် ပတ်ဝန်းကျင်လောက်က ကျွန်မ ဝတ္ထုများကို ဘယ်သူမှ ရုပ်ရှင်အဖြစ် ဖန်တီးရန် စိတ်မကူးကြသေးပါ။ 'မွေး'ကို ၁၉၅၈–၅၉ ခုနှစ်မှာ ကျွန်မ ရေးခဲ့၍ 'မွေး'အရင် 'စိမ်းသင့်မှစိမ်း'ကို စော၍ ရေးခဲ့ခြင်း ဖြစ်ပါသည်။ 'စိမ်းသင့်မှစိမ်း'ကို ရုပ်ရှင်ရိုက်ကြလိမ့်မည်ဟု ကျွန်မ မမျှော်လင့်ခဲ့ပါ။ 'မွေး'ရုပ်ရှင်ကို ၁၉၆၁–၆၂ ခုနှစ်လောက်မှာ ပြပြီးမှ 'စိမ်းသင့်မှစိမ်း'ကို ဒါရိုက်တာရွှေဘော်က ရုပ်ရှင်အဖြစ် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဒါရိုက်တာရွှေဘော်အနေနှင့် အောင်မြင်သည်ဟု ဆိုရပါမည်။ ထိုဇာတ်လမ်း ရုံတင်ပြီး စာရေးဆရာ ဦးသုခက ဒါရိုက်တာရွှေဘော်ကို ချီးကျူးပါသည်။

ဝင်ငွေအနေနှင့်လည်း ကောင်းပါသည်။ ရုပ်ရှင်ကားကို ရုံတင်ပြီးသောအချိန်မှာ ကျွန်မကို ငွေတစ်ထောင် ထပ်မံ ကန်တော့၍ ရန်ကုန်ဆေးရုံကြီး တီဘီဌာနသို့ ကျွန်မ လှူဒါန်းလိုက်ပါသည်။ ဒါရိုက်တာဦးရွှေဘော်က ကျွန်မကို တောင်းပန်ပါသည်။ ကျွန်မဝတ္ထုထဲကအတိုင်း ဇာတ်လိုက်မင်းသားမှာ သရုပ်မပေါ်၍ ဖြစ်ပါသည်။ ကျွန်မဝတ္ထုထဲက ဇာတ်လိုက် ရှမ်းအမျိုးသား ကိုဝဏ္ဏမှာ ယောက်ျားပီပီ မြင်းကြီးတကားကားနှင့် လယ်ယာတောမှာလည်း ယာခင်းရှင်ပီသစွာနှင့် ကိုယ့်အားကိုယ်ကိုးသော ကျေးတောသားတစ်ယောက်ဖြစ်သည်။ ရုပ်ရှင်ထဲမှာတော့ ဇာတ်လိုက်မင်းသားမှာ တစ်ချိန်လုံး ငှက်ဖျားတက်နေပါသည်။

'သူက အရေးကြီးတဲ့ဇာတ်ကားတစ်ကား ရိုက်နေလို့ ကျွန်တော်တို့ကို



၉ ရက်တည်း အချိန်ပေးတယ်။ အဲဒါကို ကျွန်တော်က သင့်လျော်အောင် ဖြတ်တောက်ထည့်ရတော့ အဆင်မပြေ ဖြစ်ရတာကို ဝမ်းနည်းပါတယ်'

ဟု ဆိုသည်။ ကျွန်မကတော့ ဘာမှ မပြောပါ။ နာမည်ကြီး၍ ထုထည်ကောင်းသော ဇာတ်လမ်းကို ရိုက်နေချိန် ဖြစ်သောကြောင့် ဇာတ်လိုက်မင်းသားမှာ ထိုစဉ်က ကျွန်မလို မထင်မရှား စာရေးဆရာတစ်ယောက်၏ သာမန်ဇာတ်လမ်းကို အချိန်မပေးနိုင်ခြင်းမှာ မထူးဆန်းပါ။

တစ်ခုကလည်း ကျွန်မဝတ္ထုထဲတွင် ထိုးခန်းကြိတ်ခန်းဟူ၍ လုံးဝ မပါပါ။ သို့သော် ရုပ်ရှင်ကြည့် ပရိသတ်အကြိုက် ဟူ၍ သေနတ်ပစ်ခန်းတွေ ဘာတွေနှင့် ရုပ်ရှင်ထဲမှာ တွေ့ရသောအခါ ကျွန်မ ရယ်မိသည်။ ပြီးတော့ ရှမ်းကုန်းမြေမြင့်ကို နောက်ခံမည့်နေရာတွင် ဒေသမှန်ကို သွားရောက် မရိုက်ကူးနိုင်၍ မေမြို့ နေရာ အချို့နှင့် မင်္ဂလာဒုံဘက် ရာဘာတောနောက်ကို နောက်ခံအဖြစ် ရိုက်ထားသည်ကို တွေ့ရပါသည်။ ချယ်ရီပင်ကြီးကလည်း လုပ်ထားသော ချယ်ရီပင်ကြီးမှန်း သိသာပါသည်။ ဒေသန္တရ မကျွမ်းသူတို့ အဖို့တော့ မသိသာပါ။ ပြီးတော့ သန်းနွဲ့တို့နဲ့ ရယ်စရာအခန်းတွေပါ ထည့်ထားပါသည်။

ချီးကျူးစရာကောင်းသည်ကတော့ မြင့်မြင့်ခင် ဖြစ်ပါသည်။ ဝတ္ထုဇာတ်လမ်းမှာ အမျိုးသမီးဇာတ်ဆောင် စိမ်းက နေရာအများအပြား ယူထားသောကြောင့် ရုပ်ရှင်မှာလည်း စိမ်းနေရာတွင် သရုပ်ဆောင်ရသူ မြင့်မြင့်ခင်မှာ တစ်ဇာတ်လုံး ပင်ပန်းလှပါသည်။ မြင့်မြင့်ခင်ကို ကျွန်မ ချီးကျူးမိသည်က သူသည် အနုပညာသည် ပီသသည်။ အနုပညာသည်မှာ မိမိဖန်တီးသော အနုပညာတွင် ခြသေ့်စိတ် ထားရသည်။ ခြသေ့်သည် သမင်တစ်ကောင်ကို ဖမ်းသည်ဖြစ်စေ၊ ယုန်တစ်ကောင်ကို ဖမ်းသည်ဖြစ်စေ ခုန်အုပ်ရာ၌ တူညီသော စွမ်းအားကို ထုတ်သည်။ အသုံးပြုသည်။ ယုန်ငယ်ဖြစ်၍ မိမိအားကို လျှော့[illegible] မြင့်မြင့်ခင်ကလည်း ဒါက နာမည်ကြီး စာရေးဆရာ ရေးသောဇာတ်လမ်း ဒါက စာရေးဆရာပေါက်စ ရေးသောဇာတ်လမ်းဟူ၍ မခွဲခြားဘဲ သူ့[illegible] အပြည့်အဝဖြင့် သရုပ်ဆောင်ရသည့်အခန်းတွင် ပိုင်နိုင်အောင် [illegible] တွေ့ရသည်။

ယာတောမှ ကလေးများ စာတတ်လာအောင် လုပ်ဆောင်သော အခန်းနှင့် ကလေးသရုပ်ဆောင် အခန်းတို့မှာတော့ ပီပြင်လှပါသည် [illegible]

www.burmeseclassic.com

ရှုံးကျေးလက်မှ ကလေးတို့၏ ရိုးစင်းပွင့်လင်းသော စေတနာစရိုက်မှာ ပေါ်လွင်ပါသည်။

(လုံမလေးမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၈၇)

♛ ♛ ♛

## စိတ်ကူးထဲမှ ဖန်ဆင်းလိုက်သော ချစ်လှချည်ရဲ့

တိုင်းပြည်ကို သစ္စာဖောက်ကြတဲ့ နည်းအမျိုးမျိုးထဲမှာ စာပေ သစ္စာဖောက်တာ အဆိုးဆုံးပဲ။ စာပေဟာ စိတ်ဓာတ်နဲ့ တွဲလျက်နေတာကိုး။ စိတ်ဓာတ် စစ်ဆင်လာပြီဆိုတော့ တပ်မကြီး တစ်ခု စစ်ဆင်လာတာထက် ကြောက်စရာကောင်းတာ'

ထိုစကားလုံးများကို ရွတ်ဆိုသူမှာ ကျွန်မ၏ 'ချစ်လှချည်ရဲ့' ဝတ္ထုထဲမှ အဓိကဇာတ်ဆောင် မေမေကြီး၏ စကားလုံးများ ဖြစ်သည်။ ယခု ပြန်ဖတ်ကြည့်သောအခါ ကျွန်မ၏ ဇာတ်လမ်းတစ်ခုလုံးကို ဆွဲကိုင်လှုပ်ရှားနိုင်အောင် တန်ခိုးကြီးသော ထိုမေမေကြီး၏နာမည်ကို ဝတ္ထုထဲတွင် ကျွန်မ လုံးဝ မဖော်ခဲ့ပေ။ ကျွန်မ၏ ချို့ယွင်းချက် ဖြစ်ပေသည်။

တစ်ချိန်က တိုင်းပြည်အပေါ်မှာ လွှမ်းမိုးနိုင်သော စာရေးဆရာများကို သံရုံးများက ဦးစားပေးခဲ့သည်။ နိုင်ငံခြားသံရုံးများတွင် ဝါဒဖြန့်ချိရေးနှင့် ပြန်ကြားရေးဌာန ရှိသည်။ သူတို့တိုင်းပြည်၏ လွတ်လပ်ရေးနေ့၊ အမျိုးသားနေ့များကဲ့သို့ အခါအားလျော်စွာ ကျင်းပသော အခမ်းအနားများတွင် စာရေးဆရာများကို သံရုံးများက ဖိတ်ခေါ် ကျွေးမွေးကြသည်။ အရက်ကို အလျှံအပယ် တိုက်ကျွေး အချို့သော စာရေးဆရာများ ရုပ်ပျက်ဆင်းပျက် ကူနွှေပျက်အောင် သောက်ကြသည်။ အချို့စာရေးဆရာများကတော့ သံရုံးက ပြန်ကြားရေး [illegible]

www.burmeseclassic.com



အဆက်အသွယ်ရကာ သံရုံးများက ဘာသာပြန်နိုင်းသောစာအုပ်များကို မြန်မာဘာသာ ပြန်ဆိုပေးကြသည်။ သံရုံးတို့၏ ပြန်ကြားရေးမှ ပြန်ခိုင်းသော စာအုပ်များမှာ များသောအားဖြင့် ဝါဒဖြန့်စာအုပ်များဖြစ်သည်။

'ချစ်လှချည်ရဲ့' ဝတ္ထုထဲတွင် မိခင်ဖြစ်သူ မေမေကြီးသည် တစ်ဦးတည်းသောသား ကိုတင်မောင်ကို မြန်မာပြည်တွင် အမ်အေဘွဲ့ယူပြီး နိုင်ငံခြားသို့ သတင်းစာပညာသင် လွှတ်လိုက်သည်။ သတင်းစာဘွဲ့ယူပြီး မြန်မာပြည်ပြန် ရောက်လာသောအခါ သတင်းစာတိုက် ထောင်ပေးသည်။ မိခင်က မော်လမြိုင်တွင် သစ်စက်နှစ်ခုနှင့် လယ်ဧက အမြောက်အမြားကို ပိုင်ဆိုင်ကာ သတ္တုတွင်းများကို အုပ်ချုပ်နိုင်သော မုဆိုးမကြီးဖြစ်သည်။ သားဖြစ်သူကို အောင်မြင်သော သတင်းစာဆရာတစ်ယောက် ဖြစ်စေချင်သည်။ 'တက်နေဝန်း' သတင်းစာတိုက်ကို ထူထောင်ပေးရုံသာမက သားဖြစ်သူအပါးမှာ အစစ အတူအညီရဖို့ ဆွေမျိုးထဲမှ နှမဝမ်းကွဲ မခင်ယု ဆိုသူကို Private Secretary အတွင်းရေးမှူးအဖြစ် ခန့်ထားသည်။ သားကို သီးသန့်လစာနှင့် ထမင်းချက်ဦးကျော်ကို ပေးထားခဲ့သည်။ မခင်ယုကိုလည်း ကိုတင်မောင်နှင့် အတူ နေစေသည်။ ချွေးမဖြစ်သူ မငွေခင်နှင့် မြေးနှစ်ယောက်ကို မေမေကြီးက မော်လမြိုင်သို့ ခေါ်ယူသွားကာ အစစ တာဝန်ယူခဲ့သည်။

ချွေးမမှာ ကျန်းမာရေး ချို့တဲ့ရုံမက သားနှင့် အဆင်မပြေ၍ မေမေကြီးက ခေါ်ယူထားခြင်းဖြစ်သည်။ မခင်ယုမှာ မေမေကြီး အစီအမံနှင့် အယ်ဒီတာချုပ် ကိုတင်မောင်၏ အတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ တာဝန်ခံအယ်ဒီတာမှာ ကိုအောင်ကျော် ဆိုသူဖြစ်သည်။ သတင်းစာပညာကို ကိုတင်မောင်၊ ကိုအောင်ကျော်တို့၏ သင်ကြားပြသမှုကြောင့် မခင်ယုသည် တဖြည်းဖြည်း ကျွမ်းကျင်လာကာ ဆောင်းပါး၊ ခေါင်းကြီးနှင့် သတင်းများပါ ဝင်ရောက်ရေးသားနိုင်လာသည်။ မေမေကြီးသည် သားဖြစ်သူ ကိုတင်မောင်ကို ချစ်လွန်း၍ ကိုကိုမောင် ဟုခေါ်သည်။ သူခေါ်သလို ဆွေမျိုးများက လိုက်ခေါ်သည်။

တက်နေဝန်း သတင်းစာသည် အရှိန်နှင့် တက်လာသော်လည်း တစ်ဘက်မှ ကိုတင်မောင်မှာ အရက်အလွန်သောက်သည်ကို မခင်ယု တွေ့ရသည်။ တဖြည်းဖြည်း သတင်းစာလုပ်ငန်းတွင် စိတ်မဝင်စား။ သတင်းစာ တိုးတက်လာခြင်းမှာ အယ်ဒီတာ ကိုအောင်ကျော် ကြိုးစားမှုကြောင့်ဖြစ်သည်။ ကိုတင်မောင်က နိုင်ငံခြားသံရုံး ပြန်ကြားရေးဌာနနှင့် ဆက်သွယ်ကာ စာအုပ်များ



ဘာသာပြန်သည့်အလုပ်ကို လုပ်သည်။ တစ်နေ့တွင် အနားယူရန် ပုသိမ်ဘက်သို့ ခရီးထွက်ရာတွင် ကိုတင်မောင်က မခင်ယုနှင့် အိမ်တော်ပါ ဦးကျော်ကြီးကို ခေါ်သွားသည်။ တစ်ည အိမ်အပေါ်ထပ်တွင် အရက်သောက်ရင်း မခင်ယုကို ကိုတင်မောင်က သူ့အကြောင်းများကို ပြောပြသည်။ သူ နိုင်ငံခြားတွင် ပညာသင်စဉ်က ပုလဲ ဆိုသော နိုင်ငံခြားသူတစ်ယောက်ကို ယူခဲ့ကြောင်း၊ ယခု မြန်မာပြည်ကို ခေါ်ယူလိုကြောင်း၊ ပြီးလျှင် သူပါ နိုင်ငံခြားသားအဖြစ် ခံယူကာ လိုက်သွားမည်ဖြစ်ကြောင်း၊ သူ့အမေသည် သတင်းစာတိုက်ကို သံယောဇဉ်ကြီးသူဖြစ်၍ သူ မရှိလျှင် သတင်းစာ ဆက်လက်တည်တံ့ရေးအတွက် မခင်ယုကို တာဝန်ပေးရန် မေမေကြီးကို ပြောပေးမည်။ မခင်ယု ဆက်လက်ကြိုးစားရန် ပြောသည်။ ညဉ့်နက်သည်အထိ သူ ပြောသည်ကို မခင်ယုက နားထောင်နေရသည်။

ရန်ကုန် ပြန်ရောက်သောအခါ မခင်ယုကို မေမေကြီးရှိရာ မော်လမြိုင်သို့ စာတစ်စောင်နှင့်အတူ လွှတ်လိုက်သည်။ ကိုအောင်ကျော်ကလည်း မေမေကြီးထံ စာတစ်စောင် ပေးလိုက်သည်။ မေမေကြီးက စာကိုဖတ်ပြီး သားအကြောင်းကို မခင်ယုအား ပြောပြသည်။

'မေမေကြီးရဲ့သားဟာ အင်မတန် ထူးခြားတယ်၊ ပင်ကိုကတော့ တော်တော်ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းပါပဲ။ ဒါပေမယ့် ဘာအရောင်ဆိုးဆိုး၊ ဘာအနံ့ထည့်ထည့် ပြောင်းလဲလွယ်တယ်။ ပြီးတော့ ထည့်တဲ့ခွက်ရဲ့ ပုံသဏ္ဌာန်အတိုင်းလိုက်ပြီး ပုံစံပြောင်းတယ်။ မေမေကြီးက ကြိုတင် မစီမံရင် နိုင်ငံခြားသတင်းစာပိုင်ရှင် အယ်ဒီတာချုပ်တွေအတိုင်း သူက အတွင်းရေးမှူး ခန့်မှာ သေချာတယ်။ ပြီးတော့ ဒီမိန်းကလေးနဲ့ ရှုပ်ဦးမယ်၊ ဒါကြောင့် ကြိုကြိုတင်တင် မေမေကြီးက စီမံတာ။ မခင်ယုကို အမျိုးလဲတော်တော့ သူ့ကို ထိန်းနိုင်အောင် သူ့အတွင်းရေးမှူးအဖြစ် မေမေကြီးက ခန့်ခဲ့တယ်။ သူ့အသုံးအစွဲလဲ သိလို့ သီးသန့် လစာပေးတယ်။ သတင်းစာက ငွေကို မထိရအောင်လို့'

သားအကြောင်းကို အစုံအလင် ပြောပြသည်။ ငယ်စဉ်ကတည်းက မိန်းမမှု ပွေခဲ့ပုံ၊ မိန်းကလေးတစ်ယောက်ကို တိတ်တိတ်ယူပြီး စွဲထားသောကြောင့် မေမေကြီးက တာဝန်ယူပြီး ကလေးမွေးသည်အထိ စောင့်ရှောက်ခဲ့ရပုံ၊ မငွေခင်နှင့် မရခင်ကပင် မိန်းကလေးများနှင့် ရှုပ်ခဲ့ပုံများ၊ နိုင်ငံခြား သွားခင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း၊ စာရေးဆရာဘဝတွင် စာဖတ်ပရိသတ်ထဲမှ မိန်းကလေးများနှင့် မရှင်းမရှင်း ဖြစ်ခဲ့ပုံကို မခင်ယုအား ပြောပြသည်။ သားမှာ အရည်အချင်း တကယ်ရှိသူဖြစ်၍ မိန်းမ မပွေဘဲ၊ သေသောက်မကြူးဘဲဆိုလျှင် သတင်းစာ လုပ်ငန်း ကြီးပွားနိုင်ကြောင်း၊ သူ့မှာ အစစအရာရာ စီးပွားရေး အဆင်ပြေပေမယ့် သားအတွက် စိတ်ဆင်းရဲရကြောင်း မေမေကြီးက ပြောပြသည်။ သူ ပြောပြသောအကြောင်းများကို ကိုကိုမောင်အား ဘာမျှမပြောဘဲ သူ ရေးလိုက်သောစာကိုသာ ကိုကိုမောင်အား ပေးရန် မှာပြီး မခင်ယုကို မေမေကြီးက စာတစ်စောင် ပေးလိုက်သည်။

ညနေဘက်မှာတော့ မခင်ယုအမေက မခင်ယုကို ကိုအောင်ကျော်ထံမှ စာအကြောင်း ပြောပြသည်။ ကိုအောင်ကျော်က မခင်ယုကို လက်ထပ်လိုကြောင်း၊ မေမေကြီးနှင့် မခင်ယုအမေထံသို့ ခွင့်တောင်းသောစာဖြစ်ကြောင်း ပြောပြ၍ မခင်ယုသဘောကို မေးသည်။ မခင်ယုက မေမေ့သဘောပဲဟု ဖြေခဲ့သည်။ စိတ်ထဲမှာတော့ သတင်းစာလုပ်ငန်းတွင် ကျွမ်းကျင်သော်လည်း စာအုပ်ပုံထဲ ခေါင်းမြှုပ်ကာ အစဉ်အေးအေးနေသူမှာ သူ့အတွက် အောင်မြင်သော အိမ်ထောင်ဘက် ဖြစ်ပါ့မလားဟု သံသယ ဖြစ်မိသည်။

ရန်ကုန် ပြန်ရောက်သောအခါ မေမေကြီးပေးသောစာကို ကိုကိုမောင့် လက်ထဲသို့ ပေးလိုက်သည်။ ကိုတင်မောင်က စာကို သူ မဖတ်။ မခင်ယု ကိုယ်တိုင် ဖတ်ပြစေသည်။

မေမေကြီးက–

'ပုလဲအပေါ်တွင် လူမျိုးရေးအရ သူ မတွေးပါ။ မိန်းမချင်းအနေနှင့် ကိုယ်ချင်းစာပါသည်။ သို့သော် တစ်ဘက်က မငွေခင်ကလည်း မိန်းမသားဖြစ်၍ မျှတစွာ စဉ်းစားဖို့ လိုသည်။ မငွေခင်ကို သူကိုယ်တိုင် တောင်းရမ်း ပေးစား၍ ကလေးသုံးယောက်မိခင် ဖြစ်နေကြောင်း၊ မေမေကြီးဟာ သားရဲ့ မယားငယ်ကို မယားကြီးရှေ့ ခေါ်လာတဲ့ ယောက္ခမရိုင်းကြီး မဖြစ်လိုပါ။'

'သားက နိုင်ငံခြားသားအဖြစ် ခံယူဦးမယ်ဆိုတော့ မိခင်ရင်း Mother country ပျောက်နေတဲ့လူတစ်ယောက်၊ အခြေမဲ့ အနေမဲ့ နိုင်ငံသားတစ်ယောက် အဖြစ် ရောက်ရသည့်အတွက် ဝမ်းနည်းကြောင်း၊ စိတ်မချမ်းသာဆုံးမှာ ကိုယ် ကိုယ်တိုင် နိုင်ငံခြားသားအဖြစ် ခံယူရုံမက တိုင်းပြည်ကိုပါ နိုင်ငံခြားဝါဒ လွှမ်းမိုးအောင် ဖြန့်ဖြူးနေခြင်းကို ဝမ်းနည်းကြောင်း။



'ပုလဲ ခေါ်ဖို့ကိစ္စမှာ မေမေ မပါလိုပါ။ သားအရွမ်းအစနှင့် သား ခေါ်နိုင်ပါသည်။ မိမိပယောဂနှင့် ရလာသော မြေးများကို သူ စောင့်ရှောက်မည် ဖြစ်ကြောင်း၊ နိုင်ငံခြားစာပေများကို ဘာသာပြန်ခြင်းကို မကန့်ကွက်။ မိမိ တိုင်းပြည်ကို ထိခိုက်စေမည့် ဝါဒဖြန့်မှုနှင့် အညီအဟောက် စာပေများကို ဘာသာ ပြန်ရာ ဌာနကြီးအဖြစ် သူ တည်ထောင်ပေးသော တက်နေဝန်း သတင်းစာတိုက် ကြီး ပြောင်းလဲသွားရသည်ကို ဝမ်းနည်းကြောင်း'

ရေးသားဖော်ပြထားသည်။

နောက်နေ့တွင် မခင်ယု အိမ်မှာ ရှိနေတုန်း ကိုကိုမောင် သတင်းစာ တိုက်မှ တယ်လီဖုန်း လာသည်။ မေမေကြီး၊ မခင်ယုအမေနှင့် မငွေခင်တို့ ရန်ကုန်ကို လာမည်ဖြစ်၍ လေဆိပ်သို့ သွားကြိုရန် ဖြစ်သည်။ မခင်ယု သွားကြိုရာတွင် မငွေခင် အခြေအနေဆိုး၍ ဆေးရုံသို့ တန်းတင်ရသည်။

တစ်ညနေ ဆေးရုံသို့ မခင်ယု လူနာ လာမေးစဉ် ကိုကိုမောင် ရောက်လာသည်။ လူနာကို ကြည့်ရုံပဲ ကြည့်သည်။ သူတို့နှစ်ယောက် အပြန် အားပေါ်တွင် ကိုကိုမောင်က မေမေကြီး၊ မခင်ယုအမေနှင့် ကိုအောင်ကျော်တို့ ကိစ္စတစ်ခု တိုင်ပင်နေကြောင်း၊ မခင်ယုနှင့် ကိုအောင်ကျော်ကို စေ့စပ်ကြောင်း လမ်းဖို့ကိစ္စဖြစ်သည်ဟု ပြောပြသည်။ မခင်ယုက စေ့စပ်ကြောင်းလမ်းခြင်းကို ကန့်ကွက်သော်လည်း အိမ်မပြန်ဘဲ နေလိုက်သည်။ မခင်ယုသည် နောက် တစ်ပတ်တွင် မငွေခင်ကို လာရောက်တွေ့ဆုံသောအခါ အခြေအနေ မကောင်း၍ ဆရာဝန်များက မငွေခင်ကို လက်လွှတ်လိုက်ပြီ။ ထိုအချိန်မှာ မေမေကြီး ရောက်လာပြီး မခင်ယုကို အိမ်ပြန်ရန်နှင့် မခင်ယုမေမေက စောင့်နေကြောင်း ပြောပြသည်။ မခင်ယုက မေမေနှင့်အတူ ကိုအောင်ကျော်ကို တွေ့ရမည် ဆင်သည်။ အိမ်ရောက်တော့ သူ ထင်သလို မဟုတ်။ ဇာတ်ထုပ်က တစ်မျိုး ဖြစ်နေသည်။

'မောင်မြအောင်ကျော်က စေ့စပ်ကြောင်းလမ်းတာကို ဖျက်လိုက်ပါတဲ့'

မခင်ယုမှာ သူ့မေမေ ပြောသည်ကို ဘာမျှ နားမလည်။ ဦးကျော်က ခင်ယုသည် ကိုကိုမောင်နှင့် ညစ်နက်သည်အထိ အတူရှိနေတတ်ကြောင်း တစ်ခါကလည်း ကိုကိုမောင့်အခန်းထဲမှ ဝုန်းခနဲ အသံကြား၍ သူ ကြည့် ရာတွင် ဖရိုဖရဲနှင့် အမူးလွန်နေသော ကိုကိုမောင်အား မခင်ယုက ထူမ နေသည်ကို အမှတ်မထင်တွင် တွေ့ရ၍ မခင်ယုနှင့် ကိုကိုမောင်တို့ ညားနေပြီဟု

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်က စွပ်စွဲသည်။ ဦးကျော်၏ စွပ်စွဲချက်ကို ကိုအောင်ကျော်က ယုံကြည်၍ စေ့စပ်ခြင်းကို ဖျက်လိုက်သည်။ စာတစ်စောင်ကို မေမေ့လက်ထဲ ထည့်ခဲ့သည်။

ချစ်လှစွာသော ယု –

တစ်သက်တာအဖို့ ခုအချိန်ဟာ ကိုအောင်ကျော် စိတ်ဒုက္ခ အရောက်ဆုံးပဲ။

ယုကို အတော်ကြာ လွဲလာပြီးမှ ကိုအောင်ကျော် ချစ်ခဲ့တယ်။ ဒါပေမယ့် 'အ'လွန်းတဲ့ အပြစ်ကြောင့် လူငယ်ချင်း မစမိတာ ကိုအောင်ကျော့် အမှားပဲ။

လိုချည်း လိုချင်လို့ ဖြစ်နိုင်တဲ့နည်းနဲ့ နီးစပ်အောင် ကြံခဲ့တယ်။ ယုက မှန်မှန်နေတာတွေ၊ စေ့စပ်တုန်းက အိမ်ပြန်မလာတာတွေဟာ ဘာကြောင့်ဆိုတာ ခုမှ သိရတော့တယ်။ ယုနဲ့ ကိုကိုမောင့်အဖြစ်ကို မသိလို့ ကိုအောင်ကျော် ကြံစည်မိတာကို ခွင့်လွှတ်ပါ။ ခုမှ အကြောင်းစုံ ပြောပြလို့ သိရတယ်။ ကိုအောင်ကျော် နောက်ဆုတ်ပေးလိုက်ပါပြီ။

တက်နေဝန်း သတင်းစာကြီးကို ယုတို့နှစ်ယောက် ဦးစီးပြီး နေကြ ပေးရတော့။

ကိုအောင်ကျော်

ဟူသောစာ ဖြစ်သည်။ မခင်ယုသည် ပထမ ဒေါသဖြစ်သော်လည်း သူ့မှာ ညွှန်နက်သန်းခေါင်အထိ အရက်သမား ကိုကိုမောင်ကို ထိန်းသိမ်း စကားပြောသမျှ ထိုင်နားထောင်ရသောအဖြစ်များနှင့် ပုသိမ်သွားစဉ်က လာ ခန်းမှာ အရက်သောက်လွန်ပြီး အိပ်ပျော်နေသော ကိုကိုမောင်ကို အ ပတ်မြည်စိုး၍ အိပ်ခန်းသို့ ခေါ်တွဲလာရာ ကုတင်နားတွင် ကိုကိုမောင် ထဲ သွားပုံ၊ သူအဝတ်အစားများ ဖရိုဖရဲ မနိုင်မနင်း ဖြစ်နေစဉ် ဦးကျော် ပုံများကို ပြန်တွေးမိသည်။ ဒီတော့ သူ၏ နေပုံထိုင်ပုံမှာလည်း အရက်သမ နားမှာဖြစ်၍ မှားယွင်းလျှင် မှားယွင်းနိုင်သော အခြေအနေဖြစ်သည်ကို သတိပြုမိသည်။ ကိုအောင်ကျော်ကိုရော ဦးကျော်ကိုပါ သူ စိတ်ဆိုးပြေသွား သည်။ နောက်နေ့ နိုးချိန်မှာ နေမြင့်လှပြီ။ အိမ်မှာ ဘယ်သူမှ မရှိကြ၊ မဖွေ အခြေအနေဆိုး၍ မေမေတို့ ဆေးရုံကို သွားကြကြောင်း သိရသည်။ ချက်ချင် တယ်လီဖုန်း လာသည်။ မခင်ယု သတင်းစာတိုက်ကို အမြန်ဆုံး လာ



ားလွှတ်လိုက်မည့်အကြောင်း ကိုကိုမောင်က ဖုန်းဆက်ခြင်းဖြစ်သည်။

သတင်းစာတိုက်ကို မခင်ယုရောက်ကော့ ကိုကိုမောင်က စာချုပ်ကြမ်း တစ်ခုကို ထုတ်ပြသည်။ စုစုပေါင်း ဇာအုပ်ဆယ်အုပ်ကို ငွေတစ်သောင်းနှင့် ဘာသာပြန်ရန် နိုင်ငံခြားသားတစ်ယောက်နှင့် စာချုပ် ချုပ်ကြခြင်းဖြစ်သည်။ စာချုပ်အချော ပြင်သင်ပြီး နိုင်ငံခြားသားထံသို့ လက်မှတ် သွားထိုးရန် ကိုကို မောင်က မိုင်းခြင်းဖြစ်သည်။ မခင်ယုမှာ စိတ်ပျက်သွားသည်။ ပို၍ စိတ်ပျက် သည်က တစ်ချို့ ဘာသာပြန်စာအုပ်များကို ကိုအောင်ကျော်အား ပြန်နိုင်းကာ ဘာသာပြန်ခကို လက်ဘက်ရည်ဖိုးသာသာလောက်ပဲ ပေးသည်။ ဒီလို စာပေ အပေါ် ခေါင်းပုံဖြတ် အပြုအမူမျိုးကိုလည်း မခင်ယုက မကြိုက်။

သို့ဖြစ်၍ သူ မသွားလိုကြောင်း ငြင်းဆိုသည်။

'မင်းဟာ ငါ့ရဲ့ အတွင်းရေးမှူး၊ ငါ ခိုင်းတာ လုပ်ရမယ်'

ကိုကိုမောင်က အာဏာဖြင့် ခိုင်းသောအခါ မခင်ယုက စာချုပ်ကြမ်း များကို ယူကာ သူ့စားပွဲသို့ သွားသည်။ လက်နှိပ်စက်နှင့် စာတစ်စောင်ရိုက်၍ ကိုကိုမောင့်လက်ထဲကို ထည့်လိုက်သည်။

'မြန်လှချည်လား'

ကိုကိုမောင်သည် အံ့သြစွာနှင့် စာကို ဖတ်လိုက်သည်။ စာမှာ မခင်ယု ၏ အလုပ်ထွက်စာ ဖြစ်နေသည်။ ကိုကိုမောင်သည် လက်ထဲမှစာကို ချေမွ၍ မျက်နှာကြီးကလည်း နီရဲလာသည်။ မခင်ယု ရှင်းပြသည်။

'ကိုကိုမောင့်ကို အချိန်ကျလာလို့ ယု ရှင်းလင်းပြောပြပါရစေ၊ ကိုကိုမောင့်ကျေးဇူး ယုအပေါ်မှာ အများကြီး ရှိပါတယ်။ အစ်ကိုအရင်း တစ်ယောက်လိုလဲ ချစ်တယ်၊ မေမေကြီး စိတ်ကျေနပ်အောင် အစစ ကိုကိုမောင့် အလိုကျ အားလုံး လိုက်လျောခဲ့တယ်၊ ယောက်ျားလေးတစ်ယောက်လို နေ့နေ့ ညည ကိုကိုမောင်ရဲ့အနားမှာ နေခဲ့ပြီး ဝတ္တရားတွေ ဆောင်ရွက်ခဲ့လို့ ယု အခု စိတ်ဆင်းရဲရပြီ'

'ဘာဖြစ်လို့'

'ကိုအောင်ကျော်က ယုနဲ့ စေ့စပ်တာကို ဖျက်လိုက်ပြီ'

မခင်ယုသည် ဦးကျော်၏ စွပ်စွဲချက်နှင့် ကိုအောင်ကျော်၏ အထင်လွဲ သည်များကို ရှင်းပြသည်။

'ဆက်လက်ပြီး နေဖို့ စိတ်မသန့်တော့ဘူး၊ ယုကို ခွင့်လွှတ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို တစ်ယောက်တည်း ထားခဲ့ပြီပေါ့။ မင်းကို ညီမလေးအရင်းတစ်ယောက်လို ကိုယ် ချစ်ပါတယ်၊ ကိုယ့်အချစ်ကိုတော့ လေးစားစေချင်တယ် သွားတော့'

မခင်ယုသည် တစ်ဟုန်ထိုးမင် ရုံးခန်းထဲမှ ထွက်သွားသည်။ နောက်မှ တစ်ယောက်ယောက် လိုက်လာသော်လည်း သူ့ ခြေကုန်သုတ်အပြေးတွင် လက်ကို နောက်မှလူက ဖမ်းဆွဲလိုက်သည်။

'ယု.....နေပါဦး'

လက်ကိုဆွဲသူမှာ ကိုအောင်ကျော်ဖြစ်၍ ရုံးခန်းထဲမှာ ကိုကိုမောင်နှင့် မခင်ယု စကားပြောသမျှကို အကုန်ကြားရ၍ မခင်ယုအပေါ် အထင်လွဲသမျှ တောင်းပန်ပါကြောင်း၊ သူ့ကို ဘာသာပြန်နိုင်းသောစာအုပ်ကို မပြန်လို၍ ကိုကိုမောင့်ထံသို့ ပြန်ပေးရန် လာရင်း မခင်ယုနှင့် ကိုကိုမောင်တို့၏ စကားများကို ကြားရကြောင်း ပြောကာ တောင်းပန်သည်။

'မခင်ယု မရှိတဲ့နောက် ကိုယ်လဲ မနေတော့ဘူး'

ဆိုကာ မခင်ယုလက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲ၍ ထွက်သွားကြသည်။ တက်နေဝန်း သတင်းစာတိုက်တွင် ကိုကိုမောင် တစ်ယောက်တည်း ကျန်ရစ်သည်။

'ချစ်လှချည်ရဲ့' ဟူသောအမည်မှာ 'ချစ်သက်လျှာ'သီချင်းထဲမှ -

'.....ချစ်လှချည်ရဲ့လို့ ဆိုတဲ့အသံတွေ၊ မောင့်ပြောစကား ပျားသကာ အလား၊ ပျို့နှားဝမှာ တဝေဝေ'

ဆိုသောအပိုဒ်မှ စကားလုံးကို ယူသုံးခြင်းဖြစ်ပါသည်။ ကိုကိုမောင်က မိန်းကလေးတစ်ယောက်ကို တွေ့တိုင်း ချစ်လှချည်ရဲ့ သံသဲလှုပ်ဖြစ်ပြီး နောက်ပိုင်းတွင် သွေးအေးတတ်သူဖြစ်သည်။ ဖိုးစိန်ကြီးခေတ်က ကခေတ်များ ပိုက်ဆံချမ်းသာသူ အမျိုးသမီးများက ကွမ်းသီးဖက် ဆေးလိပ်ထဲတွင် ရွှေဒင်္ဂါး ထည့်၍ နောက်ပိုး လက်ဆောင်ပေးသလို ကိုကိုမောင့်ခေတ်က ကိုကိုမောင်၏ ဝတ္ထုများကို ကြိုက်၍ မိတ်ဆက်စာ ပေးကာ မိန်းကလေးများက ကိုကိုမောင့် ပိုက်ကွန်တွင်း သက်ဆင်းကြသည်။ ကိုကိုမောင်ကလည်း စည်းမစောင့်။

ကျွန်မ၏ 'ချစ်လှချည်ရဲ့' ဝတ္ထုဇာတ်လမ်းမှာ ဒါပဲဖြစ်သည်။

အင်အားကြီးနိုင်ငံများ၏ ဝါဒဖြန့်သမျှကို မြန်မာ စာရေးဆရာတစ်ချို့က လက်ခံ၍ တစ်ဆင့် ဝါဒဖြန့်ပေးသည်ကို ကျွန်မ မကြိုက်၍ ဝတ္ထုဆင်ကာ



ရေးခြင်းဖြစ်ပါသည်။ ထိုခေတ်က သံရုံးမှ အရက်ပုလင်းသည် စာရေးဆရာတစ်ယောက်၏ တန်ဖိုးကို ဖြတ်ပေးသည်။ စာရေးဆရာတစ်ချို့မှာ နိုင်ငံခြား သံရုံး၏ လက်ကိုင်တုတ် ဖြစ်နေသည်။

ကျွန်မသည် အင်အားကြီးနိုင်ငံများ၏ ဝါဒဖြန့်ရင်းမှ သူတို့၏ အရှိန်အဝါ အောက်သို့ တိုင်းငယ်ပြည်ငယ်ကလေးများကို သွတ်သွင်းကြသည့် စနစ်ကို ကန့်ကွက်လို၍ ဝတ္ထုထဲတွင် ဇာတ်လမ်းဆင်၍ ဖော်ပြမိသည်။ အမှန်တော့ စိတ်ဓာတ်စစ်ဆင်ရေးဖြင့် မိမိတို့ဝါဒအောက်သို့ သိမ်းသွင်းသော နိုင်ငံကြီး တိုင်းကို ဆိုလိုပါသည်။ အရင်းရှင် အမည်ခံသော တစ်ချို့တိုင်းပြည်များကလည်း ဝါဒရေးရာဖြင့် သူတို့အရှိန်အဝါအောက်သို့ သိမ်းသွင်းကြသည်။

ကျွန်မ စာရေးဆရာသက်တမ်းတွင် နိုင်ငံခြားတွင် ကျင်းပသည့် ကွန်ဖရင့်တစ်ခုသို့ တက်ရောက်ဖူးပါသည်။ ကိုင်ရိုတွင် ကျင်းပသော အာရှ၊ အာဖရိက စာရေးဆရာ ညီလာခံ ဖြစ်ပါသည်။ အဖွဲ့ငယ်လေးတစ်ခုတွင် ကျွန်မနှင့်ဦးပြည့်စုံ ပါပါသည်။ ထိုအဖွဲ့ငယ်မှ အစည်းအဝေးကြီးသို့ တင်ပြရန် စာတမ်းတစ်စောင်ကို တင်ပြဆွေးနွေးပါသည်။ တိုင်းပြည်ကြီးတစ်ခုက ဦးဆောင်တင်သွင်းသော ထိုစာတမ်းတွင် 'အမေရိကန်တို့ ဦးဆောင်သော နယ်ချဲ့စနစ်ကို ဆန့်ကျင်ရမည်'ဟု ပါပါသည်။ ထိုစာတမ်းတင်သော တိုင်းပြည်မှ အဖွဲ့ဝင် တစ်ဦးက 'မြန်မာပြည်မှ ကိုယ်စားလှယ်တို့ သဘော သိလိုပါသည်' ဟု ဆိုသည်။ ကျွန်မအဖော် ဦးပြည့်စုံက မခင်စု ပြောပါဟု ဆိုသည်။ ကျွန်မသည် အင်္ဂလိပ်စကားကို လည်လည်ဝယ်ဝယ် ပြောတတ်သူ မဟုတ်ပါ။ ဒါပေမယ့် ကျွန်မ တတ်သလောက် မှတ်သလောက် ပြောပြလိုက်ပါသည်။

'စာတမ်းကို သဘောကျပါသည်။ ဒါပေမယ့် အမေရိကန်ဆိုသော စကားလုံးကို ပြင်လိုကြောင်း၊ မည်သည့်တိုင်းပြည်က ဦးဆောင်သည်ဖြစ်စေ၊ ညီသည့်ပုံစံနှင့်လာလာ နယ်ချဲ့ဝါဒ၊ နယ်ချဲ့စနစ် ဟူသမျှကို တိုက်ဖျက်ရမည် ဖြစ်ကြောင်း'

ကျွန်မက ရှင်းပြပါသည်။ ဦးဆောင်တင်သွင်းသောတိုင်းပြည်မှ ကျွန်မ ကို လာ၍ ဆွေးနွေးသော သူမှာ ရှုံးရှုံးရှားရှားနှင့် ဒေါသတွေ ဖြစ်လိုက်သည်မှာ ချမ်းမျက်ဆင်းပျက်ပါပင်တည်း။ ကျွန်မ ကံကောင်းပါသည်။ အာဖရိက ပြည်ငယ် တစ်ခုမှ အင်္ဂလိပ်စကား လည်လည်ဝယ်ဝယ် ပြောတတ်သူတစ်ယောက်၏ ထောက်ခံချက်ကိုမူ ဦးဆောင်သော တိုင်းပြည်ကိုယ်စားလှယ်က ထောက်ခံ

www.burmeseclassic.com



သည့်အပြင် 'စပိုင်၊ စပိုင်၊ အမေရိကန် စပိုင်' ဆိုပြီး အခန်းထဲမှ ထွက်သွ
စေပါသည်။

ကျွန်မတို့ တိုင်းငယ်ပြည်ငယ်လေးများမှာ နယ်ချဲ့စနစ်အောက်မှ လွ
မြောက်ခါစ ဘာမှ ပြည့်စုံမှု မရှိသေးသော ပျော့ညံ့ချက်ကို ကိုင်ကာ တိုင်းကြ
ပြည်ကြီးများက ဝါဒရေးရာအရ အတင်းအကြပ် လွှမ်းမိုးမှုမျိုးကို ကျွန်မ လက
မခံနိုင်ပါ။ အခါအားလျော်စွာ အခြေအနေအရ ကျွန်မတို့သည် လွတ်လပ်စွ
ကြားနေရေးဝါဒကို လက်ကိုင်ထားနေရသော တိုင်းပြည်ငယ်တစ်ခုဖြစ်ရာ H
Master's Voice ဆိုသော သူ့သခင်အသံအတိုင်း လွတ်လပ်ရေးရမှ ပြ
ဆောက်ရသော အဖြစ်မျိုးကို မလိုလားပါ။

အခုနတော့ ကိုကိုမောင်သည် ကျွန်မ ရင်ထဲမှ မချေနပ် ကန့်ကွ
လိုသည်ကို ခြယ်လှယ်တင်ပြရာ၌ ကျွန်မ စိတ်ကူးထဲမှ ဖန်ဆင်းထားသေ
ဇာတ်ကောင်တစ်ယောက်ပါပင်တည်း။

တိုင်းငယ်ပြည်ငယ်များသည် မည်သည့်နောင်ကြိုးမှ အတည်းမခံ
အင်အားကြီးနိုင်ငံများ၏ စေတနာ၊ မေတ္တာနှင့် ကူညီမှုကို ခံယူရပါလျှ
ကမ္ဘာကြီး၏ သာယာဖွံ့ဖြိုးမှုမှာ လျင်မြန်နိုင်မည် ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်
မပတ်သက်စတမ်း အထီးကျန်ဝါဒ (Isolated Policy) ဆိုသည်မှာ ယခုခေ
တွင် မဖြစ်နိုင်ပြီ ဖြစ်သောကြောင့် ကျွန်မတို့လို တိုင်းငယ်ပြည်ငယ်များအနေ
သန့်စင်သော မေတ္တာတရားကိုသာ အားထားရာ ရှိပါသတည်း။

(လုံမလေးမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉

# ပန်းများကို ပွင့်စေသူ

'ခံစားမှုမရှိဘဲ ကျွန်မ စာမရေးတတ်ပါ' ဟု ကျွန်မ တစ်ခါက ပြောကြားခဲ့ပါသည်။ ဟုတ်ပါ၏။ ရင်ထဲမှ ခံစားမှု ဝေဒနာ ပြင်းထန်လာမှ ကျွန်မ စာရေးခဲ့ပါသည်။ ကျွန်မ၏ စာဖတ်ပရိသတ်သည်လည်း ကျွန်မ၏ ဝတ္ထုကို ဖတ်ရာတွင် ကျွန်မကဲ့သို့ ထပ်တူထပ်မျှနီးနီး ဝေဒနာ ခံစားကြရသည်။

ဆရာဇော်ဂျီ၏ အဆိုအမိန့်ကတော့ ရသစာပေမှာ ခံစားချက်တွင် စေတနာက စွက်ဖက်ပါလာသည်။ စာရေးသူ၏ စေတနာကောင်းက ရသ စာပေကို အရည်အသွေး တောက်ပလာအောင် မွမ်းမံခြယ်လှယ်ပေး၏ ဟု ဆိုသည်။ ဆရာ့အဆိုအမိန့်နှင့်ဆိုလျှင် ကျွန်မသည် 'ပန်းများကို ပွင့်စေသူ' ဝတ္ထုကို ရေးရာတွင် ခံစားမှုကို ရှေ့တန်းတင်ခဲ့သည်ဟု ဆိုရမည်။ 'ကျွန်မ စေတနာဟာ ဘာလဲ' ဟု ကျွန်မကိုယ်ကျွန်မ စစ်ကြောမေးမြန်းမိ၏။ ဝတ္ထုကို ရေးပြီး စာဖတ်ပရိသတ်လက်သို့ ပို့ပြီးမှ ကျွန်မစေတနာကို ကျွန်မ စစ်ကြော မိသည် ဟုဆိုလျှင် ပို၍ မှန်ပါသည်။

ကျွန်မ ရေးနေကျဝတ္ထုများ၏ ဇာတ်ကောင်စရိုက်များအနက် 'ပန်းများ ကို ပွင့်စေသူ'၏ အဓိကဇာတ်ကောင် ဦးထင်ပေါ်၏ စရိုက်မှာ ထူးခြား၍ ကြောက်မက်ဖွယ်ကောင်းပါသည်။ ဒီဇာတ်ကောင် ပါဝင်ရာ ဝတ္ထုကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားသည့်နေရာမှာ အေးမြတိတ်ဆိတ်လှသော ကလောမြို့လေးမှာ ဖြစ်သည်။ ကျွန်မ၏ချစ်သူ ထိုစဉ်က ဗိုလ်ကြီးဘဝတွင် ရှိသေး၏။ စစ်ဦးစီး တက္ကသိုလ် တက်ရောက်ရန် ကလောသို့ အသွားတွင် ကျွန်မကို လိုက်ပါရန် ခေါ်ယူခဲ့ပါသည်။ ကျွန်မသည်လည်း အိန္ဒိယ (အာရောဂျ)မှ ဆေးကုအပြန် အနားယူဖို့ လိုအပ်၍ အလုပ်မဝင်ဘဲ ကလောကို သူနှင့်အတူ လိုက်ခဲ့ပါသည်။

ကလော၏ အေးမြသောရက်များ၊ တိတ်ဆိတ်သောညများသည် ကျွန်မ၏ ဝတ္ထုရေးလိုသော သမာဓိ အင်အားကို ပေးစွမ်းကြသည် ထင်ပါသည်။ ကျွန်မမှာ ဈာန်ဝင်၍ 'ပန်းများကို ပွင့်စေသူ' ဝတ္ထုကို ရေးဖြစ်ခဲ့သည်။ ဈာန်ဆိုသည်မှာ 'စူးစိုက်သမှု ကပ်၍ရှု ဈာန်ဟု ခေါ်လေသည်'ဟု ဖွင့်ခဲ့ကြသည်။

သို့သော် ယခုအခါမှာ ကျွန်မသည် စာဖတ်သူတို့၏ ထင်မြင်ချက်နှင့် ကျွန်မ၏ ခံစားချက်တို့ကို ပြန်လည်လေ့လာ စိစစ်သောအခါ ကျွန်မ မွေးဖွားခဲ့သော ပန်းများကို ပွင့်စေသူမှာ ဘီလူး ဖြစ်နေသည်ကို တွေ့ရသည်။

အဓိကဇာတ်ဆောင်မှာ ဦးထင်ပေါ်ဖြစ်၍ ဒုတိယ အရေးပါဆုံးမှာ မခင်သိုက်ဖြစ်သည်။ ပဲခူးမှာ နေစဉ်က သူတို့နှစ်ဦး ငယ်သူငယ်ချင်း ကျောင်းနေဖက်များ ဖြစ်ကြသည်။ ရန်ကုန်မှာ အိမ်နီးချင်းအဖြစ်နှင့် ပြန်လည်တွေ့ဆုံသောအခါ ဦးထင်ပေါ်သည် ဇနီးဖြစ်သူ မမြမေနှင့် ကွဲကွာပြီး တစ်ယောက်တည်း ဝတ္ထုလစ်လပ်မပေါ်မှ ခြံကြီးတွင် နေထိုင်ချိန်ဖြစ်သည်။ မမြမေမှာလည်း မခင်သိုက်နှင့် ကျောင်းနေဖက် ဖြစ်သည်။ မခင်သိုက်က အပျိုကြီး ဆရာမ ဖြစ်သည်။ တစ်နေ့ မမြမေနှင့် ဗိုလ်ချုပ်ဈေးတွင် တွေ့ရာမှ မခင်သိုက်က အိမ်လည် ခေါ်ခဲ့သည်။ ထိုအချိန်မှာမှ ဦးထင်ပေါ်အကြောင်းကို စတင်သိရသည်။ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်စဉ်က ဦးထင်ပေါ်သည် အေးဆေးနိုးသားသူ ဖြစ်ခဲ့သည်။ ယခု မမြမေတွင် ကလေးနှစ်ယောက် ရချိန်၌ လင်မယား ကွဲကွာသော်လည်း မမြမေကို ဘာကြောင့် ကွာသည်ကို မမြမေက မသိဟု ဆိုသည်။ မမြမေက သူနှင့် ပေါင်းသင်းစဉ်က ချောက်မှာ ဖြစ်ခဲ့သော အဖြစ် တစ်ခုကို ပြန်လည် ပြောပြသည်။

ချောက်တွင် ထိုစဉ်က အင်္ဂလိပ်မျက်နှာဖြူများ၏ ယဉ်ကျေးမှုဓလေ့ ရင်ချင်းအပ် ကပွဲများ ခေတ်စားချိန်ဖြစ်သည်။ ဦးထင်ပေါ်သည် ထိုကပွဲများကို တက်ရင်း ရင်းနှီးသွားသော အရာရှိတစ်ယောက်၏ မိန်းမအိမ်ကို ဝင်ထွက် ဆက်ဆံနေခဲ့သည်။ ထိုမိန်းမက နောက်ဆုံး အိမ်ပေါ်မှ ဆင်းကာ သူ့ထံသို့



လိုက်လာချိန်တွင် ထိုမိန်းမသည် သူနှင့် လုံးဝ မပတ်သက်ဟု 'ဘူး' ခံ ငြင်းပယ်ခဲ့သည်။ ရန်ကုန်ရောက်ချိန်တွင်လည်း တာဝန်ရဲရဲ မယူရဲသော ပြည်သူ့ ဝန်ထမ်းတစ်ယောက် ဖြစ်နေကြောင်း၊ ဂေါက်ရိုက်၊ မာကျောက်ပွဲနှင့် အချိန်ကုန် ခဲ့ကြောင်း၊ သို့သော် သူ ချစ်၍ ယူခဲ့သောကြောင့် သူသည်းခံ ပေါင်းသင်းလာခဲ့ သော်လည်း အကြောင်းတစ်စုံတစ်ရာ မပြဘဲ သူ့ကို ကွာရှင်းခဲ့သည်ဟု မမြမေ က ပြောပြသည်။

မခင်သိုက်မှာ ကျောင်းသားဘဝမှ ကွဲကွာသွားကြပြီး ယခု အသက် မွေးဝမ်းကျောင်း လုပ်ငန်းကိုင်ငန်းများကို လုပ်ကိုင်သောအချိန်ရောက်မှ နောက်ပိုင်းတွင် ဦးထင်ပေါ်၏အကြောင်းကို ပထမဆုံး သိရသည်။ သူနှင့် အတူနေသော ကြီးကြီးထံမှ ဦးထင်ပေါ်အကြောင်း တစ်စွန်းတစ်စ သိခဲ့ရသည် မှာတော့ ဦးထင်ပေါ်၏ဖခင် ဦးအောင်ကျော်မှာ စပါးအဝယ်တော်ဖြစ်သည်။ ဆန်စက်ပိုင်ရှင် ဦးပြုံးချို၏ဇနီး ဒေါ်မြရင်ကို ခိုးယူပေါင်းသင်းခဲ့သည်။ ဦးပြုံးချိုမှာ စီးပွားရေးကို စွန့်ကာ ဘုန်းကြီး ဝတ်သွားသည်။ ဦးအောင်ကျော်၏ မယား အကြီး ဦးထင်ပေါ်၏အမေမှာ စိတ်ဓာနှင့် ကွယ်လွန်ခဲ့၍ ဦးထင်ပေါ်သည် ငယ်စဉ်က အဒေါ်နှင့် လိုက်နေကာ ပညာသင်ခဲ့ရသည်။

ချောက်က မိန်းမကိစ္စကိုတော့ မိတ်ဆွေများ ပြောပြ၍ သိရသည်မှာ ကပွဲကရန် အမျိုးသမီးကို ခေါ်ရာမှ အရာရှိတစ်ယောက်နှင့် ဦးထင်ပေါ်တို့ စကားများကြသည်။ ဦးထင်ပေါ်ကို အရာရှိက လူပုံအလယ်တွင် အရှက်ခွဲ မှုချ ပြောဆိုသည်ကို တစ်လုံးမှ ပြန်မပြောဘဲ ငြိမ်ခံနေသည်။ ပြီးတော့မှ အရာရှိမိန်းမထံသို့ သွားလာဆက်ဆံရအောင် လုပ်ပြီး ထိုမိန်းမက လိုက်လာ ချိန်တွင် သူက ဘာမှ မပတ်သက်သလို 'ဘူး'ခံ ငြင်းလိုက်၍ ထိုမိန်းမ အရှက် ရခဲ့သည်။ အရာရှိမှာတော့ တနုံ့နုံ့ ခံစားနေရတော့သည်။ မခင်သိုက် စုံစမ်း ရသမျှတော့ ဦးထင်ပေါ်အကြောင်းမှာ ထိုမျှသာဖြစ်သည်။

ရန်ကုန်တွင် ပြန်တွေ့ချိန်မှာတော့ ဦးထင်ပေါ်သည် ရည်မွန်သည်။ စကား အပြောကောင်းသည်၊ ရုပ်ရည်ကလည်း ခန့်ညားသည်။ နံနက်တိုင်း မြင်းစီးထွက်ရင်း မခင်သိုက်တို့ထံသို့ ဝင်ရောက်တတ်သည်။ သူ့ခြံထဲမှ [illegible] ကို မခင်သိုက်ထံ အမြဲပို့ပေးသည်။ တစ်နေ့တွင် သူ့အိမ်နီးချင်း [illegible] သစ်ထုတ်လုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် သားများပါ ဦး[illegible]ပေါ်နှင့်အတူ မြင်းစီးရင်း မခင်သိုက်တို့ခြံသို့ ဝင်ရောက်လာကြသည်။ ဦးထင်ပေါ် စိတ်[illegible]

www.burmeseclassic.com



ပေး၍ မခင်သိုက်နှင့် ဦးဝင်းမောင်၏သားများဖြစ်ကြသော ဝင်းမြင့်အောင်၊ ဝင်းမြင့်နိုင်တို့နှင့် မိတ်ဆွေ ဖြစ်ခဲ့ရသည်။

နောက်နေ့များတွင် မြင်းစီးထွက်စဉ် ဦးထင်ပေါ်နှင့် ဦးဝင်းမောင်တို့ ရောက်လာကြပြီး ဦးထင်ပေါ်က မခင်သိုက်နှင့် စကားပြောနေရစ်ကာ ဦးဝင်းမောင်တို့ သားအဖ မြင်းစီး ထွက်သွားကြသည်။ မကြာခင် ဦးဝင်းမောင်အိမ်မှ တပည့်တစ်ယောက်က လာရောက်ပြောကြားသည်။ မြင်းစီးသွားရင်း သားကြီး ဝင်းမြင့်အောင် မြင်းပေါ်မှ လိမ့်ကျကြောင်း၊ မြေပေါ် လဲနေသော ဝင်းမြင့်အောင်ကို မြင်းက တက်နင်း၍ ဆေးရုံသို့ ခေါ်သွားရကြောင်း ပြောလာသည်။

ဦးထင်ပေါ်နှင့် မခင်သိုက်တို့ ဆေးရုံလိုက်သွားကြသည်။ ဝင်းမြင့်အောင် အခြေအနေမှာ မကောင်း။ ဆေးရုံမှဆင်းချိန်တွင် အောက်ပိုင်းသေသွား၍ အိပ်ရာထဲမှာ နေရသည်။

တစ်နေ့ ဦးထင်ပေါ်က ထမင်းစား ဖိတ်၍ မခင်သိုက်နှင့် သူကြီးကြီး သွားကြသည်။ ဦးထင်ပေါ်၏အိမ်မှာ ခမ်းနားကျယ်ဝန်းသည့်ထက် သူ့ပန်းခြံက ပို၍ စိတ်ဝင်စားစရာ ဖြစ်သည်။ ပန်းမျိုးစုံ စိုက်ပျိုးထားရုံမက ထူးဆန်းသော ပန်းမျိုးများလည်း ရှိသည်။ တစ်ပြိုင်နက်ပွင့်တတ်သော ပန်းသုံးမျိုးတို့ ဆောင်းဦးတွင် ပွင့်ချိန်ဖြစ်၍ ပန်းစင်များတွင် နှင်းများ ဝေနေသလို ဖွေးဖွေး လှုပ်နေသည်။ ရာသီမတူပန်းများကို Green House ခေါ် မှန်အိမ်တွင် ထည့်၍ ပန်းနှင့် သင့်သောအပူရှိန်ပေးကာ ပွင့်စေသည်။ ထူးဆန်းသော Moon Flower ခေါ် ပန်းတစ်မျိုးနှင့် အပူပိုင်းဇုံတွင် ရှင်သန်သည်ဆိုသော ဆူးပင်တစ်မျိုးမှ အပွင့်ကိုလည်း မခင်သိုက် တွေ့ခဲ့ရသည်။

'အခါမဟုတ်ဘူးလို့တော့ မငြင်းလေနဲ့၊ ကျွန်တော့ခြံမှာ အခါ ဟုတ်ဟုတ် မဟုတ်ဟုတ် ကျွန်တော်က ပွင့်စေချင်ရင် ပန်းတိုင်း ပွင့်ရပေမပေါ့'

ဟု ဦးထင်ပေါ်က ပြောသည်။

'ဒါဖြင့် ရှင်က ပန်းတိုင်းကို ပွင့်စေသူပေါ့'

မခင်သိုက်က ကင်ပွန်းတပ်လိုက်သည်။ သို့သော် ထိုနေ့က Green House အတွင်းမှ တွေ့ခဲ့သော ဆူးပင်အကြောင်းကို ဦးထင်ပေါ် ပြောပြရာတွင် မခင်သိုက်က သံသယ ဝင်ခဲ့သည်။

ထိုဆူးပင်မှ အရွက်ကို စားမိလျှင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ စိတ်ရူးပေါက်တတ်ကြောင်း ဦးထင်ပေါ်က ပြောပြသည်။ မခင်သိုက်ခေါင်းထဲမှာ



ရုတ်တရက် ဝင်းမြင့်အောင်ကို သတိရလိုက်သည်။ အင်မတန် အေးခင်ကို ချစ်သော ယဉ်ပါးနေသည့် မြင်းမှာ ထိုနေ့နံနက်တွင် ခုန်ပေါက်ကာ သခင်ကို ခါချ တက်နင်းမိသည်မှာ ထိုအရွက်ကို မြင်း စားမိလေသလား။ သို့သော် သူ့တွေးခေါ်မှုမှာ အထောက်အထား ခိုင်ခိုင်လုံလုံ မရှိခဲ့။

ဝင်းမြင့်အောင်ထံသို့ ခဏခဏ သွားရာတွင် ကာလေးအဖြစ်ကို ကြည့်ရင်း မခင်သိုက် စိတ်ဆင်းရဲမိသည်။ ဦးထင်ပေါ်ကိုမူ ဝင်းမြင့်အောင်နားတွင် ပန်းချီဆွဲပြနေသည်ကို မြင်ခဲ့ရသည်။

ဦးထင်ပေါ် မွေးနေ့တွင် မခင်သိုက်တို့ တူဝရီး သွားရောက်၍ အိမ်ရှင် အနေနှင့် ကူညီစည်ခံခဲ့ကြသည်။ မခင်သိုက်မွေးနေ့မှာလည်း ဦးထင်ပေါ် လာရောက်၍ လက်ဆောင်ပေးသည်။ ကြီးကြီးဖြစ်သူ ဘုရားသွားချိန်ဖြစ်၍ ဦးထင်ပေါ်က စကား အေးအေးဆေးဆေး ပြောနေသည်။ သူသည် ပထမဆုံး မမြမေနှင့်ကိစ္စကို ပြောပြသည်။

သူ့ဖခင်ဦးအောင်ကျော်သည် ဦးပြုံးချိုဖနီး ဒေါ်မြရင်ကို ယူခဲ့ကြောင်း၊ သူ့မိခင်မှာလည်း ကွယ်လွန်၍ သူသည် အဒေါ်ဖြစ်သူနှင့် အတူနေကာ ကျောင်းတက်ခဲ့ရကြောင်း၊ သူ့ဖခင်ကို ပဲခူးအသိုင်းအဝိုင်းမှ လူမှုရေးသာမက စီးပွားရေးပါ ဝိုင်းပယ်ကြ၍ သူ့အဖေမှာ နောက်ဆုံး စီးပွားရေး ပျက်ပြားပြီး စိတ်ဓာတ်နှင့် ကွယ်လွန်ခဲ့ကြောင်း၊ သူ့အဖေက သူ့ကို မသေခင် အားလုံး ပြောပြခဲ့ကြောင်း၊ ဦးအောင်ကျော်ကို အသိုင်းအဝိုင်းမှ ဝိုင်းပယ်ဖို့ ဦးဆောင်လှုံ့ဆော်သူမှာ မမြမေ၏ အဖေဖြစ်ကြောင်း။

'အဲဒီကတည်းက ကျွန်တော်ဟာ သိဝ်လက်စားချေချင်တာပဲ။ စစ်ဖြစ်မယ်ဆိုတော့ သူ့အဖေက မမာနေပြီ။ ကျွန်တော်က ပဲခူးမှာ နယ်ပိုင်၊ ကျွန်တော် မရ ,ရတဲ့နည်းနဲ့လုပ်လို့ မမြမေကို ရခဲ့တယ်၊ အဲဒီတုန်းက ကာလပျက်ခါနီးဆိုတော့ ခြောက်လို့လှန့်လို့ သိပ်ကောင်းတာပဲ။ ခင်ဗျား မမြမေ ကလဲ ကျွန်တော့ဘက် ပါတယ်။ အရေးအကြီးဆုံးက မမြမေပဲ။ သူ့ ကျွန်တော့ကို ချစ်အောင်လုပ်ပြီး ဒီခလုတ်ကို ပိုင်အောင်နှိပ်ထားတော့ ပြီးရောတာ ပေါ့။ ဒါပေမယ့် ကျုပ် ချစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ဘူး။ လက်စား ချေချင် လို့။ အဲဒီကတည်းက အာဃာတ ဆိုတဲ့ အရသာကို ကျုပ် မြည်းစားကြည့်ခဲ့တယ်'

မမြမေအဖေမှာ သူ့ ရှုံ့ချမုန်းတီးသော ဦးအောင်ကျော်၏သားဖြစ်သူ ဦးထင်ပေါ်နှင့်မှ သူ့သမီး ညားသွားရသည်ကို စိတ်မချမ်းမသာဖြစ်ကာ ထရှိုင်

www.burmeseclassic.com



မိတ္တူဝေဒနာ ခံစားနေရသည်။

'တစ်ခါတလေ လောကကြီးမှာ လူဆိုးဆိုတဲ့ လူတွေဟာ ပင်ကိုက ဆိုးချင်တာ မဟုတ်ဘူး။ ဘေးက ဖိလာတဲ့ဒဏ်ကို ပြန်ပြီး ခံချရင်းနဲ့ ဆိုးဆိုး လာရတယ်။ အပြစ်တွေကို ကျူးလွန်လာရတယ်။ ခင်ဗျားဘဝက ရိုးရိုးနဲ့ အေးအေးလေးရယ်။ ကျွန်တော်တို့ကျတော့ ငြိမ်ခံနေရင် ပတ်ဝန်းကျင်က ဝိုင်းနှစ်လိုက်မှာပေါ့။ မြုပ်သွားမှာပေါ့။ တစ်ယောက်က မြှုခဲ့တဲ့အမှုကို ငုံ့ခံလိုက်ရင် သံသရာက ပြတ်သွားမှာပေါ့။ သံသရာ ဆိုတာ မဆုံးရဘူးလေ။ မပြတ်ရဘူး။ အစဉ် လည်သွားရမယ်။ ကျွန်တော်က ရှုံးသွားရင်လဲ လိုမ့်ခံမယ်၊ ကျွန်တော် နိုင်တဲ့အလှည့်ကျရင်လဲ ဟဲဟဲ...ခါးစည်းခံကြပေတော့'

ကြောက်မက်ဖွယ်ရာ အာဃာတ ကြီးမားသော ဦးထင်ပေါ်၏ စကားလုံးများကြောင့် မခင်သိုက်က သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းတရားကို ဟောပြ၏။ သို့သော် ဦးထင်ပေါ်က–

'ကျွန်တော့ကိုချည်း သိပ်တရားပြမနေနဲ့ ဆရာမကြီးရဲ့၊ သူတို့ လျှမ်းလျှမ်းတောက်ခဲ့တဲ့အချိန်တုန်းကတော့ မောင်ထင်ပေါ်တို့သားအဖ သနားစရာကောင်းလှချည်ရဲ့လို့ ငဲ့မျှား ငဲ့ခဲ့ကြသလား။ လူတစ်ယောက်မှာ စားကွက် မရှိအောင်၊ အပေါင်းအသင်းက ဝိုင်းပယ်အောင်လုပ်တယ်ဆိုတာ နလောက် ဆိုးတာမရှိတော့ဘူး။ သူတို့အလှည့်တုန်းကလည်း ကျုပ်အဖေကို ခွေးကျ ကျအောင် လုပ်ခဲ့တယ်။ ကျုပ်ဟာ စာသင်ရင်း ကသီလင်တဖြစ်လို့ အဒေါ်က ဆက်လက်ထောက်ပံ့ရတယ်။ မိထွေး အသက်ရှင်စဉ်မှာ ငွေကို အဖေ့လက်ဖျားနဲ့ အတို့ မခံဘူး။ သူများထင်သလို ကျုပ်အဖေဟာ သိုက်တူးတဲ့သူ မဟုတ်ဘူး။ အခု ကျုပ် ထောင်လာပြီလေ။ ကျုပ်အလှည့် ရောက်လာပြီ။ အလှည့်ကျရင် မနွဲ့ရဘူးပေါ့'

ဦးထင်ပေါ်က ပေဖြစ်ရင်ခံ တူဖြစ်ရင်နှံ ဟူသော ပါဒကို ကြေညာရင်း ဝင်းမြင့်အောင်ကိစ္စကိုလည်း ဖွင့်ဟဝန်ခံသည်။ ဦးဝင်းမောင်တို့ ဦးထင်ပေါ် ခြံနား ပြောင်းလာစက ဝင်းခြံခတ်ရန် မြေတိုင်းကိစ္စ ဖြစ်လာသည်။ ဦးဝင်းမောင် မြေ ဦးထင်ပေါ်ခြံထဲ ပါနေသည်။ ရိုးရိုးညှိနှိုင်းပြော၍ ရပါလျက်နှင့်ပင် ဦးဝင်းမောင်ကတော် ဒေါ်တင်တင်ဦးက ရိုးရိုးမပြော။ အဖေလုပ်သူက သူများ မယား သူခိုး။ သားကလည်း သူခိုးသားမို့ မြေခိုးသည် ဟူ၍ ရိုင်းရိုင်းပျပျ ပြောဆိုစွပ်စွဲခဲ့သည်။ ဦးထင်ပေါ်အဖေ ဦးအောင်ကျော်၊ ဒေါ်မြရင်ကိစ္စဖြစ်စဉ်က



ဒေါ်တင်တင်ဦး မိဘများမှာ လယ်ဝန်ဖြစ်၍ ဦးအောင်ကျော်ကိစ္စကို သိကြသည်။

'ယောင်တတတ်တဲ့သူကို ခွအားထိရင် ထတိုးမိသလိုပဲ၊ ကျွန်တော်တော့ အကျင့် ဖြစ်နေပြီ၊ ကျွန်တော့အဖေကို နိုက်မပြောနဲ့၊ ပြောလိုက်ရင် ကျွန်တော် ချမှာပဲ။ ခုတော့ ကျွန်တော့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ရင်လည်း ကျွန်တော့ကို ထိခိုက်အောင်လုပ်သမျှ ကျွန်တော် လက်စားချေမှာပဲ'

ဦးထင်ပေါ် ပြောသည်ကို နားထောင်ရင်း မခင်သိုက်က–

'ကဲ...ကလဲ့စားချေချင်တဲ့အကျင့်ကို ဖျောက်မရဘူး ထားပါတော့။ ဒါပေမယ့် ကိုထင်ပေါ် ဖြစ်တဲ့ကိစ္စတွေက လူကြီးချင်း မကျေမနပ် ဖြစ်ကြတာ၊ ဘယ်သူ တရားတယ်၊ ဘယ်သူ မတရားဘူးလဲလို့ မဆိုလိုပါဘူး။ ဒါပေမယ့် ကိုယ် မကျေနပ်သူကို သတ်ပစ်တာမှ တော်ဦးမယ်။ ခုလို အပြစ်မဲ့တဲ့ မိန်းမတွေ၊ ကလေးတွေအပေါ်မှာ ဘာလို့ ပြစ်ဒဏ်ကို ပုံချချင်ရတာလဲ။ သူတို့ဟာ တခြား လူတွေရဲ့ ဆိုးဝါးယုတ်မာတာတွေကို ခေါင်းထိုးပြီး ခံရရှာတာ၊ ရှင့် မသနား ဘူးလား'

ဟု ပြောလိုက်သည်။

'ခက်သားဗျာလား မခင်သိုက်၊ ကျွန်တော်က သေတာကို မလိုချင်ဘူး။ သေတယ်ဆိုတာ ဒုက္ခတစ်ခု၊ ခဏတစ်ခုက လွတ်မြောက်သွားတာ၊ လက်စား ချေတယ် ဆိုကတည်းက ဒုက္ခကို လွတ်စေချင်လို့မှ မဟုတ်ပဲ၊ အမြဲမပြတ် ခံစေချင်လို့။ ကျွန်တော့အဖေ တလှိမ့်လှိမ့် ခံရသလို သူတို့တစ်တွေဟာလဲ သူတို့ရဲ့ဒိဋ္ဌမိ၊ သူတို့ကလေးတွေ မချိတရိ ဖြစ်နေတဲ့ ဝေဒနာကိုကြည့်ပြီး တလှိမ့်လှိမ့် ခံစားနေရမှ ကျွန်တော် ကျေနပ်မယ်၊ ခုဟာလေ ဖေဖေနဲ့ ပတ်သက်သက် မပတ်သက်သက် ကျွန်တော် လက်စားချေဖို့ အကျင့်ပါနေပြီ'

မခင်သိုက်မှာ ကြားရသော စကားများအတွက် ထိတ်လန့်တုန်လှုပ် မိသည်။

'ကျွန်တော်နဲ့ စကားပြောရတာ မခင်သိုက် ပင်ပန်းနေပြီလား။ ကျွန်တော့်အဖို့လဲ မသက်သာပါဘူး။ ကျွန်တော့်အပြုအမူတွေမှာ အခုလို ယှဉ်ပြိုင်ပြီး ကလဲ့စားချေရတာကို ကျွန်တော် သိပ်သာယာတယ်လို့ မခင်သိုက် ထင်သလား။ ဒီမှာ မခင်သိုက်၊ 'အသည်းခွဲတမ်း' ကစားတဲ့နေရာမှာ ဘယ်သူမှ မနိုင်ဘူး။ သူများအသည်းကို ကွဲအောင်ခွဲရတဲ့ ကျွန်တော့အသည်းနှလုံးတစ်ခု ဘာမို့လို့လဲ၊ ကွဲလုနီးနီး ရင်နာရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဦးထင်ပေါ်သည် အကြောင်းစုံပြောပြီး ကိုယ့်လည်ပင်းကိုယ် ကြိုးတပ်ရမည့်ကိစ္စကို မခင်သိုက်အား သူ ဖွင့်ဟဝန်ခံခြင်းမှာ သူ အမြတ်နိုးဆုံး၊ အချစ်ဆုံး မိန်းမတစ်ယောက်ဖြစ်၍ ဟု ပြောလိုက်၏။

'ဒီတော့ ကိုယ် အင်မတန်မြတ်နိုးပြီး ချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ အပေါ်မှာ လိမ်ဖို့၊ ဖုံးကွယ်ထားဖို့ကိစ္စတွေဟာ မရှိအပ်ဘူးလို့ ကျွန်တော်ယူဆတယ်။ အထူးသဖြင့် အပြစ်ရှိရင် သာပြီး ဖုံးကွယ်ထားဖို့ မသင့်သေးတယ်'

ဟု သူ့ ခံယူချက်ကို ပြောပြသည်။ မခင်သိုက်က ဦးထင်ပေါ် ကျူးလွန်ခဲ့သည့်အပြစ်များမှာ ရာဇဝတ်မှုဖြစ်၍ ရာဇဝတ်မှုကို ကျူးလွန်ခဲ့သူအား ချစ်မိလျှင် အလိုတူ အလိုပါ အားပေးရာ မရောက်ဘူးလား ဟုမေးသည်။

'မခင်သိုက်က ရာဇဝတ်မှုလို့ ဘယ်လိုပဲဆိုဆို ကျွန်တော့်အချစ်ဆုံးသူက တပ်တဲ့ကြိုးကွင်းတော့ ကျွန်တော် အစွပ်ခံရပါတယ်'

နောက်ဆုံး ဦးထင်ပေါ်က မိမိ၏ လျှို့ဝှက်ချက်များ၊ လုပ်သမျှများကို ဖွင့်ဟဝန်ခံပြီး၍ အားလုံးသိနေသော မိန်းမတစ်ယောက်ကို သူ လက်လွှတ်မခံနိုင်ကြောင်း။ သူသည် ဆေးကောလိပ်မှာ ပညာသင်စဉ်က အမြဲလို ပထမ ရခဲ့ပေမယ့် သူ လိုချင်သည်မှာ အာဏာဖြစ်၍ ဆေးကျောင်းမှထွက်ကာ ဘီစီအက်စ် စာမေးပွဲဝင်ဖြေပြီး အရာရှိ လုပ်ခဲ့ကြောင်း၊ သူ့စွမ်းရည် ဓာတ်သည်ကို ဆရာများကသိ၍ ဆေးကျောင်းမှထွက်ချိန်တွင် ဆရာများက ဝမ်းနည်းကြကြောင်း ပြောပြသည်။ မခင်သိုက်က–

'ရှင့်စွမ်းရည်ကို သိပါတယ်၊ ကျွန်မ ယုံကြည်ပါတယ်၊ အဲဒီအစွမ်းတွေနဲ့ လူသားတွေ အကျိုးရှိအောင်လုပ်နိုင်ရင် ရှင်ဟာ ဘယ်လောက်ကောင်းလိုက်မလဲ၊ ခုတော့ ရှင် ပွင့်စေတဲ့ပန်းတွေဟာ အဆိပ်ပန်းတွေ၊ ညှီညှီ တောက်နေတဲ့ အငြိုးပန်းတွေ၊ အမုန်းပန်းတွေ'

မခင်သိုက် စကားမဆုံးခင်–

'ခင်ဗျားအပေါ်မှာတော့ အချစ်ပန်းပဲ ပွင့်ပါတယ်'

ဆိုကာ သူ့ အမြတ်နိုးဆုံးသူကို ပေးရန် ရည်ရွယ်ထားသော စိန်လက်စွပ်ကို မခင်သိုက်လက်ကို ဆွဲကာ ဝတ်ပေးခဲ့သည်။ မခင်သိုက်က လက်ကို ရုန်းကာ လက်စွပ်ကို အဝေးသို့ လွှင့်ပစ်လိုက်စဉ် သူ့ကြီးကြီး ပြန်ရောက်လာ၏။

'မခင်သိုက် လက်စွပ်ကို ပြန်ကောက်ထားလိုက်ဦး၊ ကျွန်တော်ကြီးကြီးကို တံခါးသွားဖွင့်ပေးဦးမယ်'



မခင်သိုက်သည် လက်စွပ်ကို ကမန်းကတန်း ကောက်ယူကာ ဆော်လီ အိတ်ထဲ ထည့်လိုက်မိသည်။

ဦးထင်ပေါ် ပြန်သွားသည်အထိ သူ စိတ်မကောင်း။ 'ရောရောဝင်ဝင် ဆက်ဆံမိ၍ ယခုလို ဖြစ်ရသည်' ဟု သူ စိတ်ဆင်းရဲနေမိသည်။ ဦးထင်ပေါ် အမိန့်ကို နာခံ၍ လက်စွပ်ကို အိတ်ထဲ ဝှက်ထားမိသည့် သူ့စိတ်ကို သူ နားမလည် ဖြစ်မိသည်။ နောက်ရက်များတွင် အနားယူရန် သူသည် ရှမ်းပြည် တောင်ပိုင်းမြို့သို့ ခရီးထွက်လာ၏။ မကြာခင်ပင် ဦးထင်ပေါ် သူ တည်းခိုရာ အိမ်သို့ရောက်လာသည်။ မခင်သိုက်ကို ကြီးကြီးကိုယ်တိုင် လာခေါ်မည့် အကြောင်း ပြောပြသည်။ မခင်သိုက်က အဓိပ္ပာယ်ကို နားမလည်။

'တီးတိုး ဖါဒဖြန့်တယ်ဆိုတာ ယုံလား၊ နိုင်ငံရေးသမားတွေ သုံးတာလေ၊ ခုလည်း မခင်သိုက် ကျွန်တော့်မွေးနေ့မှာ ညေ့ခံပေးတာတွေ ရှင်းရှင်းနီးနီး ကျွန်တော် ဝင်ထွက်ပြီး မခင်သိုက်နဲ့အတူ သွားခဲ့လာခဲ့တာတွေ ကစပြီး ကျွန်တော် လျှောက်လုပ်လိုက်တာ ကျွန်တော့်ပတ်ဝန်းကျင်မှာ မခင်သိုက်နဲ့ ကျွန်တော် ယူမယ်လို့ သတင်းလွှင့်သွားပြီ၊ ကြီးကြီးကိုလည်း ကျွန်တော့်အဒေါ် ဒေါ်ဒေါ်ခင် ကိုယ်တိုင် နားဖောက်လို့ သိသွားပြီ။ ကြီးကြီး ကလဲ သဘောတူပါတယ်တဲ့။ မခင်သိုက် ရှက်ပြီး ဒီလို ထွက်မသွားသင့်ပါဘူးတဲ့။ သူကိုယ်တိုင် မခင်သိုက်ကို လာခေါ်လိမ့်မယ်'

မခင်သိုက်မှာ ဘာမှ ပြန်မပြောနိုင်။ စိတ်ကို မထိန်းနိုင်ဘဲ ယိုသံပါအောင် အော်လိုက်ရင်း သတိလစ်သွားသည်။ သူ သတိရတော့ ကလေးမလေး နှစ်ယောက်သာ တွေ့ရသည်။ ဦးထင်ပေါ်က သူ သတိမေ့သွားစဉ် ပွေ့ယူပြီး ခုတင်ပေါ် တင်ထားကြောင်း၊ ဆရာဝန်က မြို့စုနေရာ ဦးထင်ပေါ် ထွက်သွားကြောင်း ပြောပြသည်။

မကြာခင် သူ့ကြီးကြီး ရောက်လာ၍ သူက အကျိုးအကြောင်း ရှင်းလင်း ပြောပြလိုက်၏။ ခွင့်ရက်စေ့ချိန်တွင် ရန်ကုန်ပြန်လာပြီး ကျောင်းတက်သော်လည်း ကျန်းမာရေး မကောင်းလှ။ ဦးထင်ပေါ်ကမူ လုံးဝ ပေါ်မလာတော့ပေ။ တစ်နေ့ သူ ပန်းများ ခူးနေစဉ် ဦးထင်ပေါ် အရိပ်ဘဲ အငွေ့အသွား ရောက်လာကာ ဦးထင်ပေါ် သူ့ကိုယ်သူ သေနတ်နှင့်ပစ်၍ ဆေးရုံရောက်နေကြောင်း၊ ဦးထင်ပေါ်က ခေါ်ခိုင်း၍ သူ လာခေါ်ရကြောင်း ပြောပြသည်။ မခင်သိုက်သည် ဆေးရုံကို အပြေးအလွှား လိုက်လာခဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဦးထင်ပေါ်လက်မှ သွေးသွင်းပိုက် တန်းလန်းကို ဖြုတ်လိုက်သည်ကိုသာ တွေ့ရ၏။ ဦးထင်ပေါ်မျက်နှာမှာ ဖြူသရောင် ရှိသော်လည်း သွေးအရောင် မရှိတော့ပေ။ မခင်သိုက်သည် ဦးထင်ပေါ်လက်ကို ဆုပ်ကိုင်မိ၏။ အေးစက်သော လက်များပေါ်တွင် မခင်သိုက် မျက်ရည်များ သွန်ကျနေကြသည်။

'နောက်ဆုံးအချိန်အထိ ဖေဖေက အန်တီ့ကို မေးနေပါသေးတယ်။ အန်တီ အခန်းထဲ မရောက်ခင်လေးပဲ အသက်ထွက်သွားပါတယ်'

သူ့သားငယ် ဖြစ်ဟန်တူသော ကလေးအကြီးက သူ့ကို ပြောပြ၏။ အသယ်ကောင်မှာ တရှုတ်ရှုတ် ငိုနေသည်။

'မေမေ့ကိုလဲ အကြောင်းကြားလိုက်ပါပြီ၊ ကျွန်တော်တို့ကို ကျောင်းက ခေါ်လာပြီး ဖေဖေက စာချုပ်စာတမ်းတွေ ပေးခဲ့ပါတယ်။ သေတမ်းစစ်ချက် ပေးပြီးချိန်မှာ သွေးထွက်လွန်ပြီး ဆုံးသွားရတာ၊ အန်တီ မလာသေးဘူးလား မေးပြီး ဆုံးသွားတာ'

မခင်သိုက်သည် နှုတ်ခမ်းပြတ်မတတ် ကိုက်ထားမိ၏။ နောက်နေ့ သတင်းစာများတွင် အတွင်းဝန် ဦးထင်ပေါ် ကိုယ့်ကိုယ်ကို သတ်သေသွား ကြောင်း သတင်းစာများတွင် ဖတ်ရသည်။

ဦးထင်ပေါ် ရှုသွင်းချိန်မှာ မမြမေက လှုလိုမ့်သလောက် မခင်သိုက်မှာ မျက်ရည်မကျအောင် ထိန်းရင်း ရင်ထဲမှာ ကျိတ်ဆွေးနေမိသည်။

အသုဘချပြီး အပြန်မှာ မမြမေ အိမ်သို့ မပြန်။ မခင်သိုက်အိမ်ကို လိုက်လာသည်။ မခင်သိုက်အား ဦးထင်ပေါ် မသေမီ အဖြစ်အပျက်ကို ပြောပြ သည်။ သူ့ခံနစ်ကာကိစ္စနှင့်ပတ်သက်၍ ဦးထင်ပေါ်ထံ အကူအညီ လာ တောင်းစဉ် ညသည်တစ်ယောက် ရောက်လာ၍ သူ့ကို ဦးထင်ပေါ်က အိပ်ခန်း အတွင်းရှိ အနေးထည်ထည့်သော မှန်အခန်းထဲသို့ သူ့ကို သွင်းထားကြောင်း၊ ထိုခါးပိတ်လိုက်သော်လည်း ခန်းဆီးကြားမှ ဦးထင်ပေါ် လုပ်ရပ်များ မြင်နေရ ကြောင်း၊ ညသည်မှာ မိန်းမတစ်ယောက်ဖြစ်၍ အိပ်ခန်းထဲသို့ ခေါ်သွင်းတာ ပလူးမလဲ ထုတ်ကြပြီးမှ မိန်းမကို အပြင်ခေါ်သွားကြောင်း။

'သူ ပြန်ဝင်အလာမှာ ကိုယ့်စိတ်ထဲက သိပ်မခံချင်ဖြစ်လာတယ်။ ကိုယ့်မျက်စိရှေ့မှာ တခြားမိန်းမနဲ့ သောင်းကျန်းပြတာ မခံနိုင်တာနဲ့ အိပ်ရှန်း အံဆွဲထဲက သေနတ်ဆွဲယူပြီး သူ့ကို ပစ်လိုက်တာပဲ။ သူက ချက်ချင်း လဲကျ မသွားဘူး၊ တွေတွေကြီး ရပ်ကြည့်ပြီး သေနတ်ကို လှမ်းယူတယ်။ သူက



ပြေးပြေးဆိုတာနဲ့ ကိုယ်လည်း ပြေးထွက်ခဲ့ပြီး ပဲခူး ထွက်လာတယ်။ ရဲက သေတမ်းစစ်ချက် ယူတော့ သူ့ကိုယ်သူ သတ်သေတယ်လို့ ဖြောင့်ချက်ပေး သွားတယ်တဲ့။ ကိုယ့်ကို သူ တကယ်မုန်းရင် ရဲကို ဖွင့်ပြောလိုက်မှာပေါ့။ ကိုယ် စက်တိုင်တက်ရမှာ သေချာတယ်၊ ခုတော့ ကိုယ့်ကိုယ်ကို သတ်သေမှုနဲ့ အမှုကလည်း ပိတ်လိုက်ပြီ။ ကိုယ် လွတ်သွားပြီ။ ဒီလို သူ အစစ်ခံတာဟာ ကိုယ့်ကို ချစ်နေသေးလို့ပေါ့နော်'

မမြမေမှာ ပြောရင်း တရှုတ်ရှုတ် ငိုကြွေးတော့သည်။ 'ကလေး နှစ်ယောက် ရအောင် ပေါင်းလာတာ မချစ်ဘဲ နေပါ့မလား'ဟု မခင်သိုက်က ပြောပြသည်။ မမြမေက အမှန်အတိုင်း ရဲကို သွား၍ ဖြောင့်ချက်ပေးမည်ဟု ဆိုသည်။ မခင်သိုက်က လူမမယ် ကလေးနှစ်ယောက်ကို ကျွေးမွေးပြုစုရမည့် တာဝန်ရှိသေး၍ ပြီးသည့်ကိစ္စကို ပြည်ဖုံးကား ချလိုက်ပါရန် ဖျောင်းဖျပြောဆိုကာ ဘူလစ်အိမ်သို့ ကိုယ်တိုင် ပြန်ပို့သည်။ ဦးထင်ပေါ်သည် အိမ်ကြီးကိုရော၊ ထက်ရှိပစ္စည်းများကိုပါ သားနှစ်ယောက်အမည်နှင့် ထားခဲ့သည်ကို မခင်သိုက် သိရသည်။

မခင်သိုက်အနေနှင့် ဦးထင်ပေါ် ပြုမှုပုံကို မမြမေ တွေးသလို မတွေးမိ။ ဦးထင်ပေါ် ပြောစကားများကို သူ ကြားမိသည်။

'ကျွန်တော်က သေတာကို မလိုချင်ဘူး။ ကျွန်တော့အဖေ တလိုမ့်လိုမ့် သေလို သူတို့ဟာ မသေဘဲ တမြေ့မြေ့ ဆွေး၊ တစိမ့်စိမ့် ခံရမှ ကျွန်တော် ကျေနပ်မယ်'

ထိုစကားအရ သူ ဖမှန်အတိုင်း အစစ်ခံလိုက်လျှင် မမြမေသည် အစား သေရမည်။ သူက သေခြင်းဖြင့် လက်စားချေလိုသူ မဟုတ်။ ယခုလို ကိုယ့်သူ သတ်သေသည်ဟု ဝန်ခံလိုက်ခြင်းဖြင့် မမြမေသည် အသက်ရှင်နေ မှု တမြေ့မြေ့ ဆွေးနေရမည်။ ဦးထင်ပေါ် သူ့ကို ချစ်နေသေး၍သာ မိမိ ကိုကို ကာကွယ်ခဲ့သည်ဟု မမြမေ ယူကျုံးမရ ဖြစ်နေမည်ကို သူ ကြိုတင် သိ၍ သူ့ထွက်ဆိုချက်ဖြင့် မမြမေ တမြေ့မြေ့ ဆွေးကျန်ရစ်အောင် လက်စား ချေခဲ့လေသလား။

ဒုတိယအချက်မှာ မမြမေက ဦးထင်ပေါ် သေဆုံးပြီးနောက် အတွင်း ကြောင်းကို မခင်သိုက်ထံ လာပြောမည်ကို သူ ကြိုတင်သိပြီးဖြစ်သည်။ သေခါနီး အစစ်ခံချက်အမှားကို မမြမေထံမှ မခင်သိုက် သိရလျှင်—

www.burmeseclassic.com

www.burmeseclassic.com



'မခင်သိုက်ရေ၊ ခင်ဗျားအပေါ် ကျွန်တော့် ဝန်ခံချက်တွေဟာလည်း အများချည်းပဲ'

ဟု၍ နောက်ဆုံး သူ့ကိုယ်သူ သူတော်ကောင်းကြီးအဖြစ် ကာတွ ချင်သေး၍လား၊ သူသည် သေတမ်းစစ်ချက်ကို ယခုလို ပေးသွားလေသ မခင်သိုက်က နှစ်မျိုး တွေးမိသည်။

သူ ပွင့်စေသောပန်းတို့သည် မေတ္တာဓာတ်ဖြင့်သာ ဝေဖြိုးခဲ့ပါလျှ လောကဓာတ်တစ်ခုလုံးအား ထိုပန်းလေးတို့သည် ချမ်းမြေ့ရွှင်လန်းဖွ တန်ဆာဆင်ကြမည် မလွဲပေ။

ခုတော့ သူ ပွင့်စေခဲ့သောပန်းများမှ 'အမုန်းပန်း' 'အငြိုးပ တို့ပါတကား။

မည်သို့ပင်ဆိုစေ ပန်းများကို ချစ်သူ၊ ပန်းများကို ပွင့်စေသူအ ကျွန်မတစ်သက်တွင် ဘယ်လိုပင် ကြိုးစား၍ မေ့ဖျောက်ပစ်သော်လည် မေ့နိုင်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ကျွန်မ၏ စိတ်ကလေးက 'သူ့အား ကျွ ချစ်နေမိကြောင်း' ယခုမှပင် ဖွင့်ဟဝန်ခံသောကြောင့် ဖြစ်လေသည်။

ဟု ဝတ္ထုကို ကျွန်မ အဆုံးသတ်ထားသည်။ ဝတ္ထုကို မခင်သို ပြန်ပြောဟန်နှင့် ကျွန်မ ရေးသားခဲ့သည်။ 'မွေး'၊ 'ပန်းပန်လျက်ပါ' ဝတ္ထုတို့ ရုပ်ရှင်ရိုက်ကူးဖြစ်ခဲ့၍ ကျွန်မ စာဖတ်ပရိသတ်က လက်ခံခဲ့ကြသည်။ 'ပန်းမျာ ပွင့်စေသူ' ဝတ္ထုမှာ ရုပ်ရှင်မရိုက်သော်လည်း 'မွေး'နှင့် 'ပန်းပန်လျက်ပါ'တို့ထ ပို၍ ပရိသတ်ထံမှ တုန့်ပြန်ချက်ကို ကျွန်မ ပိုရပါသည်။ ဒါရိုက်တာ သက်မေ မောင်က ထိုဝတ္ထုကို ရုပ်ရှင်ရိုက်လို၍ လေ့လာခဲ့သည်။ သို့သော် ကျွ ဇာတ်သိမ်း ခန်းကို ရုပ်ရှင်အနေနှင့် ပေါ်လွင်အောင် ရိုက်ရန် မလွယ်ကူ သူ ကြိုးစားနေဆဲ ဖြစ်သည်။

ယခုထက်တိုင် စာဖတ်ပရိသတ်နှင့် ကျွန်မ တွေ့ဆုံတိုင်း 'ပန်းမျာ ပွင့်စေသူကို သိပ်ကြိုက်တာပဲ' ဟု ပြောလာကြသည်။ ဇာတ်ကောင် ဦးထင် စရိုက်ကို ဘယ်လို အတွေးအခေါ်နှင့် ဖန်တီးသလဲ ဟူ၍လည်း မေးလာ သည်။

နိုင်ငံခြားရောက် မြန်မာအမျိုးသားကြီးတစ်ယောက်ကမူ 'ဒီဝတ္ထု နိုင်ငံခြားမှာ ရှိပြီးသား၊ ခင်နှင်းယုရေးတာ မဆန်းပါ' ဟုပြောခဲ့သည်။



ပြောသည်မှာလည်း မှန်ပါသည်။ သူတို့လို ပုဂ္ဂိုလ်မျိုးက စာအစုံ ဖတ်ဖူးပါ သည်။ ကျွန်မကတော့ ထိုဝတ္ထုမျိုး မဖတ်ဖူးခဲ့ပါ။ ကျွန်မ၏ ကိုယ်ပိုင်တွေးခေါ် ချက် ဇာတ်လမ်းသာ ဖြစ်ခဲ့ပါသည်။

ထိုဝတ္ထုထဲတွင် ပါဝင်သော Moon Flower ခေါ် ပန်းတစ်မျိုး အကြောင်းကိုတော့ အိန္ဒိယမှာ နေစဉ် ဖတ်ခဲ့ဖူးပါသည်။ သို့သော် ပိုမိုတိကျ စေရန် အစ်ကိုကြီး ကလောမှ အောက်တိုဘာကျောင်းပိတ်ရက် ပြန်လာချိန်တွင် ကျွန်မပါ လိုက်လာကာ စာပေဗိမာန်တွင် စာအုပ်များ ရှာဖွေခဲ့ရပါသည်။ ဒေါ်အုံးကြည်က ကျွန်မ ဖတ်လိုသော ဗြိတိသျှ စွယ်စုံကျမ်းနှင့် အခြားစာအုပ်များ ကို ထုတ်ပေးပါသည်။ ဝတ္ထုထွက်လာတော့ မမအုံးကြည်က ပြောပါသည်။

'မိစုကလဲ Moon Flower အကြောင်း ဖတ်လိုက်၊ ရှလိုက်ရတာ အများကြီး၊ ဝတ္ထုထဲ ပါလာတော့ နည်းနည်းလေးရယ်' ဟုပြောပါသည်။

ဝတ္ထုထဲမှာပါသော 'အသည်းခွဲတမ်း ကစားတဲ့နေရာမှာ ဘယ်သူမှ မနိုင်ပါဘူး၊ သူများအသည်းကို ကွဲအောင်ခွဲရတဲ့ ကျွန်တော့်အသည်းနှလုံးကရော ဘာမို့လို့လဲ၊ ကွဲလုနီးနီး ရင်နာရတာပဲ' ဟူသော စကားလုံးမှာတော့ သခင် သာခင်၏စကားလုံးဖြစ်ပါသည်။ အောက်တိုဘာလ ညတစ်ည၊ ကလောသို့ မပြန်ခင် သခင်သာခင်နှင့် ဟိုအကြောင်း သည်အကြောင်း ဆွေးနွေးစဉ် သူက–

'မစုရေ၊ ကျွန်တော်တို့တိုင်းပြည်မှာ အသည်းခွဲတမ်း ကစားနေကြ ပြီဗျို့'ဟု အစချီကာ အထက်ပါစကားများကို သူ ရေရွတ်ခဲ့ပါသည်။

ကျွန်မ မျှော်မှန်းသည်ထက် ထိုဝတ္ထုကို ပရိသတ်က လက်ခံချီးကျူး သော်လည်း ကျွန်မ စိတ်ဆင်းရဲရပါသည်။ ကျွန်မနှင့် အစ်ကိုရင်းသဖွယ် ခင်မင်သူတစ်ယောက်ကမူ–

'မစုရေ၊ ဘာပဲဖြစ်ဖြစ် တစ်နေ့ မစုဇာတ်လိုက်ကြီး ဦးထင်ပေါ်လို လှလှကြီး လက်စားချေရမယ်' ဟု လက်သီးဆုပ် ကြုံးဝါးသည်ကို တွေ့ရတော့ ကျွန်မ စိတ်မကောင်းပါ။

ဝတ္ထုထွက်ပြီး တစ်လလောက်ကြာတော့ လူငယ်တစ်ယောက် ကျွန်မ တို့အိမ် ရောက်လာသည်။ ကျွန်မနှင့် မတွေ့ပါ။ အိမ်သားများကို ပြောသည်မှာ ဆိုပါသည်။

'ဘယ်မှာလဲ သူ့ပန်းတွေ၊ အဆိပ်ပါတဲ့အပင်ကို ကျွန်တော် တွေ့ချင် တယ်၊ ကောင်းကောင်းကြီး လက်စားချေရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသွားသည် ဆိုပါသည်။ ကျွန်မရင်ထဲမှာ တုန်လှုပ်သွားပါသည်။ ကျွန်မ ဖန်ဆင်းလိုက်သော 'ပန်းများကို ပွင့်စေသူ'သည် စာဖတ်သူနှလုံးသားတွင် စိမ့်ဝင်ခဲ့ပါသော်လည်း ကလဲ့စားချေမှုကို ဦးစားပေး လက်ခံကြသည်ဆိုလျှင် မများပါ။ ကျွန်မကိုယ်တိုင်လည်း ထိုမျှ ဆိုးဝါးသောစရိုက်ကို ကျွန်မဇာတ်ကောင် ဦးထင်ပေါ်တွင် ဘယ်လိုလုပ် ပုံသွင်းပေးမိပါလိမ့်ဟု ယခုတိုင် တွေးနေမိသည်။

'ပန်းများကို ပွင့်စေသူ'မှာ မြဝတီမဂ္ဂဇင်းဝတ္ထုရှည်ဖြစ်၍ ခေတ်ညွှန့်စာပေမှ ရုံးချင်းအဖြစ် နှစ်ကြိမ် ထုတ်ဝေခဲ့ပါသည်။ ဒုတိယအကြိမ် ထုတ်ဝေသောစာအုပ်၌ စာရေးသူ၏အမှာ နိဂုံးတွင် ကျွန်မ ဒီလို ရေးခဲ့ပါသည်။

> ကျွန်မ ဝတ္ထုကို ရေးပြီး ကျွန်မ ကိုယ်တိုင်ပင် ကိုယ့်ဇာတ်လိုက်ကို ကြောက်ရွံ့မိလေသည်။
>
> **စာဖတ်သူတို့ အနေဖြင့် ဦးထင်ပေါ်၏ ကလဲ့စားချေနည်းကို အတုမယူစေလိုပါ။ ကျွန်မ၏ မူလရည်ရွယ်ချက်အတိုင်း မိမိတို့ ဉာဏ်စွမ်းရှိသမျှ တွေ့ထိစမ်းသပ်လေ့လာရရှိသမျှ ပညာရပ်များသည် ဤလူ့ဘောင်လောကသားတို့အတွက် တိုးတက်သာယာရေးကို ရှေးရှုပါစေသတည်း။**

ဟု ကျွန်မ ရေးခဲ့သည်။ အမှန်တော့ ထိုဝတ္ထုရေးပြီး စာပေ ရာဇဝင်ကြေး ကျွန်မအပေါ် တင်နေသည်ကို ဒုတိယအကြိမ် ထုတ်ဝေသောအခါမှ ပရိသတ်ထံ ကျွန်မက လျှောက်လဲ တောင်းပန်လိုက်ခြင်းဖြစ်သည်။

စာဖတ်ပရိသတ်ကလည်း ကျွန်မ၏ ဒုတိယဇာတ်လိုက် မခင်သိုက်လိုပင် ဦးထင်ပေါ်လိုလူကို များစွာ ကြောက်ရွံ့သော်လည်း ရင်ထဲမှာ တိတ်တခိုးချစ်နေမိသောကြောင့်လား မသိ။ 'ပန်းများကို ပွင့်စေသူ'သည် ယခုတိုင် ပရိသတ်ကြားတွင် တိုးဝင်လျက်ရှိပါသည်။

စိတ်ထဲမှာ ကိုယ် မွေးဖွားလာသောရင်သွေးသည် ဘီလူးလေး ဖြစ်လာသည့်အတွက် စိတ်ဆင်းရဲခြင်း ဖြစ်မိသည်တော့ အမှန်။ သို့သော် မိခင်မေတ္တာဆိုသည်မှာ သားသမီးထဲတွင် အရုပ်ဆိုး၊ အကျည်းတန်၊ လူဆိုးလူပေ ပါလာလျှင် ပိုမို၍ ချစ်တတ်သည့် မေတ္တာမို့ ကျွန်မသည်လည်း 'ပန်းများကို ပွင့်စေသူ'ကို ပို၍ တွယ်တာခဲ့ရပါသည်။



ရင်သွေးဖြစ်လေတော့ မွေးဖွားလာသော ဘီလူးလေးကို မောင်လူအင်မီးခွက်စောင့်ဘီလူးကဲ့သို့လည်းကောင်း၊ ပုပ္ပါးတောင်မှ ပန်းစားဘီလူးကဲ့သို့လည်းကောင်း လူတို့၏ကောင်းကျိုးကို ကူညီဆောင်ရွက်နိုင်သူ ဖြစ်ပါစေဟူ၍သာ ကျွန်မ ဆုတောင်းရပါတော့သည်။

(လုံမလေးမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၈၈)

www.burmeseclassic.com

## ပိုးခန်းဆီးနောက်မှ ငရဲခန်း

ဤ 'လက်ဖျစ်တစ်တွတ်'သည်ပင်လျှင် ကုဋေကုဋာ မကသော ကောင်းမှု၊ မကောင်းမှုတို့ကို ဖန်ဆင်းနိုင်သည် မဟုတ်ပါလား'

ထိုစာပိုဒ်သည် ကျွန်မ၏ 'ပိုးခန်းဆီးနောက်မှ ငရဲခန်း' ဝတ္ထု၏နိဂုံးချုပ် …ဆုံးသတ်စာပိုဒ် ဖြစ်ပါသည်။

'ပိုးခန်းဆီးနောက်မှ ငရဲခန်း' ဝတ္ထုသည် ကျွန်မ နှလုံးသည်းအိမ်တွင် …နေတည်ခဲ့သည်မှာ မြန်မာပြည်ကြီးတွင် ရောင်စုံသောင်းကျန်းသူတို့ ထကြွဆဲ …ခါ ၁၉၅၀ မှ ၅၅ အတွင်းတွင် ဖြစ်ပါသည်။

မြဝတီမဂ္ဂဇင်းတွင် ထိုဝတ္ထုကို ရေးသားသည်ကတော့ ၁၉၅၅ …မှာ ဖြစ်ပါသည်။ ဧပြီလတွင် ပထမပိုင်းပါ၍ မဂ္ဂဇင်းဝတ္ထုရှည်အမည်မှာ …အားနွဲ့သူပါရှင်'ဖြစ်သည်။ ၁၉၅၅ စက်တင်ဘာလကျမှ ဒုတိယပိုင်း 'ပိုးခန်းဆီး …နောက်မှ ငရဲခန်းများ'ကို ရေးဖြစ်ပါသည်။ ဝတ္ထုနှစ်ပုဒ်မှာ အမည်ကွဲပေမယ့် …ဆက်တည်းဖြစ်ပါသည်။ မဂ္ဂဇင်းဝတ္ထုရှည်အဖြစ်မှ လုံးချင်းစာအုပ် …ထုတ်သောအခါ 'အားနွဲ့သူပါရှင်' အမည်မှာ မှေးမှိန်၍ 'ပိုးခန်းဆီးနောက်မှ …ခန်းများ' အမည်နှင့် ဝတ္ထုနှစ်ပုဒ်လုံးကို စုပေါင်းရိုက်နှိပ်ဖြစ်ပါသည်။

ကျွန်မလက်ထဲမှာ ရှိနေသောဝတ္ထုမှာ ဒုတိယအကြိမ် …ပြီ …ခဲ့မှာ ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ဖြစ်ပါသည်။ ပထမအကြိမ် …ချင်းအဖြစ် …ယ်တိုက်က ထုတ်ဝေခဲ့သည်ကို ကျွန်မ မမှတ်မိတော့ပါ။ အခုတော့

www.burmeseclassic.com

ပိုးခန်းဆီးကို သုံးနိုင်သော အထက်တန်းလွှာတို့၏ငရဲခန်းကို ကြွန်မဝတ္ထုထဲ ဖော်ပြခဲ့ပါသော်လည်း ဤငရဲခန်းတွင် ငရဲမီးများ လောင်ကျွမ်းရှို့မြိုက်ခံရ တကယ်အစစ်မှာမူ ပိုးခန်းဆီးနောက်မှ နေသူများ မဟုတ်ရှာပါ။ ဒိစတြိ မြို့နယ်မှာနေပြီး သောင်းကျန်းသူဒဏ်ကြောင့် မြို့တက်ပြေးလာရသေ မိန်းကလေး အနွဲ့ အပေါ်မှာ ဤဝတ္ထု အခြေတည်ခဲ့ပါသည်။

ထိုသောင်းကျန်းသူများ ထကြွနေချိန်တွင် ပိုးခန်းဆီးနောက်မှ အတွ ဝန်ကတော်ကို တိုက်ရိုက် မီးရှိန် မတက်ပါ။ ထိုခေတ်က အတွင်းဝန်ရုံးတွ အမှုထမ်းဆောင်နေသော အရာရှိများတွင် မြူရိုကရက် ခေါ် အရာရှိဆိုးတစ် ပါဝင်ခဲ့သည်။ ထိုအရာရှိများတွင် ဦးကျော့ရှင်း ပါဝင်ခဲ့သည်။ ဦးကျော့ရှင်းသ အတွင်းဝန်တစ်ယောက်ဖြစ်ရုံမက လုပ်ချောမွေ့၍ လိမ္မာသည့် ချမ်းသာကြွယ် သောဇနီးသည် ဒေါ်ခင်သီသီကို ရရှိထားသည်။

ဒေါ်ခင်သီသီသည် တိုင်းပြည်တစ်ပြည်လုံး သောင်းကျန်းမှုဒဏ်ကြော မှုပန်လောင်မြိုက်နေချိန်တွင် သူ့အဖို့ လင်မီးစာ မွေးနေမိသောအချိန် ဖြစ် သည်။ တိုင်းပြည်၏ ဇရုတ်သုက္ခ အခြေအနေနှင့် သူ့ကြားတွင် ပိုးခန်းဆ ကာရံလျှက် ရှိပါသည်။

ဒါပေမယ့် အတွင်းဝန်မင်းမှာ လက်နှိပ်စက်စာရေးမလေး အနွဲ့အ အငယ်အဖြစ် ထားသည့်ကို သိရကတည်းက သူ့ရင်မှာ အပူစွဲခဲ့ပါသည်။

သူ့မှာ ဓနဂုဏ်နှင့် အလှဂုဏ်တွေ ရှိပါလျက် လင်ကို ကောင်း မြှုစုပါလျက်နှင့် လင်သား၏စိတ်ကို သူ ဘာကြောင့် မထိန်းသိမ်းနိုင်သည် အဖြေရှာ မရ။ သူ့ချစ်လင်၏ အချစ်ကို မရ။ သာမန် စာရေးမလေ တစ်ယောက်က သူ့ခင်ပွန်းအချစ်ကို ရယူသွားနိုင်သည်ကို သူ မကျေနပ် မိခင်ဖြစ်သူအား သူ့အဖြစ်ကို ဖွင့်ပြောခဲ့သည်။ မိခင်ကိုယ်တိုင်က–

'ကိုယ့်ယောက်ျား ပြောင်းလဲနေတာကို ဘာမှ မသိသလို နေ၊ မိန်း တွေအဖို့ ကမ္ဘာနာလို့ပဲ မှတ်၊ တစ်နေ့ မခံစားရ တစ်နေ့ ခံစားရတာပဲ'

ဟု သူ့ကို ဆုံးမခဲ့သည်။ မိခင်ဖြစ်သူ မင်းကြီးကတော် ကိုယ်တိုင်ကယ် သမီး ခင်သီသီလို တစ်ချိန်က ခံစားခဲ့ရသည်။

'မတတ်နိုင်ဘူးသမီး မတတ်နိုင်ဘူး။ မာမီဟာ ဣန္ဒြေဆောင်ပြီး အမျ ကြီး စောင့်ခဲ့ရတယ်၊ သမီးတို့သားတို့ ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်သာသွားရေ ဒက်ဒီအကြောင်း ဘာသိလဲ။ ဘာမှ မသိရဘူး မဟုတ်လား။ ဒီလိုပဲ မာ



မျိုသိပ်ခဲ့ရတယ်။ မင်းဒယ်ဒီ ခြေငြိမ်တာ ဘာကြာသေးလဲ၊ ဘဝအရွယ်ကပဲ သူ့ကို သင်လို့လား၊ ဒီမိန်းမ တစ်ခုခု ဖြစ်သွားလို့လား မသိဘူး၊ မာမ့်ရင်ခွင်ထဲ ပြန်ရောက်လာရတာပဲ။ သမီးတို့ မာမီတို့မှာ ဂုဏ်နဲ့ဣန္ဒြေကို မပျက်အောင် စောင့်ထိန်းထားဖို့ လိုတယ်'

ဟု တည်ငြိမ်သူ မိခင်ပီပီ သူ့အဖြစ်နှင့် နှိုင်းယှဉ်၍ သမီးကို ဆုံးမ ခဲ့သည်။

ခင်သီသီ ရင်ထဲမှာတော့ သူနှင့်အလားတူ အရာရှိကတော်တချို့ ပွဲတက် မယား ဖြစ်ရသောဘဝကို မကျေနပ်။ တကယ်ပင် ပွဲတက်သောအခါ ဝတ်သော ဇန်ကောက်ပုဆိုးလိုပင် သူတို့ကို မင်းပရိသတ် ပွဲသဘင်မှာသာ လက်တွဲတက်ခဲ့၍ အိမ်ပြန်ရောက်လျှင် ဇန်ကောက်ပုဆိုးကို ခေါက်ကာ ဗီရိုထဲ ပြန်သိမ်းထားခြင်း ခံရသကဲ့သို့သောဘဝကို ခင်သီသီက နည်းနည်းမှ မကျေ နပ်ပေ။

ဆောက်တည်ရာမရတိုင်း တစ်နေ့ စာတစ်အုပ်ကို ဖတ်မိသည်။ စာအုပ်က 'သင့်ယောက်ျားကို ဘယ်လို ထိန်းမည်လဲ' ဖြစ်၏။ ရေးသူမှာ ကြီးကြီးညွန့် ဖြစ်သည်။

'သင်က သင့်ယောက်ျားကို အစဉ်ဂရုစိုက်နေကြောင်း ပြပါ၊ အသေး အဖွဲ ဟူ၍ ပေါ့မနေပါနှင့်။ သူ့ခြေအိတ်မှာ အပေါက်ရှိလျှင် သင်ကိုယ်တိုင် သပ်ရပ်စွာ ဖာပေးလိုက်ပါ'

'အကယ်၍ သင့်ယောက်ျားသည် သင့်အား စိတ်ဝင်စားဟန် ဗြလျှင် မသိဟန်ဆောင်၍ ယခင်ကထက် နှစ်ဆပို၍ သင်က ဂရုစိုက်ပြပါ၊ သူ ကစားဝိုင်း တို့ သွားနေသည်ဖြစ်စေ၊ တစ်ခြားမိန်းမတစ်ယောက်ထံ သွားသည်ဖြစ်စေ နောက်မှလိုက်၍ မဆူပါနှင့်'

ဟူသော အိမ်ထောင်ရေး လမ်းညွှန်စာအုပ်ကို ဖတ်ပြီးသောအခါ စာရေးသူကြီးကြီးညွန့်ကို သွားရောက်တွေ့ဆုံ ဆွေးနွေးသည်။ ဒေါ်ညွန့်ညွန့်မှာ အမျိုးသမီး ရှေ့ဆောင်အသင်း ဥက္ကဋ္ဌဖြစ်သော်လည်း သူကိုယ်တိုင်၏ ခင်ပွန်း ဖြစ်သူက ပိုအေအမျိုးသမီးနှင့် နောက်မီးလင်းနေသော ပြဿနာကို မဖြေနိုင်သူ ဖြစ်သည်။ သီသီသည် သူ လိုချင်သောအဖြေကို မရ။ နောက်ဆုံးတော့ သူ၏ခင်ပွန်း အတွင်းဝန် ဦးကျော့ရှင်း၏ အငယ်မိန်းမဖြစ်သူ လက်နှိပ်စက် လက်ရေးတို့စာရေးမ အနွဲ့ကို ကိုယ်တိုင် သွားတွေ့သည်။ သွားသည့်ကတော့

www.burmeseclassic.com

www.burmeseclassic.com



တော်ပက်စက်စက် ပြောဆို ရန်တွေ့ဖို့ သွားခြင်း ဖြစ်သည်။

အန္တဲ့အိမ်ရောက်တော့ အန္တဲ့က သူ့ကို အေးဆေးစွာ လက်ခံတွေ့ဆုံသည်။

'အစ်မကြီးကလဲ ကိုယ်ပိုင်တဲ့ လင်နဲ့ လောကမှာ မယားကြီးရယ်လို့ ထင်ထင်ပေါ်ပေါ် နေချင်သလို ကျွန်မကလဲ ထင်ထင်ပေါ်ပေါ် မယားကြီးသာ ဖြစ်ချင်တာပေါ့။ ရှင်တို့ကလဲ ရှင်တို့အချစ်ကို မခိုင်လို့ စိတ်ဆင်းရဲသလို ကျွန်မလဲ ခိုးဝှက်ချစ်ရတဲ့ အမြှောင်ဘဝအတွက် စိတ်ဆင်းရဲတာပဲ'

ဟု အစ်ချီကာ အန္တဲ့က ပြော၏။

'ရှင်တို့ မြို့ကြီးရန်ကုန်ကို ကျွန်မတို့ လာချင်လွန်းလို့များ မအောက်မေ့နဲ့၊ ထွက်လာခဲ့ရတဲ့နေ့ကိုများ တွေးမိရင် ဒီနေ့ထိ စိတ်မချမ်းသာဘူး၊ ကလေးတွေရဲ့ ငိုသံ၊ လူတွေရဲ့ အော်သံတွေဟာ ကမ္ဘာပျက်သလား အောက်မေ့ရတယ်။ ကိုယ့်မျက်စိအောက်မှာ ကိုယ်ငယ်ငယ်ကတည်းက နေလာခဲ့ရတဲ့ အိမ်ကြီးတွေ မီးလောင်ပြာကျသွားတဲ့အဖြစ်ကို မြင်နေရတာဟာ ဘယ်လောက် သွေးပျက်စရာကောင်းသလဲ၊ ရှင်တို့ကျတော့ အနိဋ္ဌာရုံဆိုတဲ့ အဖြစ်တွေကို အိပ်မက်ထဲမှတောင် မြင်ဖူးမှာ မဟုတ်ဘူး။ နောက်နေ့မနက်မှ အိမ်နေရာတွေဟာ လွင်တီးခေါင် ဖြစ်နေသလို လူတွေရဲ့စိတ်ဟာလည်း ဟာပြီး ဘာလုပ်ရမှန်း မသိဘူး၊ သောင်းကျန်းသူတွေ ထွက်သွားပေမယ့် အစိုးရတပ်တွေ မလာခင် ဆက်ပြီး မနေရဲစွာ။ ဒီတုန်းက အားလုံးလိုလို ထွက်ပြေးသာ လာခဲ့ရတယ်။ လူတွေဟာ သူတို့မြို့ကို မစွန့်ချင်ဘူး။ တစ်ခြားကမ္ဘာတစ်ခုကို သွားရမှာလိုပဲ အားလုံးဟာ ကြောက်နေကြတယ်'

အန္တဲ့သည် သူ၏တောမြို့ကို စွန့်လာရပုံကို ပြောပြသည်။ အထူးသဖြင့် သူတို့မှာ မိန်းမပျိုဖြစ်တော့ တိုင်းပြည်အပျက်မှာ အပျိုရည် ပျက်မှာ စိုးသည်။ သူတို့ ရန်ကုန် ရောက်လာတော့ မောင်လေး၊ ညီမလေးနှင့် အမေပါ လေးယောက်၊ ကမာရွတ်မှာ တဲလေးတစ်လုံးနှင့် နေသည်။ သူသည် အတွင်းဝန်ရုံးတွင် အောက်တန်းစာရေး တစ်နေရာ ဝင်လုပ်သည်။ လစာက တစ်ရာ တစ်ဆယ်ကျပ်၊ နောက်တော့ ရုံးအုပ်က လက်ရေးတို့နှင့် လက်နှိပ်စက် သင်ခိုင်းကာ ရာထူး တိုးပေးသည်။ အတွင်းဝန် ဦးသံဒိုင်၏ လက်ရေးတိုနှင့် လက်နှိပ်စက် စာရေးမဘဝနှင့် လခက နှစ်ရာကျပ် ဖြစ်လာသည်။ အမေက မမာ ဖြစ်လာ ပေမယ့် လခ တိုးလာ၍ တော်သေးသည်။ အတွင်းဝန်မင်းက သဘောကောင်း



သည်။ ရုံးဆင်းနောက်ကျတိုင်း အိမ်တိုင်ရာရောက် လိုက်ပို့သည်။

'ဘဝသစ် ဖန်တီးပေးမည်' ဟူ၍ နိုင်ငံရေးသမားတို့ ကြွေးကြော်ခြင်းမှာ လက်တွေ့မဟုတ်။ သူကတော့ နေ့ချင်းညချင်း ဖွဲ့ကို စောင့်ရှောက်ခြင်း ဖြစ်သည်'

ဟူ၍ ကယ်တင်လိုက်သည်။ ထိုညကမှ သူ၏ အတွင်းဝန် ဦးသံဒိုင်မှာ ပေါ်ရိသာဒမှန်း သူ သိရသည်။ မတတ်နိုင်ပါ။ သူတို့တဲလေးသည် အိမ် ဖြစ်သွားသည်။ အမေ့ကိုလည်း ဆရာဝန်တစ်ယောက် မှန်မှန်လာကြည့်သည်ဆိုတော့ ပေါ်ရိသာဒကြီးကို ကျေးဇူးတင်ရသေးသည်။ သူ့အသားကိုပဲ ရက်ရောစွာ ဆေးကမ်းလိုလာပါတော့သည်။

'အဲဒီတော့မှ ပေါ်ရိသာဒ အတွင်းဝန်တစ်ချို့ ဒီအတွင်းဝန်ရုံးမှာ ရှိနေတယ်ဆိုတာ ကျွန်မ သိတာပဲ'

အန္တဲ့က သူ့ဘဝနောက်ကြောင်းကို ဖြည့်ပြ၏။ ယခုထိ အန္တဲ့ စာတ်လမ်းတွင် သီသီ၏ခင်ပွန်း အတွင်းဝန် ပါမလာသေး။ အန္တဲ့က သူ့ဘဝကို ဆက်ပြောပြသည်။

'ဦးသံဒိုင်နဲ့ ညားတယ်ဆိုတဲ့ စကားထဲမှာ ရှင်က ချစ်ခင်မြတ်နိုးခြင်း ဆိုတဲ့ မေတ္တာတရား ပါတယ်ထင်သလား၊ တကယ်တော့ ရှင့်ကိုမှာက ကျဦးကျဦးလေးရယ်၊ ရှင်ဟာ ကျွန်မတို့ ပတ်ဝန်းကျင်ကို ဘာမှမသိပါဘူး။ ကျွန်မတို့လဲ သူတို့ရဲ့မေတ္တာကို မရပါဘူး။ သူတို့ရဲ့ အတောမသတ်နိုင်တဲ့ လောဘစိတ်၊ တဏှာနိစိတ်ကို မထိန်းနိုင်လို့ ကျွန်မတို့ကို ကြံစည်တာပါရှင်၊ သိရဲ့လား၊ တကယ်တော့ ဦးသံဒိုင်ဟာ ကျွန်မကို မေတ္တာစိတ်နဲ့ သိမ်းပိုက်ခဲ့ရင် ကျွန်မဟာ ရှင့်ယောကျ်ား ဦးကျော်ရှင်နဲ့ ဘယ်တော့မှ ညားဘူး'

အတွင်းဝန်ကတော်မှာ အန္တဲ့ပြောသည့်အဓိပ္ပါယ်ကို ဆဲ့ဘော ပေါက်။

'တကယ်တော့ သူ့နေရာကို ပြောင်းလာတဲ့ အတွင်းဝန် ဦးကျော်ရှင်း လက်ထဲကို ရုံးက ဖိုင်တွဲတွေနဲ့အတူ ကျွန်မကိုပါ လွှဲပြောင်းပေးခဲ့တယ်လေ။ ဦးသံဒိုင်နဲ့ ပထမဆုံးတွေ့တဲ့ အိမ်လေးမှာလေ ရှင့်ယောကျ်ားနဲ့ ကျွန်မ တွေ့ခဲ့ရတာ၊ ပထမတော့ ခေါ်သဖြစ်လွန်းလို့ ဆတ်ဆတ်တုန်နေတယ်။ ကျွန်မဟာ လူသားတစ်ယောက်မှ ဟုတ်သေးရဲ့လားလို့ တွေးမိတယ်။ နောက်တော့ သူတို့က လူသားအစစ်။ ကျွန်မက လူ မဟုတ်တဲ့ သခင်

www.burmeseclassic.com



ပြောင်းလဲသမျှ ခံရတာပေါ့။ ဦးကျော့ရှင်းလက်ထဲမှာ အဲဒီညက ၉ နာရီထို
ပြန်ရတယ်။ အမေ့ကိုလဲ စိတ်ချမ်းသာအောင် ညာရတယ်။ တစ်ခုတော့
ပြောမယ်။ အစက စိတ်ပျက်ပေမယ့် နောက်တော့ ဦးကျော့ရှင်းကို ကျွန်မစိတ်
ပါတယ်။ သူက ချောတယ်၊ သိမ်မွေ့တယ်၊ ဦးသံဒိုင်ကိုတော့ မနိုင်
လက်လျှော့ရတဲ့သဘောပဲ'

ဦးကျော့ရှင်းနှင့် တွေ့ရပုံကို ပြောပြီး အန္တကသီသီ၏စွပ်စွဲချက်
ရှင်းပြသည်။

'ရုံးတွေဟာ ဆိုပြီး သိမ်းကျုံးတော့ မပြောပါနဲ့၊ ကျွန်မတို့ရုံးတွေမှ
တကယ်အကျင့်စာရိတ္တကောင်းတဲ့ မိန်းကလေးတွေ ရှိသလို တော်တဲ့ အတွင်း
နဲ့ အမှုထမ်းယောက်ျားတွေ ရှိပါတယ်၊ ကျွန်မလို အဖျက်ဆီးခံရလို့ ပျက်စီးရ
မိန်းကလေးတွေလဲ ရှိပါတယ်။ ကျွန်မတို့ကိုတော့ ဘယ်သူက ကာကွယ်ပေ
မလဲ။ ကျွန်မတို့ တစ်ခါတလေ အားချင်းမတူလို့ လျှော့လိုက်ရတာတွေ ရှိတယ်
တစ်ခါတလေတော့ စိတ်အားကိုက ယော်လွန်းလို့ပါ။ ပတ်ဝန်းကျင်က ဖိဖိလာ
အရှိန်ကို မခံနိုင်ဘဲ လိမ့်ပါသွားရတာပါ'

အန္တ၏ ဖြေရှင်းချက်ကို ကြားရသောအခါ သီသီသည် အန္တအပေါ်မှာ
စာနာစိတ် ဖြစ်လာသည်။

'နောက်တစ်ခါ လက်ပြောင်းရင် ကျွန်မ ဘယ်ဘဝ ရောက်သွားမလဲ
ဆိုတာ ရှင် စဉ်းစားကြည့်စမ်း။ ကျွန်မကိုတော့ မကျိန်ဆဲပါနဲ့ ရှင်။ ခုဘဝကို
ပူလောင်လှပါပြီ။ ရှင်တို့က အချစ်သာ ဆုံးရတယ်၊ ကိုယ်က မပျက်ပါဘူး
ကျွန်မတို့မှာ ကိုယ်လည်း ပျက်စီး။ အချစ် ဆိုတာကတော့ မပြောပါနဲ့တော့
အမှန်တော့ ကျွန်မတို့နှစ်ယောက်ဟာ မိန်းမသားတွေပါ။ နှစ်ယောက်လုံး
သူတို့ရဲ့ မေတ္တာကို မရပါဘူး။ ဒီလိုစဉ်းစားမိရင် ရှင်ဟာ ကျွန်မကို ဝန်တိုမှာ
မဟုတ်ဘူး'

အန္တ့စကားကို ကြားရသော သီသီသည် အရှုံးလို ထအော်မိ၏။

'ရှင့်အနားမှာ ကြာကြာနေရင် ကျွန်မ ရူးမယ်၊ အစတုန်းက ရှင့်ကို
ဆဲနေရတာ ကျွန်မ အားရတယ်၊ စိတ်ကျေနပ်တယ်၊ ခုတော့ ဘယ်သူ့ကို
ဆဲရမှန်း မသိဘူး။ အပြစ်တင်ရမှန်း မသိဘူး။ ကျွန်မ အော်ချင်တယ်'

နောက်ဆုံး အတွင်းဝန်ကတော်သည် ဦးကျော့ရှင်းကို ထပ်မံ
လက်သင့် မခံရန်၊ မတွေ့ရန် အန္တကို ကတိတောင်းပြီး ပြန်သွားသည်။



နောက်တစ်ပတ်မှာတော့ အန္တ သူ့ကိုယ်သူ သတ်သေသွားကြောင်း သီသီ
သိရသည်။ အန္တ သေသွားပြီးတော့လည်း ဦးကျော့ရှင်း၏ ညများသည်
ကလပ်များတွင်သာ အချိန်ကုန်ခဲ့ရသည်။ ထိုစဉ်က ယခုလို မဟုတ်။ ရင်ချင်းအပ်
တွဲများ ကသော ကပွဲများ ရှိသည်။ ကလပ်များ၊ ဟိုတယ်များ ရှိသည်။
ဂျာတ်လမ်းအထိ ပထမပိုင်းမှာ 'အားနွဲ့သူပါရှင်' ဇာတ်လမ်းဖြစ်သည်ဟု
ဆိုရမည်။ အားနွဲ့သူ မိန်းမသားနှစ်ယောက် အတွင်းဝန်မင်း ဦးကျော့ရှင်းဒဏ်ကို
ရှေမလှ ခံရပုံ ဖြစ်သည်။

'ပိုးခန်းဆီးနောက်မှ ငရဲခန်း'တွင် သီသီသည် တစ်ည သည်းမခံနိုင်ဘဲ
ဦးကျော့ရှင်းသွားသော ကလပ်သို့ လိုက်သွားကြည့်သည်။ လင်သည်ကို နာမည်
ကျော် ရာဇဝတ်ဝန်ကတော် လူစီဖေသက်နှင့် တွဲကနေသည်ကို သူ မြင်ရသည်။
တစ်ခြားစုံတွဲတွေလည်း အပြည့်။ သူသည် အထက်တန်းလွှာမှ ဆင်းသက်
မွေးဖွားလာခဲ့သူ ဖြစ်သော်လည်း ထိုအထက်တန်းလွှာတို့၏ အနောက်ဆန်သော
ယဉ်ကျေးမှုမှာတော့ မဝင်ဆံ့နိုင်။ ကပွဲခန်းမ အဝမှ သူ ရပ်ကြည့်ရင်း ဦးကျော့
ရှင်း မမြင်ခင် အမြန်လှည့်၍ ထွက်လာခဲ့သည်။ ကမန်းကတန်း စိတ်ကလည်း
ရှုန်နေချိန်ဖြစ်၍ လှေကားအဆင်း လဲကျသွားသည်။ လူတစ်ယောက်က
ဆွဲထူပေးသည်။ ထိုသူမှာ ချောမောလှပ ခန့်ညားသော လူငယ်တစ်ယောက်
ဖြစ်၍ အနောက်တိုင်းဝတ်စုံနှင့်ဖြစ်သည်။

နောက်နေ့များတွင် သီသီသည် ထိုခေတ်က ကတော်များအလယ်
တွင် ခေတ်စားသောဓလေ့အတိုင်း လင်သည် စိတ်လည်လာရန် ကြိုးစားတော့
သည်။ အရာရှိကတော် ဒေါ်ခင်မလေးအိမ်မှာ ဆရာကြီးတစ်ယောက်နှင့်
သွားတွေ့သည်။ ဖောက်ပြားသောလင်သည်များကို ထိုဆရာကြီးဆေးကို
ကျွေး၍သော်လည်းကောင်း၊ ဆေးဖရောင်းတိုင် ထွန်း၍သော်လည်းကောင်း
စိတ်ပြန်လည်လာအောင် လုပ်ရန်ဖြစ်သည်။

ထိုဆရာကြီးမှာ ကလပ်တွင် သီသီ ချော်လဲအသွား ပွေ့ချီခဲ့သော
ဦးမောင်မောင်ထွန်း ဖြစ်နေသည်။

ဦးမောင်မောင်ထွန်းက သူကိုယ်တိုင် လပြည့်ည တစ်ည သီသီအိမ်
လာ၍ ဘုရားခန်းမှာ ဆေးဖရောင်းတိုင် ထွန်းပေးသည်။ နောက်ပြည့်တွင်
ဆက်ထွန်းရန် ဦးမောင်မောင်ထွန်းက ချိန်းဆိုသည်။ ပင်ကိုက အားနည်း၍
စိတ်ထိခိုက်နေသော သီသီသည် အခန်းမှအထွက် မူးလဲကျသွားသည်။ ဦးမောင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းက အိပ်ရာပေါ် ပွေ့ချီတင်ပေးခဲ့သည်။

*သီသီ အိပ်ရာပေါ်လဲ၍ နေမကောင်းဖြစ်နေစဉ် ဦးမောင်မောင်ထွန်းက* တယ်လီဖုန်းဆက်ကာ အားပေးသည်။ တစ်နေ့မှာ ဦးမောင်မောင်ထွန်းကိုယ်တိုင် လူနာလာမေးရင်း သီသီ့အိပ်ရာဘေးမှာ စကားပြောနေသည်။

ယခုလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေမယ့်အစား သူနှင့်အတူ လိုက်ပါရန် ဦးမောင်မောင်ထွန်းက သီသီ့ကို သွေးဆောင်ပြောဆိုရင်း ယုယမြ သည်။ သီသီသည် နှစ်ပေါင်းများစွာ ချစ်လင်၏ စွန့်ပစ်ခံနေရချိန်တွင် စိတ်က မှားမှန်း သိသော်လည်း ခန္ဓာကိုယ်၏ တောင့်တမှုကို မလွန်ဆန်နိုင်ဘဲ ဦးမော မောင်ထွန်းအလိုကျ လိုက်လျောမိသည်။

ထိုအချိန်မှာ ဦးကျော့ရှင်း အခန်းဝ ပေါ်လာကာ မိသွားသည်။ ဦး ကျော့ရှင်းသည် ထိုကိစ္စကို လူသိရှင်ကြား အရေးမယူ။ ဦးမောင်မောင်ထွန်း ဘုရားခန်းဝမှ သီသီကို ပွေ့ယူလာပုံကို ဓာတ်ပုံရိုက်ယူထားသည်ကို သီသီ့ကို ပြသည်။ တပည့်ဖြစ်သူ ဒရိုင်ဘာကို သီသီလှုပ်ရှားသမျှ နောက်ယောင်ခံ လိုက်စေပြီး ဦးမောင်မောင်ထွန်းနှင့် ဆေးဖရောင်းတိုင် ထွန်းသည်ကအစ တိတ်တဆိတ် ဓာတ်ပုံရိုက်ထားခြင်းဖြစ်သည်။

ထိုဓာတ်ပုံနှင့် မယားကို ငွေညှစ်သည်။ စိန်တစ်ဆင်စာနှင့် ယခု နေသော သီသီပိုင်အိမ်ကို သူ့နာမည်နှင့် လွှဲပေးရန် ပြောသည်။ သီသီက စိန်တစ်ဆင်စာကို ပေးလိုက်သည်။ ထိုစိန်ထည်များမှ စိန်လက်ကောက်ကို လူစီဖေသက်အား ဦးကျော့ရှင်းက ပေးလိုက်၏။

နောက်ဆုံး ဦးကျော့ရှင်းက စာချုပ်နှင့်အမွေပစ္စည်းများ ထပ် တောင်းဆိုလာပြန်သည်။ လူသိရှင်ကြား မကြေညာဘဲ သီသီ့သိက္ခာကို သူ ထိန်းထား၍ သူ့ကိုပင် ကျေးဇူးတင်သင့်ကြောင်း ဦးကျော့ရှင်းက ပြောသည်။ သီသီသည် အိမ်က ထွက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

'ကိုကိုဟာ သီသီ့အပေါ်မှာ တစ်ခါမှ မကောင်းခဲ့ဘူး။ သီသီ တစ်ချက် လမ်းလွဲသွားတာနဲ့ ဒါကို ကိုင်ပြီး သီ့ရဲ့စိတ်ကို တစ်သက်လုံး ညှဉ်းဆဲသွားမယ့် လူတစ်ယောက်ကို သီက ဘာကျေးဇူးတင်ရမှာလဲ။ သီသီ့မှာ အသက်သာ ရှင်နေရတယ်၊ သေတာနဲ့ မထူးဘူး။ အသက်ရှင်သမျှ ကာလပတ်လုံး လူ တစ်ယောက်ဟာ တစ်ခုခုကို အမြဲကြောက်နေရတယ်၊ အမြဲလဲ အခြောက် အလှန့် ခံနေရမယ်ဆိုရင် ဒီလူလောက် လူ့ဘဝဆုံးတာ မရှိဘူး'



သီသီက ဦးကျော့ရှင်းကို ရဲရဲရင်ဆိုင်လိုက်သည်။ ဦးမောင်မောင် ထွန်းက သီသီ သူနှင့် ပင်လယ်ကမ်းခြေကို လိုက်ပါရန် လက်မှတ် ဝယ်ထား ကြောင်း ဖုန်းလှမ်းဆက်ခိုက်သည်။ ဦးမောင်မောင်ထွန်း ချိန်းဆိုထားသော ညတွင် သီသီသည် အိမ်မှ ကားနှင့်ထွက်လာသည်။ ဦးကျော့ရှင်းသည် သီသီ ဘယ်လိုနည်းနှင့်မှ သူ့ကို ပစ်၍ မသွားနိုင်ဟု စွဲမြဲစွာ ယုံကြည်ထားသည်။ ထိုညက သီသီ့လှုပ်ရှားမှုကို စောင့်၍ကြည့်နေသည်။ ခြံအပြင် လမ်းပေါ်မှာ ကားတစ်စီး ရောက်လာကာ ရပ်ထားသည်။ ကားပေါ်မှ ဆင်းလာသူမှာ ဦးမောင်မောင်ထွန်းဖြစ်သည်ကို ဦးကျော့ရှင်း မြင်နေရသည်။ သီသီသည် ဆင်ဝင်အောက်မှ ကားနှင့် ထွက်သွားသည်။ ဒီတော့မှ ဦးကျော့ရှင်းသည် သီသီ၏ ဆုံးဖြတ်ချက်ကို ရိပ်မိသည်။ ဦးမောင်မောင်ထွန်းနှင့် သီသီ သွားတော့ မည်။ သူ လည်ပင်းဆန့်၍ ဘာလုပ်ရမှန်းမသိ ငေးနေမိဆဲ ကားသည် ဦးမောင် မောင်ထွန်းနားတွင် မရပ်ဘဲ ဦးမောင်မောင်ထွန်းကို လွန်သည်နှင့် တစ်ပြိုင်နက် အမြန်မောင်းထွက်သွားသည်။ သူ့လိုပင် ဦးမောင်မောင်ထွန်းသည် လည်ဆန့် ကျန်ရစ်သည်။

သူ့စိတ်ကို သူနိုင်သွားပြီဖြစ်သော သီသီသည် ပိုးခန်းဆီးကို ဆုတ်ဖြဲ လိုက်ကာ ထွက်သွားပြီး ထိုညတွင် သူ့မိခင်၏ရင်ခွင်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေ မည်ကို ဦးကျော့ရှင်းနှင့် ဦးမောင်မောင်ထွန်းတို့ မသိပေ။

ပိုးခန်းဆီးနောက်မှ ငရဲခန်းဇာတ်လမ်းမှာ ဒါပဲဖြစ်သည်။ တဒင်္ဂယစ်မှု လွတ်သွားသောစိတ်ကြောင့် ခံလိုက်ရသောငရဲကို လက်ဖျစ်တစ်တွက်အတွင်း ပြန်လည်ထိန်းချုပ်၍ သူ့စိတ်ကို နိုင်သဖြင့် သီသီ လွတ်မြောက်သွားသည်။

အမှန်တော့ ကျွန်မ၏ဇာတ်လမ်းမှာ မငြိမ်သက်သောခေတ်တွင် မိမိတို့ ဒေသကို စွန့်ပစ်၍ ပြေးလာရသော မိန်းကလေးတို့ကို မြို့ဝမှ ငါးများရောင်း စောင့်ဖမ်းနေတတ်သော အရှာရှိဆိုးတို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် တို့ကို ကျွန်မ သွယ်လှယ်ယှက်တင်၍ ရေးပြခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်ရောက်စ အနွဲ့တို့မိသားစု နေရပုံ ကျွန်မ ရေးရာမှ...

'ညဉ့်အိပ်ရာဝင်ခါနီးတွင် ကလေးများသည် စကားပြော နွဲ့ကတော့ အကြီးပေပဲ။ သူတို့မိသားစု ဆက်လက်၍ ဘယ်လို အမြဲစဉ်းစားနေ၍ စကားမပြောနိုင်ပေ။

သူ့မောင်လေး ဖိုးသာက အစ်မ လဲ့လဲ့ကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါဖြင့် လဲ့လဲ့ရယ်၊ ဒီလိုစုတ်တုံတဲ့မျိုး ပုံပြင်ထဲမှာတောင် မကြားဖူး၊ မဖတ်ဖူးပါဘူးဟယ်'

'အေး.....ဒီတဲထဲ နေရတာထက် ငါ့အရုပ်လေး ဖြစ်ရတာ ကောင်းသေးတယ်၊ ငါ့အရုပ်လေးက သစ်သားအိမ်ကြီးပေါ်မှာ မီးလောင်သွားရတာ'

'နင် ရှော်တာကိုး၊ ငါတော့ မီးလောင်တယ်ဆို ငါ့ကစားစရာတွေ အရင်သိမ်းတယ်'

ကလေးသဘာဝ သူတို့ကစားစရာကို တပ်မက်မောသည်။ မိုးသာက လဲ့လဲ့ကို ဆက်၍ အပြစ်မတင်တော့။ မီးလောင်သွားသော လဲ့လဲ့ အရုပ်ငယ် အတွက် သူမ ဝမ်းနည်းလာသည်။ ကလေးတို့သည် ငြိမ်းချမ်းပျော်ရွှင်စွာ ကစားလို၏။ မိန်းမတို့သည်လည်း သာယာသောအိမ်ထောင်ကို ထိန်းသိမ်းလို၏။ ယခုတော့ ကလေးတို့လည်း ငိုကြ၏။ မိန်းမတို့သည်လည်း ကစင့်ကလျား ပြေးကြရ၏။ သူတို့သည် ပြေးလွှားရင်း ငြိမ်းချမ်းစွာ နေလို၍ ငိုကြွေးကြသည်။

သို့သော် 'ငြိမ်းချမ်းရေး' ဆိုသည်ကို ဟဒယနှလုံးမှ တကယ် တပ်မက် မောကြသည် မဟုတ်၊ ကိုယ်အတွက် ဝါဒဖြန့်စကားအဖြစ် 'ငြိမ်းချမ်းရေး' သည် ပြောင်းလဲသွားသောအခါ ဤကလေးနှင့်မိန်းမတို့သည် အဘယ်မှာလျှင် ငြိမ်းချမ်းပျော်ရွှင်စွာ နေနိုင်ပါမည်နည်း။

အနွဲ့တို့မိသားစုလိုပင် တိုင်းပြည်မှာ ငြိမ်းချမ်းရေး မရှိလျှင် အားလုံး ဖရိုဖရဲ ကစင့်ကလျား ဖြစ်ရသည်။ ကမ္ဘာနှင့်ချီလာသော ငြိမ်းချမ်းရေး ပျက်ပြားချိန် စစ်အတွင်းမှာဆိုလျှင်တော့ သူတို့၏ဘဝမှာ ပြောပြစရာ မရှိတော့ပေ။

ယခုလက်ရှိ လူငယ်မိန်းကလေးတို့သည် ကျွန်မတို့ ကျော်ဖြတ်လာခဲ့ရသည့် မငြိမ်းချမ်းသောကာလကို မကြုံတွေ့ရသည်မှာ ကံကောင်းလေစွ၊ ကလေးငယ်နှင့် မိန်းမငယ်တို့ ဆက်လက်၍ ကံကောင်းပါစေဟု ကျွန်မ ဆုတောင်းမိ၏။ ကျွန်မတို့ ကြုံခဲ့ရသည်မှာ 'ရန်ကုန်အစိုးရ' ဟူ၍ သမုတ်ခံရသောအချိန်ဖြစ်သည်။ အစိုးရလက်အောက်မှာ ရန်ကုန်မြို့နှင့် မြို့ရွာ အနည်းငယ်သာ ရှိသည်။ ကျန်သောနယ်မြေများမှာ သောင်းကျန်းသူတို့လက်ထဲ ကျရောက်နေချိန်ဖြစ်သည်။ ဤလို တိုင်းပြည် ဖရိုဖရဲ ဖြစ်နေချိန် ငရဲခန်း ဖွင့်နေရချိန်အတွင်းမှာ ဒေါသောက်ကျူးကာ လူသားနှင့် မြည်းနိုင်ကြသည့် အချို့သော အရာရှိဆိုးတို့ကြောင့် ပိုးခန်းဆီးနောက်မှာလည်း ငရဲခန်း ဖြစ်ခဲ့ရသည်။ ထိုခေတ်က လွှမ်းမိုးသော ယုံမှားမှုဖြစ်သည့် ပီယဆေး၊ ဆေးဖရောင်းတိုင်



တို့ကြောင့် ထိုဆေးဆရာကြီးများဖြစ်သည့် ဦးမောင်မောင်ထွန်းလိုလူ လက်သို့ ယုံလွယ်သော အချို့အမျိုးသမီးငယ်များ ကျရောက်ပျက်စီးရသည်။

ပြီးတော့ ထိုခေတ်က ကာလပ်များတွင် ရင်ချင်းအပ်ကပွဲများ ခေတ်စားချိန်ဖြစ်သည်။ တိုင်းပြည် မီးကုန်းဟုန်းတောက်ချိန်တွင် ကာလပ်ပျော်တို့၏ စည်းစိမ်ယစ်မူးနိုင်သောဓိဘ်၊ နောက်ဆုံး၌ ထိုကာလပ်ပျော်က ကိုယ့်မိန်းမကိုပင် အများဖမ်းကာ ငွေညှစ်သောစိတ်တို့ကို ကျွန်မ ဖော်ပြခဲ့ပါသည်။

ကျွန်မ၏ဇာတ်ဆောင်သီသီသည် မငြိမ်းချမ်းသောကာလ၏ ယစ်ပလ္လင်တွင် စတေးခံခဲ့ရသော အနွဲ့ဘဝကို နောက်ဆုံးတော့ ခွင့်လွှတ်သည်။ တနာလာသည်။

'ခုမှ ကိုကို သိပ်စိတ်ထိခိုက်နေလား၊ သီသီတော့ တစ်နေ့လုံး စိတ်ဒုက္ခ ရောက်လိုက်တာမပြောနဲ့၊ သီသီ့ကြောင့် သေရတယ်လို့ချည်း စိတ်မှာ စွဲနေတယ်။ အစကတော့ ဒီမိန်းမဟာ ငမ်းငမ်းတက် အလွယ်မိန်းမစားမျိုးလို့ ထင်ခဲ့မိလို့ပဲ။ နောက်တော့မှ ကိုကိုတို့ ငမ်းငမ်းတက်လို့ ကိုကိုတို့ ထောင်ချောက်မှာ အမိခံရတာ သိရတော့ သိပ်ဝမ်းနည်းမိတယ်။ ပြီးတော့လဲ မထိန်းနိုင်တဲ့ယောက်ျားတွေရဲ့ ကာမဂုဏ် ဖြေဖျောက်ရာမှာ ကျွန်မတို့နှစ်ယောက် အတူတူ အနိုင်ကျင့်ခံနေရတာကို တွေးမိတော့ သူ့ကို ဝန်မတိုနိုင်တော့ဘူး။ သနားတယ်၊ ခုတော့ တွေးပြီး ကြောက်တယ်'

ဤစကားလုံးများကို အနွဲ့ သေဆုံးသွားကြောင်း ကြားရပြီးနောက် သီသီက သူ့ယောက်ျား အတွင်းဝန် ဦးကျော်ရှင်းကို ပြောပြခြင်းဖြစ်သည်။

အမှန်တော့ အနွဲ့မှာ ခေတ်ဆိုး၊ စနစ်ဆိုးဒဏ်ကို တိုက်ရိုက်ခံရ၍ သီသီက ဆင့်ပွားခံရခြင်းဖြစ်သည်။ ဒီနေရာမှာ သူတို့သည် သားကောင်ဖြစ်ရခြင်း တူနေ၍ သီသီသည် အနွဲ့အပေါ် နားလည်မှု ရှိလာသည်။ သို့သော် ထိုအချိန်မှာ အနွဲ့ ကွယ်လွန်ပြီ။

'ပိုးခန်းဆီးနောက်မှ ငရဲခန်း'ဝတ္ထုကိုတော့ စာဖတ်ပရိသတ်ထံမှ ကြိုက်နှစ်သက်သည် ဟူသော စာများသာ လာသည်။ ဝေဖန်ခြင်းကိုတော့ မတွေ့ရပါ။ သူငယ်လေးတစ်ယောက်ကတော့–

'အန်တီ ကျွန်တော့ဖေဖေအကြောင်းကို ရေးတာပဲ'

ဟု ပြောဖူးသည်။ သူ့ဖေဖေအကြောင်းတော့ ကျွန်မ [illegible]

(လုံမလေးမဂ္ဂဇင်း [illegible])

www.burmeseclassic.com

www.burmeseclassic.com

## ပန်းပန်လျက်ပါ

'ပန်းပန်လျက်ပါ' ဝတ္ထုသည် သာမန်အားဖြင့် အငြိမ့်သမတစ်ယောက်၏အကြောင်းဟု ဆိုရပါမည်။ သို့သော် ဘယ်လို အငြိမ့်သမမျိုးလဲ ဟူသော မေးခွန်းကို ထပ်ဆင့်မေးဖို့ လိုပါသည်။ ကျွန်မ ဖြစ်လိုသော၊ ဖြစ်စေချင်သော အငြိမ်းသမတစ်ယောက်အကြောင်း ဖြစ်ပါသည်။ ထိုစကားကို ဝေဖန်ရေးအခန်းကျမှ ကျွန်မ ရှင်းပြပါမည်။

ကျွန်မ ဖြစ်စေချင်သော အငြိမ့်သမလေး ကျွန်မ နှလုံးသားတွင် သန္ဓေတည်ခဲ့သောနှစ်မှာ ၁၉၆၀ ပြည့်နှစ် ဖြစ်ပါသည်။ ကျွန်မသည် ဆယ့်သုံးနှစ်ခန့် အလုပ်လုပ်ပြီးမှ အနားယူကာ ဘီအေ (ဝိဇ္ဇာ)တန်း တက်ရန် တက္ကသိုလ်တွင် တက်ရောက် ပညာသင်ယူခဲ့ပါသည်။ အိုင်အေကိုတော့ အလုပ်လုပ်ရင်း ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ဘီအေဒုတိယနှစ် သင်ကြားနေဆဲ တစ်နေ့တွင် ကျွန်မ အတန်းပြီး၍ အဓိပတိ လမ်းမကြီးအတိုင်း အိမ်ပြန်လာခဲ့ပါသည်။ မန္တလေးဆောင်ရှေ့ရောက်တော့ စက္ကူများ၊ အမှိုက်များ ပြန့်ကြဲနေသော မြက်ခင်းပြင်ကို တွေ့ရသည်။ မနေ့ညက ဤနေရာတွင် အငြိမ့်ပွဲတစ်ခု ကပြသွားသည်။ အငြိမ့်ပွဲ၏ ညခင်းသည် သာယာပျော်ရွှင်ဖွယ်ကောင်းသလောက် အငြိမ့်ကပြီး နံနက်ခင်း ခွဲခင်း

www.burmeseclassic.com



နေရာကို မြင်ရသည့်အခါတိုင်း ကျွန်မ စိတ်မကောင်းဖြစ်မိသည်။ ဖာတ်ပွဲမှာလည်း ထိုအတိုင်းပါပဲ။ ပွဲခင်း၏နံနက်ခင်းသည် ညဥ့်က ပွဲကြည့်ပရိသတ် စားသောက်သွားသော ဆီးစေ့၊ မြေပဲခွံ၊ မုန့်ထုပ်မှစက္ကူစများ၊ ဆေးလိပ်တိုများ အမှိုက်များနှင့် ရှုပ်ပွပြန့်ကျဲနေသည်။ ထိုမြင်ကွင်းကို ကျွန်မ မနှစ်သက်ပါ။

ထိုနေ့က ပွဲခင်း အလှပျက်နေပုံကိုကြည့်ရင်း စာသင်ခန်းတွင် စာသင်ပြီး သူငယ်ချင်းတစ်ယောက် ပြောစကားကို ကျွန်မ သတိရမိ၏။ အငြိမ့်နှင့် ဆက်စပ်နေသည်။

'ညက မန္တလေးဆောင်ရှေ့မှာ '.....' အငြိမ့် ကသတဲ့၊ ကျောင်းသားတွေ သဘောကျလိုက်တာ ဝက်ဝက်ကွဲနေတာပဲ၊ မနည်းကို ထိန်းရတယ်။ ဘယ်လောက်များ ကျောင်းသားတွေ တိုးကြသလဲဆိုရင် မန္တလေးဆောင် ခြံစည်းရိုးကြီးတစ်ကွက် ပြိုတောင်သွားတယ်'ဟု သူငယ်ချင်းက ပြောပါသည်။

'သူ့ အကကောင်းတာတော့ မစု သိပါတယ်၊ ရုပ်ကလဲ ချောတယ်မို့လား၊ ခြံစည်းရိုး ပြိုတာကတော့ သံတိုင်တွေ မခိုင်လို့ပါ' ဟု ကျွန်မက ပြောကာ ရယ်မိပါသည်။ ကျွန်မသည် သူငယ်ချင်းစကားကို ပြန်သတိရရင်း ပြိုလဲနေသော စည်းရိုးသံတိုင်တစ်ကွက်ကို ကြည့်နေမိပါသည်။

'ကျောင်းသားတွေ ဒီအငြိမ့်သမလေးကို **တကယ်** သဘောကျကြတာလား'။ အကကောင်း၊ အပြောကောင်း၍ ရုပ်ချောလျှင် အစ်ကိုကာလသားတို့ ကြိုက်ကြစမြဲပင်။ ဒါပေမယ့် **'တကယ်'**ဆိုသော သဘောကို ကျွန်မကိုယ်ကျွန်မ မေးမိသည်က ဒီအကနှင့် ရုပ်၊ အပြောတို့ ဖျော်ဖြေမှု တဒင်္ဂပဟန်ကိုယ် လေးစားလေသလား။ ထိုအငြိမ့်သမ၏ အနုပညာအပေါ်မှာရော သူတို့ ဘယ် သဘောထားကြပါသလဲ ဟူသော မေးခွန်းကို ကျွန်မကိုယ်ကျွန်မ မေးမိသည်။

အငြိမ့်သမနှင့် ပတ်သက်သော ပုံပြင်များကို ကျွန်မ ကြားဖူးပါသည်။ အကောင်းရော၊ အဆိုးရောဖြစ်သည်။ အချို့အငြိမ့်သမလေးများမှာ ကိုယ့်ကိုယ်ကို အထိန်းမတတ်၍လည်းကောင်း၊ နိုးစပ်၍လည်းကောင်း လူရှင်တော်များနှင့် ညားကာ အငြိမ့်ဆရာ၏ ခြေတော်တင်ကိုလည်း ခံရသည်ဟု ကြားခဲ့ဖူးပါသည်။

ဇာတ်မင်းသမီးကြီးများတွင် မိမိကိုယ်မိမိထိန်းကာ အကျင့်စာရိတ္တတွင် စံတင်ထိုက်သော မင်းသမီးကြီးတစ်ဦးမှာတော့ ကောလိပ်စိန် ဖြစ်ပါသည်။ ဦးဖိုးစိန်ကြီးသည် ဇာတ်ဆရာလည်း ဖြစ်၊ အက၊ အဆို၊ အပြောလည်း ကောင်း



လှသောကြောင့် ဇာတ်မင်းသမီးများသာမက ပွဲကြည့်ပရိသတ် အမျိုးသမီးများပင် ကျခဲ့ကြသည်။ ကွမ်းသီးဖက်ဆေးလိပ်ထဲ ရွှေဒင်္ဂါး ထည့်ပေးသည်အထိ ဦးဖိုးစိန်ကြီးကို သဘောကျခဲ့ကြသည် ဟုဆိုသည်။ သို့သော် ကောလိပ်စိန် အနေနှင့် ဇာတ်မင်းသမီး သက်တမ်းတစ်လျှောက်ရော ဦးဖိုးစိန်နှင့် တွဲခဲ့သမျှ တစ်လျှောက်ရော မှဲ့တစ်ပေါက် မစွန်းခဲ့ဟု ကြားသိခဲ့ရပါသည်။ ဦးဖိုးစိန်က ကောလိပ်စိန်၏ မာန်ကိုရော၊ ဣန္ဒြေကိုရော အလွန်လေးစားသည်ဟု ဆိုသည်။ သေသည်အထိ ကောလိပ်စိန်သည် အဖြူဟွစရိယာပုဒ်ကို စောင့်ထိန်းရင်း ဝါးခယ်မမြို့တွင် ခေါင်းချသွားပါသည်။

ကျွန်မရင်ထဲတွင် ကြားသိခဲ့ရသော ဇာတ်မင်းသမီး၊ အငြိမ့်မင်းသမီးများအကြောင်းကို တွေးခေါ်ရင်း စံထားထိုက်သော အငြိမ့်မင်းသမီး တစ်ယောက်ကို မွေးထုတ်ချင်ပါသည်။ ထိုကဲ့သို့ ရင်ထဲတွင် ငုပ်လျှိုးနေသော ထိုဆန္ဒလေးမှာ မန္တလေးဆောင် အငြိမ့်ပွဲတွင် ပေါ်ထွက်လာပါသည်။

မန္တလေးဆောင်တွင် ကပြသော အငြိမ့်မင်းသမီးလေးကို စွဲလန်းလှပါသည်။ သဘောကျလှပါသည်။ သံစည်းရိုး ပြိုကျသည်အထိ ကျောင်းတော်သားတို့ သဘောကျသည်ကိုတော့ ကျွန်မ ပထမ ဝမ်းမြောက်မိပါသည်။ သို့သော် ကျွန်မရင်ထဲတွင် သံသယ ဖြစ်မိပြန်သည်။ အကယ်၍များ ထိုအငြိမ့်သမလေးကို ကျောင်းတော်သားတစ်ယောက်က ချစ်မိပြီ ဆိုပါတော့။ ထိုအငြိမ့်မင်းသမီးကို သူတို့ပတ်ဝန်းကျင်ရှိ ပဝါနစ်စ အသာချ၍ အလွန်တင့်တယ်သော တက္ကသိုလ် ကျောင်းဆရာမများ၊ ပန်းပွင့်ရောင်စုံလို အနုအရွ တက္ကသိုလ်ကျောင်းသူ လှလှ ကလေးများနှင့် တစ်တန်းစားတည်း ထားကာ ချစ်နိုင်ပါမည်လား။ လေးလေးစားစား မြတ်နိုးစွာ လက်ထပ်နိုင်ကြပါမည်လော။ ကျွန်မကိုယ်တိုင် ထိုပညာတတ် ကျောင်းတော်သားများစိတ်ကို မယုံကြည်နိုင်ပါ။ သို့သော် ကျွန်မ၏ အငြိမ့်သမလေးသည် ပုထုဇဉ်ပေပဲ။ တစ်နေ့နေ့တစ်ချိန်ချိန် ဒီလောက် ကြိုက်လှပါသည်ဆိုသော အစ်ကိုကာလသားထဲမှ တစ်ယောက်ယောက်ကိုတော့ ချစ်မိမည်။ ကျွန်မ၏သည်းအိမ်မှ မွေးဖွားသောသမီးလေးကို မိခင်တစ်ယောက် အနေနှင့် ရည်းစားမထားပါဟု အာမ မခံနိုင်ပါ။ မထိန်းသိမ်းနိုင်ပါ။

ဒီတော့ကော နောက်ပိုင်း အကျိုးဆက်မှာ ဘယ်လိုဖြစ်မည်ပါ ကျွန်မ အငြိမ့်မင်းသမီးလေးကို ဤပညာတတ် ကျောင်းတော်သားက ... ဟု ကျွန်မ မယုံကြည်။ ချစ်ပြီးကြသည့်နောက်ပိုင်း ကျောင်းတော်သား

www.burmeseclassic.com



ဖျက်ဆီး၍ ဘဝ ဆုံးသွားသည်ကိုလည်း ကျွန်မ မကြည့်လို။ ပုထုဇဉ်ဓလေ့ လွှဆန်ပါသော အငြိမ့်မင်းသမီးလေးသည် ချစ်မိသည့်နောက်ပိုင်း ချစ်သူ၏ သစ္စာဖောက်မှုကြောင့် ယိုင်လဲပျက်စီးခြင်း မရှိဘဲ မိမိ၏ အနုပညာခရီးကို သစ္စာရှိစွာ ဆက်လက်လျှောက်သွားစေလိုသည်။ ဒါတင်မက အနုပညာသည် တစ်ယောက် သို့မဟုတ် ကချေသည်တစ်ယောက်၏ မိတ်ဆွေထဲမှ ရန်သူဖြစ်သော အငြိမ့်ဆရာ၊ လူရွှင်တော်တို့၏ ဖျက်ဆီးခြင်းမှလည်း လွတ်ကင်းစေလိုသည်။

ဤဆန္ဒဖြင့် ကျွန်မ ဖြစ်စေလိုသော အငြိမ့်မင်းသမီးလေး မဗေဒါကို ကျွန်မ မွေးဖွားသန့်စင်လိုက်ပါသည်။ အငြိမ့်မင်းသမီးအကြောင်း ဝတ္ထုကို 'ပန်းပန်လျက်ပါ'ဟု ကျွန်မ အမည်ပေးသည်ကတော့ ဆရာဇော်ဂျီ၏ ဗေဒါလမ်း ကဗျာထဲက 'ဗေဒါပျံ့ အံကိုခဲ ပန်းပန်လျက်ပဲ' ဟူသော စကားကိုယူကာ 'ပန်းပန်လျက်ပါ' ဟု အမည်ပေးခြင်းဖြစ်သည်။

ဝတ္ထုတစ်ပုဒ်မှာ ရည်ရွယ်ချက်ရှိရုံနှင့်မပြီး။ ထိုရည်ရွယ်ချက်ကို ရောက်အောင်ပို့ဖို့ အဆင်တန်ဆာလိုပါသည်။ ကြက်မတစ်ကောင်သည် ကြက်ဥအရုန် ဝပ်တျင်းအွဲ့သလို ကျွန်မတို့သည် ဝတ္ထုတစ်ပုဒ်၏ ရည်ရွယ်ချက်ရောက်အောင် တန်ဆာဆင်ပြင်ကြရသည်။

ပုထုဇဉ်အငြိမ့်မင်းသမီး မဗေဒါသည် နယ်ပိုင်ဦးစောထွန်းကို ချစ်မိသည်။ ကုလားထိုင်တစ်လုံးနှင့် ပန်းမွှေ့ယာ ရွှေကော်ဇောကို ထိုးပေးခံရချိန်တွင် ကိုစောထွန်းက အငြိမ့်မင်းသမီးကို ပစ်ကာ သဌေးသမီးကို ယူသည်။ သူ လက်ထပ်ချိန်တွင် မဗေဒါ အငြိမ့်ကဖို့ ငှားသည်ကို မကန့်ကွက်၊ ချစ်သူ လက်ထပ်ပွဲမှာ မဗေဒါ ကပြချိန်ကို ဇာတ်နာအောင် ပို့ထားရသည်။ ဒီတော့မှ ဗေဒါသည် အယက်အကန်ခံရင်း အံခဲပြလိုက်သည်။

ထို့ကြောင့် ကျွန်မဝတ္ထုတွင် အငြိမ့်မင်းသမီးအမည်ကို မဗေဒါဟု ပေးထားသည်။ မဗေဒါဘဝသည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာထဲက ဗေဒါ ပန်းလို ရေစုန်ရေဆန် မျောရ၏။ ရေစီးပဲ သန်သန်၊ လှိုင်းကပဲ ထန်ထန်၊ မုန်တိုင်းကပဲ ဆင်ဆင်၊ စီးသာသော သောင်ခြေမှာပဲဖြစ်ဖြစ် သူ့ဘဝကို တိုးဝင် ရှင်သန်ရ၏။ အငြိမ့်သမတစ်ယောက်၏ဘဝနှင့် အဆီလျော် အသင့်မြတ်ဆုံး ကဗျာတစ်ပုဒ်ဖြစ်၏။ ပြီးတော့ ကျွန်မ၏အငြိမ့်သမလေးသည် အားနှင့်မာန်နှင့် အခက်အခဲဟူသမျှ ကျော်ဖြတ်ရသူဖြစ်သောကြောင့် ကဗျာဆရာသည်



ဗေဒါဘဝနှင့် အလျော်ကန် အသင့်မြတ်ဆုံး၊ အသင့်လျော်ဆုံးဖြစ်၍ 'ဗေဒါလမ်း' ကဗျာကို ဆရာ့ဆီမှ ခွင့်တောင်း၍ ယူသုံးလိုက်ပါသည်။

ကျွန်မငယ်စဉ်ကတည်းက ကျွန်မဘဝသည် ပန်းခင်းလမ်း မဟုတ်။ စိတ်ခတ်ကျစရာတွေ အများကြီးတွေ့တိုင်း ဝေလောကီအနေနှင့် ဆရာ့ကဗျာကို ရွတ်ဖတ်ကာ အားတင်းပါသည်။ လောကုတ္တရာအနေနှင့် မြတ်စွာဘုရား၏ တရားတော်ကို နှလုံးသွင်း၍ အားတင်းရပါသည်။ အငြိမ့်သမလေးကို ကျွန်မနည်း ကျွန်မဟန်အတိုင်း 'မာန်' သွင်းပေးရပါသည်။

ရှုမဝတွင် 'ပန်းပန်လျက်ပါ'ကို မွေးဖွားပြီးနောက် ရှင်ကြည်ကြည်နှင့် ချိုးဖြူစာပေတို့မှ သီးသန့် လုံးချင်းစာအုပ် ထုတ်ဝေပါသည်။ ဝတ္ထုအနေနှင့် အောင်မြင်ပါသည်။ သို့သော် ရုပ်ရှင်အနေနှင့် ပိုမိုအောင်မြင်သည်ဟု ဆိုရပါမည်။

ရုပ်ရှင် အောင်မြင်ရခြင်းမှာ ဒါရိုက်တာဦးချစ်ခင် တော်ရုံမျှမက ကော ထိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေးနှင့် ဘောဘီစွဲ့တို့ တက်ညီလက်ညီ သရုပ်ဆောင် တော်ကြသောကြောင့်ဆိုလျှင် ပိုမို၍ မှန်ကန်ပေမည်။

ကျွန်မသည် စာရေးဆရာပီပီ စကားလုံးကို ဦးစားပေးသည်။ ပြောင် မြောက်၍ ထိရောက်သော စကားပြောများကို သုံးသည်။ တစ်ခါတစ်ရံ ရှည်၍ တစ်ခါတစ်ရံ တိုသည်။

ရုပ်ရှင်တွင် တိုလျှင် အရေးမကြီးပါ။ ရှည်လျှင် ပရိသတ် လက်ခံ အောင် စကားပြောဖို့ မလွယ်ပါ။ ဝတ္ထုထဲတွင် နယ်ပိုင် ကိုစောထွန်းသည် ချစ်သူအငြိမ့် မင်းသမီး မဗေဒါကို သစ္စာဖောက်ကာ သူဌေးသမီး ခင်မမကို ယူသည်။ အငြိမ့်သမကို လူပြက်များနှင့်တွဲ၍ မီးရောင်အောက်တွင် မကစေ လိုသော ကိုစောထွန်းမှာ ခင်မမ မီးမှိန်မှိန်အောက်တွင် ရင်ချင်းအပ် ကပွဲများ ကနေသည်ကို လက်ပိုက်ကြည့်နေရသည်။ ဒီအဖြစ်ကို သူငယ်ချင်းကိုကျော်စိန် အား ပြောပြရာ၌ စာမျက်နှာ ၆၈ မှ ၈၀ အထိ ၁၂ မျက်နှာလုံးလုံး မြတ်လေး(ကိုကျော်စိန်)နှင့် ကောလိပ်ဂျင်နေဝင်း (ကိုစောထွန်း)တို့ ပြောကြ သည်။ စာဖတ်ရာတွင်ပင် ၁၂ မျက်နှာမှာ အတော်ရှည်သည်။ သို့သော် ကောလိပ်ဂျင်နေဝင်းရော မြတ်လေးပါ ဟန်ပန် အမူအယာနှင့် လေယူလေသိမ်း ကအစ အချီအချ ပြောကြသည်မှာ ပရိသတ်ကို ဆွဲယူသွားနိုင်သည်။ ပရိသတ် သည် သူတို့ပြောရာနောက်သို့ လိုက်ပါသွားကြသည်။ မငြီးငွေ့ပါ။

ပြီးတော့ နယ်ပိုင်ဝန်ထောက်ဦးစောထွန်းက ခင်မမကို သတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ကျောင်းဆရာကိုကျော်စိန်က မဗေဒါကို သွားတွေ့သည်။ ကိုကျော်စိန်က မဗေဒါကို ကရုဏာသက်စွာဖြင့် သူသည် မဗေဒါ၏ အကနှင့်အနုပညာကို လေးစားကြောင်း၊ အတန်းအစား မခွဲပါကြောင်း ပြောပြသည်။ မဗေဒါက ကိုကျော်စိန်ကို လှောင်ရယ် ရယ်လိုက်၍ ကိုကျော်စိန်က–

'ကျွန်တော်ပြောတာကို မယုံဘူးလား မဗေဒါ' ဟုမေးလိုက်၏။

'မယုံဘူး ဆရာရေ့၊ လူတွေဟာ ကိုယ့်တက်ကျတော့ တစ်ကွက်ချင်း တွေးတတ်ကြတာချည်းပဲ၊ ကဲ.....မဗေဒါ မေးခွန်းတစ်ခု မေးမယ်၊ မဗေဒါရဲ့ အကျင့်ကိုရော၊ ပညာကိုရော ဆရာ တကယ်လေးစားတယ်ဆိုရင် ဆရာ မဗေဒါကို လက်ထပ်မလား'

'စိတ်မရှိပါနဲ့ ဆရာရယ်၊ ဒီကောင်မလေး ငါ့ကို လူပျိုစကား ပြောတယ်လို့ မထင်ပါနဲ့၊ ဆရာတို့ တွေ့နေတဲ့ တက္ကသိုလ်ကျောင်းတော်သူတွေ၊ ပဝါလုလုလေးတွေ ခြုံနေတဲ့ တက္ကသိုလ်ဆရာမလေးတွေနဲ့ တစ်တန်းတည်း ထားပြီး ဆရာတို့ မလေးစားပါဘူး။ ဒီမေးခွန်းကိုလဲ ခုမဖြေပါနဲ့၊ အိမ်ပြန်သွားပြီး ဆရာစာနဲ့ ရေးလိုက်ပါ၊ ဒီအချိန်မှာ ဆရာ့စိတ်က အဖြေမှန်ကို ဖြေလိမ့်မယ်။ ကဲ.....မဗေဒါကို ခွင့်လွှတ်ပါ'

ကျွန်မဝတ္ထုထဲတွင် ထိုအခန်းမှာပါသော မဗေဒါ၏စကားများသည် အမှန်တရားကို ဖုံးကွယ်၍ ကိုယ့်ကိုယ်ကို လှည့်စားကာ တွေးခေါ်တတ်သော ပညာတတ်တစ်ချို့၏ညဉ်ကို ဘွင်းဘွင်းပေါ်လာအောင် ဖော်ထုတ်လိုက်သော စကားဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်မိမိ အငြိမ့်သမ တစ်ယောက်အပေါ် လူတန်းစား မခွဲပါ ဟူသော ကိုကျော်စိန်ထံမှ မည်သည့် အဖြေမှ ပြန်မလာသောကြောင့်တည်း။

'ငါကိုယ်တိုင်ကရော မဗေဒါကို တကယ်လက်ထပ်ရဲသလား၊ မေမေ ပေးစားမယ်ဆိုတဲ့ မိန်းကလေးနဲ့ တန်းတူထားပြီး စဉ်းစားမလား'

ဆရာကိုကျော်စိန်သည် သူ့ကိုယ်သူ မေးခွန်းကို မေးယူရသည်။ ဤအခန်းကို ရုပ်ရှင်ထဲတွင် ဘယ်လိုများ ဖော်ပြမလဲဟု ကျွန်မ ရင်တထိတ်ထိတ် နှင့် ရှိပါသည်။ သို့သော် ကျွန်မရင်ထဲတွင်ပါသော ထိုအခန်းမှ စကားလုံးများကို ကြည်ကြည်ဖွေးသည် မျက်နှာထားဟန် လေယူလေသိမ်းပါ ပီပြင်အောင် ပြောနိုင်သည်ကို ရုပ်ရှင်ကြည့်ပရိသတ် တွေ့နိုင်ပါသည်။ ကျွန်မတို့ စာရေးဆရာ များအဖို့ ကိုယ့်စကားလုံးကို ဌာန်နှင့် ဟန်နှင့် မာန်နှင့် ပြောနိုင်ပါမည်လား



'အာတွေ့' ပါမည်လားဟု တွေးတောပူပန်ကြသည်မှာ ဝတ္ထုမှ ရုပ်ရှင်သို့ ကူးပြောင်းရန် ဝတ္ထုကို ဝယ်ယူခြင်းခံရသော စာရေးဆရာတို့၏ ကြီးစွာသော ပူပန်မှုတစ်ခုဖြစ်၏။

ပြီးတော့ တစ်နေရာတွင် ကိုစောထွန်းကို မဗေဒါက ချစ်သာချစ်သည်၊ မယုံကြည်။ ပညာတတ်လူတန်းစားတို့၏ ဖောက်ပြန်တတ်သောညာဉ်ကို မဗေဒါ က သံသယရှိသည်။ မဗေဒါ၏အတွေးကို–

'ဒီလိုတွေးမိရင်လဲ မဗေဒါအစက ကိုစောထွန်းအချစ်ကို လက်ခံဖို့ မကောင်းဘူး'

ဟု ကိုကျော်စိန်က ပြောသည်။

'မဗေဒါဟာ ပုထုဇဉ်ပါ ဆရာရယ်၊ စိတ်ထဲမှာ ချစ်ချင်သေးတာပေါ့၊ ဒါပေမယ့် မဗေဒါ ကိုယ့်ဘဝကိုယ် နားလည်ပါတယ်၊ မဗေဒါက ဘုရင့်သား မဟာသမ္မတနဲ့ညားတဲ့ ဘေဒါရီကိုလဲ အားကျဖို့ မရှိပါဘူး။ ဟိုဘေဒါက 'ဘကုန်း' နဲ့ ဘေထားတာပဲ၊ ကျွန်မနာမည်ကို 'ဗထက်ချိုက်' နဲ့ ဗေထားတာပါ၊ ဒါကြောင့် ချစ်ကြတယ်ဆိုပေမယ့် မဗေဒါ အဝေးကနေပြီး ခွါနေတာပေါ့၊ ချစ်သာချစ်တယ် မယုံဘူးလေ'

ထိုစကားလုံးများကိုလည်း ကြည်ကြည်ဖွေးသော အပြောမှတတ်လျှင် ပေါ့ဆဆ ဖြစ်သွားနိုင်ပါသည်။ သို့သော် ထိုနေရာမှာလည်း ပြတ်သားစွာ စကားလုံးများကို ပြောသွားသည့် မဗေဒါဟန်ကို ပရိသတ် ငေးယူရပါသည်။ ချစ်သူ ကိုစောထွန်း လက်ထပ်ပွဲတွင် အငြိမ့်သမ မဗေဒါ ကပြဟန်မှာတော့ ပွဲကြည့်ပရိသတ် စိတ်ကို သိမ်းကျုံးဆွဲငင်သွားပါသည်။ ချစ်သူနှင့်ကွေကွင်းရခြင်း ဆင်းရဲကို မျိုသိပ်ကာ ရစ်ဝဲလာသောမျက်ရည်ကို မျက်လုံးပေါ်တွင်သာ ထိန်းသိမ်းထားပါလျက် ပါးစပ်ကပြုံး၍ ကပြသွားပုံမှာ ကြည်ကြည်ဖွေး၏ အနုပညာအရည်အသွေးကို ရင်သပ်ရှုမော အံ့သြလောက်ဖွယ် တွေ့ရပါသည်။ စိတ်အဆင်းရဲဆုံးအချိန်တွင် မာန်တင်းထားသော အငြိမ့်သမတစ်ယောက်၏ သတ္တိကို ဖော်ပြရာ၌ သရုပ်ပေါ်လှသည်။

ဘေဘီနဲ့အနေနှင့်လည်း သူဌေးသမီးခင်မမအနေနှင့် သူ့[illegible] ရည်းစားဦးမှာ အငြိမ့်သမ မဗေဒါ ဟု သိသွားချိန်တွင် သူ့လုပ်[illegible] သွက်လက်လာပါသည်။ 'ချစ်၍ရှာသောမိုး'ကို မဗေဒါဆိုသံကို[illegible] နောက် ကိုစောထွန်း စာရေးနေရာစားပွဲသို့ သွားသည်။ ကိုစောထွန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



အရက်တွေ လောင်းချလိုက်၏။

'ဟဲ.....ဟဲ.....ချစ်ရှုရှာသောမိုးတွေလေ ဒါလင်၊ ပျော်စရာမကောင်းဘူး လား၊ မမ ဒါလင့်ခေါင်းပေါ် ရွာချတဲ့ အရက်တွေကလဲ တကယ့်မိုးရေတွေပါပဲ ဒါလင်ရဲ့၊ ပေါင်းထားတဲ့အရည်ဟာ မိုးရေနဲ့ ဘာထူးလဲ'

'ဒါလင့်အပေါ် အငြိမ့်သမက မိုးရေတွေ ရွာချ၊ မမက အရက်တွေရွာချ၊ ဟဲ.....ဟဲ.....ဒါလင်ကတော့ ကြွက်စုတ်ကလေး ဖြစ်သွားရော'

ထိုစကားလုံးများကို အရက်မူးမူးနှင့် ဘောဘီနွဲ့ ပြောသွားပုံမှာ မချင့်မရဲ ဖြစ်စရာကောင်းသည်။ တစ်ခုက ပန်းပန်လျက်ပါတွင် ဘောဘီနွဲ့သည် မိန်းမကြမ်းအခန်းမှ ပါဝင်ခဲ့သော်လည်း မျက်နှာလည်း မဲ့မပြ၊ ကိုယ်ဟန်က လည်း ကြမ်းတမ်းသည့်ဟန်မပြဘဲ သူ့အခန်းကို ပြောင်မြောက်စွာ သယ်ယူ သွားပါသည်။

'ဒယ်ဒီတို့ မာမီတို့ကလဲ အတော်ခက်တာပဲ၊ လူရှိသေ ရှင်ရှိသေ အရုပ်ကလေးတစ်ရုပ် ဝယ်ပေးပါဆိုတာ ဘယ့်နှယ့် အဘိဓမ္မာဆရာကို ရှာပေးထားလဲ မသိဘူး၊ ဒီမှာ ဒါလင်၊ ဒါလင့်ကို မမရဲ့ ရုပ်ပြလင်တစ်ယောက် အနေနဲ့ မမ ဝယ်ထားတယ်ဆိုတာ မှတ်ထားပါ' ဟု ခပ်ငေါက်ငေါက်ကလေး ပြောကာ လင်ဖြစ်သူ ကိုစောထွန်း အိမ်ပေါ်မှဆင်းသွားချိန်တွင်–

"I love you more than I can say"

ဆိုသော အနောက်တိုင်းသီချင်းကို ဖွင့်၍ ကသွားပုံမှာ တမင်ရွဲ့၍ ဘာကိုမှ မမှုဘူး ဟူသော ပက်စက်ခြင်း အထွတ်အထိပ်ကို သယ်ယူသွား ပါသည်။

အမှန်တော့ ဝတ္ထုမှာ စိတ်၏အရသာကိုပဲ ခံစားရသည်။ ရုပ်ရှင်အဖြစ် ရောက်တော့ မျက်စိပသာဒ၊ နားအရသာတို့ကိုပါ ခံစားရသည်။ သရုပ်ဆောင် ကြသူများ လမိုင်းကပ်သည် ဟုဆိုရမည်။ သီချင်းများကလည်း အသက်ပါ၍ ပန်းပန်လျက်ပါသည် ရုပ်ရှင်တွင် ပိုအောင်မြင်သည်ဟု ဆိုရပါမည်။

သို့သော် ဝေဖန်ရေးနှင့်တော့ မကင်းပါ။ ဝတ္ထုထွက်စဉ်က ဝေဖန်သံ များ သိပ်မကြားရ။ ရုပ်ရှင်အဖြစ် ရောက်လာတော့ ဝေဖန်ကြသည်။

"ဘာမှန်းလဲ မသိဘူး၊ က,တာ ကြည့်ချင်မှတော့ အငြိမ့်သွားကြည့်မှာ ပေါ့၊ တစ်ဇာတ်ကားလုံး က,နေတာပဲ"

ဟု ဝေဖန်သံကြားရသည်။ ကျွန်မ ဘာမှပြန်မဖြေပါ။ ထိုဝတ္ထုကိုရေး



သည့် ရည်ရွယ်ချက်ရော၊ ရုပ်ရှင်ရိုက်သည့်သူတွေကရော ကတာတစ်ခုတည်းကို ရိုက်လို၍ မဟုတ်ပါ။ ရည်ရွယ်ချက်ကို မသိ၍ ပြောခြင်းဖြစ်ပါသည်။

ဝတ္ထုရည်ရွယ်ချက်မှာ ပထမ စံပြအငြိမ့်မင်းသမီးတစ်ယောက် ပေါ်ထွက်လိုခြင်း၊ ဒုတိယက ပညာတတ်လူတန်းစားတို့၏ ဖောက်ပြန်တတ် သောညာဉ်နှင့် သတ္တိမရှိကြခြင်းကို ဖော်ပြလိုခြင်း၊ တတိယ အနောက်တိုင်း ယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုတို့၏ အကျိုးအပြစ်ကို နှိုင်းယှဉ်ပြလို၍ ဖြစ်ပါသည်။

ဆရာဇော်ဂျီက ပြောဖူးပါသည်။

"မစု၊ မင်း ဝတ္ထုရေးတော့မှပဲ ငါ့ 'ပေဒါလမ်း' ကဗျာဟာ ဘာ ဆိုလိုသလဲ ဆိုတာ ပေါ်လွင်လာတယ်၊ တစ်ချိန်တုန်းက မြန်မာစာ အမ်အေတန်း တက်နေတဲ့ ကျောင်းသားတစ်ယောက်က မေးဖူးတယ်၊ ဆရာ ဘာသဘောနဲ့ 'ပေဒါလမ်း' ကဗျာကို ရေးတာလဲတဲ့"

ဆရာက ဘာပြန်ဖြေသည် မသိပါ။ မြန်မာစာ အမ်အေတစ်ယောက် က ဒီလိုမေးခွန်း မေးသည်ဆိုတော့ 'အကချည်းပဲ' ဟု ဝေဖန်သူ၏ စကားမှာ အံ့ဩစရာ မဟုတ်တော့ပေ။ သူတို့ဝေဖန်မှု ဘယ်လောက်တိမ်သည်ကို သိသာနိုင်ပါသည်။

တစ်ချို့ကတော့ ကြည်ကြည်ဌေး မပေဒါ လုပ်သည်မှာ အရွယ် ကြီးလွန်းသည်။ နုနယ်ငယ်ရွယ်သော အငြိမ့်မင်းသမီးတစ်ယောက်ဆိုလျှင် ပိုကောင်းမည်ဟု ဆိုပါသည်။ ဒါလည်း ဝတ္ထုကို ဝေဖန်ခြင်းမဟုတ်။ သူတို့သည် ရုပ်ရှင်ပိတ်ကားပေါ်တွင် ကြည်ကြည်ဌေး၏ အနုပညာကို မမြင်။ အရွယ်ကိုသာ ကြည့်တတ်သော တဏှာသဘော ပါနေသည်ကို တွေ့ရသည်။ တကယ်တော့ ထိုအချိန်မှာ ကြည်ကြည်ဌေး အရွယ်မလွန်သေးပါ။

တစ်ချို့ကတော့–

"ခင်နှင်းယုသည် ဖြစ်နေသော အငြိမ့်မင်းသမီးများဘဝကို မရေး ဖြစ်ချင်သော အငြိမ့်မင်းသမီးဘဝကို ရေးသည်"

ဟုဆိုသည်။ ဒါကတော့ မှန်သည်။ ကျွန်မ ဒီဝတ္ထုကို စရေးတည်း ကိုက စံတင်ထိုက်သော ဖြစ်စေချင်သော အငြိမ့်သမဘဝကို သ[illegible]ဖော်ချင်၍ ဖြစ်ပါသည်။ ထိုဇာတ်လမ်းကို ဖတ်ရှု၍ အငြိမ့်သမလေးများ ဗိုလ်ဘဝကို [illegible] ဆောင်၍ ဖြစ်ပါသည်။ အငြိမ့်သမများအားလုံး ပျက်စီးမှုယွင်းနေကြသည်မှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ။ မဗေဒါလို အငြိမ့်သမကော မရှိနိုင်ဘူးလား။ ပြီးတော့ ရုပ်ဝါဒ၊ ရုပ်ဝါဒဟု မိုးမွှန်အောင် ရွတ်ဆိုနေကြချိန်တွင် လူတန်းစားကို ခွဲခြက်၊ ဖက်ခွက်စသော ရုပ်ပစ္စည်းတို့နှင့် ခွဲခြားမပြ၊ မှန်မြတ်သောစိတ်ဓာတ်ကို ခြယ်မှုန်းခြင်းဖြစ်ပါသည်။

တကယ်ဖြစ်နေသော အငြိမ့်သမများထဲမှ တစ်ယောက်အကြောင်းကို 'ပန်းကိုတော့ ပန်ချင်ပါသည်' အမည်ဖြင့် ရှုမဝမဂ္ဂဇင်း ဝတ္ထုရှည်တစ်ပုဒ်ကို ကျွန်မ ရေးခဲ့ဖူးပါသည်။ ဒီဝတ္ထုကို 'ပန်းပန်လျက်ပါ'ထက် ကြိုက်သည်ဟု ရှုမဝဦးကျော်က ဆိုခဲ့ပါသည်။

''ကျွန်တော့်မှာ ငွေကြေး အကုန်အကျ ခံနိုင်ရင် 'ပန်းကိုတော့ ပန်ချင်ပါသည်'ကို ရုပ်ရှင်ရိုက်တယ်၊ ဘာလို့လဲဆိုတော့ တကယ်ဖြစ်နေတဲ့ အငြိမ့်သမလေးတစ်ယောက်ဘဝ မရှုမလှ ခံရပုံကို အသက်သွင်းထားလို့ပဲ၊ မြန်မာပရိသတ်က လက်ခံချင်မှ လက်ခံမှာမို့ ကျွန်တော် စွန့်ရိုက်ရမှာ၊ ကျွန်တော်ကသာ ကြိုက်ပြီး ပရိသတ်က မကြိုက်ရင် ရှုံးမှာမို့ ကျွန်တော် ငွေကြေးအကုန်အကျ ခံနိုင်ရင်လို့ ဆိုတာပါ''

ဟု ဦးကျော် ပြောခဲ့ဖူးပါသည်။ တကယ်လည်း ဦးကျော်သည် ငွေတတ်နိုင်လျှင် စွန့်၍ ရိုက်မည်ဖြစ်သည်။

ထိုဇာတ်လမ်းထဲက အငြိမ့်သမ တောသူလေးမှာ မဗေဒါကို အားကျ၍ အငြိမ့်ပညာသင်ဖို့ ရန်ကုန်တက်လာကာ ပညာရှာသည်။ အငြိမ့်ဆရာနှင့် လူရွှင်တော်တို့က ပညာသင်ပေးရင်း ဖျက်ဆီးကြရာ ကိုယ်ဝန်နှင့် ရွာအပြန် သူ့ကို ပိုးနေသော ကျေးတောသားက ကလေးအဖေ အမည်ခံကာ တောသူလေး သိက္ခာကို ဆယ်ယူလိုက်သော ဇာတ်လမ်းဖြစ်သည်။

ဝေဖန်သူတို့၏ ဝေဖန်ရေးမှာ သည်လောက်ပဲဖြစ်ပါသည်။ သို့သော် ဘယ်လိုပင် ဝေဖန်ပါစေ၊ ပန်းပန်လျက်ပါ ပြပြီးမှ လူတွေပါးစပ်မှ တစ်ခုခုအပြောင်းအလဲ တွေ့တိုင်း 'တို့တော့ ပန်းပန်လျက်ပဲဟေ့.....' ဟု ပြောသံကြားရသောအခါ ကျွန်မ ဝမ်းသာပါသည်။ ဆရာဇော်ဂျီ၏ အားမာန်ပါသော စကားလုံးကို ပြည်သူ့ထံသို့ ကျွန်မ ပို့ပေးနိုင်သောကြောင့်ဖြစ်ပါသည်။ အံ့ဩစရာတစ်ခုမှာ ကျွန်မ၏ 'ပန်းပန်လျက်ပါ' ဝတ္ထု ရှုမဝတွင် ပါသော အချိန်မှာပင် ထွန်းထွန်း (ဆေးသိပ္ပံ) က ထိုရည်ရွယ်ချက် (Theme) အတိုင်း ဝတ္ထုလေးတစ်ပုဒ် ရှုမဝတွင် ပါလာပါသည်။ တော်ပါသေး၊ တစ်ပြိုင်နက်



ဖြစ်နေ၍။ တစ်လစီသာ ခြားနေလျှင် ထွန်းထွန်းသော်လည်းကောင်း၊ ခင်နှင်းယုသော်လည်းကောင်း ခိုးချသည်ဟု နောက်မှ ဖော်ပြခံရသူမှာ အစွပ်စွဲခံရမည်ဖြစ်သည်။

'ပန်းပန်လျက်ပါ' ရုပ်ရှင်သည် ၂၅-ပတ်ကျော် ရန်ကုန်မြို့တွင် ပြရသည်။ မြန်မာရုပ်ရှင်လောကမှာတော့ စံချိန်ချိုးသည်ဟု ဆိုရမည်။ ဒီလိုဆို ကျွန်မ အလွန်ဝမ်းသာသည်ဟု ထင်ပါသလား။ ဝမ်းမသာပါ။ အဘယ်ကြောင့်ဆိုသော် ဇာတ်သိမ်းခန်းကြောင့် ဖြစ်ပါသတည်း။

ကျွန်မ၏ဝတ္ထုထဲတွင် မဗေဒါသည် ချစ်သူ သစ္စာဖောက်သွားသော်လည်း သူ့ဘဝကို ထိန်းသိမ်းကာ ဘဝကို ရင်ကော့ခံ၍ ဆက်လက် ကပြသွားသည်။ သူ၏အနုပညာကို မစွန့်။

'အယက်အကန် ခံလို့ ဗေဒါပျံ့ အံ့ကိုခဲ ပန်းပန်လျက်ပဲ'ဆိုသော ကဗျာနှင့် ကိုက်ညီသည်။ မဗေဒါတင် မဟုတ်။ ဘဝတွင် ဘယ်သူပဲဖြစ်ဖြစ် ဝိုင်း၍ အကန် ခံရ၊ အနှိမ်ခံရသော်လည်း ဦးမညွှတ်စေလို။ 'ပန်းပန်လျက်ပါ' စိတ်ဓာတ်နှင့် ကြံ့ကြံ့ခံစေလိုသည်။

ရုပ်ရှင်အဖြစ် ရောက်တော့ ထုတ်လုပ်သူတို့က ဆိုသည်။ ဇာတ်သိမ်းခန်းတွင် ပေါင်းပေးပါတဲ့။ မြန်မာရုပ်ရှင်ကြည့်ပရိသတ်က ပေါင်းပေးမှ ကြိုက်သည်။ မပေါင်းလျှင် ငွေမရတဲ့။ ကျွန်မ စိတ်ပျက်လိုက်သည့်ဖြစ်ခြင်း။ ကျွန်မကတော့ လျှော့မပေးလိုပါ။ ရဲရဲသာ ရိုက်လျှင်လည်း အောင်မြင်မည် ထင်ပါသည်။

ဒါပေမယ့် တစ်နေ့ ဆရာဇော်ဂျီက ပြောသည်။

''မစုရယ်၊ ဒီတစ်ခါတော့ လျှော့ပေးလိုက်ပါ၊ မင်း ဆိုလိုချင်တဲ့ ရည်ရွယ်ချက်နဲ့ ဝတ္ထုရဲ့နိဂုံးကို စာဖတ်ပရိသတ်အနေနဲ့ လက်ခံပြီပဲ၊ မင်း ကျေနပ်သင့်ပါပြီ၊ ရုပ်ရှင်မှာတော့ သူတို့ ငွေပင်ငွေရင်း မြှုပ်နှံ လုပ်ရတော့ သူတို့ကို ငဲ့တဲ့အနေနဲ့ သူတို့ဆန္ဒကို လိုက်လျောလိုက်ပါ''

ကျွန်မ လိုက်လျောလိုက်ပါသည်။ မြန်မာရုပ်ရှင်ထုတ်လုပ်သူတို့ကသန်းကြွယ်သူဌေးများ မဟုတ်၍ သူတို့ကို ကျွန်မ ငဲ့ညာလိုက်ပါသည်။ ဝတ္ထုတွင်သာ မဟုတ်။ ကျွန်မဝတ္ထုများကို ရုပ်ရှင်အဖြစ် ရိုက်ရန် ရောင်းတိုင်း ဇာတ်သိမ်းတွင် ပေါင်းပေးဖို့၊ မပေါင်းပေးဖို့ အမြဲလိုလို စကားပြောရပါသည်။

ကျွန်မ၏ ဝတ္ထုဇာတ်သိမ်းခန်းမှာ ကိုစောထွန်းနှင့် မဗေဒါတို့ ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကြပါ။ မညားကြပါ။ ကိုစောထွန်း စွန့်ပစ်သွားသော်လည်း ပန်းပန်လျက်ပါ စိတ်ဓာတ်ကို မဗေဒါ ထိန်းသိမ်းထားပုံ ကျွန်မဝတ္ထုထဲတွင် စာတစ်ပိုဒ်နှင့် ပို့ထားခဲ့ပါသည်။

မဗေဒါ ယူဆချက်က ဗေဒါသည် ဗေဒါသာတည်း။ သူသည် ရေမှာ မွေ့သော ဗေဒါပန်းဖြစ်သည်။ သူ့အဖြစ်သည် ရေကိုပင် တွယ်သည်။ သို့ကြောင့် ရေလှုပ်ရှားသည်နှင့်အမျှ သူလည်း ရွေ့လျားရမည်သာတည်း။ ရေမှာပျော်သော်လည်း မြေနှင့် ကင်း၍မရသော ကြာပန်းကဲ့သို့ တစ်နေရာတည်း တည်ငြိမ်စွာ မနေနိုင်သည့်အတွက် ကိုယ့်အဖြစ်ကို ဝမ်းနည်းဖို့ မသင့်ပေ။ အခြေမဲ့သောပန်း ဟူ၍ လူတကာက နှိမ့်ချစွန့်ပစ်၍လည်း ဗေဒါပန်းက အစဉ်ပိုနေရမည်လော။

ကြာပန်း မဖြစ်နိုင်သောကောဟု တွေးတောပူပန်နေမည်ထက် ဗေဒါဘဝတွင်ပင် ဘယ်လိုကြံ့ကြံ့ခံရမည်နည်းဟု လမ်းစရှာခြင်းက မဗေဒါအတွက် သက်သာသောလမ်းပင်ဖြစ်သည်။

ကသည်ဖြစ်စေ၊ မကသည်ဖြစ်စေ မဗေဒါသည် သူ့ဘဝတည်ငြိမ်မှု ရရန်အတွက်ကိုမူ သူ အစဉ်ကြိုးစားရပေမည်သာတည်း။

ကျွန်မ၏ မဗေဒါကို အထောက်အကူမရှိဘဲ ကြံ့ကြံ့ခံနိုင်အောင် ဝတ္ထုထဲတွင် ထိုမျှ ပို့ထားပြီးမှ ထိုရုပ်ရှင်ထဲတွင် ကိုစောထွန်းနှင့် ပေါင်းလိုက်ခြင်းကြောင့် ကျွန်မစိတ်ထဲ မဗေဒါ၏အားမှာ ပျော့ညံ့သွားသလို ဖြစ်သွားပါသည်။ မှီရာတည်ရာရှိ၍ ကြံ့ကြံ့ခံနေနိုင်သည်မှာ ပင်ကိုယ်အရည်အချင်း မဟုတ်ပါ။ လှိုင်းထန်သောသမုဒ္ဒရာကို ဝိတိုရီယသင်္ဘောကြီးဖြင့် ကူးဖြတ်သွားခြင်းမှာ ချီးကျူးစရာ မဟုတ်ပေ။ ရွက်လှေအိုဟောင်းနှင့် ကူးဖြတ်နိုင်မှ ဤစိတ်ဓာတ်ကို မှတ်ကျောက် တင်ရပါမည်။ ရုပ်ရှင်ကြည့်ပရိသတ်ကတော့ ဘယ်လို သဘော ပေါက်မည် မသိပါ။ စာဖတ်ပရိသတ်ကတော့ ကျွန်မ ဓာတ်သိမ်းပုံကို ကြိုက်နှစ်သက်ပါသည်။

ရုပ်ရှင်၏ဓာတ်သိမ်းခန်းမှာ 'ပန်းပန်လျက်ပါ' နာမည်နှင့်မညီဟု ထောက်ပြသူမှာ ဆရာကြီးဦးရွှေဒေါင်း ဖြစ်ပါသည်။

'ပန်းပန်လျက်ပါ'ရုပ်ရှင်ပြနေဆဲ တစ်နေ့ ရုရှားသံရုံးမှ ရုရှစာရေး ဆရာနှစ်ယောက်နှင့် မြန်မာစာရေးဆရာများကို မိတ်ဆက်ပေးရန် စထရင်းဟိုတယ်မှာ ညစာစားဖို့ ဖိတ်ခေါ်ပါသည်။

ကျွန်မသည် ဖိတ်ခေါ်ခံရသူတစ်ယောက်ဖြစ်၍ ထိုညစာစားပွဲတွင်



ဆရာကြီး ရွှေဥဒေါင်းနှင့် တွေ့ရပါသည်။

''ခင်နှင်းယု ဆိုတာ မင်းလား''

ဆရာကြီးက ကျွန်မကို မေးပါသည်။

''ဟုတ်ကဲ့ပါ ဆရာကြီး''

''ဒီမှာကွယ့်၊ မြန်မာ့ရုပ်ရှင်လောကကမှာ ငါရေးတဲ့ ရတနာပုံဝတ္ထုဟာ ရုပ်ရှင်အနေနဲ့ အောင်မြင်တယ်၊ ဝင်ငွေအကောင်းဆုံးလို့ သိရတယ်၊ ခု မင်းရဲ့ 'ပန်းပန်လျက်ပါ'က စံချိန်ချိုးတယ်ဆိုတော့ ဘယ်လိုဓာတ်သိမ်းမို့လို့လဲ''

ဆရာကြီးမေးခွန်းကို ကျွန်မ မဖြေတတ်ပါ။

''ဆရာကြီး ကြည့်နိုင်မယ်ဆိုရင် မစု စီစဉ်ပေးပါ့မယ်၊ ကြည့်ပြီးတော့မှ ဘာကြောင့်ဆိုတာ ဆရာကြီး သိမှာပါ''

''ငါရုံမှာ မကြည့်နိုင်ဘူး၊ ဒူးကြောင့် လှေကား မတက်နိုင်ဘူး''

''ဒီလိုဆို မစု အိမ်မှာပြဖို့ စီစဉ်ပေးပါ့မယ်၊ ဆရာကြီး ကြွပါ''

ဆရာကြီးက ကျွန်မ ဖိတ်ခေါ်သည်ကို လက်ခံလိုက်၍ ကျွန်မသည် ၄ တွဲလစ်အိမ်မှာ ဆရာကြီးနှင့်ဆရာဇော်ဂျီကို ဖိတ်ခေါ်ပြသပါသည်။ ဓာတ်ကား ပြီးတော့ ဆရာကြီးက–

''ဘာဖြစ်လို့ ဓာတ်သိမ်းခန်းမှာ ပေါင်းပေးရသလဲ၊ မပေါင်းမှ ပန်းပန်လျက်ပါ နာမည်နဲ့ လိုက်မှာပေါ့''

ဟုဆိုသည်။

ကျွန်မ ဝမ်းသာပါသည်။ ဆရာကြီးနှင့် အယူအဆ တူသောကြောင့် ဖြစ်၍ အကျိုးအကြောင်းကို ရှင်းလင်းပြောပြလိုက်ပါသည်။

ရုပ်ရှင်တွင် တေးဂီတမှာ အရေးပါသော အကြောင်းတစ်ခုဖြစ်သည့် အတိုင်း သင်္ဂဟဦးဘသိန်း၊ မန္တလေး စုန္ဒရားချစ်ဆွေ၊ မြတ်လေးတို့သာ ကျွန်မ ၏ သီချင်းစာသားများနှင့် ဆရာဇော်ဂျီ၏ကဗျာများကို ဂီတအသံသို့ သွင်းမပေးနိုင်ခဲ့ပါလျှင်၊ အငြိမ့်မင်းသမီးကြီးမမြရင် သီဆိုခဲ့ဖူးသော အလှူ့ရှင်သီချင်းသာ မပါခဲ့ပါလျှင် 'ပန်းပန်လျက်ပါ' သည် သက်ဝင်လှုပ်ရှားနိုင်မည် မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ ဓာတ်ဆောင်များရော၊ တေးဂီတမှူးများရော အိ မ်တော်ပါ လမိုင်းကပ်ကြ၍ ပန်းပန်လျက်ပါသည် ပန်းပန်လျက်ပင် ရှိနေပါသတည်း။

(လုံမလေးမဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၈၈)

www.burmeseclassic.com



## သခွတ်ပန်း

သခွတ်ကယ်တဲ့ ပွင့်စချိန်
တမွတ်ကွယ် စံတော်မြေက
မှန်ပြေပြေ ရွှေရည်ဆိုင်းမါလို့
ရှုတိုင်း ဘဝင်ညွတ်ပါဘိ
လွမ်းဆွတ်ဖွယ့်တိမ်။

ရှစ်မည်ကို နှတ်စည့်ရွှမ်းသလိုပ
သွန်းလာတဲ့ မေယိုင်ယ်
ဖယ်ရှိန်လဲ့မြူခိုး။

ဆွေးနိုက်မှုကို
တန်ဆိုရင် တန်ဘဲနှင့်
ထင့်ရဲကာ မာန်ဟုန်ဝင့်ပါလို့
တိုအမျှန် တန်ရုံဝိပါကွယ့်
နှန်းပြည့်သိမှိုင်း။

www.burmeseclassic.com

www.burmeseclassic.com



မုတ်သုန်စောင်းကြီးကို ရာသီနတ်မိမယ်က ရိုက်နှိုးလိုက်သည့်အခါတွင် မိုးစက်မိုးပန်းများ မြူးပျော်ကခုန်၍ မြေသို့ ဆင်းသက်လာကြသည်။ မိုးစက်အနမ်းဖြင့် မြေပေါ်တွင် မြက်နုစိမ်းတို့သာမက ပန်းငုံပန်းဖူးတို့သည် ဝတ်လွှာကိုဖွင့်၍ အလှသဘင် ခင်းကြသည်။

သည်လိုမိုးဦးဝယ် ပန်းတို့၏ မျိုးနွယ်တွင် အပါအဝင် သခွတ်ပန်းသည်လည်း မိုးသက်ကို ကြိုလျက်ရှိပါသည်။ သခွတ်ပွင့်၊ သခွတ်ပန်းသည် သာမန်တောပန်းဟု ဆိုဖွယ်ရှိပါသော်လည်း မြန်မာစာပေတွင် သမိုင်းကြောင်း အခံရှိသော ပန်းဟု ဆိုနိုင်ပေသည်။

ယူဇနာပေါင်းရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မင်းသည် အပေါ်တွင် ရှစ်သောင်းလေးထောင် အောက်ဘက်တွင်လည်း ရှစ်သောင်းလေးထောင် ရှိသည်ဟု ဆိုသည်။ အထက်မြင်းမိုရ်တောင်ထွတ်တွင် သိကြားမင်းစံရာ တာဝတိံသာရှိ၍ အောက်ဘက်မြင်းမိုရ်ထိပ်တွင် အသူရာနတ်မင်းစံရာ အသူရာပြည် ရှိသည်။ တာဝတိံသာသိကြားမင်း၏ ဥယျာဉ်တွင် ကသစ်ပန်း ပွင့်၍ အသူရာမင်း၏ ဥယျာဉ်တွင် သခွတ်ပန်း ပွင့်သည်။ ထိုပန်းနှစ်ပွင့်မှလွဲ၍ ကျန်ဗိမာန်ဥယျာဉ် အခြေအနေအရပ်ရပ်သည် အားလုံး တူညီသည်ဟုဆိုသည်။

နတ်မင်းနှစ်ပါးသည် အသူရာမင်း၏သမီး သုဇာတာကို သိကြားမင်းကယူသည့်ကိစ္စနှင့်ပတ်သက်၍ စစ်ဖြစ်ပွားကြသည်။ ဤစစ်ပွဲတွင် အသူရာမင်းကအောင်ပွဲခံ၍ သေသောက်ကြူးရာတွင် အတုန်းအရုံး မူးမေ့လဲကျရာတွင် လူမှန်းသူမှန်းမသိ ဖြစ်နေကြသည်။ သိကြားမင်းက အသူရာမင်းနှင့်တကွ စစ်သည်တို့ကို မြင်းမိုရ်တောင်အောက်သို့ ပစ်ချရာ အသူရာမင်းသည် အသူရာပြည်ကို ပြန်ရောက်သွားသည်။ သူရာယစ်သော အသူရာမင်းသည် သူ့အဖြစ်ကို သူမသိ။ အိပ်ရာကနိုးချိန်တွင်လည်း သူသည်တာဝတိံသာ နတ်နန်းတွင်ပင် စံမြန်းနေရသည်ဟု ထင်သည်။ သို့သော် ဥယျာဉ်တော်တွင် သခွတ်ပွင့်ချိန်ရောက်မှ သူ စံရာပြည်သည် တာဝတိံသာ မဟုတ်။ အသူရာပြည် ပြန်ရောက်နေမှန်းသိသည်။ ဒီတော့မှ စစ်ရှုံးသည့်အဖြစ်ကို သတိရကာ နာကျည်းခံခက်သော ဒေါသနှင့် တာဝတိံသာရှိ သိကြားမင်းနှင့် စစ်မက်ဖြင့်ဆိုင်၍ တိုက်ခိုက်သည်ဟု အဆိုရှိပါ သည်။ သာမညတောပန်းဖြစ်သော သခွတ်ပန်းသည် နတ်မင်းကြီးနှစ်ပါးကို စစ်ဖြစ်ပွားစေသည်အထိ နေရာယူခဲ့ပါသည်။



ရှေးစာဆိုတို့က 'သခွတ်ပွင့်ချိန် အသူရိန် ဝတိံသာသို့ညင်း' ဟု စာဆိုသည်။ မြို့မငြိမ်းကမူ ကသစ်ပန်းသီချင်းတွင် 'တာဝတိံသာ မဟုတ်ပါလား' ဟူသော အာမေဍိတ်သံနှင့် အသူရာမင်း ရုတ်တရက် အော်ဟစ်သံကိုပါ ... ဖွဲ့ဆို၍–

"အသူရာ ဒေါသပွက်လို့ မြင်းမိုရ်ထက်သို့တက်လို့ စစ်ဖက်တဲ့အခါ။ ... တာလေး ကသဲသဲ၊ ရွာလေ တသဲသဲ(သည်းသည်း)"

ဟူ၍ဖွဲ့ဆိုခဲ့ပါသည်။ ငယ်ငယ်တုန်းကတော့ သားမက်နှင့်ယောက္ခမဖြစ်သော အသူရာမင်းနှင့်သိကြားမင်းတို့ တာဝတိံသာတွင် စစ်ခင်းကြသောကြောင့် ... မောင်းသံ၊ စည်သံ လက်နက်ချင်း ထိခိုက်သံတို့ကြောင့် တဂျိုးဂျိုး တဂျိန်း ... နှင့် ကောင်းကင်မှာ ထစ်ချုန်းသံ ကြားရသည်ဟု ကြားဖူးပါသည်။ ကျွန်မ ... တော့ မိုးတွေထစ်ချုန်း၍ ရွာကျလာလျှင် အလွန်ပျော်ပါသည်။

ဤသို့ သမိုင်းနောက်ခံ သခွတ်ပန်းနှင့် ကျွန်မ၏ဝတ္ထု 'သခွတ်ပန်း' ... သို့ ဆက်စပ်ပါသလဲဟု မေးစရာရှိပါသည်။ အဆက်အစပ် မရှိသော်လည်း ... မက ဆက်စပ်ယူသည်ဟု ဆိုရပါမည်။

သခွတ်ပန်းဝတ္ထုတွင် အဓိကဇာတ်ဆောင်ဖြစ်သော သက်သက်ကို ... သည်၍ ကျွန်မတို့ မြစ်ဝကျွန်းပေါ် ဒီဇတြိုက်မြို့ရှိ လူလတ်တန်းစားမြို့သူလေး ... ၏ဝလေ့ကို ကျွန်မ ဖွဲ့နွဲ့ပါသည်။ သက်သက်တွင် အဖော်ဆို၍ သူတို့ခြံထဲမှ ... ရက်ပင်ကြီးနှင့် သူငယ်ချင်း 'အတာ'ပဲ အဖော် ရှိသည်။

သက်သက်သည် သူ့ခြံထဲမှ သရက်ပင်ကြီးအောက်တွင် ငယ်ငယ် ... သည်းက သူငယ်ချင်းအတာနှင့် ဆော့ကစားနေမြဲဖြစ်သည်။ အရွယ်ရောက် ... သည်အထိ သရက်ပင်ကြီးအောက်တွင်ပင် အားလပ်ချိန် အချိန်ဖြုန်းတတ်သည်။

သို့သော် ကျွန်မ၏ သခွတ်ပန်းပွင့်ချိန် ထိုတစ်ခေတ်မှာ ယခုခေတ်နှင့် ... များသောအားဖြင့် မိန်းကလေးများသည် အိမ်တွင်းပုန်းများ ဖြစ်ကြသည်။ ... မြင်းမြလို အစိုးရလခစား ပေါများသောမြို့တွင် အရာရှိသမီးများသည် လက်မှု ... အချုပ်အလုပ်၊ အချက်အပြုတ်တို့ကို သင်ယူ၍ အချိန်တန်လျှင် အိမ် ... ထောင်ကျသွားကြသည်။ အမှန်တော့ သမီးကို နေရာချလိုပါလျှင်လည်း မိဘတို့ ... ကျွမ်းကျင်တတ်မြောက်သော အချက်အပြုတ်၊ အချုပ်အလုပ်ကို ... ထမင်းပွဲပြင်၍ ကျွေးမွေး သားမက်ဖမ်းကြသောခေလေ့ အများအားဖြင့် ရှိကြ ... သည်။ အားလုံးတော့ မဟုတ်ပါ။

www.burmeseclassic.com



အစ်မဖြစ်သူ ခင်မျိုးဆက်က အိမ်မှုကိစ္စ ကျွမ်းကျင်၍ အချုပ်အလု တတ်ကာ အေးဆေးသလောက် သက်သက်ကတော့ အမျိုးဖော်ဝင်သည့်အ ဆော့ကစား မပျက်။ ဇာထိုးပန်းထိုး သင်ဖို့ မမကြူ၏အိမ်ကို လွှတ်ပေးမ ဘာတစ်ခုကိုမျှ ဖြစ်ဖြစ်မြောက်မြောက် တတ်အောင် မသင်။ သူ့ပင်ကိုယ်စရိ အတိုင်း စကားကျယ်ကျယ် ပြော၊ သီချင်း အော်ဟစ်ဆိုမှုကြောင့် မမ လက်အောက်ရှိ ဇာထိုး၊ စက်ချုပ်သင်သော မိန်းကလေးများထဲတွင် သူ စုန်းပြူးနေသည်။

အပျိုဖော်ဝင်လာချိန် သူ့သူငယ်ချင်းအစာနှင့် သက်သက်မှာ အ လောကတွင် လက်ကြောတင်းအောင် ဘာမှမလုပ်တတ်ဟု သတင်းမွှေးလျ သည်။ တစ်နေ့မှာ အတာက စာတစ်စောင် ယူလာသည်။

သက်သက်

ဒီစာနဲ့ သက်သက်ကို နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော် မြန်မာ့တပ်မတော်ထဲကို ဝင်သွားပြီ။ ကျွန်တော် ပြန်လာတဲ့အချိ သက်သက်ဟာ မီးဖိုချောင်ကို ကျွမ်းကျင်နိုင်နင်းတဲ့ အိမ်ရှင်မကော ကြီးတစ်ယောက် ဖြစ်နေပါစေလို့ ဆုတောင်းခဲ့ပါတယ်။

ခင်မောင်မော

ထိုစာဖတ်ပြီး သက်သက်က သူ့ကို ခင်မောင်မောင်က စော်ကား ဟု ယူဆကာ ဒေါပွနေသည်။

အတာကလည်း အတာ့အစ်ကိုအား ကိုခင်မောင်မောင်က သက်သ ကို သဘောကျသည်ဟု ပြောသွားကြောင်း ပြောပြပါသည်။

ခင်မောင်မောင် စစ်တပ်ထဲတွင် ဗိုလ်သင်တန်းတက်ပြီး မြောင်း ခေတ္တပြန်လာသည်။ သက်သက်ကို လာရောက်တွေ့ဆုံ၍ သူ ပေးခဲ့သော ရမရ မေးသည်။

"နေပါဦး၊ ဒီစာကို ဒီလိုရေးရအောင် ကိုခင်မောင်မောင်က ကျွန် ဘာလုပ်မလို့လဲ၊ ရှင်စစ်ထဲက ပြန်လာတော့ ကျွန်မက ထမင်းပွဲကြီးနဲ့ စောင့် ချင်လို့လား။ ထမင်းပွဲကြီး စားရပါလိမ့်မယ်၊ အဲဒီမှာ စောင့်နေ၊ သက်သက်

နီးကုန်လည်း မဆေးတတ်၊ အကျီလည်း မလျှော်တတ်ဘူး၊ ကိုခင်မောင်မောင် သိချင်ရင် မမကြူဆီမှာ သင်တန်းတက်နေတဲ့ အပျိုအုပ်စုထဲက ထမင်းချက် တင်းချက် ပထမတန်းဆိုတဲ့ မိန်းမတွေ ရှိတယ်၊ သွားယူ'

သက်သက်က လူပျိုဇေက်သတင်းအရ သူ့ကို ခင်မောင်မောင် ဘာမျှ မလုပ်တတ်ဟု အထင်သေးသည်ဟု ယူဆကာ ကက်ကက်လန် ရန်တွေ့ သည်။ ခင်မောင်မောင် ပြန်သွားချိန်တွင် အမေဖြစ်သူက အကျိုးအကြောင်း သိကာ သက်သက်ကို ဆုံးမသည်။ ကိုယ်မကြိုက်လျှင် ဟန်မပျက် ဣန္ဒြေရရ ငြင်းလိုက်ဖို့၊ ယခုလို ရိုင်းပျစွာ မဆက်ဆံဖို့ ပြောသည်။

စစ်ပြီးတော့ ခင်မောင်မောင်သည် စစ်ထဲမှထွက်ကာ ကျောင်းတက်၍ ဒီဂရီရပြီး ဘီစီအက်စ် ဝင်ဖြေသည်။ အလုပ်သင်မြို့ပိုင် ဖြစ်သည့်အခါ မြောင်းမြ မှ ပင်စင်စားဝန်ထောက်ကြီးသမီး ခင်သန်းမြင့်နှင့် လက်ထပ်လိုက်သည်။ လက် ထပ်ခင် တစ်နေ့မှာ အတာနှင့်သက်သက် လက်ဖွဲ့ပစ္စည်း သွားပေးရင်း သက် သက်က ခင်မောင်မောင်ကို နှင်းဆီပန်းတစ်စည်း လက်ဆောင်ပေးခဲ့သည်။

အတာကလည်း မိဘများသဘောတူသူနှင့် လက်ထပ်ရန် ရန်ကုန်သို့ ထွက်ခွါသွားရသည်။ သက်သက်သည် သရက်ပင်ခြေအောက်တွင် တစ်ယောက် တည်းပင် ကျန်ရစ်သည်။ သရက်ပင်ကြီးအောက်ရောက်တိုင်း–

"အခုတော့ သရက်ပင်ကြီးရယ်၊ မင်းရယ်၊ ငါရယ် နှစ်ယောက်တည်းပဲ ကျန်တော့တယ်"ဟု ရေရွတ်ဝတ်သည်။

သူတို့၏ မိသားစုထဲသို့ မမျှော်လင့်သူတစ်ယောက် ဝင်ရောက်လာ သည်။ သက်သက်ဖခင်ဘက်မှ သွေးမကင်းသူ မေမြို့မှ ကိုချမ်းအေးဖြစ်သည်။ သူက သစ်တောဝန်ထောက်အဖြစ်နှင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ဝန်ထောက်အသစ် လူပျို ဆိုကတည်းက သမီးရှင်တွေက ထမင်းဖိတ် ခေါ်ကျွေးကြသည်။ သားမက် ဖမ်းကြသည်။ သက်သက်က ကိုချမ်းအေး ဝေယျာဝစ္စကို ကြိုးစားပမ်းစား လုပ်ပေးရင်း ကိုချမ်းအေးနှင့် စကားစပ်မိတိုင်း ကြူကြူ့အိမ်မှာ ထမင်းစားကောင်းကြောင်း ကိုချမ်းအေးက ပြောသံကြားလျှင် သူ့ရင်ထဲက တစ်မျိုး ခံစားနေရသည်။

အမှန်တော့ ကိုချမ်းအေးကို သူ တိတ်တခိုး ချစ်မိနေခြင်းဖြစ်သည်။ ဒါကြောင့် မမကြူနှင့်အပြိုင် အချက်အပြုတ်ကို ကြိုးစား၍ချက်သည်။ အားလပ် ချိန် ညနေစောင်းတိုင်း သရက်ပင်ခြေတွင် ထိုင်ရင်း မိုးကောင်းကင် ငေးမှိုင်

www.burmeseclassic.com



နေတတ်သည်။ ကိုချမ်းအေးက သရက်ပင်ခြေအောက်တွင် တစ်ယောက်တည်း ထိုင်နေတတ်သည်မှာ ဘာကြောင့်လဲ ဟု မေးတတ်သည်။ သက်သက် သူ့မှာ အဖော်မရှိ၍ ဟု ရိုးသားစွာပဲ ဖြေသည်။

တစ်နေ့မှာတော့ ကိုချမ်းအေးနှင့် သရက်ပင်ကြီးအောက်တွင် တွေ့ မှ ကိုချမ်းအေးက သက်သက်ကို လက်ထပ်လိုကြောင်း ခွင့်တောင်းသည် ပင်ကိုက ချစ်နေသူမို့ သက်သက်က ဝမ်းသာသွားသည်။ တစ်အိမ်တည်း အတူနေသူများဖြစ်၍ သက်သက်၏ အခန်းတံခါးသည် ကိုချမ်းအေးအတွက် ညဉ့်ရုံတော် အဆောင်ကူးရန်အတွက် အစဉ် ဖွင့်လျက်ရှိသည်။ မိဘများကလ ကိုချမ်းအေး ကို ကြုံကြုံနှင့်ပေးစားရန် ကြုံကြုံ မိဘများက သက်သက်အပေ ဖွင့်ဟတိုင် ပင်ကြသည်။

တစ်နေ့မှာ ကိုခင်မောင်မောင် ခင်သန်းမြင့်နှင့် ကွာရှင်းကာ အဝ မှထွက်၍ ပြန်လာသည်။ သက်သက်ကို သရက်ပင်ကြီးအောက်မှာ လာ သည်။ မမျှော်လင့်သောတစ်နေ့မှာ ကိုချမ်းအေးသည် မြှုန်းစားကြီး မြောင်း ထွက်ခွါသွားသည်။

"မင်းဟာ ခင်မောင်မောင်ကိုကြိုက်ပြီး ကိုယ့်ဖာသာကို မလိုချင်လည်း အေးအေးမနေဘူး၊ ခင်သန်းမြင့်နဲ့ ကိုခင်မောင်မော လက်ထပ်တဲ့နေ့မှာ နှင်းဆီပန်းခိုင်ကို ခင်မောင်မောင်လက်ထဲ လာ တယ်၊ မင်းကို ဟိုကောင်က စွဲစွဲလန်းလန်း တမ်းတမ်းတတ ရှိနေရမ သဘောပေါ့လေ၊ မင်း ထင်သလိုပဲ ဟိုကောင်က အစွဲအလန်းကြီး ခုတော့ လင်မယား ကွဲကြပြီ။

မင်းဟာ ပွင့်လင်းသလို ရိုးသလိုနဲ့ မင်းကိုယ်ကျိုးအတွ ဖုံးသင့်တာတွေကျတော့ လိမ္မာပါးနပ်စွာနဲ့ ဖုံးဖိတတ်တဲ့ မိန်းမလိ ကြီးပေါ့။"

ချမ်းအေး

ဆိုသောစာသာ သက်သက်လက်ထဲတွင် ကျန်ရစ်သည်။ မကြာ သက်သက်မှာ ကိုချမ်းအေးနှင့် ကိုယ်ဝန် ကျန်ခဲ့ကြောင်း သိရ၍ စိတ်ထ လဲနေသည်။ ကိုချမ်းအေးက မေမြို့သူတစ်ယောက်နှင့် လက်ထပ်ခဲ့သည



သူငယ်ချင်းအတော ပြန်ရောက်လာသည်။ အကျိုးအကြောင်း အတောက သိသည် နှင့် တစ်ပြိုင်နက် ကိုခင်မောင်မောင်ကို ဖွင့်ဟ အကူအညီတောင်းသည်။ ပင်ကိုကလည်း ချစ်၊ ကိုယ့်တစ်မြို့တည်းသားချင်းလည်း ဖြစ်၍ ကိုခင်မောင် မောင်က သက်သက်ကို လက်ထပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ အတော၏ အစီအစဉ်အရ ကိုခင်မောင်မောင်နှင့် သက်သက် လက်ထပ်ဖြစ်သည်။ ကိုခင် မောင်မောင်နှင့် ခင်သန်းမြင့်မှာ ခင်သန်းမြင့်၏ စာရိတ္တဖောက်ပြားမှုကြောင့် ကွဲရကြောင်း နောက်မှ ကိုချမ်းအေး သိရသည်။

သက်သက် ကလေးမွေးပြီး ခြောက်လလောက်မှာ ကိုချမ်းအေး မြောင်းမြကို ပြန်ရောက်လာသည်။ ကလေးနှင့် ကိုခင်မောင်မောင် အပြင်ထွက် လည်နေခိုက် ကိုချမ်းအေးက သက်သက်ကို လာတွေ့သည်။ သူ အထင်မှား ကြောင်း တောင်းပန်ချိန်မှာ သက်သက်က–

'အစ်ကိုအေးနဲ့ တွေ့ပြီးမှ မိသက်ဟာ သူတစ်ပါးကို လိမ်တတ်တယ်၊ စကားတွေကိုလည်း စီစီကုံးကုံး လည်လည်ပတ်ပတ် ပြောတတ်နေပြီ သိလား။ အတတ်မျိုးစုံတွေ သင်ပေးခဲ့တဲ့ ဆရာကြီးရယ်၊ ကျေးဇူးရှင်ကြီးရယ်၊ အခု သက်သက်ဟာ ကလေးအမေ၊ ဒီကလေး ဘယ်သူနဲ့ ရတယ်ထင်လဲ၊ အစ်ကို အေးနဲ့ ကျန်ရစ်ခဲ့တဲ့ ကလေးလေး လင်ကောင်ပေါ်အောင် ကိုခင်မောင်မောင်ကို ဆွဲယူလိုက်ရတာ'

ဟုပြောတော့ ကိုချမ်းအေးက သူ့ကလေး ကျန်ရစ်မှန်း သိကာ ယူကျုံးမရ ဖြစ်တော့သည်။

'ကိုယ့်သားလေးကို ကိုယ် မတွေ့ရဘူးလား။ သူ့နာမည်က ဘယ် သူလဲ'

မေးတော့မှ–

'သခွတ်ပန်း'

ဟု သက်သက်က ပြန်ဖြေသည်။ အမှန်က သားအမည်မှာ မောင် ရေချမ်း ဖြစ်သည်။ သည်တော့မှ ကျွန်မ ဆောင်းပါးအစတွင် ဖော်ပြခဲ့သော သခွတ်ပန်းသည် ဝတ္ထုထဲတွင် နီးနွယ်ဆက်သွယ်လာသည်။

'သက်သက်ရဲ့ဘဝဟာ အစ်ကိုအေးနဲ့ မတွေ့ခင်ကတည်းကလိုပဲ ဘာမှ မပြောင်းလဲဘူး။ မိဘတွေလက်ထက်မှာ အေးချမ်းပါတယ်။ ဒီသေသည့် သားမျက်နှာ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခါက လူတစ်ယောက် ပုံကို

www.burmeseclassic.com



စော်ကားသွား ပါလား၊ ဒီကလေးဟာ ဒီလူနဲ့ ရခဲ့ပါလား၊ ငါ့ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရပါလားလို့ သခွတ်ပန်းကို မြင်ရတဲ့ အသူရာ နတ်မင်းလို စိတ်နှလုံး ပြင်းပြင်းထန်ထန် လှုပ်ရှားခဲ့လွန်းလို့ သားနာမည်ကို 'သခွတ်ပန်း' လို့ မှည့်ထားတယ်'

ကိုရေချမ်းသည် သူ့သားမှန်း သိကတည်းက သားကို ချစ်တဲ့ဖေနှင့် မြောင်းမြကို ပြန်လာခဲ့သည်။ မြောင်းမြမှာ အခြေစိုက်ဖို့ ပြင်ဆင်သည်။ သားကို ပြန်ရဖို့ ကြိုးစားရာမှ ကိုခင်မောင်မောင်ကို ပြန်ပေးဆွဲ၍ အသက်ကို လုပ်ကြံဖို့ထိ ကိုရေချမ်းက ကြိုးစားသည်။ ပြန်ပေးတို့လက်မှ ကိုခင်မောင်မောင် လွတ်လာသော်လည်း ပေါင်တစ်ဘက်မှာ သေနတ်ဒဏ်ရာရ၍ လမ်းမလျှောက်နိုင်တော့။ နောက်ဆုံး ကိုချမ်းအေး၏ တပည့်တစ်ယောက်က အမှုမှန်ကို ဖော်ထုတ်လိုက်ကြောင်း သိလျှင်သိချင်း ကိုချမ်းအေး သူ့ကိုယ်သူ သတ်သေလိုက်သည်။

**ကိုခင်မောင်မောင်**

ဒီစာကို ဖတ်ရတဲ့အချိန်မှာ ကျွန်တော်တော့ လူပြည်မှာ မရှိတော့ဘူး။

တိုတိုပဲ ရေးခဲ့ပါရစေ၊ သက်လည်း ခင်ဗျားကို အခြေအနေတွေ ပြောပြပြီးရောပေ့။ သားကို ပြန်လိုချင်ဖေနဲ့ ခင်ဗျားအပေါ် ကျွန်တော် လုပ်ကြံဖို့ စီစဉ်ခဲ့တယ်၊ ခင်ဗျား ကံကောင်းတော့ လူဆိုးတွေလက်က လွတ်ပြီး ပေါင်ကျိုးရုံပဲ ခံလိုက်ရတယ်။

အခြေအနေတွေက ကြံတိုင်းလဲ မဖြစ်ပေဘူးဗျား၊ ခုတော့ ခင်ဗျားကို ဖမ်းထားစဉ်က ပါတဲ့ တပည့်တစ်ယောက်က မနက်ကပဲ ဖြောင့်ချက် ပေးလိုက်ပြီလို့ သိရရချင်း အချုပ် မခံချင်တာနဲ့ ကျွန်တော့ကိုယ် ကျွန်တော် အဆုံးစီရင် သွားပါတယ်။

ကျွန်တော့်သားကြီး မောင်ရေချမ်း ကြီးလာရင်လေ သူ့အဖေအရင်း ကိုချမ်းအေး ဆိုသူဟာ သားကြီးကို ချစ်တဲ့ဖေနဲ့ သူ့ကိုယ်သူ အဆုံးစီရင်ရတဲ့ဘဝ အဖြစ်ကို ရောက်တဲ့အထိ အကုသိုလ်အမှုကို ကျူးလွန်ခဲ့တယ်လို့ ပြောပြလိုက်ပါ။



သက်ကိုလည်း ပြောပြပါ။ နောင်အခါ အသူရာနဲ့ မာယာတို့ စစ်ဖြစ်ပွားစေတဲ့ 'သခွတ်ပန်း' ဆိုတဲ့အမည်ကို ကျွန်တော့်သားကြီးကို ယောင်လို့တောင် မခေါ်ပါနဲ့လို့။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ကိုခင်မောင်မောင်။

မအေးချမ်းနိုင်သော
ချမ်းအေး

သခွတ်ပန်း၏ ဇာတ်လမ်းကတော့ ဒါပဲဖြစ်သည်။ အမှန်တော့ သက်သက်သည် ပွင့်လင်းရိုးသားပါသော်လည်း ကိုယ်က ချစ်သူနှင့် တွေ့သောအခါ ကိုယ်လုံး ပုံခဲ့သည်မှာ မိန်းကလေးအချို့၏ အားနည်းချက်ပါပင်တည်း။ ထို့ကြောင့် ရှေးသူဟောင်းတို့၏ 'အချစ်ကိုယ့် ပုံပါနဲ့ ကိုယ်လုံး' ဟု ဆိုခဲ့ကြသည်။

ထိုဝတ္ထု ထွက်လာတော့ ဝေဖန်စာနှစ်စောင်ကို တွေ့ရသည်။ ကိုချမ်းအေးလို ခေါးတံခဲ၍ အေးအေးဆေးဆေး နေတတ်သူက သက်သက်နှင့် ကိုခင်မောင်မောင် သရက်ပင်ကြီးအောက်တွင် နှစ်ယောက်တွေ့ဆုံ စကားပြောသည်ကို တွေ့ရုံနှင့် အထင်လွဲသည်မှာ ယုတ္တိမတန် ဟု ဆိုပါသည်။ အမှန်တော့ သက်သက်ကို မနာလိုသော အပျိုအသိုင်းအဝိုင်းက ခင်မောင်မောင်နှင့် ခင်သန်းမြင့် ကွဲရခြင်းသတင်းကို ပုံကြီးချဲ့ ပြောရာမှ ကိုချမ်းအေး အထင်လွဲခဲ့ခြင်း ဖြစ်သည်။

ဒုတိယ ဝေဖန်ခံရသည်ကတော့ အလုပ်သမား အမျိုးသမီးကိစ္စပင် ဖြစ်သည်။ ဝတ္ထုထဲတွင် သက်သက်သည် လင်သည် ပြန်ပေးလက်က လွတ်ပြီးနောက် ဒုက္ခိတ ခြေတစ်ဖက်မသန်သူ လင်ယောကျ်ားကို ပြုစုရင်း တစ်ဘက်က ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီး၏ခြံကို ဦးစီးကာ စီးပွားရေးကို လုပ်ဆောင်နေရသည့်တစ်နေ့၊ သူ့ခြံထဲရှိ အလုပ်သမား အမျိုးသမီးတစ်ဦး နို့ရည်များကို ရေကန်ထဲသို့ ညှစ်ပစ်သည်၊ ကလေးကို အိမ်မှာ ထားခဲ့၍ နို့သက်လာခြင်းကြောင့် ညှစ်ပစ်ရသည်ကို သက်သက် တွေ့ရသည်။ ကျွန်မ၏ဇာတ်ဆောင် သက်သက်၏ ညည်းခန်းဖြစ်သည်။

''သားသမီးကို နို့တိုက်ရသော ကျွန်မတို့ မိခင်ရင်သား[illegible] နို့ရည်များ တစ်စက်စက် ခန်းခြောက်လာသည်နှင့်အမျှ ဤကမ္ဘာဝယ် [illegible] ခေါင်းပါးလာလေတော့မည်။ မိခင်နို့ရည်သည် မြေမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဤမြေလွှာတွင် မြေဆီမြေနှစ်တို့ ခန်းခြောက်တော့မည်တကား''

ဟူသော အပိုဒ်ဖြစ်သည်။ ခင်နှင်းယုသည် အကြောက်လွန်သည်။ ယခုအချိန်တွင် မိခင်အတော်များများသည် နို့မတိုက်၊ နို့မှုန့်တိုက်ကာ အလုပ်ခွင် ဝင်ကြသည်ဟု ဆိုသည်။ ခင်နှင်းယုတို့ ခေတ်နောက်ကျသည်ပေါ့။ ကျွန်မဆိုလိုသည်က အမှန်မှာ မိခင်နို့သည်သာလျှင် ရင်သွေးတို့အတွက် အာဟာရအစစ်ဖြစ်သည်။ ကမ္ဘာနှင့်အဝန်း စီးပွားရေး ကပ်ဆိုက်သောခေတ်တွင် မိန်းမသားတို့ပါ အလုပ်ခွင်ဝင်၍ ငွေရှာရလေတော့ သားငယ်တို့ကို နို့မတိုက်နိုင်သော အဖြစ်ဆိုးကို ဖော်ပြခဲ့ခြင်းပါတည်း။

ယခု ၁၉၉၈ အချိန်တွင် မိခင်နို့သည်သာ ရင်သွေးတို့အတွက် တကယ့်အာဟာရဖြစ်၍ မိခင်နို့တိုက်ဖို့ တီဗီနှင့်သတင်းစာများတွင် လှုံ့ဆော်နေကြသည်။

သခွတ်ပန်းမှာ ရုပ်ရှင်အဖြစ် ရိုက်တော့ အောင်မြင်ပါသည်။ သက်သက် အဖြစ် သရုပ်ဆောင်သူမှာ ထိုဇာတ်ကားမှစ၍ နာမည်တက်သွားပါသည်။ ရုပ်ရှင် အဖွင့်သီချင်းကို ကိုဖုံးကြီးဆိုသော မြို့မငြိမ်း၏ တထာစ်ဝန်းသီချင်းနှင့် ဖွင့်ပါ သည်။

ကျွန်မ၏အသက်အခင် ကျေးဇူးရှင်ဖြစ်သူ ဒေါက်တာဒေါ်မြမြအေး (မြရတနာ)ကတော့ ရုပ်ရှင်ကြည့်၍ ပြောပါသည်။

''သက်သက်ရဲ့ အခြေအနေ အပြောင်းအလဲတွေဟာ ဒီသရက်ပင်ကြီး အောက်မှာပဲ ဖြစ်ခဲ့တယ်၊ သက်သက်ရဲ့ အဓိကအဖော်လည်း ဖြစ်တော့ ဒီသရက် ပင်ကြီးကို ဦးစားပေး သရုပ်ဖော်သင့်တယ်''

ဟုပြောပြပါသည်။ သူပြောသည်မှာ မှန်ပါသည်။ ရုပ်ရှင်ထဲတွင် သရက် ပင်ကို အလေးထား မဖော်ပြပါ။

ကျွန်မ၏ဆရာကြီး ဒေါ်ပိုက်မိကတော့–

''မစု ဝတ္ထုထဲပါတဲ့ မမကြူးဟာ မြောင်းမြမှာ တကယ်ရှိတယ်၊ တို့များ ကျောင်းသွားနေတုန်းက တွေ့ခဲ့ရဖူးတယ်''

ဟုဆိုပါသည်။ ကျွန်မ၏ ဝတ္ထုထဲက မမကြူးမှာ အချက်အပြုတ် အိမ်တွင်းမှုတော်သော အိမ်ရှင်မ ဖြစ်ပါသော်လည်း အိမ်ထောင်ရေး ကံမကောင်းပါ။ ထမင်းပွဲပြင်၍ မိဘတွေက အရာရှိများကို သားမက်ဖမ်းသော်လည်း အဆင်မပြေ။ ဌာနေ ကွယ်လယ်ဘက်က စက်သူဌေးနှင့် ရသည်။ လင်တော်မောင်က စက်မှာ အငယ်အနှောင်းတွေနှင့် အနေများသောကြောင့် တကောက်ကောက်

www.burmeseclassic.com



လိုက်နေရပါသည်။

သက်သက်က သူ့ဘဝကိုသူ–

''ကျွန်မတို့ မိန်းကလေးများ၏ ရွှေသော့အိမ်ကို ကာယကံရှင် မိန်းကလေးက အလိုမတူဘဲ ယောကျ်ားတစ်ယောက်က ဖွင့်သူလို့ မရပါဘူး။ တစ်ခါ တစ်ရံ အတင်းအဓမ္မစော်ကားမှုတို့ကြောင့် ဖြစ်တတ်ပါသော်လည်း ဆယ်ရာခိုင် နှုန်းလောက် ရှိမည်''

ဟူ၍ သူ့အမှားကို သူ ဝန်ခံထားပါသည်။ ပြီးတော့လည်း ခင်မောင်မောင်နှင့် လက်ထပ်ပြီးနောက် ချစ်ဦးသူ ကိုချမ်းအေးက သွေးဆောင်ကြိုးပမ်းပေမယ့် လင်အပေါ် သစ္စာမဖောက်၊ အခြေအနေအရပ်ရပ်ကို ဣန္ဒြေရရ ထိန်းသိမ်းနိုင်သော မိန်းမကြီးတစ်ယောက်အဖြစ် ကျွန်မ ဖန်တီးခဲ့ပါသည်။

ဝတ္ထုကို ရုပ်ရှင်ရိုက်ရာတွင်တော့ ငွေရေးကြေးရေးအဖြစ် ဝမ်းနည်းစရာ တွေ့ခဲ့ရပါသည်။ ထိုဝတ္ထုကို ၅၀၀၀ နှင့် ရောင်းခြင်းဖြစ်သည်။ ကုမ္ပဏီပိုင်ရှင်က ၃၀၀၀ စရံအဖြစ် ပေးပါသည်။ ဇာတ်ကားရုံတင်မှ ကျန်ငွေ ၂၀၀၀ ပေးပါရစေ ဆိုသည်။ ကျွန်မက ငွေရေးကြေးရေးကို ပြောရမှာ အားနာသည်။ ခေါင်းညိတ်လိုက်ပါသည်။ ဒါရိုက်တာ ဦးချစ်ခင်က–

''မစုက တယ်အ,တာကိုး၊ ရုပ်ရှင်သမားတွေက ယုံရတာ မဟုတ်ဘူး။ တစ်ခါတည်း အပြေတောင်းဖို့ ကိုယ်က မျက်ရိပ်ပြနေတာ မစုက ကိုယ့်ကို မကြည့်ဘူး''

ဟု ဆိုပါသည်။ စာချုပ်စဉ်က ဦးချစ်ခင်အနားမှာ ရှိပါသည်။

''နောက်တစ်ခါဆိုရင် ကိုယ့်မျက်နှာကို ကြည့်လို့ ကြိုပြီးမှာထားမယ်၊ အခု မစုမှ မသိဘဲ''ဟု ကျွန်မက ပြန်ပြောသောအခါ သူက ရယ်ပါသည်။ ရုပ်ရှင်ကားကို ရုံတင်ပြီး အောင်မြင်ပေမယ့် ငွေကျန်ငွေ ၂၀၀၀ ကို မပေးပါ။ နောက်တော့ ရုပ်ရှင်ကောင်စီတွင် အေဝမ်းဦးတင်မောင် ဥက္ကဋ္ဌဖြစ်၍ ဦးချစ်ခင် အတွင်း ရေးမှူးဖြစ်သောအခါ ကျွန်မ ကြွေးကျန် ၂၀၀၀ ကျပ်ကို တောင်း[illegible] မည်၊ တောင်းသောစာမှာ လက်မှတ်ထိုးဟု ဆိုပါသည်။

''စေတနာနဲ့ လာဆပ်တာကို ကျွန်မ လိုချင်တယ်၊ ဒီလို[illegible] မတောင်းခံလိုပါ''

ဟု ကျွန်မ ပြောလိုက်ပါသည်။ ကျွန်မဝတ္ထုကို [illegible] သရုပ်ဆောင် သူရော ကုမ္ပဏီပိုင်ရှင်ပါ အကျိုးရှိ[illegible] ကျွန်မ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်လျှင် 'သခွတ်ပန်း'ကို မြင်တိုင်း 'ငါ့ငွေ မရသေးဘူး'ဟူသော စိတ်နှင့် အမျက်ထွက်ပါလျှင် အသူရာမင်းလို ဖြစ်ကာ ဆိုကြားရှိရာ ဝတီသာသို့ တက်၍ စစ်ဖြစ်ရပါလိမ့်မည်။

ဒီတော့ ခွင့်လွှတ်ခြင်းဖြင့် သခွတ်ပန်းသည် ငြိမ်းချမ်းရေးပန်း ဖြစ်ပါစေသတည်း။

(လုံမလေးမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၈၈)

♛ ♛ ♛

## မိုးကျော်သူ

Men are defeated by their own strength.

ထိုစာပိုဒ်၏ အဓိပ္ပာယ်မှာ ကျွန်မ၏ 'မိုးကျော်သူ'ဝတ္ထု၏ ရည်ရွယ်ချက် (Theme) ဆိုလျှင် မမှားပါ။

မြန်မာလိုဆိုလျှင် 'ကိုယ်ပြုသမျှဒဏ် ကိုယ်သာလျှင် ခံရမည်' ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ကလေးစကားနှင့် ဆိုရမည်ဆိုလျှင်တော့ 'ကိုယ့်အတတ်နှင့် ကိုယ်ပြန်ရှူး ရှုတ်လို့ မရနိုင်ဘူး'ဟုဆိုရမည် ထင်ပါသည်။ ထိုစကားပိုဒ်အားလုံး၏ အဓိပ္ပာယ်မှာ 'မကောင်းမှု' အပြုအမူကိုသာ ဆိုလိုပုံရပါသည်။

ဗုဒ္ဓ၏အလိုအရမူ 'သတ္တဝါတို့၏ ကောင်းမှု၊ မကောင်းမှုကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်ကြသည်တကား' ဟုဆိုပါသည်။ မိမိပြုသော ကောင်းသည့် အလုပ်ဖြစ်စေ၊ မကောင်းသည့်အလုပ်ဖြစ်စေ၊ သတ္တဝါတို့အား ကောင်းကျိုး၊ ဆိုးကျိုးကို ပေးသည်ဟု ဆိုသည်။ ထို့ကြောင့် ကောင်းသော အပြုအမူ၊ အလုပ်ဟူသမျှ သတ္တဝါတို့၏ ကိုးကွယ်အားထားရာဖြစ်သည်။

ကျွန်မ၏ 'မိုးကျော်သူ'တွင်မူ အဓိကဇာတ်ကောင် မိုးကျော်သူသည် ငယ်စဉ်က လူကောင်းလေးတစ်ယောက်ဖြစ်သည်။ ရိုးသား၍ ကြိုးစားသည်။ ကြီးလာသောအခါတွင်လည်း အကျင့်စာရိတ္တတော့ မဖောက်ပြန်ပါ။ သို့သော် ငယ်စဉ်က ဖွန်းထွန်းအဘဝတွင် အထိနာခဲ့ရသောဒဏ်က မိုးကျော်သူအား ပုံပြောင်းသွားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုအစတွင် မိုးသည်းသောညတစ်ညမှာ ဒေါက်တာမြသီတာကို သူ့ဆရာဝန်ကြီးက သူ့မိတ်ဆွေအိမ်သို့ လူနာသွားကြည့်ရန် လွှတ်လိုက်သည်။ လူနာမှာ မိုးကျော်သူ၏ဇနီး ဝိုင်းဖြစ်သည်။ ဝိုင်းသည် စိတ္တဇဝေဒနာသည်တစ်ယောက်ဖြစ်ရာမှ ရုတ်တရက် စိတ်ထိခိုက်စရာ တွေ့၍ သတိလစ်သွားခြင်းဖြစ်သည်။ သွေးအား အလွန်နည်းနေ၍ မြသီတာက လုပ်စရာရှိသမျှကို လုပ်ကိုင်ဆောင်ရွက်ပေးသည်။ မြသီတာမှာ ကျယ်ဝန်းခမ်းနားသောအိမ်ကြီးတွင် အစေခံများနှင့် လူနာမှတစ်ပါး ဘယ်သူ့ကိုမျှ မတွေ့ရ။ လူနာ သတိရပြီးမှ သူမှာစရာရှိသည်များကို မှာပြီး ပြန်မည်အလုပ် လူငယ်လေးတစ်ယောက်က မပြန်ခင် ဧည့်ခန်းမှာ မိုးကျော်သူက ဒေါက်တာမြသီတာအား တွေ့လိုကြောင်း ပြောသည်။ မြသီတာက ဧည့်ခန်းထဲ ဝင်အသွားတွင် မိုးကျော်သူအား ကျောခိုင်းလျက်တွေ့ရသည်။

မျက်နှာချင်းဆိုင် တွေ့ရသောအခါမှာမူ မြသီတာမှာ ပြင်းထန်စွာတုန်လှုပ်သွားသည်။ သူတွေ့ရသော မိုးကျော်သူသည် သူနှင့်အတူတကွ ငယ်စဉ်က ကျောင်းနေဘက် အင်းဝသား ထွန်းထွန်းဖြစ်နေသည်။ သို့သော် ငယ်စဉ်က ထွန်းထွန်းလို ပျော့ပျောင်းနူးညံ့ခြင်း မရှိ၊ ဗန္ဓုလစစ်သူကြီးဟန်နှင့် လက်ပိုက်ကာ မားမားရပ်၍ သူ့ကို စိမ်းစိမ်းကြည့်နေသည်ကို တွေ့ရသည်။

"ကျုပ်.....ကျုပ် မကြည့်ရက်လို့ ဒီအခန်းထဲ လာနေတာ၊ ကျုပ်ထင်တယ် သူ သေတော့မယ်လို့၊ ကြိုရာမရတာနဲ့ ဒေါက်တာကျော်ဖံဆီ အကူအညီ တောင်းလိုက်တယ်၊ သူက မြသီတာကို လွှတ်လိုက်မယ်တဲ့၊ လက်စသတ်တော့ မြသီတာဆိုတာ မင်းကိုး"

မိုးကျော်သူက မာကျောတင်းမာသော စကားများနှင့် လက်ခံတွေ့ဆုံသော်လည်း မြသီတာသည် တုန်လှုပ်ခြင်းကင်းစွာနှင့် မိုးကျော်သူကို စိုက်ကြည့်နေသည်။

"မြ ဆိုတာ စိမ်းတယ်၊ သီတာ ဆိုတာ ရေ၊ 'မရေစိမ်း'ကြီးပေါ့၊ ခုတော့ ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ရဦးမှာပေါ့လေ"

"ထွန်းထွန်း သဘောပါပဲ၊ ကျေးဇူးကို လိုချင်လို့ ဒီနေရာကို လာခဲ့တာ မဟုတ်ဘူး၊ လူနာတစ်ယောက်အသက်ကို ကယ်ဖို့လာခဲ့တာ"

"ဒါပေမယ့် မရေစိမ်းကြီးရဲ့ ကျေးဇူးဆိုတာ မတင်ချင်လို့လည်း မနေရ"



"ထွန်းထွန်းအနေနဲ့ မြသီတာအပေါ် ကျေးဇူးမတင်ချင်လည်း ရပါတယ်"

"ဒီ ထွန်းထွန်းဆိုတဲ့ နာမည်ကို မင်း မမေ့သေးဘူးပေါ့"

"မမေ့သေးဘူး၊ ခုသာ မဟုတ်ဘူး၊ နောင်လည်း မမေ့သေးဘူး"

"မိုးတွေ သည်းနေချိန်မှာ ပြန်ဖို့ မတော်သေးပါဘူး၊ ဘယ့်နှယ်လဲ အေးအေးဆေးဆေး စကားပြောလို့ ဖြစ်ပါ့မလား၊ တော်ကြာ ခင်ဗျားယောကျ်ားက စိတ်ပူနေဦးမယ်"

"ကိုယ် ဘယ်သူနဲ့မှ မယူသေးဘူး ထွန်းထွန်း"

"ဩော်.....အဖြစ်အပျက်တွေက ဘယ်လိုဖြစ်ကုန်တာတုန်း၊ အို..... ကျုပ် မသိချင်ပါဘူးလေ၊ ကဲ.....ကော်ဖီသောက်ဦး၊ မနက်ဖြန်လဲ မလာခဲ့မနေပါနဲ့၊ လာကြည့်ပါဦး၊ အဲဒီလူနာက ကျုပ်ရဲ့မိန်းမလေ၊ သူ့နာမည် ဝိုင်းတဲ့"

မြသီတာသည် ပျော့ပျောင်းနူးညံ့ခြင်း အလျဉ်းမရှိသော မိုးကျော်သူကို ကော်ဖီသောက်ရာမှ စူးစိုက်ကြည့်ရင်း သိမ်မွေ့အေးဆေးစွာ ပြန်ပြောသည်။

"ကိုယ့်အနေနဲ့ ပြန်တွေ့ရတာကို ဝမ်းသာမိတယ် ထွန်းထွန်း၊ ထွန်းထွန်းအတွက်လည်း ကိုယ် ပြန်ဆောင်ရွက်ပေးရတာကို စိတ်ကျေနပ်မိပါတယ်၊ ဝိုင်းဟာ မြင်မြင်ချင်း အကဲခတ်မိသလောက် ချစ်စရာကောင်းပြီး အေးဆေးတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဒီလို အေးချမ်းတဲ့မိန်းကလေးတစ်ယောက်ကို သက်ထပ်ပြီး ခုလို ကြီးမားခန့်ထည်တဲ့ တိုက်ကြီးထဲမှာ ထွန်းထွန်းကို တွေ့ရလို့လည်း မြသီတာ ဝမ်းသာပါတယ်"

"မယုံဘူး မယုံဘူး၊ မင်းတို့စိတ်ထဲမှာ ကျုပ်ကို ကာလေကချေလို့ ယူဆနေကြတယ် မဟုတ်လား၊ အင်းဝက ထွက်သွားသလို အခြေမဲ့အနေမဲ့ ခြေသလုံးအိမ်တိုင် ဖြစ်နေမယ်လို့ ထင်ထားကြတာမို့လား"

မိုးခြိမ်းသံလို မိုးကျော်သူအသံက ပေါ်ထွက်လာသည်။

မြသီတာသည် ပြောချင်တာ ပြောပစေတော့ဟု စိတ်နှလုံး ခုန်ခုန် အားပုရသည်။ ဘာမျှ ပြန်မပြော၊ ပြန်ရန် အမိန့်ပေးသလိုပြောတော့မှ ထွက်ခွာခဲ့သည်။ မြသီတာသည် အိပ်ရာဝင်သည်အထိ မိုးကျော်သူကို စိတ်ထဲတွင် ပျောက်ဖျက်၍ မရပါ။ သူတို့ငယ်ငယ်က အင်းဝတွင် ကျောင်းနေဘက် ဖြစ်ခဲ့ကြသည်ကို ပြန်လည်တွေးတောမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထွန်းထွန်းသည် တစ်ချိန်က အင်းဝတွင် ပွဲစားကြီးဦးအောင်ဘော်
၏သားဖြစ်ခဲ့သည်။ မြသီတာက တံတားဦးက ကျောင်းအုပ်ကြီးဦးစံဖေ၏သမီး
မအေးရှင်ဖြစ်သည်။ သူတို့ ဦးစံဖေကျောင်းတွင် အတူနေကြသည်။ ထွန်းထွန်း
မှာ အချစ်ဆုံး ကိုလေးမောင် ဆိုသော သူငယ်ချင်း ရှိခဲ့သည်။ သူတို့ သုံးယောက်
လုံး စာတော်သည်။

ထွန်းထွန်းဖခင်ကြီး သေဆုံးပြီးနောက် စီးပွားရေး ယိုင်ကျ
နောက်ဆုံး ဖခင်ကြီးလက်ထက်က ယူထားသောငွေများကို ထိုးဆပ်လိုက်ရ
အိမ်ကိုပါ ကြွေးရှင်တို့ကို အပ်လိုက်ရသည်။ ကြွေးရှင် ဦးစံရက စီးပွားရေး
ရန်ဘက်ဖြစ်ခဲ့သော ဦးအောင်ဘော်ကို နှိမ်လို၍ အိမ်ကို လေလံတင်သည်
ထွန်းထွန်းအမေ မုဆိုးမကို နှိမ်လို၍ဖြစ်သည်။ ဦးစံရနှင့်အတူ ပွဲစားကြီး
ဦးအာခက်က လေလံဆွဲရန် ညှိထားသည်။ ဦးအောင်ဘော် ကောင်းစားစဉ်က
သူတို့ ခြေပြိုင်မရသည်ကို ယခုမှ လက်စားချေကြသည်။

ကျောင်းတွင် စာတော်၍ ကာယဗလမှာလည်း တောင့်တင်းသော
ထွန်းထွန်းကို မယှဉ်နိုင်သော မြို့ပိုင်သား မောင်မောင်တင်နှင့် ကြွေးရှင်ဦးစံရသား
တို့က လေလံတင်ပွဲတွင် ထွန်းထွန်း အရှက်တကွဲ ဖြစ်ပုံကို အားရဝမ်းသာ
လာကြည့်ကြသည်။

လေလံပွဲအပြီးတွင် ဦးအာခက်က ထွန်းထွန်းတို့အိမ်ကြီးကို လေလံ
ဆွဲလိုက်သည်။ ထွန်းထွန်းတို့ အရှက်ကို ခွဲလိုက်ရ၍ ဝမ်းသာကျေနပ်စွာနှင့်

"ဟေ့...ထွန်းထွန်း၊ လေလံတင်တာ အိမ်ပဲ ပါတယ်၊ အိမ်သား
မပါဘူး၊ မင်းတို့သားအမိ ဈေးသုံးဖို့ အိမ်သာဖိုး၊ ရော့.....ငွေငါးဆယ်"

ဦးအာခက်က အထက်စီးနှင့် ပြောကာ ထွန်းထွန်းကို ငွေပေးသည်။

'ကျွန်တော့် အိမ်သာ ရောင်းစားတဲ့လူစားတွေ မဟုတ်ဘူး၊ အလကား
ယူလိုက်'

ထွန်းထွန်းသည် ငွေကို မယူဘဲ လှည့်ထွက်လာခဲ့သည်။ သူငယ်စဉ်က
မွေးဖွားကြီးပြင်းလာခဲ့သော အိမ်ကြီးကို လှည့်၍မျှ မကြည့်။ သူ ထိုကဲ့သို့
ထွက်သွားနေစဉ် သူ့နောက်ပါးမှာ အားပေးရန် ရပ်နေသော ကိုလေးမောင်နှင့်
မအေးရှင်ကို ထွန်းထွန်း သတိမျှပင် မရ။

လောလောဆယ် အိုးမဲ့အိမ်မဲ့ဘဝတွင် ထွန်းထွန်းတို့ ဘယ်နေရာမှာ
နေရမှန်း မသိ။ သို့သော် ကျောင်းအုပ်ကြီး ဦးစံဖေက သူတို့ကျောင်းကို



အများဆုံး ထောက်ပံ့လှူဒါန်းသူမှာ ထွန်းထွန်းအဖေ ဦးအောင်ဘော်ဖြစ်၍
တံတားဦးရှိ ကျောင်း၏နောက်ဘက် တန်းလျားမှာ ထွန်းထွန်းတို့သားအမိနေရန်
တောင်းပန်သည်ကို လက်ခံလိုက်ရသည်။

ဆယ်တန်းအောင်ပြီး ဆရာဖြစ်ဝင်ကာ ဦးစံဖေကျောင်းတွင်ပင်
ကိုလေးမောင်ရော၊ ထွန်းထွန်းပါ ကျောင်းဆရာ ဝင်လုပ်ကြသည်။ စစ်ပြီးသွား
ချိန်မှာ ဦးစံဖေအကြံပေးချက်အရ တက္ကသိုလ်ကို ဆက်တက်ကြသည်။ မိခင်များ
ကလည်း သားများ ဆရာအလုပ်နှင့် ရှာပေးခဲ့သောငွေများကို ကျစ်ကျစ်
လျစ်လျစ် စုဆောင်း၍ သားတို့ကို တက္ကသိုလ်ဆက်တက်ရန် တိုက်တွန်းသည်။
မအေးရှင်က ဆရာဝန်လိုင်း လိုက်သည်။

တက္ကသိုလ် ဒုတိယနှစ်တွင် လေယာဉ်ပျံမောင်း သင်တန်းအတွက်
အမေးပွဲဖြေဆိုရာတွင် နှစ်ယောက်လုံး အောင်မြင်သွား၍ ကိုလေးမောင်ရော
ထွန်းထွန်းပါ အင်္ဂလန်သို့ သွားရောက် ပညာသင်ကြရမည်ဖြစ်သည်။

အိမ်ကို မိဘများအား နှုတ်ဆက်ရန်အပြန် မီးရထားပေါ်မှာ ထွန်းထွန်း
သည် သူ့အဖေနှင့် ကုန်သည်လုပ်ဖက် ပဲကုန်သည် ကိုသာပိုနှင့် သွားတွေ့ရာမှ
ထွန်းထွန်းအမေ ဒေါ်ချိုးဖြူအကြောင်း ကိုသာပိုက ပြောပြသည်။ ဒီတော့မှ
ထွန်းထွန်းမှာ သူ့မိခင်သည် သူတို့တက္ကသိုလ်စရိတ်အတွက် ဝါကောက်၊ ပဲနှုတ်၊
ရှာရက်နေရကြောင်း သိရသည်။ အိမ်ရောက်ရောက်ချင်း မိခင်ရှိရာ မီးဖိုချောင်
ကို ပြေးသွားပြီး အမေ့လက်များကို ဆွဲယူပြေးဖက်လိုက်၏။ အမေကတော့
ဝမ်းသာအားရနှင့် သားတို့ ဘိလပ်သွားရမည့်သတင်းကို မေးသည်။

'ကျွန်တော်က အဲဒီ အမေတို့အသည်းစွဲ ဘိလပ်ကြီးကို သွားနေတုန်း
အမေက ဝါခင်းတစ်လှည့်၊ ပဲခင်းတစ်လှည့်၊ သူများအိမ်မှာ ဆေးလုံးရင်း
တစ်လှည့် ရှာစားနေရမှာပေါ့'

'သား တကယ်လို့ အသက်ရှင်လျက် မရှိဘူးဆိုရင် အမေ ဒီလိုပဲ
ရှာစားရမှာပေါ့'

'ကျွန်တော်သေတော့ ရှာစား၊ ကျွန်တော် အသက်ရှင်ရက်နဲ့တော့
အမေ နေပူပူ ယာခင်းထဲမှာ ထမင်းလုတ် ကောက်စားနေတာ ကျွန်တော်
မကြည့်ရက်ဘူး'

နောက်ဆုံးတွင် ထွန်းထွန်းသည် ဘိလပ်သွားဖို့ အစီအစဉ် ဖျက်လိုက်
ကြောင်း ဦးစံဖေကို ပြောပြကာ ကျောင်းဆရာအလုပ်ပင် ဆက်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးစံဖေနှင့် မအေးရှင်တို့က ထွန်းထွန်း အင်္ဂလန်သွားဖို့ တိုက်တွန်းကြသည်။ သို့သော် ထွန်းထွန်းက လက်မခံ၊ သားအမိနှစ်ယောက် ရပ်ကွက်ထဲတွင် အိမ်လေး ငှားကာ အမေ့ကို ပြုစုရင်း ကျောင်းဆရာ လုပ်သည်။ ကိုလေးမောင်က အင်္ဂလန်ကို ထွက်သွားသည်။

သား၏ အပြုအစုယုယမှုကြောင့် အိုမင်းချိန်တွင် အေးချမ်းစွာ နေရသော ဒေါ်ချိုးဖြူမှာ ကျန်းမာဝဖြိုးနေသည်။ တစ်နေ့ အမေ ကိုးကွယ်သော ဘုန်းကြီးကျောင်းကို ဆွမ်းသွားအပို့ ကိုလေးမောင်မိခင် မကျန်းမာ၍ စစ်ကိုင်းချောင်က သီလရှင်ဇရပ်တွင် သွားနေရကြောင်း ဆရာတော်က ပြောပြသည်။

ထွန်းထွန်းသည် အမေနှင့်အတူ စစ်ကိုင်းချောင်သို့ ကူးသွားကာ ကိုလေးမောင်အမေ ဒေါ်တင်ကို အိမ်သို့ခေါ်ယူပြုစုသည်။ သားအမိနှစ်ယောက် စလုံး ဒေါ်တင်ကို ဆေးဝါးမှအစ လိုလေသေးမရှိ ပြုစုကြသည်။ နောက်ဆုံး ဒေါ်တင်သည် ထွန်းထွန်းလက်ပေါ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ကိုလေးမောင် ဘိလပ်အပြန်ကို အင်းဝမှ ကောင်းစွာ ကြိုဆိုကြသည်။ သို့သော် ကိုလေးမောင် မိခင်အကြောင်း သိရ၍ စိတ်မကောင်း။ ထွန်းထွန်းကို အထူးကျေးဇူးတင်သည်။ တစ်နေ့ ထွန်းထွန်း ကျောင်းတက်နေချိန် အမေ ဒေါ်ချိုးဖြူသည် ရုတ်တရက် နှလုံးရောဂါနှင့် ကွယ်လွန်ခဲ့သည်။ ထွန်းထွန်းက အမေ့ကို ကောင်းစွာသင်္ဂြိုဟ်ပြီး ကျောင်းမှ ခွင့်ယူကာ ဘုန်းကြီးကျောင်းမှာ ခေတ္တ တရားထိုင် ဝေယျာဝစ္စ လုပ်နေစဉ် ဦးစံဖေသမီး မအေးရှင်နှင့် ကိုလေးမောင်တို့ စေ့စပ်ကြောင်း သတင်းကြားရသည်။

ထိုကတည်းက ထွန်းထွန်း တံတားဦးမှ ပျောက်သွားသည်။ ယနေ့ ပြန်တွေ့ချိန်မှာ သူက ဒေါက်တာမြသီတာဖြစ်၍ ထွန်းထွန်းက မိုးကျော်သူ ဖြစ်နေသည်။

မြသီတာသည် နောက်တစ်ခါ ဝိုင်း၏ ကျန်းမာရေးအခြေအနေကို သွားကြည့်တော့မှ ဝိုင်း၏အကြောင်းကို ပိုမိုနားလည်လာသည်။ ဝိုင်းသည် ဘီအေအောင်၍ လက်ထပ်ပြီးနောက် ဆရာဝန်ဖြစ်ဖို့ ကျောင်းဆက်တက်ရသည်။ သားတစ်ယောက်မွေးလာချိန်တွင် ဝိုင်းကို သားနှင့် အတူမထား။ ပြင်ဦးလွင်မှာ သီးသန့် သူနာပြုကလေးထိန်းနှင့် ထားသည်။ နို့မှန့် တိုက်ရသည်။ ဝိုင်းက ဆရာဝန်ဖြစ်အောင် သင်ရသည်။ သား သုံးနှစ်သားအရွယ်မှာ စာသင်ဆရာမ လက်သို့ အပ်၍ ငါးနှစ်အရွယ်တွင် ပြင်ဦးလွင်မှာ ကျောင်းအပ်ပြီး



ထိန်း ဆရာမနှင့် သီးသန့် အိမ်ငှားထားသည်။ ဝိုင်းအား သားထံ စာမရေးရ၊ တစ်နှစ်တစ်ခါပဲ မိနစ်ပိုင်းလောက် တွေ့ဆုံခွင့်ပြု၍ ဆရာမနှင့်ပင် နေစေရသည်။

ဝိုင်းက သူ့အပေါ်မှာရော၊ သားနှင့်ဝိုင်း ဆက်ဆံရေးမှာရော မိုးကျော်သူ၏ တင်းကြပ်သောစည်းကမ်းကို မကျေနပ်။ ယခု သူ့ ဝေဒနာနှင့် ဗုန်းဗုန်း လဲရာမှ နာလန်ထချိန်တွင် သူ့မိခင်ရှိရာ ညောင်ပင်သာရွာသို့ သွားရောက် အနားယူလိုကြောင်း မြသီတာက မိုးကျော်သူကို ခွင့်တောင်းပေးရန် ဝိုင်းက ပြောသည်။

မြသီတာ၏ဆောင်ရွက်ပေးချက်အရ ဝိုင်းမှာ ညောင်ပင်သာကို သွားရောက် အနားယူခွင့်ရသည်။ ဝိုင်းနှင့်အတူ ပြုစုဖို့ဆိုပြီး မညွန့်ဆိုသော အိမ်ဖော်ကို ထည့်လိုက်သည်။

ဝိုင်းက ညောင်ပင်သာတွင် အမေဖြစ်သူ အငြိမ်းစား ဆရာမကြီး ဒေါ်စောစနှင့် အတူနေရ၍ ကျန်းမာရေး ကောင်းလာသည်။ အမေနှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာကြီး ကိုဆွေဆိုသူနှင့် ဝိုင်း မိတ်ဆွေ ဖြစ်ခဲ့ရသည်။ ဝိုင်းသည် သူ့ဘဝသူ စိတ်ပျက်သည်နှင့် လင်နှင့်သားအကြောင်းကို အမေဖြစ်သူ ဒေါ်စောစမှတစ်ပါး ဘယ်သူ့ကိုမှ မပြော၍မပြ။

ညောင်ပင်သာရွာကျောင်းရှိ ကလေးများ ကျန်းမာရေးကို ဆောင်ရွက်ပေးရင်း ကိုဆွေနှင့် ပိုမိုရင်းနှီးလာကြသည်။ ကျောင်းကို စိတ်ဝင်စား၍ ညောင်ပင်သာရွာမှာ နေရသည်ကို ပျော်လာသည်။

ဆရာကြီးကိုဆွေက ဝိုင်းကို အပျိုဟု ထင်မှတ်ကာ ချစ်ရေးဆိုသည်။ ဝိုင်းက နှစ်ယောက်တည်း တွေ့ချိန်တွင် သူ့အကြောင်းရင်း အဖြစ်မှန်များကို ကိုဆွေအား ပြောပြသည်။ ကိုဆွေက ဝိုင်းသည် လူ့စည်းကမ်းကြောင့် စိတ်ကို နှင့် ထိန်းချုပ်ထားသော်လည်း တကယ်တော့ မိမိကို တိမ်းညွှတ်နေသည် ဟု ထင်မှတ်နေသည်။ ဝိုင်းက ရှင်းရှင်းလင်းလင်း ရေးပြသောစာကို ဖတ်ရမှ ကိုဆွေက ဝိုင်း၏စိတ်ရင်းအမှန်ကို သိရသည်။ ဝိုင်းရေးသောစာမှာ—

ကိုဆွေ

*ဒီစာကို ဝိုင်း အတတ်နိုင်ဆုံး စဉ်းစားပြီး ရှင်းလင်းနိုင်သမျှ အရှင်းလင်းဆုံး ရေးတာပါပဲ။ နေ့ခင်းက ကိုဆွေရဲ့ဟန်က ဝိုင်း မျက်လုံးထဲမှာ မပျောက်ဘူး။ ဝိုင်း သိတယ်။*

*အပျိုတစ်ယောက်လို ဟန်ဆောင်ပြီး ရှောင်နေတယ်ဆို*

www.burmeseclassic.com

www.burmeseclassic.com



မထင်နဲ့။ ဝိုင်းလည်း ကိုယ့်စိတ်ကို အထပ်ထပ် မေးကြည့်ရသေးတယ်။ ကိုဆွေက ထင်တယ်။ လူ့စည်းကမ်းတွေကို လိုက်နာနေရလို့သာ ဝိုင်းဟာ ကိုဆွေရဲ့အချစ်ကို ငြင်းဆန်နေတယ်လို့။

ကိုဆွေရဲ့ အယူအဆက ဝိုင်းဟာ အနီရောင်ကို မနှစ်သက်ဘူး ဆိုတာနဲ့ အဖြူရောင်ကို ကြိုက်ရမယ်လို့ အမိပ္ပါယ်ကောက်တာနဲ့ သိပ်တူတာပဲ။ ဝိုင်းက အပြာရောင်ကို ကြိုက်ချင် ကြိုက်နေမယ်။

ဝိုင်းဟာ စင်စစ်တော့ လူသားလို နေချင်တယ်။ ရှင်းလား။ ဒါထက်ရှင်းအောင် ပြောရရင် ဝိုင်း တစ်ပြိုင်နက် တွေ့နေရတဲ့ ယောက်ျားနှစ်ယောက်ဟာ ဝိုင်းကို လူသားလို မဆက်ဆံဘူး။ လူသား အခွင့်အရေးတွေကို မရစေဘူး။ လူ့အဖြစ် ဆုံးအောင် လုပ်နေတယ်။

ဝိုင်းယောက်ျားက ဝိုင်းကို ဒီထမင်းစား၊ ဒီအဝတ်ဝတ်၊ ဒီနေရာမှာ နေ၊ ဒီစာကို သင်၊ ဒီစာ ဖတ်ဆိုပြီး ထားတယ်။ အဲဒါဟာ လူ့ဘဝလား။ ဝိုင်းဟာ မဆင်းရဲပါဘူး။ ထမင်းလည်း မငတ်ခဲ့ပါဘူး။ ပညာလည်း အကောင်းဆုံး သင်ရတာပဲ။ ဒါပေမယ့် အဲဒါဟာ လူ့ဘဝလား။ ဝိုင်းရဲ့အမေးကို ဖြေစမ်းပါ ကိုဆွေ။ ပြီးတော့ ဒီသားကို မွေးဆိုပြီး မွေးပြီးကတည်းက ခေါ်သွားလိုက်တာ တစ်နှစ်မှတစ်ခါပဲ တွေ့ရတယ်၊ တွေ့ရတော့လည်း မြင်ရရုံပဲ ဆိုပါတော့။ တစ်ခါတလေ ကျတော့လည်း ဝိုင်းက အရုပ်လုပ်တဲ့စက်ရုံ၊ ဝိုင်းရဲ့သားက အရုပ်လေး ပေါ့လေ။

တွေးကြည့်တော့ ကိုကိုကြီးက ဝိုင်းကို စက်ရုပ်ဖြစ်အောင် လုပ်နေတယ်။ ကိုဆွေကတော့ ဝိုင်းကို တိရစ္ဆာန်ဖြစ်အောင် လုပ်နေတယ်။

ဝိုင်း ထင်မြင်ယူဆတာတွေဟာ မှန်ချင်မှတော့ မှန်မယ်။ ဒါပေမယ့် တွေးခေါ်ရသမျှလေးတော့ တင်ပြပါရစေဦး။ ကိုဆွေနဲ့ ကိုကိုကြီးဟာလေ ဟိုစကားလို ဖြစ်နေတယ်။

'ငရဲခန်းကလည်း ခြောက်လွန်းသည်'

'ဘုံခန်းကလည်း မြှောက်လွန်းသည်'

ဒီနေရာမှာ ဒီစကားနဲ့ စပ်ဟပ်သလား၊ မစပ်ဟပ်သလားတော့ မသိဘူး။ ဝိုင်း နေချင်တာကတော့ ငရဲခန်းလည်း မဟုတ်။ ဘုံခန်း



လည်း မဟုတ်တဲ့ လူ့ဘုံမှာ လူသားလို နေချင်တာပါပဲ။ ဝိုင်း မျှော်မှန်းထားတဲ့ ချမ်းမြေ့သောလူ့ဘောင်(Ideal Human Being) ဆိုတာ အမှန်တကယ် ရှိပါတယ်။

ဦးမိုးကျော်သူဆိုတဲ့ နတ်ကြီးနဲ့ ကိုဆွေဆိုတဲ့ နတ်ကြီးနှစ်ပါး ဟာ သူတို့လိုလားတဲ့လောကကို ဖန်ဆင်းရာမှာ ဝိုင်းဟာ ယဇ် အပူဇော်ခံ သားကောင် (Victim) ဖြစ်နေရတာကိုတော့ အသည်း နာတယ်။

မြတ်စွာဘုရားသခင်ဟာ သုံးဆယ့်တစ်ဘုံမှာ လူ့ဘုံဟာ အမြတ်ဆုံးလို့ ထူးထူးခြားခြား ဟောခဲ့တယ်။ လူ့ဘုံမှာသာလျှင် ဘုရား ပွင့်နိုင်တယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ လူ့အသိဉာဏ်၊ လူရဲ့တွေးခေါ်ခြင်းဆိုင်ရာ ယူဆချက်ကို လေးစားပြီး အမြတ်ဆုံးလို့ ဟောခဲ့တာ။ သဗ္ဗညုတဉာဏ်ကို သိသော အသိဟာ လူသားရဲ့နှလုံး သားကသာ ပေါက်ဖွားနိုင်တယ်။

ဒါနဲ့များလည်း လူတွေဟာ ကိုယ့်ဒုက္ခကိုယ်ရှာပြီး လူ့ဘောင် ကြီး တစ်ခုလုံး ပျက်သဉ်းအောင် လုပ်နေတာများ အံ့သြစရာပဲ။ ကဲလေ.....အတတ်နိုင်ဆုံး ဝိုင်း ဆိုလိုတာကို ရှင်းလင်းတော့ ပြောပြီးပြီ။ ကိုဆွေ ရှင်းသလား မရှင်းသလားတော့ မသိ။

ပြတ်ရမယ်၊ တောက်ရမယ်။ လွမ်းတယ် ဆိုတဲ့စိတ် မရှိရ။ ကိုယ့်တိုးတက်မှုသာ ဦးတည်လုပ်ရမယ်ဆိုတဲ့ လင့်ရဲ့ အထိန်း အကျောင်းအောက်မှာ ကြီးပြင်းလာရသူမို့ အတွေးအခေါ် အရေး အသားတွေဟာ မာတောက်တောက် ရိုင်းတိုင်းတိုင်း ရှိနေရင်လည်း သည်းခံပါ။ တစ်ခါတလေတော့ 'ငါ့မှာ မိခင်တစ်ယောက်ရဲ့ အသည်း နှလုံးမှ ရှိသေးရဲ့လား' လို့လည်း သံသယ ဖြစ်မိပါရဲ့။

ချမ်းမြေ့ ရွှင်လန်းပါစေ။

ဝိုင်း

ဝိုင်းစာကို ကိုဆွေ ဖတ်ရချိန်တွင် မိုးကျော်သူကလည်း ဒေသပြင်သာ မရောက်လာသော စာတစ်စောင်ကို မြသိတာအား ဖတ်ပြနေသည်။ စာမှာ မိုးကျော်သူက ဝိုင်း၏အဖော်အဖြစ် ထည့်လိုက်သော မညွန့်ထံမှ စာဖြစ်သည်။ မညွန့်စာထဲတွင် စာတစ်ပိုဒ်မှာ 'မမဝိုင်းနှင့် အများဆုံး ဆက်ဆံတာကတော့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာကြီး ကိုဆွေ'ဟူသောစာပိုဒ်ကို မိုးကျော်သူက ထောက် သည်။ တစ်ခြားအမည် မဖော်လိုသော စာတစ်စောင်ကိုလည်း မိုးကျော်သူ ထုတ်ပြသည်။ ထိုစာထဲမှာလည်း 'ဒေါက်တာဝိုင်းနှင့် ဆရာကြီးကိုဆွေ ဆက်ဆံပုံမှာ ကျွန်မအမြင်နှင့် မသင့်တော်ပါ'ဟု ရေးထားသောစာဖြစ်သည်

ဝိုင်းထံမှစာကတော့ အမေ့ကျန်းမာရေး အခြေအနေ မကောင်း သီတင်းကျွတ်မှာ ပြန်မလာနိုင်။ ဒီဇင်ဘာမှ သူ ပြန်လာမည်။ သားနှင့်အ မိုးကျော်သူပါ ဘွားအေ ဒေါ်စောစကို တွေ့ရန် ညောင်ပင်သာကို လာခဲ့ဖို့ ဖြစ်သည်။

မိုးကျော်သူက မညွန့်နှင့် အမည်မဖော်လိုသူ အမျိုးသမီးတစ်ဦး ပေးသောစာနှင့်ပတ်သက်၍ မြသီတာ သဘောထားကို မေးသည်။ မြသီတာ ဝိုင်းထံသို့ အထောက်သူလျှိုသဘောမျိုး မညွန့်ကို ထည့်သည်မှာ မသင့်တော် ကြောင်း၊ လူတစ်ယောက်အကြောင်းကိုလည်း စာတစ်ရွက်ဖတ်ပြီး မဆုံးဖြ သင့်ကြောင်း၊ ဒီဇင်ဘာကျောင်းပိတ်ရက်တွင် သားကိုပါ ခေါ်ကာ ညောင်ပင်သ သို့ သွားသင့်ကြောင်း အကြံဉာဏ်ပေးသည်။ မိုးကျော်သူက မကျေမနပ်နှ လက်ခံလိုက်သည်။

ဒီဇင်ဘာ ကျောင်းမပိတ်ခင် မိုးကျော်သူသည် သားကိုခေါ်ရန် မြင် လွင်သို့အသွားတွင် တံတားဦးကို ဝင်ကြည့်သည်။ သူ အလုပ်လုပ်ခဲ့သေ ကျောင်းကို အဝေးမှ မျှော်ကြည့်နေစဉ် သူငယ်ချင်း ကိုလေးမောင်နှင့် တွေ သည်။ ကိုလေးမောင်ကလည်း မြစ်ကြီးနားမှလာကြောင်း၊ သူကလည် တမ်းတမ်းတတရှိ၍ တံတားဦးကို ခေတ္တလာလည်ကြောင်း၊ သူ တေ တပ်မတော်တွင် အမှုထမ်းနေကြောင်း၊ မျက်ရည်လည်လည်နှင့် ထွန်းထွန်း ပြောပြသည်။

''ထွန်းထွန်းအဖို့ ကိုယ့်မွေးရပ်မြေကို လွမ်းလို့ လာကြည့်ပါတယ် ဒါပဲမို့လား၊ ထွန်းထွန်းအဖို့ လူဖြစ်ကျိုး နပ်ခဲ့ပါတယ်၊ ထွန်းထွန်းအမေကိုလည် ကိုယ့်ချွေးနဲ့စာနဲ့ လုပ်ကျွေးပြီးမှ အမေက ထွန်းထွန်းရင်ခွင်မှာ အေးအေးချမ်းချ သေရတယ်၊ ကိုယ့်မှာတော့ အင်္ဂလန်က ပြန်၊ လခတွေ ဘယ်လိုကောင်းလာ မယ့် ငွေတွေ ရလာလည်း မပျော်ဘူး။ အမေ ကလေးကချေနဲ့ နေခဲ့ရတယ်ဆိုတဲ့ ဇရပ်ကြီးဇရပ်ကြားတွေ မြင်မြင်ပြီး သရဲခြောက်သလို ခံနေရတယ်၊ အမေဟာ မင်း ခေါ်ပြီး မပြုစုခင်က ဘယ်လို နေရတယ်ဆိုတာ ဆရာတော်ဘုရား



ပြောပြလို့ ကိုယ်အားလုံး သိပြီးပြီ၊ ဒါပေမယ့် လူတွေက ပကာသနကို ကြည့်ပြီး ငါ့ကို အထင်ကြီးနေတာ''

ထွန်းထွန်းက ခေါင်းခါလိုက်၏။

''အတွေးအခေါ်ဟာ ပြောင်းလဲနေပါတယ် ကိုလေးမောင်၊ အဲဒီ တုန်းကလည်း ထွန်းထွန်းဆိုတဲ့အကောင် မွေးရပ်မြေကို မစွန့်ရဲ၊ မစွန့်စားရဲ တဲ့အကောင်ရယ်လို့ ပတ်ဝန်းကျင်ကလည်း ရှုတ်ချပြီး ဆရာကြီးတို့ကပါ ဝိုင်းပယ်ခဲ့တယ် မဟုတ်လား''

''မဟုတ်သေးဘူး၊ ခုတော့ သူတို့လည်း နောင်တ ရနေပြီ၊ ထွန်းထွန်း လုပ်တာ မှန်တယ်၊ မင်း မှန်တယ်၊ နောက်ဆုံးအချိန် ကိုယ့်အမေကို ထွန်းထွန်း ခေါ်ထားလိုက်လို့သာ ခု စိတ်ဖြေနိုင်တယ်၊ အမေ့မှာ ဇရပ်ကြားမှာ အထီးကျန် သေရရင် ကိုယ် တစိမ့်စိမ့်တွေးပြီး စိတ္တဇနဲ့ သေမှာ၊ ခု ငါ့မှာ ငွေတွေချမ်းသာလာ ပြီး ဘာအလှူပဲလုပ်လုပ် ငါ့ အမေငတ်နေတုန်း၊ ငါ ထမင်းတစ်နပ် မကျွေး လိုက်ရပါကလားဆိုတာ အမြဲနောင်တရနေတယ်''

'မအေးရှင်ကလည်း တကယ်တော့ မင်းကို ချစ်ပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်အရှိန်ကို သူ မခံနိုင်တော့ ငါ့ကို ရွေးတာပဲ၊ သူတို့အချစ်ဟာ ငွေ ဏ်ပကာသနပေါ် တည်ပြီး ရွေးချယ်တာပဲဆိုတာ ကိုယ်သဘောပေါက်လို့ စေ့စပ်ပွဲ လုပ်မယ့်နေ့ မိုးမလင်းခင် ကိုယ်လည်း တံတားဦးက ထွက်လာခဲ့တာပဲ ထွန်းထွန်း'

ထွန်းထွန်း ခေါ် မိုးကျော်သူသည် သက်ပြင်းရှည်လျားစွာချရင်း နား ထောင်နေ၏။ ကိုလေးမောင်စကားကြားရမှ ရန်ကုန်မှာ စတွေ့စဉ်က မြသီတာ က 'ဘယ်သူနဲ့မှ လက်မထပ်သေးကြောင်း'ပြောခဲ့သည်ကို ယခုမှ သဘော ပေါက်တော့သည်။

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် မိုးကျော်သူ၊ မြသီတာ၊ ကိုလေးမောင် တို့နှင့် မိုးကြည်ဖြူ၊ သူ၏ဆရာမတို့ပါ ညောင်ပင်သာကို လာခဲ့ကြသည်။

ဝိုင်းက သားဖြစ်သူနှင့်သူ အတူအိပ်ရန် အိပ်ခန်း ပြင်ထားသော်လည်း မိုးကျော်သူ၏အမိန့်ဆို၍ သားကို ဆရာမက သူ့အခန်းထဲသို့ ခေါ်သွားသည်။ ဘွားအေလုပ်သူက မြေးကိုခေါ်သည့်အခါတွင် မိုးကြည်ဖြူက မသွား။ စိန်းစိန်း ကြည့်နေသည်။ သူ့မျက်လုံးသည် ကျောက်ရုပ်မျက်လုံးလို အေးစက်မှု တစ်စုံတစ်ရာ ရှိ၍ ဝိုင်းက ဆွဲခေါ်မှ ဘွားအေအနားကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် လက်ဖက်ရည်ဝိုင်းတွင် မိုးကျော်သူက စာတစ်စောင်ရသည်။

ဦးမိုးကျော်သူ –

ရှိသေစွာ စာရေးလိုက်ပါသည်။ ဦးမိုးကျော်သူ မနေ့က ရောက်ရှိလာကြောင်း ကျွန်မ ကြားသိရပါသည်။ ကျွန်မ လာရောက်တွေ့ဆုံ လိုပေမယ့် ရောဂါကြောင့် အိပ်ရာထဲ လဲနေ၍ မလာနိုင်ပါ။ ဦးမိုးကျော်သူကို ကျွန်မ တွေ့ပါရစေ။ ကျွန်မအိမ်ကို လာခဲ့စေလိုပါသည်။ ကျွန်မအိမ်ကို ဒေါက်တာဝိုင်း သိပါသည်။

မခင်ရွှေ
ဆရာမ

သူနှင့် ကိုလေးမောင် ဆရာမ မခင်ရွှေထံသို့ သွားရန်အတွက် လှေကားမှာ သားဖြစ်သူ မိုးကြည်ဖြူနှင့် ဆုံသည်။ သားကို ဘွားအေနှင့် သွားတွေ့ရန် ပြောသည်။

'ကျွန်တော် မသွားချင်ဘူး၊ ဘွားဘွားမျက်နှာက သရဲနဲ့ တူတယ်။ မျက်တွင်းကြီးလဲ ဟောက်လို့၊ ပါးရေတွေလဲ ရှုံ့နေတယ်၊ သူ့လက်ပေါ်မှာလဲ အကြောတွေက တီကောင်တွေ သွားနေသလိုပဲ၊ ကျွန်တော် ရွံတယ်'

မိုးကြည်ဖြူက ခါးခါးသီးသီးငြင်းကာ ဆရာမဆီသို့ ပြေးသွား၍ အိမ်ပြင်ထွက်သွားကြသည်။သားအဖြစ်ကိုကြည့်ရင်း မိုးကျော်သူက ရုတ်တရက်ဘာမှ မပြောနိုင်ဘဲ ငေးကြောင်ကြောင် ဖြစ်သွားသည်။

'မိုကြည်ဖြူ သူ့အဘွားနဲ့ ဘယ်နှခါ တွေ့ဖူးလဲ'

ကိုလေးမောင်က မေးလိုက်၏။

'ဒီတစ်ခါ ပထမဆုံး တွေ့တာပဲ'

မိုးကျော်သူသည် အမေရှိရာ အိပ်ခန်းသို့ ထွက်သွားသည်။ ကိုလေးမောင်က ခေါင်းတညိတ်ညိတ်နှင့် ငယ်စဉ်ကအဖြစ်ကို သတိရသည်။ မိခင်ဒေါ်ချိုးဖြူ နေမကောင်း၍ ချွဲသလိပ် ကြပ်နေစဉ် ကိုယ်တိုင်မရွံမရှာ ချွဲတံတွေးကို လက်နှင့်နှိုက်ပေးခဲ့သော ထွန်းထွန်းတွင်မှ မိုးကြည်ဖြူလို သားမျိုး ရပလေဟု စဉ်းစားမိသည်။

အမေ့အပါးတွင် ဝိုင်းကို တွေ့ရ၍ မိုးကျော်သူက မခင်ရွှေကို သိသလား၊ သူ မခင်ရွှေအိမ် သွားလိုသည် ဟုပြောသည်။ ဝိုင်းက မကြာခင်



ဝိုင်းတို့ခြံထဲတွင် မခင်ရွှေ ပိုးထိ၍ သူ ဆေးကုခဲ့ရကြောင်း၊ အိမ် သိချင်လျှင် မညွှန့်ကို ခေါ်သွား ပါရန် ပြောလိုက်သည်။

မိုးကျော်သူတို့ မခင်ရွှေအိမ် ရောက်လျှင် မခင်ရွှေအပါးမှာ လူတစ်ယောက် တွေ့ရသည်။ မခင်ရွှေက သူ့အပါးမှ ဆရာကြီးကိုဆွေနှင့် မိတ်ဆက်ပေးသည်။ မခင်ရွှေက မိုးကျော်သူ ကိုယ်ရေးကိုယ်တာကို ပြောလို၍ ကိုလေးမောင်ရှိလို့ ဖြစ်၊မဖြစ် မေးသည်။ မိုးကျော်သူက ကိုလေးမောင် အနားမှာ ရှိစေလိုပါသည်ဟု ပြောသည်။ ကိုဆွေနှင့် မိုးကျော်သူမှာ မမျှော်လင့်ဘဲ တွေ့ရ၍ အံ့အားသင့်နေပြီးမှ လက်ဆွဲနှုတ်ဆက်ကာ ကိုလေးမောင်နှင့်ပါ မိတ်ဆက်ပေးသည်။

မခင်ရွှေက သူ ညောင်ပင်သာမှ ထွက်မသွားခင် ဖွင့်ဟ ဝန်ခံစရာ ရှိ၍ ဦးမိုးကျော်သူကို တွေ့လိုကြောင်း၊ ဦးမိုးကျော်သူထံ ကိုဆွေနှင့် ဝိုင်း၏ အကြောင်း စာရေးသူမှာ မိမိပင်ဖြစ်ကြောင်း၊ သူ အလွန်မိုက်ကြောင်း၊ ဆရာကြီးကိုဆွေအား သူ တစ်ဖက်သတ်ချစ်နေမိ၍ ဝိုင်းနှင့်ကိုဆွေ ရင်းရင်းနှီးနှီး ဆက်ဆံသည်ကို သူ မကြိုက်ကြောင်း၊ ဦးမိုးကျော်သူ ဝိုင်းကို ပြန်ခေါ်လျှင် သူနှင့် ကိုဆွေ ပို၍ နီးစပ်ခွင့်ရမည်ဖြစ်၍ ယခုလို စာရေးမိကြောင်း၊ ပိုးထိခံရမည့်နေ့က ကိုဆွေနှင့်ဝိုင်း ခြံစည်းရိုးနားတွင် စကားပြောနေသည်ကို ချောင်းနားထောင်တော့မှ ဝိုင်းရဲ့စိတ်ဟာ သူ အထင်မှားနေသလို မဟုတ်ကြောင်း သိခဲ့ရသည်။ နားထောင်နေခိုက် ပိုးထိသွားတော့လည်း ဝိုင်းက အချိန်မီ ကုသ၍ သူ အသက်ရှင်ခဲ့ကြောင်း သူ့ကျေးဇူးရှင်သည် သူ့ကြောင့် ဒုက္ခရောက်ရမည်ကို တွေးမိ၍ ယခုလို ဖွင့်ဟဝန်ခံရကြောင်း ခွင့်လွှတ်ဖို့ တောင်းပန်ပါသည်။ ဆရာကြီးက ခွင့်လွှတ်ကြောင်း အနူးအညွတ်ပြောကာ ပြန်ရန် ထလိုက်သည်။ ဆရာကြီးက သူ့ကျောင်းကို လာရောက်ပါရန် မိုးကျော်သူတို့ကို ဖိတ်ခေါ်ခဲ့သည်။

ဆရာကြီးကျောင်းခန်းသို့ သူတို့ ရောက်လာသည့်အခါ ဆရာကြီးက လက်ဘက်ရည်၊ မုန့်တို့နှင့် ကျွေးမွေးညှော်ခံရင်း စကားစပြောသည်။

'ကျွန်တော့်ရင်ထဲမှာ ဦးမိုးကျော်သူ ဆိုတာကို တွေ့ချင်နေတာ [illegible] တွေ့မယ့်တွေ့တော့လည်း ခရစ္စမတ်ချိန်ခါဆိုတော့ ဘုရားသခင်အလို [illegible] ကျွန်တော်တို့ တွေ့ကြတယ်ဆိုရင် မမှားပါဘူး။ ဒီအချိန်အခါမှာ [illegible] ကျေးဇူးတော်ကိုအောက်မေ့ပြီး မေတ္တာချင်း တုံ့ပြန်လဲလှယ်ရမယ် [illegible] မနက်က မခင်ရွှေ သူ့အကြောင်းကို ဝန်ခံချိန်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



'လူဆိုတာ မှားတတ်တဲ့ သတ္တဝါပဲ၊ အမှားကို ဖွင့်ဟဝန်ခံတဲ့စိတ်၊ မှားတာကို ဆိုင်းသိမ်းနိုင်တဲ့စိတ် ရှိရင်ပဲ မွန်မြတ်လှပြီ' လို့ပြောတဲ့စကား ကြားရတော့ ကျွန်တော့်ရင်ထဲ ဘယ်လို ဖြစ်သွားလဲ မသိဘူး။ မခင်ရွှေလို မိန်းမသားတောင် သူ့အမှားသူ ဝန်ခံရဲတဲ့သတ္တိရှိရင် ကျွန်တော်လို ယောကျ်ားရင့်မကြီးကလည်း ကျွန်တော့်အမှားကို ဝန်ခံရပါမယ်'

ဟုဆိုကာ ကိုဆွေက ဝိုင်းကို သူ ချစ်မိကြောင်း ဖွင့်ဟဝန်ခံသည်။ ဝိုင်းသည် အသက်ငယ်ပေမယ့် စိတ်ကိုထိန်းပုံ၊ ဘဝကို ယူဆပုံ အယူအဆမှာ ရင့်ကျက်သောမိန်းကလေးဖြစ်၍ သူ ကြည်ညိုပါကြောင်း ပြောပြသည်။

ဤတွင် မိုးကျော်သူက–

'ဗုဒ္ဓရှင်တော်ဘုရားဟာ ကာမေသုမိစ္ဆာစာရကံကို မကျူးလွန်ဖို့ တားမြစ်တော်မူပေမယ့် ကျူးလွန်ခဲ့ကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ အများကြီးပါပဲ။ ဘုရားသခင်တိုင်းဟာ လူသားတွေကို ကောင်းရာကို ညွှန်ကြားတာချည်းပဲ။ ခင်ဗျားတို့ ကျွန်တော်တို့ကသာ လိုက်နာနိုင်တာလဲ ရှိ၊ မလိုက်နာနိုင်တာလည်း ရှိတာကိုး။ ခင်ဗျားရဲ့ အမှားကို ခုလိုဖွင့်ဟ ဝန်ခံတာပဲ ကျွန်တော် အများကြီး ကျေးဇူးတင်ပါပြီ'

မိုးကျော်သူက စကားစသတ်ကာ 'လက်ဆွဲနှုတ်ဆက်ပါ ကိုဆွေ'ဟု ပြော၍ လက်ကမ်းပေးလိုက်သည်။

မိုးကျော်သူနှင့် ဆရာကြီး ကိုဆွေတို့ တွေ့ဆုံကြချိန်တွင် အိမ်မှာ ဝိုင်းနှင့် မြသီတာသည် ခြံနောက်ဘက်တွင် လမ်းလျှောက်နေကြသည်။ ခပ်လှမ်းလှမ်းတွင် ကလေးထိန်းဆရာမနှင့် သား မိုးကြည်ဖြူတို့ ဘောလုံး ကန်နေကြရာ မိုးကြည်ဖြူသည် နောက်ဘက်ခြံစည်းရိုးနား ရောက်သွားသည်။

ဤတွင် မိခင်မေတ္တာ အပြည့်အဝရှိသော ဝိုင်းက ကလေးကို ခြံစည်းရိုးနား မသွားရန် တားမြစ်ရာမှ ကလေးစိတ်ဓာတ် ပျော့မသွားစေလိုသော မိုးကျော်သူ၏အမိန့်တစ်ခုတည်းကိုသာ လိုက်နာတတ်သည့် ကလေးထိန်းဆရာမတို့ အချီအချ စကားများကြရာ မြသီတာက အခြေအနေကို ဝင်ထိန်းခဲ့ရသည်။

နောက်နေ့မှာတော့ ဝိုင်း၏မိခင် ကွယ်လွန်သွားခဲ့သည်။ ရက်လည်သည့်နေ့ ဘုန်းကြီးကျောင်းသို့ မိုးကျော်သူနှင့် ကိုလေးမောင် သွားနေစဉ် အိမ်မှ အပြေးအလွှား လာခေါ်၍ ပြန်သွားသောအခါ ဝိုင်း ရေနစ်၍ ဆယ်ယူပြီး



အိမ်မှာ ပြုစုနေသည်ကို တွေ့ရသည်။

ဖြစ်ပုံမှာ ဆရာမနှင့် ရေဆင်းတံတားတွင် ကစားနေစဉ် မိုးကြည်ဖြူ ရေထဲကျ နစ်မြုပ်သွား၍ ဝိုင်းက ခုန်ချကာ သားကိုကယ်သည်။ သားကို အပေါ်မြှောက်ပေးပြီးမှ ဝိုင်းက တစ်ဖန်နစ်မြုပ်သွား၍ ဆရာကြီးကိုဆွေက ကယ်ဆယ်ခဲ့ရသည်။

ထိုအခါကျမှ သားနှင့်မိခင်သဘောကို မိုးကျော်သူ နားလည်သည်။ ဆရာမက မိုးကြည်ဖြူကို ကယ်ဖို့ မစွန့်ရဲ၊ မိခင်ဖြစ်သူ ဝိုင်းကသာ မိခင်စိတ်နှင့် သားအတွက် အသက်စွန့် ကယ်လိုက်သည်။ မိုးကျော်သူသည် လခစား ဆန်သော ဆရာမစိတ်ဓာတ်ကို နားလည်လိုက်သည်။ ထိုနေ့မှစ၍ သားနှင့်ဝိုင်း အတူ အိပ်စေသည်။

သူတို့အားလုံး ညောင်ပင်သာမှ ပြန်လာကြသည်။ သို့သော် ရန်ကုန် ရောက်လျှင် မိုးကျော်သူ အစီအစဉ်အရ ဝိုင်းက ဘွဲ့လွန်သင်တန်း တက်ရန် အင်္ဂလန်သို့ ထွက်ခွါသွားသည်။

တစ်နေ့ မြသီတာထံသို့ မိုးကျော်သူအိမ်မှ သူငယ်လေးရောက်လာပြီး မိုးကျော်သူမှာ အလုပ်ကိစ္စနှင့် မိတ္ထီလာသွားရင်း ဂိုဒေါင်မီးလောင်၍ ခြေထောက်နှင့်မျက်နှာတွင် ဒဏ်ရာရလာကြောင်း ပြောပြ၍ မြသီတာက သွားရောက်ကြည့်ရှုပြုစုရသည်။ အင်္ဂလန်ရှိ ဝိုင်းထံသို့လည်း မြသီတာက စာရေးလိုက်သည်။

မိုးကျော်သူမှာ ခြေတစ်ဘက် လှုပ်မရသေး၍ ကုတင်ပေါ်မှာပင် အစားအစာ စားရသည်။ ပါးစပ်တစ်ခြမ်းကလည်း အကြောသေသွားသဖြင့် ထမင်းစားရာတွင် နှုတ်ခမ်း မသိမ်းဘဲ ဟင်းရည်များ စီးကျလာသောကြောင့် လည်ပင်းတွင် ပဝါဖြူ စည်း၍ ခံထားရသည်။

မိုးကျော်သူကို မြသီတာ ထမင်းကျွေးနေစဉ် မိုးကြည်ဖြူ ရောက်လာ၍ အဖေကိုကြည့်ကာ.....

'ဖေဖေကလဲ၊ ဒါကြောင့် ကျွန်တော် ဖေဖေနဲ့အတူတူ ထမင်း မစားချင်တာ'

ဟု ရွံရွံမဲ့မဲ့နှင့် ရွံရှာသလို ပြောကာ အခန်းထဲမှ လစ်ထွက်သည်။ မိုးကျော်သူသည် ထမင်း ဆက်မစားတော့။

'မြသီတာ မင်းပြောတာ သိပ်မှန်တယ်၊ Men are defeated by

www.burmeseclassic.com

www.burmeseclassic.com



their own strength ဆိုတာလေ။ အင်း....မြန်မာစကားမှာလဲ ရှိသားပဲ ကိုယ့်အတတ်နဲ့ ကိုယ်ရှုးတယ် ဆိုတာ၊ ကျုပ်လုပ်တာတွေ ကျုပ် ခံနေရပြီ

မြသီတာက နှစ်သိမ့်ကာ အိပ်ဆေးတိုက်၍ သိပ်လိုက်သည်။

ပိုင်းထံမှ သူ သင်တန်းမပြီးခင် ပြန်လာမည်၊ ဖြစ်နိုင်လျှင် သူ ရောက်မည့်နေ့ လေယာဉ်ကွင်းတွင် ကြိုဆိုသောအခါ သား မိုးကြည်ဖြူကို ခေါ်လာဖို့ စာရောက်လာသည်။

သို့သော် ပိုင်းကို သူတို့ မကြိုလိုက်ရပါ။ ပိုင်းစီးလာသောလေယာဉ်မှာ ဘီရွတ်မှအထွက် ပျက်ကျသွားပါတော့သည်။ မြသီတာသတင်းများ ကြားရပြီး မိုးကျော်သူအိပ်ခန်းသို့ ဝင်လာသောအခါ–

'ကျုပ်ပုံသွင်းထားတဲ့ သံမဏိရုပ်ကြီးနဲ့ ကျုပ်ကို ပိုင်းက ထားခဲ့ပြီ'

တုန်ရီအက်ကွဲသောအသံနှင့် မိုးကျော်သူ ပြောရင်း မျက်ရည်တွေ စီးကျလာသည်။

'သူချစ်တဲ့ သံမဏိရုပ်ကြီးကလေ ခုထိ အိပ်ရာက မထသေးဘူး။ အဲဒီအရုပ်ကို ကျုပ် တစ်စစီ ဖြုတ်ပစ်မယ်'

'သားအပေါ်မှာလဲ စိတ်တွေ ပြောင်းလိုက်ပါတော့ ထွန်းထွန်း။ အဲဒီ သံမဏိစက်ရုပ်လေး လူ့အသက်ဝင်လာဖို့ မြသီတာ တာဝန်ယူပါ့မယ်။ တို့များ အားလုံး ညောင်ပင်သာကို ပြောင်းသွားပြီး သားကိုလည်း ဆရာကြီး ကိုအေး ကျောင်းမှာ ထားမယ်။ မိဘနဲ့ ရင်းရင်းနှီးနှီး လေးငါးနှစ် နေလိုက်ရရင် မိုးကြည်ဖြူဟာ ခေါ်ချိုဖြူသား ထွန်းထွန်းလို နူးညံ့သိမ်မွေ့တဲ့ သားတစ်ယောက် ဖြစ်လာနိုင်ပါတယ်'

'သူ့မေမေမှ မရှိတဲ့နောက် သူ့ကို ဘယ်သူပြုပြင်မလဲ'

'လူတစ်ယောက် ကြီးပွားတိုးတက်ဖို့ဟာ ခွေမျိုးမိခင်ဆိုတဲ့ တွယ်တာမှု သံယောဇဉ်တွေ မရှိရ ဆိုတဲ့ ဦးမိုးကျော်သူရဲ့ အယူအဆအတွက် ထွက်လာတဲ့အမြတ်ကို သိပြီလား ထွန်းထွန်း။ သူ့အမေ ပိုင်း မရှိပေမယ့် သူ့မေမေ ကိုယ်စား မြသီတာ တာဝန်ယူပါတယ်'

'မလွယ်ဘူး မြသီတာ၊ ခုချိန်ကျမှ မိုးကျော်သူလို ဒုက္ခိတရယ်၊ မိုးကြည်ဖြူလို သားမျိုးရယ်ကို အတူတွဲပြီး ခေါ်သွားမယ်ဆိုရင် မြသီတာရဲ့ အနာဂတ်ဟာ ပြေပြစ်မယ် မဟုတ်ဘူး'

'ဒါအတွက် မြသီတာ တွေးပြီးသားပါ၊ အနာဂတ်ဟာ



သာယာလိမ့်မယ်အထင်နဲ့ ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက် မဟုတ်ဘူး ထွန်းထွန်း။ တစ်ယောက်သော ချစ်သူအတွက် အဆိုးဆုံးကိုပဲ ရင်ဆိုင်ပါရစေ။ ခုချိန်ကစပြီး ရင်ဆိုင်မယ်လို့ ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်ပါ။ ဒီအိမ်ကြီးမှာ ပြန်တွေ့ကြတဲ့နေ့က ထွန်းထွန်း ရက်ရက်စက်စက်ခေါ်တဲ့ 'မရေစိမ်း' ဆိုတဲ့ မိန်းမဟာ ထွန်းထွန်း ထင်ခဲ့သလို ထည့်ရာခွက် ပုံသဏ္ဌာန်လိုက်ပြီး မတည်မငြိမ် အစဉ်ရွေ့လျားတတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။ တစ်ယောက်သော ချစ်သူမှာ အင်မတန် ပူလောင်တဲ့အချိန်အခါကျမှ အဲဒီမိန်းမနှလုံးသားက သီတာရေစင်တစ်စက် ကျရင် ချစ်သူရဲ့ရင်ကို အေးမြငြိမ်းချမ်းစေတဲ့ မြသီတာ ဆိုတာ ထွန်းထွန်း လက်ခံရင် မြသီတာဘဝ အသက်ပြန်ဝင်လာပါပြီ ထွန်းထွန်း ရယ်'

မြသီတာမှာ ပြောရင်း တရှုံ့ရှုံ့နှင့် ငိုတော့သည်။

မိုးကျော်သူသည် ကောင်းသောလက်တစ်ဖက်ဖြင့် မြသီတာပခုံးကို ဆုပ်ရင်း–

'အမေ့ဝိညာဉ်ဟာ မင်းနှလုံးသားထဲကို ဝင်လာပါပကော၊ လူတွေဟာ ကိုယ်ထင်သလောက် မဆိုးသေးပါဘူးနော်'

ကျွန်မ၏ မိုးကျော်သူမှာ ဒါပဲ ဖြစ်သည်။ မိုးကျော်သူ၏ သူငယ်ချင်း ကိုလေးမောင်က အတွယ်အတာ အနှောင်အဖွဲ့၊ မိခင်အိုတို့ကို လျစ်လျူကာ နိုင်ငံခြားသို့ ပညာသင်သွားခဲ့သည်။ သူ ပညာသင်နေစဉ် မိခင်က ဆင်းဆင်းရဲရဲ သေသွားရသည်။ ဒီအတွက် အစဉ် 'နောင်တ' ရနေခဲ့ရသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်က သူ လုပ်ခဲ့သောအလုပ်ကို မှားသည်ဟု ကိုလေးမောင်က ထင်မြင် ယူဆချိန်မှာမှ ထွန်းထွန်းဆိုသော မိုးကျော်သူက ထိုအမှားလမ်းစဉ်ကို ဆက်လက်ခံယူကာ ပြန်စသည်။ သူငယ်စဉ်က တွယ်တာမှု၊ သံယောဇဉ်ကြောင့် အခွင့်အရေး လက်လွှတ်ကာ ချစ်သူပါ ဆုံးရှုံးရ၍ ယခု သူ သားနှင့်မယားနှင့် ဖြစ်လာချိန်မှာ သားကိုရော၊ မယားကိုပါ တွယ်တာမှု မရှိစေဘဲ အတော်ဆုံး ဖြစ်အောင် ကြိုးစားစေသည်။ နိုင်ငံခြားကို ပညာသင် သွားနိုင်အောင် ဆောင်ရွက်ပေးသည်။ သို့သော် မိုးကျော်သူ စေတနာ မှန်သော်လည်း လည်း လုပ်ဟန် မဟုတ်၍ သူ တရားခံ ပြန်ဖြစ်ရသည်။ နောက်ဆုံး သူ ပုံသွင်းခဲ့သော သံမဏိနှလုံးသား သားတော်မောင်၏ တုံ့ပြန်ချက်ကို မချိတက်ကဲ ခံရသည်။

ကျွန်မသည် အမှန်တော့ လုံးချင်းဝတ္ထု အရေးနည်းခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် မဂ္ဂဇင်းဝတ္ထုရှည်များနှင့် ဝတ္ထုတိုများသာ များခဲ့သည်။ မိုးကျော်သူသည် ကျွန်မ၏ လုံးချင်းဝတ္ထု ဆယ့်နှစ်ပုဒ်အနက်မှ တစ်ပုဒ်ဖြစ်သည်။ ၁၉၆၃ ခု၊ ဇူလိုင်လတွင် ချိုးဖြူစာပေမှ ထုတ်ဝေခဲ့ပါသည်။ ဝတ္ထုအနေနှင့် အောင်မြင်ပါသည်။ စာဖတ်ပရိသတ်က လှိုက်လှိုက်လှဲလှဲ လက်ခံပါသည်။

ထိုစဉ်က သူဇာရုပ်ရှင်မှ မိုးကျော်သူကို ရုပ်ရှင်ရိုက်ကူးရန် ဝယ်ယူခဲ့သည်။ ဒါရိုက်တာမှာ ဦးမောင်မောင်ဖြစ်သည်။ သို့သော် ဦးမောင်မောင်မှာ ထိန်းသိမ်းခံရ၍ ဆက်လက်ရိုက်သော ဒါရိုက်တာမှာ အတွေ့အကြုံ နည်းပါးဟန်တူပါသည်။ မိုးကျော်သူကို ဇာတ်လိုက်ကောင်းများဖြစ်ကြသော ထွန်းဝေ၊ မြတ်လေး၊ ဝါဝါဝင်းရွှေတို့ကို သုံးထားပေမယ့် ပိတ်ကားပေါ် ရောက်လာသော အခါ ကျွန်မဇာတ်ထုပ် ကျွန်မ မကြည့်ချင်။ မီးရှို့ပစ်ချင်လောက်အောင် ဖြစ်ရသည်။ ဇာတ်ပုံအယူအဆ၊ အသံမှအစ အားလုံး မကောင်းပါ။ တစ်ခုတော့ သင်ခန်းစာ ရပါသည်။ ရုပ်ရှင်တွင် ဇာတ်လမ်းကောင်း၊ ဇာတ်လိုက်ကောင်း ပေမယ့် ဒါရိုက်တာ ကောင်းဖို့ လိုသည် ဆိုတာကို သဘောပေါက်ရပါသည်။

ကျွန်မကတော့ ထုံးစံအတိုင်း ဝတ္ထုအတွက် ငွေ ၅၀၀၀ိ ကို သူဇာ ရုပ်ရှင်တိုက်ထံက သစ္စာရှိစွာနှင့် ပေးပါသည်။ စာဖတ်သူများထံမှ မိုးကျော်သူ ဝတ္ထုကို လက်ခံကြောင်း သိရ၍ ကျွန်မ ဝမ်းသာရပါသည်။ ခုခေတ် လူငယ် စာဖတ်ပရိသတ်ကို မိုးကျော်သူနှင့် ပြန်လည် တွေ့ဆုံပေးချင်ပါသည်။

မစိုးမပိုင်သောသဘောကို စိုးပိုင်ဟန် လက်ခံမိသော မိုးကျော်သူ အတွက်လည်းကောင်း၊ မိုးကျော်သူလက်အောက်တွက် ယစ်အပူဇော်ခံ သား ကောင်များဖြစ်ရသော ဝိုင်းနှင့် မိုးကြည်ဖြူတို့အတွက်လည်းကောင်း၊ ကျွန်မ ဝမ်းနည်းမိပါသော်လည်း ချစ်သူ၏ အဆိုးဆုံးအချိန်တွင်မှ ဝင်ရောက်လက်တွဲ နိုင်ပါသော မြသီတာလို မိန်းမတစ်ယောက်ကို ဖန်ဆင်းနိုင်၍ ကျွန်မ ဝမ်းသာမိ ပါသည်။

(လုံမလေးမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၇)

♛ ♛ ♛

## ခေတ်ဆါသားကောင် မလေးမေ သို့မဟုတ် သပြေ

'ကျွန်မသည် အကယ်၍သာ သူ့ကို လက်ထပ်ခြင်း မပြုခဲ့ပါလျှင် ယခုကဲ့သို့ ထင်ရှားကျော်ကြားသော စာရေး ဆရာမတစ်ယောက်အဖြစ်သို့ ရောက်ရှိမည် မဟုတ်ပေ။ သို့သော် ကာလကြာသည်နှင့်အမျှ ထိုထင်ရှားကျော်ကြားမှု များကိုလည်းကောင်း၊ သူ့ကိုလည်းကောင်း ကျွန်မ မည်မျှ ရွံရှာ မုန်းတီးလာသည်ကို ကျွန်မ၏ ချစ်စွာသော စာဖတ် ပရိသတ်များ မသိခဲ့ပေ။ ကျွန်မသည်.....'

ဤစာပိုဒ်များနှင့် 'သပြေ' ဝတ္ထုကို ကျွန်မ စခဲ့၏။ အမှန်တော့ ဤစာပိုဒ်များသည် ဝတ္ထုထဲတွင် ဇာတ်လိုက်တစ်ဦးဖြစ်သော စာရေးဆရာ 'သပြေ' ကိုယ်တိုင်ရေးသော ဝတ္ထုတစ်ပိုဒ်၏ အစပိုဒ်ဖြစ်သည်။ စရုံ စထားသော ထိုစာပိုဒ် ရေးထားသည့် ဗလာစာအုပ်ကို စာအုပ်ဆိုင်တစ်ဆိုင်တွင် မေ့ကျန်ရစ် ခဲ့သည်မှ သပြေဝတ္ထုဇာတ်လမ်းကို အစပျိုးခဲ့ပါသည်။ စာအုပ်ဆိုင်ပိုင်ရှင် ကိုကျော်ခိုင်က ထိုကျန်ရစ်သောစာအုပ်နှင့် လက်ရေးကို ဖတ်ရင်း ထိုစာရေးသူ ကာယကံရှင်ကို စိတ်ဝင်စားလာသည်။

ဝတ္ထုထဲတွင် ဇာတ်ရုံများမှာ သပြေကို အုပ်ထိန်းသူ ဒေါ်မြရွှေ စိန်လက်ကောက်ပိုင်ရှင် ဒေါ်မြညွန့်၊ စာအုပ်ဆိုင်ပိုင်ရှင် ကိုကျော်ခိုင်တို့ဖြစ်သည်

www.burmeseclassic.com



ဗိုပု၊ မိန်းမပျက်လေး အကြိုင်နှင့် ဆရာဝန်အောင်ဝင်း စသည်တို့ ဖြစ်ကြသည်။

ဇာတ်ပို့မှာ ကိုကျော်ခိုင်ဖြစ်၍ ဇာတ်ဆောင်သုံးဦး၊ သို့မဟုတ် ဇာတ်လိုက်တို့မှာ ဖခင်ဖြစ်သူ ဦးကျော်ခေါင်၊ သမီး မလေးမေ (စာရေးဆရာမ သပြေ)နှင့် သားမက်ဖြစ်သူ ကိုဝင်းမောင်တို့ ဖြစ်ကြသည်။

ကျွန်မအနေနှင့်သာ ဤကဲ့သို့ ခွဲခြားပါသော်လည်း တကယ် စာရေးခြင်း အတတ်ပညာကို တတ်သော စာရေးဆရာတစ်ယောက်အနေနှင့် သပြေဝတ္ထုကိုဖတ်လျှင် ကျွန်မ ခွဲခြားပြသလို ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

ကိုကျော်ခိုင်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးမှ မိုလ်ချုပ်ဈေးအနောက်ဘက်တန်းတွင် စာအုပ်ဆိုင် ဖွင့်သည်။ သူ့နောက်ကြောင်းက ဘီအိုင်အေ၊ ဘီဒီအေခေတ်တွင် ပါဝင်ခဲ့၍ ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။ သူသည် စစ်ပြီးတော့ စာအုပ်ဆိုင်ဖွင့်ရင်း အသက်မွေးသည်။ ထိုစာအုပ်ဆိုင်လေးမှ ဝင်ငွေနှင့် ရဲဘော်ရဲဘက်ဟောင်းများကို တတ်အားသမျှ ထောက်ပံ့နေသူဖြစ်သည်။ သူ့ဆိုင်တွင် စာအုပ်ကျန်ရစ်ခဲ့သူကို ရှာရင်းမှ တွေ့သည့် အချိန်အခါတွင် သူ၏ ရဲဘော်ရဲဘက်သူငယ်ချင်း ကိုဝင်းမောင်၏ဇနီး မလေးမေ (စာရေးဆရာမ သပြေ) ဖြစ်၍နေသည်။ အကြောင်းကြောင်းတို့ကြောင့် သူ့အချစ်ကို မဖွင့်သာတဲ့ အညာကို ပြန်သွားရသည်။ တိုတိုဆိုလျှင် ဝတ္ထုက ဒါပဲဖြစ်သည်။

သို့သော် ဝတ္ထုထဲတွင် သရုပ်ဆောင် ဦးကျော်ခေါင်၊ မလေးမေ၊ ကိုဝင်းမောင်တို့သည် ကျွန်မနှင့်အတူ ခေတ်တစ်ခေတ်ကို ဖြတ်ကျော်လာကြ၏။ သူတို့သုံးယောက်မှာ ထိုခေတ်၏သားကောင်များ ဖြစ်ကြပါသည်။ လယ်တီဆရာတော်ဘုရား၏ စာတစ်ပိုဒ်တွင်–

'တဏှာလက်သယ် (သည်)
ထင်တိုင်းခြယ်၍
အေးတယ် မရှိ
ဆင်းရဲ ဖိသည်
ဝဋ်၏သားကောင် လုံးလုံးတည်း'

ဟု ဖွဲ့ခဲ့ရပါသည်။ ကျွန်မ၏ သပြေဝတ္ထုထဲတွင်လည်း ထိုသုံးဦးမှာ ခေတ်၏သားကောင်လုံးလုံးတည်း ဖြစ်ကြပါသည်။

အမှန်တော့ကာ ဦးသိန်းဖေမြင့်၏ ငွေစိန်တို့ကဲ့သို့ ခေတ်၏ လှိုင်းလုံး



ဒဏ်ကို မခံနိုင်၍ လှေလှော်ရင်း တက်ကျိုးရသော သားကောင်များ မဟုတ်ကြ။ ကျွန်မရေးခဲ့သော ခေတ်၏သားကောင်များသည် ဦးကျော်ခေါင်၏ စကားလုံးအတိုင်း 'ပစ်တိုင်းထောင်ရုပ် ကြိုးရှုပ်'ခဲ့ကြခြင်းဖြစ်ပါသည်။ ဦးကျော်ခေါင်သည် ဖွဲ့နွဲ့ည်းလည်းရှိ၊ ထိုခေတ်က အာဏာရ ပါတီတစ်ခုတွင် အရေးပါသူလည်းဖြစ်သည်။ သူသည် သူ၏အာဏာအရှိန်အဝါနှင့် မနကို အသုံးချ လွဲ၍သွားသည်။ ငယ်ငယ်နှင့် မုဆိုးဖိုဖြစ်ချိန်တွင် သမီးလေးကို ပညာသင်စေ၍ သူ၏လုပ်ငန်းများ ရှိသော မော်လမြိုင်၊ သထုံတို့သို့ သမီးကို လာခွင့် မပေးခဲ့ပေ။ ငယ်ရွယ်သော မုဆိုးဖိုဖြစ်သော်လည်း နောက်အိမ်ထောင် မပြု။ ကလေးမလေးများနှင့် သင့်သလို ယာယီ စခန်းသွားနေတတ်သည်။

တစ်နေ့ သူ၏တပည့် စီစဉ်ပေးသော ကလေးမလေးနှင့် အတူနေပြီး ကလေးမလေး ပြန်သွားသောအခါမှ လူငယ်တစ်ယောက် ရောက်လာသည်။ ထိုအချိန်ကျမှ သူဆက်ဆံသော ကလေးမလေးမှာ ထိုလူငယ်၏ဇနီး၊ ကာမပိုင်ရှင်ဖြစ်ကြောင်း သိရသည်။ ရောက်လာသောလူငယ်က သူ့ကို သတ်ဖို့ကြံသည်တွင် သူက လက်ဦးသွားသည်။ ထိုလူငယ်၏အမျိုးများမှာ ငုံ့မနေဘဲ ဦးကျော်ခေါင်၏သတ်မှု ပေါ်အောင်လုပ်ရန် ကြိုးစားကြဆဲ ဦးကျော်ခေါင်သည် အထက်ကိုရော အောက်ကိုပါ ငွေနှင့်ပိတ်ဆို့ရုံမက ထိုအမှုတွင် အရေးအပါဆုံး သထုံနယ်ပိုင် ကိုဝင်းမောင်နှင့် သမီးကို ပေးစားကာ အမှုကို အစဖျောက်ပစ်လိုက်သည်။

'ဒီအချိန်မှာ ဖေဖေ့သားမက်လောင်းကြီး မောင်ဝင်းမောင်ဟာ ကံဆိုးသူ မောင်ရှင်ပေါ့၊ မောင်ဝင်းမောင်ဟာ ဒီတုန်းက သထုံနယ်ပိုင်၊ ဒီသူငယ်လေး လူ့ဗွမ်းလူစဲလေးနဲ့ သူငယ်ပဲ၊ သူ့ရာဇဝင်ကြောင်းလေးမှာ ဘီဒီအေ၊ ဘီအိုင်အေခေတ် တော်လှန်ရေးသမားလေးဆိုတော့ ဘာပဲပြောပြော ဖေဖေတို့ ပြည်သူ့အာဏာအဖွဲ့ လူကြီးတော်တော်များများကလည်း သူ့ ဘီစီအက်စ် စာမေးပွဲဖြေပြီး နယ်ပိုင်တွေ ဘာတွေ ဖြစ်လာတဲ့အထိ လေးစားကြတယ်၊ ဖေဖေ့အမှုဟာ လူသိရှင်ကြား မဖြစ်ခင် အဓိက ခြယ်လှယ်နိုင်သူဟာ မောင်ဝင်းမောင်ပဲ။ ဒီတော့ ဖေဖေ့အနေနဲ့ ဖေဖေဟာ ဖေဖေ့ဇာတ်ထုပ်ကို လူသိ မခံရအောင်တော့ ဒီသူငယ်ကို အိတ်ထဲထည့်ရတဲ့ဇာတ်လမ်း ဖေဖေ စီစဉ်ရတော့တယ်။ သူလဲ ပုတုဇဉ်ကိုးကွဲ့။ ဖေဖေ့ရဲ့အရှိန်အဝါက တစ်ဘက်အာဏာပိုင်တွေရဲ့ ခြိမ်းခြောက်မှုကို ကြာကြာမခံနိုင်ပါဘူး။ ဖေဖေ့အိတ်ထဲ ရောက်ရတာပဲ။ သူ မခံနိုင်ခဲ့တာ

www.burmeseclassic.com



သမီးရဲ့အလှပဲ။ သမီး မှတ်မိမှာပေါ့။ သမီး အပျိုတုန်းက ဒီလို ပိန်ကပ်ကပ် မဟုတ်ဘူး။ သမီးကို သူ တကယ်မြတ်မြတ်နိုးနိုး ချစ်ရှာပါတယ်။ ဖေဖေက သမီးလည်း ထိုးပေးလိုက်ရော မောင်ဝင်းမောင်လည်း ဖေဖေ့အိတ်ထဲ ရောက် ရော'

ကျွန်မ၏ ဇာတ်လိုက်တစ်ဦးဖြစ်သူ ဦးကျော်ခေါင်က သူ့သမီးအား သူ့အကြောင်းကို ပြောပြသော အထက်ပါ စကားလုံးများကို ကြည့်လျှင်ပင် ကျွန်မ ဆိုခဲ့သော 'ပစ်တိုင်ထောင်ရုပ် ကြိုးရှုပ်' ဆိုသောစကားလုံး၏ အဓိပ္ပာယ်မှာ ပေါ်လွင်လာပါသည်။

ဦးကျော်ခေါင်သည် နယ်ရှင်ပယ်ရှင်ကြီးသဖွယ် မော်လမြိုင်တွင် တန်ခိုးကြီးသူဖြစ်သည်။ နောက်တော့ မြဝတီ ရွှေနိုးဂိုဏ်းများကိုပင် အကာ အကွယ်ပေးရုံမက လူတစ်ယောက်အသက်ကို ပုရွက်ဆိတ်တစ်ကောင်လောက် မှမထားသော လူဆိုးဗိုလ်ကြီး ဖြစ်နေသည်။ ဓားပြဂိုဏ်းတစ်ခုက ဓားပြ တိုက်ပြီး သူတို့ဘေး ကာကွယ်ကြေးအဖြစ် ဦးကျော်ခေါင်ကို နဂါးရုပ် စိန် လက်ကောက်တစ်ဖက် ကန်တော့သည်။ ထိုစိန်လက်ကောက်ကို သမီးမွေးနေ့မှာ လက်ဆောင်ပေးရာမှ မလေးမေက မသက်ာ၍ မေးမြန်းလာသည်။ နောက်ဆုံး ဦးကျော်ခေါင်သည် သူ့အဖြစ်ကို အမှန်အတိုင်း ဖွင့်ဟဝန်ခံသည်။

'ရုပ်သေးရုပ်တွေက နဂိုကတည်းက လက်ကြိုးခြေကြိုးတွေ တပ်ထား ရတော့ ကြိုးရှုပ်ပြီးသား။ အဆန်းမဟုတ်ဘူး။ ပစ်တိုင်ထောင်အရုပ်ကတော့ ဘယ်နေရာ ပစ်လိုက်ပစ်လိုက် သူ့အစွမ်းသူ့အစနဲ့ ထောင်နေနိုင်ရုံမက ဘာကြိုး နဲ့မှ ရှုပ်စရာ မရှိဘူး။ ဒါပေမယ့် အဲဒီလို ပစ်တိုင်းထောင်ရုပ်လို အခြေအနေ ပေးပါလျက်နဲ့ ရှုပ်ချင်တဲ့လူတွေကို 'ပစ်တိုင်ထောင်ရုပ် ကြိုးရှုပ်တယ်' လို့ လူကြီးများက ပြောကြတာပေါ့။

'သမီးရဲ့မေမေ သေပြီးနောက် ဖေဖေတစ်ယောက်တည်း နေလာ ခဲ့တယ်။ သမီးရဲ့ဒေါ်ဒေါ်ကြီး ဒေါ်မြရွှေဟာ ဖေဖေနဲ့ နှမဝမ်းကွဲ မောင်နှမပဲ။ သမီးကို သူ့လက်ထဲအပ်ပြီး ဖေဖေ ရန်ကုန် ပို့ထားလိုက်တယ်။ အကြောင်း တွေကတော့ အမျိုးမျိုးကြောင့်ပဲ။ ရန်ကုန်မှာ သမီး အေးအေးချမ်းချမ်း ပညာသင် ကြီးပွားစေလိုတာလည်း ပါတယ်။ ဖေဖေကလည်း စီးပွားရေး သမားကြီးဆိုတော့ ဖေဖေနဲ့ အတူနေလည်း သမီးကို ဂရုစိုက်နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ နောက်အိမ်ထောင် ပြုပြန်ရင်လည်း သမီးနဲ့ဖေဖေ့ကြားမှာ ပြဿနာ ပေါ်လာမယ်။ စီးပွားရေးမှာလည်း တစ်ကြောင်းမဟုတ်တစ်ကြောင်းက ရှုပ်လာ နိုင်မယ်။ ဒါပေမယ့် ဖေဖေ ဘာကြောင့် အိမ်ထောင်မပြုသလဲဆိုတဲ့ အကြောင်း ထဲမှာ သမီးရဲ့မေမေနေရာမှာ ဖေဖေ ဘယ်မိန်းမမှ ကိုယ်စားထိုး မရလို့ပဲ။ သမီးမေမေ ဆုံးချိန်ဟာ ဖေဖေ အသက်သုံးဆယ်ကျော်ပဲ ရှိသေးတယ်။ ဖေဖေဟာ အင်မတန် ငယ်ရွယ်နုပျိုသေးတဲ့အချိန်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဖေဖေ့နှလုံးသားထဲမှာ မင်းမေမေအတွက် နေရာတစ်ခု၊ သမီးအတွက် နေရာ တစ်ခု၊ ဒီနေရာနှစ်ခုသာ ထားခဲ့တယ်။ ဖေဖေ့ရဲ့ ငယ်ရွယ်နုပျိုတဲ့ ခန္ဓာကိုယ်ကို တော့ ရဟန္တာလို မထိန်းနိုင်ခဲ့ဘူး။ ဒါကြောင့် နှလုံးသားအပြင်ဘက်ဖြစ်တဲ့ ဖေဖေ့မွေ့ရာပေါ်မှာတော့ ချစ်သူမဟုတ်တဲ့ မိန်းမတွေကို ဖေဖေ တစ်ယောက်ပြီး တစ်ယောက် တင်ခဲ့တယ်။ လူကလည်း ငယ်တုန်း၊ ပစ္စည်းကလည်း ရှိတုန်း၊ ဖေဖေ့လက်ဖျောက် တစ်ချက်တီးရုံနဲ့ ကောင်းကင်က နတ်သမီးကိုတောင် ရနိုင်တယ် သမီး၊ ယုံလား'

ကျွန်မ၏ ဦးကျော်ခေါင်သည် သူ့အကြောင်းကို သူ ဖွင့်ဟ ဝန်ခံရင်း သူ့အထုပ်ကို ဖြည်ပြခဲ့သည်။ ပြီးပြည့်စုံသူ ဖြစ်ပေမယ့် လောဘကို မထိန်းနိုင်။ စိတ်မလောဘနှင့် စီးပွားရှာခဲ့သည်။ ကာမဂုဏ်ကို လွဲမှားစွာ ကျင့်ခဲ့မိ၍ သူ့ကို တစ်သက်လုံး နာလန်မထူနိုင်အောင် အကုသိုလ်ကြီးက ချုပ်နှောင်ခဲ့သည်။

တော်ပါသေး။ သူသည် စိန်လက်ကောက်ကို သမီးဆန္ဒအရ ကာယကံ ရှင်လက်သို့ လျှို့ဝှက်သောနည်းဖြင့် ပြန်ပေးခဲ့သည်။ ဇနီးသည် ဒေါ်မေမေခင်နှင့် သမီးဖြစ်သူ မလေးမေအပေါ် လင်သားကောင်းတစ်ယောက်၊ ဖခင်ကောင်း တစ်ယောက်ပီသစွာ ဝတ္တရား ကျေပြွန်ခဲ့ရှာသည်။ ဒါလေးတစ်ခုကပဲ သူ့ဘဝ အမှောင်တိုက်တွင် ရွှေနားကွပ်များအဖြစ် ပါဝင်ခဲ့သည်။

သို့သော် သူက မရည်ရွယ်သော်လည်း သူ့ဆိုးကျိုးကို မသိဘဲ ခံရသူကတော့ သူ၏ချစ်လှစွာသောသမီး မလေးမေ (သို့မဟုတ်) စာရေးဆရာမ သပြေ။

မလေးမေသည် ဖခင်၏ အတွင်းရေးများကို ဘာမျှ မသိ။ ဒေါ်ကြီး ဒေါ်မြရွှေ၏ အုပ်ထိန်းမှုအောက်တွင် သေသေဝပ်ဝပ်နှင့် စာသာ ကြိုးစား သင်နေသည်။ ဖခင်ဖြစ်သူနေထိုင်ရာ သထုံ၊ မော်လမြိုင်ကိုပင် ဖခင်ခေါ်မှ တစ်ခေါက်နှစ်ခေါက် ရောက်ဖူးသူဖြစ်သည်။ ဦးကျော်ခေါင်က ကျောင်းမောင်နှင့် ပေးစားတော့လည်း ဖခင်စကားကို နာခံ၍ လက်ထပ်သည်။ လင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်မြတ်နိုးသော ဇနီးကောင်းတစ်ယောက်ဖြစ်သည်။ လင် ပြောင်းရွေ့သွားလေရ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါပြုစုသည်။ ဒါပေမယ့် ကံဆိုးသူမလေး မလေးမေသည် အရာရှိကတော်တစ်ယောက် ဖြစ်သော်လည်း သူ့မျက်လုံးတွင် 'ဂမုန်းခွက်ပေါက်' ကွင်းမိသော စာရေးဆရာတစ်ယောက် ဖြစ်နေသည်။ သူသည် နယ်အနှံ့ ပြောင်းသရွေ့ စာရေးဆရာအမြင်နှင့် သူ့ပတ်ဝန်းကျင်ကို ကြည့်သည်။ အသည်းနှလုံးတွင် ထင်ဟပ်လာသော သူ့ခေတ်၏ သနစ်စုံကို သူ့စာထဲတွင် ထည့်ရေးသည်။

သူ့ခေတ်တွင် ဦးကျော်ခေါင်လို ငွေရှိ၊ ဂုဏ်ရှိ၊ အာဏာရှိ၊ နယ်ရှင် ပယ်ရှင်ကြီးတွေသဖွယ် ကြီးစိုးပြီး မကောင်းမှုတွေ ကျူးလွန်နေသည်ကို မလေးမေက ဖော်ပြသည်။ သူ့အဖေသည် ထိုလူစုထဲတွင် ပါဝင်နေသည်ကို သူ လုံးဝ မသိ။ မင်းသားခေါင်း ဆောင်နေသော နိုင်ငံရေးသမားအချို့၏ အိတ်ထဲကို အထည့်ခံသော၊ တိုင်းပြည်အပေါ် သစ္စာမဲ့သော၊ နိုင်ငံဝန်ထမ်းအချို့ အကြောင်းများကို 'သပြေ' နာမည်နှင့် ရေးခဲ့သည်။ သို့သော် သူ့ခင်ပွန်းက သပြေ၏ ရေးသားချက်များမှာ သူ့အဖြစ်ကို ဖော်ထုတ်နေသလို ဖြစ်သည်ဟု တစ်စတစ်စ အထင်လွဲလာသည်။ နောက်ဆုံး တစ်အိမ်တည်း အတူနေပေမယ့် မလေးမေနှင့် တစ်ခန်းစီ နေသည်။ မဆက်ဆံ။

'ခု စာရေးတာကိုလည်း လာပြန်ပြီ။ မလေးဘာသာ ရိုးရိုးရေးလည်း ငါ့ကျော မားနဲ့ထောက်တယ်ဆိုပြီး အထင်ခံရ၊ စွပ်စွဲတဲ့သူက ကိုယ်ချစ်တဲ့သူ ကိုယ့်လင်ဆိုတော့ ဘယ်လောက် ရင်နာစရာကောင်းသလဲ'

'မလေး ခဏခဏ သူ့ကို ပြောပါတယ်၊ စာရေးသူရဲ့နှလုံးသားဆိုတာ မှန်သားကောင်းလိုပဲ၊ သူ့ခေတ်ရဲ့အလှရော၊ အကျည်းတန်တာရော အားလုံး ထင်နေမှာပဲ၊ မှန်ဘီလူးလို အသည်းနှလုံးတပ်ထားတဲ့ စာရေးသူအချို့သာ အရုပ်ဆိုးသူကြည့်ရင် မှန်သားယောင်ဆောင်ပြီး လှတယ်၊ လှတဲ့သူကြည့်ရင် မျက်နှာကြီးရှည်ပြီး အကျည်းတန်သွားတာတို့ ဖြစ်တတ်တာကလား။ ပတ်ဝန်း ကျင်ရဲ့ သရုပ်မှန် မပေါ်ဘူးပေါ့၊ မလေးရဲ့ခေတ်ဝန်းကျင်ကို အမှန်အတိုင်း မဖော်ပြရင် မလေးကလောင်ဟာ ပရိသတ်ကို ညာနေတာ ဖြစ်မှာပေါ့၊ သူ့ အကြောင်းလည်း မသိဘူး၊ သူ့ကိုလည်း တမင် စောင်းရေးတာ မဟုတ်ဘူး'

မလေးမေသည် ခင်ပွန်းသည်အကြောင်းကို သူတို့အိမ်၏ မိသား... ဆရာဝန်ဦးအောင်ဝင်းအား ယခုလို ပြောပြသည်။ မလေးမေဘဝက အခံရခက်



သလို သူ့ခင်ပွန်း ကိုဝင်းမောင်အနေနှင့်ကလည်း သူသည် ရိုးရိုးအစိုးရဝန်ထမ်း မဟုတ်။ ပင်ကိုက နိုင်ငံအတွက်လုပ်ခဲ့သော ရာဇဝင်နှင့် လူတစ်ယောက်။ အစိုးရအမှုထမ်းဘက်သို့ ဝင်ရောက်ဆောင်ရွက်ရင်းမှ ဦးကျော်ခေါင် ထောင် ချောက်တွင် အငိုက်မိသွားသည်။

'ကျွန်တော့် ပြစ်မှုတွေကို ကျွန်တော် ဘာနဲ့ ဆေးကြောရမလဲ၊ တစ်ခု ဆိုးစားကြည့်စမ်းပါ ဖေဖေရဲ့၊ အဖေလုပ်တဲ့လူက ကျွန်တော့်ကို နွားဖြစ်အောင် နှဖားကြိုး တပ်တယ်၊ သမီးဖြစ်တဲ့သူက ဒီနွားဖြစ်ရခြင်းအကြောင်းကို လူသိ ရှင်ကြား ဖော်ထုတ်တယ်။ အဲဒီအဖြစ်ကို ကျွန်တော် ရင်မနာပဲ နေပါ့မလား'

ပင်ကိုက သန့်ရှင်းဖြောင့်မတ်ခြင်းကို တန်ဖိုးထားသူတစ်ယောက်၊ သူ့ဘဝ သူ့အဖြစ်ကို ပြန်တွေးလေလေ ယူကျုံးမရဖြစ်လေလေ။ နောက်ဆုံး အလုပ်မှထွက်ကာ အရက်ကို အဖော်လုပ်နေသည်။ ဇနီးသည်ကိုလည်း မချစ်၍ မဟုတ်။ နောက်ဆုံး တခြားလူနှင့် အထင်လွဲ စွပ်စွဲကာ ရန်ဖြစ်ရင်း အိမ်ပေါ် ထပ်မှ လိမ့်ကျ၍ ကွယ်လွန်သွားခဲ့ရသည်။

ကျွန်မ၏ ဇာတ်ဆောင်သုံးယောက်တွင် ကိုဝင်းမောင်နှင့် မလေးမေမှာ ဦးကျော်ခေါင်၏ နယ်ရုပ်များ ဖြစ်သွားကြသည်။ မလှမပ ဇာတ်သိမ်း၍ မရှုမလှ ခံသွားကြရသည်။

ဖတ်ရသူ စာဖတ်ပရိသတ် အနေနှင့်တော့ 'သပြေ'ကို ဖတ်ပြီး ဘယ်လို အရသာ ခံစားရသည် မသိ။ ကျွန်မ ရင်ထဲမှာတော့ စိတ်မောလိုက်ရ သည့်ဖြစ်ခြင်း။

ယခု သပြေကို ပြန်ဖတ်တော့ စိတ်တိုင်းမကျတာတွေ အများကြီး မြင်၍ တွေ့ရသည်။ ကျွန်မ လျှောက်လှမ်းဖြတ်သန်းလာရသော ခေတ်၏ အတွေ့အကြုံကို ကျွန်မ၏ ဇာတ်ကောင်များလည်း ဖြတ်သန်းလျှောက်လှမ်း လာကြ၏ဟု ကျွန်မ ဆိုခဲ့၏။ သို့သော် သူတို့ ဘယ်လိုဖြတ်သန်းလာသလဲ ဆိုသော ဘဝကို အတွေ့အကြုံအားဖြင့် ကျွန်မ မဖော်ပြခဲ့။

ဥပမာ– ဦးကျော်ခေါင် ဆိုပါတော့။ သထုံကျောက်မိုင်းများနှင့် မော်လမြိုင် သစ်စက်များပိုင်ရှင် သူဌေးတစ်ဦး။ ငယ်ငယ်ရွယ်ရွယ်နှင့် ဇနီးသည် သေဆုံးပြီး သမီးတစ်ယောက်နှင့် ကျန်ရစ်ခဲ့သူ။ နောင်အိမ်ထောင်မပြုဘဲ သင့်သလို စခန်းသွားနေသည်ကို ဇာတ်လမ်းအားဖြင့် မဖော်ပြ။ အိမ်ဖော် ... မလေးမလေးများ စမ်းချောင်းထဲ ရေချိုးရင်း ပြောနေကြသည်ကို မလေး...

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့၍ သူ့အဖေအကြောင်း သိခဲ့ရသည့်အနေနှင့် ကျွန်မ ဖော်ပြခဲ့သည်

ကိုဝင်းမောင်ကို သားမက်ဖမ်း၍ အိတ်ထဲ ထည့်ခဲ့သည်ကိုလည် ဇာတ်လမ်းဇာတ်ကွက်နှင့် မဖော်ပြ။ ဦးကျော်ခေါင်က သမီးကို ပြန်ပြေ ဇာတ်လမ်းနှင့်သာ ကျွန်မ ဖော်ပြခဲ့သည်။ အကယ်၍သာ ကျွန်မသည် အခန်းများကို ပြန်ပြောဇာတ်လမ်းနှင့် မဟုတ်ဘဲ ဇာတ်ကွက်နှင့် သရုပ်ဖေ နိုင်ခဲ့ပါလျှင် ဒို့ထက် အကွက်စေ့မည်ဖြစ်သည်။ အစ်မကြီး ဂျာနယ်ကျေ မမလေးတို့လို၊ ဆရာတင့်တယ်တို့လို ဝတ္ထုရှည်ကြီးတစ်ပုဒ် ဖြစ်နိုင်သည်။

ကျွန်မ စာရေးစက ဆရာတင့်တယ်ပြောသောစကားတစ်ခုကို ကျွန် သတိရမိသည်။

'မခင်စု တယ်လဲ စိတ်မြန်သကိုး။ မမျှော်လင့်ဘဲ တစ်ချို့နေရာတွေ ဖြတ်ပစ်တယ်။ ချဲ့ရင် အများကြီး ရနိုင်တယ်'

ဟု ဆိုပါသည်။ တစ်ခါတစ်ခါ ကျွန်မ စိတ်မရှည်။ တစ်ခါတစ် တော့လည်း 'ချဲ့'နည်း၊ ဇာတ်လမ်းဆင်နည်းကို ကျွန်မ မတတ်၍ ဖြစ်ပါသည်

ဥပမာအားဖြင့် စစ်ပြီးကာလ ထိုစဉ်က နိုင်ငံရေးသမားများ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိကြီးများ တစ်ဦးနှင့်တစ်ဦး အစေးမကပ်ကြ များကို တင်ပြရာ၌ နယ်ပိုင် ကိုဝင်းမောင်အား သူ့အထက်အရာရှိ အတွင်းဝန် ပြောပြသည့်စကားများဖြင့်သာ ခေတ်အခြေအနေကို တင်ပြခဲ့ပါသည်။ ထို ပြောပြချက်များတွင် ထိုခေတ်က နိုင်ငံရေးသမားများက အစိုးရ အမှုထမ်း အရာထမ်းများအပေါ် အထင်သေးကြသလို နိုင်ငံ့ဝန်ထမ်း ဘီစီအက်စ် အရာ များကလည်း နိုင်ငံရေးသမားများအား အထင်မကြီးကြပုံများ ပါဝင်ခဲ့ပါသည်

ပြောပြချက်များမှာ မှန်တော့မှန်ပါသည်။ သို့သော် ခေတ်အကြောင်း ပြောပြသော မိန့်ခွန်းတစ်ခုလိုသာ ဖြစ်သည်။ ခေတ်သရုပ်ဖော်ဇာတ်လမ်း ဖြစ် လာခဲ့။

ဥပမာ ထိုစဉ်က နိုင်ငံရေးသမားများအနေဖြင့် အုပ်ချုပ်ရေးဘက် ဥပဒေဘက်တို့တွင် အရာရှိတွေလောက် မကျွမ်းကျင်သေး၍ ဟာသွားပုံ ဇာတ်ကွက်နှင့် သရုပ်ဖော်နိုင်လျှင်၊ ဘီစီအက်စ်သမားများ ကိုယ့်ကုလားထိုင် မြဲဖို့ကလွဲ၍ ဘာမှတီထွင်မှု မရှိ၊ ခေါင်းတိုး မခံရဲ၊ တာဝန် မခံရဲပုံတွေကိုသ ကျွန်မသည် ဇာတ်လမ်းသရုပ်ဖော်နည်းနှင့် ဖော်ပြနိုင်လျှင် သပြေဝတ္ထုသည် ယခုထက်ပို၍ သက်ဝင်လှုပ်ရှားနိုင်မည်ဖြစ်သည်။ ကျွန်မတို့ခေတ်၏ သရုပ်



ပီပြင်စွာ ထင်ဟပ်လာနိုင်သော ကြေးမုံ ဖြစ်လာနိုင်ပါသည်။

ယခုတော့ သပြေဝတ္ထုသည် ဘုရားစောင်းတန်းများပေါ်တွင် ရေးဆွဲ ထားသော ပန်းချီကားတစ်ချပ်လို ခေတ်ကိုတော့ သရုပ်ဖော်ပါသည်။ ဒါပေမယ့် ရုပ်မသေဇာတ်ကြောင်းတစ်ခုလို ဖြစ်နေသည်ဟု ကျွန်မ ထင်ပါသည်။

ဘယ်လောက်အထိ မှား၍ ဘယ်လောက်အထိ မှန်သည်ကို စာဖတ် ပရိသတ်က ဆုံးဖြတ်နိုင်ပါသည်။

(လုံမလေး မဂ္ဂဇင်း။ မတ်၊ ၁၉၈၇)

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# လမင်းကြီး သာစမ်းပါ

''ဘဝတစ်ခု၏အပြောင်းအလဲမှာ ခေါင်းတစ်ချက် ညိတ်လိုက်ခြင်း၊ ခေါင်းတစ်ချက် ခါလိုက်ခြင်း အပေါ်၌ တည်သည်ကို ငယ်ငယ်က မယုံကြည်ပေ။ သို့သော် ယခု ကိုယ်တွေ့ကြုံ၍ ယုံခဲ့ပြီ''

ထိုစာပိုဒ်များမှာ 'လမင်းကြီး သာစမ်းပါ' ဝတ္ထု၏အစပင်ဖြစ်သည်။

မှုန်မှေးခဲ့ပြီဖြစ်သော အတိတ်ဇာတ်လမ်းများတွင် ကျွန်မ မမေ့ပျောက်နိုင်သော အကြောင်းအရာ အတော်များများ ရှိခဲ့သည်။ ၁၉၃၉-ခုနှစ်ပတ်ဝန်းကျင်လောက်တွင် ကျွန်မအသက် ၁၃-နှစ်မျှရှိ၍ ဗိုလ်အောင်ကျော်သပိတ်နှင့် ဆုံခဲ့ပါသည်။ ထိုစဉ်က နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများတွင် အရှိန်အဟုန် ကြီးမားစွာ ပါဝင်ခဲ့သော အစည်းအရုံးကြီးကို လက်ညှိုးထိုးပြပါဆိုလျှင် တို့ဗမာအစည်းအရုံးကြီးကိုပင် ပြရမည်ဖြစ်၏။ ထိုအစည်းအရုံးကြီးနှင့် လက်တွဲကာ ကျွန်မတို့ ကျောင်းသားခေါင်းဆောင်များသည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို ပါဝင်ဆင်နွှဲခဲ့သည်။

တို့ဗမာအစည်းအရုံးဝင် သခင်များမှာ အပင်ပန်းခံ၊ အငတ်ခံ၊ ထောင်တန်း အကျခံကာ လွတ်လပ်ရေးတိုက်ပွဲကို ဝင်နွှဲခဲ့ကြသည်။ လွတ်လပ်ရေးသည် သာလျှင် သူတို့၏ အဓိကပန်းတိုင်ဖြစ်၍ မိမိတို့၏ စီးပွားရေး ကိုယ်ရေးကိုယ်တာများကို ဂရုမစိုက် လျစ်လျူရှုကြသည်။ အချို့ ချမ်းသာသော မိဘများမှ ဆင်းသက်လာသူများပင် မိဘအရိပ် စည်းစိမ်ကို စွန့်လွှတ်ကာ လွတ်လပ်ရေး

www.burmeseclassic.com



တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ထိုစဉ်က မြေရှင်ကြေးရှင်ကြီးများနှင့် နယ်ချဲ့အလိုတော်ရိ အရာရှိ အရာခံကြီးများမှာ သခင်ဆိုလျှင် မျက်စိစပါးမွေး စူးကြသည်။

'သခင်ဆိုတာ ထမင်းငတ်မျိုးတွေ' ဆို၍ နှာခေါင်းရှုံ့ကြသည်။ မိမိတို့၏သမီးများကို သခင်တစ်ယောက်ယောက်နှင့် ချစ်မိကြိုက်မိမှာကို အလွန်စိုးရိမ်ကြသောအချိန်ဖြစ်သည်။

မမျှော်လင့်ဘဲ ခေတ်ကြီးသည် အကွေ့အပြောင်းတစ်လှည့် ကြုံလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် နယ်ချဲ့ဗြိတိသျှကို ဂျပန်တို့နှင့်အတူ တိုက်ခိုက်မောင်းနှင်ထုတ်လိုက်ကြ၍ ဂျပန်လုပ် လွတ်လပ်ရေးကို ရခဲ့ကြသည်ဟု ဆိုရမည်။ ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သည်လည်း ဖွဲ့စည်းတည်ထောင်ပြီးဖြစ်၍ မျိုးချစ်လူငယ်များနှင့် သခင်ဟောင်း၊ အမြောက်အမြားသည် တပ်မတော်သားများ၊ ဗိုလ်ကြီး၊ ဗိုလ်မှူးကြီးများ ဖြစ်လာကြသည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း တာဝန်ယူလာကြသည်။

သခင်ကိုယ်တော်မှိုင်းကြီးက–

"အရင် အင်္ဂလိပ်ခေတ် အရာရှိတွေ ဖိန်ခံနေခဲ့တဲ့ ရွှေတောင်ကြား လမ်း အိမ်ကြီးတွေမှာ မင်းတို့ သခင်တွေ ရောက်လာကြတာပဲ"

ဟု ပြောခဲ့ဖူးပါသည်။ အချို့သခင်တွေနှင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သူအချို့မှာမူ အပြောင်းအလဲ သိပ်မရှိလှ။ မပြီးပြတ်သေးသော မိမိတို့လွတ်လပ်ရေးတိုက်ပွဲအတွက် ဆက်လက်ပြင်ဆင်နေကြဆဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးလုချိန်တွင် မဟာမိတ်တို့နှင့်ပူးပေါင်းကာ ဖက်ဆစ်များကို နိုင်ငံမှ တိုက်ထုတ်ခဲ့ကြသည်။

ဤမျက်နှာစာဖာတ်ခုံတွင် သခင်နှင့်မျိုးချစ်လူငယ်များက လွတ်လပ်ရေးအတွက် အရေးတော်ပုံတိုက်ပွဲ ဆင်နွှဲနေဆဲကာလ ဖြစ်သော်လည်း ယခင် မြေရှင်ကြီးများနှင့် အလိုတော်ရိ အရာရှိအရာခံများသည် ယခင်က သခင်ဆိုတာ ထမင်းငတ်မျိုးဟုဆိုခဲ့သော သူတို့စကားကို မေ့ပျောက်ပစ်ကာ သခင်ကို အိမ်ဦးခန်း တင်လာသည်။ အခြေအနေအလျောက် သူတို့ကိုယ်ကျိုးအတွက် အမြတ်ထုတ်ကြသည်။ စစ်ပြီးလွတ်လပ်ရေးခေတ်ဦးပိုင်းတွင် မျိုးချစ်လူငယ်များမှာ အတွင်းဝန်၊ ဝန်ကြီး၊ စစ်ဗိုလ်မှူးကြီးများ စသည် ဖြစ်လာကြသည်။ ထိုအခါတွင် ယခင်အရာရှိဟောင်းကြီးများနှင့် မြေရှင်ကြီးများသည် သူတို့သမီးများနှင့် အများ



ရှိ အရာခံ(သခင်ဟောင်း)များကို လိုလိုချင်ချင် ပေးစားလာကြသည်။ သားမက်ဖမ်းလာကြသည်။ တစ်ချို့မျိုးချစ်လူငယ်များသည် ဘဝမေ့ကာ ဂါဝန်ပြာဝတ်ကျောင်းထွက်များကိုမှ ရွေးလည်တွဲကြသည်။ မိမိဘဝတစ်လျှောက်လုံး သခင်ဘဝကအမျိုးမျိုး အနှစ်နာခံလာသော ဇနီးဟောင်းများကိုပင် စွန့်ပစ်ကြသည်။

တစ်ချို့ မျိုးချစ်လူငယ်များကျတော့လည်း ရိုးသားသောအချစ်နှင့် လက်ထပ်ခဲ့ကြရာ မိမိတို့စိတ်ရင်းက လူတန်းစား မခွဲခြားသော်လည်း မိမိလက်ထပ်ထားသူများက ဗြိုရိုကရက်အရာရှိများ၊ မြေရှင်ကြီးများ၏ သမီးပျိုများဖြစ်လေတော့ မူလဇာတိစိတ်ဓာတ် မပျောက်နိုင်ဘဲ လူတန်းစားခွဲခြားမှု ဟိတ်ဟန်ကြီးတွေနှင့် တွေ့ရတော့ စိတ်အဆင်းရဲကြီး ဆင်းရဲရသည်။

လွတ်လပ်ရေးခေတ်ဦးတွင် လိုင်စင်ခေတ်ဖြစ်၍ လိုင်စင်အလုပ်လုပ်ကာ ကုမ္ပဏီထူထောင်ပြီး စီးပွားရှာကြသည်။ ထိုအချိန်တွင် လွတ်လပ်ရေးတိုက်ပွဲ၌ ကျဆုံးခဲ့သောပုဂ္ဂိုလ်များ၏ ဇနီး၊ သားသမီးများကို ဦးစားပေးကာ လိုင်စင်ချပေးပြီး စီးပွားရေးအခွင့်အရေး ပေးကြသည်။ စီးပွားရေးအကွက်မြင်သူတစ်ချို့က တရုတ်၊ ကုလားကို လိုင်စင်ရောင်း၍ စီးပွားရှာကြသောကြောင့် တရုတ်၊ ကုလား အရင်းရှင်တွေကိုသာ တိုးတက်ကြီးပွားအောင် လုပ်ပေးသလို ဖြစ်နေတော့သည်။

တော်လှန်ရေးကောင်စီ တက်လာသောအခါ စီးပွားရေးစနစ် ပြောင်းလဲသွားသည်။ ထိုအတူ လိုင်စင်ဆိုင်းဘုတ်များ၊ ကုမ္ပဏီများလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။ ပုဂ္ဂလိကစက်ရုံ အတော်များများကိုလည်း ပြည်သူပိုင် သိမ်းသည်။ ယခင်က ဘုရား၊ တရား မလေးစားသူတစ်ချို့မှာ လိုင်စင်ဆိုင်းဘုတ်တွေ ပြုတ်တော့မှပင် ရွှေတိဂုံဘုရားပေါ် ရောက်လာကြသည်။

ကျွန်ခေတ်တစ်ခုလုံးကို ဖြတ်ကျော်လာရသော ကျွန်မနှလုံးသား ကြေးမုံတွင် ခေတ်၏ရုပ်သွင်များသည် တဖျတ်ဖျတ် ပေါ်လာ၏။ ဘယ်ခေတ်ကိုရောက်ရောက်၊ ဘယ်အစိုးရ တက်တက် ပတ်ဝန်းကျင်နှင့်သင့်သလို အရောင်ပြောင်းကာ ကိုယ်ကျိုးစီးပွား ရှာလိုကြသော ပုတ်သင်ညိုလူမျိုးနှင့် [illegible] သိက္ခာကို အကျမခံနိုင်ဘဲ တောင့်ခံသော၊ အရေးကြုံလျှင် အသ[illegible]သော ကင်းလိပ်ချောလို လူမျိုး နှစ်မျိုးနှစ်စား၏ ဝိရောဓိကို ထုတ်ဖော်ရင်[illegible]သည် 'လမင်းကြီး သာစမ်းပါ' ကို မွေးထုတ်လိုက်ပါသည်။

'လမင်းကြီး သာစမ်းပါ' ဝတ္ထုမှာ မဂ္ဂဇင်းအခန်း[illegible]က်ဝတ္ထု [illegible]

www.burmeseclassic.com

www.burmeseclassic.com



လုံးချင်းဝတ္ထုဖြစ်ပါသည်။ ၁၉၆၄–ခုနှစ်တွင် ခေတ်ညွန့်စာပေမှ ထုတ်ဝေခဲ့ပါသည်။

ဝတ္ထုဇာတ်အိမ်တွင် ဦးကျော်ထင်၊ ဒေါ်အိမ်ငြိမ်းမိသားစုနှင့် ဦးမိုးသူ၊ ဒေါ်ခင်မေသွယ်တို့ နှစ်အိမ်ထောင်အပေါ်မှာ အခြေတည်ခဲ့ပါသည်။ ဦးကျော်ထင်မိသားစုက ဘယ်ခေတ်ရောက်ရောက် စီးပွားရေးကို အကွက်မြင်မြင် အမြတ်ထုတ်သလောက် ဦးမိုးသူမိသားစုမှာ ဦးမိုးသူကိုယ်တိုင်က ဘာသာရေးသမား။ ဝိသမလောဘကို အားပေးသူ မဟုတ်။ သို့သော် နောက်ဆုံးဝတ္ထု၏နိဂုံး၌ ဝတ္ထု တစ်ခုလုံးကို ဆွဲကိုင်လှုပ်ရှားခဲ့သူမှာ အပု ခေါ် အိမ်ဖော်မလေးဖြစ်သည်။ အပု သည် မြန်မာဂျစ်ပစီမလေး ဟုဆိုလျှင် မမှားပါ။ သူ့မိဘများမှာ အုပ်စုဖွဲ့၍ တစ်ရွာမှတစ်ရွာပြောင်းကာ လယ်ယာသိမ်းချိန်တွင် အငှားလိုက် လုပ်ကြသောသူများဖြစ်ပါသည်။

ဝတ္ထု၏အလှည့်အပြောင်းမှာလည်း ဤသာမန်မိန်းကလေး အပုအပေါ်မှာ အခြေတည်ခဲ့ပါသည်။ ဦးကျော်ထင်မိသားစုနှင့် ဦးမိုးသူမိသားစုမှာ ဆွေမျိုးတော်ပါသည်။ ဦးကျော်ထင်နှင့် ဦးမိုးသူ၏ဇနီး ဒေါ်ခင်မေသွယ်မှာ မောင်နှမတော်၍ ဆန်စက်တစ်လုံးကို အမွေဆိုင် ပိုင်သည်။ ဦးမိုးသူမှာ တစ်ဦးတည်းသောသမီး ခင်ခင်ကြီး ရှိသည်။ ဦးကျော်ထင်နှင့် ဒေါ်အိမ်ငြိမ်းမှာ လှကေသီနှင့် မြမာလာ ဆိုသော သမီးနှစ်ယောက် ရှိသည်။ ဦးကျော်ထင်သည် အင်္ဂလိပ်လက်ထက်က နယ်ပိုင်ဝန်ထောက်ဖြစ်၍ မြေယာများလည်း ပိုင်ဆိုင်သည်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများနှင့် အလှမ်းဝေးလှသည်။ ဦးမိုးသူတို့ ဇနီးမောင်နှံမှာတော့ ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ပါဝင်ရင်း ကျဆုံးသွားသော သားကိုယ်စား တပ်မတော်သားများကို အထူးချစ်ခင်လေးစားသည်။ တစ်နေ့ သား၏သူငယ်ချင်း ဗိုလ်မှူးစောမြရွှေကို ထမင်းဖိတ်ကျွေးကြသည်။ ဦးကျော်ထင်နှင့် ဒေါ်အိမ်ငြိမ်းတို့က ထိုသတင်းကို ကြားသည်နှင့် တစ်ပြိုင်နက် ထမင်းစားပွဲတွင် သမီးဖြစ်သူ လှကေသီနှင့် မြမာလာတို့ကို ပွဲထုတ်ကာ ဗိုလ်မှူးစောမြရွှေနှင့် မိတ်ဆက်သည်။ ရင်းနှီးမှု ရယူပြီး နောက်ဆုံးတော့ ဗိုလ်မှူးစောမြရွှေကို သားမက်ဖမ်းသည်။ 'မင်းပရိယာယ်၊ တော့တယ်၊ နားဝယ် မလည်ရှာ' သော ဗိုလ်မှူးစောမြရွှေသည် လှကေသီနှင့် လက်ထပ်လိုက်သည်။ လှကေသီက ငယ်ချစ် သခင်တစ်ယောက်ကို စွန့်လွှတ်လိုက်သည်။

ဖက်ဆစ်တော်လှန်ရေးတွင် ဦးမိုးသူမှာ မိုးကုတ်ဘက် တက်သွားချိန်



ဖြစ်၍ ဒေါ်ခင်မေသွယ်ပါ ခေတ္တလိုက်သွားသောကြောင့် ခင်ခင်ကြီးသည် မန္တလေးရှိ ဗိုလ်မှူးစောမြရွှေနှင့် အစ်မ လှကေသီတို့အိမ်မှာ နေရစ်ခဲ့ရသည်၊ ထိုအချိန်ကျမှ ဗိုလ်မှူးစောမြရွှေဘဝကို ခင်ခင်ကြီး သိရသည်။ အညာလယ်ယာများ ရိတ်သိမ်းချိန်တွင် အောင်ပင်လယ်ဘက်မှ အပုကို ဗိုလ်မှူးစောမြရွှေက ကောက်ယူ မွေးစားခဲ့ရာမှ လှည်းပေါင်းမိုးကို အိမ်လုပ်ကာ နေလာခဲ့ရသော အပုမှာ ဗိုလ်မှူးအိမ် ရောက်လာခဲ့ရသည်။ ဗိုလ်မှူးစောမြရွှေသည် သခင်ဟောင်းတစ်ယောက်ဖြစ်၍ လယ်ယာလုပ်သားမှမွေးသော အပုကို သမီးအရင်းလို ချစ်ခင်သည်။ မွေးနေ့တိုင်း ပစ္စည်းတစ်ခု လက်ဆောင်ပေးလေ့ရှိသည်။

ခင်ခင်ကြီး ရောက်လာပြီးနောက်ပိုင်းတွင် အပုက သူ့မွေးနေ့မှာ–

'ဒါ ဖေဖေပေးတဲ့ မွေးနေ့လက်ဆောင်' ဆို၍ လက်စွပ်လေးတစ်ကွင်း၊ ခင်ခင်ကြီးကို လာပြသည်။ ချက်ချင်းပင် လှကေသီ ရောက်လာပြီး လက်စွပ်ကို ဆွဲယူကာ–

'နင့်လင် မေးရင် ပျောက်သွားပြီ ပြော' ဟုဆိုကာ အပုလက်စွပ်ကို လုယူသွားသည်။ လင်ဖြစ်သူနှင့် ပေးစား၍ ဆဲသည်ကို ခင်ခင်ကြီးက မကြိုက်။ အအေးဒဏ်ပြင်းထန်လှသော မန္တလေးဆောင်းညတွင် စောင် မရှိ၊ ခြင်ထောင်မရှိ အိပ်ရသော အပုဘဝကို ခင်ခင်ကြီးက စာနာသနားသည်။ လှကေသီ မသိအောင် အပုကို စောင်၊ ခြင်ထောင်ပေးရင်းမှ အပုဘဝကို ခင်ခင်ကြီးက စိတ်ဝင်စားကာ သူတို့နှစ်ယောက်မှာ အထူးချစ်ခင်ရင်းနှီးလာသည်။

ရှမ်းပြည်ဘက်သို့ ဗိုလ်မှူးစောမြရွှေ ခရီးမထွက်ခင် တစ်နေ့မှာ အပုကို မွေးနေ့လက်ဆောင်ပေးသော လက်စွပ်နှင့်ပတ်သက်၍ ဗိုလ်မှူးစောမြရွှေ သိသွားကာ လင်မယား အကြီးအကျယ် ရန်ဖြစ်ကြသည်။

တော်လှန်ရေးပြီးချိန်တွင် ဗိုလ်မှူးစောမြရွှေမှာ နယ်ခြားတစ်နေရာတွင် ငှက်ဖျားရောဂါနှင့် ကွယ်လွန်အနိစ္စရောက်သွားသည်။

ဦးမိုးသူတို့ မိသားစုလည်း ရန်ကုန်တွင် ပြန်လည်စုစည်းမိကြသည်။ လွတ်လပ်ရေးခေတ်ဦးပိုင်းသည် ဦးကျော်ထင် မိသားစုအတွက် ခေတ်[illegible] ဖြစ်သည်။ ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဗိုလ်မှူးစောမြရွှေကို အ[illegible] ၍ လှကေသီတို့မိသားစုမှာ တစ်ယောက် ဆိုင်းဘုတ်တစ်ခုစီ ချိတ်ကာ သွင်းကုန် လိုင်စင်ကုမ္ပဏီ ထောင်ကြသည်။ လှကေသီသည် ခင်နှင်းအတူ နိုင်ငံ

www.burmeseclassic.com



စက်ကြီးတစ်ခု ထူထောင်သည်အထိ စီးပွားရေး အလှမ်းကျယ်လာသည်။

ထိုအချိန်၌ ညီမမြမာလာသည် တက္ကသိုလ်တွင် ခင်ခင်ကြီးနှင့် ဘဝတူ ကျောင်းနေဖက်ဖြစ်လာသည်။ တက္ကသိုလ်တွင် မြမာလာသည် ကိုသာဖုံးဆိုသူ ရခိုင်အမျိုးသားတစ်ဦးနှင့် ချစ်ကြိုက်ပြီး လက်ထပ်လိုက်သည်။ လင်ဘက်မှ ရခိုင်အမျိုးသားများကို ချစ်ကြည်လေးစား၍ဆိုကာ သူ့အမည်ကိုပင် 'မြသန္တာ' ဟူ၍ ပြောင်းလဲခဲ့သည်။

တစ်နေ့ ဒေါ်အိမ်ငြိမ်း အိမ်မီးလောင်ရာတွင် ခင်ခင်ကြီးတို့ သားအဖ သွားရောက်ကူညီသည်။ ထိုအခါ သော့ပိတ်ခံထားရသော အခန်းထဲမှ အပုနှင့် မငယ် အိမ်ဖော်နှစ်ယောက်ကို မီးသတ်ရဲဘော်များအကူအညီဖြင့် ကယ်တင်နိုင်ခဲ့သည်။ ဒေါ်အိမ်ငြိမ်းမှာတော့ သော့ခတ်ထားသော အခန်းထဲတွင် ပြာကျသွားရှာသည်။

အိမ်သားများ အလုပ်သွားချိန်တွင် ဒေါ်အိမ်ငြိမ်းသည် သူ့အခန်းသို့ သော့ခတ်အိပ်ရုံသာမက အိမ်ဖော်မလေးများကို အပြင်ထွက်မှာစိုး၍ အခန်းထဲ၌ကို သော့ပိတ်ချိန်တွင် ဝါယာရှော့ဖြစ်၍ မီးလောင်ရင်း သေဆုံးသွားခြင်းဖြစ်သည်။

ခင်ခင်ကြီးတို့အိမ်တွင် လှကေသီတို့မိသားစု ခေတ္တခဏ နိုလုံ့နေကြရသည်။

အိမ်ပြန်လည်ဆောက်ပြီးချိန်မှာ လှကေသီတို့ ပြန်လည်ပြောင်းရွှေ့သွားကြသည်။ လှကေသီတို့က စီးပွားရေး လျှမ်းလျှမ်းတောက်ချိန်တွင် ခင်ခင်ကြီးတို့ကို 'ဘုန်းကြီးမိသားစု၊ ဘာမှ မလုပ်တတ်တဲ့သူတွေ' ဟူ၍ နှိမ်သည်။ ခင်ခင်ကြီးမှာ ဒီဂရီရပြီး တက္ကသိုလ်တွင် ကျူတာမှ ကထိကအဖြစ် ရောက်လာသည်။ အစ်မတွေ ပြောသည်ကို မခံချင်၍ စီးပွားရေးလုပ်မည် ကြံတိုင်း ဖခင်ဖြစ်သူ ဦးမိုးသူက ဆုံးမသည်။ သူ့အစ်မတွေ အကြံပေးသလို သွင်းကုန်လိုင်စင် ကုမ္ပဏီထောင်ရန် သို့မဟုတ် တိုက်များဆောက်၍ နိုင်ငံခြားသားများကိုငှားရန် သူက ဖခင်ဖြစ်သူကို တင်ပြကြည့်သည်။

'သမီး ဘာဖြစ်လာတာလဲ၊ သမီးမှ နေစရာ အိမ် မရှိဘူးလား။ လှကေသီတို့ ဒီလိုအကြံဉာဏ်ပေးတာ ကျေးဇူးတင်ပါတယ်လို့သာ ပြော၊ သမီးအနေနဲ့ အပိုတွေကို မပိုင်ချင်နဲ့ သမီး၊ ဘာဘလေ ခေတ်ကြီးကို မမီတာ မဟုတ်ဘူး၊ လူတွေ သဲသဲရှုတ်ရှုတ် စီးပွားရှာနေတာ ဘာဘ မြင်သားပဲ။ ဘာဘ



မျက်လုံးထဲတော့ သူ့တိုက်ကို မြင်ရတာ ကြောက်စရာကြီး။ တစ်နေ့ အဲဒီ ရှုတ်ရှုတ် သဲသဲတွေဟာ အငြိမ်ကြီး ငြိမ်ကြရဦးမယ်၊ လူရယ်လို့ ဖြစ်လာလို့ မှီခိုနေထိုင်ဖို့ အိမ်တစ်ဆောင်နဲ့ ဒါကိုမှီပြီး ဖြစ်လာတဲ့ အဆောင်အယောင်တွေအတွက် ရှာရဖွေရတာတောင် လွန်လှပြီသမီး'

"လှပဲ ချမ်းသာချင်တာပေါ့၊ အဆောင်အယောင်တွေနဲ့ နေချင်တာပေါ့လို့ သမီး ဆိုလိမ့်မယ်၊ မှန်တယ်၊ ဒါပေမယ့် အဲဒီချမ်းသာမှု လိုအပ်တာထက်က ပိုလိုချင်မှုတွေကြောင့် အနှောင်အချည် ခံရမယ့်ကြိုးတွေကို သမီး မြင်သလား။ မြင်လို့ ကိုယ်က ဒီကြိုးတွေ အနှောင်အဖွဲ့ကို ခံနိုင်မယ်ဆိုရင် သမီး လုပ်လေ။ ဘာဘ မကန့်ကွက်ဘူး။ လိုင်စင်တစ်ခု ရဖို့ဆိုရင် အတွင်းဝန်ကို မျက်နှာချို သွေးပြီး ရုံးအကူကအစ လာဘ်ထိုးရတော့မယ်၊ လှကေသီတို့ သမီးထက် ချမ်းသာတာ မှန်တယ်၊ ဒါပေမယ့် သမီးလို လက်မထောင်၊ ရင်ကော့ မနေနိုင်ဘူး၊ သူတို့မှာ နှောင်ကြိုးတွေကြောင့် သက်ဆိုင်ရာ အရာရှိတွေ၊ ကတော်တွေကို မျက်နှာအောက်ချရ၊ မျက်နှာချိုသွေးရနဲ့ ပေါင်းရ၊ သင်းရေးတွေဟာ ရှုပ်ထွေးမလာဘူးလား။ တို့လည်း သားအဖသုံးယောက်၊ သူတို့လည်း သားအဖ သုံးယောက်၊ တို့သားအဖသုံးယောက်လို သူတို့သားအဖသုံးယောက် ငြိမ်းချမ်းရဲ့ လား။ သမီး သွားကြည့်ပါလား။ မောင်ကျော်ထင်ဆို အခု အရက်သောက်တတ်ပြီ။ လုပ်ရတော့မယ်လေ။ သက်ဆိုင်ရာ အရာရှိတွေကိုရော၊ ကုန်သည်အချင်းချင်းကိုရော၊ ဟိုတယ်မှာ ကျွေးမွေးရ၊ ဧည့်ခံရနဲ့ ကိုယ်ပါ ရောသောက်ရင်း အရက် စွဲသွားပြီ။ ပြီးတော့ လာတော့မယ်၊ သူတို့က အမြတ်တော်ကြေးတွေကို လိမ်ထားတော့ အရာရှိတွေကို ဆိုရ၊ ခွံ့ရ၊ အောက်ကျို့ရ ဘာဘတို့ကဲတော့ မာနကြီးတယ် ပြောပြော၊ အဲဒါတွေအတွက် အောက်ကျို့လဲ မနေနိုင်ဘူး မျက်နှာချိုလည်း မသွေးနိုင်ဘူး။ ကုလား၊ တရုတ်ကို လိုင်စင်ရောင်းစားတဲ့ မသမာတဲ့ ကုန်သွယ်ခြင်းမျိုးလဲ မလုပ်နိုင်ဘူး။ အဲဒီဒုက္ခတွေ ခံနိုင်ရင်တော့ သမီး လုပ်လေ'

ဖခင်ကြီး ဆုံးမစကားကြောင့် ခင်ခင်ကြီးသည် ကုန်သည်လုပ်ဖို့ကို လက်လျှော့လိုက်သည်။

လှကေသီတို့ကတော့ ဈေးသွားဖို့ ကားတစ်စီး၊ သားအဖတွေ [illegible] သွားဖို့ ကားတစ်စီး၊ မင်္ဂလာဆောင် ပွဲနေပွဲထိုင်သွားဖို့ ကားတစ်စီး၊ [illegible] ကားများနှင့် တိုးတက်ကြီးပွားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးကတော့ တဖြည်းဖြည်း အစ်မဝမ်းကွဲများနှင့် ရောချမရ ဝေးကွာလာသည်။ သူ စိတ်ပျက်သွားသည်က စပါးပေါ်ချိန် သူ့အမေ ငွေလို၍ လှကေသီထံတွင် စိန်လက်ကောက်နှင့် စိန်လက်စွပ်ထား၍ ငွေခဏ သွားချေးသည်။

သူတို့တွင် ငွေမလည်၍ သူများဆီတွင် ထားပေးမည်ဟုဆိုကာ ငွေရအောင် လုပ်ပေးသည်။ သွားရွေးသောနေ့တွင် သုံးရက်ခန့် ရက်လွန်သွား၍ စိန်လက်စွပ်မှာ အပေါင်ခံသူက ရောင်းပစ်လိုက်ပြီဖြစ်ကြောင်း၊ လက်ကောက်ကို သူတို့က မနည်းပြောပြ၍ အရွေးခံကြောင်း ပြောလိုက်သည်။

ခင်ခင်ကြီးက မိခင်ကို အကျိုးအကြောင်း ပြောပြသည်။ ဒေါ်ခင်မေသွယ်က 'စားရက်ရင် စားပေ့စေ' ဟု၍ ငြိမ်နေလိုက်သည်။ သို့သော် လှကေသီ၏ နှိုင်လွန်စက်အသစ်ဖွင့်သော ညည်ခံပွဲနေ့တွင် စိန်လက်စွပ်ကို လှကေသီ ဝတ်ဆင်လာသည်ကို ခင်ခင်ကြီး မြင်ရသည်။ ဒီတော့မှ တစ်ခြားမှာ သွားထားသည်ဆို၍ တစ်ဖက်လှည့် ယူထားမှန်း ခင်ခင်ကြီး ရိပ်မိတော့သည်။ ဘာမှ မပြောသော်လည်း အစ်မများကို ခပ်တန်းတန်းပင် နေလိုက်သည်။

မိခင်ဖြစ်သူ ဒေါ်ခင်မေသွယ် ဆုံးပြီးနောက် လှကေသီတို့ဖခင် ဦးကျော်ထင်က အရေးဆိုလာပြန်သည်။ မောင်နှမနှစ်ဦးပိုင် စက်ကို သူ့နာမည်တစ်ခုတည်းသို့ လွှဲပြောင်းပေးရန်။ သူက ငွေပြန်အမ်းမည်။ အကယ်၍ သူ့နာမည်ကို ပြောင်းမပေးက ဆန်စက်အလုပ်သမားများက ကျေနပ်မည်မဟုတ်။ အလုပ်သမားများသည် အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်၍ ဦးမိုးသူနှင့် ဆက်ဆံရမှာ ကြောက်သည်ဟု အကြောင်းပြလာသည်။ ဦးမိုးသူမှာ ခေနရှင်ဆန်သူဟူ၍ အလုပ်သမားများက ယူဆထားကြောင်း။ သူ့လူယုံတော် မန်နေဂျာနှင့်ပေါင်းကာ မန်နေဂျာကို ခေါ်၍ အရေးဆိုလာသည်။

ဦးမိုးသူမှာ ယခင်အခါကတည်းက စီးပွားရေးကို ဝင်မစွက်။ ဆန်စက်ကိစ္စကို ဒေါ်ခင်မေသွယ်နှင့်သာ လွှဲထားသူဖြစ်သည်။ ယခု ဦးကျော်ထင်က ပြဿနာ တက်လာသောအခါ ဦးမိုးသူက သူ့နည်းသူ့ဟန်နှင့် ဖြေရှင်းခဲ့သည်။ သူ့ဆန်စက်သို့သွားပြီး ပြန်လာသောအခါ သမီးဖြစ်သူကို ပြောပြသည်။

'လူတွေသသောဆိုတာက တစ်ယောက်လူအဖို့ ဝက်သားတုံးကြီးဟာ အဆီတဝင်းဝင်း၊ အသားတအိအိနဲ့ တမြုံ့မြုံ့ကိုက်စားချင်စရာ၊ မြင်ရုံနဲ့ အင်မတန် သွားရည်ကျစရာဖြစ်ပေမယ့် တစ်ခြားသူတစ်ယောက်အတွက် အဲဒီ ဝက်



သားတုံး အိစိုစိုကြီးဟာ မစင်လို အတွေးပေါက်လို့ ရွံစရာကောင်းချင်ကောင်းနေတာလား'

'ဘဘက မောင်ကျော်ထင် ဆင်လုံးတွေကို ရယ်ချင်တယ်ကွယ်၊ သခင်ကိုယ်တော်မှိုင်းကြီးရဲ့ လေးချိုးတစ်ပုဒ်အစလိုပဲ 'သင်းတို့ဉာဏ် တစ်မိုက်တစ်ထွာမျှရယ်နဲ့ ငြင်းဖို့သန်လျှင် မိုက်ရာကျပါလိမ့်' ဆိုသလိုပေါ့၊ မောင်ကျော်ထင်က သူ့ဉာဏ် တစ်ထွာတစ်မိုက်နဲ့ အကြံအစည် တယ်ကြီးတာကိုး။ သူပြောတာက ဘဘကသာ ဒီစက်ကို ခင်မေသွယ်ကိုယ်စား ဆက်လက်အုပ်ချုပ်ရင် အလုပ်သမားတွေကပဲ မကျေနပ်ဘူးဆိုတဲ့ အကွက်နဲ့ လှည့်ပြီး ခြိမ်းခြောက်သံလည်း ပါတယ်ကွယ့်၊ ဘဘလို လူတစ်ယောက်မှာ ရှိခြင်း၊ မရှိခြင်းတို့၊ ခြိမ်းခြောက်တာတို့၊ ကြောက်တာတို့၊ စိုးရိမ်နေရတာတို့ မရှိဘူးဆိုတာ သူ မတွက်မိဘူးထင်ပါရဲ့၊ ဒီညနေတော့ ဘဘက ဒီလို စီစဉ်ခဲ့တယ်၊ အလုပ်သမားတွေကို တကယ့်အလုပ်သမား ကိုယ်စားလှယ်သုံးယောက် ရွေးခိုင်းတယ်၊ အလုပ်သမားတွေရဲ့ကိုယ်စား ကိုယ်စားလှယ်အဖြစ်ပေါ့၊ အလုပ်သမားတွေ ရွေးပေးတဲ့ ကိုယ်စားလှယ်ကို ခင်မေသွယ့်ကိုယ်စား ဘဘ ပိုင်ဆိုင်ခွင့်အားလုံးကို တစ်ခုမကျန် လွှဲပြောင်းပေးလိုက်တယ်၊ အစီပွါယ်က မောင်ကျော်ထင် ဆိုလိုတာက ဘဘကသာ ဒီဆန်စက်မှာ ဆက်လက်စွက်ဖက်ရင် အလုပ်သမားတွေက မကြိုက်ဘူးဆိုတော့ မကြိုက်ရင် ကျုပ်ကိုယ်စား မောင်ရင်တို့ အုပ်ချုပ်ပေတော့လို့ အပ်ခဲ့တယ်၊ သဘောက ဒီစက်ကို မောင်ကျော်ထင် တစ်ဝက် အလုပ်သမားပိုင် တစ်ဝက် ဖြစ်သွားတာပေါ့'

'မျောက်မြီး မျောက်တပ်ပေးခဲ့တယ်၊ သူက အလုပ်သမားတွေကို ချစ်လွန်းလို့ သူတစ်ဦးတည်း ပိုင်ဆိုင်ခွင့်တောင်းတဲ့ အချိုးမျိုး ချိုးလာတာကိုး။ ဒီတော့ ဘဘကလည်း အလုပ်သမားကို ချစ်တဲ့နေရာမှာ သူများလို ပါးစပ်က ပြောမနေဘူးပေ့၊ ကျုပ်ပိုင်ဆိုင်ခွင့်ကို အလုပ်သမားတွေလက်ထဲ ထိုးအပ်ခဲ့တယ်ဆိုတာ လက်တွေ့ပြလိုက်တော့ မောင်ကျော်ထင်လည်း ကသိကအောက် ဖြစ်ကျန်ခဲ့တယ်'

'သူက ဒီအဘိုးကြီး ခေနရှင်ဆန်တယ်၊ ဒီအဘိုးကြီးနဲ့ဆိုရင် အလုပ်သမားတွေ အခွင့်အရေး နစ်နာမယ်နဲ့၊ စက်ထဲမှာ ဝါဒဖြန့်ထားသော ဘဘက ခုလို အလုပ်သမားတွေလက်ထဲ ပိုင်ဆိုင်ခွင့်အားလုံးကို အပ်လိုက်တော့ အလုပ်သမားတွေလည်း အံ့အားသင့် ကျန်ရစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'လူတွေဟာ သိပ်ဟန်ဆောင်တယ်၊ အာဏာကို မမက်ပါဘူးပြောပြီး ရင်ထဲက ငမ်းငမ်းတက်နေကြတာ၊ သူ ဒီစက်ကို တစ်ယောက်တည်း ပိုင်ချင်ပြီး သူ့အရေး သူဆိုနေတာပဲ၊ ဘဘလွှဲခဲ့တဲ့ အလုပ်သမားကိုယ်စားလှယ်တွေက သူမွေးထားတာ မဟုတ်ဘဲ၊ တကယ့်အလုပ်သမားတွေ ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်တွေဆိုတော့ သူ့ကုလားဖန် သူထိုးပြီး သူ့ဖဲ သူချိုးချင်တိုင်း ချိုးဖို့ မလွယ်ဘူး၊ ဘဘက သူ မမျှော်လင့်တဲ့ဘက်က လှည့်ပြီးထိုးလိုက်တော့ မောင်ကျော်ထင် ပက်လက်လန်သွားတာပေါ့'

'သမီးရဲ့မေမေဘက်က အမျိုးတွေက ဘဘကို နွားသာသာ လူပေ ကြီးတစ်ယောက်အနေနဲ့ အမျိုးမျိုး လှည့်ပတ်ချည်တုပ်ချင်ကြတယ်၊ ဘဘကလည်း လောကီကို တကယ်စိတ်ကုန်လို့ သူတို့နဲ့ ခြေမပြိုင်ချင်တော့ဘဲ ကုပ်ကုပ်နေတာကိုပဲ လာပြီး ချည်ချင်တုပ်ချင်ကြတယ်၊ သူတို့နဲ့ဘဘက ဒီလောကီအပေါ် အမြင်၊ အယူအဆ၊ သဘောထားတွေက ဘာမှမတူကြ တော့ဘူးဆိုတာ သူတို့ မရိပ်မိဘူး၊ ဘဘကလည်း မလုပ်ချင်နေရော လုပ်ချင်ရင် အင်မတန် ပက်စက်တယ်၊ 'ငယ်ခြေ'ကို မပြချင်တော့လို့ တရားနဲ့ နေတာ၊ လိုက်နှောင့်ယှက်ချင်သေးတယ်၊ ခုတော့ ချစ်လှစွာသော အလုပ်သမား တွေနဲ့ ကိုယ့်စခန်းကိုယ်သွားပေါ့၊ သမီး ဒီစက်ကို စွန့်လွှတ်ရလို့ ဘာမှ အားငယ်စရာမရှိဘူး'

ဦးမိုးသူ ရှင်းလင်းပြောပြကာ သူပိုင် လယ်မြေမှရသည့် အမွေများနှင့် လက်ဝတ်လက်စား၊ အိမ်ကိုပါ သမီးကို လွှဲပေးပြီး ဘုန်းကြီးဝတ်၍ အင်ကြင်း မြိုင်သို့ ထွက်သွားသည်။

အမေက ဆုံး၊ အဖေက ဘုန်းကြီးဝတ်သွား၍ အထီးကျန်ချိန်တွင်မှ ခင်ခင်ကြီး၏ချစ်သူမှာ နိုင်ငံခြားတွင် တစ်ခြားအမျိုးသမီးတစ်ဦးနှင့်လက်ထပ် သွားသည်။

မမျှော်လင့်သောနေ့တစ်နေ့ကို ခင်ခင်ကြီး ကြုံတွေ့ရသည်။ သူနှင့် ညီအစ်မတော်သူ မြသန္တာယောကျ်ား ကိုသာဖုံးဦးက လာရောက်တွေ့ဆုံသည်။ မြသန္တာမှာ ယဉ်ကျေးမှုအရာရှိ လုပ်နေသည်။ ကိုသာဖုံးဦးက ဝတ်လုံလိုက်ရင်း သတင်းစာဆရာ လုပ်နေသည်။ ခင်ခင်ကြီးကို တွေ့ချိန်တွင် မြသန္တာအကြောင်း ကို ပြောပြသည်။ မြသန္တာ၏အချစ်ကို သံသယရှိကြောင်း ပြောပြသည်။ ခင်ခင်ကြီးက မြမာလာဟူသော မူလနာမည်ကိုပင် စွန့်လွှတ်၍ ကိုသာဖုံးဦး



ချီးရိုးကို ချစ်ခင်လေးစားသောကြောင့် ရခိုင်အမည် မြသန္တာသို့ ပြောင်းကြောင်း ပြောပြသည်။ ကိုသာဖုံးဦးရော မြသန္တာပါ ခင်ခင်ကြီးနှင့် တက္ကသိုလ်မှာ ကျောင်း နေဘက် သူငယ်ချင်းများဖြစ်ကြသည်။

'နာမည်ပြောင်းတာတွေဟာ အပေါ်ယံတွေပါ ခင်ခင်ကြီး၊ အပေါ်ယံက အပြောင်းအလွဲလုပ်ဖို့ မြန်သလောက် အတွင်းစိတ်ဓာတ်ဟာ အရည်အသွေး ပြည့်ပြည့်နဲ့ အမြန်ပြောင်းသွားဖို့ ခက်တယ်၊ ပုတ်သင်ညိုဟာ သူ့ဘေးရန်ကင်း ဖို့ သူကျက်စားတဲ့ ပတ်ဝန်းကျင်က သစ်ပင်ပန်းမန်တွေအလိုက် အရောင်ပြောင်း ပေမယ့် ပုတ်သင်ညိုဟာ ပုတ်သင်ညိုပါပဲ၊ ခင်များအစ်မကလည်း သူကျက်စား လိုတဲ့အခါ အရောင်ပြောင်းတာကလွဲလို့ ပုတ်သင်ညိုဟာ ပုတ်သင်ညိုပဲ၊ ကျွန်တော့်မိဘတွေဟာ မြေရှင်၊ ပစ္စည်းရှင်ကြီးတွေဆိုတော့ ခင်များအစ်မက ကျိုကျိုတက်နေတဲ့ပစ္စည်းတွေ မြင်တဲ့အခါ သူ အရောင်ပြောင်းလိုက်တာပဲ၊ ကျွန်တော် အလိမ်မိတာလေ၊ ကျွန်တော့်ကို တကယ်ချစ်တာမှ မဟုတ်ဘဲ'

ကိုသာဖုံးဦးက လှကေသီတို့မိသားစုနှင့် ဆက်လက်၍ လက်မတွဲလို တော့ကြောင်း၊ သူသည် သတင်းစာဆရာစိတ်ဓာတ်ရှိ၍ လွတ်လွတ်လပ်လပ် နေချင်သည်။ အတွင်းကျကျပေါင်းကြည့်မှ ထမင်းချက်၊ အိမ်ဖော်မှအစ တင်းဖတ် အရေအတွက်နှင့် သော့ခတ်ထားသောအကျင့်များ၊ စီးပွားရေး အကွက်များအတွက် သရဲမင်းရဲ့ စီးနေပုံများနှင့် နောက်ဆုံး သူ့ကို ဝတ်လုံသာ လုပ်ရမည်။ သူတို့ ကုမ္ပဏီအကျိုးစီးပွားအတွက်သာ အကာအကွယ်ပေးရမည် ဆို၍ သူတို့ အချုပ်အချယ် မခံလိုသောကြောင့် အိမ်ပေါ်မှ ဆင်းခဲ့ကြောင်း၊ မြသန္တာကိုလည်း သူ့ကို တကယ်ချစ်ရင် အတူလိုက်ပါရန် ခေါ်ပေမယ့် မလိုက်လာကြောင်း၊ ယခုအချိန်မှာ တရားဝင် ပြတ်စဲသွားပြီဖြစ်ကြောင်း ပြောပြသည်။

'ကျွန်တော့်ကို ဘိလပ်သွားပြီး ဝတ်လုံဘွဲ့ယူဖို့ အမေက ပြောတယ်၊ အဲဒီကတည်းက ကျွန်တော်က ဒီမှာပဲ ဘီအယ်လ် တက်မယ်၊ ဝတ်လုံဘွဲ့ အတွက် ကုန်ကျစရိတ်ကို သတ်သတ်ဖယ်ထားပြီး အဲဒီငွေနဲ့ တစ်နေ့နေ့ ကျွန်တော် သတင်းစာတိုက် ထောင်ချင်တယ်၊ အဲဒီအခွင့်အရေးကို အမေတို့ကို ပြောပြီးသား၊ အမေက တစ်ဦးတည်းသောသားဆိုတော့ သဘော တူပြီးသား၊ ခင်များအစ်မတွေကတော့ သတင်းစာဆရာတစ်ယောက်ရဲ့ လွတ်လပ်မှု၊ စိတ်ချမ်းသာမှုကို သဘောမပေါက်ဘူးလေ၊ သူတို့က

www.burmeseclassic.com



သူတို့ရဲ့ကုမ္ပဏီတွေ၊ စက်ရုံတွေမှာပဲ ဦးစီးစေချင်တယ်'

နောက်ဆုံး ကိုသာဇံဦးက ကင်းလိပ်ချောလို အဆိပ်ရှိသော်လည်း ကိုယ့်သိက္ခာ ကိုယ်ထိန်းကာ အရောင်မပြောင်းတတ်သော ခင်ခင်ကြီးကို သူ သဘောကျ၍ လက်ထပ်ပါရန် တောင်းဆိုလာသည်။

နောက်ရက်များတွင် ကိုသာဇံဦးမိခင်ကိုယ်တိုင် ခင်ခင်ကြီးကို လာရောက် တွေ့ဆုံ၍ သူ့သားကို လက်ထပ်ဖို့ ပြောကြားသည်။

ထိုအချိန်မှာ တိုင်းပြည်အခြေအနေက ပြောင်းလဲသွားသည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းအချို့ကို ပြည်သူပိုင် သိမ်းလိုက်သည်။ လှကေသီတို့ လိုင်စင်ဆိုင်းဘုတ်များ ပြုတ်သွားသည်။ သူတို့ ပိုင်စက်ရုံများလည်း ပြည်သူပိုင်သိမ်းသည့်အထဲတွင် ပါသွားသည်။

အမြတ်တော်ကြေး သက်သာရန် စက်ရုံသုံးအဖြစ် ပြထားမိသော မော်တော်ကားများပါ ပါသွားလေတော့သည်။ လှကေသီမှာ ဘုရားက ကုကာ ရွှေတိဂုံဘုရားပေါ် မှန်မှန်တက် ပုတီးစိပ်သည်။ သို့သော် နောက်ဆုံး စိတ်ကို ထိန်းမရဘဲ စိတ်ငြိမ်ဆေး အသောက်လွန်ကာ အိပ်ရာပေါ် ဗုန်းဗုန်းလဲတော့သည်။

အမျိုးတော်နေ၍ မနေနိုင်ဘဲ ခင်ခင်ကြီးက သွားရောက်ပြုစုသည်။ လှကေသီက နေမကောင်းရာမှပင် သူ၏ ရထိုက်သောအမွေကို ဗိုလ်မှူးစောမြရွှေ မိဘများထံမှ တောင်းခံထားကြောင်း ပြောပြသည်။

ဗိုလ်မှူးစောမြရွှေမိဘများကလည်း ခင်ခင်ကြီးကို လာရောက်တွေ့ဆုံသည်။ လှကေသီကို ရထိုက်သောအမွေများ ပေးလိုကြောင်း၊ သူ့သား ချစ်သော အပုကိုလည်း အမွေပေးချင်သည်။ သို့သော် လှကေသီလက်ထဲတွင် အပု ရှိနေသမျှ အပုခံစားခွင့်ကို ခံစားရမည် မဟုတ်ကြောင်း လာရောက် ပြောပြသည်။

လှကေသီ နေကောင်းလာသောတစ်နေ့တွင် ခင်ခင်ကြီးကို လာရောက် တွေ့ဆုံ၍ ကိုသာဇံဦး ခင်ခင်ကြီးအိမ်ကို အဝင်အထွက် လုပ်နေသည်ဟု သိရကြောင်း၊ ကိုသာဇံဦးကို လက်မခံဖို့၊ မယူဖို့၊ ကိုသာဇံဦးကို ဖြတ်လျှင် ငွေမည်မျှ ပေးရပေးရ ပေးမည်ဖြစ်ကြောင်း လာပြောသွားသည်။ ခင်ခင်ကြီးမှာ အတော်ပင် နာကျည်းခံခက် ခံစားရပြီး နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ လှကေသီကို တယ်လီဖုန်းဆက်၍ သူ့အိမ်ကို လာပါရန်



ခေါ်လိုက်သည်။ လှကေသီ ရောက်လာတော့—

'ကိုသာဇံဦးကို ခင်ကြီး လက်မထပ်ရင် မမလှ ငွေဘယ်လောက် ပေးမလဲ' ဟု မေးလိုက်သည်။

ပြတ်သားသောမေးခွန်းကြောင့် လှကေသီက အံ့အားသင့်သွားသည်။

'ခင်ကြီးက စပြောပေါ့'

'ခင်ကြီး ကိုသာဇံဦးကို လက်မထပ်ဘူး။ အပုလေးကို ခင်ကြီး ပေး မလား'

လှကေသီ ရုတ်တရက် နားမလည်။

'ခင်ကြီးပြောနေတာ အရှင်းကြီးပါ၊ ကိုသာဇံဦးကို လက်မထပ်ပါဘူး။ မမလှဆီက ပိုက်ဆံလည်း တစ်ပြားမှ မလိုချင်ပါဘူး။ အပုကိုပဲ ခင်ကြီးကို ပေးပါ၊ အပုလက်ထဲကို ပိုက်ဆံ၊ လက်ဝတ်လက်စား ဘာမှ မထည့်လိုက်နဲ့၊ မမလှကိုလည်း အမွေစကား မဆိုစေရဘူး။ စာချုပ်စာတမ်းနဲ့ ကြိုက်သလား၊ ဘာနဲ့ကြိုက်သလဲ အာမခံမယ်'

လှကေသီသည် အမွေစားသမီးအဖြစ် အပုက အမွေစကားပြောမှာ စိုးသောကြောင့် အပုကို လက်မလွှတ်လိုခြင်းဖြစ်သည်။ ဒုတိယပြဿနာဖြစ်သော ကိုသာဇံဦးကိစ္စတွင် သူတို့က ငွေတွင်းလို့ ထင်နေသော ကိုသာဇံဦးနှင့် ခင်ခင်ကြီး မယူပါ ဟူသော ကတိကို ရသောကြောင့် သူ့အဖို့ တွက်သားကိုက်သည်။ အပုအတွက်လည်း အမွေပြဿနာ မပေါ်တော့၍ အပုကို ခင်ခင်ကြီးလက် အပ်ရန် သဘောတူညီသွားသည်။ ကိုသာဇံဦးသည် သူ့ညီမ မြသန္တာကို စွန့်လွှတ်၍ ခင်ခင်ကြီးကို လက်ထပ်သွားသောအဖြစ်ကို သူတို့ လက်မခံနိုင်။ ယခုတော့ အားလုံး ပြေလည်သွားသည်။

ကိုသာဇံဦး လာတွေ့သော နေ့တစ်နေ့တွင် ခင်ခင်ကြီးက အတွေ့မခံ၊ ကဗျာတစ်ပုဒ်သာ ပေးလိုက်သည်။

'ဆေးတံညို
တစ်ညိုလောက်
ရော့ သောက်တော့ပေး။
မယူလိုက်က မိုက်တယ်ထင်
ယူလိုက်က ကြိုက်မယ်ထင်
သောက်စေချင်

www.burmeseclassic.com

www.burmeseclassic.com



ခုတင်တွင် ထောင်ခဲ့ကွယ့်
ညိုနွဲ့ရဲ့လေး။'

ဟူသော ကဗျာဖြစ်သည်။

ကိုသာဖုံဦးသည် ခင်ခင်ကြီးအပေါ် အထင်လွဲကာ စာတစ်စောင်ရေး ပေးလိုက်သည်။

**အမြတ်ထုတ်တတ်သော ကဗျာဆရာမကြီးခင်ဗျား**

ဒေါ်ခင်ခင်ကြီးရဲ့ကဗျာကို ကျွန်တော် ဖတ်လိုက်သောအခါ အဓိပ္ပာယ်ကို နားမလည်ပါ။ ကျွန်တော်တို့နှစ်ဦး အနေနဲ့ ဘယ်လိုဆက်စပ်ပါသလဲ။

ကျွန်တော့်ကို မယူပြန်လျှင်လည်း မိုက်ရာကျမယ်၊ ယူပြန်ရင်လည်း ကြိုက်တယ်လို့ထင်တယ်လို့ စိတ်ဒွိဟဖြစ်နေတယ်လို့ ကျွန်တော် ယူဆရမှာလား။ သောက်စေချင် ကုတင်တွင် ထောင်ခဲ့ကွယ်၊ ညိုနွဲ့ရဲ့လေးဆိုတော့ ကျွန်တော် ဘာဆက်လုပ်ရမလဲ။

တစ်ခုက ကျွန်တော် သတင်းကြားနေပါသည်။ ခင်ခင်ကြီး အစ်မများက ကျွန်တော့်ကို လက်မခံရင် ငွေပေးမယ်၊ အဆက်အသွယ် ဖြတ်ပါလို့ ဆိုတယ်လို့ သိရပါတယ်။

ကျွန်တော့်အချစ်ကိုများ ငွေနဲ့ ဖလှယ်လိုက်ပြီလား၊ ကျွန်တော် ကြားရသောသတင်း မမှန်ပါစေနဲ့လို့ ဆုတောင်းပေမယ့်လည်း ခင်ခင်ကြီးကို ကျွန်တော် တွေ့ခွင့်မရလို့ အကျိုးအကြောင်း ဘာမှမသိရပါ။

ငွေကြောင့် ကျွန်တော့်ကို အဆက်အသွယ် ဖြတ်တယ်ဆိုရင် ခင်ဗျားအစ်မတွေထက် ကျွန်တော် ဆယ်ဆ ပေးနိုင်တယ်ဆိုတာ ယုံပါ။

ခင်ဗျားတို့ညီအစ်မတစ်သိုက်ဟာ အမြတ်မရှိရင် ဘာမှ မလုပ်တတ်ကြပါကလား။ ခင်ဗျားလည်း ဆွေမျိုးအကျင့် နွယ်သွားပြီ ထင်တယ်။

သာဖုံဦးကို မတွေ့ချင်တော့ဘူးလို့ ထင်တဲ့အတွက်



မလာပါ။ လှကေသီဆီက အချစ်ခိုး ဘယ်လောက် ရလိုက်သည် ဆိုတာကိုသာ ကြုံကြိုက်တဲ့တစ်နေ့ သိခွင့်ပေးပါ။ အချစ် ကုန်ကူးသူ ခင်ဗျား။

သာဖုံဦး

ကိုသာဖုံဦးစာတွင် စိတ်နာသံ၊ စကားနာထိုးသံများ ပါသော်လည်း ခင်ခင်ကြီးက ဘာမှ ပြန်လည်မချေပပါ။ အပုကို ပြန်လည်ရသောနေ့တွင် ဗိုလ်မှူးစောမြရွှေ၏မိဘများလက်ထဲသို့ အပ်လိုက်သည်။ အပုမှာ ဘိုးဘွား အရင်းကို ပြန်တွေ့ရသလို ဖြစ်၍သွားသည်။ အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ အပုကို မြေးအဖြစ် တရားဝင် အမွေဆက်ခံပိုင်ခွင့် စာချုပ် ချုပ်လိုက်သည်။

တစ်နေ့တွင် ခင်ခင်ကြီးကို သူငယ်ချင်း မာဂရက်နှင့်စုစီတို့က ကိုသာဖုံဦး နိုင်ငံခြား သွားတော့မည်ဖြစ်၍ လေယာဉ်ကွင်းကို လာတွေ့ရန် အကြောင်းကြားသည်။ ခင်ခင်ကြီးသည် အပုကိုပါ ခေါ်၍ လေယာဉ်ကွင်းကို လိုက်သွားသည်။

လေယာဉ်ကွင်းတွင် ကိုသာဖုံဦးအမေ ဒေါ်သာနုကိုပါ မျက်ရည် လည်ရွှဲနှင့် တွေ့ရသည်။

မာဂရက်နှင့် စီစီ၊ ဒေါ်သာနုတို့က အလိုက်သိစွာ ကိုသာဖုံဦးနှင့် ခင်ခင်ကြီးကို လေယာဉ်ညှိုခန်းအပြင် ဥယျာဉ်ထဲတွင် ထားရစ်ခဲ့ကြသည်။

'ကိုဦးရဲ့စာကို 'ခင်ကြီး ဖတ်ရတယ်။' အတော် စိတ်နာသွားတယ် ထင်ပါရဲ့။ ကိုဦး သတင်းကြားသလိုပဲ ခင်ကြီးသာ ကိုဦးနဲ့ အဆက်အသွယ် ဖြတ်ရင် ခင်ကြီးက ကိုဦးကို မယူရင် ဆိုပါတော့၊ ငွေဘယ်လောက် လိုချင်လိုချင် မမလှက ပေးမယ် ဆိုပါတယ်။ ဒါဟာ အမှန်ပါပဲ။ ဒါပေမယ့် ကိုဦး ထင်သလို ကိုဦးအချစ်ကို ငွေနဲ့ဖလှယ်လိုက်တာ မဟုတ်ဘူး။ ကိုယ်ကျိုး အတွက် အမြတ်ထုတ်တာလဲ မဟုတ်ဘူး။ ငွေနဲ့ဖလှယ်တာ မဟုတ်ပေမယ့် ကိုဦးကို မယူပါဘူးလို့ မမလှကို ကတိပေးလိုက်တယ်။ ကိုဦးအချစ်ကို ခင်ကြီး စတေးမိတယ်ဆိုရင်တော့ မှန်ပါတယ်'

'ဘာအတွက် စတေးတာလဲ ခင်ကြီး'

ကိုသာဖုံဦးက မေးလိုက်၏။

'သူ့အတွက်'

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးသည် လေယာဉ်ညွှန်ခန်း မှန်နားတွင်ရပ်၍ သူတို့ကို ကြည့်နေသော အပုကို လက်ညှိုးထိုးပြလိုက်သည်။

'အပုရဲ့ ဘဝအခြေအနေကို အတူနေခဲ့ရတဲ့ ကိုဦးက ပိုသိပါတယ်။ ကိုဦးရဲ့ အိမ်ထောင်ရေး အကြောင်းကံ မလှခဲ့သလို ခင်ကြီးမှာလည်း အချစ်နဲ့ ပတ်သက်ရင် အဆင်မပြေခဲ့ပါဘူး။ ဒီကမ္ဘာမှာ ခင်ကြီးရဲ့ အချစ်ဆိုတဲ့ လမင်းကြီး မရှိလို့ မှောင်ကျနေပေမယ့် ဟိုမှာဘက်ဖြစ်တဲ့ အပုရဲ့ကမ္ဘာမှာ လွတ်လပ်ခွင့်ဆိုတဲ့ လမင်းကြီး ထိန်ထိန်သာနေတယ်ဆိုရင်ဖြင့် ကိုဦး ကျေနပ်ထိုက်ပါတယ် ကိုဦးရယ်'

'ကိုဦးရဲ့အချစ်ကို အပေါစား သေးသေးနုပ်နုပ် လုပ်လိုက်တာ မဟုတ်ပါဘူး။ လူတစ်ယောက် လူဖြစ်လာတာဟာ အဝတ်ဖုံးပြီး ထမင်းစားရုံ အိမ်တစ်ဆောင် နေရရုံအတွက် မဟုတ်ပါဘူး။ သူ့နဲ့တန်ရာတန်ရာ သူ့ဘဝအတွက် သူ စိတ်ဝင်စားရာကို ကြိုးစားချင်တဲ့ဆန္ဒအတိုင်း ကြိုးစားခွင့်၊ စိတ်တူခွင့်၊ တင်ပြခွင့်ကို သူ့ဟာသူ လုပ်ရရင် လူဖြစ်ကျိုးနပ်တယ်လို့ ဆိုရမယ်။ 'အိမ်မှာမွေးထားတဲ့ခွေး' လို နေရတဲ့ အပုဘဝကို ကိုယ်ချင်းစာမိတယ်၊ အဲဒီတော့ မေလှရဲ့ လက်ဝါးကြီးအုပ်ထားတဲ့အထဲက လွတ်လပ်ခွင့်ဟာ စားဝတ်နေရေးထက် အရေးကြီးတယ်၊ အဲဒီအတွက် တန်ဖိုးထားပြီး ကိုဦးအချစ်ကို ပေးရတယ်လို့ပဲ ခင်ကြီး ပြောပါရစေ၊ အဲဒီ စွန့်လွှတ်ခြင်းအတွက်လည်း ခင်ကြီး တုန်လှုပ်မိပါတယ်'

'ဒီလိုဆို ခင်ကြီး ကိုဦးကို ချစ်တော့ချစ်တယ်ပေါ့'

ကိုသာဖိုးဦး၏ ထိုမေးခွန်းကို ဤ္ကျွန်မ၏ဇာတ်လိုက် ခင်ခင်ကြီးမှာ မျက်ရည်ပြည့်သော မျက်လုံးများနှင့် ကိုသာဖိုးဦးကို စိုက်ကြည့်ရင်းခေါင်းညိတ်ရန် ကြိုးစားပါသော်လည်း ဇက်က ခိုင်နေရှာပါသည်။

ကိုသာဖိုးဦး၏ လေယာဉ် မြေမှအခွါတွင် အပုကို လက်ဆွဲ၍ ခင်ခင်ကြီး အိမ်ပြန်လာခဲ့ပါသည်။ ကျွန်မ၏ 'လမင်းကြီး သာစမ်းပါ' ဇာတ်လမ်းက ဒါပဲ ဖြစ်ပါသည်။ ကျွန်မ၏ အဓိကဇာတ်ဆောင်များ အားလုံးလိုလို ဥပမာ ဦးမိုးသူ၊ ဦးကျော်ထင်၊ လှကေသီ၊ ကိုသာဖိုးဦး၊ ခင်ခင်ကြီး စသည်တို့မှာ သူ့အကွက်နှင့်သူ၊ သူတို့စရိုက်ပေါ်ရန် အားသွန်ကြိုးပမ်းကြရှာပါသည်။ အားပြိုင်ကြရာတွင် မည်သူက အားပျော့သည်ကို စိစစ်ရန်မှာ ဝေဖန်ရေးသမားတို့၏ တာဝန်ဖြစ်ပါသည်။ ဦးမိုးသူ ဘုန်းကြီးဝတ်သွားချိန်တွင် လောကကြီးမှာ ဘယ်လို



နေရစ်ခဲ့ရမည်ကို သမီးခင်ခင်ကြီးအား စာရေးမှာခဲ့ပါသည်။ ထိုစာထဲမှာပါသည့် စကားလုံးများကို ဆရာကြီးဦးအောင်မိုးရေးသော 'တရားစစ်သူကြီး' စာအုပ်မှ ကူးယူဖော်ပြခဲ့ပါသည်။

ကျွန်မဝတ္ထုဇာတ်သိမ်းအတွက် ကျွန်မရင်ထဲမှာ မချိမဆံ့ဖြစ်ရပါသည်။ ကိုသာဖိုးဦးကို ခင်ခင်ကြီးအနေနှင့် ခေါင်းညိတ်လိုက်ချင်သား။ သို့သော် ကျွန်မ ကိုယ်တိုင်က စိတ်တင်းထားသောအခါ ကျွန်မဇာတ်ကောင်မှာ ဇက်ခိုင်နေရပါတော့သည်။

တစ်ခါက ဟောပြောပွဲတစ်ခုတွင် ခင်ခင်ကြီးသည် ကိုသာဖိုးဦးကို မလို လားအပ်ဘဲ ရှောင်တိမ်းခဲ့သည်ဟု အဝေဖန်ခံရပါသည်။

သို့သော် ကျွန်မသည် အချစ်ထက် လွတ်လပ်ခွင့်ကို အရေးပေးခဲ့ခြင်း ဖြစ်ပါသည်။ သန့်စင်အေးမြသော လမင်းရောင်နှင့်တူသည့် လူ့အခွင့်အရေးကို လူတိုင်း ပြည့်စုံစွာ ခံစားစေချင်၊ ရစေချင်ပါသည်။ ဒါကြောင့်ပင် ကျွန်မတို့ သည် တိုင်းပြည်လွတ်လပ်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများအ တွက် အသက်ကိုပင် စတေးခဲ့ကြရသည်။

ယခု အပု၏ လွတ်လပ်ခွင့်အတွက် ကိုသာဖိုးဦးနှင့် ခင်ခင်ကြီးတို့ အချစ်ကို စတေးလိုက်သည်ကို ကျွန်မ၏စာဖတ်ပရိသတ်က ခွင့်လွှတ်နိုင် လိမ့်မည်ထင်ပါသည်။

ခေတ်အဆက်ဆက်ကို ဖြတ်ကျော်ရာတွင် ဇက်ခိုင်မိသော ခင်နှင်းယု၊ ခေါင်းညိတ်ခေါင်းခါကို နေရာတကျ မသုံးတတ်သော ခင်နှင်းယုမှ မွေးဖွားလာသော ခင်ခင်ကြီးကိုလည်း မိခင်၏ဇက်ခိုင်စရိုက် သွင်းပေးမိသော ခင်နှင်းယုအား စာဖတ်ပရိသတ်က ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကြည်လင်အေးမြသော လမင်းကြီး၏ အလင်းရောင်အောက်တွင် အားလုံးသော သတ္တဝါများ ချမ်းမြေ့ရွှင်လန်းပါစေ။

(လုံမလေးမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၅)

www.burmeseclassic.com

www.burmeseclassic.com

## ပုံပြောကောင်းသော မိန်းကလေး

'ပုံပြောကောင်းသော မိန်းကလေး' ဝတ္ထုကို ၁၉၆၆–ခု၊ ဖေဖော်ဝါရီလတွင် ကျွန်မ ရေးခဲ့သည်။ ကျွန်မ ရေးခဲ့သော လုံးချင်း ၁၂–အုပ်အနက် ၁–အုပ် ဖြစ်သည်။ 'ပုံပြောကောင်းသော မိန်းကလေး' ဟု ဝတ္ထုနာမည် တပ်ခဲ့ပါသော်လည်း အဓိကဇာတ်ကောင်မှာ ဦးသက်ထွန်း ဖြစ်သည်။

ဦးသက်ထွန်းသည် သူ့ရဲဘော် ကိုကျော်မင်းနှင့်အတူ တောခိုကွန်မြူနစ်များ ဖြစ်ကြသည်။ ကိုကျော်မင်းမှာ တိုက်ပွဲတစ်ခုတွင် ကျဆုံးခဲ့သည်။ ကိုသက်ထွန်းသည် ခြေတစ်ဘက်တွင် ရရှိသောဒဏ်ရာနှင့် တောတွင်းမှာ ဆေးဝါးကုသမှု ခံယူသော်လည်း မသက်သာ၍ မြို့သို့ပြန်လာခဲ့ရသည်။ မြို့ပေါ်တွင် လက်နက်ချ၍ ကုသခဲ့ရာ ခြေတစ်ဘက်မှာ မဖြတ်ရသော်လည်း အကောင်းပြန်မဖြစ်တော့ပါ။ လမ်းလျှောက်လျှင် တုတ်ကောက်နှင့် လျှောက်ရသည်။

ကိုသက်ထွန်းသည် ကိုကျော်မင်း၏သမီးလေး မကြေးအုံကို [illegible]တွင် ဆက်လက်စောင့်ရှောက်ကျွေးမွေးခဲ့သည်။ မိဘနှစ်ပါးစလုံး မရှိသော်လည်း အဘွားအမွေများ မကြေးအုံတွင် ရှိသည်။ ကျောက်ဆည်မြို့ပြင်တွင် [illegible] ခြံ စိုက်ပျိုး၍ ကိုသက်ထွန်းက ဒေါ်ရှမ်းမဆိုသော အမျိုးသမီးကြီးကို [illegible]

www.burmeseclassic.com



မကြေးအုံနှင့် အတူနေသည်။

ခြေထောက်ဒဏ်ရာကြောင့် လူစဉ်မမီတော့သော ကိုသက်ထွန်းမှာ အပြင်လောကနှင့် အဆက်အသွယ်ပြတ်ကာ အေးအေးပင် ခြံထဲမှာနေသည်။ သူတို့ခြံနှင့် အပြင်လောကကို ဆက်သွယ်သူမှာ မကြေးအုံတစ်ယောက်သာ ရှိသည်။ ငယ်စဉ်ကတည်းက ဂါဝန်လေးဝတ်ကာ ကျောက်ဆည်မြို့ထဲ ကျောင်းသွားတက်သည်။ အရွယ်ရောက်လာတော့လည်း တက္ကသိုလ်တက်ချိန်တွင် မကြေးအုံတစ်ယောက်တည်း ရန်ကုန်သို့လာခဲ့၍ အဆောင်မှာနေကာ ကျောင်းတက်သည်။ မကြေးအုံသည် ငယ်ကတည်းက အားလပ်ချိန်တွင် အခြားကလေးများလို သူတစ်ပါးက ပုံပြောသည်ကို နားထောင်သူ မဟုတ်။ သူကသာ သူ့ကျောင်းတွင် စာသင်ခဲ့ရသမျှကို သူ သိရှိရသမျှ၊ ဖတ်ရမှတ်ရသမျှ ပုံပြင်လေးများကို ဦးသက်ထွန်းအား ပြောပြလေ့ရှိသည်။

ငယ်စဉ်ကတော့ သူ့ပုံပြင်များသည် ငါးရာ့ငါးဆယ် နိပါတ်တော်များနှင့် မြန်မာ့ကျေးလက်ပုံပြင်များ ဖြစ်၏။ တက္ကသိုလ်ကအပြန်တွင်မူ သူသည် ကျောင်းသူများ၏ပုံပြင်များကို ပြန်ပြောလေ့ရှိသည်။

သူတို့ခြံဝင်းအရှေ့ဘက်ရှိ ရေကန်ဘေးမှ ရေဆင်းဘုတ်တံတားလေးပေါ်တွင် မကြေးအုံသည် ဦးသက်ထွန်းနှင့်အတူ ညနေစောင်း လမ်းလျှောက်အပြန် နားနေရင်း ပုံပြောပြတတ်သည်။

မကြေးအုံပြောသော ပုံများထဲမှ ရေသဖန်းပင်နှင့် ကျေးငှက်ပုံပြင်ကို ဦးသက်ထွန်းက သဘောကျသည်။ ရေသဖန်းပင်ကြီး စိမ်းလန်းစိုပြည်နေချိန်တွင်ဖြစ်စေ၊ ခြောက်သွေ့အိုမင်းသွားချိန်မှာဖြစ်စေ၊ အဝေးသို့ ပြန်မပြေးဘဲ၊ သစ်ပင်ကြီးကို တွယ်ကပ်နေသော သစ္စာရှင် ကျေးငှက်ကလေးပုံပြင်ဖြစ်သည်။

ဒုတိယနှစ် ဝိဇ္ဇာတန်းရောက်တော့ မကြေးအုံသည် ပုံပြင်တစ်ခု ပြောပြသည်။ သူ့ပုံပြင်က 'မျောက်နှင့်မိကျောင်း' ပုံပြင်ဖြစ်သည်။ နောက်နှစ်များတွင်လည်း တက္ကသိုလ်တွင် သူ တွေ့ခဲ့ရသော ကျောင်းသူများ၏ပုံပြင်များကို ပြောပြတတ်သည်။ ဦးသက်ထွန်းအတွက် စိတ်ထိခိုက်ရသော ပုံပြင်ကတော့ နတ်သမီးပုံပြင် မဟုတ်။ မကြေးအုံ၏ဆရာမအကြောင်းပုံပြင် ဖြစ်သည်။ မကြေးအုံက သူ့ဆရာမသည် နည်းပြဆရာမ လုပ်ခဲ့စဉ်က အိမ်တွင် တူတော်သူ တစ်ယောက် လာရောက် ကျောင်းနေသည်။ နောက်တွင် တူဖြစ်သူနှင့် ရင်းနှီးလာကာ ချစ်သူဘဝအရောက်တွင် မိဘများက သိလာ၍ တူဖြစ်သူလည်း



အိမ်မှာ မနေရကော့ဘဲ သူ့ကိုလည်း ထိုလူငယ်နှင့် လုံးဝ မဆက်ဆံဖို့ မိဘများကတိ တောင်း၍ ပေးခဲ့ရသည်။ ထို့နောက် သူသည် လက်ထောက်ကထိက ဖြစ်သည်အထိ အချစ်ရေးကို စိတ်မဝင်စားတော့ကြောင်း မကြေးအုံကို ပြောပြသည်။ ယခု မကြေးအုံ၏ ဆရာမဖြစ်၍ စာသင်ခန်းသို့ ဝင်လာတိုင်း အခြားဆရာမများကဲ့သို့ ဘာမျှမခြယ်သ၊ အင်္ကျီအဖြူလက်ရှည်၊ ပဝါအဖြူနှင့် ထဘီပိုးတွန့် အနက်ရောင်ကိုသာ အမြဲတစေ ဝတ်ဆင်တတ်ကြောင်းဖြင့် မကြေးအုံက ပြောပြသည်။ ထိုအချိန်အထိ ဦးသက်ထွန်း စိတ်ဝင်စားမှု မပြခဲ့။

သို့သော် ဦးသက်ထွန်းသည် မကြေးအုံပြောသောဇာတ်လမ်းကို ကြား၍ တစ်စုံတစ်ခုကို တွေးမိသည်။ သူသည် မကြေးအုံ၏အမေလည်း မဟုတ်၊ အဖေလည်း ဟုတ်၏။ အုပ်ထိန်းသူတစ်ယောက်အနေဖြင့် မကြေးအုံအတွက် အိမ်ထောင်ရေးကိစ္စတွင် သူ့ဆရာမလို မဖွယ်မရာ ဖြစ်သွားမှာ၊ ကျောင်းနေရင်း အချစ်ကိစ္စကြောင့် စာသင်ပျက်မှာကို သူ အလွန်စိုးရိမ်သွားသည်။

နောက်ကျောင်းပိတ်ရက်တွင် မကြေးအုံသည် သူ၏ဆရာမအား အိမ်သို့ အလည်ခေါ်လာသည်။ ဆရာမအမည်မှာ ဒေါ်ထားထားဖြစ်၍ ဦးသက်ထွန်း အိမ်တွင် တည်းခိုနေစဉ် မကြေးအုံ ပြောသလိုပင် ကျောက်ရုပ်ကလေးလို တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။ အလှအပလည်း ဘာမျှမခြယ်။ ဦးသက်ထွန်းနှင့်တော့ ခင်မင်သွားသည်။

မကြေးအုံ ဘီအေအောင်ပြီး ဘီအီးဒီသင်တန်း ဆက်၍တက်သည်။ မကြေးအုံ ကျောင်းဆက်တက်ရန် သွားစဉ် ဦးသက်ထွန်းတို့ ခြံအနီး မြေကွက်ကို ပိုင်ရှင်သစ်တစ်ယောက် ပြောင်းလာသည်။ ဦးပန်းမောင်–ဒေါ်ကြည်တို့ဖြစ်၍ သူတို့မှာ တစ်ဦးတည်းသောသား မောင်ဖေမောင် ရှိသည်။ သူတို့က ကျောက်ဆည် တောင်ခြေတွင် ကျောက်မိုင်းများ လုပ်ကိုင်သည်။ ကျောင်းပိတ်ရက် မကြေးအုံ ပြန်အလာတွင် အိမ်နီးချင်း ရင်းနှီးအောင် ဦးပန်းမောင်တို့ မိသားစုကို ဦးသက်ထွန်းက ထမင်းဖိတ်ခေါ် ကျွေးမွေးသည်။ မကြေးအုံနှင့် မောင်ဖေမောင်တို့ မိတ်ဆွေဖြစ်သွားကြသော်လည်း စကားအပြောအဆို အဆင်သိပ်မပြေကြပေ။

သို့သော် ဦးသက်ထွန်းစိတ်ထဲတွင် မောင်ဖေမောင်နှင့် မကြေးအုံကို နေရာချချင်သည်။ သူ တွေးတောပုံပင်သလို ကျောင်းတက်ရင်း သူ့ရုပ်ကွယ်

www.burmeseclassic.com



တွင် တစ်ခုခုဖြစ်မှာ စိုးရိမ်သည်။ မကြေးအုံကို မောင်ဖေမောင်နှင့် လက်ထပ်စေလိုကြောင်း သူက ဖွင့်ဟမပြောသော်လည်း သူ့စိုးရိမ်စိတ်ကိုတော့ မကြေးအုံ ကျောင်းပြန်ခါနီး ဖွင့်ပြောသည်။ မကြေးအုံက–

'မစိုးရိမ်နဲ့ဦးလေး။ တစ်ခါက မကြေးအုံပြောခဲ့တဲ့ပုံ သတိရသေးလား။ မျောက်နဲ့မိကျောင်းပုံလေ၊ အဲဒီပုံလိုပဲ မကြေးအုံတို့မှာ ဦးလေးတို့လို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အိမ်မှာ မနေနိုင်ဘူး။ ကိုယ့်ဘဝ ရပ်တည်နိုင်ဖို့ စာသင်ရသေးတယ်၊ စာသင်ပြီးရင်လည်း အလုပ်လုပ်ဖို့ လောကအပြင်ကို ထွက်ရဦးမယ်၊ ဒီတော့ မျောက်လိုပေါ့ အစာရှာရင်း မိကျောင်းလို ရန်သူနဲ့တွေ့ချင်လည်း တွေ့မှာပေါ့ ဦးလေး။ အဲဒီတော့လည်း မကြေးအုံတို့မှာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ မျောက်လို အကြံအဖန် တတ်ရမှာပေါ့၊ မိကျောင်းလို မသူတော်နဲ့တွေ့ရင် အသည်းနှလုံးအစစ်ကို မပေးဘဲ သဖန်းသီးတွေ ခြွေသင့်ခြွေပေးပြီး ရန်သူနဲ့ဝေးရာ ပြေးရမှာပေါ့။ ဒီအတတ်ပညာတွေ မကြေးအုံ တတ်ပြီးသားပါ'

ဟု ပြန်ပြောသည်။

မကြေးအုံသည် ဘီအီးဒီစာမေးပွဲဖြေပြီး အောင်စာရင်းစောင့်ရင်း ပြန်နားနေသည်။ တစ်နေ့ ဦးသက်ထွန်းက ဒေါ်ရှမ်းမထံမှ သတင်းတစ်ခု ကြားရသည်။ ဦးပန်းမောင်တို့က သားဖြစ်သူ မောင်ဖေမောင်နှင့် မကြေးအုံကို ပေးစားလိုကြသည်။ သို့သော် တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သော ဦးသက်ထွန်းနှင့် အရွယ်ရောက်ပြီဖြစ်သော မကြေးအုံတို့ နေထိုင်မှုကို သံသယ ရှိကြသည်။ တကယ် တူမ တော်၊မတော် စပ်စုလာကြသည်။

ထိုသတင်းကို ကြားရ၍ ဦးသက်ထွန်း စိတ်မကောင်း။ သူ့ကြောင့် မကြေးအုံ အထင်အမြင် လွဲခံရသည်။ မကြေးအုံ အရွယ်ရောက်ချိန်တွင် သွေးသား မတော်စပ်သူ သူလို တစ်ကိုယ်တည်းသမားနှင့် အတူနေ၍ မတော်တစ်ခုခုလုပ်ရန် သူ့ဘာသာ တွေးတောဆုံးဖြတ်၍ ရန်ကုန်ကို ဆေးကုရန်မှ အကြောင်းပြကာ ထွက်လာခဲ့သည်။

ရန်ကုန်ရောက်တော့ ဆရာမ ဒေါ်ထားထား၏အိမ်ကို စုံစမ်း၍ သွားရောက်တွေ့ဆုံသည်။ ထားကလည်း ကောင်းကောင်းမွန်မွန် ပြုစုဧည့်ခံသည်။ ကျောင်းအားရက်တွင် သူ့အိမ်၌ တစ်နေ့လုံး နေပါရန် ထားက ဖိတ်ခေါ်သည်။ မိဘများ ကွယ်လွန်သွားပြီဖြစ်၍ ထားသည် ကထိကအဖြစ် ကျောင်းက ပေးသောအိမ်တွင် ထမင်းချက်နှင့် နှစ်ယောက်တည်း နေသည်။



ဦးသက်ထွန်းက အနားယူရင်း ထားကို အေးအေးဆေးဆေး စကားပြောခွင့်တောင်းကာ သူ့အခက်အခဲကို ပြောပြသည်။ သူနှင့် မကြေးအုံတို့၏ဖခင်ကိုကျော်မင်းတို့မှာ ရဲဘော်ရဲဘက်များ ဖြစ်ကြသည်။ တောတွင်းတွင် မကြေးအုံဖခင်နှင့်မိခင်မှာ ကွယ်လွန်ခဲ့ကြောင်း၊ သူ့ခြေထောက်ဒဏ်ရာ ကုသရန် အလင်းဝင်ရောက်လာမှ မကြေးအုံကို သူ့ရဲဘော် ကိုကျော်မင်း၏ ဆန္ဒအတိုင်း ဆက်လက် စောင့်ရှောက်ခဲ့ကြောင်း၊ မကြေးအုံဘွားအေ၏အမွေများကိုလည်း မကြေးအုံအတွက် သူ ဆက်လက်ထိန်းသိမ်းထားကြောင်း၊ ယခု မကြေးအုံ အရွယ်ရောက်ချိန်မှာ သူနှင့် အတူနေခြင်းကို ပတ်ဝန်းကျင်မှ သံသယဝင်ကာ အပြောအဆိုခံရသည်ကို သူ စိတ်မကောင်း။ သူ အိမ်ထောင်ပြုလိုက်လျှင် မကြေးအုံ၏သိက္ခာကို ထိန်းသိမ်းရာရောက်မည်ဖြစ်ကြောင်း၊ သို့သော် သူ့မှာ တကယ်တော့ ဒူးမှဒဏ်ရာကြောင့် အိမ်ထောင်ပြု၍ မဖြစ်နိုင်တော့ကြောင်း။ အိမ်ထောင်ရေးသုခကို ပေးနိုင်မည် မဟုတ်ကြောင်း။ တစ်ခုဖြစ်နိုင်သည်မှာ သူ့ကို လက်ထပ်ပြီး အတူနေပါလျှင် မကြေးအုံသိက္ခာကို ထိန်းသိမ်းနိုင်မည်။ ထားသည်လည်း အချစ်တွင် စိတ်မဝင် စားတော့၍ ဘဝကို မင်းတုံးချထားသူဖြစ်ရာ သူတို့နှစ်ယောက် လက်ထပ်ရှိသာ ကြေငြာပြီး လင်မယားလိုနေဖို့ မလိုကြောင်း ဦးသက်ထွန်းက ပွင့်လင်းစွာပြောပြသည်။

ပထမတွင် ဦးသက်ထွန်း၏ စိတ်ကူးယဉ်လွန်းသော အကြံအစည်ကို ထားက လက်မခံနိုင်သော်လည်း ဦးသက်ထွန်း ရန်ကုန်က ပြန်ခါနီးကျမှ မကြေးအုံကို တွယ်တာသောစိတ်ဖြင့် ထားက ဦးသက်ထွန်း အကြံအစည်ကို လက်ခံလိုက်သည်။ ထိုအတွင်း မကြေးအုံ စာမေးပွဲအောင်ကြောင်း သတင်းကြားရသည်။

ဦးသက်ထွန်းသည် သူတို့လက်ထပ်ပွဲကို အကျဉ်းရုံး စီစဉ်ပြီး တစ်လ ကောက်ကြာမှ ကျောက်ဆည်သို့ ပြန်သည်။ မပြန်ခင် အကျိုးအကြောင်း မကြေးအုံထံ စာတစ်စောင်၊ ဒေါ်ရှမ်းမဆီ စာတစ်စောင် ဦးသက်ထွန်းက ရေးလိုက်သည်။ မကြေးအုံသို့ ပေးသောစာတွင် သူ ဘာကြောင့် လက်ထပ်သည်ကို ရှင်းလင်းရေးသား၍ ဒေါ်ရှမ်းမကိုတော့ သူတို့အတွက် အိပ်ခန်း တစ်ယောက်တစ်ခန်းစီ ပြင်ဆင်ထားရန် ရေးလိုက်သည်။

ကျောက်ဆည်ကို သူတို့ပြန်ရောက်တော့ ဒေါ်ရှမ်းမကို ယောက်ထည်းအိမ်မှာ တွေ့ရသည်။ မကြေးအုံသည် ပြည်တစ်ဘက် ပန်းတောင်းတွင် အလုပ်

www.burmeseclassic.com



သက်ခံရရှိ၍ ထွက်သွားပြီဖြစ်ကြောင်း ဦးသက်ထွန်း လက်ထပ်သည့်ကို ကြားရ သသာနေက ကြ[illegible]ကြ[illegible]ပါအောင် ငိုကြွေး၍ အိပ်ရာခန်းနားပစ္စည်းများကို သူကိုယ် ဘိုင် သွားဝယ်ကာ ပြင်ပေးခဲ့ကြောင်း၊ မသွားခင် စာတစ်စောင် မကြေးအုံက ပေးခဲ့သည်ဆိုကာ ခေါ်ရှမ်းမက မကြေးအုံစာကို ထုတ်ပြသည်။ ဦးသက်ထွန်း သည် စိတ်ထိခိုက်စွာနှင့် စာကိုဖွင့်၍ ဖတ်သည်။

**ဦးလေး**

ခုချိန်မှာ ဦးလေးနဲ့ မမထားဟာ မကြေးအုံ ပြင်ခဲ့တဲ့ **အိပ်ရာပေါ်မှာ** ချမ်းချမ်းမြေ့မြေ့ အိပ်စက်နားနေကြပြီပေါ့။

စိတ်ရဲ့နားနေခြင်းကို မရတဲ့ မကြေးအုံတော့ အဝေးကို ပျံသွားရပြီ။ တကယ့်ကိုပဲ အသိုက်အမြုံ မရှိတဲ့ ကျေးငှက်တစ်ကောင် လို မကြေးအုံ ဆောက်တည်ရာမရလို့ ပျံထွက်သွားရတာပါ ဦးလေး။

ဦးလေးကို တစ်ခါတုန်းကလေ ပုံတစ်ခု ပြောခဲ့တယ်မို့လား။ ရေသဖန်းပင်ကြီးနဲ့ ကျေးသားလေးပုံပြင်လေ။ အဲဒီပုံပြင်ထဲမှာ သစ္စာရှိတဲ့ ကျေးသားလေးဟာ ရေသဖန်းပင်ကြီး အခေါက်တွေ ကွာကျတဲ့အထိ သစ္စာရှိပြီး ဘယ်ကိုမှ ပျံမထွက်သွားဘူးလေ။

မကြေးအုံလည်း ဦးလေးအပါးက ဘယ်ကိုမှ ထွက်မသွား ဘူးလို့ ဆုံးဖြတ်ချက်နဲ့ နေခဲ့တာပါ ဦးလေး။

ရောဂါတွေကျွမ်းလို့ အရိုင်းပြိုင်းပြိုင်း ကျနေပစေ မကြေးအုံ အပါးက မခွါတော့ဘူးလို့ သန္နိဋ္ဌာန်နဲ့ နေခဲ့တာ။

ခြော်.....မကြေးအုံရဲ့ တကယ့်ပုံပြင်ထဲမှာတော့ ရေသဖန်း ပင်ကြီးဟာ အခက်အလက်တွေ စိမ်းစိုလာရင်ပဲ သစ္စာရှိတဲ့ ကျေးသား လေးကို အဝေးနှင်ထုတ်လိုက်တယ်။

တိရစ္ဆာန်ကျေးသားလေးနဲ့ 'ကြေးအုံ' လူသားတို့ရဲ့ ကံကြမ္မာ ဟာ မတူခဲ့ပါလား ဦးလေး။

အဝေးမှာနေရင်း တရား ရှာရလို့ သာမန်လူသားတော် ထိန်းသိမ်းနိုင်ခြင်း၊ သည်းခံနိုင်ခြင်း ဆိုတဲ့သဘောတွေ မကြေးအုံ စိတ်ထဲ သက်ဝင်လာခဲ့ရင်တော့ ဦးလေးဆီ ပြန်လာခဲ့မယ်။

တော်လိုက်တဲ့ ရွှေဘဏ်ရှင်ကြီး။ ကောင်းလိုက်တဲ့ စီမံကိန်း ကြီးပါပဲ။ ဒီစီမံကိန်းကို မစခင်က အကျိုး သက်ရောက်ခံစားရမယ့်



မကြေးအုံနဲ့ ဖွင့်ပြီး တိုင်ပင်တော့ ကမ္ဘာပျက်သွားမှာမို့လား ဦးလေး ရယ်။ အမေရှမ်းရော၊ ဦးလေးပါ ပြောလိုက်တော့ 'မင်းအတွက်၊ မင်းအတွက် စီမံရတာပါ'တဲ့။ မကြေးအုံအတွက် စီမံတာကို မကြေး အုံရဲ့ဆန္ဒလေးတော့ ယူသင့်ပါတယ် ဦးလေး။

ဦးလေးတို့ဟာ ပန်းပုဆရာမှ မဟုတ်ပဲ။ ပန်းပုဆရာ ထုတာက သက်မဲ့ကျောက်တုံးတို့၊ သစ်သားတို့ကို ထုတာ။

မကြေးအုံဟာ လူသား။ မကြေးအုံမှာ လှုပ်ရှားမှုတွေ၊ ခံစားမှုတွေရှိတယ်ဆိုတာ ဦးလေး သတိမမူမိဘူးပေါ့လေ။

တော်ပါပြီ ဦးလေး။ ရင်ထဲမှာ နာလှတယ်။ မကြေးအုံ ရင်ထဲမှာ ဒေါသမြည့်နေတာလား၊ ကြေကွဲနေတာလား၊ မခံချင်နေတာ လား ဆိုတာတော့ မခွဲခြားနိုင်သေးဘူး။

မကြေးအုံနဲ့ ကိုဖေမောင်တို့ လက်ဆက်ဖို့ စီမံမပေးသေး တာကိုပဲ ဦးလေးကို ကျေးဇူးတင်နေရဦးမယ်။

ပဒေါင် ဆိုတာ ရွှေတောင်ရဲ့တစ်ဘက်ကမ်း၊ ရခိုင်ရိုးမ တောင်ခြေနဲ့ နီးသတဲ့။ မကြေးအုံ မရောက်ဖူးပေမယ့် တမင် ကျောက်ဆည်နဲ့ ဝေးရာကို ထွက်လာခဲ့တာပါပဲ။

ရင်ထဲမှာ မခံနိုင်လို့ ပြောစရာတွေ များလာရင်လေ အဝေး ကပဲ စာနဲ့ ရေးတော့မယ် ဦးလေးရေ။

ရေသဖန်းပင်ကြီး အခက်အလက်တွေ စိမ်းစိမ်းစိုစိုနဲ့ ပြန်လည် စည်ပင်လာပါစေ။ ကျေးငှက်တွေလည်း သဖန်းပင်ကြီး ရိပ်မှာ မြူးပျော်နေပါစေလို့ ဆုတောင်းခဲ့ပါတယ်။

ချမ်းမြေ့ရွှင်လန်းပါစေ။

**မကြေးအုံ**

ဦးသက်ထွန်းမှာ စာဖတ်ပြီး များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့သည်။ 'မင်း လက်ထပ်မယ်ဆိုတာ မကြေးအုံကို ကြိုတင်အသိပေးရကောင်း တယ်၊ မိတ်ဆိုး အဖေကို အားကိုးနေရသူလိုပေါ့၊ အဖေ နောက်မှနေပေမယ့်တော့ အားကိုးရာမဲ့သလို စိတ်ထိခိုက်သွားတယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှမ်းမကတော့ ဒါပဲ ပြောသည်။ နောက်ရက်များတွင်တော့ ကျောက်ဆည်မှာ လက်ထပ်ခွင်းကျွေးလုပ်ခဲ့ရာ ဦးပန်းမောင်တို့ ဇနီးမောင်နှံနှင့် သား မောင်ဖေမောင်တို့ပါ လာရောက်ကာ ထားနှင့် ရင်းနှီးလာကြသည်။ အဝင်အထွက် များလာသည်။

ဦးသက်ထွန်းက မကြေးအုံထံ ပြန်လာဖို့ စာရေးကာ ဒေါ်ရှမ်းမကို ပဒေါင်သို့ လွှတ်လိုက်သည်။ မကြာခင် ဦးသက်ထွန်းမှာ ထူးခြားသော အပြောင်းအလဲကို တွေ့ရသည်။ အိမ်နောက်ဘက်ခြံထဲတွင် သရဲခြောက်သလိုလို ခြံစောင့်များ ပြောသံကို ဦးသက်ထွန်း ကြားရသည်။ ထားသည် ယခင်လို အေးတိအေးစက် မဟုတ်တော့ဘဲ တက်တက်ကြွကြွနှင့် မကြာခဏ နေမကောင်းသော ဦးသက်ထွန်းကို ယုယုယယ ပြုစုသည်။ အဝတ်အစားများလည်း ထဘီ အနက်ရောင်ကို မဝတ်တော့ဘဲ ရောင်စုံထဘီများနှင့် သူ့ကိုယ်သူ ပြင်ဆင်လာသည်။ ထိုအတောအတွင်း ထားသည် ကျန်းမာရေး ညှိုးဖျင်းလာပုံ ရသည်။ ဦးသက်ထွန်း၏ ခြံအလုပ်သမား ကိုသာဂေါင်နှင့် မဖော့ လင်မယားက ဒေါ်ရှမ်းမ မရှိတုန်း ဦးသက်ထွန်းတို့ကို လာရောက် ချက်ပြုတ်ကျွေးမွေးသည်။

တစ်နေ့ ကိုသာဂေါင်က–

'ဆရာရေ ထား ရောဂါကတော့ ကလေး ရှိချင်တဲ့လက္ခဏာပဲလို့ မဖော့က ပြောတယ်'

ဟု ပြောပြသည်။ ဦးသက်ထွန်းမှာ မိုးကြိုးပစ် ခံလိုက်ရသလို စိတ်ချောက်ချားသွားသည်။ သူနှင့်ထားအကြောင်း၊ သူတို့သာ အသိဆုံးဖြစ်၍ ဘယ်လိုမှ သူ့ကလေး မဟုတ်နိုင်။ သို့သော် ဖွင့်ဟ မေးရှင်း၍လည်း မဖြစ်။ နောက်တစ်လလောက်တွင်တော့ ထားက သူ့ကို ခွင့်လွှတ်ရန် စာရေးခဲ့၍ ကျောက်ဆည်မှ ထွက်သွားတော့သည်။

ဒေါ်ရှမ်းမ ပြန်လာတော့လည်း စာတစ်စောင်ပဲ ပါလာကာ မကြေးအုံကတော့ ပြန်မလိုက်တော့ပါ။ နွေရာသီကျောင်းပိတ်ရက်မှပဲ လာမည့် အကြောင်း ရေးလိုက်သည်။

နွေကျောင်းပိတ်ရက် ရောက်တော့လည်း လူကြုံနှင့် မကြေးအုံက စာတစ်စောင် ရေးလိုက်သည်။ စာတွင် နွေရာသီ ကျောင်းပိတ်ရက် ပြန်မလာနိုင်သေးကြောင်း၊ ရေးရင်းမှ ပထမပိုင်းတွင် မကြေးအုံက သူ့အကြောင်း သူ ရေး၍ ဒုတိယပိုင်းက မမထားအကြောင်းဖြစ်သည်။



မကြေးအုံက သူပြောသောပုံပြင်လို သူ့ဘဝတွင် ကျက်စားရင်း ကျောင်းစဉ်းလဲနှင့် တွေ့ခဲ့စဉ်က အသည်းနှလုံး အတုပေး၍ ထွက်ပြေးလာကြောင်း၊ ယခု သူ့တွင် အသည်းနှလုံးအစစ်ကို ပေးရမည့်သူ တွေ့ပြီကြောင်း၊ သူ့ချစ်သူမှာ ဒေါက်တာဥက္ကာဖြစ်၍ မကြေးအုံလိုပင် ဖခင်ကဘာထဲတွင် ကွယ်လွန်ခဲ့ကြောင်း၊ တောင်ခြေရွာများကို ဆေးကုသရန် ရောက်ရင်းမှ မကြေးအုံနှင့် တွေ့ကြောင်း။ မကြေးအုံက သူ လက်ထပ်ချိန်မှာ သက်ထွန်းလို တိတ်တဆိတ် မလုပ်ပါ။ ဒေါက်တာဥက္ကာကိုပါ ကျောက်ဆည် ခေါ်လာကာ ဦးသက်ထွန်းရှေ့တွင် လက်ထပ်မည်ဖြစ်ကြောင်း ရေးပြထားသည်။ ဒုတိယပိုင်းမှာမူ–

'ဆင်တဲဘက်သွားရင်း ရွာလေးတွေဘက်ကို မကြေးအုံတို့ ကျောင်းရော၊ ဆရာမတွေနဲ့ ဆရာဝန်တွေ သွားကြရင်း ရွာတစ်ရွာမှာ မိန်းမတစ်ယောက် မျက်နှာမြင်ဖို့ ခက်ခဲနေလို့ လာခေါ်တာနဲ့ ကိုဥက္ကာနဲ့ မကြေးအုံတို့ သွားကြည့်တယ်။ လူနာက ဦးလေးရဲ့မမထား ဖြစ်နေတယ်'

ဟု အစချီကာ မမထားကို ကိုဥက္ကာ ချောမောစွာ မီးဖွားပေးခဲ့ကြောင်း၊ သို့သော် ကလေး အခြေအနေ ကောင်းပြီး မမထားက မကြေးအုံ တစ်ယောက်တည်း တွေ့လိုသည်ဆို၍ မကြေးအုံ အနားမှာ ရှိနေစဉ် မမထားက သူ့ဖြစ်အင်ကို ပြောပြသည်။

သူ့အဖြစ်မှာ ပထမ ဦးသက်ထွန်း အစီအစဉ်အတိုင်း မမထားက သဘောတူ လက်ခံခဲ့သည်။ နောက်ပိုင်းတွင် ဦးသက်ထွန်းအား ရင်းရင်းနှီးနှီး နေထိုင်ပြုစုရင်းမှ ဦးသက်ထွန်းက ရောဂါရှိသူဖြစ်၍ ပြောင်းလဲမှု မရှိ။ သူ့အကြောင်းကိုလည်း မသိ။ သူ့စိတ်ခံစားချက်များမှာမူ ပြောင်းလဲလာခဲ့ကြောင်း။ သူ့ဆန္ဒများကိုလည်း ဦးသက်ထွန်းက မဖြည့်နိုင်ကြောင်း၊ နောက်တွင် မောင်ဖေမောင်နှင့် ဆက်သွယ်မိကာ နောက်ဖေးခြံထဲတွင် တွေ့ကြသည့်အဖြစ် ရောက်ခဲ့ကြောင်း၊ သို့ဖြင့် ထားမှာ ကိုယ်ဝန် ရှိလာသည်ကို မောင်ဖေမောင် သိသည်နှင့် တစ်ပြိုင်နက် မိုးကုတ်ကို ကျောက်အလုပ်လုပ်ရန် ထွက်ခွါသွားကြောင်း၊ အပြစ်မဲ့သူ ဦးသက်ထွန်းကို ဒုက္ခမပေးလိုတော့၍ ရန်ကုန် ပြန်မည်ဆိုကာ သူ ထွက်လာကြောင်း၊ သို့သော် မဒေါင်ဘက်သို့ ထွက်လာပြီး လူနေနည်းသော ကျေးရွာလေးတွင် မျက်နှာလာမြင်ကြောင်း၊ ထားက နောက်နေ့တွင် သွေးသွန်၍ ထား ကွယ်လွန်သွားခဲ့ကြောင်း၊ သူ့လက်ဝတ်လက်စားနှင့် ကလေးကို

www.burmeseclassic.com

မကြေးအုံကို အပ်ခဲ့ကြောင်း ပါရှိပြီး ဆက်လက်၍–

'ကိုညွှာနဲ့ မကြေးအုံလဲ ကလေးကိုပိုက်ပြီး ပခေါင်ကို ပြန်လာတယ်၊ မကြေးအုံအဖို့ကတော့ မကြေးအုံ ငယ်စဉ်ကလည်း အဖေ၊ အမေ ဆုံးသွားပြီး အမေရှမ်းတို့၊ ဦးလေးတို့ ချစ်မေတ္တာကြောင့် မကြေးအုံ လူ့ဘဝမှာ လူတစ်လုံး သူတစ်လုံး ဖြစ်လာတာ။ ဘာမှ မသိနားမလည်တဲ့ ဒီကလေးကို မကြေးအုံ ကိုယ်ချင်းစာတယ်။ ကိုယ်နဲ့ဘဝတူချင်းမို့ ဒီကလေးကိုပိုက်ပြီး မကြေးအုံ ပြန်လာခဲ့မယ်။ ဦးလေးဆန္ဒမှာရော ဒီကလေးကို ဆက်လက်မွေးဖို့သဘောတူ ရဲ့လား'

ဟု စာထဲတွင် ဖော်ပြခဲ့သည်။

ဦးသက်ထွန်းက ကလေးကိုခေါ်၍ ပြန်လာခဲ့ရန် စာရေးလိုက်သည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ပုံပြောကောင်းသော မိန်းကလေးကို တောင်ပူစာခြေရင်းမှ သွားရောက် ကြိုဆိုလိုသော်လည်း ဦးသက်ထွန်းမှာ နေမကောင်းကာ အိပ်ရာပေါ် ဗုန်းဗုန်းလဲနေတော့သည်။ မကြေးအုံသည် ကားဆိုက်လျှင်ဆိုက်ချင်း ဦးသက်ထွန်းအိပ်ခန်းကို ငယ်ငယ်က ကျောင်းအပြန် ပြေးဝင်လာသလို ပြေးလာသည်။ ဆန့်တန်း၍ ကြိုဆိုနေသော ဦးသက်ထွန်း လက်ထဲသို့ ပြေးဝင်လိုက်သည်။ ဦးသက်ထွန်းသည် မကြေးအုံ နဖူးပြင်ကို ညင်သာစွာ နမ်းရှုပ်လိုက်သည်။ စကားတစ်လုံးမှ မဆိုသော်လည်း မကြေးအုံသည် ဦးသက်ထွန်းနှင့် ခွဲခွါနေရစဉ် ခံစားရသောဝေဒနာကို မျက်ရည်များနှင့် ဖော်ထုတ်လိုက်ပါသည်။ ဒေါက်တာညွှာက ကလေးငယ်ကို ပွေ့ချီကာ ဦးသက်ထွန်းလက်ထဲသို့ ထည့်လိုက်သည်။ ပူနွေးဖောင်းအိနေသော ကလေးငယ်၏ပါးပြင်ကို ဦးသက်ထွန်းက ပါးချင်းအပ်၍ ထားလိုက်သည်။

'ပုံပြောကောင်းသောမိန်းကလေး' ဝတ္ထုဇာတ်လမ်းမှာ အထက်ပါ အတိုင်း ဖြစ်သည်။ ကျွန်မ ဖြတ်သန်းခဲ့ရသောလမ်းတွင် ရောင်စုံသူပုန်တို့ ထကြွသောတစ်ချိန်ကို တွေ့ကြုံခဲ့ရပါသည်။ ထိုအထဲတွင် တောတွင်းရောက် ကွန်မြူနစ်ရဲဘော်အချို့၏ ခံစားတွေ့ကြုံခဲ့ရသောအဖြစ်ကို စာနာမိ၍ တင်ပြရင်းမှ ဇာတ်အိမ်ဖွဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း တောတွင်းရဲဘော်တို့ အခန်းကို ဖွဲ့နွဲ့ရာမှာ ကျွန်မ ခြယ်မှုန်းချက်သည် မှေးမှိန်ပါသည်။ မကြေးအုံဖခင် ဘုယ်လိုကျဆုံးရသည်ကို ဦးသက်ထွန်းက ပြောပြသောအခန်းလောက်ပါ ပါသည်။



'တော်လှန်ရေးတစ်ခုဆိုတာ တော်လှန်ရေးကို တိုက်ရင်းခိုက်ရင်း လုပ်နည်းလုပ်ဟန်ကြောင့် ဖြစ်လာတဲ့အကျိုးပေါ် မူတည်ပြီး လေ့လာသုံးသပ်ကြရင်းက သဘောကွဲလွဲလာကြတာပဲ'

ဟု အစချီကာ နိုင်ငံရေးပိုင်း၊ စစ်ရေးပိုင်းများကို ဦးသက်ထွန်းက လေ့လာသုံးသပ်ပြသွား၏။ တကယ်တန်း တိုက်ရေးခိုက်ရေးတွင် တိုက်ခိုက်ရသော ရဲဘော်များက လက်တွေ့အခြေအနေကို တင်ပြသော်လည်း စစ်ရေးခေါင်းဆောင်ပိုင်းက လက်မခံပုံ၊ မကြေးအုံဖခင်က ပါတီအပေါ် သစ္စာရှိစွာနှင့် တိုက်ခိုက်လာခဲ့ရုံမက ဖြောင့်မတ်သူပီပီ ပွင့်ပွင့်လင်းလင်း ပြောပြဝေဖန်တတ်၍ နောက်ဆုံး ဝိုင်း'အပ'ခံထားရာမှ တိုက်ပွဲတစ်ပွဲတွင် တိုက်ရင်း ကျဆုံးခဲ့ရပုံကို ဦးသက်ထွန်းက ပြောပြသည်။

ကျန်အခန်းများမှာ ဦးသက်ထွန်း၊ ထားနှင့် မကြေးအုံတို့ဇာတ်လမ်းကို သွယ်လှယ်ယှက်တင်ထားခြင်းဖြစ်သည်။ ကျွန်မ ဆိုလိုသည်က စိတ်ကူးယဉ် ဆန်သော၊ လက်တွေ့မကျသော စီမံကိန်းများမှာ မအောင်မြင်နိုင်၊ ကြာရှည် မတည်တံ့နိုင်ခြင်းကို ဆိုလိုပါသည်။

ကျွန်မ၏ဇာတ်ကောင်တစ်ယောက်ဖြစ်သူ မကြေးအုံသည် ပုံပြင်ဘလေးများကို ပြောပြောပြရင်းမှ သူ့ဘဝပြဿနာများနှင့် ယှဉ်တွဲလေ့လာ တတ်သော စရိုက်ရှိ၍ ကျွန်မဝတ္ထုကို 'ပုံပြောကောင်းသော မိန်းကလေး'ဟု အမည်ပေးခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ စိတ်ဓာတ်စွမ်းရည် တိုက်ခိုက်ရေးတို့တွင် စွမ်းစွမ်းတမံ ရှိလှသော လူငယ်တစ်စုတို့ ထိုတစ်ချိန်က ကျဆုံးခဲ့ရသည်ကိုတော့ ကျွန်မ အစဉ်ကြေကွဲမိပါသည်။ ထိုအကြောင်းကို မှတ်တမ်းတင်လို၍ ကွန်မြူနစ်တစ်ယောက်ဖြစ်သော ကိုသက်ထွန်းနှင့် ကိုကျော်မင်းအပေါ် ဇာတ်အိမ် တည်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မ ဖဆပလ သတင်းစဉ်တွင် လုပ်ခဲ့စဉ်က ကွန်မြူနစ်တို့ တောမခိုသေး။ ပြည်သူ့အာဏာဂျာနယ်နှင့် ကျွန်မ အပြန်အလှန် ရေးကြစဉ်တွင် ကျွန်မသည် ကွန်မြူနစ်တို့အား ပုဂ္ဂိုလ်ရေးအရ၊ ပါတီဝါဒအရ မတိုက်ခိုက်ခဲ့။ ပုဂ္ဂိုလ်ရေးအရ မတိုက်ခိုက်သည်မှာ ကွန်မြူနစ်များထဲတွင် အချို့မှာ [illegible] ချစ်သူများဖြစ်၍ အရည်အချင်းရှိသူ အမြောက်အမြား ရှိခဲ့ပါသည်။

နောက်ဆုံးမှာတော့ တော်စတွိုင်း၏ 'Where love is god is' ဆိုသလိုပင် မကြေးအုံရော၊ ထား၏ကလေးရော၊ မိဘမဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မေတ္တာနှင့်ထုံမွမ်းသော ကိုယ်စားမိဘတို့၏ ရင်ခွင်ဖြင့် လူ့လော[illegible] တွင် သက်ရှင်ကြီးထွား လာခဲ့နိုင်ကြသည်။ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မေတ္တာတ[illegible] သည် ဤကမ္ဘာလောကတွင် အနှံ့အပြား နေရာယူလျက် ရှိပါသည်။

မေတ္တာတရားမှတစ်ပါး လူသားတို့၏ငြိမ်းချမ်းရေးကို စွမ်းဆေ[illegible] ပေးနိုင်သောအရာ မရှိပါ။

(လုံမလေးမဂ္ဂဇင်း။ ဒီဇင်ဘာ၊ ၁၉[illegible]

♛ ♛ ♛

## မျှော်လင့်လို့ဖြင့် မဆုံးနိုင်ဘယ်

ကျွန်မ ရေးသားခဲ့သော 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်ဘယ်' ဝတ္ထု အကြောင်းကို မိုးဂျာနယ်နှင့် ပုဂံညောင်ဦးစာစောင်မှာ ရေးသားခဲ့ပြီးပါပြီ။

ကျွန်မ စာရေးပုံရေးနည်းကို ပြောခဲ့၊ ရေးခဲ့သလိုပင် ကျွန်မ၏ စိတ်အာရုံကို သွားလေရာ ပတ်ဝန်းကျင်မှာ အစဉ် ဖြန့်ကျက်ထားပါသည်။ ပတ်ဝန်းကျင်မြင်ကွင်း ရုပ်ပုံလွှာသည် ကျွန်မ၏ စိတ်အာရုံမှတစ်ဆင့် နှလုံးသား တွင် ထင်ဟပ်လာသောအခါ ကျွန်မ စာရေးဖြစ်သွားသည်။

ထိုစဉ်က ဝန်ကြီးချုပ်ဦးနုထံတွင် ကျွန်မ အတွင်းရေးအတွင်းဝန် တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါသည်။ အမှန်တော့ ဝတ္ထုများများ ရေးနိုင်အောင် အကြောင်း အထောက်အပံ့တစ်ခုဖြစ်သည့် ဒေသန္တရ ဗဟုသုတ ရရှိခြင်းမှာ အစ်ကိုဖြစ်သူ ဦးနု၊ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးကျော်သောင်းတို့နှင့် ခရီး ထွက်ဖြစ်၍ ကျွန်မ ဒေသခံစုံစုံအကြောင်းကို ရေးနိုင်ခြင်းဖြစ်သည်။

ထိုစဉ်က ဝန်ကြီးချုပ်နှင့်အတူ ပုဂံကို ရောက်ခဲ့ပါသည်။ သူ့ထုံးစံ အတိုင်း ပုဂံဘုရားများကို လှည့်လည်ဖူးပါသည်။ ကျွန်မသည် ဂင်ဒါမိယာအိမ်[illegible] ရုံး ထိုင်စဉ်သာ ဝန်ကြီးချုပ်အနားမှာ ရှိသော်လည်း ခရီးထွက်လျှင် အ[illegible] အတွင်းဝန် သို့မဟုတ် ဒုတိယအတွင်းဝန်တို့နှင့် ကိုယ်ရံတော်ဗိုလ်[illegible] ဝန်ကြီးချုပ်အနားမှာ အမြဲရှိသည်။ လိုအပ်၍ခေါ်မှ ကျွန်[illegible] သွားသည်။ ခပ်လှမ်းလှမ်းမှာပဲ ကျွန်မ နေသည်။ တစ်ခါတရံ ဝန်ကြီးချုပ်တရား[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် လှေထုဝ၏နောက်ဆုံးမှာ ထိုင်၍ နားထောင်တတ်သည်။

တစ်ခါက မင်းဘူးမြို့မှာ ဟောသော တရားပွဲပြီး၍ သင်္ဘောပေါ် ပြန်ရောက်သောအခါ ဝန်ကြီးချုပ်က ပြောသည်။

'ဒေါ်ခင်စုတို့များ ကျွန်တော့ မိန့်ခွန်း နားမထောင်ဘူး' သူ နောက်ပြောင်၍ 'ဒေါ်' တပ်ခေါ်ခြင်း ဖြစ်ပါသည်။

'ကိုကိုကြီးနောက်က ကုလားထိုင်တွေပေါ်မှာ ထိုင်နေတဲ့လူထဲ မိခင်စု မပါပါလား'

သူ စကားပြောနေစဉ် စင်ပေါ်မှာ သူ့နောက်က ထိုင်နေသူများမှာ သူနှင့်အတူပါသော အရာရှိများနှင့် မြို့ခံ သက်ဆိုင်ရာ အရာရှိများ၊ မြို့မျက်နှာဖုံးများ ဖြစ်သည်။

'ကိုကိုကြီးဟောတာတွေ မစု နားထောင်နေပါတယ်၊ ဒါပေမယ့် စင်ပေါ်က မဟုတ်ဘူး၊ လူထုပရိသတ်နောက်က'

'ဒီလိုဆို ကိုကိုကြီး ဘာတွေ ဟောခဲ့လဲ ပြန်ပြောပြစမ်း'

ကျွန်မက အကျဉ်းချုပ် ပြောပြလိုက်ပါသည်။ ထိုစဉ်က ကျွန်မ တစ်ယောက်တည်း မဟုတ်။ အိမ်တော်ဝန်ကတော် ဒေါ်နီနီမှာ ကျွန်မနှင့်အတူ ပါ၍ သက်သေပြလိုက်ပါသည်။ ဒီတော့မှ ကိုကိုကြီး ယုံပါသည်။ စင်ပေါ်က အမြင်နှင့် လူထုထဲ ရောထိုင်သောအခါ အမြင်ချင်း မတူကြပါ။ ဝန်ကြီးချုပ်နှင့် ခရီးထွက်တိုင်းလဲ မြို့ခံလူတွေက ဝဝ၊ ဖြူဖြူ၊ ခန့်ခန့် ဒေါ်နီနီကိုသာ အတွင်းရေး အတွင်းဝန်ဟု ထင်သည်။ လွယ်အိတ်ပခုံးလွယ်၍ ပိန်ခြောက်ခြောက် မည်းညိုညို မိန်းကလေးတစ်ယောက်ကို ဘယ်သူမှ အတွင်းရေး အတွင်းဝန်ဟူ၍ မသိပါ။

ယခုလည်း ဝန်ကြီးချုပ်အဖွဲ့ ပုဂံဘုရားဖူးရာမှ အာနန္ဒာဘုရားကို ရောက်သွားပါသည်။ ထုံးစံအတိုင်း မတ်ရပ်တော်ဘုရားရှေ့တွင် ဘုရားဖူးစဉ် ကျွန်မ နောက်ဆုံးကပဲ ထိုင်သည်။ ဘုရားကို လေးမျက်နှာစေ့အောင် ဖူးရလေတော့ ဝန်ကြီးချုပ်နှင့်အဖွဲ့ ထသွားလျှင် လူတစ်ယောက်က ပြေးလာ၍ ကော်ဇောများကို ကမန်းကတန်း ရုတ်သိမ်း၍ ထွက်သွားသည်။ ဝန်ကြီးချုပ်နှင့် အဖွဲ့က စဥ္စကွင်းများ၊ ပန်းချီများကိုကြည့်ရင်း တဖြည်းဖြည်း စကားပြောကာ လျှောက်သွားကြသည်။ နောက်တစ်မျက်နှာ မတ်ရပ်တော်ဘုရားတစ်ဆူရှေ့ ရောက်တော့ ကော်ဇောများ အသင့်ခင်းထားသည်ကို တွေ့ရသည်။ ဝန်ကြီးချုပ်



ဘုရားဖူးပြီး ထလျှင် ယခင်လူက လာရောက်၍ ကော်ဇောကို သိမ်းကာ ပြေးပြန်သည်။ လေးမျက်နှာစေ့တော့ ကျွန်မ ရိပ်မိပါပြီ။ ဝန်ကြီးချုပ်အတွက် ခင်းပေးသော ကော်ဇောအသစ်မှာ နှစ်ချပ်တည်းပဲ ဂေါပကလူကြီးတွေထံမှာ ရှိမည်ဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးချုပ် ထလျှင် ဟိုလူက ဒီကော်ဇောကို အမြန်ရုတ်သိမ်း၍ တစ်ဘက်မှာ ဦးအောင် သွားခင်းထားရခြင်းဖြစ်သည်။ ကော်ဇောခင်းသူကို ကျွန်မ စိတ်ဝင်စားသွားပါသည်။ ဝန်ကြီးချုပ်နောက်မှ နောက်ချန်၍ လိုက်သောကြောင့်သာ ကော်ဇောပြဿနာနှင့် ကော်ဇောခင်းသူကို ကျွန်မ သိခြင်းဖြစ်သည်။

ဘုရားပရိဝုဏ်တစ်ထောင့်တွင် ယာယီမဏ္ဍပ်ထိုး၍ ဝန်ကြီးချုပ်ကို ဧည့်ခံသည်။ ကျွန်မကလည်း မဏ္ဍပ်ထောင့်တစ်နေရာမှာထိုင်ရင်း နံရံလုံးကြီးပန်းပင်များရှိရာ ကြည့်လိုက်တော့ ကော်ဇောခင်းသူ ထိုင်နေသည်ကို တွေ့ရသည်။

ဝန်ကြီးချုပ်နှင့် နယ်ခံများ စကားပြောနေ၍ ကျွန်မ နားထောင်နေမိသည်။

'အခု သဗ္ဗညုနဲ့ အာနန္ဒာဘုရားတွေကို ဘယ်သူတွေ သန့်ရှင်းရေးလုပ်လဲ'

ဝန်ကြီးချုပ်က မေးပါသည်။

'ဘုရားကျွန်တွေ လုပ်ပါတယ်' ဂေါပကအဖွဲ့ဝင်တစ်ဦးက ဖြေပါသည်။ ဝန်ကြီးချုပ်နှင့်အတူ တရားရေးဌာနမှ ပုဂ္ဂိုလ်ကြီးတစ်ယောက်လည်း ပါလာသည်။ ထိုပုဂ္ဂိုလ်ကြီးက ဝင်ပြောသည်။

'ဘုရားကျွန်တွေဆို ဘယ်ဖြစ်မလဲ'

ကျွန်မမှာ သူ့စကားကြားတော့ အံ့အားသင့်သွားသည်။ ထိုပုဂ္ဂိုလ်ကြီးအတွက်လည်း ဝမ်းနည်းသွားမိသည်။ ဝန်ကြီးချုပ်က ထိုပုဂ္ဂိုလ်ကြီးကို ဘာမျှ ပြန်မပြောဘဲ ဂေါပကလူကြီးများကို မေးမြန်းသည်။

'သူတို့ကို လစာ ဘယ်လောက်ပေးလဲ'

'တစ်လ လေးကျပ်'

ဘုရားလူကြီးတစ်ဦး ဖြေသံကြားမှ ကျွန်မ ဗိုက်၍ စိတ်ဆင်းရဲသွားသည်။ တစ်လလေးကျပ်သော ငွေမှာ ကျွန်မတို့ မုန့်ဖိုးပင် မရှိ။

'ဒီလေးကျပ်နဲ့ ဘယ်လိုလုပ် စားကြမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဆွမ်းတော်တင် စွန့်တာစား၊ တောင်းစားကြပါတယ်'

ဘုရားလူကြီးက ပြန်ဖြေသည်။

'ဦးဝင်းဖေ မြန်မာပြည်မှာ အမှုထမ်းတစ်ယောက်ရဲ့ အနိမ့်ဆုံးလစာဟာ ဘယ်လောက်လဲ'

ဝန်ကြီးချုပ်က သူ၏ အမြဲတမ်းအတွင်းဝန်ကို မေးလိုက်သည်။

'၈၂^ိ/-ကျပ်ပါ' (မင်းစေတစ်ယောက်၏လစာမှာ တစ်လ ၈၂-ကျပ် ဖြစ်သည်။)

'ဘုရားစောင့်ရောက်သူတွေကိုလဲ အနည်းဆုံး တစ်လ ၈၂-ကျပ်ပေးမှပေါ့၊ သူတို့လဲ အမှုထမ်းတွေပဲ၊ ဘုရားကျွန်တို့၊ သူတောင်းစားတို့ဆိုတာ ရှိမှ မရှိတော့ပဲ'

ဝန်ကြီးချုပ် ပြောစကားကြားကြားချင်း ကျွန်မသည် လွတ်လပ်ရေး ရရှိသောနေ့က သမ္မတကြီး စဝ်ရွှေသိုက် ဖတ်ကြားသောလွတ်လပ်ရေး ကြေညာစာတမ်းကို ချက်ချင်း သွားသတိရသည်။ စိတ်ထဲကလည်း ဝန်ကြီးချုပ်နှင့် အတူပါလာသော ပုဂ္ဂိုလ်ကြီးကို ခံပြင်းသွားသည်။ ဒါလောက် ရာထူးကြီးသူ တစ်ယောက်က လွတ်လပ်ရေးကြေညာစာတမ်းကို မသိလေရော့သလား။

မကြာခင် ဆွေးနွေးပွဲပြီး၍ ကျွန်မသည် ကော်ဖောခင်းသူအနားသို့ လျှောက်သွားပါသည်။ လူက အသားညိုညို၊ အရပ် မနိမ့်မမြင့်၊ နှာခေါင်းပြားပြား၊ နားရွက်ကလည်း နည်းနည်းထူနေသလိုပင်။ အဝတ်အစားကလည်း ဟောင်းနွမ်းနေပါသည်။

'ရှင့်နာမည် ဘယ်သူလဲဟင်'

သူက အံ့အားသင့်စွာနှင့် ဖြေပါသည်။

'မောင်ကြာယုံပါ'

ကျွန်မ စကားအနည်းငယ်ပြော၍ ဝန်ကြီးချုပ်တို့နှင့်အတူ ထည်းခိုရာကို ပြန်လာပါသည်။ ရန်ကုန်ရောက်တော့ ရင်ထဲမှာ မကျေနပ်။ ပြည်သူ့လွှတ်တော်ရုံးကိုသွား၍ သမ္မတကြီးစဝ်ရွှေသိုက်၏ လွတ်လပ်ရေးကြေညာစာတမ်းကို မရရအောင် ရှာသည်။ ထိုကြေညာစာတမ်းကို ဝတ္ထုအစတွင် ဖော်ပြ၍ 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထုကို ရေးဖြစ်ပါသည်။ လွတ်လပ်ရေးကြေညာစာတမ်းတွင်–

'ရှေးမင်းတို့၏ အာဏာစက်ဖြင့် ဘုရားများတွင် လှူဒါန်းထားသော



ဘုရားကျွန်များကို လွတ်လပ်ရေး ရရှိသည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။ ဘုရားကျွန်၊ သချိုင်းသူတောင်းစား၊ ဒွန်းစဏ္ဍား ဟူ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မရှိစေရ၊ လူတန်းစားခွဲခြားမှု မရှိစေရ။ အားလုံး လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်သည်'ဟု ပါရှိပါသည်။ ကျွန်မ ဖော်ပြလိုသည်မှာ မူရင်းအတိုင်း မဟုတ်ပါ။ ကျွန်မ ဝတ္ထုစာအုပ် ရှာမတွေ့၍ အဓိပ္ပာယ်လောက်သာ ဖော်ပြပါသည်။

ဝတ္ထုထဲတွင် ကိုကြာယုံကို ဘုရားစောင့်၊ ဘုရားကျွန်အဖြစ် ထား၍ ကံပေးသမျှ ရောင့်ရဲနေသူအဖြစ် ကျွန်မ စရိုက်သွင်းထားသည်။ နောက် ဘုရားကျွန် လူငယ်လေး လှမောင်က တက်ကြွသည်။ လွတ်လပ်စွာ လုပ်ကိုင်စားသောက်လိုသည်။ တစ်နေ့ အကြော်ဆိုင်တွင် အကြော်ဝယ်စားရာမှ လွတ်လပ်ရေး ကြေညာစာတမ်းပါသော သတင်းစာကို သွားတွေ့သည်။ ကိုကြာယုံမှာ စာမတတ်၊ လှမောင်က ကြေညာစာတမ်းကို ဖတ်ပြ၍ မိမိတို့ လွတ်လပ်ပြီ၊ တစ်လ လေးကျပ် ရသော ဘုရားစောင့်လခကိုလည်း တိုးတောင်းမည်။ အလုပ်အကိုင်လည်း ရှာဖွေမည်ဟု တက်ကြွစွာ ပြောပေမယ့် ကိုကြာယုံက မလှုပ်၊ နောက်ဆုံး လွတ်လပ်ရေး ကြေညာစာတမ်း အားကိုးနှင့် ဘုရားလူကြီးအိမ်ကို လှမောင်သွား၍ လခတောင်းသည်။ လခ တိုးမရသည့်အပြင် နှင်ထုတ်ခံရ၊ ဘုရားလူကြီး သမီးကိုလည်း လှမောင်က ချစ်သော အချစ်ဇာတ်လမ်းပါ ထည့်၍ ဝတ္ထုရေးပါသည်။

လွတ်လပ်ရေးကြေညာစာတမ်း အားကိုးနှင့် မျှော်လင့်ကြီးစွာ ကြိုးစားခဲ့သော လှမောင်မှာ သူ မျှော်လင့်သလို ဖြစ်မလာသည်ကလည်းတစ်ကြောင်း ပုဂံလို မိုးခေါင်ရေရှားရပ်ဝန်းမှာ ရေရှား၍ တစ်ကိုယ်ရေ သန့်ရှင်းရေး မလုပ်နိုင်သောကြောင့် လှမောင်၏ပေါင်မှာ အရေပြားရောဂါ ကုဋ္ဌနူနာ ထွက်ပေါ်လာရာတွင် လှမောင်သည် နတ်သမီးကမ်းပါးမှ ခုန်ချ၍ သူ့ကိုယ်သူ သတ်သေလိုက်သည်။ လှမောင်သေသော နံနက်ခင်းသည် ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့ဖြစ်၍ အရုဏ်ဦးတွင် လွတ်လပ်ရေး အထိမ်းအမှတ် ခေါင်းလောင်းထိုးကြေးစည်သံတွေ ရိုက်ခတ်ရင်း ဝတ္ထုကို အဆုံးသတ်ထားသည်။

နောက်ဆက်တွဲ အဖြစ်အပျက်ကလေးကို ရေးပြချင်ပါသေးသည်။ ကျွန်မ ထိုဝတ္ထုရေးပြီး ပုဂံ အာနန္ဒာဘုရားစောင့် ကိုကြာယုံထံသို့ ... ပို့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ကိုကြာယုံက ရေးခိုင်း၍ စာတတ်သူ ဘုရားစောင့်က စာတစ်စောင် ပြန်ရေးလိုက်ပါသည်။

'ဆရာမကြီးဝတ္ထု ဖတ်ရ၍ ဝမ်းသာပေမင့် ဝန်ကြီးချုပ် ပြောခဲ့သော တစ်လ ၈၂ ကျပ် လစာကို ဘုရားစောင့်များ မရသေးကြောင်း' ရေးလိုက်ပါသည်။ကျွန်မ စိတ်ပျက်လိုက်တာ။ ယဉ်ကျေးမှုဌာနကိုရော၊ ရှေးဟောင်းသုတေသနဌာနကိုရော၊ လူမှုဝန်ထမ်းဌာနကိုပါ လိုက်၍ အကျိုးအကြောင်း ပြောပြပါသည်။ အတွင်းဝန်တစ်ယောက်ထံမှ တစ်လ ၈၂ ကျပ်နှင့် ခုနစ်လစာ (Back pay) ပေးလိုက်ကြောင်း ပြန်စာရ၍ ကျွန်မ ဆောင်းပါး ရေးလိုက်ပြန်ပါသည်။

ဘုရားစောင့်များက ထိုဆောင်းပါး ဖတ်၍ သူတို့ မရသေးကြောင်း စာပြန်လာပါသည်။ ကြိုးနီစနစ်၏ဒဏ်ကြောင့် သုံးလေးနှစ်ကြာမှပင် အတွင်းဝန် ဦးတင်ဦးက ကိုကြာယုံတို့အုပ်စုကို ယဉ်ကျေးမှုဌာနလက်အောက် လွှဲပြောင်းပေး၍ လစာ ၈၂ ကျပ်နှင့် ခုနစ်လစာကို ကိုယ်တိုင်သွားရောက် ပေးလိုက်ပြီ ဖြစ်ကြောင်း စာရတော့မှ ကျွန်မ စိတ်အေးရပါသည်။

'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထုကို ရှုမဝမဂ္ဂဇင်း ဝတ္ထုရှည်အဖြစ် ထုတ်ပြီး ရွှင်ကြည်ကြည်စာအုပ်တိုက်မှ လုံးချင်း ပြန်ထုတ်ပါသည်။ ထိုလုံးချင်းမှာ နောက်ဆက်တွဲအဖြစ် 'ဘုရားကျွန်' ဆိုသော ဝေါဟာရကို သုတေသနပြု၍ ကျွန်မ ရေးပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်း၏ ဘုရားကျွန်အကြောင်းစာအုပ်ကိုလည်း အခြေခံပါသည်။ ပုဂံကျောက်စာပါ အဘိနန္ဒသူကျောက်စာတွင် အဘိနန္ဒသူသည် သူကိုယ်တိုင်၊ သူ့ဇနီးနှင့် သူ့သမီးတို့ကို ဘုရားကျွန်အဖြစ် လှူဒါန်း၍ ပြန်လည်ရွေးထုတ်ပုံများကို ကျွန်မ ဖော်ပြပါသည်။

အဘိနန္ဒသူဆိုသည်မှာ အလွန်ရဲရင့်သော စစ်သူကြီးဖြစ်၍ ထိုဘုရင့်အမှုထမ်း စစ်သူကြီးကိုယ်တိုင်က မိမိကိုယ်ကို ဘုရားကျွန်အဖြစ် လှူဒါန်းသည်ဆိုသောကြောင့် 'ဘုရားကျွန်' ဆိုသည်မှာ 'နိမ့်ကျသောလူတန်းစား' မဟုတ်ကြောင်း၊ ရှေးအယူအဆ တောင်းမစားလျှင် နူသည်၊ ဖလုံနှင့် လွယ်အိတ်ကို ခေါင်းရင်းမှာ ချိတ်ထားရသည်ဆိုသော အယူသည်းမှုများ မဟုတ်မှန်ကြောင်း၊ မှုပြင်းသောရာသီတွင် ရေများများ မရနိုင်၍ တစ်ကိုယ်ရေသန့်ရှင်းမှု မလုပ်နိုင်သောကြောင့် များသောအားဖြင့် ကုဋ္ဌနူနာရောဂါ ရကြောင်းများကိုပါ ရှင်းလင်း



ရေးသားပါသည်။

ဆရာကြီးဒေါက်တာသန်းထွန်း အဆိုအရလည်း ဘုရားကျွန်သည် ဂရိ ရောမခေတ်ကျွန် (Slave) တို့ကဲ့သို့ မဟုတ်သည်ကိုပါ ကျွန်မ ရှင်းလင်းတင်ပြ၍ ပုဂံဘုရားရှိ ကျွန်များ စိတ်အားတက်အောင် ရေးသား၍ ထုတ်ဝေလိုက်ပါသည်။

အစိုးရကလည်း ကယ်ပါ၊ သူတောင်းစား ညီလာခံ ပုဂံညောင်ဦးမှာ ထင်ပါသည်။ ကျင်းပပေး၍ ရင်းနှီးစားသောက်ရန် ငွေနှင့် စိုက်ပျိုးစားသောက်ရန် မြေယာများ၊ အိမ်များ ပေးအပ် နေရာချထားလိုက်ပါသည်။ ဝန်ကြီးဦးအောင်ခေါ ကိုယ်တိုင်တက်ရောက်၍ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ကြောင်း မိန့်ခွန်း ပြောကြားပါသည်။

ကျွန်မဝတ္ထုများ ဘယ်လောက်ပင် နာမည် ကျော်ကြားကျော်ကြား ကိုကြာယုံကို ဇာတ်လိုက်လုပ်၍ ရေးသော 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထုလောက် ရေးသားခြင်းကို ပီတိ မဖြစ်မိပါ။ ဘာပဲပြောပြော ၎င်းဘုရားကျွန်တို့ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်သည့် အခြေအနေကို ကျွန်မဝတ္ထုဖြင့် ဆောင်ရွက်နိုင်ပြီဟု ကျေနပ်မိပါသည်။

ဘုရားကျွန်ဆိုသူတို့သည်လည်း ပုဂံ၊ ညောင်ဦးမြေတွင် လွတ်လပ်စွာ ထွန်ယက်စားသောက်နေပြီဟု ကျွန်မ ယုံကြည်နေခဲ့ပါသော်လည်း တကယ်တမ်း ကိုကြာယုံအပါအဝင် ဘုရားကျွန်တို့ အခြေအနေကို မိုးဂျာနယ်မှာ ကျွန်မ ရေးသားခဲ့သော 'မျှော်လင့်ခဲ့သော်လည်း' ဆောင်းပါးမှ ကောက်နုတ်၍ ယခု ဆောင်းပါးအဆုံးတွင် ဖော်ပြလိုက်ပါသည်။ ကိုကြာယုံ၏ ကံကြမ္မာကို ဆက်လက် ဖတ်ရှုစေချင်ပါသည်။

ကျွန်မစိတ်ထဲတွင် စနစ်တစ်ခုကို တရားဥပဒေဖြင့် ပြင်နိုင်စွမ်း ရှိသည်ဟု ထင်ပါသော်လည်း ဓလေ့ထုံးစံ၊ အယူသည်းမှုကို တရားဥပဒေက မပယ်ဖျက်နိုင်သည်ကို တွေ့ရသောအခါ ကျွန်မနှလုံးသားသည်းအိမ်မှာ နာကျင်သောဝေဒနာ ခံစားရပါသည်။

ချမ်းမြေ့ရှင်သန်းသစ်စာ

(၁၅-၇-၉၈)

www.burmeseclassic.com

www.burmeseclassic.com



'မျှော်လင့်ခဲ့ပါသော်လည်း' ဆောင်းပါးမှ ကောက်နုတ်ချက်

၁၉၇၉ ခုနှစ်၊ ပုဂံမြို့ ငလျင်လှုပ်ပြီးစလောက်တွင် ပုဂံသို့ ကျွန်မ ဒေါ်လှကြည်နှင့်တစ်ခေါက် ပြန်ရောက်သည်။ အာနန္ဒာဘုရားကို ဝင်ဖူးရင်း ကိုကြာယုံအကြောင်း စုံစမ်းတော့ သဗ္ဗညုပုထိုးမှာ တာဝန်ကျသည်ဟု ဆိုသည်။

ကျွန်မက ထိုစဉ်က ကျန်းမာရေး မကောင်းပါ။ သဗ္ဗညုပုထိုးပေါ် ရုတ်တရက် မတက်နိုင်သေး၍ လှေကားရင်းတွင် ထိုင်ကာ အမောဖြေနေသည်။ ဒေါ်လှကြည်က တက်သွားသည်။

မကြာခင် လူတစ်ယောက် ဆင်းလာသည်။ ကျွန်မကို တွေ့တော့ ဝမ်းသာအားရနှင့် ပြောသည်။

'ဆရာမကြီးခင်ဗျာ၊ ကျွန်တော် မောင်ကြာယုံပါ။ အပေါ်က အစ်မကြီး တစ်ယောက်က ပြောလိုက်လို့ ဆရာမကြီး လှေကားရင်းမှာ ထိုင်နေတယ်၊ အပေါ် မတက်နိုင်သေးဘူးဆို၊ ကျွန်တော်က ဆရာမကြီးကို ပခုံးပေါ် ထမ်းပြီး တက်သွားပါ့မယ်'

သူ့စကား ကြားရတော့ ကျွန်မ မျက်ရည်များပင် လည်မိသည်။ ကိုကြာယုံကို ကျွန်မ မမှတ်မိပါ။ ရုပ်ရည် သားသားနားနား ဖြစ်လာသည်။

'ကိစ္စမရှိပါဘူး၊ ဦးကြာယုံ၊ ဖြည်းဖြည်းနားပြီး ကျွန်မ တက်ပါ့မယ်၊ ကျွန်မတို့ သွားရအောင်'

ကျွန်မက ဖြည်းဖြည်းတက်၊ သူက စောင့်ခေါ်၍ သဗ္ဗညုပုထိုးပေါ် ရောက်သွားပါသည်။ သူ့သားငယ် ထင်ပါသည်။ သူငယ်လေးတစ်ယောက်ကို အိမ်ပြန်၍ ရေနွေးဘူးနှင့်ထန်းလျက် ယူခိုင်းပြီး ကျွန်မတို့ကို ဧည့်ခံသည်။ ပုဂံ ငလျင်လှုပ်စဉ်က ဘုရားရှေ့မှာ သူ တာဝန်ထမ်းဆောင်နေဆဲ သူက အသံ မြည်ဟည်းသံကြား၍ ဘုရားရှေ့မှ ဝရံတာကို ပြေးအထွက် အပြင်ဘက် အုတ်ဝရန်တာနှင့် ချင်ဘက် ပြေးဆောင့်ကာ မေ့လဲသွားကြောင်း၊ သတိရ၍ ပြန်ကြည့်သောအခါ သူ ပထမ ရပ်နေသောနေရာမှာ ဘုရားရုပ်ထုကြီး ပြိုကျလာကြောင်း။ ယခုဘုရားမှာ အသစ်ပြင်ထားသောဘုရားဖြစ်ကြောင်း ပြောပြပါသည်။ ဘဝပြောင်းသွားသော ကိုကြာယုံအတွက် ကျွန်မ ဝမ်းသာပါသည်။

ရန်ကုန်ပြန်ရောက်တော့ ဒေါက်တာသန်းထွန်း ရေးသော ဘုရားကျွန်



များအကြောင်းကို အခြေခံ၍ ကျောက်စာပါ အဘိနန္ဒသူ စစ်သူကြီး ကိုယ်တိုင် သူ့ကိုယ်၊ သူ့ဇနီးနှင့် သူ့သမီးများကို ဘုရားကျွန်အဖြစ် လှူဒါန်းကြောင်း။ ပြီးမှ ရွေးနုတ်ယူကြောင်း။ ထို့ကြောင့် ဘုရားကျွန် ဆိုသည်မှာ ယုတ်နိမ့်သော ဘဝ မဟုတ်ကြောင်းကို စာတမ်းငယ်လေးတစ်ခု ရေးသား၍ 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထုကို လုံးချင်းအဖြစ် ပြန်လည်ထုတ်ဝေသောအခါ နောက် ဆက်တွဲ ရေးသားတင်ပြလိုက်ပါသည်။ ကျွန်မအဖို့ ပုဂံဘုရားကျွန်များဆိုင်ရာ စာတမ်းငယ်လေး ပြုစုဖြစ်သွားပါသည်။

နောက်ပိုင်း ပုဂံကို မရောက်ဖြစ်တော့ တက္ကသိုလ်မှ ဆရာမများ ပုဂံသို့ လေ့လာရေးခရီးထွက်တိုင်း 'ဆရာမကြီး ခင်နှင်းယု ပါသလား'ဟု ဦးကြာယုံက မေးသည်ဟု ကျွန်မ သတင်းကြားရပါသည်။

## ပုဂံသို့ ခရီး

၁၉၉၄ ခုနှစ်က ဆရာမြသန်းတင့်၊ ကလျာ (ဝိဇ္ဇာသိပ္ပံ)၊ ညောင်ဦး ဖိုးချို၊ ချမ်းမြေ့သမီးများနှင့်အတူ ပုဂံညောင်ဦးကို ခရီးထွက်ဖြစ်သည်။ ညောင်ဦး ဖိုးချိုက ရှာခံဖြစ်၍ ကျွန်မတို့ကို ရွှေစည်းခုံဘုရားကြီးနားရှိ ကိုအေးသွင် ထမင်းဆိုင်သို့ ခေါ်သွားပါသည်။ ထမင်းဆိုင်ရှင် ကိုအေးသွင်ကို ကျွန်မ ကိုကြာယုံ အကြောင်း မေးပါသည်။

'ဆရာမကြီးရေ၊ နက်ဖြန် ဒီမှာ ကျွန်တော် သူ့ကို ချိန်းထားတယ်၊ ဆရာမကြီးတို့ ရောက်ကြောင်းသတင်း သူ့ကို ကျွန်တော် ပြောပြလို့ သူက အခု ပင်စင်ယူပြီးပြီ။ သူ့အတွက် ထမင်း မနက်၊ ည ကျွန်တော်တို့က ပေးပါတယ်'

ကိုအေးသွင်စကားကြောင့် ကျွန်မ စိတ်အေးသွားပါသည်။

နောက်နေ့နံနက် ကိုအေးသွင်ထမင်းဆိုင်မှာ ကျွန်မ ကိုကြာယုံကို တွေ့တော့ သူ ငိုပါသည်။ ကျွန်မကို ကန်တော့ချင်သည်တဲ့။ သူက ကျွန်မထက် ငယ်ပေမယ့် စားဝတ်နေရေး ပြေလည်ပုံမရ။ အဝတ်အစားကလည်း ဟောင်း နွမ်းနေ၍ အဘိုးအိုတစ်ယောက်သဏ္ဌာန် ပေါက်နေသည်။

'မကန်တော့ပါနဲ့ ဦးကြာယုံ၊ တွေ့ရတာ ဝမ်းသာလှပြီ၊ ကျွန်မတို့ စာရေးဆရာတွေနဲ့ ချမ်းမြေ့သမီးတွေက ငွေနဲ့ ကန်တော့ခဲ့ပါမယ်။ အဘကိစ္စကို ကိုအေးသွင်ကတစ်ဆင့် အကြောင်းကြားနော်'

www.burmeseclassic.com



ကျွန်မတို့စု၍ ကန်တော့သောငွေကို လက်ခံ၍ ကိုကြာယံ့ ပြန်သွားပါသည်။

ကျွန်မ ရန်ကုန်ပြန်ရောက်တော့ ကိုအေးသွင်ထံမှတစ်ဆင့် ငွေကျပ် ၁၀၀၀ နှင့် ဝတ်စုံတစ်စုံ ကိုကြာယံ့ထံ ပို့လိုက်ပါသည်။ ကိုအေးသွင်ဆီက စာတပ်ပုံတစ်ပုံနှင့်စာ ရောက်လာပါသည်။

ကိုကြာယံ့သည် ကျွန်မပေးသော ဝတ်စုံကို ဝတ်၍ မစုပို့သောငွေထဲမှ ဘုန်းကြီးတစ်ပါးစာ ဆွမ်းချက်ပြုတ်၍ ဘုန်းကြီးကို ကပ်နေသောပုံ ဖြစ်သည်။ ဒီကုသိုလ်ကံကြောင့် ဒီဘဝမျိုး ဘဝအဆက်ဆက် မဖြစ်ရအောင် ဆုတောင်းဖို့ ကျွန်တော် လုပ်ပေးတာပါဟု ကိုအေးသွင်က စာထဲမှာ ဖော်ပြထားသည်။

ကျွန်မပို့သောငွေထဲမှ ကျန်ငွေကို လုံးခနဲ မပေးဘဲ တစ်လ ကျပ် ၁၀၀ စီ ပေးကြောင်း၊ သူ့အိမ်မှာ လုံခြုံမှု မရှိကြောင်း ကိုအေးသွင်က စာလှမ်းရေးပါသည်။

နောက်စာတစ်စောင်တွင်မှာတော့ ကိုအေးသွင် ဖော်ပြသည်ကို ကျွန်မ ဖတ်ရ၍ စိတ်မကောင်းပါ။

'ကိုကြာယံ့တစ်ယောက် ကျောက်မန်းတောင်းသွားရင်း ဘုရားဝင်းထဲမှာ တည်းခိုနေစဉ် ဘုရားရွှေ ခိုးသည် ဟူ၍ အဖမ်းခံရကြောင်း၊ ကိုအေးသွင်က ကိုကြာယံ့မှာ ဒီလိုစာရိတ္တ မရှိကြောင်း သက်သေခံရာကို အာမခံမှ လွှတ်လာကြောင်း၊ မစုပေးသော ဝတ်စုံလည်း အခိုးခံရ၍ မရှိတော့ကြောင်း' ရေးလာပါသည်။

## ဘဝအာမခံချက်

ကျွန်မ စိတ်မကောင်းပါ။ ကိုကြာယံ့အတွက် လုံခြုံမှုရော၊ ဘဝ အာမခံချက်ရော မရှိပါတကား။ 'ကျွန်မ ဘာလုပ်ပေးရမလဲ' ဟု စဉ်းစားနေမိပါသည်။

မကြာခင် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ဥက္ကဋ္ဌ ဦးချစ်လှိုင်၊ ချမ်းမြေ့ရိပ်သာသို့ ရောက်လာပါသည်။ စကားစပ်မိကြရင်း မုံရွာသို့ လာစဉ်က သူ့ထံ မဝင်၍ ဝမ်းနည်းစကား ပြောပါသည်။

'မစုတို့ အုပ်စုနဲ့လာလို့ အားနာလို့ မလာတာပါ' ဟု တောင်းပန်ရသည်။



'မစု လာခဲ့။ လူ ၁၀၀ ခေါ်လာခဲ့မလား။ ဘိုးဘွားရိပ်သာမှာ ကျွန်တော် တည်းခိုစားသောက်ဖို့ကအစ တာဝန်ယူတယ်'

ကျွန်မသည် ချက်ချင်း ကိုကြာယံ့ကို သွားသတိရသည်။

'ဦးချစ်လှိုင်ရယ် မစုတော့ မလာနိုင်သေးဘူး။ ဖြစ်နိုင်ရင် မစုကို ကူပါ။ သူက မစုဝတ္ထု 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထုထဲက ကိုကြာယံ့ပါ။ သူ အခုထိ ရှိနေတယ်။ ဖနီးလည်း ဆုံး။ သားသမီးတွေကလည်း အားမကိုးရလို့ အဲဒါ မုံရွာ ဘိုးဘွားရိပ်သာကို ပို့ရင် လက်ခံမလား'

## အတိတ်ကံ

ဦးချစ်လှိုင်က ခေတ္တစဉ်းစားပြီးမှ–

'ကျွန်တော်တို့ နယ်ကျော်ရင်တော့ လက်မခံဘူး၊ ဒါပေမင့် ဆရာမကြီးကိုစွဆိုတော့ ကျွန်တော် ကူပါ့မယ်၊ ကြိုတင် စာရေးပြီး လွှတ်လိုက်ပါ။ ဆရာမကြီးလဲ အခါမရွေး မုံရွာမှာ စာလာပြီး ရေးနိုင်ပါတယ်'

ဦးချစ်လှိုင်၏ သဒ္ဓါတရားကို ကျွန်မ ချီးကျူး၍ မဆုံးပါ။

သို့သော်လည်း ကျွန်မ အကျိုးအကြောင်း ကိုအေးသွင်ထံ စာရေးတော့–

'မစုရေ၊ ကျွန်တော်တို့က သူ့ဘဝကို ဘယ်လိုပဲ အေးချမ်းအောင်၊ ခွန်မြောက်အောင် ကြိုးပမ်းပေမင့် အတိတ်ဝဋ် ပါတယ်ထင်ပါရဲ့၊ သူ ပုဂံမြေကို စွန့်လွှတ်နိုင်ရုံမက တောင်းစားတဲ့အလုပ်ကိုလည်း မစွန့်နိုင်ဘူး၊ မစု စိတ်ကောင်းမှာစိုးလို့ မရေးတာ။ ကျောက်ပန်းတောင်းမှာ အဖမ်းခံရတာလည်း သူတောင်းစားအုပ်စုနဲ့အတူ သွားတောင်းပြီး ဘုရားပရိဝုဏ်ထဲမှာ တည်းခိုရာက တစ်ခြားလူတွေက အကျင့်မကောင်း။ ရွှေခိုးတာမှာ သူပါရောပြီး အဖမ်းခံရတာ။ မစုရေ.....စိတ်လျှော့လိုက်တော့'

ကျွန်မ စာဖတ်ပြီး ငိုချင်ပါသည်။ ဥပဒေအရ အစိုးရကလည်း လွတ်မြောက်ခွင့် ပေးပြီးဖြစ်သည်။ ကျွန်မရော ကိုအေးသွင်ပါ ကိုကြာယံ့ဘဝ အေးချမ်းမှုရအောင် ဆောင်ရွက်ပေးကြပေမင့် ကိုကြာယံ့ တောင်းစားသော ဘဝကို ဘာကြောင့် မစွန့်လွှတ်နိုင်ပါသလဲ။

'မိမိကောင်းမှု မကောင်းမှုသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည် တကား'

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာယုံ၏အတိတ်ကံပဲဟု ကျွန်မ နှလုံးသွင်းပေမင့် စိတ်ကတော့ မပြေပါ။

တစ်နှစ်က ပုဂံမြို့သားကြီး ကိုကြာယုံ အနိစ္စရောက်သွားပါပြီ။

ဝိပါက–ဝဋ်နှင့် ကံဆိုသည်ကို ကျွန်မ ပို၍ ယုံကြည်လာပါသည်။ ကျွန်မ မျှော်လင့်ကြီးစွာ ကြိုးစားခဲ့ပါသော်လည်း သတ္တဝါတစ်ဦး၏ကံကို သတ္တဝါတစ်ဦးက ဖန်တီး၍ မရပါတကား။

၁၅-၃-၉

♛ ♛ ♛

## မိန်းမသားများ အားထားရာ ရေချိုကျွင်း

လှိုင်းပြာအရှင်
အဏ္ဏဝါပြင်
အိုသခင်ငဲ့
သခင့်အင်အား
ကြီးမားပြန့်ကျယ်
အံ့ဩဖွယ်တည့်။

ကျွန်းကိုရစ်ဝိုင်း
ရေငံလှိုင်းလည်း
အတိုင်းမသိ
မျှော်ကြည့်မဆုံး
မိုးစပ်ကုန်းသို့
ထိဖုံးအသွင်
အကျွန် မြင်၏။

အကျွန်နှုတ်မှ
သက်ဆက်ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com

မှီခိုရှင်ကား
ယယ်ပင်ယယ်စွ
ဤကျွန်းမ၏
ချမ်းမြသန့်ရှင်း
'ရေချိုတွင်း'တည့်။ ။

အထက်ပါ ကဗျာ၏ အမည်အတိုင်း ကျွန်မဝတ္ထုကို 'ရေချိုတွင်း'ဟု အမည်ပေးခဲ့ပါသည်။ ဝတ္ထု၏အဆုံးမှာလည်း ဝတ္ထု၏ ဇာတ်ကောင်တစ်ယောက် ဖြစ်သော အမေကျန်က လင်သည်ယောက်ျားကို ရေချိုတွင်းနှင့် နှိုင်းခဲ့ပါသည်။

တို့များ မိန်းမသားက ပင်လယ်တွေ ပိုင်းနေတဲ့ ဒီကျွန်းပေါ်က ရေချိုတွင်းနဲ့ တူတယ်။ လောကီစည်းစိမ် အနန္တဟာ ပင်လယ်သမုဒ္ဒရာရေအမျှ ပေါ်များနေပေမယ့် စည်းစိမ်တွေဟာ သမုဒ္ဒရာရေငံလိုပဲ။ တစ်စက်မှ ဒီလူဟာ သောက်မရ၊ အဝတ်တောင် လျှော်လို့ မရဘူး။ ကျွန်းပေါ်က လူသား တကာယ အားကိုးရတာက ကျွန်းလေးပေါ်က ဒီရေချိုတွင်း ကွက်ကွက်လေးပါ။

အမေကျန်က လင်သားကို အားကိုးရာ ပမာဏ ရေချိုတွင်းနှင့် နှိုင်းပြခဲ့သည်။ သမုဒ္ဒရာအကျယ်နှင့် ရေချိုတွင်းပမာဏတို့ မနှိုင်းယှဉ်သာ ပေမယ့် တကယ်တန်းကျတော့ ဤသေးငယ်သော ရေချိုတွင်းသာ အားကိုးရာ အားထားရာ ဖြစ်သည်။ ဤဝါဒကို အမေကျန်လိုပင် လက်ကိုင်ထားသူ သန်းရှင်မသည် ဤဇာတ်လမ်းကို အသက်သွင်းပေးခဲ့သည်။

သန်းရှင်မသည် အမေကျန်၏ လယ်တွင် ကောက်စိုက်သမ ဖြစ်သည်။ သန်းရှင်မနှင့် တွဲ၍ လုပ်ဖော်ကိုင်ဖက်ဖြစ်သူက မပွေးလှ၊ အမေကျန်သည် လယ်ပိုင်ရှင် သဌေးမကြီး မဟုတ်။ လယ်ဧက အနည်းငယ်မျှ ပိုင်ဆိုင်သော မုဆိုးမကြီးဖြစ်သည်။ လက်ကျဲခေတ်ထဲတွင် ကျေးရွာကာကွယ်ရေး ခေါင်းဆောင်ဟု အမည်ခံသော စံနက်ကျော်၏ လက်ချက်ဖြင့် အမေကျန့်ခင်ပွန်း ဦးဖေမောင်မှာ သေဆုံးခဲ့ရသည်။ ဦးဖေမောင် ကွယ်လွန်သော်လည်း အမေသည် တမဦးချ လင်သည်နှင့် အတူတကွ အခြေချခဲ့သော သူ့လယ်ယာကို မစွန့်။ သူကိုယ်တိုင် ကောက်စိုက်သမများနှင့်အတူ လယ်အတူစိုက်သူဖြစ်သည်။

ကျွန်မ၏ ဝတ္ထုကို ပန့်တပွတ် အရှေ့ဘက်ကမ်း၊ ဗောဓိကုန်းရွာလေးတွင် အခြေတည်ခဲ့သည်။ ပန့်တပွတ်နှင့် မအူပင်ကို မော်တော်နှင့် သွားလျှင်



၄၅ မိနစ်ပဲ မောင်းရသည်။

သန်းရှင်မသည် အမေကျန်၏ လယ်သူမဖြစ်၍ လင်ကို ဘုရားလို ကိုးကွယ်သောဝါဒကို လက်ကိုင်ထားသူ၊ လင်ကို ရိုရိုသေသေ လုပ်ကျွေးသည်။ သူ့လင် ကိုဘိုးထင်က အုန်းပင်တက်၊ အုန်းသီးချ၍ မြို့ကို ပို့ပေးသောအလုပ်ကို လုပ်ပေမယ့် ရသမျှငွေ သန်းရှင်မကို မအပ်။ မပားငယ် သိန်းမေကို ပေးသည်။ သို့ပေမယ့် သန်းရှင်မက ကြည်ဖြူသည်။ လယ်စိုက်ခ ရသမျှနှင့် လင်ကို လုပ်ကျွေးသည်။

မပွေးလှလင်က ကိုရွှေအေး၊ နာမည်နှင့်လိုက်အောင် အေးသည်။ တောသားသာ ဆိုသည်။ တစ်ခြားတောသားတွေလို အလုပ်မလုပ်။ ထင်းမခွေ၊ ရေမခပ်၊ လယ်မလုပ်။ မပွေးလှရှာသမျှ ထိုင်စား။ သို့သော် ပွေးလှ လယ်စိုက်သွားသောအခါ ယူရန် ထမင်းတော့ မနက်တိုင်း ထချက်ပေးသည်။ ကလေးတွေကိုလည်း မကြည့်။ ဒီလိုနှင့် ပွေးလှ ကလေးခုနစ်ယောက် ရခဲ့သည်။

တစ်ခြား လယ်သူမတွေနှင့်အတူ အလုပ်ဆင်းကြသော်လည်း ထမင်းစားချိန် အတူတွဲကာ လင်ပြသနာ မအေးနိုင်သူများမှာ မပွေးလှနှင့် သန်းရှင်မ။ ထိုအချိန်က ဆီတစ်ပိသာ ရှစ်ကျပ်ကိုပင် ငါးချဉ်သုတ်မှာ ဆီရွှဲအောင် မဆမ်းနိုင်။ ဒါပေမယ့် ဆီခြောက်ခြောက် ငါးချဉ်သုတ်ကိုစားရင်း ထမင်းမြိန်တတ်သော သူငယ်ချင်းနှစ်ယောက်မှာ ယခုတော့ ထမင်းမမြိန်ကျ။ မပွေးလှက အလုပ်မလုပ်သော လင်အကြောင်း ညည်းလျှင်–

'လင်ဆိုတာ အိမ်ဦးခန်း ထိုင်နေဖော် ရရင်ပဲ ကျက်သရေရှိတာ 'အဟမ်း' ဆိုဖော်ရ နည်းရော့သလား'

ဆိုသောဝါဒကို လက်ကိုင်ထားကာ တရားချတတ်သော သန်းရှင်မသည် ဒီတစ်ခါ စကားမပြောနိုင်။ မျက်ရည် ဖြိုင်ဖြိုင်ကျနေသည်။

သန်းရှင်မယောက်ျား ကိုဘိုးထင်က သိန်းမေကို တရားဝင်ယူမည်ဟု ဆိုသည်။ သန်းရှင်မ ကိုယ်တိုင် လိုက်တောင်းပေးရမည်ဆို၏။ သန်းရှင်မ တိုးတိုးတိတ်တိတ် ကြိုက်သလောက် မယားယူပါ။ အိမ်ပေါ် မတင်ခဲ့ဖို့ ပြောပြသည်။ မရ။ နောက်ဆုံးတော့ သန်းရှင်မကိုယ်တိုင် သိန်းမေကို လိုက်တောင်းပေးခဲ့ပြီး သူက အမေကျန်အိမ်သို့ ဆင်းလာသည်။

အမေကျန့်မှာ သမီးကြည်ကြည်နှင့် သားမောင်ပွန်းမောင်ရှိသည်။ ကလေးတွေကို မအူပင်ပို့ကာ အမေက ကျောင်းထားသည်။ အရွယ်ရောက်သော

www.burmeseclassic.com



ကြည်ကြည်က မအူပင်မှာ အိမ်ထောင်ကျသည်။ သားက ရန်ကုန်မှာ သတင်းစာတိုက် အယ်ဒီတာ လုပ်သည်။

မပွေးလှ နို့စို့ကလေး သန်ထသည့်ရောဂါနှင့် မအူပင် ပို့ရသည်။ အမေကျန်၏ ဆက်သွယ်ပေးမှုကြောင့် ကြည်ကြည်က မပွေးလှကလေးကို ဆေးရုံ တင်ပေးသည်။ သန်ချ၍ပင် မရ။ အိတ်လိုက်ဖြစ်နေသော သန်ကို ဗိုက်ခွဲထုတ်ကာ ကလေးအသက်မသေအောင် ဆရာဝန်တွေက ကယ်လိုက်ရသည်။ ထိုကတည်းက မပွေးလှနှင့် မအူပင်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဆရာမများနှင့် ရင်းနှီးသွားသည်။ ယခင်က မပွေးလှသည် မအူပင်မြို့ကိုပင် မရောက်ဖူးခဲ့။

မပွေးလှသည် ကလေးခုနစ်ယောက်နှင့် သူ့လုပ်စာ မလောက်၍ လယ်ထဲတွင် တစ်နေကုန်၍ အိမ်ကို လှည့်မကြည့်နိုင်။ အကြီးဆုံး အေးကြည်က ဆယ့်လေးနှစ်အရွယ်လောက် ရှိသေးသည်။ ဒီသမီးကို အမေကျန်သော တို့ထွန်းမောင် အိမ်တွင် ပို့ထားဖို့ စီစဉ်ကြသည်။ ချွေးမဖြစ်သူက ဆရာမဖြစ်၍ မျက်နှာမြင်ချိန်မှာ လူလိုသဖြင့် အမေကျန်ထံမှာ တောင်းသောကြောင့် အမေကျန်က အေးကြည်ကို တစ်လ လခလေးဆယ်နှင့် ထားပေးရန် စီစဉ်သည်။ ပြီးတော့လည်း အမေက ကိုရေအေးရွာတွင် အလုပ်မလုပ်ဘဲ ထိုင်စားသည့် အတူတူတော့ သူ့သားထံကို ကိုရေအေးကို ပို့လိုက်မည်။ သားဖြစ်သူ၏ သတင်းစာတိုက်တွင် ဘာအလုပ်ပဲ ရရ အလုပ်သွင်းပေးရန် သားကို အကြောင်းကြားလိုက်သည်။ ကိုရေအေးနှင့် အေးကြည်တို့ ရန်ကုန်လိုက်ရန် မအူပင် သင်္ဘောဆိပ်တွင် ...ဘောတံတားမှာ သင်္ဘောစောင့်နေစဉ် ကိုရေအေး အဖမ်းခံရသည်။ ထိုစဉ်က စိမ်းစားငါးပိမှာ ကင်းလွတ်ကုန် မဟုတ်။ မအူပင်ငါးပိကို ရန်ကုန် ခိုးထုတ်သော မအူပင်မှ တရုတ်သဌေး ကိုရွှေဖာအား ငါးပိများနှင့် တစ်ခြားကုန်သည်များ ဖမ်းရာမှ မအူမလည် ကိုရေအေးအနီးတွင် ငါးပိအချိန်ခြောက်ဆယ် တွေ့မှု၍ အဖမ်းခံရသည်။

ကိုရေအေးသတင်းမှာ တစ်ရွာလုံး ပျံ့သွားသည်။ ငိုယိုနေသော မပွေးလှကို ရွာသူမတွေက နှစ်သိမ့်နေကြသည်။ ကြည်ကြည့်ယောက္ခမ ... ရွှေ၏ဆန်စက်မှ မန်နေဂျာ ကိုသွင်မှ ကိုရေအေးအကြောင်း လာရောက် အကြောင်းကြားခြင်းဖြစ်သည်။

'ဒီလိုဖြစ်တယ် ပွေးလှရဲ့၊ ခုတစ်လော မှောင်ခိုတွေကို ပြင်းပြင်းထန်



ထန် နှိပ်ကွပ်နေတုန်း ကိုရေအေးက ကံနိမ့်လို့ ပါသွားရတာ၊ ဟိုအပတ် သတင်းစာထဲ မတွေ့ဘူးလား။ အသက်ခြောက်ဆယ်ကျော် အဘွားကြီး ကမာရွတ်မှာ ငါးပိ အချိန်တစ်ဆယ်နဲ့ မိလို့ ထောင်သုံးနှစ် ချလိုက်တယ်၊ မှောင်ခိုသမားတွေ ကြောက်သွားအောင် ဓာတ်ပုံနဲ့ကို ပါလာတယ်'

မပွေးလှ စာမတတ်၊ သတင်းစာလည်း မဖတ်၊ ပွေးလှ ပြန်ပြောသည်က–

'ငါးပိအချိန်တစ်ဆယ်ကို ထောင်သုံးနှစ်ချရင် အခု ကိုရေအေးမိတာ အချိန်ခြောက်ဆယ်ဆိုတော့ ထောင်ဘယ်နှနှစ်လဲ၊ တွက်ပေးစမ်းပါ အစ်ကိုသွင်ရယ်'

ပြစ်မှုကို ဂဏန်းတွက်သလို တွက်ခိုင်းနေသည်။ အမေကတော့ ရန်ကုန်ရှိ သားထံ ကိုရေအေးကိစ္စ ဥပဒေအရ ကူညီရန် အကူအညီ တောင်းလိုက်သည်။

အဖေမရှိတော့၍ အေးကြည် ရန်ကုန် မသွားနိုင်။ ပွေးလှ လယ်ထဲ ဆင်းငှကုန်း အိမ်မှာ နေရစ်ရသည်။ ညတိုင်းတော့ ပွေးလှတို့အမျိုး ဘထွေးက လာအိပ်ပေးသည်။ ဘထွေးက ဦးပြုံး၊ ဒေါ်စော သားဖြစ်သည်။ တစ်နေ့ ပွေးလှနှင့် အေးကြည် မအူပင် ရောက်လာသည်။ အေးကြည် နေမကောင်း၍ ကြည်ကြည်ထံ လာခဲ့ခြင်းဖြစ်သည်။ ကြည်ကြည်က အေးကြည်ကို ဆေးရုံရှိ အမျိုးသမီး ဆရာဝန်နှင့် ပြကြည့်တော့ ကိုယ်ဝန် သုံးလ ရှိနေသည်ဟု ဆရာဝန်က ပြောသည်။ ကြည်ကြည်သည် သားအမိနှစ်ယောက်လုံးကို ရွာသို့ ပြန်ခေါ်သွားသည်။ ရွာရောက်တော့ အေးကြည်ကို အမေ့အိပ်ခန်းထဲ ထားကာ ပွေးလှနှင့်အမေ့ကို ကြည်ကြည်က အကျိုးအကြောင်း ပြောပြသည်။ ပွေးလှမှာ ရင်ဘတ် စည်တီး ငိုတော့သည်။ သူ့သမီး အပျိုမှ မဖြစ်သေး။ ချက်ချင်း အိပ်ခန်းထဲ ပြေးဝင်ကာ အေးကြည်ကို တံမြက်စည်းနှင့် ချသည်။ အေးကြည်သည် ငုတ်တုတ် ငိုကြွေးရုံ ကလွဲ၍ ဘာမျှ ပြန်မပြော။ အမေတို့က ဝိုင်းဝန်းဆွဲကြသည်။

'ရိုက်တော့လဲ အ,အလိုပဲ။ အဲဒီလို အ,အလို နလွန်းလို့ နင့်ကို ငါ သတ်ချင်တယ်။ နင့်ဗိုက်ထဲကဟာ ကလေး။ နင်ဟာ ငါ့လိုပဲ ကလေး မွေးရ တော့မယ်။ ကလေးမွေးတယ်ဆိုတာ လင်ရှိရတယ်။ နင့်လင် ဘယ်သူလဲ နင် ဘယ်သူနဲ့ အိပ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



ပွေးလှ ထပ်ရိုက်ပြန်သည်။ ကလေး မွေးရမယ်ဆိုတော့မှ ဘယ်လို အစီပွာယ် အေးကြည် ကောက်သည့် မသိ။ တုန်တုန်ယင်ယင်နှင့် စကားလုံး ထွက်လာသည်။

'ဦးလေး၊ ဦးလေးဘထွေးရယ်၊ ညညကျရင် ငါနဲ့ လာအိပ်တဲ့၊ ဒါနဲ့ ကျွန်မ သွားသွားအိပ်တာ'

'ယောက်ျားနဲ့ အတူအိပ်ရင် ဗိုက်ကြီးတတ်တယ်ဆိုတာ နင် မသိဘူးလား'

ပွေးလှက မေး၏။

'မသိဘူး'

အေးကြည်က ဖြေသည်။ အမေက မရိုက်ဖို့ တားရင်း–

'ဘာပဲဖြစ်ဖြစ် အေးကြည် လင်ကောင်ပေါ်ဖို့က အဓိက'

ဆိုက အမေကျန်က ဆောင်ရွက်ပေးသည်။ သူကြီး ဦးသာဂေါင်နှင့် ဦးပြုံးလင်မယားကို အိမ်သို့ အမေက ခေါ်ကာ အကျိုးအကြောင်း ရှင်းပြသည်။ ထိုညနေက ပွေးလှအိမ်တွင် လူကြီးစုံရာနှင့် ဘထွေး၊ အေးကြည်တို့ မင်္ဂလာပွဲကို တိတ်ဆိတ်စွာ ပြီးသွားသည်။

သန်းရှင်မကတော့ ပွေးလှလင် ကိုရေအေးသာ အိမ်ဦးခန်းတွင် ရှိနေလျှင် အေးကြည် ယခုလို မဖြစ်ဟူ၍ လင့်ဂုဏ်တရားကို ဖော်သည်။

ပွေးလှတို့၊ အေးကြည်တို့ ဒုက္ခတွေမှာ ဆင်းရဲ၊ စာမတတ်၊ အသိပညာ မရှိ၍ဟု အမေက ကောက်ချက်ချကာ အေးကြည်အောက် အေးရီကို မအူပင်ပို့၍ ကြည်ကြည့်အိမ်မှာ ထားသည်။ စာသင်ပေးဖို့ ပြောသည်။ ကျောင်းအားချိန်တွင် ကြည်ကြည့်ယောက္ခမ ဝေယျာဝစ္စကို လုပ်ရသည်။ အေးရီ အပျိုဖြစ်လာတော့ ကျောင်းပြေးသည်။ တစ်နေ့ ရုပ်ရှင်ရုံထဲကအထွက် သူငယ်တစ်ယောက်နှင့် တွဲလျက် ကြည်ကြည်က မိသည်။ ထိုသူငယ်မှာ အမေကျန့်ယောက်ျား ဦးဖေမောင်ကို သတ်သူ စံနက်ကျော် မအူပင်ခရိုင်တွင် သောင်းကျန်းစဉ်က နောက်လိုက်နောက်ပါတစ်ယောက်ဖြစ်သူ ဖိုးတုတ်ဖြစ်သည်။ ယခုတော့ မအူပင်မှာပင် ဂျာကင်ဝတ်၊ ဘောင်းဘီရှည်၊ မိုလ်ဆံတောက် ကြော့ကြော့နှင့် နေတတ်သူ။

အမေက ခွင့်လွှတ်ခြင်းတရားကို လက်ကိုင်ထားသော်လည်း သင်းဖြစ်သူ ကြည်ကြည်က မရ။ အမေ မပြောလေနှင့်။ စံနက်ကျော်အုပ်စု သောင်း



ကျန်းစဉ်က သူ့အဖေ အသတ်ခံရသည်ကို မေ့။ စံနက်ကျော်နောက်လိုက် ဆို၍ ကြည့်မရ။ ချက်ချင်း အမေ့ကို အကျိုးအကြောင်း စာရေးကာ အေးရီကို ရွာပြန်ပို့လိုက်သည်။

အမေကျန့်သား ကိုထွန်းမောင်အကူအညီနှင့် ရှေ့နေ ငှားကာ ကိုရေအေးကိစ္စ ဆောင်ရွက်ကြသည်။ ကြည်ကြည့်ယောက်ျား ကိုမြင့်ထွန်းက မအူပင်သား၊ ဆည့်မြောင်းအရာရှိ။ သူက မိတ်ဆွေ နလကအဖွဲ့ဝင်များကို အကူအညီတောင်း၍ အမှုမြန်မြန်စစ်ကာ ကိုရေအေး အချုပ်မှ လွတ်လာသည်။

ပွေးလှအဖို့ ကံကောင်းလာသည်။ ထောင်မှ လွတ်လာသော ကိုရေအေး သည် ယခင် ကိုရေအေး မဟုတ်။ တောထွက် ထင်းခုတ်သည်။ ဝါးခုတ်သည်။ တဲစုတ်ကို ကိုယ်တိုင် ပြင်သည်။ လယ်အလုပ်တွေဟူသမျှ အခစား လိုက်သည်။ အေးကြည်ကတော့ အမေနှင့်အတူ ကလေးအပြိုင် မွေးသည်။ အေးရီကတော့ မအူပင်မှာနေစဉ် အချိုးအတိုင်း နားသံသီး တခါခါနှင့် ကြည်ကြည်ပေးသောအဝတ်များဖြင့် ကျော့ကျော့မော့မော့ နေသည်။ ဘာမျှ မလုပ်။

တစ်နေ့ အမေကျန်ကို ပွေးလှအပြေးအလွှား သွားခေါ်၍ အမေ လိုက်သွားရသည်။ ဟိုရောက်တော့ ဘထွေးကို အသေအလဲ ရိုက်နေသည်။ အမေကျန်ကို မြင်မှ တုတ်ကို လွှတ်လိုက်သည်။ ပွေးလှရော သန်းရှင်မပါ ကိုရေအေးကို ဝိုင်းဆွဲ၍ ကပြင်တွင် ထိုင်ခိုင်းလိုက်ရသည်။

'မပြောချင်ဘူး အမေ၊ ကျွန်တော် ဘာကိုမှ မရှက်တော့ပါဘူး။ လူလဲ သတ်ရဲနေပြီ၊ အေးကြည်အဖြစ်ကို ကျွန်တော် ထောင်ထဲက ထွက်လာတော့ ပွေးလှက ဖုံးထားတယ်၊ ဒီအဖြစ်ကို သိပေမယ့် ကျွန်တော်မြို့သိပ်ပြီး အေးလက်စနဲ့ အေးအေးနေခဲ့တယ်၊ အေးရီကို ဘကြီးသာခေါင်အိမ် ခိုင်းလိုက်တယ်လို့ ပွေးလှက ပြောတယ်၊ ကျွန်တော် နွေဘူးစားချင်လို့ စင်ထိုးရအောင် ဝါးရုံစပ် သွားပါတယ်'

'ဘုရား–ဘုရား'

ပွေးလှစိတ်ထဲတွင် ဤမဟာပထဝီမြေကြီးသည် အိုးထိန်း[illegible] ချာချာလည်သွားသည် ထင်သည်။ သူ့လင်ပါးစပ်မှ ဒီတစ်သက် မ[illegible] ဟုထင်သောစကား။ မမြင်ရတော့ပြီဟုထင်သော မျက်နှာထား[illegible] မြင်ရ [illegible] သောအခါ သူ့ဝမ်းသာမှုကို ထုတ်ဖော်ပြောပြ၍ပင် မ[illegible]နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ရောဝတီနှင့် ပန်းတပွတ်ချောင်းဆုံရာ သန်လျက်စွန်းမြေမှာ ငှက်ပျော နှင့် သရက်ပင်များ အုပ်ဆိုင်းနေသည်။ သရက်ပင်ရိပ်အောက်တွင်လျှောက်ရင်း သန်းရှင်မသည် သူငယ်ချင်းမွေးလှအကြောင်း စဉ်းစားကာ ဝမ်းသာသလောက် သူ့ယောက်ျား ကိုဘိုးထင်အကြောင်းကို သတိရကာ မျက်ရည်ဝဲလာသည်။ သူ့ ခြေထောက်က သစ်ရွက်ခြောက်များကိုနင်းရင်း အသံမြည်သည် ထင်သည်။ သူ့ရှေ့ သစ်ပင်ကွယ်မှ မိန်းကလေးတစ်ယောက် ထပြေးသည်။ သူက အပြေး အလွှား လိုက်ကြည့်တော့ အေးရီ ဖြစ်နေသည်။ သစ်ပင်ခြေရင်းတွင် ထိုင်လျက် ကျန်သူက ဖိုးတုတ်။ သန်းရှင်မသည် ဖိုးတုတ်ကို ဂရုမစိုက်နိုင်ဘဲ အေးရီ နောက်သို့ လိုက်သည်။ အေးရီသည် အိမ်နောက်ဘက်မှ ပြေးတက်ကာ အိပ်ခန်းထဲ ဝင်ပုန်းနေသည်။ သန်းရှင်မက မွေးလှကိုခေါ်ကာ သူမြင်ခဲ့ရသော မြင်ကွင်းကို ပြောပြသည်။ မွေးလှကတော့ အေးရီကို ဟင်းရွက်ခူးခိုင်းသည်ဟု ဆိုသည်။ အေးရီကိုသာ အချုပ်သပ်၍ ထိန်းထားရန် သန်းရှင်မက မွေးလှကို မှာခဲ့ကာ ပြန်သွားသည်။

သူသည် ကမ်းစပ်မှ သစ်ပင်အုပ်များအောက်ကို ဖြတ်လျှောက်ရင်း နောက်မှခြေသံကြား၍ လှည့်ကြည့်တော့ ဖိုးတုတ်။

'သေပေတော့'

ဟူသောအသံနှင့်အတူ ဓားမြှောင်ကိုင်ထားသော ဖိုးတုတ်လက်သည် သန်းရှင်မအပေါ် ဝဲလာသည်။ သန်းရှင်မက ရှောင်လိုက်၏။ ဖိုးတုတ်သည် သန်းရှင်မ လက်ကို ဆွဲထားသည်။

'နင်တို့ အုပ်စုမို့လား။ အေးရီကို မအူပင်က ခေါ်ထုတ်သွားတာ၊ နင့်ကို အရင်သတ်ပြီး ဟိုသူအိုမ အရီးကျန်ကို သတ်ရမယ်၊ နင်တို့ ငါ့ကို နာမည်ဖျက်တဲ့အုပ်စု'

ဖိုးတုတ်ပါးစပ်မှ အရက်နံ့ တထောင်းထောင်း ထွက်နေသည်။

'ဖိုးတုတ် လွှတ်၊ နင်တို့လိုလူစားတွေ ရွာမှာ ခြေမချစေရဘူး။ ငါသေရင် နင်လဲ သေရမယ်'

သန်းရှင်မသည် တောင့်တင်းသူမို့ ဖိုးတုတ်ကို ဝင်လုံးသည်။ ဓားကို လုရင်းလုရင်းနှင့် ကမ်းပေါ်က ဝါးတံတားအပေါ် ဖိုးတုတ် ခြေရင်းနားမှ ကျွံကျ သွားကာ တံတားအောက်ရှိပေါ်တွင် မှောက်လျက်လဲကျသွားသည်။ ဖိုးတုတ်က မလှုပ်။ သန်းရှင်မသည် ကြောင်၍ ကြည့်နေမိသည်။ ဖိုးတုတ် သေပြီလား။



အကယ်၍ သေသွားခဲ့သော် သူ့အရှိန်နှင့်သူ ကျသွား၍ သူ့ဓားနှင့်သူ ထိုးမိသည် ဟု သူက အမှန်အတိုင်း ပြောပြပါလျှင် ရဲက ယုံကြည်ပါမည်လား။ သူသည် ကြောက်ရွံ့လာကာ ဤနေရာမှ အမြန်ဆုံးပြေးရန် လှည့်လိုက်သောအခါ သူ့ နောက်တွင် လူတစ်ယောက် တွေ့ရသည်။ ထိုသူမှာ ကိုဘိုးထင်။

'ကိုဘိုးထင်.....ကိုဘိုးထင် ကျုပ်ကို ကယ်ပါဦး'

သူသည် ပြေးဖက်ကာ အကျိုးအကြောင်း ပြောပြ၏။ ကိုဘိုးထင် အနန်းခိုင်များ သယ်လာရင်း ဝိုးတိုးဝါးတား ရုန်းရင်းဆန်ခတ် ဖြစ်နေသည်ကိုမြင်၍ ပြေးလာရာမှ သန်းရှင်မအဖြစ်ကို သိရသည်။

'လာ.....လာ.....အမေကျန့်အိမ်ကို တို့သွားရအောင်'

ကိုဘိုးထင်သည် သန်းရှင်မကို ပခုံးဖက် ခေါ်သွားသည်။

'အမေကျန် ကျွန်တော် စိစဉ်စရာရှိလို့ သူ့ကို ခေါ်ထားပါ၊ ဘယ်မှ မသွားပါစေနဲ့၊ ဘာမှလဲ မပြောပါစေနဲ့'

ကိုဘိုးထင် ထွက်သွားမှ သန်းရှင်မက အကျိုးအကြောင်း ပြောပြလိုက် သည်။

'သူ ဘာစီစဉ်မှာလဲ အမေ၊ သိချင်လိုက်တာ'

'သူမှာခဲ့တဲ့အတိုင်း အေးအေးနေ'

အမေက သန်းရှင်မကို သွေးဆေးတိုက်ကာ ငြိမ်ငြိမ်သိပ်ထားသည်။ ညဘက်တွင် အဘသာခေါင်လာ၍ အမေကျန်ကို အကျိုးအကြောင်း ပြောပြသည်။ ကိုဘိုးထင်က သူနှင့်ဖိုးတုတ် ရန်ဖြစ်၍ လုံးထွေးသတ်ပုတ်ရင်း ချောင်းကမ်းပါး ကျသွားကြောင်း၊ ဖိုးတုတ် သေသလား၊ ရှင်သလား မသိလို့ လာတိုင်ကြောင်း၊ အဘသာခေါင်နှင့် ကိုဘိုးထင် မအူပင်ဂတ်တဲကို သွားရောက် တိုင်ကြားကြသည်။ အလောင်းနားမှာ အစောင့်ချထားခဲ့သည်။ ယခု လောလောဆယ် ကိုဘိုးထင်ကို ခေတ္တခေါ်ထားကြောင်း ယခုအလောင်းကို ရဲများစစ်ဆေး၍ မအူပင်ကို သယ်ယူ သွားကြောင်း ပြောပြသည်။

'မောင်ဘိုးထင်က အတန်တန် မှာတယ်၊ သူအဖမ်းခံရလဲ ခံရတဲ့ သန်းရှင်မကိုသာ အမေ ကောင်းကောင်းစောင့်ရှောက်ထားပါတဲ့'

ရွာသူကြီး အဘသာခေါင်စကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် သန်းရှင်မသည် အမေ့ကို ဖက်လိုက်၏။

'အမေ.....အမေ၊ သူ ကျွန်မကို ချစ်နေသေးတယ်နော် ဘွားမ

www.burmeseclassic.com



အတွက် ဓားစာဝင်ပြီး ခံလိုက်တာပေါ့၊ ကျွန်မ ဘယ်လိုစိတ်ဖြေရမလဲ'

သန်းရှင်မသည် တတွတ်တွတ်ပြောရင်း အမေ့ကို ဖက်ငိုသည်။

'တစ်နေ့နေ့တော့ သူ ပြန်လာမှာနော် အမေ'

မျှော်လင့်ခြင်းစကားကို တတွတ်တွတ်ရွတ်ရင်း သန်းရှင်မ မျက်ရည်များသည် တစိမ့်စိမ့် ပါးပြင်ပေါ် စီးကျနေကြသည်။

'ရေချိုတွင်း'ဝတ္ထုသည် သည်တွင် အဆုံးသတ်သည်။ တကယ့်ဝတ္ထုရှည်ထဲမှာတော့ သန်းရှင်မတို့ လယ်သမားတွေ၏ ပိုက်ဥပဒေ ဒုက္ခလည်းပါသည်။ ပိုက်ဥပဒေမှာ အင်းလုပ်သူ၊ တံငါလုပ်သူသာ ပိုက်ကိုင်ရမည်ဆိုတော့ ယခင်က လယ်သမားများသည် လယ်လုပ်ငန်းအားချိန် ပိုက်နှင့်ငါးဖမ်း၍ ငါးပိတစ်နှစ်စာ လုပ်၊ ငါးခြောက်လေး ခွဲကာ ပိုသမျှ ရောင်းချစားသည်။ ပိုက်ဥပဒေထွက်ကတည်းက သူတို့ ဝမ်းစာငါးပိပင် မရတော့။

ယာခင်းလုပ်ကြသူတွေ ထွက်သမျှ ကုန်စိမ်းကို မိမိလှေနှင့် ရန်ကုန်လာပို့တော့ လှေပေါ်ပါလာသည့် မုန်လာဥ၊ ပဲသီး၊ ခရမ်းချဉ်သီး၊ ခရမ်းသီးတွေကို အဝတ်ပြာတွေက တစ်ခါချက်ဆို၍ အကောက်ကောက်သည်။ အဝတ်ပြာဆယ်ယောက်ဆိုတော့ ပါလာသည့်ကုန်စိမ်း တစ်ဝက်လောက် ချောရသည်။ ပြည်သူပိုင်သိမ်းဥပဒေ ထွက်လာတော့ ငွေအစိတ်လောက် ရင်းနိုင်သည့် ဖျပ်ထိုးလမ်းဘေးဓပါမှ လက်ဘက်ခြောက် အသိမ်းခံရပုံနှင့် ဆံနက်ကျော်အုပ်စု၏ နောက်လိုက်များ သူတို့ခေါင်းဆောင် အဖမ်းခံရပြီးမှ ကျေးရွာများတွင် ဗိုလ်ကျလူလည်လုပ်ကြသည်ကို အခွင့်သင့်သလို ကျွန်မ ဖော်ပြသွားပါသည်။

နောက်ဆုံးတော့ ဝိသမလောဘ ဖောက်ပြန်သူ ကုန်သည်တွေ၊ လောဘကြီးသူ မြေရှင်တွေ၊ ခေါင်းပုံဖြတ် ဗိုလ်ကျစားသူတွေကို ဥပဒေအရ နှိမ်လိုက်ပါ သော်လည်း ဆန်ခိုးမမိ ဖွဲခိုးမိသော အဖြစ်တွေကို ကျွန်မ တင်ပြပါသည်။

အမှန်တော့ ဇာတ်ကောင် သန်းရှင်မ၊ မပွေးလှတို့နှင့် အမေကျန်တို့ မိသားစု ဖြတ်ကျော်သွားရသော ခေတ်တစ်ခေတ်၏ ကြေးမုံပြင်ဖြစ်ပါသည်။ မရှိလို့ မလှူ၊ မလှူလို့ မရှိ ဟူသော စကားလိုပင် မရှိလို့ မသိ၊ မသိလို့ ဒုက္ခရောက်ကြရသော ပွေးလှတို့အတွက် ကျွန်မတို့ ဘာလုပ်မည်နည်း။ ကျွန်မ တင်ပြရုံသာ တင်ပြခဲ့ရပါသည်။ အမှန်တော့ ဒီအဖြစ်တွေမှာ ကျွန်မ ပန်းတပွတ်မှာ နေစဉ် မအူပင်မြို့ပေါ်နှင့် ပန်းတပွတ်မှာ ဖြစ်ပွားခဲ့သော



တကယ့်အစစ်အမှန် အကြောင်းများကို အခြေခံခဲ့ပါသည်။

ကျွန်မသည် ကျန်းမာရေးမကောင်း၍ မြရတနာဆေးတိုက်မှာ ဆေးရုံတက်နေစဉ် ကျွန်မ၏ချစ်သူမှာ ပန်းတပွတ် ရှမ်းတပ်ရင်း(၁)သို့ တပ်ရင်းမှူးအဖြစ် ပြောင်းရပါသည်။ သုံးလ၊ လေးလကြာသည်အထိ ကျွန်မ လိုက်မသွားနိုင်ပါ။ အနည်းငယ် ကျန်းမာလာတော့ ကျွန်မ လိုက်လာလိုကြောင်း ကျွန်မချစ်သူထံ ခွင့်တောင်းပါသည်။

'အချို့ ဘသုံးလုံးကို လိုက်နာနိုင်လျှင် အစ်ကိုကြီးနှင့် လိုက်နိုင်တယ်' သူက ဒါပဲ ပြောပါသည်။ သူ၏ 'ဘ'သုံးလုံးမှာ 'ဘယ်မှ မသွားပါ၊ ဘယ်သူနဲ့မှ မတွေ့ပါ၊ ဘာမှ မပြောပါ' ဤသုံးလုံးကို လိုက်နာပါမည်ဟု ကတိခံလိုက်ရပါသည်။

ပန်းတပွတ်ကမ်းခြေကို ကျွန်မ အလွန်ပျော်ပါသည်။ မြစ်ဝကျွန်းပေါ်တွင် မွေးဖွားလာသူမို့ မြစ်ကမ်းပါးနှင့် သရက်ပင်အုပ်စိမ်းစိမ်းမှာ နေရတာ ပျော်ပါ သည်။ ဒါပေမယ့်.....

ရန်ကုန်ပြန်ရောက်တော့ ကဍနစာပေတိုက်မှ မမဒေါ်သန်းစိန်နှင့် မိမိတို့ရောက်လာကာ ဝတ္ထုတောင်းသည်။ ဒီတော့ ကျွန်မက ရန်ကုန်မြေရောက်လာရင်ပဲ ကျွန်မ ပန်းတပွတ်ကမ်းခြေတွင် နေခဲ့စဉ်က အသည်းနှလုံးတွင် ပုံရိပ်ထင်သမျှ သွန်ချရေးသားလိုက်ပါသည်။

'ဒီအပိုဒ်တွေ၊ ဒီအပိုဒ်တွေ အချို့ ဖြုတ်ရမယ်' ကျွန်မ၏ချစ်သူက ဆိုသည်။

'မဖြုတ်နိုင်ပါ'

ကျွန်မက ဖြေသည်။

'မဖြုတ်နိုင်ရင် ဒီဝတ္ထု မထုတ်ရဘူး'

မမသန်းစိန်တို့က မျက်လုံးပြူးသည်။ ကျွန်မကတော့ မျက်ရည်တွေတွေ ကျသည်။

'ဗိုလ်မှူးစိတ်ကြိုက် ဖြစ်ရပါစေ့မယ်၊ မစု သူ မကြိုက်တာတွေ ဖြုတ်လိုက်နော်၊ စာမူက စက်ဖောင်ပေါ် ရောက်နေပြီ၊ လာပါ မမရော ဗိုလ်မှူးရော လိုက်ခဲ့ပါ'

သူတို့နှစ်ယောက် ကျွန်မတို့နှစ်ယောက်ကို ကားနှင့်ခေါ်သွားသည်။ ပုံနှိပ်စက်ရောက်တော့လည်း ကျွန်မက မျက်ရည်စက်လက်၊ မမစိန်က တစ်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ထိုးပြသည်။ ကိုကြီးက ဖြတ်တောက်သည်။ ကျွန်မ နှလုံးသားတွေ ဆတ်ဆတ်တုန်နေသည်။ မျက်ရည်ပေါက်တွေက သွန်ကျနေသည်။ ကျွန်မရင်သွေးကိုခြေ တွေလက်တွေ ဖြတ်နေကြသလို ရင်ထဲ ခံစားရသည်။

ဤမျက်ရည်တို့ သွန်ကျစီးဖွဲ၍ 'ရေချိုတွင်း'တစ်တွင်း မြေပြင်တွင် ပေါ်ပေါက်လာပါသတည်း။

ဝေဖန်ရေးဆရာတို့ကတော့–

'ဒီဝတ္ထုရေးပြီး သူ့ကိုယ်သူ လယ်သမားဘဝ သရုပ်ဖော် စာရေးဆရာဖြစ်ပြီလို့ ထင်နေတယ်'

ဟု ဝေဖန်ပါသည်။ မြန်မာပြည်မှာ လယ်သမားဘဝသရုပ်ဖော် စာရေးဆရာကြီးများ ရှိကြပြီးဖြစ်သည်။ ရေလုပ်သားသရုပ်ဖော်သူတွေနှင့် ဘဝသရုပ်ဖော်စာရေးဆရာများလည်း ရှိကြပါသည်။

ကျွန်မသည် လယ်သမား ဘဝသရုပ်ဖော် စာရေးဆရာ မဟုတ်ပါ။ ကျွန်မ ပန်တျာတော်ကမ်းခြေတွင် ခိုလှုံနေရင်း ကျွန်မနှလုံးသားဓာတ်ပုံမှ ပတ်ဝန်းကျင်ခြင်းကွင်းများကို တဖျတ်ဖျတ်ရိုက်ယူရင်း ရန်ကုန်ကျမှ ကူးယူကာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ဓာတ်ကောင်များကို ကိုင်တွယ်ရာ၌ သရုပ်သကန် စီသမပီသသည်မှာတော့ ဝေဖန်ရေးသမားတို့၏ပေတံနှင့် ကြိုက်သလို တိုင်းကြည့်နိုင်ပါသည်။

ကျွန်မဝတ္ထုထဲမှာတော့ မြေပိုင်ရှင်ကို အရုပ်ဆိုးဆိုး လောဘ အမွေးတွေ ကုတ်ပေါ် ပေါက်နေသလို မဖန်ဆင်းခဲ့ပါ။ ကျွန်မ မြေပိုင်ရှင် အမေကျွန်သည် ဗုဒ္ဓဘာသာတစ်ယောက်၊ လယ်သူမတို့နှင့် လက်ရေတစ်ပြင်တည်းနေခဲ့သည်။ ပြဿနာတွေကြုံတိုင်း လက်တွဲဖြေရှင်းခဲ့ရသည်။ မရှိခြင်းကြောင့် မသိခြင်း အဝိဇ္ဇာအမှောင်ထဲမှာ လက်ပစ်ကူးနေရသူတွေ၏အဖြစ်ကို ကျွန်မ တတ်သလောက် ပုံဖော်ခဲ့ခြင်းဖြစ်ပါသည်။

ရေချိုတွင်း နာမည်အတိုင်းပင် လင်သားက ဦးစီးခေါင်းဆောင်ပိုင်းတာဝန် မကျေခဲ့၍ မိသားစုကိုပစ်ကာ အလုပ်ကုန်းလုပ်နေရသော မပွေးလှမိသားစု၏ဒုက္ခ။ လင်သည် စိတ်ပြောင်းကာ အလုပ်လုပ်လာတော့ သူတို့မိသားစု စိုပြေလာပုံ။

လင်ကို ဘုရားလို အားထားကြည်ညိုပါသော သန်းရှင်မ။ သူ့ကို ပစ်ခွါသွားသော လင်သည် ဘိုးထင်က ကျဉ်းထဲကြပ်ထဲ သန်းရှင်မ လူသတ်မှုနှင့်



အဖမ်းခံရမည့်ဆဲဆဲ တကယ်ဒုက္ခတွေ့လာတော့ ဝင်ရောက်စားစာခံသွားသည့် အကြောင်းတွေကို ကျွန်မ ဖွဲ့နွဲ့ခဲ့ခြင်းဖြစ်ပါသည်။

တကယ်တော့ လယ်သမားဘဝသရုပ်ဖော် မဟုတ်ပါ။ လူတို့၏ သုခ၊ ဒုက္ခ ကျွန်မနှလုံးသားတွင် ထင်ဟပ်သမျှ ဖော်ပြခဲ့ခြင်းသာဖြစ်ပါသည်။ အမှန်တော့ မိန်းမတို့ဘဝသရုပ်ဖော်ဆိုလျှင် မှန်ကောင်းမှန်ပါမည်။

ကျွန်မတို့ မိန်းမသားအားထားရာမှာ တကယ်တော့ ဆားငံရေပိုင်းနေသော သမုဒ္ဒပြင်ကျယ်အလယ် ကျွန်းငယ်လေးပေါ်မှ 'ရေချိုတွင်း'ပင်ဖြစ်ပါသတည်း။

(လုံမလေး။ မတ်၊ ၁၉၈၈)

www.burmeseclassic.com

## ဘုရင်ခံ မလိုချင်ပေါင်

'ကျွန်မလင်ကို အလှဆုံး ထင်တယ်မောင်၊ ကိုမိုးကျ ရွှေကိုယ် ဆိုလောက်အောင် ယဉ်တယ်မောင်၊ နန်းတော်ရွှေ့ နန်းတော်ရွှေ့ ပြောပါများရင် မအေးမိ မောင်မောင်။

တွေးကြည့်ပါ။ သူ့ဌေးကြီး စဝ်တာတောင် မိတော့ မယူဘူး မောင်၊ ကျွန်မတော့ မယူဘူး မောင်၊ ရည်းစား တစ်ထောင် ချစ်တဲ့သူကလွဲ ဖွဲ့နဲ့ဆန်ကွဲပါမောင်၊ ချစ်ပါ သမောင်၊ မေတ္တာခေါင် တစ်ဦးတည်းပဲ ချစ်ချစ်သမောင်၊ ယောင်ယောင် ပေါင်ပေါင် မစလာနဲ့ တွေးကြည့်ပါ၊ အေးမိ ကျွန်မ သဝန် ကြောင်။

တိုက်ကြီးလည်း တည်မယ် မောင်၊ စိန်ဘီးလည်း ပန်ချင်သမောင်၊ အဲဒါတွေကို ကိုယ့်ယောက်ျားမို့ ဒုက္ခများ သမို့ အပူမရှာချင်ပေါင်၊ လူတို့ ခင်မင်အောင်၊ သူတို့ ခင်မင် အောင်၊ ဖြစ်သရွေ့နေပြီမရှောင်၊ ရွှေကိုမခင်၊ လူကိုခင်တယ်။ ချစ်တဲ့သူ ကလွဲ အကုန်လုံး ဖွဲ့နဲ့ဆန်ကွဲပါ မောင်၊ ဘုရင်ခံ မလိုချင်ပေါင်'

'ဘုရင်ခံ မလိုချင်ပေါင်' ဝတ္ထုကို အထက်ပါအတိုင်း မ[illegible] ဆိုသော သီချင်းမှ ပါဝင်သော စကားလုံးကို ကျွန်မ ယူခဲ့ပါသည်။ [illegible]

www.burmeseclassic.com



ပါခဲ့၍ ၁၉၇၉ ခုနှစ်မှာ ဒုတိယအကြိမ် နန္ဒဝန်စာပေမှ ရိုက်နှိပ်ခဲ့ပါသည်။

လူလတ်တန်းစား အိမ်ထောင်သည်တို့၏ မြို့ပြ လူနေမှုစနစ်ကို သရုပ်ဖော်ခဲ့ပါသည်။

ဇာတ်လမ်းတွင် အယ်ဒီတာ ကိုသန်းချိန်၊ ကျောင်းဆရာမ မြမြစိန်တို့ အပေါ် အခြေခံခဲ့ပါသော်လည်း ထိုဝတ္ထုကို သွက်လက်လှုပ်ရှားအောင် အသက်သွင်းပေးသူများမှာ ကိုသန်းချိန်အမေ ဒေါ်ဂျိုးဥ၊ မြမြစိန်၏အမေ ဒေါ်ငြိမ်းမယ်နှင့် ဒေါ်ငြိမ်းမယ်၏ အိမ်နီးချင်း ငယ်သူငယ်ချင်း ဒေါ်သန်းဌေးနှင့် သမီး မော်လီတို့ဖြစ်သည်ဆိုလျှင် မှန်မည်။

မြမြစိန်သည် ကိုသန်းချိန်နှင့် တက္ကသိုလ်တွင် ကျောင်းနေစဉ်ကတည်းက မေတ္တာမျှခဲ့သူဖြစ်၍ ကျောင်းထွက် အလုပ်ကိုယ်စီ ရကြချိန်တွင် လက်ထပ် လိုက်ကြသည်။ မြမြစိန်အမေက ဝါးခယ်မသူ၊ အငြိမ်းစားကျောင်းဆရာမ ခြံပိုင် လေး ရှိသည်။ သမီးမှာ ကလေးခြောက်ယောက် ရလာတော့ ခြံလေးကို အစောင့်နှင့်ထားရစ်ကာ သမီးဆီမှာ လာနေ၍ မြေးများကို ထိန်းရင်း မြို့ထဲ တိုက်ခန်းကျဉ်းလေးတွင် သမီး၏မိသားစုကို စောင့်ရှောက်ပေးသည်။

ကိုသန်းချိန် မိခင်ဒေါ်ဂျိုးဥက မင်းဘူးမှ သူကောင်းမျိုး။ မိဘ လက်ထက်က ချမ်းသာရုံမက ရေနံချောင်းမှာလည်း တွင်းစားသူဌေးများ ဖြစ်သည်။ ယခုထက်တိုင် မောင်လုပ်သူများဖြစ်သော မောင်ဖေနှင့်မောင်ရွှေ ရေနံတွင်းများကို ဦးစီးလုပ်ဆောင်ခဲ့ကြသည်။ ဒေါ်ဂျိုးဥက သူ့ကိုယ်တွင် စိန်ရွှေ လက်ဝတ်လက်စား ညွတ်နေအောင် ဝတ်ရုံမက စုဆောင်းထားသော စိန်ရွှေ ကလည်း အမြောက်အမြား။ သို့သော် မောင်များကို အမွေ ခွဲမပေးသော မောင်များ အိမ်ထောင်ပြုသော်လည်း အသိအမှတ် မပြု။ သူ့အိမ်ကို မခေါ်ခဲ့ သူ့ကမ္ဘာတွင် သူ့မောင်များသည် လူမျိုးကြီးများသာ ဖြစ်၏။ မောင်များ ရှာ သမျှ သူ့လက်ထဲ အပ်ရသည်။

သားဖြစ်သူ မောင်သန်းချိန် လက်ထပ်သည်ကိုလည်း သဘောမတူ ကိုသန်းချိန်က စာတော်သည်။ စာပေကို ဝါသနာပါ၍ အယ်ဒီတာလုပ်သည် အမေက ဝန်ထောက်စာမေးပွဲဖြေကာ အရာရှိ လုပ်စေချင်သည်။ သား မကျေ နပ်ရသည့်အထဲ မြမြစိန်လို မုဆိုးမသမီး၊ ဆရာမလိုဟာမျိုး ယူ မလားဟု မင်္ဂလာပွဲ ကျင်းပမပေး။

ဒေါ်ငြိမ်းမယ်က သမီးလက်ထပ်ပွဲကို အကြီးအကျယ် မဟုတ်သော



လည်း တင့်တောင်းတင့်တယ် လုပ်ပေးချင်သည်။ မြမြစိန်က 'သူ့ချစ်သူနှင့်သူ့ကို ခွင့်ပြုသည်ကိုပဲ ကျေနပ်သည်' ဆိုကာ အမေ့ကို လက်ထပ်ပွဲ လုပ်မပေးဖို့ တောင်းပန်သည်။ အကျဉ်းရုံး၌ လက်ထပ်လိုက်သည်။

ဒေါ်ဂျိုးဥက သူ့ချွေးမတွင် စိန် မပါလာ၍ နည်းနည်းမှမကျေနပ်။ ဒေါ်ဂျိုးဥ စိန်မက်လိုက်ပုံက သူ့မှာ သားငယ် မောင်သန်းရှိန် ရှိသေးသည်။ သားငယ်က ဆရာဝန်။ သူ့သားငယ်ကို သူသဘောကျ မြင်းခြံမှ သူဌေးသမီးနှင့် ပေးစားသည်။ လက်မထပ်ခင်က မိန်းကလေးရှင်ဘက်မှ စိန်တစ်ဆင်ဆာ ထည့်ပါမည်ဟု ကတိပေးသည်။

လက်ထပ်ပွဲ ပွဲထုတ်လာချိန်တွင် သတို့သမီးသည် တစ်ကိုယ်လုံး စိန်အစစ်များ ဆင်လာသော်လည်း လည်ပင်းမှာ ဆွဲထားသော စိန်ဆွဲကြိုး တစ်ကုံးမှာ လော့ကတ်သီးကသာ စိန်အစစ်၊ ကြိုးက ဥသသဖရား ဖြစ်နေ၍ ချက်ချင်းပင် လက်ထပ်ပွဲပြီးအောင် မစောင့်ဘဲ ထပြန်လာခဲ့သော ဒေါ်ဂျိုးဥ။ သားဖြစ်သူမှာ မထူးတော့။ မိန်းမအိမ် ကျန်ရစ်ကာ နောက်ဆုံး အမေ့ အလို လည်း မလိုက်နိုင်။ ယောက္ခမအကြိုက် မြင်းခြံမှာလည်း ဆေးခန်း မဖွင့်လို၍ အနယ်နယ် ပြောင်းနေသည်။

ဒေါ်ဂျိုးဥ စိန်မက်ပုံက ဤကဲ့သို့ ရာဇဝင်နှင့်။ စိန်ကဲခတ်ကောင်းလိုက် သည်ကလည်း ချွေးမလောင်း ပွဲထုတ်လာသည်ကိုမြင်ရုံနှင့် စိန်စစ်၊ မစစ် အကဲခတ်နိုင်သည်။

နောက်ဆုံး သားနှစ်ယောက်လုံးအပေါ် မကျေမနပ်နှင့် လက်လွှတ် လိုက်ရသော်လည်း သားကြီး မောင်သန်းချိန်က အယ်ဒီတာဖြစ်၍ တစ်လ တစ်ရာ သူ့ထံ မှန်မှန်ပို့ရမည်။ သားငယ် မောင်သန်းရှိန်က ဆရာဝန်ဖြစ်၍ ရွှေကျပ်သား စီးသော ဘတ်ကြိုး တစ်နှစ် တစ်ကုံး ပို့ရမည်ဟု အမိန့် ချမှတ် သည်။ သူ့သားများကို တော့ သူ လုံးဝ အယုံအကြည် မရှိ။ သူ့စိန်များကို အထိမခံ။ မောင်နှစ်ယောက်ကို စီးပွားရေးမှာ ယုံကြည်သည်။

ရန်ကုန်ကို လာလည်သည့်အခါ သားကြီးအိမ်မှာ မတည်း။ သူ့အစ်ကို ဆော်လုံတော်ရ ဦးကောင်းဖိုအိမ်မှာ တည်းသည်။ ယခုတစ်ခေါက် အရေးကြီး ကိစ္စနှင့် လာသည်ဟုဆိုသည်။ ဘာကိစ္စမှန်း မသိ။ ချွေးမနှင့် သားကြီးအိမ်ကို နောက်ပိုင်း ခေတ္တလာလည်သည်။

သားကြီးအိမ်မှာ စာအုပ်ဗီရိုများနှင့် ကက်ဆက်ကစ်ခုသာရှိ၍ သူ့မှာ

www.burmeseclassic.com



မကျေနပ်။ သူလာတိုင်း အခြေအနေ တိုးတက်လာပုံမရ။ မြေးများကလည်း ကက်ဆက်ဝယ်စက အသံစမ်းဖို့ မြမြစိန်ဆိုထားသော မအေးမိသီချင်းကို ဖွင့်ပြကြသည်။

ဒေါ်ဂျိုးညက သူ့သားသည် ကလေးများကို အလိုလိုက်၍ ကက်ဆက်ဝယ်ပေးသည်။ မြမြစိန်က အသိမ်းအဆည်း မတတ်၍ ငွေမစုမိဟု ဒေါ်ငြိမ်းမယ်ကို ထုတ်ပြောရာ ဒေါ်ငြိမ်းမယ်က ကက်ဆက်မှာ မောင်သန်းချိန်အတွက် မရှိမဖြစ် ပစ္စည်းဖြစ်ကြောင်း။ သတင်းစာတိုက်တစ်ခုတည်းတွင် အယ်ဒီတာလုပ်သည်မဟုတ်၊ တစ်ခြားတိုက်များမှာ စာလည်းရေး၍ သူ့ခေါင်းထဲတွင် အတွေးဝင်လာလျှင် ပါးစပ်ကပြောကာ ကက်ဆက်နှင့်ဖမ်းထားရကြောင်း၊ ပြီးမှ လက်ရေးတိုနှင့် ကူးရကြောင်း ရှင်းပြပေမယ့် ဒေါ်ဂျိုးညု မကျေနပ်။ သူမကျေနပ်ဆုံးက ဒေါ်ငြိမ်းမယ်သည် သူ့သားလုပ်စာ ကပ်၍ စားနေသည်ဟု သွယ်ဝိုက်သောနည်းဖြင့် စွပ်စွဲလာသည်။

ဒေါ်ငြိမ်းမယ်တို့ အိမ်အောက်ထပ်မှာနေသည့် သူငယ်ချင်း ဒေါ်သန်းမြွေက ဒေါ်ဂျိုးညကို ညစာထမင်း ဖိတ်ကျွေးသည်။

ဒေါ်သန်းမြွေက ဒေါ်ငြိမ်းမယ်နှင့်ပတ်သက်၍ ခင်မင်လာသော ဒေါ်ဂျိုးညကို ကျကျနန ဧည့်ခံကျွေးမွေးသည်။ သမီးဖြစ်သူ မော်လီကိုယ်တိုင် ချက်ပြုတ်ဧည့်ခံသည်။ မော်လီသည် သွင်းကုန်ထုတ်ကုန် လိုင်စင်လုပ်၍ ကြီးပွားလာခဲ့သူ ဖြစ်ရုံမက လင်ဖြစ်သူက ဝတ်လုံဖြစ်သည်။ ထမင်းပွဲမှာ ဧည့်ခံကျွေးမွေးစဉ် ဒေါ်ဂျိုးညု မျက်စိအကျဆုံးက မော်လီ၏ တဖျတ်ဖျတ်တောက်နေသော စိန်နားကပ် နှင့် စိန်ကြိုး၊ စိန်လက်စွပ်များဖြစ်သည်။ သူသည် ရင်ထဲမှာမအောင့်နိုင်ဘဲ....

'အိမ်က မရွှေစိန်တို့ကတော့ နာမည်က မြမြစိန်တဲ့၊ သူ့မှာ စိန်တစ်လုံးမှ မတွေ့ရဘူး၊ မြတစ်လုံးမှလဲ မရှိဘူး၊ တစ်ခါလာ မဲပြာပုဆိုး၊ နားမှာလဲ ပုလဲဖြူငုတ်တုတ်တစ်လုံးပဲ၊ စက္ကူတွေကတော့ လင်မယားနှစ်ယောက်လုံး ရှုပ်ရဲ့ တစ်အိမ်လုံး စက္ကူချည်းပဲ၊ ကြီးကြီးဂျိုးက ပြောတယ်၊ ဒီလိုပုံဖြင့် ကြာရင် စက္ကူ ဝတ်နေရလိမ့်မယ်လို့ပြောတော့ စိန်စိန်ကလေး ကိုကို စက္ကူဝတ်ရရင် စိန်လဲ စက္ကူဝတ်ရမှာပဲတဲ့၊ ပြောသေး'

မော်လီက သူသည် စီးပွားရေးသမားဖြစ်၍ လက်ဖျားငွေသီးနေကြောင်း၊ ပြီးတော့ သူ့မှာ ကလေး မရှိ။ မြမြစိန်တို့မှာ ကလေးခြောက်ယောက်



တောင် ရှိကြောင်း။

'မြမြစိန်တို့ လင်မယားနှစ်ယောက်စလုံး လုပ်တဲ့အလုပ်က ချမ်းသာကောင်းတဲ့အလုပ်မှ မဟုတ်တဲ'

မော်လီက ရှင်းပြ၏။

'ချမ်းသာကောင်းတဲ့အလုပ် မဟုတ်ဘူး'

ဒေါ်ဂျိုးညက နားမလည်။

'ဟုတ်တယ်၊ ဆရာမအလုပ်ဆိုတာ ကိုယ်က ပညာရှာပြီး ကိုယ့်ရင်ထဲရှိတဲ့ပညာကို တပည့်တွေကို သွန်ချပေးရတာ၊ ငွေရှာချင်တာနဲ့ တစ်ပြိုင်နက် ဆရာ မဟုတ်တော့ဘူး။ စာရေးဆရာဆိုတာကော ဘာထူးလဲ၊ မော်လီတော့ သူတို့လို ရတာနဲ့ မတင်းတိမ်နိုင်တော့ ပြောင်ပြောင်ရှင်းရှင်းပဲ၊ ငွေကို ရှာတယ်၊ သုံးတယ်၊ စိမ်နဲ့ နေတယ်'

မော်လီက တမင် ဒေါ်ဂျိုးညကို ပြောလိုက်သည်။ ဒေါ်သန်းမြွေကလည်း ရန်ကုန်စရိတ်နှင့် မောင်သန်းချိန်တို့လခ မလုံလောက်၍ ဒေါ်ငြိမ်းမယ်ရွှေဒင်္ဂါးများကို ထုတ်သုံးကြောင်းပါ ပြောပြသည်။ သူတို့ဆန္ဒက ဒေါ်ဂျိုးညု မောင်သန်းချိန်တို့ မိသားစုကို ထောက်ပံ့စေချင်၍ဖြစ်သည်။ ဒေါ်သန်းမြွေသည် ဒေါ်ငြိမ်းမယ်နှင့် ငါးခယ်မကတည်းက ကျောင်းနေဘက်ဖြစ်၍ ရန်ကုန်မှာလည်း အပေါ်ထပ် အောက်ထပ် နေကြသည်။ အိမ်နီးချင်းကောင်းပီသစွာ အမြဲတမ်း အကူအညီ ပေးသည်။ ဒေါ်ငြိမ်းမယ်က သမီးပေးသောငွေနှင့် အိမ်စားစရိတ် မလောက်၍ သူ့အိတ်ထဲက ရွှေဒင်္ဂါး ထုတ်ရောင်းသည့်အခါတိုင်း ဒေါ်သန်းမြွေက ရောင်းပေးရ၍ ဒေါ်ဂျိုးညကို ပြောပြနိုင်ခြင်းဖြစ်သည်။

ဒေါ်ဂျိုးညု တစ်ညအိပ်၍ နောက်နေ့တွင် သူ့အစ်ကို ဝတ်လုံတော်ရဦးကောင်းဖံအိမ် ပြန်သွားသည်။

မြမြစိန် ကျောင်းသွားတက်နေတုန်း ဒေါ်သန်းမြွေအိမ်မှ အိမ်ဖော်ကလေးရောက်လာကာ ဒေါ်ငြိမ်းမယ် ရေချိုးခန်းထဲ ချော်လဲ၍ ဆေးရုံပို့လိုက်ကြောင်း၊ ကလေးများအတွက် ပူပန်ဖို့ မလိုကြောင်း။ ဒေါ်သန်းမြွေက ထိန်းထားကြောင်း၊ လာပြောသည်။ သူဆေးရုံရောက်တော့ ပေါင်အရိုးကျိုးသွားသောအမေ့ကို တွေ့ရသည်။ ဒေါ်ငြိမ်းမယ်ကို ဆက်၍ ဆေးရုံမှာ အနည်းဆုံး တစ်လလောက် ထားရမည်။ ဒါ့ကြောင့် မြမြစိန်သည် ခွင့်ယူကာ အိမ်မှာ နေရသည်။ ကိုသန်းချိန်က ယောက္ခမအတွက် ...

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ ငှားပေးသည်။

မြမြစိန်မှာ မီခင်နေရာ ယူရတော့မှ သူ့အမေ၏ဘဝ၊ ကလေးထိန်း ထမင်းချက်၊ ကျောင်းသားများအတွက် ထမင်းဘူးထည့်၊ ဟင်းစိမ်ရနှင့် နံနက် စာစားပြီးချိန်တောင်မှ တစ်ရေး မအိပ်ရသည်ကို သိလာရသည်။ အိမ်ဖော်မ လေး ခေါ်ပေမယ့် ပွဲစားရန်ကြောင့် ကလေးမလေး ပြန်သွားရသည်။ အိမ်ဖော် လေးများက လခနည်းသော်လည်း အလုပ်သက်သာ ချမ်းသာသောအိမ်မျိုးတွင် နေလိုသည်။ ပွဲစားတို့က ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်၊ နိုင်ငံခြားသားအိမ် လခ ကောင်းကောင်းရသည့်အိမ်တွင် ထားချင်သည်။ မိုးလင်းမိုးချုပ် အလုပ်မှ လက် မပြတ်ရသော ဤလိုနေရာမျိုးတွေမှာ မနေလို။ ဒါပေမယ့် တစ်အိမ်ထဲ ပေးတိုင်း တစ်လခ ပွဲခရသော ပွဲစားတွေလက်အောက်မှ မရုန်းထွက်နိုင်သော မိန်းကလေးတွေမှာ တစ်အိမ်တွင် စွဲစွဲမြဲမြဲ မနေရ။ သုံးလေးလတစ်ကြိမ် ပြောင်း နေရသည်။

အိမ်မှုဖော် ပြဿနာရှင်းရန် ကိုသန်းချိန်က အမေဖြစ်သူ ဒေါ်ဂျူး ညီမဝမ်းကွဲ မအေးပိုကို အိမ်မှာ ခေါ်ထားသည်။ ယောက္ခမနှင့်အတူ မနေ သော်လည်း၊ ကိုသန်းချိန်က ကိုယ့်အမေအပေါ် ငွေကုန်ကြေးကျခံ၍ သူနာပြု ဆရာမ ငှားပေးထားသည်အထိ ကောင်းသောကြောင့် သူ့အမေ အိမ်ပေါ် လာနေသည်ကို မြမြစိန်က မကြိုက်သော်လည်း သည်းညည်းခံနေရသည်။

သူ စိတ်အညစ်ဆုံးက ယောက္ခမနှင့် ဈေးလိုက်ရခြင်းဖြစ်သည်။ ရန်ကုန်ဈေးကို အညာဈေးနှင့် ညှိ၊ ဆစ်မရတိုင်း မဝယ်။ ဈေးသည်တွေ ဆဲသည်ကို မြမြစိန် ကြားရ၍ စိတ်ညစ်ပြီး ကြက်ကို တစ်စိတ်ပဲ ဝယ်သည်။ မြမြစိန်က ကိုသန်းချိန်အတွက်နှင့် ကလေးတွေအတွက် ထမင်းဘူး၊ ကြက် တစ်စိတ်ကို ခွဲခြမ်းစိတ်ဖြာရ၍ စိတ်ညစ်ရသည်။ ယောက္ခမကြီးက ကြက် တစ်စိတ်ကို သားအတွက် မနက်စာ ညစာထား။ ကျန်လူများက ချဉ်ရည်ဟင်း ငါးပိရည်ဖျော်၊ တို့စရာနှင့် စားရမည်ဟု အမိန့်ထုတ်သည်။

နောက်တစ်နေ့ ဈေးသွားရာကအပြန် ဒေါ်ဂျူးဥက နို့ဆီဘူးခွံကော က တိုက်သစ်ဆောက်ရန် လမ်းဘေးတွင် ပုံထားသော သဲပုံမှ သဲ ကျုံးထ ခဲ့သည်။ မြမြစိန်က ဈေးခြင်းကိုင်ကာ ယောက္ခမနောက်မှ လိုက်သာလာရသည် ဒေါ်ဂျူးဥ အပြုအမူကို နားမလည်။

အိမ်ရောက်တော့ သဲနှင့်မြေကြီး ရော၊ စွန်တာနီပဲတွေ ကြဲ



ရေလောင်းကာ တောင်းနှင့် အုပ်ထားသည်။

'အဲဒါတွေ အညှောင့်ပေါက်လာတော့ ကြော်စား။ သိပ်ကောင်းတာပဲ၊ နေ့တိုင်းဈေးဝယ် ပိုက်ဆံကုန်လှချည်ရဲ့'

ဟု ဒေါ်ဂျူးဥက ပြောသည်။ မြမြစိန်မှာ ကလေးတွေ ထမင်းဘူး အတွက် အမေလုပ်တုန်းကလို အမဲသားစဉ်းကော ကြော်၍ ထည့်ပေးနိုင်အောင် ယောက္ခမ အသိမပေးဘဲ တိတ်တိတ်ဝယ်ထည့်ပေးရသည်။

သူ့ယောက္ခမ၏ 'ပဲညှောင့်ပေါက် စီမံကိန်း'ကို မလိုက်နာနိုင်သော မြမြစိန်က ဒေါ်သန်းရွှေကို တိုင်သည်။

'သည်းခံ သမီး။ ကိုယ့်အမေကလဲ ဆေးရုံမှာ၊ အန်တီ့ယောက္ခမ မော်လီတို့အဘိုးလဲ ဒီလိုပဲ၊ ပိုက်ဆံကတော့ ချမ်းသာလိုက်တာ၊ ဝါးခယ်မမှာတင် တိုက် နှစ်လုံး။ လယ်ယာလဲ အပြည့်၊ ရန်ကုန်မှာလဲ တိုက်နှစ်လုံး။ အဲဒါလောက် ချမ်းသာပေမယ့် အိမ်မှာ ငါးနုသန်း လေးကောင်ပဲ ဝယ်ရတယ်၊ မော်လီတို့ဖေဖေ သူ့သားကို ချစ်တော့ သူနဲ့အတူ မနက်နှစ်ကောင် ညနှစ်ကောင်စီ စားကြတယ်၊ ဒီအကြောင်းတွေ့ပြောပြရင် မော်လီက 'ဘိုးဘိုးရဲ့ ငါးနုသန်းလေးကောင်စီမံကိန်း' လို့ အမြဲပြောပြီး သရော်တယ်၊ ကျန်တဲ့အိမ်သားတွေက ငါးပိရည်၊ တို့စရာ၊ ဟင်းချိုနဲ့ပဲ စားရတယ်'

ဒေါ်သန်းရွှေယောက္ခမ၏ 'ငါးနုသန်းလေးကောင်စီမံကိန်း'သည် သူ့ ယောက္ခမ ဒေါ်ဂျူးဥ၏ 'ပဲညှောင့်စီမံကိန်း' လောက်မဆိုးဟု မြမြစိန်က ထင်သည်။ ဒါပေမယ့်လည်း လိုက်နာနေရသည်။

ဒေါ်ဂျူးဖြူအဖြစ်က သားကသာ စာပေ ဝါသနာပါသည်။ သူ့ ကလေးမလေး မအေးပိုကိုမူ စာမဖတ်ရ။ အထူးသဖြင့် ခေတ်ပေါ်ဝတ္ထုတွေ မဖတ်ရ၊ မအေးပို ပြောပြသည်ကတော့ တစ်ခါက ဒေါ်ဂျူးဖြူငယ်စဉ်က သင်ဖြီးဆွဲက စာရေးဆရာ ကိုရာမြင့်က အသေအလဲ ကြိုက်ကြောင်း။

'ဦးရာမြင့်က မမလေး ချစ်ပါတဲ့အာရုံ၊ ရွှေမြင့်မိုရ်တစ်တောင်လုံး တုံးမှတ်လို့ခုန်' ဆိုတဲ့သီချင်းကို ကြီးကြီးဂျူးကို ခဏခဏ ဆိုပြတယ်တဲ့ အဲဒီနေတော့ ကြီးကြီးဂျူးက 'နင့်မျက်စိ ဘာထိုးထားလဲ၊ မြင်းမိုရ်တောင် တစ်တောင်လုံး မမြင်လို့ ခုန်ရင် ခလုတ်တိုက်လဲပြီး သေလည်း သေအောင် လို့ ပြောခဲ့တယ်တဲ့။ ကျွန်မကိုလဲ အချစ်ဝတ္ထု ဖတ်ချင်ရင် စာအုပ်ထဲက သူတို့လောက် လွမ်း။ သူတို့လောက် ချစ်တာ မရှိဘူးတဲ့ မှာသေး တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေ ရေးတာ အလင်္ကာ။ ညှီစော် နံတယ်၊ အသည်းပြုတ်တာတို့ ကွဲတာတို့နဲ့ ဆိတ်ကလီစာ ဝယ်ချက်ရသလိုပဲတဲ့’

မအေးပို ပြောပြ၍ သူ့ယောက္ခမသည် စန္ဒကိန္နရီဇာတ် ဖတ်နိုင်သည်ဆိုတော့ မဆိုးဟု မှတ်ချက်ချသည်။ မအေးပိုစကားအရ ဦးရာမြင့်က ဒေါ်ဂျူးဥစိတ်နှင့် သေသွားသည်။ ဦးရာမြင့်ကို မုန်းလွန်း၍ သူ့သားဦး ကိုသန်းချိန်မှာ စာရေးဆရာ ဖြစ်လာသည်ဟု ဆိုသည်။ မြမြစိန်ကတော့ ဦးရာမြင့်ကို ဒေါ်ဂျူးဥ ရင်ထဲက ချစ်နေ၍သာ စွဲလန်းစိတ်ကြောင့် ကိုသန်းချိန်လို စာပေဝါသနာပါသူကို မွေးလာရသည်။ ဦးရာမြင့်ကို မယူသည့်အကြောင်းက စိတ်အလွန်မကျသော ဒေါ်ဂျူးဥက မွဲပြာကျနေသော စာရေးဆရာကို ဘယ်လိုနည်းနှင့်မှ မယူနိုင်ဟု တွက်သည်။

ဒေါ်ငြိမ်းမယ် သက်သာ၍ ဆေးရုံက မကြာခင် ဆင်းရမည် ဆိုသည်။ ကလေးတွေ ကျောင်းပိတ်ရက် ဒေါ်ဂျူးဥက ရွှေတောင်ကြားအိမ် ခြေ အရေးတကြီးကိစ္စရှိ၍ သွားနေသည်။

တစ်နေ့ မြမြစိန်မှာ ကလေးများ ကစားသည်ကို ခေါ်ရန် တံခါးဖွင့်လိုက်တော့ အံ့အားသင့်သွားသည်။

‘စိန်ဘီးလည်း ပန်ချင်သမောင်၊ တိုက်ကြီးလည်း တည်မယ်မောင်’ သီချင်းကို သီဆို၍ လက်ကလေးကို မြှောက်ကာမြှောက်ကာ ဒေါ်ဂျူးဥက ကရင်း ရှေ့ဆုံးက လှေကားကို တက်လာသည်။ နောက်မှ သူ့သားတွေက လက်ခုပ်လက်ဝါး တီးကာ လိုက်လာကြသည်။ သားကြီးဘမောင်ချိန်က–

‘တို့မေမေကြီး သိပ်အကကောင်းတာပဲဟေ့’

ဟု အော်သည်။ ကိုသန်းချိန်က မျက်စိမျက်နှာပျက်ကာ နောက်မှ လိုက်လာရင်း

‘စိန်၊ မင်းရဲ့သားတွေ ထိန်းထားစမ်း၊ ဟော့ကောင်တွေ.....တိတ်’

ဟု အော်ငေါက်ကာ အမေ့ကို အိပ်ခန်းထဲ ဆွဲခေါ်သွားသည်။ သူ့လင်၏ ယခုလို မျက်စိပျက် မျက်နှာပျက်နေပုံမျိုး တစ်ခါမှ သူ မမြင်ဖူး။

ကလေးများကို ထိန်းထားရင်း ဘာမှ အကျိုးအကြောင်း မသိရသေး သူသည် နောက်ဆုံးမှ လှေကားတက်ရသော ဝတ်လုံ ဦးကောင်းဖံကို မေးကြည့်ရသည်။ ဦးကောင်းဖံက အိမ်ထဲ ဝင်ထိုင်ရင်း အကျိုးအကြောင်း ပြောပြသည်။

‘ဆရာဝန် လိုက်လာလိမ့်မယ် မြမြစိန်၊ မင်းက မဂျူးဥအကြောင်း



မသိသေးဘူး။ သူက အန်ကယ်တစ်ယောက်စကားပဲ နားထောင်တာ။ မောင်ဖေနဲ့ မောင်ရွှေဆို အငယ်တွေဆိုတော့ သိပ်နိုင်တာ။ မိဘ အမွေရော၊ မောင်ဖေတို့ ရှာသမျှကို သူက လက်ဝါးကြီး အုပ်ထားတာ။ ခုထိ အမွေ မခွဲသေးဘူး။ မောင်ဖေနဲ့ မောင်ရွှေကလည်း အိမ်ထောင်ပြုထားကြပြီ။ အေး.....သူတို့ မိန်းမ ယူထားတာကိုလည်း မဂျူးဥက အသိအမှတ် မပြု။ အဲဒီတော့ မောင်ဖေနဲ့ မောင်ရွှေက အန်ကယ်ကို လာကပ်ကြတယ်၊ သူတို့အစ်မကို အမွေခွဲပေးဖို့ ပြောပေးပါဆိုတာနဲ့ ဟိုတစ်လောက အန်ကယ် အညာသွားရင်း သူ့ကို အမျိုးမျိုး ဖျောင်းဖျတယ်။ အဲဒါ ခုတစ်ခေါက် ရန်ကုန် ဆင်းလာပြီး မောင်သန်းချိန်ရှေ့မှာ အမွေခွဲမယ်။ သူက ဘုရားဖူးရင်း သဘောနဲ့ ဆင်းလာတယ်။ လက်ဝတ်လက်စားသေတ္တာကို လေယာဉ်ပျံနဲ့ မောင်ဖေနဲ့မောင်ရွှေက ယူလာဖို့ သူက သော့ ယူလာတယ်။ သဘောနဲ့ စိတ်မချလို့ ဒီတစ်ခါ စိန်သေတ္တာကို သူ့မောင်တွေ ဘာကြောင့် အပ်တယ် မသိဘူး။ သူရောက်လာတော့ မောင်ဖေနဲ့ မောင်ရွှေက ရောက်မလာ။ လေယာဉ်ပျံသမားက မရောက်နိုင်တော့ စိတ်ပူ။ ဒါကြောင့် သူ ယောက်ယက်ခတ်နေတာ။ မောင်ဖေနဲ့မောင်ရွှေကလည်း နှစ်ပတ်ကြာပြီး မနေ့ကမှ ရောက်လာတယ်။ သူတို့ အမြတ်တော်ကြေး ကိစ္စကြောင့် ချက်ချင်း ထွက်မလာနိုင်လို့ သားငယ်မောင်သန်းရှိန် ရန်ကုန် ဆင်းလာမယ်ဆိုလို့ ပေးလိုက်တယ်လည်းဆိုရော မောင်သန်းရှိန်လည်း မရောက်၊ သူ့စိန်သေတ္တာ ခွေးမနဲ့ ပင်းပြီး ယူသွားပါပြီဆိုပြီး စိတ်ဖောက်သွားတာပဲ။ အိမ်မှာဆို မောင်ဖေနဲ့ မောင်ရွှေကို စိန်သူခိုးတွေလို့ စွပ်စွဲပြီး အော်နေလို့ ဒီခေါ်ထားရတာ။ မောင်သန်းရှိန်ကို ဖုန်းဆက်ကြည့်တော့လည်း မရ’

ဦးကောင်းဖံ ရှင်းလင်းပြောပြတော့မှ မြမြစိန်က ယောက္ခမကြီး အကြောင်း သဘောပေါက်သည်။ နောက်တော့ စိတ္တဇဆေးရုံသို့ ဒေါ်ဂျူးဥကို တင်လိုက်ရသည်။ ကိုသန်းချိန်က ညီကို စိတ်ဆိုးနေသည်။ သံကြိုးအမျိုးမျိုးရိုက်၊ တယ်လီဖုန်း ဆက်ပေမယ့် မလာ။

နောက်နှစ်ပတ်လောက်ကြာမှ ရောက်လာသည်။

‘ကျွန်တော် မင်းဘူး ရောက်လာတော့ ဦးလေးတို့က သူတို့အမြတ်တော်ကြေးကိစ္စနဲ့ ရန်ကုန် မဆင်းနိုင်သေးဘူး။ ကျွန်တော်က (F.R.C.S) အတွက် စာမေးပွဲဖြေဖို့ ရန်ကုန် သွားနှင့်ရမှာဆိုတော့ စိန်သေတ္တာ ကျွန်တော့် အပ်လိုက်တယ်။ ကျွန်တော် မန္တလေးရောက်တော့ ခရိုင်ဝန်က စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ရွှေလိုက်တယ်။ ခုချက်ချင်း ခန္တီးဘက်ကို အထူးကုအဖွဲ့နဲ့ ခရီးထွက်ရမယ် ဆိုတော့ ရုန်းကန် မဆင်းနိုင်ဘဲ ခရီးထွက်ခဲ့ရတာ။ ဒါကြောင့် ကြာသွားတာပါ'

'မင်းနယ် သံကြိုးဖြစ်ဖြစ် ရိုက်လိုက်ရောပေါ့'

ဦးကောင်းဖံက ပြောဓ။

'ကျွန်တော်ထင်တာထက် မေမေက စိန် ပိုမက်တာကိုး။ ဒီလိုအဖြစ် ရောက်မယ် မထင်ဘူး။ ကဲ.....ကြိုဟ်မွှေတဲ့ စိန်သေတ္တာကြီး တစ်ခါတည်း ပါလာတယ်၊ ဘယ်သူ့ ပေးရမလဲ'

'ထားပါ၊ ထားပါ။ ချက်ချင်း ပြန်တွေ့ရတော့လည်း ဝမ်းသာလုံးဆို့ပြီး ရောဂါတိုးဦးမယ်၊ မင်းအမေ ဒေါ်သည်းသည်းလှုပ်ကို တို့ ကြောက်လွန်လွန်းလို့'

ဦးရွှေက ပြောလိုက်သည်။ ဦးကောင်းဖံ ဖျောင်းဖျ၍ ကိုသန်းချိန်က ညီကို ခွင့်လွှတ်လိုက်ရသည်။ ဒေါက်တာသန်းရှိန်က မန္တလေး မပြန်ဘဲ အမေ့ကို ပြုစုသည်။

ဒေါ်ငြိမ်းမယ် ဆေးရုံက ဆင်းလာသည့်တိုင် သူနာပြုဆရာမကို အိမ်သို့ ခေါ်လာခဲ့သည်။ ဒေါ်ငြိမ်းမယ်က လမ်းလျှောက်နိုင်လျှင် သူ့ခြံစောင့် ဖထီးတို့မိသားစုကို ခေါ်လိုက်သည်။ ဖထီး၏သမီးကို မြမြစိန်နှင့် အဖော် ထားကာ သူ ပြန်တော့မည့်အကြောင်း ပြောပြသည်။

'ငွေကြေးမတတ်နိုင်တဲ့ သူအိုတွေကလွဲလို့ သူတို့ကိုယ်သူတို့ အားကိုး နိုင်တဲ့သူအိုများဟာ သူတို့ရဲ့အိမ်းချိန်ကို သူတို့ကြိုက်သလိုပဲ အသုံးချချင်တယ်။ မေမေ ပြန်ပါရစေတော့။ မေမေ့ခြံလေးမှာ မေမေ ပြန်အနားယူတော့မယ်'

ဒေါ်သန်းရွှေကလည်း သမီးမော်လီကို အကျိုးအကြောင်း ပြောပြကာ ဒေါ်ငြိမ်းမယ်နှင့်အတူ ဝါးခယ်မ ပြန်မည်ဟု ပြောသည်။

မြမြစိန်က သူ့စိတ်ထဲမှာ မအေကို ရန်ကုန်ခေါ် ပြုစုသည် ထင်ပေမယ့် မအေက သူတို့ကို ပြန်ပြုစုနေရရုံမက ကလေးထိန်း၊ ထမင်းချက်၊ အနားမရ မလောက်လျှင်လည်း ကိုယ့်အထုပ်ကိုယ်ဖြည် စိုက်စားသည့် အမေ့အဖြစ်ကို တွေးမိကာ သူ ဝတ္တရား မကျေနိုင်သည်ကို ဝမ်းနည်းမိသည်။ အမေကတော့ အိုစာမင်းစာ အထုပ်ကလေးဖြည်၍ သမီးအိမ်စရိတ်ကို သမီး မသိအောင် စိုက်ခဲ့သည်။ ဒေါ်ဂျိုးညိုကတော့ အသုံးအစွဲ ကြမ်းသည်ဟု သူ့ကိုပဲ ဆူပူသည်။ မိခင်မေတ္တာနှင့် ယောက္ခမစိတ်ထားကို သူ ပိုမိုသဘောပေါက် နားလည်ကာ အမေ့ကို မခွဲချင်။ သို့သော် လုံးလည်လိုက်နေသော သူတို့ဘဝ အခြေအနေက



အမေ့ကို ဝေးရာနေဖို့ ဖန်တီးလာသည်။

ယခုတော့ မေမေတို့၏ အိမ်ပြန်ခြင်းသည် ကောင်းသောပြန်ခြင်း ဖြစ်၏။ မေမေချစ်သော ဝါးခယ်မခြံလေးသည် သူတို့ကို ဆီးကြိုနေရှာမည်။ သန့်ရှင်းလတ်ဆတ်သော လေ၊ ကျယ်ဝန်းသော ခြံလေးသည် အမေ့နောက်ဆုံး အချိန်အတွက် အသင့်လျော်ဆုံး ဖြစ်သည်ကို မြမြစိန် နားလည်ရမည်ဖြစ်သည်။

ဒေါ်ဂျိုးညိုလည်း သက်သာလာ၍ အိမ်ပြန်တော့မည်။ မျက်လုံး အကြည့်လည်း ငြိမ်သက်လာသည်။ စိန်သေတ္တာ ပိုက်၍ လေယာဉ်ပေါ် တက် သွားသည်။ မြေးတွေနှင့် သားချွေးမများက လေယာဉ်ကွင်း လိုက်ပို့ကြသည်။

'မေမေရေ၊ မင်းဘူးက ဘွားဘွားကြီးကလေ တွားဘွားငြိမ်းလို မဟုတ်ဘူး။ အက၊ အဆို သီဝ်ကောင်းတာ။ စိန်ဘီးလည်း ပန်ချင်သမောင်၊ တိုက်ကြီးလည်း တည်မယ်မောင်၊ အဲဒါတွေကို ကိုယ့်ယောက်ျားမို့ ဒုက္ခများသမို့ အပူမရှာပေါင်၊ လူတို့ ခင်မင်အောင်၊ ဖြစ်သရွေ့ နေပြီမရှောင်၊ ရွှေကို မခင် လူကိုခင်တယ်၊ ချစ်တဲ့သူကလွဲ အကုန်လုံး ဖွဲ့နဲ့ ဆန်ကွဲပါမောင်၊ ဘုရင်ခံ မလိုချင်ပေါင်'

လှမောင်ချိန်က အော်ဟစ်ဆိုရင်း ဘမောင်ချိန်က ပထမဆုံး ဒေါ်ဂျိုးညို စိတ်ဖောက်ပြန်သောနေ့က အိမ်လှေကားပေါ် တက်ရင်းက ကဟန်နှင့် ကပြ၍ ကျန်ကလေးတွေက လက်ခုပ်တီးကာ တပျော်တပါး လေယာဉ်ကွင်းထဲမှ ထွက်လာကြသည်။ ကိုသန်းချိန်ကလည်း မထိန်းနိုင်။

'ပီကာဆို၏ ချိုးရုပ်သည် ငြိမ်းချမ်းရေး အထိမ်းအမှတ် အနေနှင့် ရေးဆွဲသည်ဟု ဆို၏။ ဒေါ်ဂျိုးညိုကတော့ ပညတ် သွားရာ ဓာတ်သက် မပါ။ မည်သည့်ချိုးက ညသွားလေမှန်း မသိ။ နှလုံးသွေးဆူအောင် မငြိမ်းချမ်းနိုင်ဘဲ ပူပန်ခဲ့ရသော ဒေါ်ဂျိုးညိုပါတကား'

ကျွန်မဝတ္ထုကို ဒီစာပိုဒ်နှင့် နိဂုံးချုပ်ခဲ့ပါသည်။ ဒီဝတ္ထုကို ရှုမဝအတွက် မောင်ခွေးတင့်ကို သွားပေးပါသည်။ မဂ္ဂဇင်းတွင် ပါလာတော့ မောင်ခွေးတင့်က ပြောပြသည်။

'မမစုရာ၊ ဝတ္ထုဖတ်တော့ အေးတိအေးစက်နဲ့။ ကျွန်တော် မကြိုက် ဘူး။ နောက် ဒေါ်ဂျိုးညိုလည်း ဝင်လာရော ဝတ္ထုက သွက်လက်လှုပ်ရှားလာ အတော် ဆိုပဲ။ ဒါနဲ့ ကျွန်တော် ထည့်လိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောသည်မှာ မှန်သည်။ ပထမပိုင်းမှာ ဒေါ်ငြိမ်းမယ်ဘဝက အေးသည်၊ ငြိမ်သည်၊ ပြီးတော့ သူတို့ငယ်ဘဝ လျှပ်စစ်မီးမှ မသုံးသေး ထင်းချောက်လျှင် ကျွန်သော မီးကျီးကို သိမ်းဆည်း၍ မီးပူတိုက်ရသောခေတ်။ လင်သားကို အစစမြှုရကာ ငြိမ်းအေးသောခေတ်နှင့် အူလျားဖားလျား ပြေးလွှားနေရသော မြမြစိန်နန်တို့ကခေတ်ကို အစစ နှိုင်းယှဉ်ပြနေ၍ အေးနေသည်။ ဒေါ်ငြိမ်းမယ်တို့ သမီးအဖြစ် ဘဝတုန်းက မိဘကို စားစေချင်၍ အစားအစာကို တန်ရာတန်ဖိုး မပြော၊ ဈေးလျှော့ပြောကာ မိဘကို ကျွေးမွေးနိုင်သောခေတ်။ သူ့သမီး မြမြစိန်တို့ခေတ်ကျတော့ မိဘက အလိုက်သိရသည်။ ကိုယ် စားချင်သည့်အစာ ဈေးကြီးလွန်း၍ 'မေမေ ပုစွန်ထုပ်ကြီး မကြိုက်ပါဘူး' ဟု မြစ်ကျွန်းပေါ်သူဖြစ်သော်လည်း ဟန်လုပ် ငြင်းဆိုရသည့်ခေတ်ကို မုံတော်နေစဉ်ဖြစ်၍ ဝတ္ထုအစပိုင်းမှာ အေးစက်စက် ဖြစ်နေပါသည်။ ဒေါ်ကျိုးဥ ဝင်လာတော့မှ ဝတ္ထုမှာ သွက်လာသည်။ မြူးလာသည်။ စွန်တာနီ ပဲငြောင်ပေါက်စီမံကိန်း။ ငါးနုသန်းလေးကောင်စီမံကိန်း။ တစ်နှစ် ဘတ်ကြီးတစ်ကုံးစီမံကိန်းတွေမှာ မြမြစိန်တို့ခေတ်နှင့် ပဋိပက္ခ ဖြစ်လာသောအခါ ဇာတ်လမ်းကလည်း လှုပ်ရှားလာရသည်။

ယခု ပုစွန်တစ်ပိဿာ ၆၅ ကျပ်ဈေး ဆိုလျှင်တော့ မပြောနှင့်။ ကျွန်မ ဒီဝတ္ထုရေးစဉ်က ပုစွန်တစ်ပိဿာ တစ်ဆယ်ဈေး။ ဆီတစ်ပိဿာ ဆယ့်တစ်ကျပ်ကို ဒေါ်ကျိုးဥက ရင်ဘတ်စည်တီး ဖြစ်နေသည်။ သူတို့ခေတ် ပုစွန်တစ်ပိဿာ ငါးမူး၊ ဆီတစ်ပိဿာ တစ်ကျပ်နှင့်နှိုင်းကာ ချွေးမကို အသုံးကြီးသူဟု ဆူပူသည်ဟု စွပ်စွဲလာသည်။

ဒေါ်ကျိုးဥစရိုက်မှာ အမြင်တွင် ကျွန်မ တကယ်တွေ့ဖူးသော သူဌေးကြီးတစ်ဦးအဖြစ်ကို အခြေခံကာ ကျွန်မ ဖန်တီးလိုက်ခြင်း ဖြစ်ပါသည်။ အပြင်က သူဌေးမကြီးကလည်း သားအငယ်ဆုံး လက်ထပ်ချိန် မွဲထုတ်လာစဉ် သတို့သမီးစိန်ကြိုးကို စိန်မစစ်ဆိုကာ တကယ် လက်ထပ်ပွဲမှ ထပြန်လာသည်။ သူသေတော့လည်း သူ့စိန်တွေ ဘယ်မှာ ထားခဲ့သည် မသိ။ သားတွေ တစ်လုံးမှ မရ။ သားကြီးများကိုလည်း ဘယ်သူ မိန်းမယူသည်ကိုမှ အသိအမှတ် မပြု။ သူ့သားများအားလုံး လူပျိုကြီးတွေဟု ကြေညာသည်။ သား၊ ချွေးမတွေ အကာမခံဘဲ နောက်ဆုံး သေချိန် သူ့စိန်တွေ ဘယ်သူမှ မရ။ ဘယ်ထားခဲ့မှန်း မသိသည်မှာ ယခုတိုင်ဖြစ်သည်။



လောဘတရား၏ ပူလောင်မှုမှာ နောက်ဆုံး နှလုံးသွေးနောက်ကာ ရူးသွားရသည်အထိ ဖြစ်သွားရသည်။

လောဘတရား၏အရှိန်က သူ့ဘာသာ မနေ။ မေတ္တာစစ် မေတ္တာမှန်နှင့် ရောင့်ရဲနိုင်ပါသော ကိုသန်းချိန်တို့မိသားစုကို ဂယက်လာရိုက်ရသည့် ဝတ္ထုဇာတ်လမ်းပင်ဖြစ်ပါသည်။

လူဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ ခြံရံ၍ မွေးဖွားလာကြခြင်း ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟ နည်းပါးလေသမျှ ရောင့်ရဲသည့်၊ ငြိမ်းချမ်းသည့် အရပ်ဟုတ္တမဂ်သို့ ရောက်လေသမျှ လောဘ၊ ဒေါသကတော့ လုံးဝ ကင်းစင် မသွားပါ။

သို့သော် လောဘ၊ ဒေါသ၊ မောဟက ရှိသင့်သည်ထက် လွန်ကဲလာလျှင် ကိုယ့်ကိုယ်ကို ရူးရုံမက သေသည်အထိ နှိပ်စက်နိုင်သည်။ ရောင့်ရဲငြိမ်းချမ်းသော လူ့ဘောင်သည်လည်း ထိုထိုလူမျိုးတွေကြောင့် ဖရိုဖရဲ ဖြစ်ကြရသည်။

လောဘ၊ ဒေါသ မောဟ နည်းပါးအောင် ဘာလုပ်ကြမည်နည်း။

(လုံမလေးမဂ္ဂဇင်း၊ မေ၊ ၁၉၉၈)

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်းကေရီ

၁၉၅၃ ခုနှစ် ပတ်ဝန်းကျင်လောက်တွင် ထင်ပါသည်။ 'ကျွန်းကေရီ' ဝတ္ထုကို မြဝတီမဂ္ဂဇင်းတွင် ကျွန်မ ရေးသားခဲ့ပါသည်။ ပထမဆုံး မြဝတီမဂ္ဂဇင်းတွင် ကျွန်မ ရေးသော မဂ္ဂဇင်းဝတ္ထုရှည်ဆိုလျှင် မှန်ပါသည်။ ကျွန်မ၏ ပေါ့လျော့မှုကြောင့် ဝတ္ထုရေးချိန် သက္ကရာဇ်ကို အတိအကျ မဖော်ပြနိုင်ပါ။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဇန်နဝါရီလထုတ်ဆိုသည်ကိုတော့ မှတ်မိပါသည်။ ၁၉၇၁ ခုနှစ်တွင် နန္ဒဝန်စာပေမှ လုံးချင်းအဖြစ် ပြန်လည်ထုတ်ဝေပါသည်။

လွတ်လပ်ရေးရပြီး ပြည်တွင်း ရောင်စုံသောင်းကျန်းမှုကို မြန်မာပြည်ကြီး ရင်ဆိုင်ခဲ့ရပါသည်။ စစ်မြေပြင်သို့ ကျွန်မ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုခဲ့ပါသော်လည်း သောင်းကျန်းမှုရေချိန် အပြင်းထန်ဆုံး မြင့်တက်ချိန်တွင် ကျွန်[illegible]သည် ဝင်ဒါမီယာမှာ ဝန်ကြီးချုပ်၏ အတွင်းရေး အတွင်းဝန်အဖြစ် [illegible]ပါသည်။ အခြားရုံးအဖွဲ့ဝင်များနှင့်အတူ တစ်ယောက်တစ်လှည့် ညဉ့်[illegible] ၁၂ နာရီအထိ တာဝန်ယူ၍ ရုံးဆောင်းကြရသည်။ တစ်မြို့ပြီးတစ်မြို့ သောင်း[illegible] သူတို့ လက်သို့ ကျဆုံးနေသည်။ အဖိုးတန်သူရဲကောင်း မိုး[illegible] ရဲဘော်အထိ ကျဆုံးကြသော အနိဋ္ဌာရုံသတင်းတွေကို နေ့စဉ် ည[illegible]။

www.burmeseclassic.com



ရရှိ၍ ကျွန်မတို့က ဝန်ကြီးချုပ်ထံ သတင်းပို့ရသည်။ အစိုးရအဖွဲ့မှာလည်း ရန်ကုန်အစိုးရအဖွဲ့ဟု ပိုင်းဝန်းခေါ်ဝေါ်သမုတ်ကြသည့်အဖြစ်သို့တိုင် ရောက်ခဲ့ရသည်။ ရန်ကုန်မြို့ဆိုရာတွင် အင်းစိန်ထိ၊ ကေအင်ဒီအိုတို့က သိမ်းပိုက်ထားခဲ့ပါသည်။ ဦးစက္ကိန်ကုန်းတစ်ပိုက်တွင် မြန်မာ့တပ်မတော်နှင့် ကေအင်ဒီအိုတို့ တိုက်ပွဲ အပြင်းအထန် ဖြစ်နေကြချိန်ဖြစ်သည်။

ထိုစဉ်က ရှေ့တန်းရောက် စစ်သည်များအား ကျွေးမွေးပြုစုရသော တပ်မတော်အမျိုးသမီး စောင့်ရှောက်ရေးအဖွဲ့ ရှိသည်။ ထိုအဖွဲ့များက အလှည့်ကျ အဖွဲ့များဖွဲ့ကာ တစ်နေ့ကို တစ်ဖွဲ့ အင်းစိန်တိုက်ပွဲ ရှိရာသို့ သွားရောက်၍ ရဲဘော်စစ်သည်များကို အစားအစာများ ကျွေးမွေးပြုစု၍ အားပေးကြသည်။

ကျွန်မသည် ဒေါ်မြရီ ဦးစီးသောအဖွဲ့တွင် ပါဝင်ကာ ရှေ့တန်းရဲဘော်များရှိရာသို့ သွားရောက်ခဲ့ရပါသည်။ ကျွန်မတို့ စခန်းချရသည်မှာ ယခု သမိုင်းလမ်းဆုံ ဗလီကြီးထဲမှာ ဖြစ်သည်။ သို့သော် အစားအစာများကို တိုက်ပွဲနေရာအထိ သွားရောက်ကျွေးမွေးရသည်။ စစ်မြေပြင်ကို ကွင်းကွင်းကွက်ကွက် မြင်ရခြင်းပင်ဖြစ်၏။ ဦးစက္ကိန်ကုန်းဘက်သို့ ထွက်ရသော နေ့တစ်နေ့မှာမူ ကျွန်မ ပြင်းစွာစိတ်ထိခိုက် တုန်လှုပ်ရပါသည်။ ကိုင်းတောမြက်တွေကြားမှာ တစ်ဘက်နှင့်တစ်ဘက် တိုက်ခိုက်နေကြသည်။ တစ်ဘက်က ဘယ်လောက်ကျဆုံးသည် မသိ။ ကျွန်မတို့ဘက်ကလည်း ဒဏ်ရာရ ချင်းရဲဘော်လေးများကို ကိုင်းတောထဲမှ ထမ်း၍ထမ်း၍ ထုတ်လာကြသည်။ သစ်ပင်ကြီးများကို အကာအကွယ်ယူ၍ ကျွန်မတို့ ထိုင်ကြည့်နေသော်လည်း ကျည်ဆံများမှာ အနှံ့အပြား တဝီဝီနှင့် ကျွန်မတို့အပါးတွင် ဖြတ်သန်းလျက်ရှိသည်။

ကျွန်မတို့ အပြန်လမ်းတွင်လည်း ကားခေါင်မိုးပေါ်မှ ကျည်ဆံတွေ တဝေါဝေါ ပျံသန်းလျက် ရှိပါသည်။

တစ်နေ့မှာတော့ သမိုင်းရှိ ကျွန်မတို့စခန်းတွင် ကျွန်မအစ်ကို ဗိုလ်မှူးသီဟနှင့် ဆုံကြသည်။ သူသည် ရခိုင်မှ တပ်ရင်း(၅)နှင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ သူတို့ အင်းစိန်တိုက်ပွဲတွင် ပါဝင်ရသည်။ ညက ဖြစ်ပွားခဲ့သော တိုက်ပွဲအကြောင်း ပြောပြရင်း ကျွန်မတို့ကို ခေါ်သွား၍ ပြသည်။ ညဘက်က ရန်ကုန်ကို ဝင်ရောက်ထိုးဖောက်ရန် အစီအစဉ်နှင့် ကေအင်ဒီအိုတို့သည် ဒေါက်ချစ်ကားတွင် ဒရိုင်ဘာကို ကြိုးနှင့်ချည်၍ အင်းစိန်၊ ကမာရွတ် သံလမ်း



အတိုင်း အတင်းမောင်းခိုင်းသည်။ ကားနောက်မှာ လက်နက်ကိုင် ကေအင်ဒီအို တပ်သားများဖြစ်သည်။ စောဘင်ဆင်ခြံအလွန်လောက်တွင် တပ်မတော်မှ ဘဇူကာနှင့် ပစ်၍ တိုက်ခိုက်သောကြောင့် ကေအင်ဒီအိုတို့ ကားကြီးမှာ မီးလောင်၍ အားလုံးလိုလို သေကုန်သည်။ ဒရိုင်ဘာမှာ ကြိုးချည်လျက်နှင့် ကားပေါ်မှအောက်သို့ တန်းလန်းကြီး ဒဏ်ရာဖြင့် သေနေသည်။ သူ့ခမျာ မောင်းချင်ရှာ၍ မဟုတ်။ ကြိုးတုပ်၍ သေနတ်နှင့်ချိန်ထားခြင်းကြောင့် မောင်းရသော သူ့အဖြစ်ကို တွေးကာ ရင်ထဲမချိပါ။

ကျွန်မသည် အသီးပြင်ရဲရဲကို မီးလောင်ထားသောဒဏ်ရာတွေနှင့် အလောင်းတွေကို ကြည့်ရင်း ကြီးစွာသော စိတ်ဆင်းရဲမှု ဖြစ်ရပါသည်။ တစ်နေ့က ချင်းတပ်မှ ကိုယ့်ရဲဘော်တွေ ကျဆုံး၍ စိတ်ဆင်းရဲရသည်။ ယနေ့တော့ ကေအင်ဒီအိုတွေ ကျဆုံးပြန်တော့လည်း စိတ်မသက်သာ။

ထိုစဉ်ကစ၍ စစ်ဆိုသည်မှာ ဘယ်ဘက်ကပဲဖြစ်ဖြစ် မသက်သာရသောအဖြစ်ကို တွေးမိတိုင်း သတိသံဝေ ရမိပါသည်။ ဤပြည်တွင်းဆူပူသောင်းကျန်းမှုကိုလည်း ငြိမ်းချမ်းစေချင်ပါသည်။

၂၂-၅-၄၉ နေ့တွင် ဗိုလ်ချုပ်ကျော်ဇော ဦးစီး၍ အင်းစိန်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် မြန်မာပြည် အနှံ့အပြားတွင်မူ သောင်းကျန်းမှုသည် အရှိန်မသေသေး။

၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၃ ရက်တွင် ကျွန်မ လက်ထပ်ခဲ့ပါသည်။ လက်ထပ်ချိန်မှာကို သတို့သားက ရှေ့တန်းမှာ ဖြစ်နေ၍ ဇိတ်စာ ကမ်းပြီးသော်လည်း သတို့သား မရောက်သေး။ နှစ်ရက်အလိုမှာမှ ကမန်းကတန်း ရောက်လာ၍ လက်ထပ်ပွဲ ကျင်းပရသည်။ လက်ထပ်ပွဲ လုပ်နေစဉ် သူ့နယ်မြေမှ 'မြောင်' ကျသွားကြောင်း သံကြိုးရ၍ သတို့သားသည် လက်ထပ်ပြီး နှစ်ရက်အကြာ သူ့တပ်ရှိရာ စစ်ကိုင်းသို့ ပြန်သွားရသည်။

ကျွန်မရင်ထဲမှာ အင်းစိန်တိုက်ပွဲ၏ အနိဋ္ဌာရုံကြောင့် ရှေ့တန်းရောက်ရဲဘော်များအဖြစ်ကို စာနာမိလေသည်နှင့်အမျှ လက်ထပ်ပြီး နှစ်ရက်အကြာ အရှုမကြောင်နှင့် ကျန်ရစ်ခဲ့ရပါသော ရှေ့တန်းသွား ရဲဘော်၏ဇနီးအဖြစ်ကိုလည်း ရင်ထဲမှာ ပြင်းပြင်းထန်ထန် ခံစားရပါသည်။ ထိုစဉ်က ကျွန်မ၏ခင်ပွန်းသူမှာ စစ်ကိုင်းခရိုင် စစ်ဝန်ထမ်း တပ်ရင်းမှူး ဖြစ်ပါသည်။

နောက်ပိုင်းတွင် သူနှင့်တကွ စစ်ဝန်ထမ်း တပ်သားတွေအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း သိလာလေလေ ကျွန်မရင်ထဲတွင် စစ်ကို နာကျည်းမိသော ဖြစ်ပါသည်။ သို့သော် ငြိမ်းချမ်းရေးကို ဖျက်ဆီးလိုသူတို့၊ နယ်မြေကို ထိပ်စော်ကား ကျူးကျော်လာသူတို့နှင့် ရင်ဆိုင်ရတိုင်း ကျွန်မတို့သည် လက်နက် စွဲကိုင်ရမည်သာဖြစ်သည်။

ဤအတွေ့အကြုံကို ကျွန်မရင်တွင် တစိမ့်စိမ့် ခိုဝင်လာရာမှ 'ကျွန်းကေရီ' ကို မွေးဖွားလာခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်းကေရီကို ရုတ်တရက် ဖတ်လိုက်လျှင် အချစ်ဝတ္ထုဟု ထင်ဖွယ် ရှိပါသည်။ ကျွန်မသည် တိုက်ပွဲများကို အများကြီး ထည့်မရေး။ ကျွန်မရင်ထဲတွင်လည်း ရေးချင်စိတ် ကုန်ခဲ့နေသည်။ ဒီအနိဋ္ဌာရုံတွေကို ကျွန်မ ပြန်လည် မတွေ့ဆုံလိုတော့ပါ။

ကျွန်းကေရီဝတ္ထု၏ ဇာတ်လိုက်မှာ ဗိုလ်တင်မောင်ဖြစ်သည်။ သူသည် မမြလေးကို အင်းစိန်တိုက်ပွဲ တစ်နေရာတွင် သူ့ရဲဘော်ကြည်မောင်နှင့် ပတ်သက်ပြီး သိကျွမ်းခဲ့ရသည်။ ဗိုလ်တင်မောင်မှာ တပ်ရင်း(၅)နှင့်အတူ အင်းစိန်တိုက်ပွဲတွင် ဝင်ရောက်တိုက်ခိုက်ခဲ့ရသူဖြစ်သည်။

အင်းစိန်ကို သိမ်းပိုက်ပြီးနောက် မမြလေးတို့ မိသားစုသည် ရန်ကုန်-အင်းစိန် လမ်းမပေါ်ရှိ သူတို့အိမ်လေးသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြသည်။ အိမ်မှာ ကျမ်းစာသင်ကျောင်းနှင့် မနီးမဝေးဖြစ်သည်။ ရဲဘော်ကြည်မောင်၏ စွမ်းဆောင်မှုကြောင့် မြလေးနှင့် ဗိုလ်တင်မောင်တို့ ရင်းနှီးခဲ့ကြသည်။ မမြလေးတို့မိသားစုမှာ သားအမိသားအဖ သုံးယောက်တည်းရှိ၍ အေးချမ်းသော မိသားစုဖြစ်သည်။ သူတို့သည် ခြံနောက်ဘက်တွင် ယာခင်းလုပ်၍ နွားများ မွေးမြူကာ နွားနို့ရောင်းချသည်။ မမြလေးက အင်းစိန်ကျောင်းတွင် ကျောင်းဆရာမဖြစ်သည်။

တပ်ရင်း (၅) မော်လမြိုင်သို့ ပြောင်းရွှေ့ချိန်တွင် ဗိုလ်တင်မောင်မှာ မကျန်းမာ၍ ဆေးရုံမှာ ကျန်ရစ်သည်။ စစ်ဆေးရုံကအဆင်းမှာလည်း နားနေစရာ အိမ် မရှိ။ သူ့မှာ မိဘကလည်း မရှိ။ တက္ကသိုလ်ကျောင်းမှ ထွက်၍ တပ်ထဲ လိုက်ခဲ့ခြင်းဖြစ်သည်။ သူ့အခက်အခဲများကို ရဲဘော်ကြည်မောင်၏ အကြံ အစည်ဖြင့် ဖြေရှင်းလိုက်သည်။ မမြလေးမိဘများက ဗိုလ်တင်မောင်ကို သူတို့ အိမ်တွင် နားနေခွင့် ပြုကြသည်။

မြလေးတို့မိသားစုက ကောင်းစွာပြုစုစောင့်ရှောက်ကြသည်။ နောက် ဗိုလ်တင်မောင် မြလေးနှင့် လက်ထပ်ပြီး ကယားတပ်ကို ပြောင်းရကာ ကွတ်ရိုးဘက် ရှေ့တန်းသို့ တရုတ်ဖြူတို့ကို တိုက်ရန် ထွက်ခွါသွားရလေသည်။ မြလေးကိုတော့ ခေါ်မသွားနိုင်ပါ။

သုံးနှစ်လောက်အတွင်း အိမ်ပြန် နားရသည်မှာ တစ်ပတ်၊ နှစ်ပတ် လောက်ပဲ ရှိသည်။ ဗိုလ်တင်မောင် ရှေ့တန်းတွင် ရှိနေစဉ် မြလေးသတင်းကို ကြားရသည်မှာ မကောင်း။ တစ်နေ့ မြလေးအဖေထံမှ ဗိုလ်တင်မောင် ဖြစ်သည့် နည်းဖြင့် အိမ်ပြန်လာဖို့ခေါ်သောစာ ရောက်လာသည်။ ကြိုတင်အကြောင်း ကြားဘဲ ပြန်လာ၍ အိမ်တွင် မမြလေးကို မတွေ့ရ။ မြလေး ကျောင်းသွား တက်နေသည်။

မြလေးမေမေမှာ ကောင်းစွာ မကျန်းမာ။ အိပ်ရာပေါ် လဲနေသည်။ အဖေဖြစ်သူက ခရီးရောက်မဆိုက်ပင် အခြေအနေကို ပြောပြသည်။

မမြလေး ကျောင်းတွင် အလုပ်လုပ်နေသည်မှာ အဆင်ပြေနေကြောင်း၊ ယခုနှစ်တွင် အင်းစိန်သို့ ပြောင်းလာသော ပညာဝန်ထောက် ဦးကျော်မင်းနှင့် မိတ်ဆွေဖြစ်ကြကြောင်း၊ မြလေးရသော လခထဲမှ စု၍ နွားတစ်လုံး ဝယ်ထားရကြောင်း၊ ယခင်စနွားယား ရောင်းပြီးကတည်းက ဆီးဖြစ်၍ သမီးဖြစ်သူ စိတ်ငြိမ်စေရန် နောက်ထပ် ဝယ်ပေးရကြောင်း၊ နောက်ပိုင်းတွင် ပညာဝန်ထောက် ဦးကျော်မင်းက သီချင်းလာတက်ရင်း ရင်းနှီးလာကြောင်း၊ ယခုနှစ် ဗိုလ်တင် မောင်နှင့် မမြလေး လက်ထပ်သောနေ့ သုံးနှစ်မြောက် အထိမ်းအမှတ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မမြလေးသည် ဦးကျော်မင်းနှင့်အတူ ကျိုက္ကလို့ဘုရားသို့ သွားကြောင်း၊ ထိုမျှ ရင်းရင်းနှီးနှီး နေသည်ကို မကြိုက်၍ သူ ကိုယ်တိုင်ပင် ဘုရားမှအပြန် ဦးကျော်မင်းကို တွေ့ဆုံ၍ မြလေးနှင့်ဆက်ဆံမှုကို ရပ်တန်းက ရပ်ရန် မေတ္တာရပ်ခံလိုက်ကြောင်း။

'သားတို့ ရှေ့တန်းသွားနေရချိန်ကလဲ ကြာပြီ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ သားဟာ နောင်ခါမှ မသိစေချင်ဘူး။ ဒီကိစ္စကို သား ဘယ်လို အရေးယူချင်လဲ ဆိုတာကလဲ အင်မတန် စိတ်ကူးယဉ်စရာကောင်းလေတော့ မြလေးအပြစ် ကို ခွင့်လွှတ်စေချင်တယ်။ ခွင့်လွှတ်နိုင်ရင်တော့ အပြန်မှာ မြလေးကို ခေါ်သွားပါ'

အဖေကြီး၏ ဖွင့်ဟပြောကြားချက်များကို ကြားရတော့ ဗိုလ်တင်မောင် မှာ များစွာစိတ်ထိခိုက်သွားသည်။ မြလေး ပြန်လာချိန်တွင်မူ ဘာမှ မမေးမပြောင်း။ သူ့ကို အရင်အတိုင်း ကောင်းကောင်းမွန်မွန် ပြုစုသည်။ ဗိုလ်တင် မောင်က သူ လက်ထပ်ပြီးကတည်းက ရှေ့တန်းတွင်သာ အချိန်ကုန်ခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com



သူ့ အဖြစ်ကြောင့် သူ လင်သားတစ်ယောက်တာဝန် မကျေခဲ့သည်ကို သ
သည်။ ရှေ့တန်းသို့ ခေါ်ယူခွင့် မရသော်လည်း မြလေးကို လားရှိုးတွင် အိမ်
ထားရန် ဆုံးဖြတ်လိုက်သည်။

မသွားခင်ရက်များတွင် တစ်နေ့မှာ မြလေးက စန္ဒယားတီးပြရင်
ဦးကျော်မင်း တက်ပေးခဲ့သော ကျွန်းကေရီ သီချင်းကို တီးပြသည်။ ထိုသီချင်
အသံလွှင့်ရန် ဦးကျော်မင်းကိုယ်တိုင် သီဆိုထားကြောင်း ပြောပြသည်။

သီချင်းအဓိပ္ပာယ်က ကျွန်းတစ်ကျွန်း၏ ကေရီဘုရင်မတစ်ဦးသ
ဖောင်တော်နှင့် လှည့်လည်စဉ် ကမ်းပါးရှိ မြေနွယ်ပွင့်ကြီးတစ်ပွင့်က ဦးညွ
အရိုအသေပြုကြောင်း၊ ကေရီဘုရင်မက ရူးစိုက်ငေးမျှော်ကြည့်ရင်း ဆက်လ
ခရီးထွက်ခွါချိန်တွင် ပန်းပွင့်ကြီးသည် ဘုရင်မကြီးကို ခွဲလန်းသည့် သော
ကြောင့် အစိတ်စိတ်အမြွှာမြွှာ ပွင့်လွှာများ ကွဲကြေကာ ရေမှာ မျောပါသွားသ
လှိုင်းထက်တွင် မျောပါလာသော ပွင့်ဖတ်များကို မြင်ရသော ကေရီမ၏ မြ
မျက်လုံးများက မျက်ရည်များ ပင်လယ်ရေပြင်ပေါ်သို့ ကျသွားသည်။ မျက်ရ
များသည် ပုလဲအဖြစ် ပင်လယ်ရေပြင်အောက်သို့ ငုပ်လျှိုးသွားကြကြော
ဖွဲ့နွဲ့သီဆိုထားသည်။

မြလေးက ဗိုလ်တင်မောင်ကို သီချင်းဆိုနိုင်းသောအခါတွင်မူ ဗို
တင်မောင်က 'ဆယ်ကမ္ဘာရှေ့စေတော့၊ ဘုန်းမသွေပါ၊ မုန်းလေနဲ့ ချစ်ဦးည
ဟူသော 'ဆုတောင်းရွယ်' သီချင်းကို ဆိုပြခဲ့သည်။ သူ့အသံက ဦးကျော်မင်း
မကောင်း။ အဆိုက မပိုင်ဟု သူ ထင်သည်။ ဗိုလ်တင်မောင်က စစ်သား
တွင် တာဝန်ကိုသာ ဦးစားပေးနေရ၍ သူတို့မှာ ကဗျာ မဆန်နိုင်။ ထိုအချိ
မမြလေး ဂီတတွင် မိန်းမော၍ ဦးကျော်မင်းအပေါ် စိတ်ညွှတ်သည်မှာ အ
မဆိုသာ။ လက်ထပ်ပြီးချိန် လင်မယား အတူ မနေရ။ ခွဲခွါနေရသော အ
မကျေသေးသည့် အိမ်ထောင်ရေးက မြလေးကို ယခုအဖြစ်ရောက်အောင် ပို့သ
ဟု သူ ယူဆသည်။

ထိုဝတ္ထုအကြောင်းကို ဗိုလ်တင်မောင်က သူ့သူငယ်ချင်း စာရေးဆ
ခင်နှင်းယုအား သူ ဘာလုပ်ရမည်ကို တိုင်ပင်ရင်း စာရေးလိုက်သည်။ ခင်နှင်
အင်းစိန်မှာနေ၍ ဦးကျော်မင်းနှင့်လည်း ရင်းနှီးသည်။ တစ်နေ့ ဦးကျော်မင်
ဒေါ်ခင်နှင်းယုတို့ အင်းစိန်လမ်းမပေါ် ညနေခင်း လမ်းလျှောက်ရင်းမှ ရှေ့တ
လမ်းလျှောက်သွားသော ဗိုလ်တင်မောင်နှင့် မြလေးတို့ စုံတွဲကို တွေ့ရသ



ခင်နှင်းယုက ဗိုလ်တင်မောင် ရှေ့တန်းမှ ပြန်လာကြောင်း ပြောပြ
သည်။ နောက်အပတ်တွင်မူ ခင်နှင်းယုထံသို့ ဦးကျော်မင်းက စာရေးလိုက်သည်။

သူ့အမှားကို နောင်တရကာ နောက်ဆုတ်လိုက်ပါကြောင်း၊ သက်ဆိုင်
နှင့်ညှိ၍ ပြောင်းရွှေ့ခွင့် ရအောင် လုပ်၍ ပြောင်းသွားကြောင်း၊ နှုတ်ဆက်စာ
ရေးခဲ့သည်။

ခင်နှင်းယုက ဗိုလ်တင်မောင်ကို ခေါ်ယူ၍ ထိုစာကို ပေးလိုက်သည်။
လ်တင်မောင်သည် ခွင့်ရက်စေ့ချိန်တွင် မမြလေးကို ခေါ်ယူကာ ပြန်သွားသည်။

လေယာဉ်ကွင်းသို့ လိုက်ပို့သော ခင်နှင်းယုက ဖနီးမောင်နှံ ပြေလည်
သွားသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကြည့်ရင်း ကျန်ရစ်သည်။

နောက် လေးငါးခြောက်လ အကြာတွင် ဗိုလ်တင်မောင်ထံမှ စာ
ရောက်လာသည်။

သူသည် မြလေးကို လားရှိုးတွင် အိမ်ငှား၍ ထားပေးကြောင်း၊
တွတ်နိုင်မှ သူ မကြာခဏ ပြန်လာကြောင်း၊ တစ်ညတွင် နှစ်ယောက်အတူ
ရေဒီယို နားထောင်နေစဉ် သက်ဆိုင်သူသို့ဆို၍ ကျွန်းကေရီသီချင်း လာ
ကြောင်း၊ သီချင်းမှာ မမြလေး ဆိုပြသည်ထက် လှိုက်လှိုက်လှဲလှဲ အသက်ပါ
ကြောင်း။ သီချင်းဆုံးလျှင် မမြလေးမှာ ဣန္ဒြေမဆောင်နိုင်ဘဲ ကြူကြူပါအောင်
က်ကြီးတငင် ငိုကြွေးခဲ့ကြောင်း။ နောက်ဆုံး သူ ဖွင့်ဟ မေးသည်တွင် 'မြလေး
ကို ခွင့်လွှတ်ပါ' ဟူသော စကားတစ်လုံးသာ ပြောကြောင်း၊ သူ ဒီမှာ မနေနိုင်
တော့ဘူးဆို၍ နောက်နေ့တွင် မန္တလေး လေယာဉ်ပေါ်သို့ တင်ပေးလိုက်
ကြောင်း၊ ဒီစာရလျှင် မြလေး ဖေဖေထံသို့ သူတို့၏သမီး 'မိန်းမရိုင်း'ကြီး
အကြောင်း ပြောပြ၍ မြလေးမိဘများကို သူ သေသည်အထိ တာဝန်ယူသွား
ည်ကိုလည်း ပြောပြရန် ဗိုလ်တင်မောင်က စာရေးလိုက်သည်။

ခင်နှင်းယု ဘာမျှ မတတ်နိုင်တော့ပါ။

ဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်မှာ ဒါပဲ ဖြစ်ပါသည်။ ဝတ္ထုထဲတွင်
တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ကျွန်မ သင့်ရုံ ဖော်ပြခဲ့သည်။ တပ်မတော်သ
တစ်ယောက်အနေနှင့် တာဝန်ကို ဦးစားပေးရချိန်တွင် နောက်ပိုင်း ကိစ္စ
ကိုယ်တာကို လျစ်လျူထားရသောကြောင့် ကိုယ်ရေး ဆုံးရှုံးမှု
ခံစားရသည်ကို ကျွန်မ အများဆုံး ပြောပြခဲ့ပါသည်။

တပ်ရင်း (၅) သထုံ ပြောင်းရချိန်တွင် ဇာသပြင်တိုက်ပွဲတွင် ခဲ့ဆော်

www.burmeseclassic.com



ကြည်မောင် ကျဆုံးရပုံကို အသားပေးခဲ့ပါသည်။ တပ်မတော်သား ဆိုသည် လူ ပုထုဇဉ်သားပဲ ဖြစ်သည်။ လရောင်၊ တောတောင်၊ ရေမြေနှင့် တွေ့ လူ့သားဆန်ဆန် ကြည်နူးမိသည်။ ကင်းတာဝန်ကျရင်း လရောင်ကို မြတ် မိသော ရဲဘော်ကြည်မောင်က လရောင်ရွှန်းစိုသော သစ်ရွက်များကို ထိတွေ့ သည်နှင့် ရန်သူ၏ ချောင်းမြောင်းပစ်ခတ်မှု Sniper ထိကာ ကျဆုံးသွားရသည် ဒီအဖြစ်ကို ဗိုလ်တင်မောင်က လဝန်း ကောင်းကင်မှာ သာလာတိုင်း သူ ရဲဘော်ရိပ်သည် ယုံမင်းရိပ်လို ထင်ဟပ်နေသည်ဟု ဖော်ကျူးခဲ့ပါသည် သြော်.....တပ်မတော်သားဆိုသည်မှာ လရောင်ရွှန်းမြသော လ၏အရသာကို သူလိုငါလို မခံစားနိုင်ဘဲ အမြဲ သတိရှိနေရပါကလား။

ဗိုလ်တင်မောင်တို့တပ်ကပင် ဗိုလ်ကြီးသန်းဆောင်၏ စစ်သံ ရစရာကိုလည်း ကျွန်မ ဖော်ထုတ်ခဲ့ပါသည်။ တိုင်းပြည်ကြီး ချောက်ထဲကျ လက်နှစ်လုံးလောက်အလိုတွင် ဗိုလ်သန်းဆောင်တို့မှာ 'ရော့ လက်နက်၊ စစ်ဝတ်' ဆို၍ ကျောင်းမှထွက်ကာ တိုက်ပွဲဝင်ခဲ့ကြသူတွေ ဖြစ်သည်။ နောက်ပိုင် အေးချမ်းချိန်ကျမှ သင်တန်းတက်ကာ တပ်မတော်သို့ ဝင်ခဲ့ရသည်။ သို့သော် တပ်မတော်သားဆိုသည်မှာ ရဟန်းတော်များ ၂၂၇ ပါးသော သိက္ခာပုဒ် စောင့်ထိန်းရသလို စစ်ဥပဒေကို တင်းကြပ်စွာ စောင့်ထိန်းရသည်။ အတိမ်း အစောင်း မခံ။ လက်ကျဲထဲတွင် ဖြစ်သလို လက်နက်စုဆောင်း၊ ဖြစ်သ စားနပ်ရိက္ခာရှာကာ တပ်မတော်နှင့်အတူ သောင်းကျန်းသူတို့ကို နှိမ်နင်းခဲ့ရသော ဗိုလ်သန်းဆောင်တို့လို စစ်ဝန်ထမ်းများကို နောက်ပိုင်း တိုင်းပြည် အနည်ထို ချိန်တွင် ဥပဒေသမားတို့က စာအုပ်ကြီးလှန်ကာ အရေးယူခဲ့ပုံများ၊ ပြည်တွင်း ဟူ၍ ဖြစ်လာချိန်တွင် ဖြစ်တတ်သော အမှားများကို ကျွန်မ ဦးစား ရေးခဲ့ပါသည်။ တပ်မတော်သားတွေမှာ မပြောပလောက်သော 'အမှား ဟူ၍ ကျူးလွန်၍ မဖြစ်။ တင်းကြပ်သော စစ်ဥပဒေသည် အတိမ်းအစော မခံပါ။ မလုပ်သင့်တာ လုပ်၍ အပြစ်ရှိသလို၊ လုပ်သင့်တာ မလုပ်၍လည် အပြစ်ရှိသည်။ တစ်ခါတစ်ရံ လုပ်သင့်တာ လုပ်ပါလျက်နှင့် အရေးယူ ခံရ တွေလည်း ရှိသည်။ သို့သော် အရာရာကို ထောက်ထား၍ ကျွန်မ သိသလော ရေးပြခွင့်တော့ မရလိုက်ပါ။

ရှေ့တန်းမှ တိုက်ပွဲဆင်နွှဲနေရသော တပ်မတော်သားတွင်မက နောက် ပိုင်းမှ အိမ်သူသည် ဤစစ်ဒဏ်ကြောင့် လောကတွင် အရေးအကြီး



ကိုယ်ကျင့်တရား စာရိတ္တများ ထိခိုက်ရပုံကို ကျွန်မ ရေးသားခဲ့ပါသည်။ စစ်ကြောင့် ခန္ဓာကိုယ်တွင် ရရှိသော ဒဏ်ရာကို ကုသ၍ ရမည်။ မသက်သာ ခြေဖြတ်၊ လက်ဖြတ်ရုံပင်။ တိုက်တာအိုးအိမ်တွေ ပျက်စီးသွားလျှင် ပြန်၍ ဆောက်မည်။ ကော့နေသော လယ်ကွင်းတွေ၊ ယာတောတွေ ငြိမ်းချမ်းလျှင် ပြန်၍ စိုက်ပျိုးမည်။

သို့သော် စစ်ကြောင့် စိတ်ဓာတ်ပျက်ပြားရမှု၊ အကျင့်စာရိတ္တ ဖောက်ပြားရမှုကတော့ ကာလရှည်လျားစွာ ပြန်လည်ထူထောင်ရပေမည်။ တစ်ချို့ကြတော့ ပြုပြင်လို့မရ သေသည်အထိ ဘဝဆုံးကြရသည်။

တစ်ချို့ကလည်း ကျွန်မဝတ္ထုကို ကျွန်မရည်ရွယ်သည့်အတိုင်း သဘောပေါက်ကြသည်။ တစ်ချို့ကတော့ တပ်မတော်သား ရှေ့တန်းထွက်နေစဉ် နေးက ဖောက်ပြန်သော အိမ်ထောင်ရေး အချစ်ဝတ္ထုဟု နားလည်ကြသည်။ ဤအဖြစ်တွေ၏နောက်ကွယ်မှ စစ်ဘီလူးကိုမူ ကျော်၍ မမြင်ကြပေ။

ဒီဝတ္ထုထွက်ပြီး မကြာခင်မှာ ကျွန်မချစ်သူ ဗိုလ်ကျော်သောင်းက မေးပါသည်။

'အချို၊ ဗိုလ်မှူးကြီးကို သိသလား'

ကျွန်မက မသိကြောင်း ပြောလိုက်ပါသည်။

'အေး.....ဗိုလ်မှူးကြီးက ပြောတယ်၊ မစု ဝတ္ထုဖတ်ပြီး ကျွန်တော် သိပ်ခံစားရတယ်၊ မစု ကျွန်တော့်အကြောင်းကို သိနေတယ် ထင်တယ်၊ ကျွန်တော့်အဖြစ်နဲ့ ထပ်တူပဲတဲ့'

ကျွန်မ၏ချစ်သူ ပြောစကားကို ကြားရသောအခါ ကျွန်မ အံ့သြသွားပါ သည်။ ကျွန်မမှာ တပ်ထဲ အနေနည်းသူဖြစ်၍ ထိုဗိုလ်မှူးကြီးကို မသိပါ။ ကျွန်မ ရေးသည်မှာ စိတ်ကူးယဉ်နှင့် လက်တွေ့အဖြစ်ကို ပေါင်းစပ်၍ ရေးလိုက်ခြင်းဖြစ် ပါသည်။

ထိုဝတ္ထုရေးစဉ်က ကျွန်မချစ်သူမှာ ဗိုလ်ကြီးဘဝပင် ရှိပါသေးသည်။ သို့သော် မြဝတီမဂ္ဂဇင်းတွင် အုပ်ချုပ်ရေးမှူး ဖြစ်ပါသည်။ ဒါပေမယ့် မြဝတီ မဂ္ဂဇင်းတွင် ကျွန်မ ဘာမျှမရေးပါ။

ရှုမဝတွင် ကျွန်မ ပထမဆုံး မဂ္ဂဇင်းဝတ္ထုရှည် 'နွေနှောင်း ပါလာခဲ့ပါသည်။

'အချို၊ ဗိုလ်မှူးဘသောင်း (မောင်သုတ)က ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုရှည် ရှုမဝမှာ ပါလာတယ်တဲ့၊ မြဝတီမှာ ဘာမှ မရေးတာကတော့ ဗိုလ်မှူး ကျော်သောင်း ရှော့လို့တဲ့၊ အချို့ မြဝတီမှာ တစ်ရုရု ရေးဖြစ်အောင် ရေးပေးလိုက် ပါ'

ထိုစဉ်က မြဝတီ အယ်ဒီတာချုပ်မှာ ဗိုလ်မှူးဘသောင်း(မောင်သုတ) ဖြစ်ပါသည်။

ကျွန်မချစ်သူ၏ဆန္ဒကို ဖြည့်သောအားဖြင့် 'ကျွန်းကေရီ'ဝတ္ထုကိုရေး ဖြစ်ပါသည်။ ဗိုလ်တင်မောင်၏ စာပါစကားလုံးအတိုင်း 'မိန်းမရိုင်း'ဝတ္ထုကို ဆက်၍ ရေးခဲ့ပါသည်။ တစ်ချို့က ဒုတိယပိုင်းအဆက် 'မိန်းမရိုင်း' ဝတ္ထုကို စကားလုံး သုံးနှုန်းပုံကအစ ပိုမိုနှစ်သက်ကြပါသည်။

'စစ် ဘာကြောင့် ဖြစ်ရပါသလဲ' အကြောင်းရင်းကို ရှာတွေ့လျှင် စစ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားရသော ဝေဒနာများကို ကျွန်မတို့ ကုစားနိုင် မည်ဖြစ်ပါသည်။

(လုံမလေးမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၈၈)

## တစ်ခုပ်မှ မရောင်းရသော ကျွန်မ၏ တင်အောင်မွန်း

မယ်သည်းအိမ်မှ ဝါချည်စ

ညွန်းဆိုလာသည် သဝဏ်စာခွေ
နွေကန္တာဇာတ်၊ မသိမ်းတော်ပြီ
ရွှေနဂိုကောင်၊ ရည်မှောင်ဆည်းဆာ
ခရီးသမား၊ နှလုံးသားခြောက်
လျှောက်၍ရှာရင်း၊ မျှော်ပြင်းတာသ
ရေကြည်မြ
တွန်းပါစေလို့ ညရက်အိုချိန်
ငွေလှာအိမ်တွင်၊ တိမ်မစင်သေး
မှေးမှေးပျပျ၊ စုံကြိုးမငယ်
အလည်မရောက်၊ တောက်စားမပျော်
မျှော်ပါသော်ငြား၊ မောင်သားကွက်သူ
ပင့်ယုက်မြှူသန်း၊ ဇာပန်းမဟူရာ
ဆင်လာသောည။
အို သောကနွယ်ချုံ၊ ယုက်မှုန်ပိတ်ဆီး
မောင့်ခရီးတွင်၊ ပဝင်းတည်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



မယ့်သည်းအိမ်မှ၊ ဝါချည်စကို
မြှင့်စမ်းပါတဲ့။
ဩော် ငယ်ချစ်ဦး၏ မပြုံးနိုင်ပုံး
အလှသုဦးသည့်၊ လမ်းဆုံးဆန္ဒ
ဝေမျှသဒ္ဓါ၊ ရင်မှာရှိလည်း
ကျွင့်ဆဲပါရမီ၊ ဝတ်ရည်ဆုမှုန်
သင်းမထုံသေး။
ငုံစရုံး တရားကိုယ့်မှာ မပြည့်ပါသေး
တန်ခိုးငွေလှ၊ ဘိကျုံနိုလဲ၊ မပီတတ်သေး
ရေးရေးမြင်စ၊ သောင်မခေမာ
စီးသာစခန်း၊ မြတ်ပွင့်ပန်းကို
ကမ်းလိုက်ပါသည်
မောင့်မှာ လက်လှမ်းမီပါစေ။
ရှေ့ပြုဗ္ဗာတွင် ခမ္မတေးဖြင့် အေးပါစေ။
မိုးသောက်ယံတွင်
ပန်းများဖွေးဖွေး မွှေးပါစေ။
မိုးသောက်ဦးတွင်
နှင်းသက်လေညင်း သင်းပါစေ။ ။

တစ်ဘက်ပါကဗျာလေးမှာ 'ကျွန်တော်တင်အောင်ထွန်း' ဝတ္ထု၏ အဆုံးတွင် ပါလာသော ကဗျာဖြစ်ပါသည်။

ကျွန်မ ဝတ္ထုများကို Thesis ပြုစုတင်ပြ၍ မဟာဝိဇ္ဇာ အောင်မြင်လာသော မတင်ထွန်းမေ၏ မှတ်တမ်းအရ ကျွန်မ ရေးခဲ့သော လုံးချင်းဝတ္ထုရှည် ဆယ့်နှစ်ပုဒ် ရှိခဲ့သည်။ ထိုဝတ္ထုရှည်များအနက် 'ကျွန်တော် တင်အောင်ထွန်း' လုံးချင်းဝတ္ထုရှည်သည် တစ်ပုဒ်အပါအဝင် ဖြစ်ခဲ့သည်။ ကျွန်မ၏ စာဖတ်ပရိသတ်သည် ကျွန်မဝတ္ထုတို၊ ရှည်များ ထွက်တိုင်း ဝေဖန်ကြ၊ ဆွေးနွေးကြ တုံ့ပြန်ကြမြဲဖြစ်သည်။ 'ကျွန်တော် တင်အောင်ထွန်း' ဝတ္ထုကိုမူ ဘယ်သူမှ ဝေဖန်ဆွေးနွေးခြင်း မရှိကြ။

ခေတ်ညွန့်စာပေမှ ထုတ်ဝေ၍ ကျွန်မကို စာမူခ အပြေအလည်



ပေးပြီးသည့် ကောင်းကင်သစ်စာပေမှ ဝယ်ယူဖြန့်ချိခဲ့သည်ဟု ဆိုသည်။ ကောင်းကင် သစ်စာပေတွင် စာအုပ်များ စုပုံနေကာ တစ်အုပ်မျှ မရောင်းရဟု ဆိုပါသည်။ အံ့ဩစရာကောင်းသည်က တစ်အုပ်တစ်လေမျှပင် မရောင်းရခြင်း ဖြစ်ပါသည်။

မည်သည့် စာရေးဆရာဖြစ်စေ၊ မိမိရေးထားသော စာအုပ်များတွင် ရောင်းရ တွင်ကျယ်ခြင်းနှင့် မတွင်ကျယ်ခြင်း နှစ်မျိုးသာ ရှိတတ်ပါသည်။ လုံးဝ (တစ်အုပ်မျှ)မရောင်းရသောစာအုပ်ဟူ၍ ရှိမည် မထင်ပါ။

ကျွန်မ၏ကျန်းမာရေး ချို့ယွင်းလာ၍ နောက်ဆုံးရေးပြီး ဆေးရုံတက် သွားရသော ဝတ္ထုမှာ 'မင်းထင်စည်'ဖြစ်သည်။ ထုတ်ဝေသူများက 'ခင်နှင်းယု ၏ နောက်ဆုံးရေးသောဝတ္ထု'ဟု သတင်းစာများတွင် ကြော်ငြာ၍ ကျွန်မ၏ အမျိုးများကပင် စိတ်ဆိုးကြသည်။

'နောက်ဆုံးလို့ သူတို့က ဆိုရအောင် ခင်နှင်းယုက သေလို့လား'ဟု ဆွေမျိုးများက ပြောကြသည်။ 'ကျွန်တော် တင်အောင်ထွန်း'သည် နောက်ဆုံး ထွက် စာအုပ်မဟုတ်။ 'မင်းထင်စည်'လောက် နောက်မကျဟု ဆိုလိုပါသည်။ သို့သော် ဘာ့ကြောင့် တစ်အုပ်မျှ မရောင်းရသည့်အကြောင်းအရင်းကို ကျွန်မ မတွေးတတ်ပါ။

'ကျွန်တော် တင်အောင်ထွန်း'မှာ တင်အောင်ထွန်း၏ ဖွင့်ဟဝန်ခံချက် ဖြစ်ပါသည်။ သူသည် 'မွေး'ဝတ္ထုမှ ဇာတ်ကောင်တစ်ကောင်ဖြစ်သည်။ မွေး၏ ငယ်ချစ်ဦး ဖရက်ဒီ (ခေါ်) တင်အောင်ထွန်းဖြစ်သည်။ မွေးသည် ကျွန်မဝတ္ထုများ ထဲတွင် ကိုးကြိမ်မြောက် ရိုက်နှိပ်ပြီးဖြစ်၍ ယခုထက်တိုင် စာဖတ်သူများ ဝေဖန် ဆဲ၊ ဆွေးနွေးဆဲဖြစ်သည်။ ဒီတော့လည်း ကျွန်မဇာတ်ကောင်အသီးသီးသည် မွေးနှင့်အတူ ပရိသတ်နှလုံးသားတွင် ရှင်သန်နေဆဲဟု ကျွန်မ ထင်မှတ်ခဲ့တာ တူပါသည်။ ဒါကြောင့် မွေး၏ဇာတ်ကောင်များတွင် ကိုကိုနိုင်၊ အတွတ်တို့နှင့် အတူ လှုပ်ရှားခဲ့ပါသော တင်အောင်ထွန်း(ခေါ်)ဖရက်ဒီအကြောင်း [illegible] ဝတ္ထု တစ်ပုဒ်အဖြစ် တင်ပြခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ထိုဝတ္ထုကို ရေးရာ၌ တင်အောင်ထွန်းကိုယ်တိုင် ခင်နှင်း[illegible] စာရေး ဟန်နှင့် ရေးသားခဲ့ပါသည်။

'ဒေါ်ခင်နှင်းယုဟာ ဇာတ်ကောင်အသီးသီးဖြစ်ကြ[illegible] မွေး [illegible] အတွတ်တို့ကို ပွဲထုတ်ခဲ့ပေမယ့် ကျွန်တော် တင်အောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့လို့လား၊ စိတ်နာကျည်းလွန်းလို့လား၊ ဗီလိန် (သို့မဟုတ်) ငမိုက်သားမှုဆိုး အသည်းစားကောင်ကို မုန်းလွန်းလို့လား၊ တင်အောင်ထွန်း ဆိုတဲ့အကောင်ကို အေမိနဲ့ လက်ထပ်ပြီးတဲ့နောက် ဒေါ်ခင်နှင်းယုရဲ့ ဇာတ်စင်ပေါ်ကို ဆွဲတင် မပြတော့ဘူး။ မေးရာဘူးလို့တော့ မစွပ်စွဲလိုပါဘူး၊ ဒါပေမယ့် လောကရဲ့ ဇာတ်သဘင်ကို အညီအမျှ ရှုတတ်သူသာ ဒေါ်ခင်နှင်းယု ဖြစ်ခဲ့ရင်တော့ ကျွန်တော် တင်အောင်ထွန်းကို ငယုတ်မာကြီးဘဝအနေနဲ့ပဲဖြစ်ဖြစ် အသည်းစားမှုဆိုးခန်းကပဲဖြစ်ဖြစ် ကျွန်တော့်ကို ကပြခွင့် တစ်နေရာ ပေးသင့်ပါ တယ်’ဟု ဝတ္ထုအစတွင် ကျွန်မ ဖော်ပြခဲ့ပါသည်။

ကျွန်မညီမလေး နုနုဆွေကလည်း တင်အောင်ထွန်းကို ပြန်လည်၍ ဖော်ထုတ်ရန် ခဏခဏ တိုက်တွန်းခဲ့ပါသည်။

ဝတ္ထုဇာတ်လမ်းကတော့ တင်အောင်ထွန်း အေမိနှင့်လက်ထပ်ပြီးမှ အဖြစ်အပျက်များကို သူကိုယ်တိုင်အရေးနှင့် ရေးခြင်းဖြစ်သည်။ အေမိက မိုး ကုတ်ကျောက်တွင်းသူဌေး၏သမီး၊ ပြင်ဦးလွင်မှာ အခြေစိုက်နေရာမှ ရန်ကုန် ပြောင်းလာရင်း တင်အောင်ထွန်းနှင့် လက်ထပ်ကြခြင်းဖြစ်သည်။ နောက် သားတစ်ယောက်ရကာမှ အေမို့အနေအထိုင်ကို မကြိုက်၊ သို့သော် တင်အောင် ထွန်း ကိုယ်တိုင်က အရက်အလွန်အကျွံ သောက်၊ အရာရှိတစ်ယောက် ဖြစ်လာသည့်တိုင် ကျောင်းတုန်းကလိုပင် မိန်းမတွေ ပွေမြဲဖြစ်၏။ တစ်နေ့ ကွမ်းလုံနယ်ခြားဘက်ကို အလုပ်တာဝန်ဖြင့် ခရီးထွက်ရမည်ဖြစ်သည်။ သူက ရှိုးရိုးမသွား၊ သူ့ တိတ်တိတ်ပုန်း ယူထားသော ယိမ်းသမလေး မြကြေးမုံကို ခေါ်သွားရန် စီစဉ်ထားသည်။

ထိုညက ရွှေမန်းအောင်ဝင်းဇေအဖွဲ့ ကပြနေခဲ့ဖြစ်သည်။ မြကြေးမုံက ထိုအဖွဲ့မှာ ထိုည ကပြီး သူ့အစ်ကိုနှင့် ခရီးထွက်မည်ဟု ဇာတ်ဆရာထံမှာ ခွင့်ယူထားပြီးဖြစ်သည်။ တင်အောင်ထွန်းနှင့် သူငယ်ချင်းတစ်ယောက် ပွဲကြည့်ပြီး တင်အောင်ထွန်းက မြကြေးမုံကိုခေါ်ရန် ပွဲနောက် ရွက်ဖျင်တဲများကို အသွား မြကြေးမုံအခန်းထင်၍ ဖွင့်လိုက်ရာ ဇာတ်အဖွဲ့ဝင် မောင်သစ္စာအခန်း ဖြစ်နေ သည်။ အခန်းထဲတွင် မမျှော်လင့်ဘဲ တွေ့ရသည်က မောင်သစ္စာနှင့်အတူ အရက် သောက်ကာ အခြေအနေ ပျက်နေသော အေမိကို တွေ့ရခြင်းပင်ဖြစ်၏ ရုတ်တရက် ဒေါသထွက်၍ သူ့ခါးမှ သေနတ်ကိုအထုတ် ဘယ်သူက ပစ်လိုက် မှန်းမသိ၊ သေနတ်သံ ပေါ်လာကာ အေမိနှင့် မောင်သစ္စာ လဲကျသွားသည်။



သူ အံ့အားသင့်နေစဉ် အော်သံဟစ်သံများ ကြားရပြီး–

‘လာ.....ကိုကြီး.....လာ’ဟု ခေါ်သံကြားရပြီး မြကြေးမုံက သူ့ကို ဆွဲခေါ်သွားသည်။ ဇာတ်အဖွဲ့တစ်ခုလုံးမှာ ပြေးလွှားနေကြသည်။ ဇာတ်စင်နှင့် တကွ ရွက်ဖျင်များ၊ ဈေးတန်းနှင့် အနီးအနား လူနေရပ်ကွက်များပါ မီး ဆက်လောင်သွားသည်။ သူတို့နှစ်ယောက် မီးထဲတွင် ပြေးရင်းလွှားရင်းမှ တင်အောင်ထွန်းခေါင်းကို တစ်ခုခုနှင့် ခိုက်မိပြီး သတိလစ်သွားသည်။

သတိရတော့ လယ်တောတစ်ခုထဲ ရောက်နေသည်။ သူ့မျက်နှာမှာ လည်း ဒဏ်ရာ အကြီးအကျယ်ရကာ ခြေထောက်တစ်ဘက်ကလည်း ခွင်သွား သည်။ ဒဏ်ရာများပျောက်တော့ မျက်နှာတစ်ဘက်မှာ မမှတ်မိနိုင်လောက် အောင် အမာရွတ်ကြီး ဖြစ်ကျန်ရစ်ခဲ့သည်။ သူတို့နေရာမှာ တွံတေး တောကြီး တန်း အနောက်ဘက်ရှိ ရွာတစ်ရွာဖြစ်၍ မြကြေးမုံတို့ဇာတိဖြစ်သည်။ သူ့ဘဝကို သူ ပြန်စဉ်းစားတော့ ထိတ်လန့်သွားသည်။ အေမိနှင့်မောင်သစ္စာ သေသလား မသိ။ သူ ကျန်းမာလာသောအခါ ရွာဘုန်းကြီး၏ စာသင်ကျောင်းလေးကို ကျောင်းဆရာ ကိုသောင်းစိန်နှင့်အတူ ပြုပြင်ဆောက်လုပ်ကြသည်။ ရေလှောင် ကန်များ တူးကာ ရွာစိုက်ပျိုးရေးအတွက် တိုးတက်အောင် လုပ်ဆောင်ပေး ကြသည်။

သို့သော် ကျောင်းသားလေးများကိုမြင်တိုင်း သားငယ်ကို သတိရသော တင်အောင်ထွန်းက ရန်ကုန် ပြန်လာခဲ့သည်။ သူ့သတင်းကို သူ့ဘာသာ စုံစမ်း တော့ ပွဲအတူကြည့်သော သူငယ်ချင်းက သူ ပွဲခင်းထဲ ကျန်ရစ်ခဲ့သည်ဟု ရဲကို သတင်းပို့သည်။ အားလုံးကပင် မီးလောင်ရာ ပါသွားသော ရုပ်မပေါ်သည့် အလောင်းများထဲတွင် တင်အောင်ထွန်း ပါသွားသည်ဟု လက်ခံထားကြသည်။ ရှာမတွေ့သောဇာတ်အဖွဲ့ဝင် ဟူသမျှ သေစာရင်းထဲ ထည့်လိုက်ကြသည်။ အေမို့သတင်းကတော့ ယခုထက်တိုင် စုံစမ်း၍ မရကြသေးပေ။ အေမိ ဘယ်သွားသည် ဟု ခြေရာခံနိုင်သူ မရှိ။ နောက်ဆုံး သားလေးကို အဝေးမှပင် ကြည့်ကာ တင်အောင်ထွန်းက ပြန်လာခဲ့သည်။

မြကြေးမုံနှင့် ရန်ကုန်မှာ အလုပ်ရှာ၍ ရသည်။ ရသောအိမ်မှာ သူ၏ ငယ်ချစ် မွှေး အိမ်မှာ ဒရိုင်ဘာ လုပ်ရသည်။ မြကြေးမုံနာမည်က ဝတ်မှုံ သူ့နာမည်က ကိုဖိုးတာ အနေနှင့် အလုပ်ဝင်သည်။ မွှေးသည် သူ့ကို လုံးဝ မမှတ်မိ။ အလုပ်လုပ်စဉ် မွှေး၏စည်းကမ်းချက်အတိုင်း သူ အရက်မသောက်ရ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ မွေးက ညေ့သည်တစ်ယောက် သွားကြိုသည်ကို လိုက်ပို့ရသည်။ လေယာဉ်ပျံကွင်းတွင် သွားကြိုရသောညေ့သည်က အတွတ် ဖြစ်နေသည်။ သုံးယောက် မော်တော်ကားစီးချိန်တွင် သူက ဒရိုင်ဘာ၊ အတွတ်နှင့်မွေးက နောက်မှ ယှဉ်တွဲထိုင်ရ၏။

မွေးနှင့်အတွတ် စေ့စပ်သောနေ့မှာ ကိုပိုးတာ တစ်ညလုံး အရက်တွေသောက်၊ လရောင်အောက်တွင် ထိုင်ကာ–

'ပြန်လည်ဆုံတွေ့သည့်တိုင်အောင် မေတ္တာယှက်ကူး၊ ပန္နက်ဖူးသည့်မောင်၊ ဘယ်လိုပဲ အမြဲရောင်ပုန်းပေမယ့် မုန်းလေနဲ့ ထိပ်ခေါင်'

အသံကုန်ဟစ်ကာ သီဆိုရင်း သူ ဘာဖြစ်သွားသည် မသိ။ သတိရတော့ အိပ်ခန်းထဲမှာ သူ့ဘေးက ဆရာဝန်ကြီးအတွတ်၊ မွေးနှင့် ဝတ်မှုံတို့ကို တွေ့ရသည်။ အတွတ်က သူ့ကို စမ်းသပ်ပြီး အဆုတ် အအေးပတ်သွားသောကြောင့် ဆေးထိုးပေးသည်။ အဖျားရောဂါပျောက်လျှင် အရက်ဖြတ်ဖို့ စိတ္တဇဆေးရုံဆရာဝန်ကြီး ဦးနေဝင်း လက်အပ်ဖို့ အတွတ်က မွေးကို အကြံညာဏ်ပေးသည်။

အတွတ်၏ ညွှန်ကြားချက်အရ တင်အောင်ထွန်း စိတ္တဇဆေးရုံ တက်ရောက်ကုသရင်းမှ ခင်နှင်းယုထံသို့ သူ့အကြောင်းများ ရေးသားသည့်အနေနှင့် ကျွန်မ ရေးလိုက်ခြင်းဖြစ်ပါသည်။

ဝတ္ထုဇာတ်လမ်းမှာ ဒါပဲဖြစ်ပါသည်။ ကျွန်မမိတ်ဆွေ အင်ဂျင်နီယာတစ်ယောက်ကမူ ဘယ်က စာအုပ်ရ၍ သူ ဖတ်ရသည်မသိ။

'မစုရယ် ရက်စက်လိုက်တာ၊ ဘိလပ်ပြန် အင်ဂျင်နီယာကြီးတစ်ယောက်လုံးကို ဒရိုင်ဘာ လုပ်ပစ်လိုက်တယ်ဗျာ'

ဟုပြောပါသည်။

ကျွန်မသည် တင်အောင်ထွန်း၏ မိုက်ပြစ်များ ပြေအောင် ရွာကျောင်းဆောက်၊ ရွာ ရေရရှိရေး လုပ်ဆောင်ပေးခဲ့ပါသော်လည်း သူ့ပြစ်မှုများကို ပရိသတ်က ခွင့်မလွှတ်လေလား မသိ။ 'ကျွန်တော် တင်အောင်ထွန်း' စာအုပ်မှာ တစ်အုပ်မျှ မရောင်းရပါ။

'မွေး'ဝတ္ထုထဲတွင် တင်အောင်ထွန်းနေရာကိုက ချစ်ဦးသူကို သစ္စာဖောက်၊ အရက်သောက်၊ မိန်းမပွေနေ၍ စာဖတ်ပရိသတ်အနေနှင့် သူ့ကို ဝိုင်းပယ်ထားကြဟန်ရှိပါသည်။ သို့တည်းမဟုတ် ပရိသတ်က စိတ်မဝင်စားသူ



တစ်ယောက်ကို ကျွန်မက ဇာတ်ကောင်အဖြစ် ဖန်တီး၍ပဲလား၊ ကျွန်မ ရေးဟန်ကိုက ညံ့ဖျင်းနေ၍လား စဉ်းစား၍ မရပါ။ စာဖတ်ပရိသတ်က ဝိုင်းပယ်တာတော့ အမှန်ပင်။ ပရိသတ်ဝိုင်းပယ်သူကို ကျွန်မက ဆွဲယူ စင်တင်ပါသော်လည်း တင်အောင်ထွန်းသည် စင်အောက်တွင် တဝဲလည်လည်နှင့် မြုပ်ကွယ်သွားပါသည်။ 'ကျွန်တော် တင်အောင်ထွန်း' စာအုပ် ဘာ့ကြောင့် မရောင်းရသည်ကို စာဖတ်သူများအနေနှင့် ဝေဖန်ရေးသမားများက လေ့လာသုံးသပ်နိုင်ပါလျှင် ကျွန်မ အမှန်ကို သိနိုင်၍ ကျေးဇူးတင်ရပါမည်။

(လုံမလေးမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၈၈)

www.burmeseclassic.com

www.burmeseclassic.com

## မြကြာဖြူ

လူထုဒေါ်အမာ ရေးသားသော 'မန္တလေးသူ မန္တလေးသား' စာအုပ် နိဒါန်းအဖွင့်မှာ စာတစ်ပိုဒ် ပါရှိပါသည်။ နိဒါန်းအစမှာ မမမာက အောက်ပါအတိုင်း ရေးသားထားသည်။

'ကျွန်မတို့မှာ တစ်ဘက်က သားကိုသခင်၊ လင်ကိုဘုရား သဘောထားပြီး မိန်းမဆိုတာ ယောကျ်ားအိမ်မှာ ကျွန်အကြီးဆုံးအဖြစ်နဲ့ နေခဲ့ရတယ်ဆိုတဲ့ ကွန်ဖြူးရှပ် ယဉ်ကျေးမှုကြီး ဖိစီးလွှမ်းမိုးတဲ့ နိုင်ငံကြီး ရှိပါတယ်။ တစ်ဘက်မှာလည်း လင်ယောကျ်ားကို မိန်းကလေးရှင်က ငွေနဲ့ပေးဝယ်ရပြီး လင်ရတာနဲ့ တစ်ပြိုက်နက် အိမ်တွင်းပုန်းရ၊ ခေါင်းမြီး ခြုံရတဲ့ အစဉ်အလာကြီး ဖိစီးလာတဲ့နိုင်ငံကြီး ရှိပါတယ်။ ဒါပေမင့် ဒီနိုင်ငံကြီးတွေရဲ့ဩဇာဟာ ကျွန်မတို့ မြန်မာအမျိုးသမီးတွေကို ဘယ်လိုမှ အရိပ်ထိုးခြင်း၊ လွှမ်းမိုးခြင်း၊ သက်ရောက်ခြင်း၊ ရောင်ပြန်ဟပ်ခြင်း မရှိခဲ့ပါဘူး။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာမှာ မြန်မာမိန်းမတာ မောင်တစ်ထမ်း မယ်တစ်ရွက်မျှသာမက မောင်ထမ်းသလို မယ်ထမ်း ရတဲ့အခါတွေလည်း ရှိခဲ့ပါတယ်။ အပျိုကြီးဘဝ၊ မုဆိုးမဘဝတွေ မိသားစုရဲ့တာဝန်တွေကို အဓိက ဝန်ကိုင်အဖြစ်နဲ့ ရုန်းကန် တာဝန်ယူ နေမှုတွေလည်းရှိတဲ့ အမျိုးသမီးတွေပါ။ ဒီလို တာဝန်ယူနိုင်မှု တာဝန်ယူနိုင်လောက်အောင် အကင်းပါး ဖျတ်လတ်မှု လွတ်လပ်မှုရှ

www.burmeseclassic.com



ကို သဘောကျလွန်းလို့ မြန်မာ့စီးပွားနယ်ထဲက အမျိုးသမီးတွေကို မော်ကွန်းထိုးတဲ့သဘောနဲ့ ဓနမဂ္ဂဇင်းမှာ ရေးသားခဲ့တာပါ’

မမမာနိဒါန်းကို ဖတ်ပြီးကတည်းက ကျွန်မနှလုံးသားတွင် မြန်မာ အမျိုးသမီးများအကြောင်း အရိပ်ထင်ခဲ့ပါသည်။ တစ်နေ့ ရေးမည်ရေးမည်ဟူ၍ ကြံစည်ထားပေမင့် ဝတ္ထုဆိုသည်မှာ ဆောင်းပါးကဲ့သို့ မလွယ်ပါ။ ဇာတ်သိမ်း ဇာတ်ကောင်၊ ဇာတ်ကောင်စရိုက်တို့နှင့် ထိုဇာတ် ဖြစ်ပေါ်လာသော ခေတ် အခြေအနေ စသည်များကို စဉ်းစားနေရပါသေးသည်။

မမမာစကားလုံးများသည် မြန်မာအမျိုးသမီးများ ဘဝနှင့် စွမ်းရည်ကို မီးမောင်းထိုးပြသကဲ့သို့ ရှိပါသည်။ ကျွန်မသည် ဝတ္ထုရေးသူဆိုတော့ ဝတ္ထုပဲ အရေးသန်သည်။ ဝတ္ထုက ဆောင်းပါးလို ချရေး မရ။ မြန်မာမိန်းမတွေ စွမ်း ဆောင်နိုင်သည်ဆိုလျှင် ဘယ်လို စွမ်းဆောင်သွားသလဲ၊ စွမ်းဆောင်သွားစဉ် အောင်မြင်တာတွေရော၊ မအောင်မြင်တာတွေရော ကျော်လွှားဖြတ်သန်းရမည့် အခက်အခဲတွေကိုပါ ဖော်ပြရမည် ဖြစ်ပါသည်။

၁၉၉၄ ခုနှစ်က ပုဂံဘက်သို့ ခရီးထွက်ခဲ့ပါသည်။ ဆရာမြသန်းတင့် အပါအဝင် စာရေးဆရာ သုံးယောက်၊ ကလျာ(အဝင်း)နှင့် ကျွန်မ၊ ချမ်းမြေ့မှ သမီးများ ပါပါသည်။ ဟီးနိုးကားကြီးမှာ ၂၄ ယောက် ဆန့်ပါသော်လည်း ကျွန်မတို့က စုစုပေါင်း ၁၂ ယောက်ပဲ ရှိသည်။ ချောင်ချောင်ချိချိ အေးအေး ဆေးဆေး စီးရပါသည်။ ဝါသနာပါလျှင် က,လို့ရသည် ဆိုလောက်အောင် ကျယ်ဝန်းနေပါသည်။

ကားစီးရင်း နေ့လယ်အားလျှင် စကားဝိုင်းဖွဲ့ ပြောကြသည်။ ဆရာ မြသန်းတင့်က စာပေဟောပြောပွဲ အတွေ့အကြုံကို ရယ်စရာတွေ နှော၍ ပြောပြပါသည်။ ပြီးတော့ သူက ‘မစုကော ဘာရေးဖို့ စဉ်းစားထားလဲ’ ဟု မေးပါသည်။ ကျွန်မက ချ၍တော့ မရေးဖြစ်သေး။ ဇာတ်လမ်းတစ်ခု ရှိသည်ဟု သူ့ကို ပြောပြပါသည်။

ကျွန်မ ဝန်ကြီးချုပ်ဦးနုထံတွင် အတွင်းရေး အတွင်းဝန် လုပ်စဉ်က အရာရှိကတော်တစ်ယောက်အကြောင်း ဖြစ်ပါသည်။ သူ့အရာရှိကြီးမှာ မိန်းမ အငယ် ရှိနေ၍ ပထမဝန်ကြီးချုပ်ကို ဆုံးမပေးရန် တိုင်ကြားခြင်းဖြစ်ပါသည်။

မကြာခင် အရာရှိကြီး နိုင်ငံခြားသွားဖို့ကိစ္စ ဖြစ်လာသည်။ ဝန်ကြီးချုပ်ကလည်း အရာရှိကတော် တိုင်ထား၍ ထိုအရာရှိကို လွှတ်သင့်၊ မလွှတ်သင့်



စဉ်းစားနေဆဲ အရာရှိကတော်က ဝန်ကြီးချုပ်ကို လာရောက်တွေ့ဆုံ၍ တောင်းပန်သည်။ သူ့ခင်ပွန်း မယားငယ်ယူသည်ကို သူ ခွင့်လွှတ်ပါကြောင်း ယခု နိုင်ငံခြားသွားရန်ကိစ္စကို သူ့ယောကျ်ားအား သွားခွင့်ပြုရန်၊ နိုင်ငံခြားသို့ သူနှင့်သူ့ခင်ပွန်း ထွက်သွားလျှင် အငယ်အမျိုးသမီးနှင့် အရာရှိ အလိုလို ပြတ်စဲမည်ဖြစ်ကြောင်း တင်ပြပါသည်။ ဝန်ကြီးချုပ်က ထိုအမျိုးသမီးဆန္ဒအတိုင်း ဆောင်ရွက်ပေးလိုက်သည်။ အရာရှိကြီးသည် နိုင်ငံခြားသို့ သွားသောအခါ မယားကြီးဇနီးကို မခေါ်၊ အငယ်ကို ခေါ်၍ သွားသောဇာတ်လမ်းဖြစ်သည်။ ထိုဇာတ်လမ်းကို ကျွန်မ ပြောပြသောအခါ ဆရာမြသန်းတင့်က ‘သိပ်လှတဲ့ ဇာတ်လမ်းပဲဗျာ၊ မစု ရေးဖြစ်အောင် ရေး’ ဟုဆိုပါသည်။ ဆရာ၏ အကြံဉာဏ် က အခြေခံသည်ဟု ဆိုရပါမည်။

ကျောချိုးမျှသာ ထိုဇာတ်လမ်းကို အခြေခံ၍ ငွေပင်ငွေရင်း မြှုပ်နှံ၍ စီးပွားရေးလောကကို ဝင်ရောက်လာသော ဒေါ်ခင်သက်တင်လို အထက်တန်း လွှာ အမျိုးသမီး၊ မိမိပညာကို ရင်းနှီး၍ စီးပွားရေး လုပ်ရသော ရှယ်လီ ဒေါ် မြကြာဖြူလို ပညာတတ် လူလတ်တန်းစား အမျိုးသမီးနှင့် မခင်မေလို ဈေးတောင်းခေါင်းရွက် ပလက်ဖောင်းပေါ်မှာ စီးပွားရှာစားရသော အမျိုးသမီး လူတန်းစား သုံးယောက်ကို အခြေခံခဲ့ပါသည်။ ထိုအမျိုးသမီးသုံးယောက်က မြန်မာအမျိုးသမီးလောကကို ကိုယ်စားပြုသည်ဟု မဆိုနိုင်သေးပါ။ တောနေ အမျိုးသမီးလေးများနှင့် နယ်စပ်ဒေသနေ အမျိုးသမီးတို့အကြောင်း ကျွန်မ ရေးရန် ကျန်ပါသေးသည်။ မြန်မာအမျိုးသမီးများသည် ယခုမှ စီးပွားရေးနယ်ကို ဝင်ရောက်လာသူများ မဟုတ်။ ရှေးပဝေသဏီကပင် စီးပွားရေးကို မမမာ ပြောသလို မောင်တစ်ထမ်း မယ်တစ်ရွက် ဆောင်ရွက်လာခဲ့ကြသူများ ဖြစ်သည်။

ယခုခေတ်ကို အခြေခံ၍ ရေးချင်ပါသည်။ အကြောင်းကြောင်းကြောင့် ဖဆပလ လိုင်စင်ခေတ်ကို အခြေခံခဲ့ပါသည်။ ထိုအချိန်ကတည်းက မြန်မာ့ စီးပွားရေးတွင် ဝင်ရောက်ခြယ်လှယ်၍ အလျှဉ်းသင့်လျှင် သင့်သလို ငွေပင် ငွေရင်းနှင့် မျှား၍ မြန်မာအမျိုးသမီးများကို နိုင်ငံခြားသားတွေ သိမ်းသွင်း ခြေတော်တင်ခဲ့သည်ကိုပါ ကျွန်မ တင်ပြခဲ့ပါသည်။

တက္ကသိုလ်မှာနေစဉ်က ခေတ်ဆန်ခဲ့ပေမင့် သားနှင့်သမီး စီးပွားရေး လောကကို ဝင်ရောက်ချိန်၊ လင်သား၏ လျစ်လျူရှုခြင်းကို ခံရချိန်တွင် ရှယ်လီ သည် စီးပွားရေး လုပ်ဆောင်ရင်း သူ့ကိုယ်သူ မည်ကဲ့သို့ ကာကွယ်သွားပုံ

www.burmeseclassic.com

www.burmeseclassic.com



ကြက်မကြီးလို သားသမီးများကို ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်သွားပုံတို့ကို ကျွန်မ ဖော်ပြခဲ့ပါသည်။ အမျိုးသမီးတိုင်း ဒီလို စိတ်ထိန်းနိုင်သည်ဟု မဆိုလိုပါ။ တချို့ နိုင်ငံခြားသား ခြေတော်တင်ခံ အငယ်တာဝ ရောက်သွားသူများ ကျွန်မ တွေ့ခဲ့ဖူးပါသည်။ မြန်မာအမျိုးသမီးများကို ရှယ်လီလို မိခင်ကောင်းတစ်ယောက် ဖြစ်စေချင်သော စေတနာနှင့် ကျွန်မ ရေးခဲ့ခြင်းပါ။

ပလက်ဖောင်းပေါ်က မခင်မေလို လူတန်းစားကလည်း ဈေးတောင်းခေါင်းရွက်၍ လင်သည်နှင့် တန်းတူ ရှာဖွေစားသောက်ခဲ့ပါသည်။ ပလက်ဖောင်းပေါ်က မိန်းကလေးတချို့ ရေတိမ်နစ်ရသည်ကို စာရေးဆရာကြီး သိန်းဖေမြင့်က 'ငွေစိန် လေ့လော့ရင်း တက်ကျိုးခြင်း' ဝတ္ထုတိုလေး ရေးဖွဲ့ခဲ့ပါသည်။

ကျွန်မဝတ္ထုမှာတော့ လူတန်းစားသုံးရပ်မှာ ပါဝင်သော အမျိုးသမီးသုံးယောက်တို့သည် အတန်းအစားသာ ကွာသည်။ စီးပွားရေး ဆောင်ရွက်ခြင်းဆိုသော ဘဝက အတူတူပင်။ ဘဝတူအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ဖေးမဆောင်ရွက် ကူညီသွားကြပုံကို သရုပ်ဖော်ခဲ့ပါသည်။

မြန်မာအမျိုးသမီးတွင် အပျိုထက် မုဆိုးမ၊ တစ်ခုလပ်များ၊ စီးပွားရှာရချိန်တွင် အပင်ပန်းဆုံးက မိမိကိုယ်မိမိ ကာကွယ်ရခြင်းပင် ဖြစ်ပါသည်။ တစ်ခုလပ်၊ မုဆိုးမဆိုလျှင် အရွယ်လွန်လျှင် တော်သေးသည်။ အရွယ်ရှိလျှင် ဆက်သွယ်လုပ်ကိုင်ရသော ယောကျ်ားသားတွေကိုယ်တိုင်က အထင်သေး၊ အမြင်သေး၊ စော်ကားမော်ကား လုပ်တတ်၍ အင်မတန် ထိန်းသိမ်းနိုင်မှ တော်ရာ ကျပါသည်။ နည်းနည်း မျက်နှာသာ ပေးလိုက်လျှင် ရိုင်းသဲ့ အလုပ်ခံရမည် ဖြစ်ပါသည်။

မြန်မာမှာ အနောက်နိုင်ငံသူတွေနှင့် မတူ။ ယောကျ်ားနှင့် မိန်းမတွင် မိန်းမက စတင်ချစ်မိ၍ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းဖြားယောင်း ယူခဲ့လျှင် ယောကျ်ားကိုတော့ ရမည်။ တစ်သက်လုံး ယောကျ်ား၏ အထင်သေးခံသွားရတတ်သည်ကိုလည်း ကျွန်မ ဖော်ပြခဲ့ပါသည်။ ရှယ်လီသည် ထိုဒဏ်ကို တစ်သက်လုံး ခံသွားရသည်။

တူးတူးအနေနှင့် ရှယ်လီသည် ချစ်သူကို လုယူသွားသူ ဖြစ်ခဲ့သော်လည်း ရှယ်လီ ဒုက္ခရောက်ချိန်တွင် ကူညီခဲ့သည်။ သူက ရာထူး ဌာနဆိုင်ရာကြီးကြီး။ စိတ်ထားသဘောထားကြီးသော လင်သည်ကို ရရှိချိန်၊ သူ အထက်စီးမှာ ရှိချိန်တွင် 'ပေဖြစ်လျှင် ခံရမည်၊ တူဖြစ်လျှင် ထုရမည်' ဟူသော စကားပုံ



အရဆိုလျှင် ပေဖြစ်တုန်းက တူးတူးချစ်သူ စွန့်ပစ်ခြင်းကို အလူးအလှိမ့် ခံရပေမင့် တူဘဝ ရောက်သွားသောအခါ သူ့နှလုံးသားမှ ချစ်ပင်ကို အမြစ်ပါ ဆွဲနုတ်ယူသွားသော ရှယ်လီကို ပြန်လည် မထု၊ ခွင့်လွှတ်စိတ်ဖြင့် ကူညီခဲ့သော စရိုက်ကို ဖော်ပြခဲ့ပါသည်။

အလျှဉ်းသင့်သလို မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ရှေးယခင် မင်းများလက်ထက်ကတည်းက ယောကျ်ားများနှင့် တန်းတူ နန်းတော်ထဲတွင် တာဝန် ထမ်းဆောင်ခွင့် ရခဲ့ပုံနှင့် အမွေဆက်ခံခွင့်၊ လက်ထပ်ရေးများကိုပါ အလျှဉ်းသင့်သလို ဖော်ပြခဲ့ပါသည်။

အမှန်တော့ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ကျွန်မ နှလုံးသားအိမ်တွင် စွဲထင်လာခဲ့သောပုံရိပ်ကို ယခုမှပင် ကျွန်မ၏ အတတ်ပညာနှင့် အဆင်တန်ဆာ ဆင်ယင်၍ စာဖတ်ပရိသတ်ထံသို့ ပို့ရခြင်း ဖြစ်ပါသည်။

ကိုယ်ဆိုလိုချင်သည်ကို အတုံးလိုက်၊ အတစ်လိုက်၊ လူထုကို ပေး၍ မရ။ စာရေးဆရာ ဘယ်လိုပဲ ခံစားရပေမင့် ခြယ်မှုန်းသော အတတ်ပညာက စွမ်းဆောင်နိုင်မှ လူထုလက်သို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်သည်ကို ပိုမိုသဘောပေါက်လာပါသည်။

၂၀-၇-၉၈

www.burmeseclassic.com

www.burmeseclassic.com

## နဂါးငွေ့တန်း လွှမ်းမောဖွယ်ရာ

Milkyway ဟူသော အင်္ဂလိပ်စာလုံးကို ပညာရှင်တို့က 'နဂါးငွေ့တန်း' ဟူ၍ ဘာသာပြန်ဆိုခဲ့သည်။ ကောင်းကင်တွင် ပါးလွှာသော တိမ်တန်းများထဲမှာ ကြယ်လေးများ အုပ်စုဖွဲ့၍ နေကြသည်ကို မြင်ဖူးကြပေလိမ့်မည်။ ကျွန်မကတော့ ကောင်းကင်မှာလည်း မြင်ဖူးပါသည်။ နက္ခတ်တာရာနှင့် ပတ်သက်သော စာအုပ်များကို ဖတ်ရသည့်အခါမှာလည်း 'နဂါးငွေ့တန်း' ကို တွေ့ဖူးပါသည်။

### ဝင်းပနေသော ရွှေတိဂုံ

လသာသော ညတစ်ည။

ကျွန်မတို့မိသားစု ရွှေတိဂုံဘုရားကြီးကို တက်ရောက်ဖူးမြော်ပါသည်။ ထိုစဉ်က ကျွန်မတို့ ဆူးလေဘုရားလမ်းအိမ်မှာ နေပါသည်။ ညဘက်တွင် တစ်ခါမျှ ရွှေတိဂုံဘုရားကို ဖူးမြော်ခွင့် မကြုံခဲ့ပါ။ ထိုနေ့ညက ညဦးမဟုတ်၍တစ်ကြောင်း၊ ပွဲတော်နေ့များ မဟုတ်၍တစ်ကြောင်း ရင်ပြင်တော်ပေါ်တွင် လူရှင်းနေပါသည်။ ကျွန်မတို့မိသားစု ဘုရားကိုပတ်၍ အာရုံပြုကြသည်။ စေတီတော်ကြီးမှာ လရောင်အောက်တွင် ဝင်းပနေသည်။

စာရေးဆရာ ဖြစ်သည်ကလည်း မကောင်းပါ။ စေတီတော်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဖူးမြော်ရင်း ရတနာသုံးပါး၌ အာရုံမဝင်။ ပြာနက်သော ကောင်းကင်ပြင်ရှိ လမင်း ဝင်းပပကို မျက်စိရောက်နေသည်။ စိန်ရောင် လက်နေသော ကြယ်စင်များနှင့် စေတီတော်ကြီး၏ထီးတော် ရွှန်းပနေပုံကိုသာ ငေးမောနေမိသည်။

လူပါးနေ၍ ဆည်းလည်းသံသာကလည်း လေထဲတွင် ညင်သာသော မြွတေးကို ကျူးရင့်နေပုံရသည်။ ရင်ပြင်ပေါ်ရှိ တန်ဆောင်းများမှ တိုင်လုံးကြီး များကလည်း မှန်စီရွှေချကွက်များနှင့် စိန်ရောင် လက်နေသည်။

ရွှေတိဂုံဘုရား၏ညခင်းကို ကျွန်မသည် ရှုမျှော်မိရင်း ရင်ထဲမှ ခံစားမှု ဝေဒနာတစ်ခု ပေါ်၍လာပါသည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ် ဘုရားရှင်ကျောင်းတော်သည် စိတ်ဝေဒနာတို့၏ လွတ်ကင်းရာအဖြစ် ချမ်းမြေ့ နေသည်မှာ ပြောဖွယ်ရာ မရှိ။ ယခု ရွှေတိဂုံဘုရားရင်ပြင်တွင်ပင် မြတ်ဘုရား၏ အရိပ် လွှမ်းမိုးကျရောက်နေ၍ ညနေခင်းသည် တိတ်ဆိတ်ငြိမ်သက်ခြင်း၊ အေးမြခြင်း၊ တည်ငြိမ်ခြင်း ဟူသော သန္တိရသနှင့် ပြည့်စုံနေပေသည်။

**နဂါးငွေ့တန်းကို မွေးဖွားခြင်း**

ကျွန်မစိတ်သည် အငြိမ်မနေ။ စေတီတော်ကြီး ပတ်ဝန်းကျင်ရှိ ကျောင်းဇရပ်များတွင် နေကြသော ရဟန်း၊ သီလရှင်နှင့် လူများကော ချမ်းငြိမ်း ပါရဲ့လားဟု စိတ်က သက်ရောက်သွားပါသည်။

အိမ်ပြန်ရောက်တော့ ကျွန်မသည် အိပ်၍ မရ။ စေတီတော်ရင်ပြင်၏ ငြိမ်းချမ်းခြင်းနှင့်ယှဉ်တွဲ၍ လူသားတို့၏ ပူပန်သောကကို စဉ်းစားမိသည်။ စေတီတော်၏အရိပ်ကို ခိုလှုံနေကြပေမယ့် သမုဒယ မစင်သေးသော လူသား တို့အဖို့ စေတီတော်၏အေးရိပ်ကို မရ။ သောကဝေဒနာ ဗလပွနှင့် ရှိနေကြ မှာပဲဟု တွေးမိသည်။ တိုင်လုံးကြီးများ၏ မှန်စီရွှေချကွက်များမှ တဖျပ်ဖျပ် တောက်ပနေသော အရောင်တန်းများသည် ကောင်းကင်ဆီသို့ ရွေ့လျားကာ နဂါးငွေ့တန်းလို ကြယ်စုလေးများ ဖြစ်သွားကြသည်။

ဘုရားက ပြန်ခဲ့ပြီးသော နောက်နေ့တွင် နဂါးငွေ့တန်းဝတ္ထုကို ကျွန်မ မွေးဖွားခဲ့ပါသည်။ ဘုရားရင်ပြင်ပေါ်တွင် ကျွန်မ နှလုံးသား၌ စွဲငြိခဲ့ရပါသော အာရုံဖြစ်၍ ကျွန်မ၏ နဂါးငွေ့တန်းထဲက အဓိက ဇာတ်ဆောင်နှစ်ဦးဖြစ်သော ပန်းချီဆရာကြီး ဆရာချိုနှင့် သမီးဖြစ်သူ မလေးခင်တို့သည် ဘုရားကြီး၏ ပစ္စယံရှိ ဇရပ်တွင် အခြေချ နေထိုင်သော သားအဖဖြစ်သည်။ ပန်းချီဆရာကြီး



သည် အပြင်တွင် ပန်းချီနှင့်အသက်မွေးလျှင် ယခုထက် ပိုမိုကြီးပွားမည် ဖြစ်သော်လည်း သူက ဘုရားရင်ပြင်တော်မှ မခွါလို။ စေတီတော်ကြီး၏ ညနေခင်းအလှကိုသာ အချိန်ယူ ရေးဆွဲလိုသည်။ ကျွန်မ၏ ပန်းချီဆရာကြီး စိတ်ကို ဤသို့ ရေးဖွဲ့ခဲ့ပါသည်။

ယခုလို ညအခါမျိုးတွင်သာလျှင် ပန်းချီဆွဲချင်၏။ တည်ငြိမ်သော ရုပ်ပွားတော်ရှေ့တွင် အပူရှိန်ထိ၍ ကွေးညွတ်နေသော ဖယောင်းတိုင်ပုံကိုလည်း ဆွဲချင်၏။ ညောင်ရေအိုးထဲတွင် ပန်းစည်းများကြားမှ ဖရိုဖရဲဖြစ်နေသော ပန်းခက်နှင့် ဝတ်လွှာတစ်ချပ် ကြွေနေသော ကြာပန်းပုံကိုလည်း ဆွဲချင်၏။ ဦးချသည် ညဉ့်နက်လာပြီဖြစ်၍ တန်ဆောင်းထဲမှ ထွက်ကာ ရင်ပြင်ပေါ်ကို လျှောက်လာ၏။ အာရုံခံတန်ဆောင်းထဲမှ တိုင်များသည် မှန်စီရွှေချထား၍ ညဉ့်အမှောင်ထဲတွင် တစ်ချက်တစ်ချက် မှန်များသည် ပြိုးပြက်၍ ပွင့်ထွက် လာကြသည်။ ကောင်းကင်သည် ပြာ၍ ကြယ်များသည် ပန်းလို ပွင့်နေသည်။ လမင်း၏ ငွေမှုန်များသည် စေတီပေါ်သို့ သွန်ကျနေသည်။

**ငြိမ်းချမ်းသောသူတို့ သားအဖ**

ထိုမြင်ကွင်းကိုကြည့်၍ ကျွန်မ၏ ပန်းချီဆရာကြီးသည် သူ့ရင်ကို လက်နှင့် ဖိထားမိသည်။ ညအလှသည် သူ့ရင်တွင် ရိုက်ခတ်နေသောကြောင့် ဖြစ်သည်။

တင်ရှန်ခြင်း ဟု ဆိုရပေမည်။ ရွှေရောင်လို ဝင်း၍ တည်ငြိမ်ပေသည်။ ဓမ္မနှင့်ဆံတော်သာ ကိန်းဝပ်ရာ မဟုတ်။ လွန်ခဲ့သောအတိတ်က မြန်မာလူမျိုး တို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းတော်မူပေသည်။ စေတီတော်သည် ရှေးခေတ် မြန်မာ့ယဉ်ကျေးမှုနှင့် လက်ရှိခေတ်ကို ပေါင်းကူးသဖွယ် စေ့စပ်ပေးပေသည်။ သူ့ရင်ထဲတွင် လှိုင်းများသည် မှုးလာမတတ် လှုပ်ရှားလာသည်။ အမှန်တော့ ဝမ်းမြောက်နှစ်သိမ့်မိသည်။ သူ ဆွဲချင်သည်မှာ စေတီတော်၏ ညခင်းပုံ ဖြစ်သည်။

ကျွန်မ၏ ပန်းချီဆရာကြီး ဆရာချို ညဘက်တွင် ရေးဆွဲခဲ့ပါသော ဤရွှေတိဂုံဆံတော်ရှင်၏ ပန်းချီကားမှနေ၍ ကျွန်မ နဂါးငွေ့တန်း ဝတ္ထု အခြေပျိုးလာပါသည်။

ပန်းချီဆရာကြီးသမီးမှာ မလေးခင်ဖြစ်သည်။ ဖခင်ကို ညဘက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီရေးဆွဲရာမှာ ကူညီသည်။ နေ့လယ်တွင် ချက်ပြုတ်ကျွေးမွေးသည်။ တန်ဆောင်းများတွင် ဇာတ်တော်များ ရေးဆွဲ၍ ဆေးသုတ်ခနှင့် သားအဖ နှစ်ယောက် လုံလောက်သည်။ ပိုလျှံခြင်းတော့ မရှိ။ ဒါပေမယ့် သူတို့ဘဝသည် ဤမျှ ငြိမ်းချမ်းပါသည်။ ရောင့်ရဲကြသောကြောင့် ဖြစ်ပါသည်။

**သောတ သမိုး ရွာလာခြင်း**

ဒါပေမယ့် ရွှေတိဂုံရင်ပြင်ပေါ်ကို သောက သမိုး ရွာချလာသည်။ ဆရာချို၏လက်ရာ ပန်းချီကားကို ကြိုက်နှစ်သက်သော ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်ဟောင်း၊ တန်ဆောင်းဒါယကာ ဦးသင် ရောက်လာသည်။ ဦးသင်သည် ပန်းချီအနုပညာကို မြတ်နိုးနားလည်၍တော့ မဟုတ်။ ပန်းချီကား လှလှ ကောင်းကောင်း သူ့ဧည့်ခန်းတွင် ချိတ်ဆွဲထားလျှင် ဂုဏ်ရှိသည် ဟူသော ယူဆချက်နှင့် ဆရာချို၏ ပန်းချီကားကို ဝယ်သည်။

ဦးသင်၏သား မောင်မောင်အေးကလည်း ပန်းချီဆရာကြီး၏သမီး မလေးခင်ကို သဘောကျ နှစ်သက်သည်။

ဇရပ်တွင် လူခြေတိတ်လျှင် မလေးခင်က စောင်းတီးလေ့ရှိသည်။ သူ၏ ရိုးသားအေးချမ်းသောဘဝတွင် သူ၏ တေးများသည်လည်း ရောင်တော် ဘွဲ့နှင့် နိဗ္ဗိန္ဒအဖွဲ့တွေပဲ ဖြစ်ခဲ့သည်။

ဩော်.....ဘုရားရိပ်တွင် အေးချမ်းပါသော်လည်း မလေးခင်နှလုံးသား ထဲတွင် သမုဒယ အပူတွေ ဝင်ရောက်လာကတည်းက မလေးခင် ပူပန်သောက ရောက်ခဲ့ရသည်။ မောင်မောင်အေး၏အချစ်ကို မလေးခင် လက်ခံရာ၌ ကျွန်မ ယခုလို ရေးဖွဲ့ခဲ့ပါသည်။

'ထိုညက ဒေါ်ကုဏ္ဍလာသည် ဟံသာဝတီကျောင်းတွင် တရား သွားနာ ချင်သည် ပြောသည်။ ယခင်က အမြဲလိုလိုပင် မလေးခင်သည် ဆရာလေးနှင့် လိုက်၏။ ယခုတော့ သူ မလိုက်ချင်။ တစ်ယောက်တည်း နေရစ်ချင်သည်။ တရားဓမ္မ ဆိုသည်မှာ နိဗ္ဗာန်သို့သွားရာ ပေါင်းကူးတံတားပင်ဖြစ်၏။ ယခုလို ချစ်ဗိမာန်တွင် နစ်နေရဆဲတော့ဖြင့် လောကုတ္တရာကို ယောင်လို့မျှပင် မတွေးချင်။ နိဗ္ဗာန်ကို ခေါ်ချင်သူတွေကိုတောင် လေးခင်က မုန်း၏။



မလေးခင်မှ ခင်သန္တာသို့

နောက်တော့ ကိုမောင်မောင်အေးသည် မလေးခင်ကို ညပန်းချီကား ဆွဲပြီးနောက် အစ်မတော် ပန်းချီကားများ သွားရာလမ်းကို ပို့ခဲ့၏။ မလေးခင်ကို လှည့်မကြည့်တော့။ မလေးခင်သည် မောင်မောင်အေးနှင့် ရခဲ့သော သန္ဓေသား ကို အပြင်တွင် မွေးဖွားခဲ့သည်။ သူ့ဘဝက ဘုရားပရဝုဏ်နှင့် မတော်တော့ပေ။ သူ့အဖေ ရေးဆွဲသောပန်းချီကားလိုပင် ဗုဒ္ဓရုပ်ပွားတော်ရှေ့ရှိ ဖယောင်းတိုင် ဖြစ်ခဲ့သည်။ ဘုရားရုပ်ပွားနှင့် နီးစပ်သော်လည်း အပူရှိန်ကြောင့် ယိုင်ညွတ်ခဲ့ရပြီ။

မလေးခင်သည် ကလေးကို မွေးဖွားပြီး ဆေးခန်းမှာ ခဏ ထားရစ် ကာ ဇရပ်ကိုပြန်၍ အဖေ့ကို ကြည့်သည်။ ပန်းချီဆရာကြီးဦးချိုသည် သမီး လာသည်ကိုပင် မသိ။ နောက်ဆုံးတော့ သူသည် ကြယ်တန်းကြီး ရှိရာသို့ ပျံတက်သွားသည်။

မလေးခင်တစ်ယောက်တည်း သူ့ရပ်တည်မှုအတွက် သမီးငယ်ကို စက်ရှင်တရားသူကြီး ဦးအောင်လှနှင့် ဒေါ်ရင်ရင်ကို ပေးလိုက်သည်။ သူ့သမီး လှပပုံမျိုးနှင့် သူ့ဘဝထဲတွင် သူနှင့်အတူ နစ်နေလျှင် သူ့လိုပဲ အချစ်အရင်းရှင်၊ အချစ်ခေါင်းပုံဖြတ်တို့၏ လက်သို့ရောက်သွားမှာ စိုးသည်။ အညွန့်ချိုးခံရမှာ စိုးသည်။ သမီးကို အဝေးကပဲ ကြည့်၍ သတင်းနားထောင်သည်။ ဆင်းရဲသူတို့ အတွက် အလှသည် အန္တရာယ်ဖြစ်၏။

သူ့ဘဝရပ်တည်ရေး အသက်မွေးဝမ်းကျောင်းအတွက် မလေးခင် သည် သူ့စောင်းလေးကို ပြန်သသည်။ အနုပညာ အခြေခံရှိသူမို့ အဆိုသာ မဟုတ်၊ အကပညာကိုပါ သင်ယူလိုက်သည်။ မလေးခင်ကို သူ့ဇရပ်ထဲတွင် မြှုပ်နှံခဲ့၍ မင်းပရိသတ်အလယ်တွင် ခင်သန္တာအနေနှင့် သူသည် တစ်ဖန် မွေးဖွားလာသည်။ သူ တီထွင်သော အနောက်နှင့်အရှေ့တိုင်း ရောယှက်ထား သော နဂါးငွေ့ဇာန်းအကသည် မင်းပရိသတ်အလယ်မှာ ရေပန်းစားလာသည်။ ခင်သန္တာဘဝနှင့် အစ်ကိုကာလသားငယ်၊ ကာလသားကြီးတွေ မျက်ခုံးပေါ် သူ စကြံလျှောက်လာတော့သည်။ တစ်ခါတစ်ခါဆိုသလို ထိုစဉ်ကရှိသော ဟိုတယ် ကြီးများတွင် သူ နဂါးငွေ့တန်းအက ကပြသည်။ မွေးနေ့ပွဲတစ်ခုတွင် အရွယ် ရောက်လာသောသမီးလေးမျှကို သူတွေ့လိုက်ရသည်။ တရားသူကြီးသမီး အဖြစ် သမီးဘဝကို တွေ့လိုက်ရသည်။ လှပတင့်တယ်လွန်း၍ သမီးကို နှိုင်းမြှောက် သည့်အနေနှင့် ဂန္ဓမာတောင် မဇ္ဈူသကနတ်ပန်းဘွဲ့ကို သူ သီဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စားနေကျ ကြောင်ဖားကြီး

သမီးလေးကတော့ သူ့ကို မသိ။ တစ်နေ့ သူ ကပြသောကပွဲတွင် မဍ္ဍူ လာကြည့်သည်ကို တွေ့ရသည်။ မဍ္ဍူ တွဲလာသည်မှာ ဦးမင်းအောင် ဖြစ်သည်။ ထိုအရာရှိမှာ လူလည်၊ စားနေကျ ကြောင်ဖားကြီးတစ်ယောက် ဖြစ်နေသည်။ ခင်သန္တာက ဒီလူနှင့် တွဲနေကျဖြစ်၍ သူ့အကြောင်း ကောင်းကောင်းသိသည်။ သမီးကို စိတ်မချနိုင်။ ပွဲအပြီး မဍ္ဍူနှင့် ထိုအရာရှိအပြန်ကို သူ့ကားနှင့် ခြေရာခံ လိုက်သွားသည်။

အင်းလျားကန်စောင်းမှာ တွေ့တော့ သူ ထင်သလို မဍ္ဍူ ထိုအရာရှိနှင့် စိတ်တူသဘောတူ ထွက်ပြေးလာခြင်း မဟုတ်။ မဍ္ဍူကို ကပွဲကအပြန် အင်းလျားစောင်းတွင် သူ့ထုံးစံအတိုင်း အဓမ္မ သိမ်းသွင်းသည်။ မဍ္ဍူက လက်မခံ။ ဦးမင်းအောင်၏ခါးကြားမှ သေနတ်ကို ဆွဲယူကာ ဦးမင်းအောင်ကို ပစ်လိုက်သည်။ ဖြစ်ပွားသည်ကို ပက်ပင်း တွေ့လိုက်ရသော ခင်သန္တာသည် သေနတ်ကို မဍ္ဍူလက်မှ လုမ်းယူ၍ မဍ္ဍူကို ကားနှင့်အိမ်ပြန်ပို့သည်။ ၄၁နာသို့သွား၍ ဦးမင်းအောင်ကို သတ်ကြောင်း ဝန်ခံလိုက်သည်။ ခင်သန္တာ အဝင်ခံရသည်။

ရုံးတော်ရောက်တော့ သူ့အမှုကို စစ်ဆေးသူမှာ တရားသူကြီး ဦးမောင်မောင်အေး။ သူ၏ ငယ်ချစ် ခင်ပွန်း။ အမည်မဖော်လိုက်ရသော သမီးလေး၏အဖေ ဖြစ်နေသည်။

## သတ်ရက်ရင် သတ်ပေါ့

ဝတ္ထုထဲတွင် စီရင်ချက် ချမည့်နေ့ကို ကျွန်မ ဒီလို ဖော်ထုတ်ခဲ့သည်။

ခင်သန္တာအား ယခုလိုအဖြစ်သို့ ပို့လိုက်သူ တရားခံအစစ်မှာ မောင်မောင်အေး ဖြစ်သည်။ မောင်မောင်အေးကြောင့် သမီးကို မွေးခဲ့ရသည်။ သမီးကြောင့် ယခုလိုအဖြစ်ကို ခံယူရမည်။ စက်တိုင်ကိုသော်လည်းကောင်း တက်ရမည်။ သမီးကို ကာကွယ်ရမည်မှာ မိခင်တာဝန် ဖြစ်သည်။ မိန်းကလေးတွေကို ဖျက်ဆီး၍ သူ့ကို ရေတိမ်နစ်ခဲ့သော ကိုအေးက ယခုလိုအချိန်တွင် သူ့အမှုကို သူတော်ကောင်း (ဝါ) တရားသူကြီးအဖြစ်နှင့် စီရင်တော့မည်ကိုကား သူ မခံချင်ပေ။ အမှန်တော့ အပြစ်တကယ် ကျူးလွန်သူက ကုလားထိုင်ပေါ်မှာ အပြစ်မဲ့သူကို စီရင်ဆုံးဖြတ်တော့မည်။



'ရှင့်မိန်းမကို ရှင် သတ်ရက်ရင် သတ်ပေါ့'

သူသည် စိတ်ထဲမှာ ရေရွတ်၍ ဦးမောင်မောင်အေးကို စေ့စေ့ကြည့်၏။ ဦးမောင်မောင်အေးသည် ခင်သန္တာကို မလေးခင်မှန်း သိသည်။ အမှုစစ်သူ တရားသူကြီးမှာ သူ့လင်၊ လူသတ်သူမှာ သူ့သမီး၊ ပြစ်မှုခံရသူမှာ သူ။

ကျွန်မသည် တရားခွင်ကို ယခုလို ဖော်ပြပါသည်။ စီရင်ချက်ချမည့်နေ့က ခင်သန္တာသည် သူ့ထံသို့ အပြင်မှ ပို့လိုက်သော နှင်းဆီပန်းလေးများကို ကိုင်ကြည့်၏။ နှစ်ရက်ခန့် ကြာပြီဖြစ်၍ နွမ်းပျော့နေပြီ။ သူ့ကို ကြင်နာချစ်ခင်မည့်သူ ရှိသေး၏။ ဒါပေမယ့် ပန်းပို့သူကို မတွေ့ချင်၊ မသိချင်။ သိလျှင် တွယ်တာနေဦးမည်။ ကြိုးစင်ကို တက်မည့်ဆဲဆဲ ဘယ်သူ့ကိုမှ မတွယ်တာလိုပါ။ ပန်းပို့သူက မဍ္ဍူဖြစ်သည်။ မဍ္ဍူက အမေအဖြစ် သိခြင်း မဟုတ်။ သူ့အပြစ်ကို ဝင်၍ခံသူအဖြစ် လေးစားပြီး နှင်းဆီပန်း ပို့ခြင်းဖြစ်သည်။

## ကြောက်စရာ အပြုံး

စီရင်ချက်ကို ဖတ်ချိန်တွင် ဦးမောင်မောင်အေးသည် တုန်ယင်နေသည်။

ခင်သန္တာသည် ကိုယ်တိုင် ဖြောင့်ချက်ပေးသည်။ လူတစ်ယောက်အား သေနတ်နှင့် ပစ်သတ်ခဲ့သူ ခင်သန္တာအား သေစားသေရန် အမိန့်ချမှတ်သင့်သည်။ သို့သော် ခင်သန္တာသည် မိန်းမသားတစ်ယောက်ဖြစ်၍ ထိုနေ့ည အခင်းဖြစ်ပွားရာတွင် သူ့ကိုယ်သူ ကာကွယ်ရန် လက်နက်ကို အသုံးပြုခြင်းဖြစ်ဖို့ အကြောင်း ရှိသည်။ သေနတ်ဒဏ်ရာမှာလည်း တစ်ချက်တည်းဖြစ်၍ မတော်တဆ ကျည်ဆန် ထွက်သွားခြင်းလည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ခင်သန္တာအား ကြိုးမိန့်အစား ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်သည်။

စီရင်ချက်ချပြီး တရားသူကြီးက–

'ဒီစီရင်ချက်နဲ့ ပတ်သက်ပြီးတော့ ခင်သန္တာ တစ်စုံတစ်ရာ ပြောချင်ပါသေးသလား'

ဟု မေးလိုက်၏။ ခင်သန္တာသည် ကြောက်စရာကောင်းအောင် ပြုံးလာ၏။

'စီရင်ချက်နဲ့ပတ်သက်ပြီး ကျွန်မ ဘာမှ မပြောလိုပါ။ ဒါပေမယ့် စီရင်ချက် စကားလုံးထဲမှာ 'ခင်သန္တာအား ထောင်ဒဏ် ၁၀နှစ်' ဆိုမယ့်အစား

www.burmeseclassic.com

www.burmeseclassic.com



'မလေးခင်အား ထောင်ဒဏ် ၁၀နှစ် ချမှတ်လိုက်သည်' လို့ ပြင်စေလိုပါတယ်'

ပရိသတ်ကတော့ နားမလည်။ ဦးမောင်မောင်အေးကတော့ မင်းသက်မိသလို လှုပ်မရ။ တရားခံခြံလေးထဲမှ ပြင်းထန်သော ရယ်မောသံကို ကြားလိုက်ရသည်။

နောက်နေ့ သတင်းစာတွင် ခင်သန္တာကို ထောင်ဒဏ် ၁၀နှစ် ချမှတ်ကြောင်း သတင်းကို မဏ္ဍူ ဖတ်ရသည်။ သူ့ဖခင် ဦးအောင်လှကို ဖက်၍ ကြွေကြွေပါအောင် ငိုသည်။ မမြင်ရသော မေတ္တာကြိုးကို ခင်သန္တာနှင့် မဏ္ဍူကြား ယှက်သွယ်နေကြသည်ကို ဦးအောင်လှနှင့် ဒေါ်ရင်ရင် မမြင်ကြပေ။

**ဈေးဦးပေါက် ဝတ္ထု**

ကျွန်မ၏ နဂါးငွေ့တန်းသည် ဤသို့ အဆုံးသတ်ခဲ့ပါသည်။ မိခင်တစ်ယောက်၏မေတ္တာနှင့် ထိုတစ်ခေတ်က ခေတ်စားခဲ့သော အရာရှိဆိုးတို့၏ စာရိတ္တကို ကျွန်မ ဖော်ထုတ်ခဲ့ပါသည်။ အနုပညာကို ခေါင်းပုံဖြတ်သော လူကုံထံတို့၏ အကျင့်ကိုလည်း တင်ပြခဲ့ပါသည်။ တိတ်တိတ်ပုန်းကလေးများကို လာမွေးသော ဆေးခန်းများအကြောင်းလည်း ဖော်ထုတ်ခဲ့ပါသည်။ နဂါးငွေ့တန်းဝတ္ထုကို ၁၉၅၃ ခုနှစ် မြဝတီမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့ပါသည်။ ဝတ္ထုအနေနှင့် အောင်မြင်ခဲ့ပါသည်။

နဂါးငွေ့တန်းဝတ္ထုကို ကျွန်မ ကျေးဇူးတင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မဝတ္ထုများကို ရုပ်ရှင်လောကသို့ ပြောင်းလဲရာ၌ နဂါးငွေ့တန်းသည် ဈေးဦးပေါက်ဟု ဆိုရပါမည်။ ထိုစဉ်က တခြားဝတ္ထုဇာတ်လမ်းများကို ရုပ်ရှင်အဖြစ် ဝယ်ယူရိုက်ကူးကြသော်လည်း ကျွန်မဝတ္ထုကို တစ်ပုဒ်မှ ရုပ်ရှင် မရိုက်ကြသေးပါ။

စာရေးဆရာဦးဘုန်းမြင့်၏ညီဖြစ်သူ ကိုမျိုးမြင့် (သူ့နာမည် မှားချင်မှားနေပါမည်။ ကျွန်မ နည်းနည်းမေ့နေပါသည်) က ကျွန်မဝတ္ထုကို စိတ်ဝင်စားပါသည်။ ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းပါသည်။ ရှမဝဦးကျော်၏ အကြံပေးချက်အတိုင်း ကျွန်မ ရောင်းချလိုက်ပါသည်။ ထိုစဉ်က ငွေ ၂၀၀၀ ရပါသည်။

ရုပ်ရှင်ရိုက်ရှင်း တစ်ဝက်ရောက်တော့ ကိုမျိုးမြင့် ညည်းညူပါသည်။

'မစုရေ၊ အနုပညာကို ကျွန်တော်တို့ နှစ်သက်မြတ်နိုးသလို အနုပညာ



သည်တွေက မြတ်နိုးနှစ်သက်မှု မရှိဘူး'

ကျွန်မကတော့ သူ ညည်းသံ၏ အဓိပ္ပာယ်ကို နားမလည်ပါ။ ရုပ်ရှင်ထွက်လာသောအခါ 'နဂါးငွေ့တန်း'အမည်ကို 'ညပန်းချီ'ဟု ပြောင်းလိုက်ပါသည်။ အဓိပ္ပာယ်ရှိပေမယ့် 'နဂါးငွေ့တန်း' အမည်လောက် အင်အား မရှိပါ။ ဒါရိုက်တာကလည်း ကျွန်တော်ချစ်မောင် ထင်ပါသည်။ ခင်သန္တာနှင့် မဏ္ဍူအဖြစ် ကြည်ကြည်မွှေး နှစ်ကိုယ်ခွဲ သရုပ်ဆောင်ပါသည်။ ကျွန်မကတော့ ကြည့်ရသည်မှာ ပေါ့တော့တော့ ဘာလိုနေမှန်းလည်း မသိပါ။ ကိုမျိုးမြင့် ညည်းသည်မှာ ဒါပဲ ဖြစ်ဟန် တူပါသည်။ ရုပ်ရှင်ရိုက်သူ၊ ငွေထုတ်သူတို့မှာ အကျိုးအမြတ် ရှိ၊ မရှိ မသိပါ။ ကျွန်မစိတ်ထဲမှာတော့ ကျွန်မ၏ဝတ္ထုများကို ရုပ်ရှင်အဖြစ်သို့ ကူးပြောင်းရမည်ကို ကြောက်ရွံ့သလို ဖြစ်နေပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဆောင်းပါးလေးတစ်စောင်ပင် ရေးမိသည်။ မမှတ်မိတော့ပါ။

ဝတ္ထုထဲတွင် ခင်သန္တာကို အမိန့်ချသည့်သတင်း ဖော်ပြရာ၌–

'ကောင်းကင်မှ နဂါးငွေ့တန်းကို ဇာတ်ခုံပေါ်သို့ ပြောင်းရွှေ့ယူငင်လာသော ခင်သန္တာသည် နဂါးငွေ့တန်းများလို့ပင် ဇာတ်ခုံပေါ်မှ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း'

ဟု ကျွန်မ ရေးခဲ့ပါသည်။

နဂါးငွေ့တန်းဝတ္ထုအနေနှင့်တော့ တစ်ချိန်တစ်ခါ ကောင်းကင်ထဲတွင် မှေးမှိန်သွားပြီဖြစ်သော်လည်း ကောင်းကင်နှင့်ကြယ်ကတော့ ကင်းကွာရိုး ထုံးစံ မရှိပါ။

(လုံမလေးမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၆)

ချမ်းမြေ့ရွှင်လန်းပါစေ။

ခင်နှင်းယု

www.burmeseclassic.com